
www.burmeseclassic.com



www.burmeseclassic.com

အမှတ် (၄၀)၊ (၄)လွှာ၊ ဓမ္မစိန္တာလမ်း၊
ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
☎-၅၄၀၀၄၆

www.burmeseclassic.com

www.burmeseclassic.com

စာအုပ် (၄)

# ကျွန်း

## ကြယ်စင်မှတ်တမ်း



အမှတ်(၄၀)၊ (၄)လွှာ၊ ဓမ္မစိန္တာလမ်း၊
ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
☎- ၅၄၀၀၄၆

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်** ၉၇၈/၂၀၀၃ (၇)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** ၉၉၄/၂၀၀၃ (၈)

**မျက်နှာဖုံးဒီဇိုင်း**
မုတ်သုံ

**ပုံနှိပ်ခြင်း**
ပထမအကြိမ်

**ထုတ်ဝေသည့်ကာလ**
အောက်တိုဘာလ၊ ၂၀၀၃ ခုနှစ်

**အုပ်ရေ**
**(၅၀၀)**

**အတွင်းဖလင်**
အောင်တင်အေးနှင့် သမီးများ

**ထုတ်ဝေသူ**
ဦးမောင်ကလေး၊ သောကြာစာပေ(၀၀၆၅)
အမှတ်(၁၅)၊ဩဘာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်အတွင်းသားပုံနှိပ်သူ**
ဦးခင်မောင်မြင့်၊ တွတ်ပီရောင်စုံပုံနှိပ်တိုက်(၀၆၇၀၂)
အမှတ်(၄/က)အဝေရာလမ်း၊ ဘောက်ထော်
ရန်ကင်း၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်**
ကိုတင်အေး

**တစ်အုပ်**
**၇၅၀ ကျပ်**

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်ရဲ့ ဘဝဟာ ဝတ္ထုတစ်အုပ်သာ ဖြစ်ခဲ့မယ်ဆိုရင် အခုဆို သူမရဲ့ အနေအထားက ဇာတ်သိမ်းပိုင်းကို ရောက်နေပြီလို့ ပြောရလေမလား ... ။ ရုပ်ရှင်ကားတစ်ကားသာ ဆိုရင်တော့ သူမ ပါဝင်သရုပ်ဆောင်ရမယ့် အခန်းကဏ္ဍတွေ ကုန်လုကုန်ခင် ကာလလို့ ဆိုရမှာပေါ့။

ကြားဖူးနားဝ ရှိထားတဲ့ စကားလေးတစ်ခွန်း ရှိပါရဲ့။ ကမ္ဘာကျော်ပြဇာတ်ရေးဆရာကြီးတစ်ဦးက ပြောခဲ့တာဆိုလား။ ကမ္ဘာကြီးတစ်ခုလုံးက ဇာတ်ခုံတစ်ခုံပါပဲ။ လူတိုင်းလူတိုင်းမှာ ကိုယ်စီကိုယ်ငှ ပါဝင်ကပြရမယ့် အခန်းကဏ္ဍတွေ ရှိကြတယ်တဲ့။ အခုတော့ ဒီဇာတ်ခုံပေါ်မှာ သူမ ပါဝင်ကပြရမယ့် အစိတ်အပိုင်းက အဆုံးသတ်ခါနီးပြီ ထင်ပါရဲ့။

အမြဲတမ်း လူတွေရဲ့ အာရုံစိုက်မှု အားပေးမှုတွေကို ခံယူခဲ့ရတဲ့ မင်းသမီးဆင်းကဲ့ကော်ရဲ့ ဘဝက အခုအချိန်မှာ သာမန် ဇာတ်ပို့

www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်လောက်တောင်မှ အရေးပါမှု မရှိတော့ဘူးတဲ့လား။

ဒီအကြောင်းတွေကို မေ့ထားမယ်လို့ တင်းထားတဲ့ ကြားထဲက တွေးနေမိလေတော့ ကိုယ့်ဘဝအနေအထားကို မကျေနပ်မှု၊ နာကြည်းမှုတွေနှင့်အတူ ရင်ထဲကို ဝမ်းနည်းအားငယ်မှု၊ စိတ်ပျက်မှုတွေ အလုံးအရင်း ဝင်ရောက်လာပြန်သည်။ ကျဆင်းနေတဲ့ စိတ်ဓာတ်တွေကို ပြန်လည်တည့်မတ်နိုင်ဖို့ ကိုယ်ကိုယ်ကိုယ် မတွေးနဲ့လို့ အမိန့်ပေးကြည့်ပေမယ့် မိမိပိုင်တယ်လို့ ထင်ထားခဲ့မိတဲ့ အဲဒီစိတ်တွေက မနာခံစွာ ဆက်တွေးမြဲ တွေးနေလေသည်။ စိတ်တွေကိုရော၊ ရုပ်တွေကိုပါ အမှန်တကယ်ပိုင်ဆိုင်မှု ဘာတစ်ခုမှ မရှိဘူး၊ ဒါကြောင့် 'ငါ'ဆိုတာ မရှိဘူးလို့ မနေ့က ဆရာတော်ဘုရားဟောခဲ့တာ တယ်မှန်ပါလား။ ဒီလိုဖြစ်ရင် ဘယ်လိုလုပ်ရတာပါလိမ့်။ ဩော် ... မှတ်မိပြီ ... တွေးရင်လဲ တွေးတယ်လို့သာ မှတ်ရမယ်တဲ့။ အင်း ... တွေးတယ် တွေးတယ်။

BURMESE CLASSIC .com

'ယောဂီ ... ဓမ္မာရုံကို မသွားသေးဘူးလား ... စကြံလျှောက်ရမယ်လေ'

သူမနှင့် တစ်ခန်းတည်း အတူနေသော ဆရာလေးက တန်းပေါ်မှ သူ့တဘက်ကလေးကို လှမ်းယူကာ ရုံရင်း လှဲနေရာမှ မထသေးသည့် သူမကို သတိပေးသလို လှမ်းမေးလေသည်။

'တပည့်တော် ခြေထောက်တွေ အရမ်းကိုက်နေလို့ ခဏလှဲလိုက်အုံးမယ် ဆရာလေး ... တရားထိုင်ချိန်နီးမှပဲ လာခဲ့တော့မယ်'

www.burmeseclassic.com

www.burmeseclassic.com


ဆရာလေးက လိုအပ်တာထက် အပိုမပြောရဆိုသည့် စည်းကမ်းအတိုင်း သူမကို ဘာမှ ထပ်မပြောတော့ဘဲ ခေါင်းကိုသာ ညိတ်ပြပြီး သတိကပ်ရင်း အခန်းထဲမှ တစ်လှမ်းချင်း ထွက်သွားလေတော့သည်။ ဆရာလေးရဲ့ နောက်ကျောကို ငေးကြည့်ရင်း သူမရဲ့ ထိန်းချုပ်နိုင်စွမ်း ကင်းမဲ့နေသည့် စိတ်တွေက ဆက်လက်ပျံ့လွင့်နေလေသည်။

ဩော် ... သူကတော့ အေးချမ်းလိုက်တာ။ ငါရော ဒီမှာဆက်နေရင် ဒီလိုပဲ အေးချမ်းသွားမလား။ ဒီလောက် ပူလောင်နေတဲ့ ငါ့စိတ်တွေက အေးချမ်းနိုင်စွမ်းရော ရှိပါ့မလား။ တရားထိုင်ရတာလဲ မမိသေးသလိုပဲ။ တစ်ချိန်တစ်ချိန် ထိုင်ရတိုင်းမှာ ညောင်းတာ၊ ကိုက်တာနဲ့ စိတ်တွေ လွင့်နေတာပဲ သိတယ်။ ဒီပုံနဲ့ ဖြစ်နိုင်ပါ့မလား စသဖြင့် တရားအားထုတ်စ လူတွေမှာ ဖြစ်လေ့ဖြစ်ထရှိသည့် သံသယ ဝိစိကိစ္ဆာတွေ သူမကို လွှမ်းမိုးနေလေသည်။ တစ်သက်နှင့် တစ်ကိုယ် တစ်ခါမှ မလုပ်ခဲ့ဖူးသော အလုပ်မို့ အလွန်ပင်ပန်း ခက်ခဲသည်ဟု ထင်မှတ်နေမိကာ တတ်နိုင်သမျှ ရှောင်လွှဲချင်စိတ်တွေ ဖြစ်ပေါ်နေလေသည်။

'ငါ ဒီကို ဘာလာလုပ်မိတာပါလိမ့် ... အို ... တော်ပြီ ... ပြန်တော့မယ်'

ပြတင်းတံခါးမှ အပြင်ဘက်ကို ငေးမောရင်း ရင်ထဲမှာ ဟာလာကာ တစ်စုံတစ်ခုကို လွမ်းဆွတ်တောင့်တလာသလို ခံစားလိုက်ရသဖြင့် သူမ အသံထွက်အောင် ညည်းညူလိုက်မိသည်။ ပြန်မည်ဟု တွေးလိုက်တော့ အပြင်ရောက်တဲ့အခါ ကြုံတွေ့ရမည့် ဒုက္ခ

www.burmeseclassic.com



တွေက ခေါင်းထဲမှာ အစီအရီ ပေါ်လာကြပြန်သည်။

မဖြစ်သေးပါဘူး။ ဒီဒဏ်တွေကို ငါ ထပ်ပြီး မခံနိုင်တော့ဘူး။ ဒီတော့ တတ်နိုင်သလောက် တရားကိုပဲ ဆက်အားထုတ်ရမှာပဲ။ မရတော့လဲ ရသလောက်ပေါ့။ အနည်းဆုံး လာတုန်းက စာရင်းပေးထားတဲ့ တစ်လကလေးတော့ ပြည့်အောင်နေရမယ်။ ဒီမှာ နေတဲ့အချိန်တွေမှာ ဘာတရားမှ မရတောင် အနည်းဆုံး (၈)ပါးသီလကိုတော့ နေ့တိုင်း စောင့်ဖြစ်နေမှာမို့ ကုသိုလ်ရပါတယ်လေ။

ကိုယ့်ကိုယ်ကို အားပေးရင်း သက်ပြင်းတစ်ချက် ချပြီး လှဲနေရာမှ ထလိုက်သည်။ အခုဆို သူမ ဒီတရားရိပ်သာကို ရောက်ခဲ့တာ ငါးရက်ပင် ရှိခဲ့လေပြီ။ ဒီမှာက တစ်နေ့ကို တရား ခုနစ်ကြိမ်၊ တစ်ကြိမ်ကို တစ်နာရီ အနည်းဆုံး ထိုင်ရသည်။ သူမက ထိုင်တိုင်း ထိုင်တိုင်းမှာ ဝေဒနာ အလွန်တက်သဖြင့် ခြေထောက်နှစ်ဖက်စလုံးမှာ ထုံကျင်ကာ ကိုက်ခဲနေလေသည်။ ထို့ကြောင့် နောက်တစ်ကြိမ် ထိုင်လျှင်လည်း ဒီလို ဝေဒနာတွေကို ထပ်မံခံစားရအုံးမှာပဲဟု ကြိုတွေးကာ စိုးရိမ်နေသည့်စိတ်က သူမကို သဒ္ဒါတရားကျကာ နောက်တွန့်အောင် ပြုလုပ်နေသည်။ သို့ပေမယ့် ဒီပြင်ပက ဝေဒနာ တွေက သူမ စိတ်ထဲမှာ ခံစားနေရသည့် ဆောက်တည်ရာမဲ့ကာ မှီခို အားထားရာ မရှိသည့် အတွင်းဒဏ်ရာတွေထက်များ ပိုပြင်းထန်နိုင် ဦးမှာတဲ့လား။ လောကကြီးထဲက အပြီးတိုင် ထွက်ပြေးတော့မယ် လို့တောင် ဆုံးဖြတ်မိခဲ့အောင် နာကျင်လွန်းသည့် စိတ်ဒဏ်ရာတွေ လေ။ အဖန်ငါးရာ့ငါးကမ္ဘာကို ကြောက်၍သာ အသိစိတ်ဖြင့် ပြန်

www.burmeseclassic.com

www.burmeseclassic.com


ထိန်းခဲ့ခြင်း ဖြစ်သည်။ ပြီးတော့ ဒီလို ထွက်ပြေးလို့ရော ဒီဒဏ်ရာတွေက လွတ်နိုင်မတဲ့လား။ သံသရာမှာ အဖန်ဖန် ကျင်လည်ရင်း မဆုံးနိုင်တဲ့ ဒုက္ခတွေကို ဆက်ခံစားရမှာပဲလို့ ကြားဖူးနားဝ ရှိထားလေတော့ အမှန်တကယ် လွတ်မြောက်ရာကို ရှာဖွေရန်အတွက် သူမ ဒီကို လာရောက်ခဲ့ခြင်း ဖြစ်သည်။

သို့ပေမယ့် ဝီရိယကပဲ လျော့ရဲနေလို့လား၊ ပါရမီကပဲ နည်းပါးနေလို့လားတော့ မသိ။ သူမရဲ့ စိတ်တွေက အခုထက်ထိ တည်ငြိမ်မလာသေး။

ကဲ ... တရားမထိုင်နိုင်ဘူးလို့ ထင်ရင် စင်္ကြံကို ပိုလျှောက်ပြီး အသေးစိတ်လှုပ်ရှားမှုတွေကို ပိုမှတ်ပေါ့။ ကိုယ့်ကိုယ်ကိုယ် မညာနဲ့၊ အချောင်မခိုနဲ့။

ကိုယ့်ကိုယ်ကိုယ် ကြိမ်းမောင်းရင်း ကိုယ်ဖြစ်ချင်တာကို မရရအောင် လုပ်မည်ဆိုသည့် ငယ်စဉ်က စိတ်ကလေးတွေ ပြန်လည်ခေါင်းထောင်ထလာသည်။ သူမ တန်းပေါ်က ယောဂီတဘက်ကလေးကို ဆွဲယူကာ ကိုယ်မှာ ရုံလိုက်သည်။ ထို့နောက် ကိုယ်ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်ရင်း အခန်းထဲမှ ထွက်လာခဲ့သည်။

ဒီမှာတော့ သူမဟာ ဒီရိပ်သာမှာ လာအားထုတ်နေတဲ့ ယောဂီတစ်ယောက် ဆိုတာထက် ဘာမှမပို။ သူမရဲ့ အောင်မြင်မှုတွေ၊ ကျရှုံးမှုတွေကိုလည်း ဘယ်သူကမှ စိတ်မဝင်စား။ သူမ ဘယ်လိုပုံများ ဖြစ်နေပြီလဲလို့ ဘယ်သူကမှ သတိထားပြီး စောင့်ကြည့်မနေကြ။ ကိုယ့်အလုပ်ကို ကိုယ်ကြိုးစားရင်း ငြိမ်းချမ်းမှုကို ရှာနေ

www.burmeseclassic.com



ကြတဲ့ သူတွေချည်း။

စက္ခုဗြဟ္မနွေကိုထိန်းကာ တစ်လှမ်းချင်းမှတ်ရင်း စင်္ကြံလျှောက်နေသည့် ဦးပြည်းစိမ်းစိမ်းနှင့် သီလရှင်ကလေးကို လှမ်းကြည့်ရင်း သူမ အားကျသွားမိသည်။ အေးချမ်းလိုက်တဲ့ မျက်နှာလေး။ တကယ်တော့ လောကီနယ်က ကာမဂုဏ်အာရုံတွေ ကြားထဲမှာ မေ့လျော့ပျော်ပါးရင်း အချိန်တွေကုန်ဖို့ လွယ်ကူသလောက် ဒီလောကုတ္တရာနယ်ပယ်ထဲမှာတော့ ခဏကလေး ပျော်မွေ့အောင် နေနိုင်ဖို့ပင် မလွယ်။ ဒါကို သူမ ကိုယ်တိုင် လက်တွေ့သိလာရတော့မှ သဘောပေါက်မိခြင်း ဖြစ်သည်။ အရင်တုန်းကတော့ သူမတို့ လောကထဲမှ မင်းသမီးတွေ သီလရှင်ဝတ်လျှင်၊ တရားစခန်းဝင်လျှင် 'အလကား ထွင်တာပါ ... လူအထင်ကြီးအောင် စတိုင်လုပ်တာပါ'ဟု စကားတင်းဆိုကာ ကဲ့ရဲ့ခဲ့သူများထဲမှာ သူမ ကိုယ်တိုင်လည်း တစ်ယောက်အပါအဝင် ဖြစ်ခဲ့ဖူးတာပဲလေ။ အခုတော့မှ သူတို့ကို ချီးကျူးလေးစားရကောင်းမှန်း သူမ နားလည်သဘောပေါက်လာတော့သည်။

ဓမ္မာရုံထဲကို ဟိုဟိုဒီဒီ မျက်စိကစား ကြည့်လိုက်တော့ သူမထက် များစွာငယ်သည့် ဆယ်ကျော်သက်အရွယ် ကောင်မလေးတွေတောင် မည်သူ့ကိုမှ မကြည့်ဘဲ မျက်လွှာချကာ သတိကပ်နေကြတာ တွေ့လိုက်ရသဖြင့် သူမ ရှက်သွားမိသည်။

သူမ ဒီရိပ်သာကို စရောက်သည့်နေ့က အလုပ်ပေးတရားနာအပြီးမှာ သူမတို့လို အဲဒီနေ့မှ စဝင်သည့် ယောဂီအသစ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်တစ်ပါးက သီးခြားခေါ်ကာ ယောဂီဆိုတာ ဘယ်လိုနေရတယ်၊ ဘယ်လိုထိုင်ရတယ်ဆိုပြီး အသေးစိတ် သင်ပေးခဲ့သည်။ ဘာတဲ့ ... ယောဂီဆိုတာ ကိုယ့်ရဲ့ အရှေ့ကို လေးတောင်အကွာအဝေးထက် ပိုပြီး မကြည့်ရဘူး၊ မျက်လွှာကို အမြဲချထားရမယ်တဲ့။ ဘာပဲလုပ်လုပ် သတိကပ်ပြီး ဖြည်းဖြည်းချင်း အမှတ်ကလေးနဲ့ လုပ်ရမယ်တဲ့။

ကိုယ့်ကိုယ်ကိုယ် မူလတန်းကျောင်းသူလေးလို သဘောထားကာ သင်ပေးထားသမျှတွေကို စိတ်တွင်းမှ ပြန်လည်ရွတ်ဆိုလိုက်မိသည်။ ထို့နောက် မျက်လွှာကိုချကာ သတိကပ်ရင်း ဆရာတော် သင်ပေးထားသလို ကြွတယ်၊ လှမ်းတယ်၊ ချတယ်ဟု မှတ်ကာ ခြေလှမ်းကို တစ်လှမ်းချင်း စလှမ်းလိုက်လေသည်။ မကြာမီမှာပင် တရားထိုင်ချိန် စပြီဖြစ်ကြောင်း အချက်ပေးသည့် နာရီခေါင်းလောင်းသံ ပေါ်ထွက်လာသည်။ စင်္ကြံလျှောက်သူတွေအားလုံး ကိုယ်တရားထိုင်မည့် နေရာသို့ အမှတ်သတိမလွတ်စေဘဲ ဖြည်းညင်းစွာ လျှောက်လာခဲ့ကြသည်။

သူမလည်း သူမ ထိုင်နေကျနေရာမှာ ဝင်ထိုင်ကာ ဦးသုံးကြိမ်ချပြီး အသက်သာဆုံးဖြစ်မည့် အနေအထားဖြင့် ထိုင်လိုက်သည်။ ထို့နောက် ခန္ဓာကိုယ်ကို မတ်မတ်ထားရင်း ဘယ်ဘက်လက်ပေါ် ညာဘက်လက်ကို ထပ်ခါတင်လိုက်သည်။ ထို့နောက် ဝမ်းဗိုက်ပေါ်သို့ စိတ်ကို ပို့ကာ ဖောင်းတယ်၊ ပိန်တယ်ဟု စတင် မှတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်တိတ်ဆိတ်မှုများနှင့်အတူ မဖိတ်ခေါ်သော အတွေးစများက သူမ၏ အာရုံများကို ဆွဲယူသွားကြသည်။ ကြာခဲ့ပြီမို့ မေ့နေပြီလို့ ထင်ထားခဲ့သည့် အကြောင်းအရာများ ... တမင်ကို ကြိုးစားကာ မေ့ထားခဲ့သော အကြောင်းအရာများ ... ။

တွေးတယ် တွေးတယ်လို့ မှတ်ရင်း ပြန်ယူလိုက် လွတ်လိုက်နှင့် အာရုံတွေကြားမှာ အတိတ်၏ အရိပ်တွေက ထင်ထင်ရှားရှား ပေါ်လာလိုက် ပျောက်ကွယ်သွားလိုက် ... ။ သမာဓိ ကောင်းစွာ မတည်နိုင်သေးတဲ့ ကာလမို့ တရားစထိုင်ချိန်နှင့် ဝေဒနာ မတက်သေးခင် စပ်ကြားကာလမှာ လွင့်မျောနေတဲ့ အတွေးစဉ်တွေကို သူမ ဖြတ်တောက်နိုင်စွမ်း ကောင်းစွာ မရှိသေးပေ။

အောင်မြင်ကျော်ကြားတဲ့ မင်းသမီးဆင်းကဲ့ကော် အဖြစ်ကို မရောက်သေးမီကာလက ရိုးသားတဲ့ တောသူမလေး 'နေကြာ' ရဲ့ ပုံရိပ်တွေ သူမ မျက်ဝန်းထဲ ပြန်မြင်ယောင်လာသည်။ လောကကြီး အကြောင်း၊ လူတွေအကြောင်း ဘာနကန်းတစ်လုံးမှ မသိဘဲနဲ့ ကိုယ်လုပ်သမျှ ဖြစ်မယ်လို့ ထင်ပြီး ထင်ရာစိုင်းချင်တဲ့ နုနုနယ်နယ် ကောင်မလေး။ အယုံလွယ်လွန်းသူလေး ... နူးညံ့သိမ်မွေ့သူလေး ... ပြီးတော့ ဖြူစင်ဆဲ နှလုံးသားပိုင်ရှင်ကလေးပေါ့။

www.burmeseclassic.com

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

'အစ်ကို ... အစ်ကို ဟိုမှာ ကြည့်ပါအုံး'

ဆိုင်က အရောင်းစာရေးလေးက သူ့ကို လက်တို့ကာ ပြသည်မို့ သူ နံဘေးရှိ တီဗွီဖန်သားပြင်ပေါ်သို့ မျက်လုံးရောက်သွားသည်။ မြင်ကွင်းက ဆိုင်အတွင်းရှိ မုန့်များ တင်ထားသည့် စင်တွေဘက်မှာ။ ယုန်သူငယ်ကလေးလို ကြောက်ရွံ့ထိတ်လန့်နေပုံရသော မျက်လုံးဝိုင်းဝိုင်းကလေးများက ဘေးဘီဝဲယာကို စိုးရိမ်စွာ လှည့်ကြည့်ရင်း စင်မှာ ချိတ်ထားသည့် မုန့်ထုပ်တစ်ထုပ်ကို ဖြုတ်ယူလိုက်လေသည်။ တကယ့်ကို ငယ်နုလှတဲ့ မျက်နှာလေး။

ကြောက်ရွံ့မှုကြောင့်ထင်ရဲ့ ... နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန်ယင်နေတာကိုပင် သူ သတိပြုလိုက်မိသည်။ သူ မှင်တက်စွာ ငေးကြည့်နေမိဆဲ အရောင်းစာရေးကောင်လေးက

'ကျွန်တော် သွားဖမ်းလိုက်မယ်နော် အစ်ကို'ဟု ဆိုလေသည်။ ကောင်လေးကို လက်ပြ တားမြစ်ရင်း ဖန်သားပြင်ထဲမှ မြင်

www.burmeseclassic.com

www.burmeseclassic.com



ကွင်းကို သူ ဆက်ငေးကြည့်နေမိသည်။ ခါတိုင်းလို စိတ်ဆိုးရမည့် အစား ဆာရှာလွန်းလို့နဲ့ တူပါရဲ့ဟု တွေးကာ ကရုဏာ သက်ဝင် နေမိသည်။ မုန့်ထုတ်ကို ဖောက်ကာ အငမ်းမရ စားနေသည့် ပုံစံက တကယ့်ကို အပြစ်ကင်းစင်လွန်းလှသည့် ကလေးလေးတစ်ယောက် နှင့် တူနေသည်။

'မုန့်ပဲယူတာဆိုရင်တော့ ထားလိုက်ပါကွာ ... စားပါစေ ... တခြားပစ္စည်းတွေ ယူမယူသာ စောင့်ကြည့်ထားလိုက်'

အရောင်းစာရေးကောင်လေးက စည်းကမ်းတင်းကျပ်လွန်း လှသည့် သူ့ဆရာကို တအံ့တသြ လှမ်းကြည့်လေသည်။ သူတို့ ဆိုင် မှာ ဒီတစ်ပတ်အတွင်းမှာပင် ဒါမျိုးမိတာ သုံးယောက် ရှိပြီးလေပြီ။ သို့သော် ဒီတစ်ခေါက် တွေ့ရသည့် သူခိုးမလေးက တကယ့်ကို မ ထင်ရက်စရာလေး။

အရောင်းကောင်တာတိုင်းမှာ စောင့်ကြည့်နေမည့် အရောင်း စာရေးများ မထားဘဲ ဝယ်သူကို လွတ်လွတ်လပ်လပ် စိတ်ကြိုက် ဝယ်ယူခွင့်ပေးကာ ဒီလို လုံခြုံရေးကင်မရာ တပ်ပြီး စောင့်ကြည့် သည့် နည်းလမ်းကို သူ နိုင်ငံခြား သွားလည်စဉ်က ဟိုက ဆူပါမား ကက်တွေမှာ တွေ့ဖူးခဲ့ခြင်း ဖြစ်သည်။ သူ သဘောကျလွန်း၍ အပြန် မှာ သူ့ဆိုင်အတွက် ကင်မရာတွေ ဝယ်လာခဲ့သည်။ သို့သော် ဒီ ရောက်တော့ သူ့မိဘတွေက ထိုကင်မရာတွေကို ဆိုင်မှာ တပ်ဖို့ သဘောမတူကြ။ ဒီစနစ်ကို ဒီနိုင်ငံအနေနှင့် အသုံးပြုလို့ မရနိုင် သေးဟုဆိုကာ ကန့်ကွက်ခဲ့ကြသည်။ သို့သော် လုပ်ချင်ပြီဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဘာမဆို ဖွတ်လုပ်ရမှ ကျေနပ်သော သူ့ကို သူ့မိဘတွေက ကြာကြာ မကန့်ကွက်နိုင်ခဲ့ပါ။ နောက်ဆုံးမှာ အဖေက

'အေး ... စမ်းချင်လဲ စမ်းကြည့်ပေါ့ ... ဒါမှ ဘာ အခက် အခဲတွေ တွေ့ရမယ်ဆိုတာ မင်း ကိုယ်တိုင် သိလာမှာ' ဟုဆိုကာ လွှတ်ပေးခဲ့သည်။ တကယ်တော့ သူတို့ စတိုးဆိုင်က စားသောက် ကုန်နှင့် လူသုံးကုန်ပစ္စည်း အနည်းငယ်သာ တင်ထားသည့် ဆိုင်ခပ် သေးသေးမို့ ဝန်ထမ်း အလုံအလောက် ခန့်ထားနိုင်လျက်နဲ့ သူ လျှာ ရှည်မိခြင်းပင်။ဒီစနစ်မျိုး ဒီမှာ လုံးဝ မရှိသေးသဖြင့် လူတွေက ဒီ စနစ်ရဲ့ သဘောတရားကို မသိ နားမလည်ကြသေး။ လူလစ်သည်ဟု ထင်ကာ ခိုးဝှက် ယူသွားချင်သူများ ရှိသလို အနားမှာ ရှင်းပြမည့်သူ ရောင်းပေးမည့်သူ မရှိသဖြင့် မကျေနပ်ကြသူတွေကလည်း တစ်ပုံ တစ်ပင်။ အခုတော့ ကင်မရာ တပ်ပြီး တစ်လသာ ရှိသေးသော အ ချိန်လေးအတွင်းမှာ ဖြေရှင်းနေရသည့် ပြဿနာပေါင်း သောင်း ခြောက်ထောင်ကြောင့် သူ့ရဲ့ ခေတ်မီဆန်းသစ်လိုစိတ်ကို သူ ပြန် နောင်တရသလို ဖြစ်စပြုလာလေပြီ။ သို့ပေမယ့် မိဘတွေနှင့် အတိုက် အခံလုပ်ကာ တပ်ခဲ့ပြီးမှ သူ မှားပါပြီဟုဆိုကာ လွယ်လွယ်ကူကူနှင့် အလျှော့မပေးလိုသော စိတ်ကြောင့်သာ သူ ဆက်လက် တင်းခံနေမိ ခြင်း ဖြစ်သည်။

သူ ထိုင်ရာမှ ထကာ အခန်းထဲမှ ထွက်လာခဲ့မိသည်။ သူက အကျင့်စာရိတ္တကောင်းမွန်မှုကို တန်ဖိုးထားတတ်အောင် သင်ကြား ပေးခဲ့သော ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှ ကြီးပြင်းလာသူတစ်ဦးမို့

www.burmeseclassic.com

www.burmeseclassic.com



ဒါမျိုးကို လွယ်ကူစွာ ဥပေက္ခာထားပြီး ခွင့်လွှတ်လိုက်နိုင်စွမ်း မရှိပါ။ ထို့ကြောင့် ကြောက်ရွံ့ထိတ်လန့်သွားစေလိုစိတ် မရှိသော်လည်း သူ သိသိကြီးနဲ့ လွှတ်ပေးလိုက်တာဖြစ်ကြောင်း ပြချင်စိတ်ကတော့ ရှိနေသည်။

သူ မှန့်တွေထားသည့် စင်ရှိရာဘက်သို့ ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်။ တွေ့ပါပြီ။ သူ့ကို ကျောခိုင်းလျက် အနေအထားမို့ အပြာရောင်ဘလောက်စ်အင်္ကျီကလေးနှင့် လွယ်ထားသည့် အပြာရောင် အဝတ်အိတ်ကလေးကိုသာ အရင်မြင်လိုက်ရသည်။ တစ်ဖက်ကို လှည့်ကာ မုန့်ကို ငုံ့စားနေသည့် ပုံသဏ္ဌာန်ကလေးက နုနယ်လွန်းလှသည်။ သူ အနားကပ်သွားတော့ သူမက အာရုံခံမိသလို ဖျတ်ခနဲ လှည့်ကြည့်လေသည်။ သူ့ကို တွေ့သွားတော့ နဂိုက ဝိုင်းစက်နေသော မျက်လုံးကလေးတွေ ပိုမိုပြူးကျယ်ဝိုင်းစက်သွားတာ သူ တွေ့လိုက်ရသည်။

'ကျွန်မ ... ကျွန်မ'

မျက်ရည်စတွေ ဝဲတက်လာသည့် မျက်လုံးကလေးနှင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ရီနေပုံကို ကြည့်ကာ သူ သူမ အနားလာမိတာကိုပင် နောင်တရသလို ဖြစ်သွားမိသည်။ သွေးကြောစိမ်းစိမ်းကလေးများ ယှက်သန်းနေသည့် ပါးပြင်က အတွင်းကို ထွင်းဖောက် မြင်ရမလောက် ပါးလွှာကြည်လင်နေသည်။ ဖန်သားပြင်က အဖြူအမဲ မြင်ကွင်းပေါ်မှာထက် များစွာ ပျိုမျစ်လှပသော မျက်နှာကလေးက သူ့ကို အသက်ရှူမှားမတတ် ဖြစ်သွားစေသည်။ မျက်

www.burmeseclassic.com

www.burmeseclassic.com


တောင်ကော့တွေ ဝန်းရံထားတဲ့ မျက်လုံးဝိုင်းဝိုင်းကလေးတွေက နက်မှောင်လွန်းလိုက်တာ။ ပန်းနုရောင် နှုတ်ခမ်းဖူးဖူး ပြည့်ပြည့်ကလေးက တကယ့်ကို တုန်ခါနေတာပါလား။ နုပျိုတဲ့ မျက်နှာနဲ့ မလိုက်ဖက်အောင် စိုပြည်ဖွံ့ထွားတဲ့ ဘလောက်စ်အင်္ကျီပွပွအောက်က ခန္ဓာကိုယ်အချိုးအစားကျနမှုကို သူ သတိမပြုမိအောင် ကြိုးစားလို့ မရဘဲ ဖြစ်နေသည်။ သူ အသက်နှစ်ဆယ့်ငါးနှစ်ပြည့်ပြီးတဲ့အထိ ဒီလောက်ချော ဒီလောက်လှတဲ့ မိန်းကလေးမျိုး အပြင်မှာ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့ဖူး။ မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေ ဘာတစ်ခုမှ ခြယ်သထားခြင်း မရှိတဲ့ ပကတိ ပင်ကိုအလှ။ ကလေးတစ်ယောက်လို အပြစ်ကင်းစင်မှုက မျက်နှာမှာ ထင်ရှားစွာ ပေါ်လွင်နေသည်မို့ သူ အပြစ်ယူလိုက်သလို ဖြစ်သွားတာကိုပင် အလွန်အားနာသနားသွားရသည်။

သူ ငေးကြည့်နေမိစဉ်မှာပဲ ကောင်မလေးက ထိုနေရာမှာပင် ဆောင့်ကြောင့်ထိုင်ချလိုက်ကာ မျက်နှာကို လက်ဝါးပေါ် မှောက်ရင်း တသိမ့်သိမ့် ရှိုက်ငိုလေတော့သည်။ ဘယ်လိုမှ မျှော်လင့်မထားမိတဲ့ အဖြစ်မို့ သူ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားရသည်။

'ဟော့ ... မငိုနဲ့လေ ... ကိုယ် မင်းကို ဘာမှ မလုပ်ပါဘူးကွ'

အိမ်မှာ သူက အငယ်ဆုံးမို့ သူ့မှာ ချော့ရမည့်သူ မရှိခဲ့။ တစ်သက်လုံး သူကသာ အချော့ခံရသူ ဖြစ်ခဲ့တာမို့ သူ မချော့တတ်ပါ။ သူမ နံဘေးမှာ သူပါ ထိုင်ချလိုက်ရင်း သူ ငယ်ငယ်က ငိုရင် မေမေတို့ လုပ်တတ်သလို တသိမ့်သိမ့်ခါနေသည့် ကျောကလေးကို

www.burmeseclassic.com

www.burmeseclassic.com



ဖိကာ နှစ်သိမ့်မည်ဟု လက်လှမ်းလိုက်မိပြီးမှ မသင့်တော်ဆိုသည့် အတွေးဝင်လာသဖြင့် လက်ကို ပြန်ရုတ်သိမ်းလိုက်ရသည်။

'ဟော့ ... မငိုပါနဲ့လို့ဆိုနေကွာ'

ဒါက သူ့ရဲ့ အတတ်နိုင်ဆုံး ချော့မော့နှစ်သိမ့်တဲ့ စကားပင်။ လေသံက ပျော့ပျောင်းနေသလား မာကျောနေသလားတော့ သူ ကိုယ်တိုင်ပင် မခန့်မှန်းတတ်။

ကောင်မလေးက သူ့ကို တစ်ချက်ကလေးပင် မော့မကြည့်ဘဲ ဆက်လက် ရှိုက်ငိုနေလေသည်။

'ရော် ... ခက်ပါလား မငိုပါနဲ့တော့ကွာ ... ကိုယ် မင်းကို ဘာမှ အရေးမယူဘူး ... မင်း စားချင်တဲ့ မုန့်တွေလဲ လိုသလောက် သာယူသွား ... ဟုတ်ပြီလား'ဟု ကလေးလေးတစ်ယောက်ကို ချော့သလို ချော့လိုက်မိသည်။

ကောင်မလေးက ခေါင်းခါပြပေမယ့် မျက်နှာကတော့ မော့မလာသေး။

'ဟော့ ... မင်း ဘယ်မှာနေလဲ ... မင်းမိဘတွေက ဘယ်သူတွေလဲ ... ကိုယ် မင်းကို အိမ်ပြန်လိုက်ပို့ပေးရမလား'

သူ ပြောမိပြောရာတွေ ဆက်ပြောနေမိတော့ ကောင်မလေး မျက်နှာမော့လာသည်။

'ကျွန် ... ကျွန်မက ဘုရားကြီးကုန်းက ... အိမ် ... မ ... မပြန်ချင်ဘူး ... ကျွန်မမှာ သွားစရာ နေရာလဲ မ ... မရှိဘူး'

ရှိုက်သံကြားမှ ပြတ်တောင်း ပြတ်တောင်း ထွက်လာသည့်

www.burmeseclassic.com

www.burmeseclassic.com


စကားသံသဲ့သဲ့ကို ကြိုးစားနားထောင်ရင်း သူ စိတ်မောသွားမိ သည်။ အခြေအနေက သူ ထင်ထားတာထက်တောင် ပိုဆိုးနေပါ လား။ ဘုရားကြီးကုန်းဆိုတာ ဘယ်နားကပါလိမ့်။ ရန်ကုန်မြို့ထဲက ပဲလား။ ဟိုတစ်လောက အလုပ်ဝင်တဲ့ ကောင်လေးတစ်ယောက် ပြော ပြောနေတဲ့ သူ နေတယ်ဆိုတဲ့နေရာက 'ကုန်း'တော့ပါတယ် ထင် တယ်။ မင်္ဂလာဒုံဘက်က ဆိုလား။ သူ့မှတ်ဉာဏ်တွင်းကို အစွမ်းကုန် ရှာဖွေကြည့်လိုက်တော့ ပုရွက်ဆိတ်ကုန်းဆိုတာကို ပြန်သတိ ရသွားသည်။ ဘုရားကြီးကုန်းဆိုတာ အဲဒီနားကများလား။

'ဘုရားကြီးကုန်းဆိုတာ ဘယ်နားကလဲ'

'ဘီ ... ဘီလူးကျွန်းက'

သူမ ပြောမှပဲ ပိုရှုပ်သွားလေတော့သည်။ ဘီလူးကျွန်းဆို တာကို ကြားဖူးသလိုလို ရှိပေမယ့် ဘယ်နားကဆိုတာ သူ စဉ်းစား လို့ မရ။ ရန်ကုန်ထဲမှာ မဟုတ်တာကတော့ သေချာသွားလေပြီ။ ဒါဆို ဒီကောင်မလေးက နယ်က လာတာပေါ့။ ရန်ကုန်သူနှင့် မတူ သည့် အပြင်အဆင်များကို သူ အခုမှ သဘောပေါက်သွားရသည်။ ဒါပေမယ့် ကောင်မလေးက အိမ်မပြန်ချင်ဘူး ဆိုပါလား။ ဒါဆို အိမ်က ထွက်ပြေးလာတာများလား။ ဒီလောက် နုနယ်ငယ်ရွယ်ပြီး ချောမောတဲ့ ကောင်မလေး ဒီလို တစ်ယောက်တည်း လျှောက်သွား နေလို့ကတော့ ... အင်း ... ။ သူ သက်ပြင်းချကာ ရင်ပူသွားရသည်။

'ဘီလူးကျွန်းဆိုတာ ဘယ်နားကလဲ ... ဘယ်မြို့နဲ့ နီးသလဲ'

ကောင်မလေးက နားမလည်သလို သူ့ကို ကြောင်တောင်

www.burmeseclassic.com

www.burmeseclassic.com



တောင်နှင့် ပြန်ကြည့်နေသည်။ ဒီလိုပုံနဲ့ ဘယ်လိုများ ရန်ကုန်ကို ရောက်အောင် လာခဲ့ပါလိမ့်နော်။ အတန်ကြာအောင် ကြောင်တက် တက်နှင့် ကြည့်နေသဖြင့် သူက

'မင်း ရန်ကုန်ကို ဘယ်လိုလာခဲ့တာလဲ'ဟု ထပ်မေးလိုက်မိသည်။ ဒီတော့မှ သတိဝင်လာသလို ပုံစံမျိုးနှင့်

'ဟို ... သင်္ဘောနဲ့ ... ပြီး ... ပြီးတော့ ရ ... ရထားနဲ့'ဟု ဆိုလေသည်။ သူ့စိတ်တွေကို တတ်နိုင်သမျှ ဆွဲဆန့်ရင်း

'ဘယ်မြို့က ရထားနဲ့ လာတာလဲ'ဟု ဆက်မေးလိုက်သည်။

'မုတ် ... မုတ္တမ'

သူ သတိရသွားသည်။ ဒါဆို မော်လမြိုင်နားကပေါ့။ သူ ငယ်ငယ်က ပထဝီမှာ မြန်မာပြည်မြေပုံ ဆွဲတိုင်း ထည့်ဖို့ ကျန်ကျန် သွားတတ်တဲ့ မော်လမြိုင်နားက ကျွန်းကလေးက လာတာကိုး။

'မင်း တစ်ယောက်တည်း ရန်ကုန်ကို လာတာလား ... ရန်ကုန်မှာ အသိရှိလို့လား'

တစ်ယောက်တည်း ထွက်လာခဲ့သည် ဆိုလျှင်တော့ နည်း နည်းနောနော သတ္တိမဟုတ်။ သို့ပေမယ့် ကောင်မလေးက ခေါင်းခါ ပြသည်။

'မ ... မဟုတ်ဘူး ... အစ် ... အစ်မကြီးတစ်ယောက်နဲ့ လာ ... လာတာ ... သူ ... သူက ကျွန် ... ကျွန်မကို ... '

စကားကို ဆုံးအောင် မဆိုနိုင်ဘဲ ဆက်လက် ရှိုက်ငိုနေ

www.burmeseclassic.com

www.burmeseclassic.com



ပြန်သဖြင့် သူ စိတ်ညစ်သွားရသည်။ အရဲစွန့်ကာ ဖြူဖွေးနေသည့် လက်ဖျားကလေးများကို ကိုင်ပြီး အားပေးလိုက်မိတော့ ရေခဲတမျှ အေးစက်နေသည့် အထိအတွေ့ကြောင့် သူ လန့်သွားသည်။

'ဟာ ... မင်း တစ်ကိုယ်လုံး အေးစက်နေပါလား ... ဒုက္ခပါပဲကွာ'

သူ့ စကားမဆုံးသေးမီမှာပင် သူ့လက်ထဲသို့ ကောင်မလေး ပျော့ခွေကာ ကျလာသည်။

'ဟေ့ ... ဟေ့ ... ချာတိတ်'

သူ ခေါ်ကြည့် လှုပ်ကြည့်လို့ မရတော့သဖြင့် အသက်မှ ရှိသေးရဲ့လားဟု လည်ပင်းက သွေးခုန်နှုန်းကို ထိတ်လန့်စွာ စမ်းကြည့်လိုက်မိသည်။ ခုန်နေသေးကြောင်း သိလိုက်ရမှ အနည်းငယ် စိတ်သက်သာရာ ရသွားသည်။ သူ ဆုံးဖြတ်ချက်တစ်ခုကို အမြန်ချကာ ကောင်မလေးကို သူ့ ရုံးခန်းထဲ ပွေ့ချီလာခဲ့သည်။

'ဟာ ... ဆရာ ဘယ်လိုဖြစ်တာလဲ'

ဆိုင်က အရောင်းစာရေးလေးတွေ သူ့အနား ဝိုင်းအုံလာကြသည်။ နှစ်ယောက်ကို ကိုယ့်အလုပ် ကိုယ်ဆက်လုပ်ကြရန် ညွှန်ကြားပြီး ကျန်တစ်ယောက်ကို သူ့မိတ်ဆွေ ဆရာဝန်ထံ ဖုန်းဆက်ခိုင်းလိုက်ရသည်။ ကောင်မလေးကို သူ့ရုံးခန်းထဲက ဆိုဖာရှည်ပေါ်မှာ ချထားရင်း သူ နံဘေးမှ စိတ်ပူစွာ ထိုင်ကြည့်နေမိသည်။

ဆရာဝန် ရောက်မလာမီမှာပင် သူမရဲ့ မျက်လုံးတွေ ပြန်ပွင့်လာသဖြင့် သူ ဝမ်းသာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့ ... သတိရလာပြီလား'

သူ မေးလိုက်တော့ သူ့ကို မျက်လုံးအကြောင်သားဖြင့် လှမ်းကြည့်သည်။ ထိတ်လန့်နေဟန်တွေက မျက်နှာမှာ အထင်းသား။ အတန်ကြာမှ အခြေအနေကို ပြန်မှတ်မိသွားဟန်ဖြင့် သက်ပြင်းချကာ မျက်လုံး ပြန်မှိတ်သွားလေသည်။

ဆရာဝန်ရောက်လာတော့ သူမကို စမ်းသပ်ကြည့်ပြီး ဂလူးကို့စ် တစ်လုံး သွင်းပေးသည်။ ဆရာဝန်က

'သွေးထဲမှာ သကြားဓာတ် ပြတ်သွားပုံရတယ် ... ဘာမှ စိုးရိမ်စရာ မရှိပါဘူး'ဟု ဆိုသည်။ ကောင်မလေးရဲ့ ကျီးလန့်စာစားသလို ဖြစ်နေတဲ့ မျက်လုံးတွေကို ကြည့်ရင်း ဒီ့ထက်ပိုတဲ့ အကြောင်းတစ်ခုခုများ ရှိလေမလားဟု သူ့စိတ်ထဲမှာ တွေးနေမိသည်။

ဆရာဝန်က အာဟာရဖြစ်အောင် အစားတစ်ခုခု ကျွေးလိုက်ပါဟု မှာသွားသဖြင့် ဆိုင်ထဲက မုန့်တွေကို ချကျွေးတော့ မငြင်းဆန်ဘဲ ကလေးတစ်ယောက်လို ပလုတ်ပလောင်းနှင့် စားနေပုံမှာ ချစ်စရာ။ အတော့်ကို ဆာနေမှန်း သိသာလွန်းလှသည်။

သူမ လွတ်လွတ်လပ်လပ် အနားယူနိုင်အောင် သူမကို သူ့ရုံးခန်းထဲမှာ ထားခဲ့ပြီး သူ ဆိုင်ထဲ ထွက်လာခဲ့သည်။ အရင်က မိန်းမတွေနှင့် ကင်းနိုင်သမျှ ကင်းအောင် ကြိုးစားပြီးနေတတ်သော သူတို့ သူဌေးလူပျိုကြီးကို ဆိုင်က ကောင်လေးတွေက စူးစမ်းသလို ကြည့်နေကြသည်။

အခုမှ ဘယ်က ရောက်လာမှန်း မသိတဲ့ ကောင်မလေးတစ်

www.burmeseclassic.com

www.burmeseclassic.com


ယောက်ကို ဒီလောက်ကူညီမိတာ သူ မှားများမှားသွားပြီလားဟု တွေးလိုက်မိသည်။ သို့ပေမယ့် ဒီလောက် ကလေးသာသာ အရွယ်ကလေးကို လက်လွှတ်စပယ် ပစ်ထားဖို့မှ မဖြစ်နိုင်တာဘဲဟု တွေးကာ ကောင်မလေးရဲ့ အသက်ကို ခန့်မှန်းကြည့်လိုက်မိသည်။ နုဖတ်လွန်းတဲ့ မျက်နှာကလေးက ဆယ့်လေးငါးနှစ်ထက် မပိုလို့ ယူဆရပေမယ့် ခန္ဓာကိုယ်ရဲ့ ဖွံ့ဖြိုးမှုက အသက်နှစ်ဆယ်လောက်ကို ညွှန်းဆိုနေသည်။

သူ အခန်းထဲ ပြန်ဝင်လာတော့ သူမက ဆိုဖာရှည်ပေါ်မှာ ကွေးကွေးလေး အိပ်ပျော်နေရှာလေပြီ။ အပြစ်ကင်းစင်တဲ့ မျက်နှာနုနုကလေးကို နက်မှောင်သန်စွမ်းလှသည့် ဆံနွယ်တွေနှင့် ဝန်းရံကာဆီးထားတာကို သူ စိတ်မှတ်မဲ့စွာ ငေးကြည့်နေမိသည်။ ဆိုင်ပိတ်ချိန်နီးနေပြီမို့ သူ ကောင်မလေးကို ဘယ်လိုလုပ်ရမလဲဟု စဉ်းစားနေမိသည်။ ဖြစ်ချင်ရာဖြစ် သူ့လက်က လွတ်ရင် ပြီးရောဆိုပြီး ပစ်ထားခဲ့ဖို့တော့ မဖြစ်နိုင်။ အိမ်ကို ခေါ်သွားရင် ကောင်းမလား။ လုံးဝ မဖြစ်နိုင်တဲ့ ကိစ္စဟု ဆုံးဖြတ်ကာ သူ့စိတ်ကူးကို သူ အလျင်အမြန်ပယ်ဖျက်လိုက်ရသည်။ သူစိမ်းတွေကို အမြဲလိုလို မယုံသင်္ကာ ဖြစ်နေတတ်သည့် သူ့အမေအကြောင်း သူ အသိဆုံး မဟုတ်လား။ ဒီကောင်မလေးကိုသာ ခေါ်သွားမိလျှင် မြန်မာ့အသံက လာလာနေ သည့် ရေဒီယိုဇာတ်လမ်းကို အခါခါ ပြန်ပြောကာ တစ်လလောက် တဗျစ်တောက်တောက်နှင့် ဆူပူလို့ ပြီးတော့မှာ မဟုတ်။ အဲဒီဇာတ်လမ်းမှာ ယောက်ျားတစ်ယောက်က ညဘက်ကြီးမှာ လမ်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်နေတဲ့ ကောင်မလေးတစ်ယောက်နှင့် တွေ့လာပြီး အဲဒီ ကောင်မလေးကို သနားကာ သူ့အိမ်မှာ တစ်ညတာ တည်းခိုခွင့် ပေးရန် ခေါ်လာခဲ့မိသည်။ မနက်လင်းတော့မှ အဲဒီကောင်မလေးက သူ့အိမ်က ပစ္စည်းတွေ မ,ချကာ လစ်ပြေးသွားမှန်း သိလိုက်ရသည့် အကြောင်း။ သူတို့သားအဖ သူစိမ်းတစ်ယောက်ယောက်ကို စေတနာ ပိုမိတော့မည်ဆိုတိုင်း မေမေက

'ဟင် ... နင်တို့တစ်တွေ ရှက်စရာကောင်းတဲ့ မျက်နှာ အ ဟောင်းတွေနဲ့ ဖြစ်ချင်ကြတယ်ပေါ့လေ ဟုတ်လား' ဟု အဲဒီဇာတ် လမ်းကို ရည်ညွှန်းပြီး သတိပေးပြောဆိုလေ့ရှိသည်။ အဲဒီစကားက ဇာတ်လမ်းအဆုံးမှာ အဲဒီလူ ရဲစခန်းကို တိုင်ချက်ဖွင့်ဖို့ မသွားခင် မျက်နှာသစ်သွားဖို့ သူ့မိန်းမက သူ့ကို လှမ်းအပြောမှာ ပြန်ပြော လိုက်တဲ့စကားလေ။

'မသစ်တော့ဘူးဟေ့ ... ရှက်စရာကောင်းတဲ့ မျက်နှာ အ ဟောင်းနဲ့ပဲ သွားတော့မယ်' ဆိုလားပဲ။

သူမကလေးကို ကြည့်ရတာ သူ့ကို ဒီလို လုပ်သွားမည့် ပုံ မျိုးတော့ ဟုတ်ဟန်မတူ။ မေမေ ဒီလောက်တောင် သွန်သင် သတိ ပေးနေတဲ့ကြားထဲက အခုမှ တွေ့ဖူး မြင်ဖူးတဲ့ ကောင်မလေးတစ် ယောက်ကို ဘာလို့များ အကြွင်းမဲ့ ယုံစားနေမိရတာပါလိမ့်။ ဘာပဲ ဖြစ်ဖြစ် ပစ်မထားနိုင်တဲ့ အတူတူ ဒီတစ်ညအတွက်တော့ တစ်ခုခု စီစဉ်ပေးရမှာပဲလေ။

ဘယ်လိုလုပ်ရင် ကောင်းမလဲဟု စဉ်းစားရင်းမှ ဘော်ဒါ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ဖွင့်ထားတဲ့ သူ့အဒေါ်ဝမ်းကွဲတစ်ယောက်ကို သတိရသွားမိသည်။ သူ့အဒေါ်က သူ့အမေရဲ့ညီမတစ်ဝမ်းကွဲမို့ စိုးရိမ်စိတ်ပူတတ်ပုံမှာ သူ့အမေနှင့် သိပ်မကွာလှ။ ထို့ကြောင့် သူ့ကိုလည်း အမှန်အတိုင်း ပြောပြလို့ မဖြစ်။ နယ်ကလာတဲ့ သူ့သူငယ်ချင်းတစ်ယောက်ယောက်ရဲ့ ညီမလိုလို ပြောထားရမည်။

ဆိုင်တံခါးပိတ်ပြီး အရောင်းစာရေးကောင်လေးတွေ ပြန်သွားသည်အထိ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေတဲ့ ကောင်မလေးကို သူ မနှိုးရက်သေး။ ဒီအတိုင်း ထားပစ်ခဲ့လို့လည်း ဘယ်လိုမှ မဖြစ်နိုင်တာကြောင့် နောက်ဆုံးမှာ ကရုဏာသက်စွာနှင့် နှိုးလိုက်ရသည်။

'ဟိတ် ... ထတော့လေ မိုးချုပ်နေပြီ'

သူမ အိပ်နေသည့် ဆိုဖာကို လက်ဖြင့် ပုတ်ကာ နှိုးလိုက်တော့ အလွန်အမင်း ထိတ်လန့်သွားဟန်ဖြင့် လှဲနေရာမှ ကမန်းကတန်း ထကာ သူ့ကို ကြောက်လန့်တကြား မော့်ကြည့်ရှာသည်။ မျက်လုံးဝိုင်းဝိုင်းကလေးတွေက သူ့ရင်ထဲမှာ ရှိသမျှ အကြင်နာတရားတွေ အားလုံးကို သိမ်းကြုံး ဆွဲယူသွားလေတော့သည်။ သူထင်တဲ့အတိုင်းဆိုလျှင် ကောင်မလေးမှာ အလွန်အမင်း ထိတ်လန့်စရာ တစ်ခုခုနှင့် ကြုံခဲ့ရမည်။ ပြူးပြူးပျာပျာ ဖြစ်နေပုံကလေးက ရုတ်တရက် အိပ်ရာက လန့်နိုးလို့ ဆိုတာထက် ပိုနေသည်ဟု သူထင်လိုက်မိသည်။ အိပ်မက်ဆိုးတွေများ မက်နေလေရော့သလား။

'မကြောက်နဲ့လေ ... ကိုယ် မင်းကို ဘာမှ မလုပ်ဘူး ...

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မင်းကို ဒီည အဆောင်တစ်ခုကို ခဏပို့ထားပေးမယ် ... မင်း မနက်ဖြန်ကျမှ ဘာလုပ်မလဲဆိုတာ စဉ်းစားပေါ့ ... ဟုတ်လား’

ပြုံးကျယ်ဝိုင်းစက်သော မျက်လုံးများဖြင့် အတန်ကြာအောင် ငေးကြည့်နေပြီးမှ အရာရာကို အရှုံးပေးလိုက်ရသူတစ်ယောက်၏ မျက်နှာမျိုးဖြင့် ခေါင်းညိတ်ပြလေသည်။

‘ကဲ ... ဒါဆိုရင်လဲ သွားရအောင်နော် ... မိုးချုပ်နေပြီ’

ည(၉)နာရီကျော်လို့မှ အိမ်ပြန်မရောက်ပါက သူ့ကို မေမေ စိတ်ပူနေမှာ သေချာသည်။ မေမေက သူ့ကို အခုအချိန်အထိ ကလေးပေါက်စနလေးတစ်ယောက်လို့ မြင်နေဆဲလေ။

သူတို့ဆိုင်နှင့် မလှမ်းမကမ်းမှာ ရပ်ထားသည့် သူ့ရဲ့ ရွှေအိုရောင်ဖောက်စ်ဝက်ဂွန်ကားလေးထံကို လျှောက်လာခဲ့ကြသည်။ သူ တံခါးဖွင့်ပေးလိုက်တော့ သူမက ချက်ချင်းမတက်သေးဘဲ ကားကို ကြည့်ကာ အတန်ကြာအောင် ရပ်နေသည်။ သူက ‘တက်လေ’ဟု ဆိုလိုက်မှ မရွံ့မရဲဟန်ဖြင့် ဝင်ထိုင်လေသည်။

ကောင်မလေးကို ကြည့်ရတာ အိပ်မက်ထဲမှာ လမ်းလျှောက်နေသူတစ်ယောက်၏ ပုံစံမျိုး။ သူ ငယ်ငယ်က လှောင်အိမ်ထဲမှာ နေသားကျနေတဲ့ သူ့အိမ်က ငှက်ကလေးကို လွှတ်ပေးမိစဉ် အခါတုန်းက ဘယ်ကို ပျံရမှန်း မသိဘဲ ဟိုကြည့်လိုက် ဒီကြည့်လိုက် ဖြစ်နေတဲ့ ပုံသဏ္ဌာန်နှင့် ခပ်ဆင်ဆင်။

သူ့ အဒေါ်အိမ်ကို ရောက်တော့ အဒေါ်က ညဘက်ကြီးမှာ ကောင်မလေးတစ်ယောက်နှင့် အတူရောက်လာတဲ့ သူ့ကို မသင်္ကာ

www.burmeseclassic.com

www.burmeseclassic.com



သလို လှမ်းကြည့်သည်။ သူက သူ လမ်းမှာ ကြိုစဉ်းစားလာခဲ့တဲ့ အတိုင်း သူမကို နယ်က လာတဲ့ သူ့သူငယ်ချင်းတစ်ယောက်ရဲ့ ညီမ အဖြစ် မိတ်ဆက်ပေးလိုက်သည်။ နယ်က ရောက်ရောက်ချင်း အ ဆောင်ရှာလို့လဲမရ၊ ညအိပ်တည်းခိုစရာ ဆွေမျိုးအိမ်လဲ မရှိတာ ကြောင့် ဒီက ဘော်ဒါဆောင်ကို သတိရပြီး တစ်ညလောက် တည်းဖို့ လာပို့ပေးခြင်း ဖြစ်ကြောင်း သူ ကြိုးစားကာ မှင်သေသေဖြင့် ပြောပြ လိုက်သည်။ တကယ်တော့ လိမ်လည်ခြင်းက သူ့အတွက် လုပ်ရိုး လုပ်စဉ် ကိစ္စတစ်ခု မဟုတ်သဖြင့် အလွန်ခက်ခဲလှပါသည်။ သူ့ အဒေါ်က

'တစ်ညကတော့ ရပါတယ် ... နေမယ့်သူတွေ မရောက် သေးလို့ လောလောဆယ်မှာ ခဏလွတ်နေတဲ့ အခန်းတွေ ရှိတယ်' လို့ ပြောလိုက်တော့ အဆင်ပြေပြီဟု တွေးကာ သူ သက်ပြင်းချလု ချခင်မှာ သူ့အဒေါ်က သူ့ကို 'ဒါနဲ့ နာမည်က ဘယ်သူတဲ့လဲ'ဟု လှမ်းမေးလေတော့သည်။

သေဟဲ့ ... လမ်းမှာ နာမည်လေးတောင် ကြိုမေးမလာမိ အောင် ပေါ့လျော့ရသလားဟု ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲကာ ချွေး ပြန်နေမိဆဲမှာ ကောင်မလေးက

'သမီးနာမည် နေကြာပါ ကြီးကြီး'ဟု သွက်လက်စွာ ဝင် ပြောလေသည်။ အံမယ်လေး တော်ပါသေးရဲ့ ... ကောင်မလေးက သူ ထင်သလောက် မအလို့ဟု တွေးရင်း သူ အသက်ရှူချောင်သွား ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နေကြာတဲ့လား။ သူ ဘယ်လိုမှ ထင်မှတ်မထားမိတဲ့ နာမည်လေး။ ဒီလိုဖူးညက်နေတဲ့ မျက်နှာပိုင်ရှင်လေးကိုမှ ဒီလို အနံ့မမွှေး အဆင်းမလှတဲ့ ပန်းနာမည်ကြီး ပေးရက်လိုက်တာဟု တွေးရင်း သူမကို နာမည်ပေးသူကို ဘယ်သူမှန်း မသိဘဲ စိတ်တိုသွားမိသည်။ မသကာ ပန်းနာမည် ပေးချင်ရင်လည်း စံပယ်တို့ ကံ့ကော်တို့ ပေးပါတော့လား။ ဘယ့်နှယ် နေကြာတဲ့။ နေကြာပန်းကို လှတယ်လို့ သူ ဘယ်တုန်းကမှ ထင်လို့မရခဲ့။

သူက သူမကို မနက်ကျမှ လာခေါ်မည်ဟု နှုတ်ဆက်ကာ ပြန်ရန်ပြင်တော့ သူ့ကို အရည်လဲ့သော မျက်လုံးဝိုင်းများဖြင့် မော့ကြည့်ရင်း အားငယ်ဟန်ဖြင့် ကျန်ရစ်ခဲ့လေသည်။

အိမ်အပြန်လမ်းမှာ သူ ဒီနေ့ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကို မယုံနိုင်အောင်ဖြစ်ကာ အထပ်ထပ် ပြန်တွေးနေမိသည်။ သူ ဘာကြောင့် အခုမှ တွေ့ဖူးသည့် ကောင်မလေးတစ်ယောက်ကို ဒုက္ခရောက်လာသူတစ်ယောက်ဟု အလွယ်တကူ ယုံကြည်ပစ်လိုက်မိတာပါလိမ့်။ သူ ကားနှင့် တင်ခေါ်လာတုန်းက လမ်းမှာ 'ကျွန်မကို မတရားကြံနေပါတယ် ... ကယ်ကြပါအုံး'လို့ အော်လိုက်ရင် သူ ဘယ်လိုလုပ်မလဲ။ ဒီလို ဒုက္ခရောက်သူ ဟန်ဆောင်ကာ ရောက်လာပြီး ကိုယ့်ကို ဒုက္ခပေးသွားကြတဲ့ ဇာတ်လမ်းပေါင်းစုံကို ဒီလောက် ကြားဖူးနေလျက်နှင့် စဉ်းစားဆင်ခြင်ဉာဏ်ကင်းမဲ့သူတစ်ယောက်လို သူ ပြုမူခဲ့မိသည်။ အခုတော့ ဘာမှ မဖြစ်ခဲ့ခြင်းကိုသာ ကျေးဇူးတင်ရင်း သူ့ကိုယ်သူ အပြစ်တွေတင်နေမိသည်။ အရင်က

www.burmeseclassic.com

www.burmeseclassic.com


သူဟာ လူတွေကို အလွယ်တကူ မယုံကြည်တတ်တဲ့ အလွန်သတိထားတတ်သူတစ်ဦးရယ်ပါ။ မိဘတွေကလည်း ဒီလို သတိထားတတ်အောင် ငယ်စဉ်ကတည်းက သွန်သင်လာခဲ့တယ် မဟုတ်လား။ အင်း … အခုကိစ္စကိုသာ အိမ်က သိလို့ကတော့ … ။

ဘာမဟုတ်တဲ့ ချာတိတ်မလေးတစ်ယောက်အတွက်နှင့်များ သူ့သဘောထားအမြင်တွေ ဘယ်လို တိမ်းညွှတ်ပြောင်းလဲသွားခဲ့ရတာလဲ။ ပြန်တွေးရင်း သူ့ကိုယ်သူ မကျေမနပ်တွေ ဖြစ်နေမိသည်။

ထို့ကြောင့် မကြည့်ရက်လို့ အခိုက်အတန့်ကလေး ခဏတာ ကူညီတာပါ။ မနက်ဖြန်ဆို နောက်ဆုံးပဲ။ သူ့ကို တစ်စုံတစ်ခု အဆင်ပြေအောင် လုပ်ပေးလိုက်ပြီးရင် သူ့ကိစ္စသူ ဆက်ရှင်းပေ့စေတော့ပေါ့၊ နောက်ထပ် ဘာမှ ပတ်သက်စရာ မရှိတော့ပါဘူးဟု တွေးရင်း သူ့ကိုယ်သူ နှစ်သိမ့်လိုက်မိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သူမ အသေအကျေ ပြေးနေရသည်။ အနောက်မှ လိုက်လာသူတွေ မိသွားလျှင် သူမ ဘဝက မတွေးရဲ။ ပြေးရင်း ပြေးရင်း ခြေလှမ်းတွေကို မသယ်ချင်တော့။ သူမ မောလှပြီ။ အနောက်က လူတွေက သူမနှင့် အလွန်အမင်း နီးကပ်နေသဖြင့် သူမ ဆက်မပြေးချင်လို့မရပါ။ အားယူကာ လှမ်းဖို့ ကြိုးစားကြည့်ပေမယ့် နောက်ထပ် ခြေတစ်လှမ်းကိုပင် အနိုင်နိုင် လှမ်းနေရသည်။ ထိုစဉ်မှာပင် သူတို့ သူမကို မိသွားကြသည်။ သူမ ရှိသမျှ အင်အားတွေ အားလုံးကို စုစည်းကာ ရုန်းဖို့ ကြိုးစားပေမယ့် မရ။ သန်မာသည့်လက်တွေက သူမ လက်မောင်းကို တင်းကြပ်စွာ ညှပ်ထားလေသည်။ ထို့အပြင် သူမ တစ်ကိုယ်လုံးကလည်း တစ်စုံတစ်ခု ဖြင့် အဖိခံထားရသလို လေးလံနေသဖြင့် လှုပ်ရှားလို့ပင်မရ။

ဆတ်ခနဲ အသိစိတ်ဝင်လာကာ အိပ်မက်မက်နေခြင်း ဖြစ်ကြောင်း သိလိုက်ရမှ လန့်နိုးလာခြင်းကို အလွန်အမင်း ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com


တင်ကာ စိတ်သက်သာရာရသွားတော့သည်။ သို့သော် သူမ ဘယ်ကို ရောက်နေလဲ ဆိုတာကိုတော့ သူမ သဲသဲကွဲကွဲ မသိသေး။ ဘေး ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ အခန်းကျဉ်းလေးတစ်ခုထဲမှာ မှန်း သိလိုက်သည်။ သူမ ကျောပြင်အောက်က မာကျောတဲ့ အထိ အတွေ့က မွေ့ရာ မရှိကြောင်း ဖော်ပြနေသည်။ သူမ ကိုယ်တိုင် မှို့ သွတ်ကာ စိတ်တိုင်းကျ ချုပ်ထားသည့် သူမ အိပ်နေကျ မွေ့ရာ ဘယ်ရောက်သွားသလဲ။ သူမ ယခု အိပ်နေသော ခုတင်ကျဉ်းကျဉ်း ကလေးပေါ်မှာ ဖျာကလွှဲလို့ ဘာမှ မရှိ။ သူမ ဘယ်ကနေ ဘယ်လို ဒီကို ရောက်နေရတာလဲ။ အလန့်တကြား ထထိုင်လိုက်မိပြီးမှ မနေ့ က အဖြစ်အပျက်များကို တဖြည်းဖြည်းချင်း ပြန်သတိရလာသည်။

သူမ ဗိုက်ဆာလွန်း၍ ရောင်းသူ မတွေ့ရသည့် ဆိုင်တစ် ဆိုင်ကို ဝင်ကာ မုန့်ခိုးစားမိခဲ့သည်။ အဲဒီနောက်တော့ အဖြစ်အ ပျက်တွေက အိပ်မက်တွေလို ဝိုးတဝါးသာ မှတ်မိတော့သည်။ ဘယ် သွားလို့ ဘယ်လာရမှန်း မသိသည့် သူမကို ထိုဆိုင်က လူက ဒီကို လိုက်ပို့ပေးခဲ့တာ ခပ်ရေးရေးမှတ်မိ သည်။ သူမ သူ့ကို ဘာကြောင့် ယုံကြည်စွာ လိုက်လာခဲ့ရတာလဲ။ သူမမှာ တခြားရွေးစရာလမ်း မရှိ တော့ပေမယ့် ဟိုလူတွေလိုသာဆို မခက်ဘူးလား။ အင်း ... ထိုသူ၏ တည်ကြည်သော အသွင်သဏ္ဌာန်ကြောင့်လည်း ဖြစ်ပေလိမ့်မည်။ သူမမှာ ထပ်မံပြေးစရာ အင်အားမကျန်တော့တာကြောင့်လည်း ဖြစ် နိုင်သည်။ ဘယ်လိုပဲဖြစ်ဖြစ် သူမ ဒီကနေ့ မနက်အထိတော့ အ ကောင်း ပကတိအတိုင်း ရှိနေသေးတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းတစ်ချက်ချရင်း အခန်းထဲမှာရှိတဲ့ တစ်ခုတည်းသော ပြတင်းပေါက်မှနေ၍ ပြင်ပလောကကို ငေးကြည့်လိုက်မိသည်။ သူမ မြင်ကွင်းထဲမှာ ပေါ်လာတာက ခြံစည်းရိုးတစ်ခုနှင့် ဘေးကပ်လျက်မှာ ရှိနေတဲ့ ခြံထဲက အိမ်တစ်လုံးသာ။ သူမ ဘယ်ရောက်နေမှန်း သူမ ဘယ်လိုမှ မခန့်မှန်းတတ်။ သူမတို့ ရွာမှာလို မြင်ကွင်းက မျက်စိတစ်ဆုံး ကျယ်ကျယ်ပြန့်ပြန့် မရှိဘဲ အဆောက်အအုံများ အပင်များဖြင့် ပိတ်နေလေသည်။

ရွာမှာ သူမတို့ အိမ်ပေါ်မှ ကြည့်လိုက်ပါက အရှေ့ဘက်တွင် တည်ရှိသော လယ်ကွင်းပြင်ကျယ်ကြီးမှတစ်ဆင့် မိုးကုတ်စက်ဝိုင်းတဆုံးအထိ မြင်နိုင်သည်။ ထို့ကြောင့် မနက်ခင်းမှာ ရောင်နီကလေး စတင်သန်းလာကာ နေလုံးကြီး တစ်စထက် တစ်စပြူထွက်လာသည်ကိုပင် အစအဆုံး ကောင်းကောင်း မြင်ရသည်။ ဒီအချိန်လောက်ဆို သဘော်ဆိပ်သို့ ဆင်းမည့် ကားများနှင့် မြင်းလှည်းများ ဟွန်းသံ ခွာသံ ဆူဆူညံညံဖြင့် သူမတို့ အိမ်ရှေ့မှ ဖြတ်သွားနေကြတော့မည်။ ကြုံတွေ့ခဲ့ရသော ဒုက္ခများနှင့် နေရာဒေသစိမ်းကို ကြောက်ရွံ့စိတ်တွေကြောင့် မိမိ တစ်သက်လုံး နေထိုင်ခဲ့သည့် အိမ်ရှိရာ အရပ်ဒေသကို မှန်းဆကာ လွမ်းနေမိသည်။ အိမ်က ထွက်လာခဲ့စဉ်ကတော့ သူမမှာ မျှော်လင့်ချက် အပြည့်နှင့် ရွှင်လန်းတက်ကြွနေခဲ့သည်။ အခုတော့ ဒီနေ့ ဘာဆက်လုပ်ရမလဲ ဆိုတာကိုပင် သူမ မသိတော့။

ရွာမှာ သူမကို အမေ ဘယ်လောက်များ စိတ်ဆိုးနေမလဲ။

www.burmeseclassic.com

www.burmeseclassic.com



သူမ စာကလေးတစ်စောင်လောက်ပင် ရေးမထားခဲ့မိ။ သူမ ရွာကို ပြန်ရန် စဉ်းစားမိပြန်တော့ ဒေါသကြောင့် ခက်ထန်နေမည့် အမေ့ မျက်နှာနှင့် ထိပ်ပြောင်ပြောင် အသားမည်းမည်းနှင့် ဟိုလူကြီး မျက်နှာကို တွေးမိသွားကာ သူမ ကျောထဲ စိမ့်အေးသွားရသည်။ သူမ ဘယ်လိုနည်းနှင့်မှ ယောက်ျား မယူနိုင်သေး။ သူမမှာ အကောင်အထည်ဖော်စရာ ရွှေရောင်တောက်ပတဲ့ အိပ်မက်တွေ ရှိနေသေးသည်လေ။ ပြီးတော့ အဲဒီလူကြီးကိုလဲ သူမ လုံးဝ မယူနိုင်ပါ။ သူ့ဖာသာသူ ပိုက်ဆံ ဘယ်လောက်ရှိရှိ။ ဘယ်လိုမှ ချစ်လို့ရမှာ မဟုတ်မှန်း သေချာလွန်းနေသော ထိုသူရဲ့ ဇနီးမယားအဖြစ် သူမ ဘဝကို အနစ်မွန်း မခံနိုင်ပါ။ အမေကတော့ အချစ်ဆိုတာ အရေးမကြီးဘူးတဲ့။ ‘နင့်ရဲ့ ဒီလို ပျံတန်တန် နံ့တန့်တန့် နေပုံမျိုးနဲ့ဆိုရင် ဒီလို စောစောယောက်ျားမပေးစားလို့ကတော့ ... ဟွန်း ... ဘာဖြစ်သွားမယ် ထင်သလဲ’ ဆိုသော သူမကို အထင်သေးလှသည့် အမေ့စကားသံတွေကို ပြန်လည်ကာ ကြားယောင်လာတော့ သူမ မျက်ရည်ဝဲလာမိသည်။ အခုတော့ အမေပြောတာ မှန်ချင်သလိုလို ရှိလာခဲ့လေသလား။ သူမ အမှန်တကယ် အမေပြောတဲ့ ဘဝမျိုး ရောက်တော့မည့် အခြေအနေမျိုးမှ သီသီကလေးသာ လွတ်လာခဲ့သည် မဟုတ်လား။ ဘာပဲဖြစ်ဖြစ် ဒီလို ထွက်လာခဲ့မိခြင်းအတွက် သူမ နောင်တ မရလှပါ။ သူမ တစ်သက်လုံး မြင်ဖူး၊ ရောက်ဖူးချင်ခဲ့တဲ့ အလွန်ကြီးကျယ်ခမ်းနားသော ရန်ကုန်မြို့ ဆိုတာကြီးကို သူမ ရောက်လာခဲ့ပြီလေ။ ပြီးတော့ ရန်ကုန်မြို့ကသာ သူမရဲ့ စိတ်ကူးယဉ်ကမ္ဘာထဲက ရွှေရောင်အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com



တွေကို အကောင်အထည်ဖော်ကာ တည်ဆောက်နိုင်ခွင့်ရှိမည့် တစ်ခု တည်းသော အရပ်ဒေသ ဖြစ်သည်မဟုတ်လား။

သူမ အိပ်ရာက ထထချင်း ပြုမြဲဖြစ်တဲ့အတိုင်း သူမရဲ့ ရှည်လျားသော ဆံနွယ်များကို ဖီးသင်ကာ သပ်ရပ်စွာ စည်းနှောင်ခြင်း အမှုကို ဦးစွာပြုလုပ်လိုက်သည်။ ထို့နောက် အခန်းကျဉ်းကလေး၏ တံခါးကို ဖွင့်ကာ ထွက်လိုက်တော့ အဆောင်ရဲ့ လှူသွားစကြံလို့ ခေါ်ရမလား ဝရန်တာဟု ခေါ်ရမလား သူမ သေသေချာချာမသိသည့် နေရာကလေးသို့ ရောက်သွားလေတော့သည်။

သူမ ကာရံထားသည့် သံဇကာကွက်များမှာ မျက်နှာအပ်ကာ သူမရဲ့ မြင်ကွင်းကို ပိတ်ဆီးကာနေသည့် အဆောင်ပိုင်ရှင်၏ နှစ်ထပ်တိုက်ကြီးကို ငေးကြည့်နေမိသည်။ ထိုနေရာက မနေ့ညက သူမ ဒီကို ရောက်ရောက်ချင်း ဝင်ခဲ့သည့် အရပ်ဒေသ ဖြစ်သည်။ သူမ ရောက်ရှိနေသည့် ဘော်ဒါဆောင်ကလည်း နှစ်ထပ်ဖြစ်ပေမင့် ထိုအိမ်ကြီးထက် သိသာစွာပိုနိမ့်သည်။ သူမတို့ အဆောင်နှင့် ထိုအိမ်ကြီးကြားမှာ ကားဂိုဒေါင်တစ်ခု ရှိလေသည်။ သူမကို အဆောင်အပေါ်ထပ်က ဒုတိယခန်းမှာ နေရာချထားပေးခြင်း ဖြစ်သည်။

အဆောင်ပိုင်ရှင်၏ အိမ်ကြီးက ကြီးကျယ်ခမ်းနားလွန်းလှသည်။ သူမတို့ရွာမှာလည်း နှစ်ထပ်တိုက်တွေ ရှိတာပဲ။ သူမတို့ အိမ်ကိုယ်တိုင်ကိုက နှစ်ထပ်တိုက်တစ်လုံးပဲ မဟုတ်လား။ ပြုပြင်ထိန်းသိမ်းခြင်း မရှိတာကြာလို့သာ ဟောင်းနွမ်း ဆွေးမြေ့ကာ တိုက်အိုကြီး ဖြစ်နေရခြင်း ဖြစ်သည်။ သို့ပေမယ့် ဒီလောက် ကြီးကျယ်

www.burmeseclassic.com

www.burmeseclassic.com


ခမ်းနားတဲ့ အိမ်မျိုးကို သူမ ရုပ်ရှင်တွေထဲမှာမှအပ မမြင်ဖူးသေးပါ။ သဘာ၀ အလင်းရောင် ပီပီပြင်ပြင် မလာသေးတဲ့ အချိန်ဖြစ်ပေမယ့် အိမ်တွင်းမှာ မီးချောင်းများ၏ အလင်းရောင်ဖြင့် ထိန်ထိန်လင်းနေသည်။ သူမ လှမ်းမြင်နေရသည့် ပြတင်းပေါက်တွေကို ဇာခန်းဆီး အဖြူတွေနှင့် ကာထားသဖြင့် အတွင်းကို ပီပီပြင်ပြင် မမြင်ရ။ မနေ့က အိမ်တွင်းသို့ ရောက်ခဲ့ဖူးသည်မို့ အိမ်တွင်းက အဆင်အပြင် တချို့ကို သူမ မြင်တွေ့ခွင့်ရခဲ့လေသည်။ အိနေသည့် ဆိုဖာကြီးများက ထိုင်ချလိုက်လျှင် လူ တစ်ကိုယ်လုံး မြုပ်ဝင်သွားမတတ်။ သူမ ကြားဖူးတာ ကြာနေပြီ ဖြစ်သော ရေခဲသေတ္တာဆိုသော အရာကိုလဲ ဧည့်ခန်းထဲမှာ မျက်ဝါးထင်ထင် မြင်ဖူးခဲ့သည်။ သူမကို ထို ရေခဲသေတ္တာထဲမှ ထုတ်တိုက်သည့် ရေခဲရေက ရွာမှာ ရေခဲထည့်ကာ သောက်ရသည့် ရေခဲရေထက် ပိုမိုအေးစိမ့်ကာ အရသာ ရှိသည်ဟု ခံစားရသည်။ ဘယ်လိုကွာနေမှန်းတော့ သူမ သေသေချာချာ မပြောတတ်။

အိမ်ရှင်အမျိုးသမီးက သူမ အမေနှင့် ရွယ်တူလောက် ရှိမည်ဟု ထင်ရသည်။ ဝတ်စားဆင်ယင်မှုက အိမ်ထဲနေရင်းမှာပင် တောက်ပလို့နေသည်။ လည်ပင်းက အိနေသော ရွှေကြိုးကြီးနှင့် မျက်စိကျိန်းလောက်အောင် တဖျတ်ဖျတ်တောက်ပနေတဲ့ စိန်နားကပ်ကြီးတို့ကို ပြန်မြင်ယောင်ရင်း 'အဆင့်မြင့်လိုက်တဲ့ လူတွေနော် ... အတော်ချမ်းသာတယ်ထင်ပါရဲ့'ဟု သူမ အားကျစွာ တွေးနေမိသည်။ သူမလည်း တစ်နေ့ကျလျှင် ဒီရန်ကုန်မြို့ကြီးမှာ ဒီလို အိမ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



နှင့် နေနိုင်ရမည်။ ထိုအချိန်ရောက်လျှင် အမေနှင့် မောင်လေးတွေကို ရန်ကုန်သို့ အလည်ခေါ်မည်ဟု တွေးနေမိသည်။ သူမက မောင်လေး တွေကို အလွန်ချစ်သည်။ အခုနေဆို အိမ်မှာ သူမ ချီမှ အငိုတိတ် တတ်သည့် အငယ်ဆုံးကောင် ကျော်စွာတစ်ယောက် ငိုများ ငိုနေ လေမလားဟု တွေးကာ သက်ပြင်းတစ်ချက် ချလိုက်မိပြန်သည်။

'ဟေ့ ... မင်းက ဒီမှာ လူသစ်ထင်တယ်'

သူမ အနောက်မှ ရုတ်တရက် ထွက်ပေါ်လာသော အသံ ကြောင့် သူမ လန့်သွားကာ လှည့်ကြည့်လိုက်မိသည်။ မျက်နှာချိုချို နှင့် သက်လတ်ပိုင်းအရွယ် အမျိုးသမီးတစ်ယောက်ကို တွေ့လိုက် ရတော့ သူမ မရဲတရဲ ခေါင်းညိတ်ပြလိုက်သည်။

'အေး ... အဲဒါကြောင့် မတွေ့ဖူးတာကိုး ... မမ နာမည်က ဒေါ်ခင်လေးသက်တဲ့ မှတ်ထားနော် ... ကမ်မစ္စတြီဒီပါ့မင့်က ဒမော် စရေတာလေ ... မိန်းထဲကပဲ ... သမီးက ဖရက်ရှာထင်တယ် ... ဘယ်မေဂျာနဲ့ လာတက်နေတာလဲ ... အဆောင်လျှောက်တာ မရ လို့လား'

သူပြောနေတာတွေကို သူမ ဘာတစ်ခုမှ နားမလည်သဖြင့် အခြားဂြိုဟ်တစ်ခုကို ရောက်သွားသလို ခံစားရကာ ယောင်ယမ်းပြီး ခေါင်းညိတ်လိုက်မိသည်။

'မျက်နှာသစ်ပြီးပြီလား ... မမကတော့ အဆောင်ပိုင်ရှင်က ဒီအချိန်ပဲ ရေတင်ပေးတတ်လို့ ဒီအချိန်မှာ တစ်ခါတည်း ရေပါချိုး ထားလိုက်တယ် ... ပြီးရော ... နောက်ကျမှဆို တစ်ခါတလေ အုတ်

www.burmeseclassic.com

www.burmeseclassic.com



ကန်ထဲမှာ ရေသိပ်မကျန်တော့ဘူး ... မင်းလည်း ရေစောစောချိုးတတ်ရင် ချိုးထားလိုက် ... ခဏနေ တခြားသူတွေ နိုးလာရင် ရှုပ်ယှက်ခတ်ကုန်လိမ့်မယ်’

သူမ မနက်စောစော ရေချိုးတတ်ပေမယ့် သူမမှာ အဝတ်အစား အပိုတစ်စုံမှ မရှိတော့သည့်အပြင် ရေချိုးရန် ဆပ်ပြာလည်း မပါ။

သို့ပေမယ့် မျက်နှာသစ်ရန်အတွက် ထိုအမျိုးသမီး နောက်သို့ လိုက်ဆင်းလာခဲ့သည်။ အဆောင်နေသူများ အသုံးပြုရန်အတွက် အုတ်ကန်ကြီးက ကားဂိုဒေါင်နောက်ဘက်မှာ တည်ရှိသည်။ ကားဂိုဒေါင်က လမ်းမကနေ လှမ်းကြည့်လျှင် မမြင်နိုင်အောင် အကာအကွယ်ပြုထားပေးသလို ဖြစ်နေသဖြင့် လုံခြုံသည်ဟု ယူဆရသည်။ အုတ်ကန်ရဲ့ အဆုံးတစ်ဖက် ခပ်လှမ်းလှမ်းမှာတော့ အဆောင်နေသူများအတွက် အိမ်သာသုံးလုံး ရှိလေသည်။

သွားတိုက်မည်ပြုမှ သူမ သတိရသည်။ သူမမှာ ဆားမှ မပါ ခဲ့တာဘဲ။ ထို့ကြောင့် ထိုအမျိုးသမီးကို ဆားရှိသလားလို့ မေးမိ တော့ ထိုအမျိုးသမီးက သူမကို မျက်လုံးပြူးကြည့်ကာ

‘ဆားဘာလုပ်ဖို့လဲ’ဟု ပြန်မေးသည်။

‘သွားတိုက်ဖို့ပါ’

သူမ အဖြေကို ကြားတော့ ထိုအမျိုးသမီးရဲ့ မျက်လုံးတွေ ပိုမိုပြူးကျယ်သွားကာ

‘သွားပွတ်တံ မသုံးဘူးလား’ဟု ပြန်မေးသည်။ သူမ ဘာ

www.burmeseclassic.com

www.burmeseclassic.com



ပြောရမှန်း မသိသောကြောင့် ခေါင်းကိုသာခါပြလိုက်မိသည်။ ထို အမျိုးသမီးက သက်ပြင်းတစ်ချက်ချရင်း အောက်ထပ်က မီးဖိုချောင်ကလေးမှ ဆားပုလင်း ယူကာ သူမကို လှမ်းပေးသည်။ သူမ သူငယ်ချင်းတွေထဲမှာ သွားပွတ်တံသုံးသူတွေ ရှိပေမယ့် သူမကတော့ တစ်သက်လုံး ဆားနှင့်၊ တစ်ခါတစ်ရံ မီးသွေးနှင့်သာ သွားတိုက်ခဲ့သူလေ။ မျက်နှာသစ်ပြီးတော့လဲ သုတ်စရာ မျက်နှာသုတ်ပဝါ မပါသဖြင့် ဒီအတိုင်း အခြောက်ခံထားရင်း မျက်နှာက တင်းလာသလို ခံစားနေရသည်။

ဒေါ်ခင်လေးသက်ဆိုသူ အမျိုးသမီးက ရေချိုးရင်းမှ

'ဒီနားတစ်ဝိုက်မှာတော့ ဒီအပြင်ဆောင်က အကောင်းဆုံးပဲ ... မမတောင် ဒီမှာရဖို့ ပြီးခဲ့တဲ့နှစ်ကတည်းက ဘွတ်ကင် လုပ်ထားခဲ့ရတာ'ဟု လှမ်းပြောလေသည်။ ထိုစဉ်မှာပင် ကားဂိုဒေါင် အရှေ့နားမှ 'မနေကြာဆိုတာ ရှိသလား'ဟု သူမ နာမည်ကို အော်ခေါ်သံ ကြားလိုက်ရသဖြင့်

'ရှိတယ် ... ဒီမှာ'ဟု ပြန်ထူးလိုက်မိသည်။ ထူးလိုက်ပြီးမှ မနေ့က လူတွေများ သူမကို လာရှာလေသလားဟု တွေးမိကာ ထိတ်လန့်သွားရသည်။ အသံရှင်က 'အိမ်ထဲကိုလာခဲ့ပါ ... ဧည့်သည်ရောက်နေလို့'ဟု ဆက်ပြောပေမယ့် သူမ ရင်တွေ တဒိန်းဒိန်းခုန်ကာ ထိုနေရာမှ မရွေ့မိဘဲ ဖြစ်နေသည်။ ဒေါ်ခင်လေးသက်က

'ဟဲ့ .. သွားလေ ... ဧည့်သည်စောင့်နေပါတယ်ဆိုမှ'ဟု လှမ်းပြောတော့ သူမ အားတင်းကာ ခြေလှမ်းရင်း ထွက်လာခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com


သည်။ သူမ ဘယ်လိုမှ မတတ်နိုင်ပါ။ လာမယ့်ဘေး ပြေးတွေ့ရ တော့မှာပဲလေ။

သူမကို လာခေါ်သည့်သူက အသားညိုညို၊ ဂင်တိုတိုနှင့် လူမိုက်ရုပ်မျိုးမို့ သူမ သူ့အနားမှ အသက်ပင် ရဲရဲမရှူဝံ့ဘဲ ဖြတ်ကာ အိမ်ကြီး၏ ဧည့်ခန်းရှိရာသို့ ခပ်သုတ်သုတ် လျှောက်ခဲ့မိသည်။

ဧည့်ခန်းထဲ ဝင်လိုက်တော့ မနေ့က သူမကို ဒီအဆောင်ကို လိုက်ပို့သူကို တွေ့လိုက်ရသဖြင့် အနည်းငယ် စိတ်သက်သာရာရ သွားမိသည်။ ထိုသူက မနေ့ကလို စိတ်ရှုပ်ထွေးနေသည့် ပုံသဏ္ဌာန် မျိုး မဟုတ်တော့။ လန်းဆန်းကြည်လင်နေသည့်မျက်နှာနှင့် သူမ ကို လှမ်းပြုံးပြသည်။

'ဘယ်လိုလဲ ... ညက အိပ်လို့မှ ပျော်ရဲ့လား'

သူမ ခေါင်းကိုသာ ညိတ်ပြလိုက်မိသည်။ အိပ်ရာပြောင်း လျက်နှင့် ညက တစ်ရေးမှ မနိုးအောင် အိပ်ပျော်သွားတာ အလွန် အံ့သြစရာ ကောင်းလွန်းလှသည်။

'ကဲ ... တစ်ခုခု သွားစားရင်း မင်းနေဖို့အတွက် အဆောင် လိုက်ရှာလိုက်ရအောင် ... မင်း ပစ္စည်းတွေပါ ယူခဲ့နော် ... အ ဆောင်ရရင် ဒီကို ပြန်မလာတော့ဘူး'

သူမ နာခံစွာ အဆောင်ပေါ်တက်ပြီး သူမနှင့် အတူပါလာ တဲ့ တစ်ခုတည်းသော ပစ္စည်းဖြစ်သည့် အဝတ်အိတ်ကလေးထဲကို ဘေးသို့ ထုတ်ထားသည့် တစ်ခုတည်းသော ပစ္စည်းဖြစ်သည့် ဘီးက လေးကို ပြန်ထည့်ကာ လွယ်ရင်း ဆင်းလာခဲ့သည်။ ထိုသူက အ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပိုင်ရှင်ကို နှုတ်ဆက်တော့ အဆောင်ပိုင်ရှင်က 'ဩော် ... ဒီမှာပဲ တစ်ခုခု စားလိုက်ကြပါလား'ဟု လှမ်းပြောသည်။ သူက 'နေပါစေတော့ ... သူက အခုမှ ရန်ကုန်ရောက်ဖူးတာဆိုတော့ ဟိုဟိုဒီဒီ ရောက်ဖူးအောင်လဲ လိုက်ပြလိုက်အုံးမယ်'ဟု ပြန်ပြောသည်။ ဟွန်း ... သူနဲ့ သူမနဲ့များ သိဟောင်းကျွမ်းဟောင်းတွေကျလို့။

အဆောင်ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်စိုးစိုးရဲ့ ရင်ထဲမှာ ဘာကြောင့်မှန်းမသိ စနောင့်စနင်းနှင့် ပူပန်သလို ဖြစ်နေမိသည်။ တကယ်တော့ သူ့ တူတော်မောင် စက္ကန့်မှူးက ကလေးလေး မဟုတ်တော့။ ဘွဲ့တစ်ခုရပြီးလို့ သူ့အဖေရဲ့ လုပ်ငန်းတချို့ကိုတောင် ဝင်ရောက်ဦးစီးလုပ်ကိုင်နေပြီပဲ။ ဒီတော့ မိန်းကလေးတစ်ယောက်နဲ့ တွဲလာတာ ဆန်းတဲ့ကိစ္စလား။ ဒီကောင်မလေးကို ကြည့်ရတာကလဲ အတီးအတနဲ့ ဘာမှ မသိတဲ့ အရိုးခံပုံကလေး။ ဘာကြောင့်မှန်းတော့ မသိ။ သူ့ကို ကြည့်မိတာနှင့် အလိုလို ကရုဏာသက်သွားသလို ခံစားရသည်။

'အင်း .. ငါ အလကား ပူနေတာပါ ... ခင်မျိုးမြတ်သာ သိသွားရင် သူ့သားကို နဂိုကမှ အထိမခံနိုင်အောင် သည်းသည်းလှုပ်ဖြစ်နေရတဲ့ကြားထဲ ... ငါပြောလိုက်မိရင် ပိုဆိုးသွားအုံးမယ်'ဟု တွေးကာ အခြားကိစ္စများထံ အာရုံလွှဲလိုက်မိလေတော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com


နေကြာကတော့ သူ့အတွက် အသစ်အဆန်း ဖြစ်နေသည့် လောကကြီးတစ်ခုလုံးကို ငေးမဝ ကြည့်မဝ ဖြစ်နေသည်။ ကားလမ်း နံဘေးမှာ တရိပ်ရိပ်ကျန်ခဲ့တဲ့ မြင်ကွင်းများကိုပင် ကြည့်ရတာ အားမရသဖြင့် လည်ပြန်နေအောင် လိုက်ကြည့်နေမိသည်။ သူမရဲ့ ကြောက်စိတ်တွေ အားလုံးလည်း စိတ်လှုပ်ရှားမှုများအောက်မှာ လျော့ပါးသွားလေပြီ။ ထို့အပြင် ထိုသူ အနားမှာရှိလျှင် သူမ စိတ် လုံခြုံသလို ခံစားနေရတာ သတိပြုမိသည်။ အခုမှ တွေ့ဖူးတဲ့ သူတစ် ယောက်ကို ဘာကြောင့် အလွယ်တကူ ယုံချင်ရတာလဲ မမှတ်သေး ဘူးလားဟု ကိုယ့်ကိုယ်ကိုယ် မေးကြည့်မိပေမယ့် ယုံနေမိတာကို တော့ ဘယ်လိုမှ မတတ်နိုင်။

ကားလမ်းနံဘေးမှ မြင်ကွင်းများကို ငေးကြည့်နေရာမှ ကားမောင်းနေသည့်သူဘက်ကို အမှတ်မထင် လှည့်ကြည့်လိုက်မိ သည်။ မျက်နှာက တည်ပေမယ့် သဘောကောင်းပုံရသည့် မျက်နှာ။ နက်မှောင်နေတဲ့ မျက်လုံး၊မျက်ခုံး ပေါ်လွင်နေတဲ့ နှာတံ ပြတ်သားပိ ရိ တဲ့ နှုတ်ခမ်းတို့ကို ငေးကြည့်ကာ ရုပ်ရှင်မင်းသားတစ်ယောက်လို ချောသူပဲဟု သူမ မှတ်ချက်ချလိုက်မိသည်။ သူ့အသားက ခပ်ညို ညိုပေမယ့် မကြမ်းတမ်းဘဲ ညက်နေသည်မို့ နေပူထဲမှာ အလုပ် ကြမ်း မလုပ်ရလို့နဲ့ တူပါရဲ့ဟု တွေးလိုက်မိသည်။ သို့ပေမယ့် သူမ ရဲ့ အသားကလည်း ဘယ်လောက် နေပူထဲသွားသွား ရဲလာတာက လွဲလို့ မည်းမှ မည်းမသွားဘဲ မဟုတ်လား။ သူ့အရပ်ကတော့ မတ် တပ်ရပ်လိုက်လျှင် သူမထက် ခေါင်းတစ်လုံးစာခန့် ပိုမြင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပိုင်ရှင်ကို နှုတ်ဆက်တော့ အဆောင်ပိုင်ရှင်က 'ဩော် ... ဒီမှာပဲ တစ်ခုခု စားလိုက်ကြပါလား'ဟု လှမ်းပြောသည်။ သူက 'နေပါစေတော့ ... သူက အခုမှ ရန်ကုန်ရောက်ဖူးတာဆိုတော့ ဟိုဟိုဒီဒီ ရောက်ဖူးအောင်လဲ လိုက်ပြလိုက်အုံးမယ်'ဟု ပြန်ပြောသည်။ ဟွန်း ... သူနဲ့ သူမနဲ့များ သိဟောင်းကျွမ်းဟောင်းတွေကျလို့။

အဆောင်ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်စိုးစိုးရဲ့ ရင်ထဲမှာ ဘာကြောင့်မှန်းမသိ စနောင့်စနင်းနှင့် ပူပန်သလို ဖြစ်နေမိသည်။ တကယ်တော့ သူ့ တူတော်မောင် စက္ကန့်မှူးက ကလေးလေး မဟုတ်တော့။ ဘွဲ့တစ်ခုရပြီးလို့ သူ့အဖေရဲ့ လုပ်ငန်းတချို့ကိုတောင် ဝင်ရောက်ဦးစီးလုပ်ကိုင်နေပြီပဲ။ ဒီတော့ မိန်းကလေးတစ်ယောက်နဲ့ တွဲလာတာ ဆန်းတဲ့ကိစ္စလား။ ဒီကောင်မလေးကို ကြည့်ရတာကလဲ အတီးအတနဲ့ ဘာမှ မသိတဲ့ အရိုးခံပုံကလေး။ ဘာကြောင့်မှန်းတော့ မသိ။ သူ့ကို ကြည့်မိတာနှင့် အလိုလို ကရုဏာသက်သွားသလို ခံစားရသည်။

'အင်း .. ငါ အလကား ပူနေတာပါ ... ခင်မျိုးမြတ်သာ သိသွားရင် သူ့သားကို နဂိုကမှ အထိမခံနိုင်အောင် သည်းသည်းလှုပ်ဖြစ်နေရတဲ့ကြားထဲ ... ငါပြောလိုက်မိရင် ပိုဆိုးသွားအုံးမယ်'ဟု တွေးကာ အခြားကိစ္စများထံ အာရုံလွှဲလိုက်မိလေတော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com



နေကြာကတော့ သူ့အတွက် အသစ်အဆန်း ဖြစ်နေသည့် လောကကြီးတစ်ခုလုံးကို ငေးမဝ ကြည့်မဝ ဖြစ်နေသည်။ ကားလမ်းနံဘေးမှာ တရိပ်ရိပ်ကျန်ခဲ့တဲ့ မြင်ကွင်းများကိုပင် ကြည့်ရတာ အားမရသဖြင့် လည်ပြန်နေအောင် လိုက်ကြည့်နေမိသည်။ သူမရဲ့ ကြောက်စိတ်တွေ အားလုံးလည်း စိတ်လှုပ်ရှားမှုများအောက်မှာ လျော့ပါးသွားလေပြီ။ ထို့အပြင် ထိုသူ အနားမှာရှိလျှင် သူမ စိတ်လုံခြုံသလို ခံစားနေရတာ သတိပြုမိသည်။ အခုမှ တွေ့ဖူးတဲ့ သူတစ်ယောက်ကို ဘာကြောင့် အလွယ်တကူ ယုံချင်ရတာလဲ မမှတ်သေးဘူးလားဟု ကိုယ့်ကိုယ်ကိုယ် မေးကြည့်မိပေမယ့် ယုံနေမိတာကိုတော့ ဘယ်လိုမှ မတတ်နိုင်။

ကားလမ်းနံဘေးမှ မြင်ကွင်းများကို ငေးကြည့်နေရာမှ ကားမောင်းနေသည့်သူဘက်ကို အမှတ်မထင် လှည့်ကြည့်လိုက်မိသည်။ မျက်နှာက တည်ပေမယ့် သဘောကောင်းပုံရသည့် မျက်နှာ။ နက်မှောင်နေတဲ့ မျက်လုံး၊မျက်ခုံး ပေါ်လွင်နေတဲ့ နှာတံ ပြတ်သားပိရိတဲ့ နှုတ်ခမ်းတို့ကို ငေးကြည့်ကာ ရုပ်ရှင်မင်းသားတစ်ယောက်လို ချောသူပဲဟု သူမ မှတ်ချက်ချလိုက်မိသည်။ သူ့အသားက ခပ်ညိုညိုပေမယ့် မကြမ်းတမ်းဘဲ ညက်နေသည်မို့ နေပူထဲမှာ အလုပ် ကြမ်းမလုပ်ရလို့နဲ့ တူပါရဲ့ဟု တွေးလိုက်မိသည်။ သို့ပေမယ့် သူမ ရဲ့ အသားကလည်း ဘယ်လောက် နေပူထဲသွားသွား ရဲလာတာက လွဲလို့ မည်းမှ မည်းမသွားဘဲ မဟုတ်လား။ သူ့အရပ်ကတော့ မတ်တပ်ရပ်လိုက်လျှင် သူမထက် ခေါင်းတစ်လုံးစာခန့် ပိုမြင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

ဖေဖေရေ ... ဖေဖေ ပြောပြောနေတဲ့ ရန်ကုန်မြို့ကြီးဆိုတာကို သမီး အခုရောက်နေပြီဟု သူမ စိတ်ထဲမှ ဝမ်းသာအားရ ပြောလိုက်မိလေသည်။

***

ဒီကောင်မလေးရဲ့ရှင်လန်းတက်ကြွမှုတွေက သူ့ကိုပါ ကူးစက်လာသလို ခံစားရကာ သူ့စိတ်ထဲမှာ ပေါ့ပါးလန်းဆန်းလာပြီး ပျော်နေမိသည်။ အိမ်မှာ အငယ်ဆုံးမို့ ညီမလေးတစ်ယောက် အလွန်အမင်း လိုချင်မိသည့် ငယ်စဉ်က စိတ်တွေ ပြန်ဝင်လာကာ သူ့မှာ ညီမလေးတစ်ယောက် ကောက်ရလိုက်သလို ခံစားလိုက်ရသည်။ သူ ကလေးငယ်များထံမှာသာ တွေ့ဖူးသည့် ဟန်ဆောင်ခြင်း ကင်းမဲ့သော ရိုးသားဖြူစင်ခြင်းတွေကို ဒီကောင်မလေးထံမှာ တွေ့ရသဖြင့် သူ အံ့အားသင့်နေမိသည်။

ရေကန်ထဲကို ခဲလုံးကလေးတွေ ကောက်ကာ ပစ်ရင်း ထသွားတဲ့ ဂယက်ကလေးတွေကို ကြည့်ကာ တခစ်ခစ်ရယ်နေပုံကလေးက တကယ့် ကလေးလေးတစ်ယောက်အတိုင်း။ သူပါ မနေနိုင်စွာ ငယ်စဉ်က ဖေဖေနှင့် ခဲအပစ် ပြိုင်ခဲ့သလို ခဲလုံးကို ရေလွှာပေါ်မှာ ရှပ်ကာ နှစ်ချက်၊ သုံးချက် ခုန်သွားအောင် ပစ်ပြလိုက်မိတော့ သူမက ပါးစပ် အဟောင်းသားနှင့် လှမ်းကြည့်ရင်း 'အစ်ကိုက

www.burmeseclassic.com

www.burmeseclassic.com



တော်လိုက်တာ ... နေကြာ အဲလို မပစ်တတ်ဘူး' ဟု ပကတိ အရိုးခံ မျက်နှာကလေးနှင့် ဆိုလေသည်။ သူ ပစ်သလို လိုက်ပစ်လို့ မရ တော့ မျက်နှာကလေးက ငိုမဲ့မဲ့။ ဒီလို ကလေးစိတ် မပျောက်သေး တဲ့ ပုံစံကလေးနဲ့များ ရှုပ်ထွေး ပွေလီလှတဲ့ လောကကြီးအလယ်ကို တစ်ယောက်တည်း ထွက်လာရသလား။ သူမရဲ့ မိဘတွေကရော ဒီလို ပဲ ပစ်ထားရသလားဟု တွေးကာ သူ စိတ်လေးသွားရပြန်သည်။

သူ သူမကို ဒီကန်ဘောင်ပေါ်ကို ခေါ်လာရခြင်းအကြောင်း မှာ သူမ အကြောင်းတွေ မေးပြီး လိုအပ်တဲ့ အကူအညီတွေ အပြီးပေး ကာ သံယောဇဉ်ဖြတ်ရန်အတွက် ဖြစ်သည်။ မနေ့ညက တစ်ညလုံး သူ အိပ်လို့မပျော်။ သူလို လူပျိုလူလွတ်တစ်ယောက်က ဒီလို အရွယ် ရောက်နေပြီဖြစ်တဲ့ သူစိမ်းမိန်းကလေးတစ်ယောက်ကို ဆက်လက် ကူညီနေဖို့ဆိုတာ အလွန်မသင့်တော်တဲ့ ကိစ္စတစ်ခု ဖြစ်ကြောင်း သူ ကောင်းမွန်စွာ နားလည်သဘောပေါက်သည်လေ။ သူက လူမှုရေး စည်းမျဉ်း၊ စည်းကမ်းတွေကို အလွန်အမင်း အလေးအနက်ထား တတ်သူတစ်ယောက် မဟုတ်လား။ ထို့ကြောင့် သူ သူမကို အေးအေး ဆေးဆေး လွတ်လွတ်လပ်လပ် မေးမြန်းလို့ရအောင် ဒီနေရာကို ခေါ် လာခဲ့ခြင်းဖြစ်သည်။

သူမရဲ့ အပျော်တွေကို မဖျက်ဆီးလိုပေမယ့် သူ လိုရင်း ကိစ္စကို ပြောမှဖြစ်တော့မှာမို့ စိတ်တင်းကာ စကားစလိုက်ရသည်။ ပထမဆုံးအနေနှင့်

'နေကြာ ... အစ်ကို့ နာမည်က စက္ကန့်မှူးတဲ့ ... မှတ်ထား

www.burmeseclassic.com

www.burmeseclassic.com



နော်' ဟု အစချီကာ ကိုယ့်ကိုယ်ကို စတင် မိတ်ဆက်ရင်း ခင်မင် ရင်းနှီးမှုရစေရန်အတွက် သူ့အကြောင်းတွေကို အရင်ပြောပြရ လေသည်။ ထို့နောက်မှာ သူမရဲ့ အကြောင်းတွေကို ပြောပြရန် မေး လိုက်မိတော့ ရွှင်ကြည်နေတဲ့ မျက်နှာကလေး လေးနက်တည်ကြည် သွားကာ ကန်ဘောင်က ခုံပေါ်မှာ ထိုင်ချရင်း ကန်ရေပြင်သို့ တွေ တွေကလေး ငေးကြည့်နေလေသည်။ သူမ ဖြတ်သန်းလာရတဲ့ ခရီး က သူမရဲ့ ကြည်လင်တဲ့ မျက်နှာကလေးလို အပြစ်ကင်းစင်ကာ ရိုးသားမှုတွေနဲ့ အတိပြီးနေတာမျိုး မဖြစ်နိုင်ဘူးဆိုတာ စကားသံတွေ ထွက်မလာခင်ကတည်းက သူမရဲ့ အမူအရာတွေက သူ့ကို ကြိုတင် ပြောပြနှင့်ပြီး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

နေကြာ့အသက်က ဆယ့်ခြောက်နှစ်ပြည့်ထားတာ မကြာလှသေး။ သူမ အဖေက အဝေးပြေးကုန်ကားမောင်းသူ။ အမေကတော့ သားသမီးခုနစ်ယောက်ကို တရစပ်မွေးရင်း အိမ်မှုကိစ္စက လွဲလို့ ဘာမှ မလုပ်တတ်သူ။ အခုမှ မောင်လေးအငယ်ဆုံးက အသက်လေးနှစ်သာ ရှိသေးတာမို့ ကလေးငယ်တွေနှင့် အမြဲတမ်း အလုပ်များနေသည့် အမေ့မှာ သူမအတွက် စိတ်ရှည်ချိုသာမှုတွေ ကြင်နာမှုတွေ မရှိနိုင်ခဲ့ပါ။

သူမရဲ့ အစ်မအကြီးနှစ်ယောက်ကတော့ အသက်ဆယ့်ခြောက်နှစ်ပြည့်ပြီး သိပ်မကြာမီမှာပင် သူတို့ချစ်သူတွေ နောက်ကို အသီးသီး ခိုးရာလိုက်သွားကြကာ ယောက္ခမအိမ်တွေမှာ နေထိုင်လျက် ရှိကြသည်။ သူမ အထက်က အစ်ကိုက အိမ်မှ ထွက်ပြေးကာ စစ်တပ် ထဲ ဝင်သွားလေသည်။ ထို့ကြောင့် သူမသာ အိမ်မှာ အကြီးဆုံးသမီးအဖြစ် ကျန်ရစ်သည်။ ဒုတိယအစ်မ သူ့ချစ်သူနောက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သွားကတည်းက အမေက သူမကို 'မိန်းကလေးဆိုတာ သေစာရှင်စာ တတ်ရင်တော်ပြီပေါ့ ... အိမ်မှာ အလုပ်လုပ်ဖို့ လူမရှိဘူး ... နင် လည်း နင့်အစ်မတွေ ခြေရာနင်းမယ့်ဟာပဲ ... စာတတ်လည်း မထူး ပါဘူး' ဟုဆိုကာ ကျောင်းထုတ်လိုက်သဖြင့် သူမ (၈)တန်း တက်ရ မည့်နှစ်မှာ ကျောင်းထွက်ခဲ့ရသည်။ သူမ ကျောင်းတက်ရတာ ပျော် ပေမယ့် သူမရဲ့ မိန်းကလေးသူငယ်ချင်းတွေထဲမှာ သူမထက်ပင် စော ကာ ကျောင်းထွက်သွားသူတွေ ရှိသဖြင့် ထိုကဲ့သို့ ကျောင်းထွက် လိုက်ရခြင်းအတွက် သူမ လွန်လွန်ကဲကဲ မခံစားခဲ့ရပါ။

သူမ အိမ်မှာ မောင်လေးသုံးယောက်ကို ကူထိန်းရင်း အိမ်မှု ကိစ္စတွေကို ကူလုပ်ပေးပေမယ့် သူမ အမေ့ထံမှ ဘယ်တော့မှ မျက် နှာကောင်းမရခဲ့။ သူမက အိမ်အလုပ်တွေကို သူ့အချိန်နှင့်သူ မြန်မြန် ပြီးအောင် လုပ်ပြီးလျှင် ကိုယ်ပိုင်အချိန်ရှာကာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် တွေးချင်၊ ငေးချင်သည်။ ဝတ္ထုဖတ်ချင်သည်၊ သီချင်းနားထောင်ချင်သည်။ ဒါကို သူမကို အချိန်ပြည့် အိမ်မှုကိစ္စ တွေကိုသာ တကုတ်ကုတ်လုပ်ရင်း အချိန်ကုန်စေလိုသော အမေက နည်းနည်းလေးမှ ကြည့်မရ။ သူမကလည်း အလုပ်ကလေးနည်း နည်းကို အီလေးဆွဲကာ တစ်နေကုန် လုပ်နေဖို့ ဝါသနာမပါ။ အလုပ် ကလေးနည်းနည်း ဆိုပေမယ့် သူမက မနက်(၅)နာရီမှာ အိပ်ရာထ ကာ ကိုယ်လက်သန့်စင်ပြီး ဘုရားဝေယျာဝစ္စများကို စတင်လုပ်ရ သည်။ ထို့နောက် အငယ်ကလေးတွေ မနိုးခင်မှာ မီးဖိုချောင်မှာ ချက် ပြုတ်ဖို့အတွက် ရေတွင်းက ရေကို ခပ်ကာ အပြည့်ဖြည့်ထားပေးရ

www.burmeseclassic.com

www.burmeseclassic.com


သည်။ အငယ်လေးတွေ နိုးလာလျှင် သူတို့ကို ဝေယျာဝစ္စတွေ လုပ်ပေးရင်း သူတို့ကို ထိန်းရင်းက အမေ ဈေးက ပြန်လာလျှင် အဆင်သင့်ချက်နိုင်အောင် ကြက်သွန်ဖြူ၊နီတွေ ကြိုနွှာကာ ထောင်းထားပေးတာတို့ လှီးထားပေးတာတို့ လုပ်ပေးထားရသည်။ ခြံထဲမှာ ရှိနေတဲ့ မန်ကျည်းရွက်တို့၊ ကင်ပွန်းရွက်တို့လို အရွက်တွေကို ချက်မည်ဆိုလျှင်လည်း ကြိုခူးကာ ခွေထားပေးဖို့က သူမရဲ့ တာဝန်သာ ဖြစ်သည်။ တစ်ခါတစ်ရံ ခြံထဲက အရွက်တွေ အသီးအနှံတွေ ဈေးကိုဖောက်သည်ပေးဖို့ရှိလျှင်လည်း လာယူဖို့အမီ ကြိုခူးထားပေး ရသည်။ တစ်ခါတစ်ရံ ခြံထွက် အသီးအနှံတွေကို ယူမည့်သူလည်း မရှိ၊ စားလို့လည်း မကုန်လျှင် သူမကိုယ်တိုင် ဈေးမှာ သွားထိုင်ရောင်းပေးရသည်။ အမေ ဈေးက ပြန်မလာမီမှာ ထင်းမီးဖိုကို မီးမွှေးပြီး ရေနွေးအိုးနှင့် ထမင်းအိုး အရင်တည်ထားပေးရသည်။ အမေဈေးက ပြန်လာချိန်တွင်တော့ သူမတို့ အမေ ဈေးက ဝယ်လာသည့်မုန့်ကိုဖြစ်စေ ထမင်းကြမ်းကြော်ကိုဖြစ်စေ မနက်စာအဖြစ် စားကြလေသည်။

ထို့နောက် အမေနှင့်အတူ မီးဖိုချောင်ထဲမှာ ကူကာ ချက်ပြုတ်ပြီး အိပ်ရာတွေ သိမ်းကာ အိမ်သန့်ရှင်းရေးလုပ်ရသည်။ အိမ်က နှစ်ထပ်ဖြစ်သည့်အပြင် ကျယ်သောကြောင့် သန့်ရှင်းရေး လုပ်ရတဲ့ အချိန်က မနည်း။ လမ်းမက ဖုန်တွေ အိမ်ထဲ အမြဲဝင်နေသဖြင့် သန့်ရှင်းရေးကို မနက်တစ်ခါ ညတစ်ခါ လုပ်နိုင်မှ တော်ကာကျလေသည်။ သူမ မမွေးမီက သူမရဲ့ မိဘတွေ ဒီရွာမှာ နေတာမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဝေးဝေးက ရွာကလေးတစ်ရွာကဟု သူမကို အဖေ ပြောပြဖူးသည်။ ရွာမီးလောင်စဉ်မှာ သူတို့ အိမ်ပါသွား၍ မီးဘေးဒုက္ခသည်ဘဝနှင့် နေစရာ အိမ်မရှိ ဖြစ်နေစဉ်မှာ အမေ့ဘက်မှ အဒေါ်တစ်ဝမ်းကွဲတော်စပ်သူက သူတို့ကို ဒီအိမ်မှာ ခေါ်ထားခဲ့ခြင်းဖြစ်သည်တဲ့။ သူမကို ဒီအိမ်ရောက်မှ မွေးခြင်းဖြစ်သည်။ မုဆိုးမ ဖြစ်နေတာကြာပြီဖြစ်သော အဖွားကို အတူနေရင်း သေဆုံးချိန်အထိ ပြုစုပေးခဲ့ကြသောကြောင့် အဖွားက အနီးဆုံး ဆွေမျိုးဖြစ်သူ သူမ အမေကို ဒီအိမ်ကို အမွေအဖြစ် ပေးခဲ့ခြင်း ဖြစ်သည်။အဖွားက သူမ အသက်(၆)နှစ်သမီးအရွယ်ကျမှ ဆုံးခြင်းဖြစ်သည်။ သူမကို တော်တော်လေးချစ်ခဲ့ပုံရသော အဖွားကို သူမ မှတ်မိနေဆဲဖြစ်သည်။

သူမ သန့်ရှင်းရေးတွေအားလုံး လုပ်ပြီးလျှင် အမေနှင့်မောင်လေးတွေ ရေချိုးရန်အတွက် ရေတွင်းက ရေငင်ပေးရပြန်သည်။ မောင်လေးတွေကို ရေချိုး သနပ်ခါးလိမ်းပေး အပြီးမှာမှ သူမ တစ်အိမ်လုံးရဲ့ အဝတ်တွေကို လျှော်ပြီး ရေချိုးရသည်။ ထို့နောက်တွင်တော့ ထမင်းစားကြပြီး ပန်းကန်တွေဆေးပြီးလျှင် သူမအတွက် မနက်ပိုင်း တာဝန်ပြီးလေပြီ။ အမေနှင့် မောင်လေးတွေ နေ့လယ်နေ့ခင်း တရေးတမော အိပ်ချိန်မှာ သူမ မအိပ်ဘဲ ကက်ဆက်ရှိတဲ့ သူငယ်ချင်းတွေ အိမ်ကို သွားကာ သီချင်းတို့၊ ကက်ဆက်ဇာတ်လမ်းတို့ သွားနားထောင်လေ့ရှိသည်။ သူမတို့ အိမ်မှာတော့ အဖေဝယ်လာခဲ့သည့် ရေဒီယိုအဟောင်းလေးတစ်လုံး ရှိသည်။ အမေ စိတ်ကောင်းမဝင်၍ အပြင်ပေးမထွက်သည့် နေ့မျိုးဆိုလျှင်တော့ သူမ

www.burmeseclassic.com

www.burmeseclassic.com



ထိုရေဒီယိုကလေးကိုသာ အဖော်ပြုကာ အိမ်ထဲမှာ ငြိမ်နေရသည်။ ညနေစောင်းတဲ့အခါ သူမ အလုပ်က ညနေပိုင်းအတွက် အိမ်သန့်ရှင်းရေးလုပ်ရန်နှင့် ညစာ စားသောက်ပြီးတဲ့အခါ အိုးခွက်တွေကို တိုက်ချွတ် ဆေးကြောရန်သာ ကျန်တော့သည်။ အဖေအိမ်မှာ ရှိတဲ့အခါမျိုးမှာ ညနေစာကို သီးခြားထပ်ချက်လေ့ရှိပေမယ့် သူမတို့ချည်းဆိုလျှင်တော့ များသောအားဖြင့် မနက်စာနှင့် ညစာကို မနက်ကတည်းက ပေါင်းချက်ထားလေ့ရှိသည်။

တစ်ခါတစ်ရံမှာ စိတ်ကူးပေါက်လျှင် သူမ အလုပ်တွေကို စောစောလုပ်ကာ လက်စသတ်ပြီး အဖေ့စက်ဘီးကို ဆွဲကာ ခပ်ဝေးဝေးရွာက သူငယ်ချင်းတွေထံသို့ သွားလည်တတ်သည်။ ပြန်လာလို့ အခန့်မသင့်လျှင် အဆူခံ၊ အရိုက်ခံ ရတတ်ပေမယ့် သူမ မသွားဘဲ ခဏသာ နေနိုင်သည်။ သူငယ်ချင်းတွေကို ခင်တာထက် လွတ်လပ်စွာ သွားလာလိုတဲ့စိတ်ကို သူမ ချိုးနှိမ်မထားနိုင်။ တစ်ခါတစ်ရံ ဘယ်သူမှ မပါဘဲ နတ်မော် သဘောင်္ဆိပ်ကို သွားကာ အစု သဘောင်္ခေါက်နှင့်များ အဖေပါလားမလားဟု မျှော်ရင်း ရေပြင်ကျယ်ကြီးကို တမေ့တမော ငေးကြည့်နေမိတတ်သည်။ တစ်ခါတလေ လယ်ကွင်းပြင်တွေ နံဘေးမှာ စက်ဘီးကို ရပ်ပြီး မျက်စိတဆုံး ကျယ်ပြန့်တဲ့ သဘာဝရှုခင်းတွေကို ငေးကြည့်ကာ အချိန်တွေကို မေ့သွားမိသည်။ ဒါကို အမေက လုံးဝ နားမလည်နိုင်။ ရည်းစားနှင့် သွားသွားချိန်းတွေ့နေတာဟုသာ သူမကို စွပ်စွဲသည်။ သူမမှာ ရည်းစားမရှိသေးကြောင်း ပြောဆိုရှင်းပြသော်လည်း အမေ မယုံ။ သူမရဲ့ ရိုးသားမှုကို

www.burmeseclassic.com

www.burmeseclassic.com



အမေ မယုံတဲ့အခါ သူမလည်း ခံစားရတာပါပဲ။ လိမ်မပြောပါဘဲ နှင့် အတင်းစွပ်စွဲတာမျိုးတွေ ရှိလာတဲ့အခါ သူမမှာ အမေ မသိ အောင် လုပ်ချင်တာတွေ လုပ်တတ်သည့် အကျင့်ရလာခဲ့သည်။ အဲဒီ တော့ အမေက အဖေပြန်လာတဲ့ အချိန်တွေတိုင်း 'တော်သမီးက ပြန်မပြော နားမထောင်'ဟု မကျေမနပ်နှင့် တိုင်တန်းလေ့ရှိသည်။

အဖေ အိမ်မှာ ရှိတဲ့ ကာလတွေကတော့ သူမအတွက် အိမ် မှာ နေရတာ အဓိပ္ပာယ်အရှိဆုံး ကာလတွေ ဖြစ်သည်။ သူမရဲ့ နေ့စဉ် သမားရိုးကျလုပ်ငန်းတွေက အဖေ့ရဲ့ အပြုံး၊ အဖေ့ရဲ့ စကားသံတွေ ဖြင့် စိုပြည်လန်းဆန်းသွားလေ့ရှိသည်။ 'ငါ့သမီး ခူးပေးတဲ့ မန် ကျည်းရွက်ကလေးက နုပြီး ကောင်းလိုက်တာ' ဆိုတာမျိုး 'ငါ့သမီး က သိပ်လိမ္မာတာပဲ ... အဖေ ချိုးဖို့ ရေခပ်ပေးတယ် ... သာဓုကွာ ... ဘုန်းကြီးလို့ သက်ရှည်ပါစေကွာ' ဆိုတာမျိုးလေးတွေ ကြားရ တော့ လုပ်ပေးရသမျှ အမောတွေ အကုန်ပြေကာ ပင်ပန်းသည်ဟုပင် မထင်တော့ဘဲ သူမ ပျော်ရွှင်နေမိသည်။ ထိုသို့ သူမတို့ သားအဖတွေ ပျော်ရွှင်ရယ်မောနေလျှင် အမေက မျက်စောင်း တခဲခဲနှင့် ကြည့်မရ။

သူမရဲ့ နေကြာဆိုသော အမည်ကို အဖေက ပေးခဲ့ခြင်း ဖြစ် သည်။ အဖေက သူမရဲ့ အစ်မနှစ်ယောက်ကိုလည်း နှင်းဆီနှင့် စံပယ် ဟူ၍ ပန်းနာမည်တွေသာ ပေးခဲ့သည်။ သူမကို မွေးတော့ စနေသမီး မို့ ပန်းနာမည်ပေးချင်ပေမယ့် ရုတ်တရက် စဉ်းစားလို့မရ။ နောက်မှ ထိုနှစ်က သူမတို့ဒေသမှာ နွေဘက် နေကြာပင်တွေ စိုက်ခဲ့ကြခြင်းကို သတိရလိုက်သဖြင့် အဖေက သူမကို 'နေကြာ'ဟု အမည်မှည့်ခေါ်

www.burmeseclassic.com

www.burmeseclassic.com


ခဲ့ခြင်းဟု ဆိုသည်။ နေကြာပန်းဆိုတာက လှပရုံတင်မကဘဲ ရဲရင့်မှုနှင့် အသုံးဝင်မှုပါရှိတဲ့ပန်းဟု အဖေက သူမ နာမည်ကို ရည်ညွှန်းကာ မကြာခဏ ပြောပြတတ်သည်။ သူမ အစ်ကိုနာမည်က ဝဏ္ဏ၊ မောင်လေးသုံးယောက်ရဲ့ နာမည်တွေက သူရ၊မင်းဒင်နဲ့ ကျော်စွာ။ နာမည်တွေ အားလုံးကို အဖေက ပေးခဲ့တာတွေချည်း။

သူမကို ရင်းနှီးသူတွေက အဖေနှင့် အမေထံမှ အလှတွေ အားလုံးစုကာ အမွေရထားတာဟု ဆိုကြသည်။ အဖေ့ရဲ့ နက်မှောင်နေတဲ့ မျက်လုံး မျက်ခုံး၊ ပေါ်လွင်တဲ့ နှာတံနှင့် အမေ့ရဲ့ မျက်နှာက အလှဆုံးဖြစ်တဲ့ နှုတ်ခမ်းတို့ စုစည်းကာ ဖွဲ့ထားသည့် မျက်နှာက ညီအစ်မသုံးယောက်ထဲမှာသာမက သူမ ရှင်သန်ကြီးပြင်းခဲ့သည့် ပတ်ဝန်းကျင်မှာပါ သူမကို ထူးခြားစွာ လှပသူတစ်ယောက်ဟု အသိအမှတ်ပြုစေခဲ့သည်။ မိသားစုဝင်ထဲက ဘယ်သူနှင့်မှ မတူသော နေပူထဲ ဘယ်လောက်ထွက်ထွက် မည်းမသွားဘဲ ဖြူဖွေးကြည်လင်နေသည့် အသားအရေက သူမ၏ အလှတရားများကို ပိုမိုပြည့်စုံအောင် ဖြည့်စွက်ပေးသလို ဖြစ်နေသည်။ ငယ်စဉ်ကတည်းက သူမကို တွေ့လျှင် 'ချောလိုက် ချစ်စရာကောင်းလိုက်တဲ့ကလေး'ဟု အသိအမှတ်မပြုဘဲ နေနိုင်တဲ့သူ မရှိကြောင်း အဖေက မကြာခဏ ဂုဏ်ယူပြောဆိုတတ်သည်။ အဖေက သူမကို ချီးကျူးတာတွေ ဂရုတစိုက်ရှိတာတွေကို ငယ်စဉ်ကတည်းက အမေက မကြိုက်။ သူမကိုယ့်ကိုယ် ကိုယ် အထင်ကြီးကာ ဘဝင်မြင့်သွားမှာ စိုးရိမ်ပူ၍လားတော့ မသိ။ သူမကို အခြားမောင်နှမတွေထက် ပိုနှိမ်ကာ ကောင်းကွက်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ချန်ထားပြီး ဆိုးကွက်တွေကိုသာ ရှာဖွေကာ အခြားသူများနှင့် နှိုင်းယှဉ် ပြောဆိုတတ်သည်။

အရွယ်ရောက်စပြုလာတော့ ပတ်ဝန်းကျင်က ကာလသားတွေရဲ့ နှုတ်ဖျားမှာ သူမနာမည် ရေပန်းစားကာ ဝိုင်းဝန်းပိုးပန်းသူတွေ များလာပေမယ့် သူမ မည်သူ့ကိုမှ စိတ်ဝင်စားခြင်း မရှိပါ။ သူမက သူမဘာသာ အေးအေးနေရင်း လွတ်လပ်စွာ စိတ်ကူးယဉ်ချင်နေသူပေမယ့် အမေက သူမ ထိုသို့နေခြင်းကို ရည်းစားပူမိနေတာ ဟု မကြာခဏ စွပ်စွဲပြောဆိုလေ့ရှိသည်။ ပွဲတော်ရက်တွေမှာ ကာလသားတွေက သူမတို့ အိမ်ရှေ့မှ ဖြတ်ရင်း သူမ နာမည်ကို အော်အော်သွားတတ်ကြတာ သူမ အပြစ်လား။ သူမကို ပွဲကြည့်ခွင့်ပိတ်ပင်တာ မထောင်းတာလှပေမယ့် ရုပ်ရှင်မကြည့်ရလျှင်တော့ သူမ ဘယ်လိုမှ နေလို့မရ။ အောင်မင်္ဂလာရုံမှာ ကားသစ်လဲတာပဲ ဖြစ်ဖြစ် ဘုရားပွဲတွေမှာ ဒီအတိုင်း ပိတ်ကားထောင်ကာ ပြလေ့ရှိသည့် ဗလာပွဲပဲဖြစ်ဖြစ် အမေ ဘယ်လောက်ရိုက်ရိုက် ဘယ်လောက်ဆူဆူ သူမ မမှုတော့။ အမေ့ကို ဆူပူဆောင့်အောင့်ကာ ဆန္ဒပြ၍ တစ်မျိုး၊ အမေ့ကို နိုင်သူ အစ်မကြီးတွေကို သူမကို လာခေါ်ပေးရန် အကူအညီတောင်း၍တစ်ဖုံ နည်းမျိုးစုံကိုသုံးကာ ရုပ်ရှင်ကို မရရအောင် ကြည့်လေ့ရှိသည်။ တစ်ကြိမ် အခြားရွာက ဘုရားပွဲတစ်ခုမှာ ရုပ်ရှင်ဗလာပွဲ ပြစဉ်က အမေ့ကို ဘယ်လိုမှ ပြောလို့မရသည့်အဆုံး (၈)နှစ်ရှိနေပြီဖြစ်သည့် သူမရဲ့ အကြီးဆုံးမောင်လေးသူရကို ခေါ်ကာ အမေ အိပ်ပျော်နေတုန်းမှာ အမေ မသိအောင် နှစ်ယောက်တည်း တိတ်တဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိတ် ခိုးထွက်ပြီးတော့ သွားကြည့်ခဲ့ဖူးလေသည်။

ထိုစဉ်က အမေသိသွား၍ သူမကို ရိုက်တာ တံမျက်စည်း တစ်ချောင်းလုံးပင် ကျိုးယူရသည်။ သို့ပေမယ့် သူမ မငို။ ကြိတ်မှိတ်ကာ ခံရင်း ညက ကြည့်ခဲ့ရသည့် ရုပ်ရှင်ဇာတ်ဝင်ခန်းတွေက မင်းသမီး နေရာမှာ သူမကိုယ် သူမ စိတ်ကူးယဉ်ပစ်လိုက်သည်။ သူမက ရုပ်ရှင်ကို အဲသည်လောက် ဝါသနာပါသူ။ တစ်ခါက ဘာအထိမ်းအမှတ်လဲဆိုတာတော့ တိတိကျကျ မမှတ်မိ။ အောင်မင်္ဂလာရုံက ရုပ်ရှင်တစ်နေ့တစ်ကားလဲကာ ခုနစ်ညကို ခုနစ်ကားဆက်တိုက်ပြပေးခဲ့သည်။ ကြုံတောင့်ကြုံခဲ အခွင့်အရေးမို့ ထိုစဉ်က သူမ တစ်ရက်မှ မလွတ်အောင် ဆက်တိုက်ကြည့်လိုက်မိသဖြင့် ခြောက်ရက်မြောက်ညမှာ ပွဲကိုက်ကာ သူမ ခေါင်းတွေအုံပြီး ဖျားလေတော့သည်။ သို့ပေမယ့် (၇)ရက်မြောက်ညမှာ ပြမည့်ကားကို မကြည့်ရမှာ စိုး၍ သူမ ဖျားတာကို မပြောဘဲ ကြိတ်ခံကာ ရအောင်သွားကြည့်ခဲ့သည်။ ထိုညက ဇာတ်ကားတစ်ဝက်မှာ သူမ ခေါင်းမထူနိုင်တော့သဖြင့် ရုံထဲက ခုံတန်းရှည်မှာ လှဲအိပ်နေရသည်။ နောက်ရက်မှာ အိပ်ရာထဲလဲကာ ဆေးထိုးယူရသည်အထိ အခြေအနေဆိုးခဲ့ပေမယ့် သူမ ရုပ်ရှင်ကို နည်းနည်းကလေးမှ စိတ်မနာမိခဲ့ပါ။

အဖေရှိတုန်း ရုပ်ရှင်ကားသစ်လဲခိုက်နှင့် ကြုံလျှင် အဖေကိုယ်တိုင် လိုက်ပြတတ်သဖြင့် သူမ အမေ့ကို မလွှတ်လွှတ်အောင် ပြောရသည့် ပြဿနာ မရှိ။ ထို့အပြင် အဖေ့ စက်ဘီးအနောက်မှာ ထိုင်ကာ အဖေ သွားသမျှ နေရာတွေ လိုက်ခွင့်ရတာကလည်း သူမ

www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်ရတဲ့ အကြောင်းအရင်းတစ်ရပ် ဖြစ်သည်။ အဖေအိမ်မှာ ရှိလျှင် သူမတို့ စောစောမအိပ်ဖြစ်ကြ။ ညဘက်ဆိုလျှင် သူမတို့ အပေါ်ထပ်က အိမ်ရှေ့ဝရံတာသို့ ထွက်ကာ ကောင်းကင်မှာ လင်းလက်နေတဲ့ ကြယ်တွေကို မော့ကြည့် ရေတွက်ရင်း စကားတွေပြောကြလေ့ရှိသည်။ အဖေက အဝေးက ကြယ်တွေကို လက်ညှိုးညွှန်ပြရင်း 'အဲဒီကြယ်ခုနစ်လုံးတွဲကလေးကို တွေ့တယ် မဟုတ်လား ... ထယ်ပုံလေ ... အဲဒါက ခုနစ်စဉ်ကြယ်ပေါ့ ... သူ့ထိပ်က ကြယ်နှစ်လုံးကို ဆက်ဆွဲလိုက်ရင် ဓူဝံကြယ်ရှိတဲ့ နေရာကို ရောက်ရော ... တွေ့လား ... အဲဒါက ဓူဝံကြယ် ... သူက မြောက်ဘက်စူးစူးမှာ ရှိတာ' စသဖြင့် သူမကို ကြယ်တွေအကြောင်း ရှင်းပြတတ်သည်။ အဖေ ပြောပြသဖြင့် မနက်စောစောမှာ တစ်လုံးတည်း လင်းကျန်ခဲ့တတ်တဲ့ ကြယ်နီကြီးက သောကြာကြယ်ဆိုတာကို သူမ သိခွင့်ရခဲ့သည်။ ကြယ်တွေအကြောင်းနှင့် ပတ်သက်လို့ အဖေ ပြောဖူးတဲ့စကားတွေထဲမှာ သူမကို စိတ်အတက်ကြွစေဆုံးစကားကတော့ 'ငါ့သမီးလေးလည်း တစ်နေ့ကျရင် အဲဒီကောင်းကင်က ကြယ်လေးတွေလို လင်းလက်တောက်ပခွင့် ရလာမှာပဲ ... အဲဒါကို ယုံထား ... အခုခေတ်မှာ နာမည်ကြီး မင်းသား မင်းသမီးတွေကို ဆူပါစတားလို့ ခေါ်ကြတယ် မဟုတ်လား ... စတားဆိုတာ ကြယ်ပွင့်ကို ပြောတာ သမီးရဲ့ ... ငါ့သမီးချောလေးကလည်း တစ်နေ့မှာ ဆူပါစတား ဖြစ်မလာဘူး လို့ ဘယ်သူက ပြောနိုင်မှာလဲ' ဆိုသည့် စကားဖြစ်သည်။ တစ်ကြိမ်မှာတော့ အဲဒီစကားကို အမေ ကြားသွားကာ 'ကလေးကို မဟုတ်

www.burmeseclassic.com



တာတွေ ခေါင်းထဲ ထည့်ပေးနေတယ်’ ဟုဆိုကာ အဖေနှင့် ရန်ဖြစ်တာ သူမ မှတ်မိနေသေးသည်။

အဖေက သူရောက်ခဲ့ရသည့် မြို့တွေအကြောင်း၊ အထူးသဖြင့် ခမ်းနားလှသည့် မဟာရန်ကုန်ရွှေမြို့တော်ကြီးအကြောင်းတွေကိုလည်း သူမတို့ကို ပြောပြတတ်သည်။ သူမနှင့် မောင်လေးတွေ သိချင်သည့် မေးခွန်းတွေကိုလည်း အဖေက စိတ်ရှည်လက်ရှည်ဖြေတတ်သည်။ သူမက သူမတို့နှင့် အနီးဆုံးမှာ ရှိပြီး သူမတို့က ‘မြို့’လို့ တင်စားခေါ်ဝေါ်ကြတဲ့ မော်လမြိုင်မြို့ကိုပင် တစ်ကြိမ်မှ မရောက်ဖူး။ အဖေက ခေါ်သွားမယ်လို့ ကတိပေးဖူးပေမယ့် အကြောင်းကြောင်းနှင့် ပျက်ပျက်သွားကာ ‘နောက်တစ်ခေါက်ကျမှ’ဟု ဆိုခဲ့တာ အကြိမ်ပေါင်းပင် မနည်းတော့။ တစ်ခါတလေတော့ နတ်မော်မှ သဘော်ခိုးစီးကာ ကိုယ့်ဖာသာကိုယ် သွားကြည့်လျှင် ကောင်းမလားဟုပင် စိတ်ကူးမိသေးသည်။ အမေက သူမတို့ရဲ့ ချောင်းဆုံမြို့နယ်လို့ခေါ်တဲ့ ဒီဘီလူးကျွန်းထဲမှာ ဝေးဝေးသွားတာကိုတောင် ကြိုက်သူ မဟုတ်လေတော့ သူမ မြို့ကိုသာ ခိုးသွားမိပါက သူမ အိမ်ထဲ ပြန်ဝင်ဖို့တောင် လွယ်မှာ မဟုတ်။ ထို့အပြင် သူမ ဟုတ်လား မဟုတ်လား သေသေချာချာ ဘယ်လိုမှ မသိနိုင်တဲ့ အမေ ပြောနေကျ မြို့ရဲ့ မကောင်းကြောင်းတွေက စွန့်စားလိုသော သူမကို ခြေလှမ်းတွေတွန့်စေခဲ့သည်။ သူမ မြို့သွားချင်တယ်လို့ ပူဆာမိတိုင်း ‘ဟင် … မြို့ကို တော်တော်သွားချင်နေ … ဘာမှတ်သလဲ ပျက်သွားမယ် ကောင်မ’ဆိုတာက အမေရဲ့ သူမကို ဆူပူကြိမ်းမောင်း

www.burmeseclassic.com

www.burmeseclassic.com



နေကျစကား မဟုတ်လား။ သူမတို့ ရွာကနေရော အနီးအနားရွာတွေကပါ မြို့ကို အိမ်ဦးနှင့် ကြမ်းပြင်လို ကူးလူးကာ မြို့မှာ ကျောင်းသွားတက်ကြသူတွေ၊ အလုပ်သွားလုပ်ကြသူတွေ မနည်းပေမယ့် သူတို့က အမေနှင့် ပိုရင်းနှီးတာမို့ သူမ ခိုးလိုက်လာမည်ဆိုလျှင်ပင် ခေါ်ဝံ့မည် မဟုတ်ကြ။

အဖေ တစ်ခါတစ်ခါ ပြန်လာဖို့ စောင့်ရသည့် အချိန်တွေက ကြာသထက် ကြာလာသည်ဟု သူမ ခံစားနေရသည်။ အဖေမောင်းသည့်ကားက မုတ္တမရောက်ပြီး တစ်ညသာ နားကာ နောက်တစ်နေ့လို ပြန်ထွက်မည်ဆိုလျှင် အဖေက သဘော်နှစ်ဆင့်စီးမှ ရောက်နိုင်သည့် အိမ်ကို ပြန်မလာနိုင်တော့။ အနည်းဆုံး ခွင့်သုံးလေးရက် ရမှသာ ပြန်လာနိုင်လေသည်။ အဖေအိမ်ကို ပြန်လာတဲ့ ကာလက တိုတောင်းသလောက် အဖေ့ကို မျှော်ရချိန်တွေက ကြာရှည်လွန်းလှသည်။ ထို့ကြောင့် အဖေ တစ်ခေါက် ပြန်လာတိုင်း 'အဖေရယ် ပြန်မသွားပါနဲ့တော့'ဟု သူမ ဂျီကျကာ ဆွဲထားရန် ကြိုးစားမိသည်။ အဖေက သူမကို စိတ်မကောင်းသလို ကြည့်ကာ 'အဖေသွားမှ ဖြစ်မှာမို့ပါ သမီးရယ်'ဟုဆိုကာ ချော့မော့တတ်သည်။ အဖေ ဒီဘီလူးကျွန်းမှာပဲ အလုပ်လုပ်လို့ ဘာလို့ မဖြစ်ရတာလဲဆိုတာကို သူမ နားမလည်။ သူမ ငယ်စဉ်က အဖေ မြင်းလှည်းမောင်းကြည့်သေးသည်။ အဆင်မပြေဟု ကြားဖူးသည်။ အဖေက ဒီက မဟုတ်။ အဖေ့ဇာတိက သထုံဘက်ကဟု သိရသည်။ ဒီကို အလည်လာရင်း အမေနှင့်တွေ့ကာ ချစ်ကြိုက်ပြီး လက်ထပ်ဖြစ်သွားခြင်းတဲ့။ အဖေ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဒီက အလုပ်တွေနှင့် အဆင်မပြေ။ အမေကလည်း အဖေ ခေါ်ရာ သူမသိတဲ့ အရပ်ဒေသကို လုံးဝမလိုက်နိုင်ဟု ဆိုသည်တဲ့။ ဒီလိုနှင့် နောက်ဆုံးမှာ အဖေက သူ ကျွမ်းကျင်တဲ့ အဝေးပြေးကား သမား အလုပ်ကိုပဲ အိမ်နှင့်ခွဲကာ သွားရောက်လုပ်ကိုင်နေရခြင်းတဲ့။

သူမ စိတ်ကောက်ကာ ငိုလျှင် စိတ်ရှည်လက်ရှည်နှင့် ချော့မော့တတ်သည့် အဖေ၊ ပြန်လာတိုင်း သူမအတွက် သတိတရ လက်ဆောင်တစ်ခုခု မပါပါအောင် ယူလာခဲ့သည့် အဖေ၊ သူမ ဘဝမှာ သူမကို အလိုလိုက်ဆုံး၊ အချစ်ဆုံးသူ ဖြစ်သည့် အဖေ။ ထို့ကြောင့် အဖေ့ကို သူမ အနားမှာ အမြဲရှိနေစေချင်ပါသည်။ အဖေ သူမရဲ့ ဘဝထဲမှ ထာဝရ ထွက်ခွာသွားနိုင်တယ်ဆိုတာမျိုးကို သူမ ယောင်လို့တောင် မတွေးမိခဲ့ဖူးတဲ့ ကာလကလေးတွေပေါ့။

***

သူမ အဖေ့ကို မျှော်ရင်း အမေ မသိအောင် နတ်မော်ဆိပ်ကို ခိုးခိုးသွားရာမှ မခင်မေကြည်နှင့် ဆုံမိခဲ့ခြင်းဖြစ်သည်။ သူမရဲ့ အချစ်ဆုံးသူငယ်ချင်းတွေထဲက တစ်ယောက်ဖြစ်တဲ့ ဝေဝေထွန်းက နတ်မော်မှာ နေတာမို့ သူမ နတ်မော်ကို ရောက်တိုင်း သူ့အိမ်သို့ ဝင်လည်လေ့ရှိသည်။ မခင်မေကြည်က သူ ရန်ကုန်မှ သယ်လာသည်ဆိုသည့် အထည်စတွေကို ဘီလူးကျွန်းမှာ ရောင်းရန်လာရင်း ဝေဝေထွန်းတို့ အိမ်ဘေးက အိမ်မှာ တည်းခိုနေသူ ဖြစ်သည်။ တစ်

www.burmeseclassic.com

www.burmeseclassic.com



နေ့ သူမ ဝေဝေထွန်း အိမ်ကို ဝင်လိုက်စဉ်မှာ ဝေဝေထွန်းတို့ အိမ်မှာ မခင်မေကြည် အထည်စတွေ လာပြနေသည်နှင့် ကြုံကြိုက်မိရာမှ မခင်မေကြည်နှင့် စတင် သိကျွမ်းခဲ့ခြင်းဖြစ်သည်။ ထိုစဉ်ကတော့ မခင်မေကြည်က ရန်ကုန်နှင့် မော်လမြိုင်ကို မှောင်ခိုပစ္စည်းတွေ ကူးသန်း ရောင်းဝယ်နေသူတစ်ယောက်ဖြစ်မှန်း သူမ လုံးဝ မရိပ်မိခဲ့။ သူ ရန်ကုန်က သယ်လာသည်ဆိုသည့် အစတွေမှာ အမှန်တော့ နယ်စပ်က ဝင်လာသည့် အထည်စတွေသာဖြစ်ပြီး အဖမ်းအဆီးများ နေချိန်မို့ သူ့အထည်တွေကို အလဟဿ အဖြစ်မခံဘဲ သူမတို့ရဲ့ ချောင်းဆုံမြို့နယ်သို့ ဆင်းလာကာ ညာရောင်းနေခြင်းဖြစ်ကြောင်း သူမတို့ လုံးဝ မသိခဲ့ကြပါ။

သူမက ရန်ကုန်မြို့ဆိုတာကို အလွန်ရောက်ဖူးချင်နေသူမို့ ရန်ကုန်မှ လာသည်ဆိုသော မခင်မေကြည်ကို အလွန်အမင်း အထင်ကြီးနေမိသည်။ မခင်မေကြည်ကလည်း သူမကို မြင်မြင်ချင်း နှစ်သက်ခင်မင်ပုံရကာ 'ချောလိုက်တဲ့ ကောင်မလေး ... ရန်ကုန်မှာ သာဆို ဆူပါစတား ဖြစ်မှာပဲ' ဟု ဆိုလေသည်။ မခင်မေကြည်ပြတဲ့ အရောင်အသွေးစုံလှတဲ့ နောက်ဆုံးပေါ် အဆင်ဆန်းကလေးတွေကို ကိုင်ကြည့်လိုက် ကိုယ်မှာ ကပ်ကြည့်လိုက်လုပ်ကာ မိန်းကလေးပီပီ သွားရည်ကျနေမိပေမယ့် သူမမှာ ဝယ်စရာ ပိုက်ဆံမရှိ။ အမေ့ကိုလည်း ပူဆာလို့ရမှာ မဟုတ်မှန်း သူမ သိသည်လေ။ သူမရဲ့ အခက်အခဲကို မခင်မေကြည် သိသွားသောအခါ 'မြင်မြင်ချင်း ညီမအရင်းလေးလို ချစ်လွန်းလို့ပါ' ဟုဆိုကာ အစတွေ အတင်း လက်

www.burmeseclassic.com

www.burmeseclassic.com


ဆောင်ပေးလေတော့သည်။ သူမ အားနာစွာ ငြင်းပေမယ့် မရ။ မခင်မေကြည်က သူမက လှပြီးသားမို့ ဝတ်လိုက်လျှင် ပိုလှသွားမှာ သေချာလွန်းလို့သာ လက်ဆောင်ပေးတာဖြစ်ကြောင်း သူမ ဝတ်ပြလိုက်ရင် သူ့အထည်တွေ ပိုအရောင်းသွက်လာမှာဖြစ်ကြောင်း ပြောကာ မရမက ပေးသောအခါ နဂိုကတည်းက လိုချင်ချင် ဖြစ်နေမိသည့် သူမလည်း နောက်ဆုံးမှာ သူ့လက်ဆောင်တွေကို လက်ခံလိုက်ရလေတော့သည်။ မခင်မေကြည်က ထိုသို့ အစတွေ လက်ဆောင်ပေးရုံတင်မကဘဲ သူမ ချုပ်ဝတ်ရန်အတွက်ဟုဆိုကာ ရန်ကုန်မှာ ခေတ်စားနေသည်ဆိုသည့် အင်္ကျီပုံစံတွေကိုလည်း ဆွဲပေးသဖြင့် သူမမှာ မခင်မေကြည်ကို ကျေးဇူးတွေ တင်သထက် တင်နေရလေသည်။ သို့ပေမယ့် ဒီအကြောင်း သူမ အမေ့ကို အသိမပေးရဲသဖြင့် ထိုအစတွေကို ကိုယ့်ဖာသာကိုယ် တိတ်တိတ်ကလေး ကျိတ်ချုပ်ကာ ဘုရားပွဲကျမှ ထုတ်ဝတ်ရန် ဖွက်ထားရသည်။

သူမတို့ စိတ်ရင်းက အရိုးခံအတိုင်းမို့ လူတစ်ဖက်သားကိုလည်း ကိုယ့်လိုပဲဟု ယူဆကာ တစ်ဖက်သားကို ညွတ်နူးလာအောင် သိမ်းသွင်းပြောဆိုတတ်သူ မခင်မေကြည်ကို သွေးသားရင်းချာတစ်ယောက်လို တစ်စထက်တစ်စ သံယောဇဉ် တွယ်လာမိသည်။ ထို့ကြောင့် သူမ ဝေဝေထွန်းကလွဲလို့ အခြားမည်သူ့ကိုမှ မပြောပြရဲခဲ့သည့် သူမရဲ့ မျှော်လင့်ချက် အိပ်မက်ကလေးတွေကို ရင်ဖွင့်ကာ ပြောပြမိလာသည်။ ထို့နောက်တွင်တော့ မခင်မေကြည် ရောက်နေသည်ဟု ကြားလျှင် အမေ လစ်တာနှင့် နတ်မော်ကို ပြေးသည်အထိ

www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ် ကြီးလာခဲ့သည်။ မခင်မေကြည်ကလည်း သူမ ရုပ်ရှင်မင်းသမီး ဖြစ်နိုင်တာ အလွန်သေချာကြောင်း၊ သူ့မှာ ရုပ်ရှင်နယ်ထဲက အသိတွေ ရှိကြောင်း ပြောပြသဖြင့် သူမရင်ထဲက တိတ်တခိုး အိပ်မက်ကလေးက မျှော်လင့်ချက်တွေဖြင့် လင်းလက်တောက်ပလာကြသည်။ မခင်မေကြည် ပြောပြသည့် ရုပ်ရှင်မင်းသား၊ မင်းသမီးတွေရဲ့ အတွင်းရေးတွေ၊အတင်းအဖျင်းတွေအကြောင်း ကြားရပြန်တော့ သူ ဒီလောက် ပြောနိုင်တာ တကယ်ကို သိလို့ ဖြစ်မှာပဲဟု အကြွင်းမဲ့ ယုံမိလေသည်။ သူမတို့က ဝါဝါဝင်းရွှေရဲ့ အလှတွေကို တစ်ရှိုက်မက်မက် ကြည့်ရင်း ဝါဝါဝင်းရွှေကို အပျိုလေးပဲ ဖြစ်မှာဟု ထင်နေခဲ့ကြသည်။ မခင်မေကြည် ပြောပြမှ ဝါဝါဝင်းရွှေမှာ ယောကျ်ားရှိမှန်း သိရသည့်အပြင် ဝါဝါဝင်းရွှေရဲ့ယောကျ်ားက ဒါရိုက်တာတစ်ယောက်ဟုပါ သိခွင့်ရလိုက်တော့ မခင်မေကြည်ကို အလွန်အမင်း အထင်ကြီးသွားမိလေသည်။ ခင်သန်းနုက မင်းသမီး မဖြစ်ခင်က ပြည်ထောင်စုမယ် ဖြစ်ခဲ့ကြောင်း၊ ညွှန့်ဝင်းရဲ့ အဖေက ဇာတ်မင်းသားကြီး ရွှေမန်းတင်မောင်ဖြစ်ကြောင်း၊ ဘယ်မင်းသမီးနှင့် ဘယ်မင်းသားက အပြင်မှာလည်း တကယ့်စုံတွဲအစစ်တွေ ဖြစ်ကြောင်း၊ ဘယ်မင်းသားနှင့် ဘယ်မင်းသမီးက အခုတော့ ကွဲနေပြီ ဖြစ်ကြောင်း စသဖြင့် သူမတို့ လက်လှမ်းမမီသော အကြောင်းကိစ္စပေါင်းများစွာကို သူက သိနေသည်လေ။

တစ်ခေါက်တွင်တော့ မခင်မေကြည်က သူ့ရဲ့ ရုပ်ရှင်နယ်က အသိတွေကို သူမအကြောင်း အသိပေး ပြောပြခဲ့ပြီးပြီ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ သူတို့ကလည်း သူမနှင့် တွေ့ရန် စိတ်ဝင်စားနေကြကြောင်း ပြောကာ ဒီတစ်ခေါက် သူ ရန်ကုန်ပြန်လျှင် တစ်ပါတည်း လိုက်ခဲ့ရန် ခေါ်လေသည်။ သူမ စိတ်တွေ ထက်သန်တက်ကြွကာ လိုက်ချင်စိတ် အလွန်အမင်း ပြင်းထန်သွားပေမယ့် အမေက လွှတ်မှာ မဟုတ်မှန်း သိနေတော့ စိတ်တင်းကာ ခေါင်းခါလိုက်ရသည်။ သို့ပေမယ့် ဒီတစ်ခေါက် အဖေ ပြန်လာလျှင်တော့ အဖေ့ကို ပြောပြပူဆာကာ ရန်ကုန်သို့ လိုက်ပို့ခိုင်းမည်ဟု သူမ စိတ်ကူးကာ အဖေ ပြန်လာမည့် အချိန်ကိုသာ နေ့စဉ်နှင့်အမျှ မျှော်နေမိလေတော့သည်။

***

မျှော်ပါတယ်ဆိုမှ အဖေက ပေါ်မလာ။ သူမ မျှော်ရင်း မျှော်ရင်း စိတ်မရှည်နိုင်အောင်ပင် ဖြစ်လာသည်။ ခါတိုင်း တော်ရုံတန်ရုံဆို သိပ်ဂရုမစိုက်လေ့မရှိသည့် အမေပင် အဖေ့လို ကားသမားတစ်ယောက်ဖြစ်သည့် ခရိုက်သစ်ရွာက ဦးဘမောင်တို့ အိမ်ကို သွားကာ အကျိုးအကြောင်း မေးရသည်အထိ။

စာလည်းမလာ၊ လူကြုံလည်း ဘာမှ မပို့သည့် အဖေ့ကို တစ်ရပ်တစ်ကျေးမှာ မိန်းမများ ရနေပြီလား မသိဘူးဟု အမေက ရေရွတ်ကာ သတိရတိုင်း မေတ္တာပို့ နေလေ့ရှိသည်။ အမေ ဘယ်လို ဆူပူရေရွတ်နေပေမယ့် သူမကတော့ အဖေ နောက်မိန်းမ ယူသွား

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်လို့ နည်းနည်းကလေးတောင် ထင်ကြည့်လို့မရ။ သူမတို့ကို သိပ်ချစ်တဲ့ အဖေက သူမတို့ကို ဘယ်တော့မှ ခွဲသွားမှာ မဟုတ်ဘူး ဟု သူမ အဖေ့ကို အကြွင်းမဲ့ ယုံကြည်နေမိသည်။

သို့ပေမယ့် သူမရဲ့ ယုံကြည်မှုတွေကို ဆန့်ကျင်ကာ အဖေ သူမတို့ကို ခွဲသွားပြီဆိုတဲ့သတင်း သူမတို့ထံ ရောက်လာခဲ့သည်။ ပြီးတော့ အဖေ သူမတို့ကို ခွဲသွားတာက ယာယီမဟုတ် ထာဝရ။ ရှင်ကွဲမဟုတ် သေကွဲ။

'ကျော်ကျော်ဆုံးပြီ ... ရန်ကုန်ကို အမြန်လိုက်ခဲ့ပါ' ဆိုတဲ့ ကြေးနန်းသတင်းလေးကို မယုံနိုင်စွာ ကြည့်ရင်း သူမ ငိုင်တွေ နေမိသည်။

'အံမယ်လေး ... ကိုကျော်ကျော်ရဲ့ ကျွန်မ မသိလို့ ရှင့်ကို ကျိန်ဆဲခဲ့မိတာတွေ တကယ်ဖြစ်သွားခဲ့တာလား'

အမေ့ရဲ့ အော်ဟစ်ငိုယိုသံကို ကြားမှ ဒါဟာ တကယ်ဖြစ်နေတာပါလားဆိုသည့် အသိဝင်လာတော့သည်။ အမေက အစ်မတွေကို လှမ်းအကြောင်းကြားပြီး ချက်ခြင်း လိုက်သွားရန် ပြင်တော့ သူမ ဘာတစ်ခုမှ ဝိုင်းမကူမိဘဲ ယောင်နနဖြစ်ကာ ကြောင်နေမိသည်။ သူမကို လိုက်ခွင့်ပြုဖို့ နည်းနည်းကလေးတောင် စိတ်ကူး မရှိကြောင်း အမေနှင့် အစ်မတွေရဲ့ အစီအစဉ်ချနေတဲ့ စကားတွေ ကြားထဲက သိခွင့်ရလိုက်သည်။ အနည်းငယ် လည်လည်ဝယ်ဝယ် ရှိသော အစ်မအကြီးဆုံးလင်မယားနှင့် အမေသာ လိုက်သွားကြမည် ဟု ဆိုသည်။ အဖေ့ရဲ့ နောက်ဆုံးခရီးကိုတောင် သူမ လိုက်လံ့နှုတ်

www.burmeseclassic.com

www.burmeseclassic.com


ဆက်ခွင့် မရှိဘူးလား။

'သမီးလည်း လိုက်ချင်တယ် ... လိုက်ပါရစေ'ဆိုတဲ့ စကားကို ပြောဖို့ အားယူကြည့်ပေမယ့် သူမ ပါးစပ်က အာစေးထည့်ထားသလို ဖြစ်ကာ ဖွင့်မရ။ ရင်ထဲမှာ ကျင်ကာ ဆို့နင့်နေပြီး အင်အားတွေ အားလုံးကို တစ်ပြိုင်နက်တည်း စုတ်ယူသွားသလို ခံစားနေရသည်။ အမေတို့ အထုပ်အပိုးပြင်ကာ သဘော်ခေါက်မီအောင် ဆင်းသွားကြတော့မှ သူမ ဘယ်လိုမှ လိုက်ခွင့်မရတော့ဘူးဆိုတာ သေချာသွားပြီမှန်း သိလိုက်ရသည်။ အဖေ မရှိတော့ဘူးဆိုတာ သေချာလို့လား။ သူမ မယုံဘူး။ သူမလည်း လိုက်ကြည့်ချင်တယ်။ မျက် စိနဲ့ ကိုယ်တိုင် မြင်ရမှ ယုံနိုင်မယ်။ လိုက်ပါရစေ။

သူမ စိတ်ထဲကသာ အော်ဟစ်နေမိသည့် စကားသံတွေလေ။ သူမရဲ့ စိတ်တွေက အမေတို့နောက်ကို အပြေးလိုက်နေပေမယ့် ခြေလှမ်းတွေက ပါမလာ။ သတင်းမေးလာကြတဲ့ အိမ်နီးနားချင်းတွေကို အစ်မလတ်စံပယ်က ဧည့်ခံကာ သူမတို့လည်း ဘာမှ မသိရသေးကြောင်း ပြောပြနေတာကို ခပ်သဲ့သဲ့ကြားနေရပေမယ့် သူတို့နှင့် အဝေးကြီးက အခြားကမ္ဘာတစ်ခုမှာ ရောက်နေသလို သူမ ခံစားနေရသည်။ သူမ ဘာမှ မသိချင်။ သူမ ဘာမှ မကြားချင်ပါ။ အဖေ တစ်နေ့ အိမ်ကို ပြန်လာအုံးမည်၊ အဖေ့ရဲ့ အပြုံးတွေကို သူမ ပြန်မြင်ခွင့် ရှိအုံးမည်၊ အဖေ့ရဲ့ စကားသံတွေကို သူမ ပြန်ကြားနိုင်ခွင့် ရှိအုံးမည်ဟု သူမ ယုံကြည်ချင်နေသေးသည်။

ထိုနေ့က ညရောက်သည်အထိ သူမ အိမ်ရှေ့ခန်းက ချောင်

www.burmeseclassic.com

www.burmeseclassic.com



ကလေးထဲမှာ တိတ်ဆိတ်စွာ ထိုင်နေမိသည်။ အစ်မလတ်က အိမ်မှာ လာနေပေး၍သာ တော်တော့သည်။ အစ်မလတ်က မောင်လေးတွေကို ထမင်းကျွေးရင်း သူမကို ထမင်းစားရန်ခေါ်တော့ သူမ ခေါင်းသာခါပြလိုက်မိသည်။

ညဉ့်နက်လာတော့ ကောင်းကင်မှာ လင်းလက်တောက်ပနေကြတဲ့ ကြယ်ကလေးတွေကို ငေးကြည့်ရင်း အဖေ သူမကို ပြောသွားခဲ့ဖူးသည့် စကားတွေကို ပြန်ကြားယောင်နေမိသည်။ အဖေသာ ပြန်လာခဲ့မည်ဆိုလျှင် သူမရဲ့ စိတ်ကူးယဉ်အိပ်မက်တွေအားလုံးကို စတေးပစ်လိုက်နိုင်ပါသည်။ သူမ ကြယ်ကလေးတွေလို တောက်ပခွင့် မရှိတော့လျှင်လည်း နေပါစေ၊ အဖေသာ ပြန်လာခဲ့ပါဟု သူမ ရင်ထဲက မြည်တမ်းနေမိသည်။

သူမ ရင်ထဲမှာ အဖေ မသေပါ။ သတင်းမှားသာ ဖြစ်ပါလိမ့်မည်ဟု ဇွတ်အတင်း ယုံချင်နေမိသည်။ အဖေ မကြာခင်မှာ ခြံဝကို ဘွားခနဲ ရောက်လာပြီး သူမ နာမည်ကို အော်ခေါ်လိမ့်အုံးမည်။ အဖေ မသေနိုင်ပါ။ သူမကို သိပ်ချစ်တဲ့ အဖေ ဘယ်တော့မှ သူမကို ထားခဲ့ကာ ခွဲသွားမှာ မဟုတ်။ သူမ သိသည်။

ပါးပြင်ပေါ်ကို စီးကျလာတဲ့ မျက်ရည်တွေကို မသုတ်မိဘဲ သူမ ရှိုက်သံမဲ့စွာ တိတ်တဆိတ် ငိုနေမိလေတော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com



'ရန်ကုန် အဝင်နားမှာမှ ကားတိုက်မှု ဖြစ်တာ ... ရန်ကုန် ဆေးရုံကြီးကို တင်သေးတယ်တဲ့ ... ဒါပေမယ့် နေ့တောင် မကူး လိုက်ပါဘူး ... အဲဒီညမှာပဲ ဆုံးသွားတာတဲ့'

အမေ ပြန်လာတော့မှ သိခွင့်ရသော သတင်းဖြစ်သည်။ သူမတို့ရဲ့ ပုံမှန်လည်ပတ်နေတဲ့ ကမ္ဘာကလေး ဖောက်ထိုးမိုးမျှော် ဖြစ်သွားခဲ့သည်။ အရင်က အဖေ အိမ်မှာ မရှိပေမယ့် တစ်ချိန်မှာ ပြန်လာမှာပဲ ဆိုသည့် အသိဖြင့် သူမတို့ စိတ်တွေ လုံခြုံနေခဲ့ကြ သည်လေ။ အခုတော့ ... ။

ခရီးစရိတ်အတွက် ပေါင်သွားခဲ့ရသည့် လက်ဝတ်လက်စား တွေကို ပြန်မရွေးနိုင်တော့ဘဲ အပြီးရောင်းကာ အဖေ့အတွက် ရည်စူးကာ သံဃာတော်တွေပင့်ကာ ဆွမ်းသွတ်လိုက်ရသည်။ အစက တည်းက နွေးထွေးမှု သိပ်မရှိခဲ့သည့် သူမနှင့် အမေတို့၏ ဆက်ဆံ ရေးက ပိုမိုစိမ်းကား ပြတ်တောက်သလို ဖြစ်လာခဲ့သည်။ အရင်က ထက် ပိုစိတ်တိုလာပြီး အကြောင်းမရှိ အကြောင်းရှာကာ ပိုမိုအော် ငေါက်လာသည့် အမေ့ကို သူမ တတ်နိုင်သမျှ ရှောင်နေမိသည်။ အမေကလည်း ခါတိုင်းထက် ပိုမိုငေးငိုင်လာကာ ပိုမိုငြိမ်သက်သွား သည့် သူမကို နားမလည်နိုင်စွာ မျက်စိစပါးမွေးစူးပြီး ဘာလုပ်လုပ် အပြစ်မြင်နေတော့သည်။ တကယ်တော့ အဖေက စရိုက်ချင်း ကွာ ခြားလှတဲ့ သူမနှင့် အမေ့ကြားမှာ ပေါင်းကူးတံတားလေးသဖွယ် ဖြစ်နေခဲ့ခြင်း ဖြစ်သည်။ အခုတော့ အဲဒီပေါင်းကူးတံတားက ကျိုး ပျက်သွားခဲ့ပြီမို့ သူမတို့ အကြားမှာ ဆက်သွယ်မှုတွေ နားလည်

www.burmeseclassic.com

www.burmeseclassic.com



မှုတွေ ကင်းပြတ်ခဲ့ကြလေပြီ။

သူမက အမေ ဆုပူသမျှကို ဘာမှ ပြန်ပြောနိုင်ခွင့် မရှိသူမို့ တစ်ဖက်သတ် အပြစ်ရှာခံနေရသလိုဖြစ်ကာ စိတ်ထွက်ပေါက်မဲ့ နေမိသည်။ ထိုသို့သော အချိန်တွင် မခင်မေကြည် နတ်မော်ရွာကို ရောက်နေသည်ဆိုသည့် သတင်းကို ကြားလိုက်ရတာက သူမ အတွက် ကယ်တင်ရှင် ရောက်နေသည်ဆိုသည့် သတင်းကို ကြား လိုက်ရသလို ဖြစ်သွားခဲ့သည်။ ထို့ကြောင့် သူမ အမေ့ အလစ်တွင် စက်ဘီးကို ဆွဲကာ နတ်မော်သို့ ခြေကုန်သုတ်မိလေတော့သည်။ မခင်မေကြည်ကို တွေ့တော့ သူမ ရင်ထဲမှာ မျိုသိပ်ကာ သိမ်းဆည်း ထားရတဲ့ အဖေ့အတွက် ကြေကွဲခြင်းတွေ၊ အမေနှင့် အဆင်မပြေ တာတွေအားလုံးကို အိတ်သွန်ဖာမှောက် ပြောပြရင်း ငိုချမိလေတော့ သည်။ မခင်မေကြည်က သူမကို စာနာနားလည်စွာ နားထောင်ပေး ရင်း ညီမလေးတစ်ယောက်လို ချော့မော့နှစ်သိမ့်သဖြင့် သူမ စိတ် ထဲမှာ မခင်မေကြည်ကို သူမတို့ မိသားစုဝင်တွေထဲမှာ အဖေပြီးလျှင် သူမ အချစ်ဆုံးဖြစ်သည့် အစ်ကိုဝဏ္ဏထက်ပင် ပိုအားကိုးကာ ပိုမို ချစ်ခင်တွယ်တာသွားသလို ခံစားလိုက်ရသည်။

ထိုနေ့က သူမ အိမ်ပြန် အလွန်နောက်ကျသွားသဖြင့် သူမ နတ်မော်ကို သွားကြောင်း အမေ သိသွားလေတော့သည်။ အမေ့ ဒေါသက သူမ မောင်လေးသူရနှင့် ရုပ်ရှင် သွားခိုးကြည့်ခဲ့စဉ်က ထက်ပင် ပို၍ပြင်းထန်လေသည်။ သူမကို ရည်းစားနှင့် သွားချိန်း တွေ့သည်ဟု စွပ်စွဲကာ ဘယ်ကကောင်လဲလို့ မေးတော့ မရှိတဲ့ ရည်း

www.burmeseclassic.com



စားနာမည်ကို သူမ ဘယ်လို ဖြေရမလဲ။

'အဖေ ဆုံးတာတောင် မကြာသေးဘူး … ငြိမ်ငြိမ်ကို မနေနိုင်ဘူး … အတော့်ကို ကဲတဲ့ဟာမ'

သူမ မငိုဘူးလို့ တင်းထားတဲ့ကြားထဲက ဝမ်းနည်းလွန်း၍ မျက်ရည်များ စီးကျလာသည်။ သူမ မငိုဘဲ တောင့်ခံလေ အမေ ဒေါသပိုထွက်လေဖြစ်မှန်း သူမမှ မသိနိုင်ဘဲ။ ဝါးခြမ်းပြားတစ်ချောင်းလုံး ကျိုးပဲ့ကာ အမေ အော်လို့၊ ရိုက်လို့ ဝသွား၍ ထွက်သွားတော့မှ သူမ ထိုင်ချရင်း အသံမထွက်အောင် တိတ်တဆိတ် ရှိုက်ငိုနေမိတော့သည်။ အမေ ဘာလို့ သူမကို ဒီလောက်တောင် နားမလည်နိုင်ရတာလဲ၊ အမေ ဘာလို့ သူမကို ဒီလောက်တောင် မုန်းတီးနေရတာလဲ။ ဒီလို အပြစ်မရှိ အပြစ်ရှာပြီး ဆူပူရိုက်နှက်နေတာဟာ အမေ သူမကို မုန်းလို့ မဟုတ်ရင် ဘာကြောင့်များ ဖြစ်အုံးမှာလဲ။

အမေ ရိုက်ထားသည့် ခြေထောက်က ဒဏ်ရာတွေကို ဆေးထည့်ရင်း ဆယ်ကျော်သက်ကလေးရဲ့ နုဖတ်နေတဲ့ အသည်းနှလုံးထဲက ဒဏ်ရာတွေက ပိုမို စူးရှနာကျင်လာလေသည်။ သူမ အမေ့ကို မုန်းသည်။ မုန်းတာမှ အလွန့် အလွန်ကို မုန်းသည်။ အမေကလည်း သူမကို မုန်းနေတာပဲလေ။ သူမက သမီးအရင်းမှ ဟုတ်ရဲ့လား။ မွေးစားသမီးများတောင် ဖြစ်နေမလား။ ဒါကြောင့် သူမကို အမေ မချစ်တာလား။ သူမ ဒီအိမ်မှာ အမေနှင့် ဘယ်လိုမှ ဆက်မနေချင်တော့။ သူမ ရှိနေလျှင် အမေလည်း စိတ်ဆင်းရဲမှာပဲ။ သူမလည်း ဒီမှာ နေရတာ စိတ်ဆင်းရဲလှပြီ။ သို့ပေမယ့် သူမ ဘယ်ကို ထွက်ပြေးရမ

www.burmeseclassic.com

www.burmeseclassic.com



လဲ။

သမီး ဘယ်လို လုပ်ရမလဲ၊ သမီးကို လာခေါ်သွားပါတော့ အဖေရယ်ဟု အဖေ့ကို တမ်းတရင်း သူမ တသိမ့်သိမ့် ရှိုက်ငိုချလိုက်မိသည်။ ငိုရင်း ငိုရင်းဖြင့် အားအင်တွေကုန်ခန်းလာတော့မှ သူမ အိမ်ရှေ့က ကွပ်ပျစ်ပေါ်မှာ ခြင်ထောင်မပါ ဘာမပါနှင့် ဒီအတိုင်း အိပ်ပျော်သွားလေတော့သည်။

ခင်ပွန်းသည် သေဆုံးသွားတဲ့အတွက် ထိခိုက်ကြေကွဲမှုတွေအပြင် ခေါင်းပေါ်ပုံကျလာတဲ့ စားဝတ်နေရေး ပြဿနာရဲ့ ဖိစီးမှုဒဏ်၊ အရွယ်ရောက်နေပြီဖြစ်တဲ့ အလွန်လှပသော သမီးတစ်ယောက်ကို ပျက်စီးသွားမှာ အစိုးရိမ်လွန်နေမိပေမယ့် ဘယ်လိုကိုင်တွယ်ထိန်းသိမ်းရမှန်း မသိတဲ့ ဒဏ်တွေကို သူမ အမေ ခံစားနေရမှန်း နေကြာတစ်ယောက် ဖောက်ထွင်းမြင်နိုင်စွမ်းမှ မရှိနိုင်ခဲ့တာဘဲလေ။

***

အခုတလောမှာ သူမကို အမေက ဘယ်ကိုမှ ထွက်ခွင့်မပေးတော့ဘဲ မျက်စိဒေါက်ထောက်ကာ ကြည့်နေသဖြင့် သူမ မလှုပ်ရဲအောင် ဖြစ်နေရသည်။ ထိုအတောအတွင်းမှာ အမေ ဘာတွေကြံစည်နေတယ်ဆိုတာကို ဘာမှ မစူးမစမ်းဘဲ ကိုယ့်အာရုံနှင့်ကိုယ် ဖာသိဖာသာနေနေမိတဲ့ သူမ လုံးဝ ရိပ်မိသိရှိခြင်း မရှိခဲ့။

ထို့ကြောင့် အိမ်သို့ အခုတလောမှာ အဝင်အထွက်များနေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကိုနိုင်ဦးဆိုသူနှင့် သူမကို နေရာချထားပေးမည်ဟု အမေ့နှုတ်က ဖွင့်ပြောလာတော့ သူမ အလန့်တကြား ဖြစ်သွားခဲ့ရသည်။ သူမ ယောင်လို့တောင် စိတ်ကူးကြည့်လို့ မဖြစ်နိုင်တဲ့ ထိုထိပ်ပြောင်ပြောင် အသားမည်းမည်းနှင့် လူကို အမေက ဘာအတွက် သူမနှင့် ပေးစားချင်ရတာလဲ။ ပိုက်ဆံရှာတတ်သူ၊ ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝသူဆိုသည့် အချက်က အိမ်ထောင်ရေးတစ်ခုမှာ အဓိကလား။ ဘယ်လိုမှ မဖြစ်နိုင်၊ သူမ ဘယ်လိုမှ လက်မခံနိုင်ကြောင်း အမေ့ကို ပြန် ပြောမိတော့ အမေက ဒေါသူပုန်ထလေတော့သည်။

'နင်လည်း ဆယ့်ခြောက်နှစ်ပြည့်ပြီးနေပြီ ... မကြာခင် နင့်အစ်မတွေ ခြေရာနင်းမှာပဲ မဟုတ်လား ... ဒီတော့ ရှည်မနေနဲ့ ... နင် ကြုံရာကောင်နဲ့ ယူမှာစိုးလို့ အမေ လုပ်တဲ့သူက သင့်တော်တဲ့သူ ရှာပေးတာ' ဟု ဆိုလေသည်။

အစ်မတွေ ခြေရာနင်းဖို့ သူမမှာ စိတ်ကူးလုံးဝ မရှိကြောင်း အမေ့ကို ရှင်းပြချင်ပေမယ့် အမေက သူမ စကားတွေကို ဘယ်တုန်းက ယုံကြည်ခဲ့ဖူးလို့လဲ။

'အမေ့လူကြီးက အသက်ကဖြင့် ကြီးလှပြီ ... ရုပ်က လည်း ဆိုးပါဘိသနဲ့'ဟု တတ်နိုင်သမျှ ငြင်းပယ်ဖို့ ကြိုးစားကြည့် မိသည်။

'ဟဲ့ ... မကြီးသေးပါဘူး သုံးဆယ်ကျော်ရုံလေး ရှိသေးတာ ... ရုပ်ကလည်း သိပ်မဆိုးပါဘူးအေ ... အသားမည်းနေလို့သာ ပါ ... သေသေချာချာကြည့်ရင် ချောပါတယ် ... ညည်း လှတာ

www.burmeseclassic.com

www.burmeseclassic.com



မက်ရင် ညစာခက်တယ်ဆိုတဲ့စကား မကြားဖူးဘူးလား ... ဟိုက ညည်းကို ရွှေပေါ်မြတင်ထားမှာ'

အမေက သူမကို ချော၍တစ်ဖုံ ခြောက်၍ တစ်မျိုးဖြင့် အမျိုးမျိုး နားချလေသည်။ သူမ ခေါင်းကိုသာ တွင်တွင်ခါရင်း လွတ်လမ်း ရှာနေမိသည်။ အသက်သုံးဆယ်ကျော်ဆိုတာက အမေ့အတွက် မကြီးပေမယ့် သူမအတွက်ကတော့ အလွန်ကြီးနေသည့် အသက်ပဲလေ။ အမေ ချောသည်ဆိုသည့် လူရဲ့ ရုပ်ရည်ကို စဉ်းစားတွေးကြည့်ရုံဖြင့် သူမ ယောက်ျားတော်ဖို့ နေနေသာသာ အော်ဂလီပင်ဆန်လာမိသည်။ သေချာသည်။ အသေသာခံလိုက်မည်။ သူမ ဘယ်လိုနည်းနှင့်မှ ထိုသူ့ကို မယူနိုင်။

လွတ်မြောက်နိုင်မည့် အနီးစပ်ဆုံး နည်းလမ်းက အစ်မတွေရဲ့ ခြေရာကို အလျှင်အမြန်နင်းကာ လင်နောက်လိုက်ပြေးဖို့။ ခက်နေတာက သူမမှာ အမေ စွပ်စွဲနေသလို ရည်းစားကလေးတစ်ယောက်ပင် မရှိ။ သူမကို ချစ်ရေးဆိုဖူးသူတွေကို ပြန်စဉ်းစားကြည့်တော့လဲ တစ်သက်လုံး အတူနေရလောက်အောင် နှစ်သက်နိုင်သူဟူ၍ တစ်ယောက်မှ မမြင်။

သူမကို ချစ်ရေးဆိုဖူးသူတွေထဲမှာ သူမ အခင်အမင် မပျက်ခေါ်ပြောဆက်ဆံနေသေးတာဆိုလို့ သူမရဲ့ ငယ်သူငယ်ချင်း မင်းမင်းဆိုသည့် ကောင်လေးတစ်ယောက်သာ ရှိသည်လေ။ သူ့ကို သူမ တော်တော်လေး ခင်မိပေမယ့် ချစ်ဖို့တော့ စိတ်ကူးကြည့်လို့ မရခဲ့။ အသားဖြူဖြူ လူပုံနွဲ့နွဲ့နှင့် မင်းမင်းရဲ့ အသွင်သဏ္ဍာန်က အားကိုး

www.burmeseclassic.com

www.burmeseclassic.com



လောက်တဲ့ ယောက်ျားလေးတစ်ယောက် ပုံစံမျိုး မဟုတ်။ သို့ပေမယ့် ဟိုလူကြီးကို ယူရတာနှင့်စာလျှင် မင်းမင်းကို ယူလိုက်ရတာကမှ နည်းနည်းတော်လေမလားဟု သူမ တွေးကြည့်နေမိသည်။ ဘယ်လို တွေးကြည့်တွေးကြည့် သူမရဲ့ စိတ်အာရုံထဲမှာ မင်းမင်းက ခင်မင်တဲ့ သူငယ်ချင်းတစ်ယောက် အဖြစ်ထက် ပိုမလာခဲ့။ အို ... ဘယ်သူ့ကိုမှ မယူဘူး ... မယူဘူး။ သူမ တစ်ယောက်တည်း စိတ်ထဲက အော်ဟစ် ငြင်းဆန်နေမိသည်။

'မနက်ဖြန် မောင်နိုင်ဦးနဲ့ သူ့မိဘတွေ အိမ်ကို လူကြီးစုံရာနဲ့ လာတောင်းကြလိမ့်မယ် ... သပ်သပ်ရပ်ရပ်ကလေး ဝတ်စားပြင်ဆင်ထား ... ပြီးတော့ ဣန္ဒြေရရလည်းနေအုံး ကြားလား ... လူကြီးတွေ ရှေ့မှာ ငါ့ကို အရှက်ခွဲလို့ကတော့ သေဖို့သာ ပြင်ထား'

အမေ့စကားက သူမကို တပ်လှန့်လိုက်သလို ဖြစ်သွားသည်။ ဘုရား ... ဘုရား သူမအတွက် အချိန်ဘာမှမကျန်တော့ပါလား။ သူမ ဘယ်လို လုပ်ရမလဲ။ ခေါင်းတွေ ပူကာ ငိုချင်နေမိဆဲမှာ သူမထံသို့ ဝေဝေထွန်း ရောက်ချလာသည်။ မခင်မေကြည်က မနက်ဖြန် ရန်ကုန်ပြန်တော့မှာမို့ သူမကို ဘာမှာအုံးမလဲလို့ မေးခိုင်းလိုက်သည်တဲ့။ သူမ ခေါင်းထဲမှာ လက်ခနဲဖြစ်ကာ သူမရဲ့ လွတ်မြောက်မှု လမ်းစအတွက် အကြံရသွားလေတော့သည်။ သူမ မခင်မေကြည်နှင့်အတူ သူမ အလွန်ရောက်ဖူးချင်နေတဲ့ ရန်ကုန်မြို့ကို လိုက်သွားတော့မည်။

သို့ပေမယ့် မခင်မေကြည်က သူမကို ခေါ်မှ ခေါ်ချင်သေးရဲ့

www.burmeseclassic.com

www.burmeseclassic.com



လားမသိ။ မတတ်နိုင်။ သူမမှာ ဒီတစ်လမ်းသာ ရွေးစရာရှိသည် လေ။ ဝေဝေထွန်းကို သူမ အခန်းထဲခေါ်ကာ စိုးရိမ်စိတ်တစ်ဝက်ဖြင့် သူမရဲ့ အကြံအစည်တွေကို ပြောပြတော့ ဝေဝေထွန်းက သူ ကူညီ မည်ဟု ဆိုသည်။ မနက်စောစောမှာ သူမ အမေ့ကို အကြောင်းတစ် ခုခုပြကာ သဘော်ခေါက်မီအောင် ထွက်လာခဲ့မည်။ ခက်နေတာ တစ်ခုက သူမ အဝတ်အစားတွေကို အမေ့ရှေ့မှာ ယူကာ ထွက်လာ ခဲ့ဖို့ ဘယ်လိုမှ မဖြစ်နိုင်။ ထို့ကြောင့် ရုတ်တရက် ရလာသော အကြံ ဉာဏ်အတိုင်း သူမ ကိုယ်တိုင်ချုပ်ထားသည့် စလင်းဘက်လို လွယ် လို့ရသော သူမ အကြိုက်ဆုံး အဝတ်အိတ်ကလေးထဲမှာ အဝတ် တစ်စုံနှင့် အခြားလိုအပ်မည့် အသုံးအဆောင်ပစ္စည်းတွေကို သတိရ သလောက် ကမန်းကတန်း ကောက်ထည့်လိုက်သည်။ ထို့နောက် ထိုအိတ်ကို ဝေဝေထွန်း စက်ဆိုင်က ရွေးလာသည့် အကျီတွေထည့် ထားသည့် အိတ်ထဲကို ထိုးထည့်ပေးလိုက်သည်။

'ဟဲ့ ... ဘာလုပ်နေကြတာလဲ'

သူမတို့ အခန်းထဲမှာ တိုးတိုးကျိတ်ကာ ကြံစည်နေကြဆဲ အနောက်က ပေါ်လာသည့် အမေ့အသံကြောင့် သူမ တစ်ကိုယ်လုံး တုန်ယင်ကာ လိပ်ပြာလွင့်မတတ် ဖြစ်သွားရသည်။ သွားပြီး ... သူမ ရဲ့ အကြံအစည်တွေ အားလုံးကို အမေ သိသွားပြီ။ သူမမှာ လွတ် လမ်း မရှိတော့။ ဘုရား ... ကယ်တော်မူပါ။

'ဒီအထဲမှာ မှောင်ကမှောင်နဲ့ အပြင်မှာ လက်ဖက်စားရင်း စကားလာပြောကြပါလား ... မင်း သူငယ်ချင်းကိစ္စလည်း ဒေါ်ပြ

www.burmeseclassic.com

www.burmeseclassic.com


တင့်ကို အသိပေးလိုက်ချင်လို့'

အမေက ဘာမှ ရိပ်မိပုံ မပေါ်ဘဲ စကားဆက်ပြောမှ သူမ သက်ပြင်းချနိုင်ကာ ရင်ခုန်သံတွေ တဖြည်းဖြည်း ပြန်လည် ငြိမ်သက်သွားတော့သည်။ အတွင်းခန်းက မှောင်နေတာမို့ အလင်းရောင်ထဲက ရုတ်တရက် ဝင်လာတဲ့ အမေ မျက်စိပြာကာ သူမတို့ လုပ်ရပ်တွေကို မြင်လိုက်ပုံမရ။

'ဟုတ်ကဲ့ ဒေါ်ဒေါ်လှ … သမီးတို့ အခုပဲ ထွက်ခဲ့ပါ့မယ်'

သူမတို့ တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်ကာ တူန္တြေ ဆယ်လိုက်ကြပြီး ဘာမှမဖြစ်သလို အိုက်တင်မျိုးဖြင့် အိမ်ရှေ့ခန်းကို ထွက်လာခဲ့ကြသည်။ သူမကတော့ ဝေဝေထွန်း လက်ထဲကအထုပ်လာတုန်းကထက် သိသိသာသာကြီး ပိုကြီးသွားတာကို အမေ မရိပ်မိပါစေနှင့်ဟုသာ လိပ်ပြာမလုံစွာ ဆုတောင်းနေမိတော့သည်။

သူမက ကိုယ့်အကြံနှင့် ကိုယ်မို့ အမေ စီစဉ်တာတွေကို အရင်လို ပြန်ငြင်းမနေတော့ခြင်းကို အမေက သူမ သဘောတူလိုက်ပြီဟု ယူဆလိုက်ပုံရသည်။ သူမအပေါ်မှာ အတော်လေး စိတ်လက်ကြည်သာနေလေသည်။ ထို့အပြင် သူ့ခေါင်းထဲမှာ အဖေဆုံးထားတာ ဘာမှ သိပ်မကြာသေးဘဲ အိမ်မှာ မင်္ဂလာကိစ္စပြုမည့်အတွက် အရပ်က ကဲ့ရဲ့မှာကို ထိတ်လန့်သည့် စိတ်က ကြီးစိုးနေပုံရသည်။ လာသမျှ လူတွေကို အိမ်ရဲ့ အခက်အခဲတွေ၊ သူမ မလိမ္မာပုံတွေကို ပြောဆို ရှင်းပြကာ အလျင်အမြန် အိမ်ထောင်ချပေးဖို့ စီစဉ်ရသည့် အကြောင်းကို အကျင်တဝင့် ရှင်းလင်းနေလေသည်။ အခုတစ်ခေါက်

www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဝေဝေထွန်းရဲ့ အလှည့်ပေါ့။

အမေက ဝေဝေထွန်းရဲ့ မိဘတွေကို သူမကို မနက်ဖြန် စေ့စပ်ပေးပြီး မကြာခင်မှာ မင်္ဂလာဆောင်ပေးတော့မည့်အကြောင်း အသိပေးဖိတ်ကြားပြီး အပ်ကြောင်းထပ်နေသည့် ဓာတ်ပြားဟောင်းကြီးကို ပြန်ဖွင့်နေလေသည်။ ကိုယ့်မကောင်းကြောင်းတွေ ပြောနေတာကို ပြန်ပြောနိုင်ခွင့် ကင်းမဲ့စွာဖြင့် ငြိမ်သက်နားထောင်နေရတာ စိတ်ပျက်စရာတော့ အတော်ကောင်းလှသည်။ သို့ပေမယ့် ကြားရဖန်များတော့ ရိုးလာကာ ကိုယ့်ကို ပြောနေတာ မဟုတ်တော့သလိုပင် ထင်မြင်လာမိသည်။ ထို့အပြင် ဒီနေ့က သူမအတွက် ဒီအိမ်မှာ နောက်ဆုံးနေ့မို့ ဘယ်လိုပဲ ပြောနေပြောနေ သူမ မမှုတော့။

ဝေဝေထွန်း ပြန်သွားတော့ သူမတို့ အိမ်အနောက်ဘက်မှာ ရှိသည့် ချောင်းကလေးနံဘေးမှာ ရပ်ရင်း စိတ်အားတွေ ငယ်လာသလို ခံစားနေရသည်။ သူမ လုပ်ရပ်တွေများ မှားယွင်းနေပြီလား။ သူမနှင့် တစ်သက်လုံး ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ ဒီအရပ်ဒေသက ခွဲခွာပြီး တစ်ကြိမ်တောင် မရောက်ဖူးတဲ့ အစိမ်းသက်သက်ဒေသတစ်ခုကို ထွက်သွားဖို့ဆိုတာ ဖြစ်နိုင်တဲ့ကိစ္စတစ်ခုရော ဟုတ်မှ ဟုတ်ရဲ့လား။ တကယ်တမ်း ခွဲရမည်ဆိုတော့ သူမ စိတ်ထဲမှာ ဝမ်းနည်းသလိုလို ကြောက်သလိုလို ဖြစ်လာမိသည်။ သူမ ဒီဒေသကို တကယ်ချစ်ပါသည်။ သူမ မောင်လေးတွေကိုလည်း ဆိုးလွန်း၊ ထိန်းရခက်လွန်းတဲ့ အခါမျိုးတွေမှာ စိတ်ပျက်မိတာကလွဲလို့ သူမ အလွန်ချစ်သည်။ သို့ပေမယ့် သူမမှာ တခြား ရွေးစရာနည်းလမ်းများ ရှိသေးလို့လား။

www.burmeseclassic.com

www.burmeseclassic.com



သူမ ရေစပ်နားမှာ ကပ်ပေါက်နေသည့် အုန်းပင်ကို မှီကာ ရပ်ရင်း မျက်စိတစ်ဆုံး မြင်နေရတဲ့ အိမ်အနောက်ဘက်က မိုးကုတ်စက်ဝိုင်းကြီးကို ငေးကြည့်နေမိသည်။ သူမတို့ အိမ်နောက်မှာ ရှိနေသည့် ချောင်းကလေးက သူမတို့ ခြံဝင်းနှင့် အနောက်ဘက်က လယ်ကွင်းတွေ ရှိသည့် ကုန်းမြေကို ခြားထားပေးသလို ဖြစ်နေသည်။ ထိုချောင်းကလေးက ပင်လယ်နှင့် ဆက်နေပုံရသည်။ ရေတွေက ငံကာ ရေတက်ရေကျလည်း ရှိသည်။ ဒီချောင်းကလေးက သူမတို့ ငယ်စဉ်က ဆင်းကာ ဆော့ကစားရင်းမှ ရေကူးတတ်ခဲ့ကြသည့် နေရာလည်း ဖြစ်သည်။

သူမတို့ ခြံဝင်းထဲမှာ သီးပင်စားပင်တွေ စုံလင်စွာ ရှိသည်။ ချောင်းစပ်နားမှာတော့ အုန်းပင်နှစ်ပင်နှင့် သူမတို့ကို သူမတို့ အိပ်ဖို့ မွေ့ရာတွေ ခေါင်းအုံးတွေ ချုပ်ရန်အတွက်သာမက ရောင်းချလို့ ရသည်အထိပါ မှို့လုံလောက်စွာပေးသည့် လဲမှို့ပင်တွေ ရှိသည်။ အတွင်းဘက် နားမှာတော့ သရက်ပင်၊ မန်ကျည်းပင်၊ ကင်ပွန်းပင်၊ ဒန့်သလွန်ပင်များနှင့် ကုက္ကိုပင်တစ်ပင်။ ရေတွင်းနားမှာ သူမတို့ ငါးပေါင်းထုပ်ထုပ်စားဖို့အတွက် ရဲယိုရွက်တွေပေးတဲ့ ရဲယိုပင် တစ်ပင် ရှိသည်။ အိမ်အရှေ့ဘက်နားမှာက မာလကာပင်နှင့် သဘော်ပင် တစ်ပင်စီ ရှိသည်။ လှည်းတွေ၊ ကားတွေ ဖြတ်သွားတိုင်း ဖုန်တထောင်းထောင်းထနေတဲ့ အိမ်ရှေ့လမ်းမရဲ့ တစ်ဖက်ခြမ်းမှာ လူနေအိမ်ခြေတွေနှင့် လယ်ကွင်းအချို့ရှိသည်။ အဲဒီအနောက်ဘက် ခပ်ဝေးဝေးမှာက မီးခိုးတလူလူ မြင်ရတတ်သည့် ဆန်စက်တစ်လုံး။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



အနောက်ခပ်လှမ်းလှမ်းမှာတော့ သူမတို့ ညောင်ရေသွန်းပွဲ ကျင်းပလေ့ရှိရာ မြင်းမိုရ်တောင်ပေါ်မှ ကြည်ညိုသပ္ပာယ်ဖွယ်ရာ စေတီဖြူဖြူလေး။ နေ့စဉ်မြင်နေရပေမယ့် သူမအတွက် ဘယ်တော့မှ ရိုးမသွားနိုင်တဲ့ နှစ်ခြိုက်ဖွယ်ရာ မြင်ကွင်းတွေလေ။ သူမတို့ အရပ်ဒေသက ရွာတွေ တစ်ခုနှင့် တစ်ခု ဆက်ကာတည်ရှိသဖြင့် ရွာတန်းရှည်ကြီးတစ်ခုလို့ ဆိုလျှင်လည်းရ၊ နယ်မြို့ကြီးတစ်မြို့ဟု ဆိုလျှင်လည်း ရနိုင်လောက်သည်။ အခုတော့ ဒါတွေ အားလုံးကို သူမ ထားခဲ့ရတော့မည်တဲ့။ ရန်ကုန်မြို့ဆိုတာကြီးက ဘယ်လိုများ နေမှာပါလိမ့်။ သူမ ဆွေမျိုးလည်း မရှိ၊ အသိအကျွမ်းလည်း မရှိသည့် အရပ်ဒေသတစ်ခုကို ဒီလို စွန့်ပြီး ထွက်သွားလို့ ဖြစ်ပါ့မလား။ သံသယတွေဖြင့် လျော့ရဲပျော့ညံ့လာသည့် စိတ်တွေကို သူမ ကြိုးစားကာ တင်းလိုက်ရသည်။ အို ... ဘယ်လိုပဲဖြစ်ဖြစ် ... ဖြစ်ချင်တာ ဖြစ်ပေ့စေ မစဉ်းစားတော့ဘူး။ ရွာလွတ်က ထုတ်တဲ့ ဆေးတံတောင် ကမ္ဘာအနှံ့ကို ရောက်နိုင်သေးတာပဲ။ ဘုရားကြီးကုန်းက ကောင်မလေးတစ်ယောက်က ဘာလို့ ရန်ကုန်ကို မရောက်နိုင်ရမှာတဲ့လဲ။ ပြီးတော့ အောင်မြင်တဲ့ မင်းသမီးနေကြာ ဖြစ်လာတဲ့အခါ ဒီကို ပြန်လာမှာပဲလေ။ အဲဒီအခါကျရင်တော့ အမေလည်း သူမကို စိတ်မဆိုးဘဲ အံ့ဩဝမ်းသာနေမှာပါ။

သူမကိုယ်သူမ အောင်မြင်ကျော်ကြားသည့် မင်းသမီးတစ်ယောက်ဟု စိတ်ကူးကာ မြင်ယောင်ကြည့်ရင်း စိတ်တွေ ပြန်လည်တက်ကြွလာသည်။ ထိုနေ့ညက စိတ်လှုပ်ရှားမှု လွန်ကဲနေလွန်း

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် သူမ ဘယ်လိုမှ အိပ်လို့မရ။ မိုးလင်းနိုင်ခဲလှချည်ရဲ့ဟု တွေးရင်း သူမရဲ့ ကြီးကျယ်လှသည့် မဟာစွန့်စားခန်းကြီးအတွက် ကြိုတင် ရင်ခုန်ကာ စက္ကန့်တွေကို ရေတွက်နေမိလေတော့သည်။

***

မနက်မိုးလင်းကတည်းက အမေ့ကို ဘယ်လို အကြောင်းပြကာ အပြင်ထွက်လျှင် ကောင်းမလဲဟု သူမ စဉ်းစားနေမိသည်။ ထိုစဉ်မှာပင် အငယ်ဆုံးကောင်ကျော်စွာက နံပြားစားချင်သည်ဟု ဆိုကာ ဂျီကျနေ သဖြင့် အမေကိုယ်တိုင် သူမကို 'နေကြာ ... ဒေါ်မာငယ်ဆိုင်မှာ နံပြားသွားဝယ်စမ်း'ဟုဆိုကာ လွှတ်လိုက်လေတော့သည်။ မျက်နှာသာ ပေးလာသည့် ကံကြမ္မာကို ကျေးဇူးတင်ရင်း အမေပေးတဲ့ ပိုက်ဆံကို ခပ်တည်တည်နှင့် ယူကာ သူမ အိမ်မှ ထွက်လာခဲ့သည်။ လမ်းထိပ်ရောက်တော့ နတ်မော်သို့ ဆင်းမည့် ရှာလွတ်ကား လူစောင့်နေတာကို တွေ့လိုက်ရသဖြင့် ကမန်းကတန်း တက်ကာ အသိတွေ မမြင်အောင် ခေါင်းကို ငုံ့ထားလိုက်မိသည်။ ကားထွက်ပြီး အတော်ကြာမှ သူမ ခေါင်းမော့ကာ ကားပေါ်မှာ အသိတွေပါ မပါ ကြည့်ရဲတော့သည်။ သဘော်ဆိပ်ရောက်တော့ ကားပေါ်မှ ဆင်းကာ ဆိပ်ကမ်းနှင့် သိပ်မဝေးတဲ့ ဝေဝေထွန်းတို့အိမ်ကို ပြန်လျှောက်လာခဲ့သည်။ ဘယ်သူများ သူမကို တွေ့သွားမလဲဟု စိုး ရိမ်နေမိရင်း ဘေးဘီဝဲယာကို လုံးဝမကြည့်ရဲဘဲ ခေါင်းကို ငုံ့ကာ

www.burmeseclassic.com



စိတ်မလုံခြုံစွာ လျှောက်လာခဲ့တဲ့သူမ ဝေဝေထွန်းတို့ အိမ်ဝကို ရောက်မှ သက်ပြင်းချနိုင်တော့သည်။ တကယ်တော့ သူမကသာ အကြောက်လွန်နေခြင်း။ သူမကို အသိတစ်ယောက်ယောက်က တွေ့သွားခဲ့ရင်တောင် ဘာ အထုတ်အပိုးမှ မပါဘဲ ထွက်လာခြင်းမို့ သူမကို အိမ်က ထွက်ပြေးလာတယ်လို့ ဘယ်သူကရိပ်မိနိုင်ပါ့မလဲ။ ပြီးတော့ နတ်မော်နှင့် ဘုရားကြီးကုန်းက အလွယ်တကူ ပြေးပြောရလောက်အောင် နီးသည့် အရပ်ဒေသမှ မဟုတ်တာ။ ဘယ်သူက အပင်ပန်းခံပြီး သဘော်မထွက်ခင်အမီ အမေ့ကို ပြေးတိုင်မှာလဲ။ ဝေဝေထွန်း၏ အိမ်ထဲကို ဝင်လိုက်တော့ သူမကို ဝမ်းသာ အားရနှင့် အသင့်စောင့်ကြိုနေသည့် မခင်မေကြည်ကြောင့် သူမကို ခေါ်မှခေါ်သွားချင်သေးရဲ့လားဆိုသော သံသယစိတ်တွေ လွင့်ပျောက်ကာ စိတ်အေးသွားရသည်။

သဘော်ထွက်ချိန်မှာတော့ ပတ်ဝန်းကျင်ရဲ့ အလှအပတွေကို ခံစားနိုင်သည်အထိ သူမ စိတ်အေးလက်အေး ဖြစ်နေပြီဖြစ် သည်။ မော်လမြိုင်ကို ရောက်တော့ မုတ္တမဘက်ကမ်းကို ကူးမည့် သဘော်ကို ပြောင်းစီးရသည်။ တစ်ခါမှ မမြင်ဖူး မရောက်ဖူးသည့် ဒေသမို့ သူမ မျက်စိထဲမှာ မြင်မြင်သမျှ အသစ်အဆန်းတွေဖြစ်ကာ စိတ်လှုပ်ရှား ပျော်ရွှင်နေမိသည်။ မုတ္တမဘူတာကို ရောက်တော့ မထင်မှတ်ရလောက်အောင် ဈေးသည်တွေ၊ ခရီးသွားမည့်သူတွေနှင့် စည်ကား ရှုပ်ထွေးနေသဖြင့် သူမ မျက်စိထဲမှာ ရှုပ်ယှက်ခတ်ကာ ကမ္ဘာသစ်ကြီးတစ်ခုထဲကို ရောက်သွားသလို ခံစားနေရသည်။ မီ

www.burmeseclassic.com

www.burmeseclassic.com



လောက်လူတွေ အများကြီးကို ဒီရထားဆိုတဲ့အရာကြီးက သယ်ဆောင်သွားနိုင်တယ်တဲ့လား။ အံ့ဩစရာ ကောင်းလိုက်ပါဘိ။

မခင်မေကြည်တစ်ယောက် သူ့အသိတွေနှင့်တွေ့ကာ အလုပ်ရှုပ်နေစဉ် သူမ ဘူတာက ခုံတန်းကလေးတစ်ခုမှာ ထိုင်ရင်း ပျားပန်းခတ်မျှ လှုပ်ရှားနေကြတဲ့ လူတွေကို စိတ်လက်ပေါ့ပါးစွာ လိုက်လံငေးမောနေမိသည်။ အခုဆိုရင် အမေလည်း သူမကို ဘယ်လိုမှ လိုက်လံတားဆီးနိုင်စွမ်း မရှိတော့တာ သေချာသွားပြီလေ။ သူမ ဟိုလူကြီးကို ယူရမည့် ဒုက္ခကလည်း လွတ်မြောက်ခဲ့ပြီ။ ဒါ့အပြင် မကြာခင် အချိန်အတွင်းမှာ သူမ တစ်ခါမှ မစီးဖူးသေးတဲ့ ရထားကြီးကိုစီးကာ ရန်ကုန်မြို့ကြီးကိုလည်း သွားရတော့မှာလေ။ ဘယ် လောက်ပျော်စရာ ကောင်းလိုက်သလဲလို့။

'ဟဲ့ ... နေကြာမ ... နင် ဒီမှာ ဘာလာလုပ်နေတာလဲ'

ကိုယ့်အတွေးတွေနှင့်ကိုယ် ကြည်နူးနေမိဆဲ အနောက်က ရင်းနှီးနေကျ အသံတစ်ခုကို ရုတ်တရက် ကြားလိုက်ရသဖြင့် သူမ ဆတ်ခနဲ တုန်သွားကာ လှည့်ကြည့်လိုက်မိသည်။

'ဟင် ... မင်းမင်း'

သူမ အကြောက်လွန်ကာ ကြောင်နေမိဆဲ မင်းမင်းက သူမ အနားကို ရောက်လာကာ

' ငါ ငါ့ဦးလေးနဲ့ ဖားကန့်ကို လိုက်သွားမလို့ ... ဟိုမှာ ကျောက်တူးသမားတွေ အတော်အလုပ်ဖြစ်နေတယ် ကြားတယ် ... အမေက ငါ့ကို ပေးမသွားလို့ ငါ ခိုးထွက်လာတာ ... နင် ဒီမှာ

www.burmeseclassic.com

www.burmeseclassic.com


ငါ့ကို တွေ့ခဲ့တယ်ဆိုတာ အမေ့ကို ပြန်မပြောနဲ့နော်’ဟု ဆိုလေသည်။ သူလည်း အိမ်က ခိုးထွက်လာတာပဲဟု သိလိုက်ရသဖြင့် သူမ စိတ်အေးသွားကာ

‘အေးပါ … ပြန်မပြောပါဘူး’ဟု ဝမ်းသာအားရ ပြန်ပြောလိုက်မိသည်။

မင်းမင်းက ရထားလက်မှတ် မရလို့ ရန်ကုန်ကို ကားနှင့်ပဲ သွားမည်ဟု ဆိုလေသည်။ သူပြောမှ သူမအတွက်ရော ရထားလက်မှတ် ရပါ့မလားဟု တွေးကာ စိတ်ပူသွားမိသည်။ သူမက ဘာမှ ကြိုမပြောဘဲ ရုတ်တရက် လိုက်လာခဲ့တာ မဟုတ်လား။ ထိုစဉ်မှာပင် မင်းမင်းက ‘ဟာ … ငါတို့ ကားထွက်တော့မယ်နဲ့ တူတယ် … ငါ သွားတော့မယ်’ဟုဆိုကာ ထွက်သွားသည်။ သူ ထွက်သွားသည့် ဘက်ကို လိုက်ကြည့်မိတော့ ကားလေး၊ငါးစီး ရပ်ထားတာကို တွေ့လိုက်ရသည်။ ကားသေးကလေးတွေမှာရော၊ ဘတ်စ်ကားကြီးတွေမှာပါ လူတွေ၊ပစ္စည်းတွေနှင့် ပြည့်ကျပ်ညပ်နေသည်။ အင်း … အဲဒီလိုသာ ရန်ကုန်အထိ စီးသွားရရင် လွယ်မှာ မဟုတ်ဟု သူမ တွေးလိုက်မိသည်။

မင်းမင်း ထွက်သွားပြီး သိပ်မကြာမီမှာဘဲ မခင်မေကြည် သူမအနား ရောက်လာသည်။ သူမက လက်မှတ်ကိစ္စကို ပူပန်စွာ မေးမိတော့ မခင်မေကြည်က

‘ဝစ်သောက်ဆိနဲ့ သွားမှာပဲ … ရပါတယ်’ဟု စိတ်အေးလက်အေး ပြန်ပြောလေသည်။ ဝစ်သောက်ဆိဆိုတာ ဘာကို ပြော

www.burmeseclassic.com

www.burmeseclassic.com



တာမှန်း သူမ မသိပေမယ့် ရသည်ဆိုသော စကားကို ကြားလိုက်ရတော့ စိတ်အေးသွားမိသည်။ ရထားပေါ်တက်ကြသည့် အချိန်ကျမှ ဝစ်သောက်ဆိဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို နဖူးတွေ့ ဒူးတွေ့တွေ့ ရကာ သူမ သဘောပေါက်သွားတော့သည်။ ဩော် ... ထိုင်စရာခုံမရဘဲ ရထားကြမ်းခင်းပေါ်မှာ ကြုံသလို ထိုင်လိုက်ရတာကို ခေါ်ပေတာကိုး။ သို့ပေမယ့် သူမတို့မှာ ထို့အတွက် အားငယ်စရာ အ ကြောင်းလုံးဝမရှိ။ ရထားပေါ်မှာ သူမတို့လို လူတွေ အပြည့်ရှိနေကြသည်လေ။ ရထားတွဲ တစ်ခုလုံး လူတွေ ပစ္စည်းတွေနှင့် ပြည့်ကာ ခြေချစရာနေရာ မရှိသလောက်ဖြစ်နေသဖြင့် တစ်နေရာမှ တစ်နေရာသို့ သွားရန်ပင် မလွယ်လှ။ ထိုင်ခုံရထားသူတွေရဲ့ မျက်နှာတွေမှာ စိတ်အနှောက်အယှက် ဖြစ်နေသည့် အရိပ်အယောင်များတွေ့ရပေမယ့် ထိုင်ခုံမရသူတွေကတော့ ခပ်တည်တည်ပင်။ ထိုင် ခုံမှာထိုင်နေကြသူတွေရဲ့ အောက်တွေမှာတောင် သူတို့ရဲ့ များပြား လှတဲ့ ပစ္စည်းတွေကို ထိုးသိပ်ကာ ထည့်ထားလိုက်ကြသေးသည်။

သူမနှင့် အတူလာစဉ်က ဘာပစ္စည်းမှ သိပ်မပါလာသည့် မခင်မေကြည်မှာလည်း သူ့မိတ်ဆွေတွေ သယ်လာသည့် အထုပ်အပိုးတွေကို နေရာချပေးရင်း အလုပ်ရှုပ်နေလေသည်။ သူမအတွက် ရထားစီးရခြင်း၊ ပတ်ဝန်းကျင်အသစ်တွေကို ဖြတ်သန်းနေရခြင်းတို့ အပြင် ရထားပေါ်က လူတွေကပါ အထူးအဆန်းသဖွယ် ဖြစ်နေသဖြင့် စိတ်ဝင်စားစရာအလွန်များကာ အထုပ်တွေ၊ လူတွေကြားမှာ လှုပ်မရ ပြုမရဖြင့် မသက်မသာ လိုက်ပါလာရခြင်းကိုပင် မေ့လျော့

www.burmeseclassic.com



သလို ဖြစ်နေမိသည်။

ဘူတာဆိုင်းဘုတ်အတော်များများကို ဖြတ်ကျော်အပြီးမှာ လူတစ်ယောက်က မခင်မေကြည်တို့ အနားလာကာ တိုးတိုးတိုးတိုး နှင့် ကပ်ပြောသွားသဖြင့် မခင်မေကြည်တို့ တစ်ဖွဲ့လုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ အထုတ်တွေမ,ကာ တစ်ယောက်ပြီးတစ်ယောက် အိမ်သာဘက်ကို ထသွားနေကြတာ သူမ သတိထားမိလိုက်သည်။ သူမ မျက်စိများ မှားနေသလားမသိ။ ပြန်ထွက်လာသူတွေကို ကြည့်ရတာ အရင်ကထက် များစွာ ပိုဝလာကြသည်ဟု သူမ ထင်နေမိသည်။ မခင်မေကြည် သူမအနား ပြန်ရောက်လာချိန်မှာတော့ သိသာစွာ ပိုမိုဖောင်းကားလာသည့် မခင်မေကြည်ကို ကြည့်ကာ သူမ မျက် စိ မမှားမှန်း အသေအချာသိသွားတော့သည်။ မခင်မေကြည်က သူ့ ကို ပြူးကြောင်ကာ ကြည့်နေသည့် သူမကို ပြုံးပြရင်း

'အဖမ်းအဆီးရှိလို့'ဟု ဆိုလေသည်။ ဒီတော့မှ သူတို့ မှောင်ခိုပစ္စည်းတွေ သယ်လာကြတာပဲဟု သူမ နားလည်သဘော ပေါက်ကာ ကျောချမ်းသလို ဖြစ်သွားသည်။ မှောင်ခိုအလုပ်က ဥပဒေနှင့် မကင်းတဲ့ အလုပ်မို့ သမာအာဇီဝ မဟုတ်ဘူးလို့ ကြားဖူးထားတဲ့ သူမ စိတ်ထဲ တစ်မျိုးတစ်မည် ဖြစ်သွားမိသည်။ သို့ပေမယ့် ရထားက သိပ်မကြာခင်မှာ ဘူတာတစ်ခုထဲ ဝင်လိုက်သဖြင့် ဘူတာက ဈေးသည်တွေ၊ ရေသည်တွေကို ငေးမောရင်း သူမ အဲဒီအကြောင်းကို မေ့သွားလေတော့သည်။

ရထားပြန်ထွက်တော့ တရိပ်ရိပ် ကျန်ခဲ့တဲ့ လမ်းဘေးwww.burmeseclassic.com

www.burmeseclassic.com



သစ်ပင်တွေ မြင်ကွင်းတွေကို မြင်ရသလောက် လှမ်းငေးရင်း ကြာလာတဲ့အခါ ပျင်းသလိုလို ဖြစ်လာလေသည်။ တလှုပ်လှုပ်သွားနေတဲ့ ရထားကလည်း သူမကို ပုခက်လွှဲသိပ်သလို ဖြစ်နေသည့်အတွက် သူမ အိပ်ပျော်သွားလေတော့သည်။ သူမ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ သူမကို မခင်မေကြည် လှုပ်နှိုးမှ ရန်ကုန်ဘူတာကြီးထဲကို ဝင်ခါနီးပြီဖြစ်ကြောင်း သိရတော့သည်။ မခင်မေကြည်တို့ကို ကြည့်လိုက်တော့ နဂိုအတိုင်း ပြန်ပိန်ကုန်ကြလေပြီ။ အထုပ်တွေကို ဘူတာ မဝင်ခင်မှာ ရထားလမ်းဘေးကို ပစ်ချခဲ့ကြသဖြင့် ဘူတာမှာ ဆင်းတော့ ဘာအထုတ်အပိုးမှ မည်မည်ရရ ပါမလာကြတော့။ သူတို့ လုပ်ပုံကိုင်ပုံတွေကို သူမ တစ်စက်မှ နားမလည်ပေမယ့် ဘာမှ မမေးမိအောင် ကြိုးစားကာနေလိုက်သည်။

ရန်ကုန်ဘူတာကြီးမှာ ရထားဝင်ချိန်က အတော်ကြီး မိုးချုပ်နေပြီမို့ သူမ မီးရောင်တွေကြားက ရန်ကုန်မြို့ရဲ့ ညအလှကိုသာ မသဲမကွဲ မြင်ခွင့်ရလေသည်။ မခင်မေကြည်ရဲ့ အိမ်ရှိရာဆိုသည့် အရပ်ဒေသက လူနေအိမ်ခြေ ထူထပ်လှသော ရပ်ကွက်ကလေးတစ်ခု။ အိမ်တွေရဲ့ စုတ်ချာ ကျဉ်းကြပ်မှုက သူမတို့ ရွာက အလွန်ဆင်းရဲသည်ဆိုသော သူများ၏ အိမ်များထက်ပင် ပိုမိုစုတ်ချာနေသလားဟု ထင်မိသဖြင့် သူမ စိတ်ပျက်သွားမိသည်။ မခင်မေကြည်က ခရီးပန်းလာတဲ့ သူမကို အိမ်ရှေ့က ဧည့်ခန်းကျဉ်းကျဉ်းကလေးမှာ ဖျာနှင့် ခေါင်းအုံးချကာ ခြင်ထောင်ထောင်ပေးသည်။ မခင်မေကြည်က ယောက်ျားနှင့် ဆိုတာကိုလည်း သူမ ယခုမှ သိခွင့်ရလေသည်။ သူမ

www.burmeseclassic.com

www.burmeseclassic.com



ခရီးပန်းလာ၍ အိပ်ချင်လှပေမယ့် မီးရောင်မှုန်မွှားမွှားမှာ အရက်ခိုးဝေနေတဲ့ မျက်လုံးနီနီနှင့် သူမကို စားတော့ဝါးတော့မလို စိုက်ကြည့်လိုက်တဲ့ မခင်မေကြည့်ယောက်ျားရဲ့ မျက်လုံးတွေကို မြင်ယောင်ကာ ကြောက်ရွံ့နေမိသဖြင့် တစ်ညလုံး အိပ်လို့မရ။ သူမ အိပ်နေရသည့် နေရာရဲ့ မလုံခြုံမှုကို သူမ ကောင်းစွာ သဘောပေါက်သည်လေ။ အိမ်ကြမ်းခင်းကလည်း သူမ လှုပ်လိုက်တာနှင့် သိမ့်ခနဲ ခါခါသွားသဖြင့် ဟိုဘက်ဒီဘက်ပင် ရဲရဲမပြောင်းရဲဘဲ အနေရကြပ်စွာဖြင့် မိုးလင်းခဲ့ရလေသည်။

ဩော် ... သူမ အထင်ကြီးလွန်းခဲ့ရတဲ့ ရန်ကုန်မြို့ကြီးရယ်။

***

နောက်တစ်နေ့ မနက်မှာ မခင်မေကြည်က သူမကို သူ့အသိဒါရိုက်တာတွေ၊ ထုတ်လုပ်သူတွေနှင့် တွေ့ပေးမည်ဟု ဆိုသဖြင့် သူမ အိပ်ရေးမဝပေမယ့် လန်းဆန်းတက်ကြွသွားသည်။ သူမတို့ လေးဘီးတစ်စီးဖြင့် စည်ကားလှသော ရန်ကုန်မြို့လယ်ကောင်သို့ ရောက်ရှိလာခဲ့သည်။ မခင်မေကြည်လှမ်းပြတဲ့ ဆူးလေဘုရားကို လက်အုပ်ချီကာ လှမ်းဖူးရင်း သူမ စိတ်ကသိကအောက် ဖြစ်ခဲ့ရတဲ့ အတွေ့အကြုံတွေကို ပြန်လည်မေ့သွားကာ ရန်ကုန်ကို လိုက်လာမိခြင်းအတွက် အလွန်ကျေနပ်ဝမ်းသာသွားမိသည်။ ဥဒဟိုသွား

www.burmeseclassic.com

www.burmeseclassic.com



လာနေကြတဲ့ လူတွေ၊ ကားတွေ မြင့်မားတဲ့ အဆောက်အဦးတွေကို ကြည့်ကာ နှစ်ခြိုက်သဘောကျနေမိသည့် ကြားထဲမှ သူမကိုသာ တစ်နေရာရာမှာ ပစ်ထားခဲ့ပါကာ မျက်စိလည်ကာ ဘယ်လိုမှ ပြန်တတ်မှာ မဟုတ်ကြောင်း တွေးလိုက်မိသေးသည်။

သွားရင်းဖြင့် လူတွေ၊ကားတွေ အနည်းငယ် ရှင်းသည့် နေရာဘက်သို့ ရောက်လာသည်။ သူမတို့ စီးလာသည့် ကားထိုးရပ်လိုက်သည့် နေရာက အဆောက်အဦးကို မော့်ကြည့်လိုက်တော့ 'မြင့်မြတ်ဟော်တယ်' ဆိုသည့် ဆိုင်းဘုတ်ကို တွေ့လိုက်ရသည်။

'လာလေ'

မခင်မေကြည်က သူမကို ချစ်ခင်ကြင်နာစွာ ပခုံးကို ဖက်ရင်း ခေါ်လေသည်။ သူမ စိတ်ထဲမှာ ဘာကြောင့်မှန်းမသိ ကြောက်သလိုလို ရွံ့သလိုလို ဖြစ်နေမိသည်။ ဒါရိုက်တာတွေ ထုတ်လုပ်သူတွေက သူမကို တွေ့ရင် သဘောမှ ကျပါ့မလား။ မကြိုက်ဘူးဆိုရင် သူမ ဘာဆက်လုပ်ရမှာလဲ။ အိမ်ကို ပြန်ပြီး ဟိုလူကြီးလက်ထဲ အရောက်ခံရမှာလား။ သူမ ခြေဖျားလက်ဖျားတွေ အေးစက်လာသည်အထိ စိတ်လှုပ်ရှားလာမိသည်။

ဟိုတယ်ထဲရောက်တော့ မခင်မေကြည်က သူမကို အဝင်ဝက အခန်းကျယ်ထဲမှာ ခဏထိုင်နေရန်ပြောကာ အထဲသို့ ဝင်သွားသည်။ သူမ ထိုင်ရင်းမှ ထိုအခန်းကို လှည့်ပတ်ကြည့်မိလေသည်။ မခင်မေကြည်တက်သွားသည့် လှေကားရင်းမှာ တံမျက်စည်းတွေထည့်ထားသည့် စတိုခန်းလို အခန်းလေးတစ်ခုကို သတိပြုလိုက်

www.burmeseclassic.com

www.burmeseclassic.com



မိသည်။ ကောင်တာမှာ မျက်နှာပေါက်ဆိုးဆိုးနှင့် လူတစ်ယောက်သာ ရှိသည်။ ထိုသူက သူမကို စူးရဲစွာ လှမ်းကြည့်နေသဖြင့် ချက်ခြင်း မျက်နှာလွှဲကာ တခြားဘက်သို့ ကြည့်လိုက်မိသည်။ ဘာကြောင့်မှန်းတော့ မသိ။ ထိုသူ သူမကို ကြည့်ပုံကို သူမ လုံးဝ မကြိုက်။

ဟိုတယ်ဆိုပေမယ့် အပြင်အဆင်က ကြည့်ရတာ အိမ်ဟောင်းကြီးတစ်လုံးနှင့်သာ တူနေသည်။ ဒါရိုက်တာတွေ ထုတ်လုပ်သူတွေက ဒီနေရာကို ဘာလို့ ချိန်းရတာလဲဟု သူမ တွေးနေမိသည်။

မကြာမီမှာပင် မခင်မေကြည် ပြန်ဆင်းလာကာ သူမကို 'လာ' ဟု ခေါ်သည်။ ဝင်းလက်ကာ အပျော်လွန်နေပုံရတဲ့ မခင်မေ ကြည်ရဲ့ မျက်နှာကို ကြည့်ကာ ဘာကြောင့် ဒီလောက်ပျော်သွားရ တာလဲဟု သူမ နားမလည်နိုင်စွာ တွေးနေမိသည်။ အပေါ်ရောက် တော့ သူမကို အခန်းတစ်ခုထဲသို့ တွန်းသွင်းကာ အပြင်က တံခါး ပိတ်ပစ်လိုက်သည်။ သူမ ရုတ်တရက်မို့ ဘာဖြစ်သွားမှန်း မသိလိုက် ဘဲ ကြောင်နေမိသည်။ သတိဝင်လာမှ တံခါးကို ပြန်ဆွဲဖွင့်ရန် ကြိုး စားကြည့်မိသည်။ အချည်းနှီး။ သူမ တဒုံးဒုံး ထုရိုက်လည်း တစ်ဖက် က ဘာမှ တုံ့ပြန်မလာ။ သူမ စိတ်ပျက်စွာ ကြမ်းပေါ်မှာ ထိုင်ချရင်း အခန်းကို ကြည့်ရှုအကဲခတ်လိုက်မိသည်။ မွေ့ရာတွေ ခေါင်းအုံးတွေ သပ်သပ်ရပ်ရပ် ခင်းထားသည့် ခုတင်တစ်လုံးသာရှိသည့်အခန်း။ သံတိုင်တွေ ကာထားသော ပြတင်းပေါက်တစ်လုံးသာ ရှိသည့်နေရာ။ သူမကို ဘာလုပ်တာလဲ။ ဒါက ဘာသဘောလဲ။ ဒါရုပ်ရှင်ရိုက်မယ့်

www.burmeseclassic.com

www.burmeseclassic.com


တာတော့ မဖြစ်နိုင်ပါဘူး။ ကျီစားတဲ့ သဘောလား။ ပြတင်းပေါက် သံတိုင်ကြားကနေ လှမ်းကြည့်လိုက်တော့ အနောက်မှာ လူသူကင်းမဲ့နေသည့် ကွက်လပ်ကြီးတစ်ခုကိုသာ တွေ့ရသည်။ ခပ်လှမ်းလှမ်းမှာတော့ ကားလမ်းမတစ်ခု။ သူမ နံရံကို ကပ်ကာ နားစွင့်လိုက်မိတော့ မခင်မေကြည်ရဲ့ ရယ်သံကို ကြားလိုက်ရသည်။ သူမ အကြားအာရုံတွေကို တတ်နိုင်သမျှ စုစည်းကာ နားထောင်လိုက်သည်။

'နည်းနည်းတော့ ပိုပေးသင့်ပါတယ် ဘောစ့်ရဲ့ ... ကောင်မလေးက တကယ့်အရိုင်းလေး ... ပြီးတော့ ဟိုကို သွားသွားပြီး စည်းရုံးခဲ့ရတဲ့ ခရီးစရိတ်တွေကိုလည်း ထည့်တွက်သင့်ပါတယ်'

တစ်ဖက်က ယောကျ်ားသံတစ်ခုကို ကြားနေရပေမယ့် ဘာပြန်ပြောသလဲဆိုတာကို သူမ သဲသဲကွဲကွဲမကြားရ။

'ကောင်မလေး ရုပ်ရည်ကိုလည်း ကြည့်ပါအုံး ... ဘောစ့်တို့က တောက်လျှောက်အလုပ်ဖြစ်မယ့်ဟာကို ... မကပ်ပါနဲ့ ဘောစ့်ရယ် ... ဒါဆို ကျွန်မ ပြန်ခေါ်သွားလိုက်ရမလား'

'... ... ...'

'အဟင်းဟင်း ... အဲဒါကြောင့် ဘောစ့်နဲ့ အလုပ်လုပ်ချင်တာ ... စိတ်ချပါ ဘောစ့်ရယ် နောက်ထပ်လည်း အသစ်ကလေးတွေ ရှာပေးအုံးမှာ ... စိတ်ချ ... ခင်မေကြည်ပဲဟာ ... ကဲ ... ကျွန်မ သွားတော့မယ် ဘိုင် ...'

ကြားရသမျှ စကားတွေကို သူမ ဆက်စပ်တွေးကာ စဉ်းစားနေမိသည်။ ပထမဆုံး တွေးမိတာက သူမကို ဒီအထဲ ထည့်ပိတ်ထား

www.burmeseclassic.com

www.burmeseclassic.com



တာဟာ သူမကို ရုပ်ရှင်ဒါရိုက်တာတို့ ထုတ်လုပ်သူတို့နဲ့ ပေးတွေ့ဖို့ မဟုတ်ဘူးဆိုတာ အလွန်သေချာလှကြောင်း။

အဲဒီနောက်မှာတော့ အမေပြောလေ့ရှိသည့် 'နင့်ကို ဟိုက ရောင်းစားသွားမှာ ... ဘာမှတ်နေလဲ' ဆိုသည့် စကားက ရုတ်တရက် ခေါင်းထဲသို့ ဝင်လာလေသည်။ ဘုရား ... ဘုရား မခင်မေကြည်က သူမကို ရောင်းစားလိုက်တာများလား။ သူမ အစ်မအရင်းတစ်ယောက်လို ချစ်ခင်အားကိုးမိသူရဲ့ မျက်နှာကို ပြန်ပြေးမြင်ရင်း 'အဲဒီလိုတော့ မလုပ်တန်ကောင်းပါဘူး'ဟု တွေးနေမိသည်။

သူမ စိတ်ပျက်အားလျော့စွာ ထိုင်ရင်း အခြေအနေတွေကို ထပ်ခါတလဲလဲ ပြန်သုံးသပ်နေမိသည်။ သူမကို ရောင်းစားသွားတာ သေချာတယ်ဆိုရင် သူမ ဘယ်လိုလုပ်မလဲဟု တွေးမိတော့ ကြောက်ရွံ့ထိတ်လန့်စိတ်တွေဖြင့် တစ်ကိုယ်လုံး တုန်ယင်လာသည်။

အချိန်တွေ ကြာလာတာနှင့်အမျှ သူမ အတွေးတွေက သေချာသထက် သေချာလာသည်။ ဒါဆို သူမ ဘာဆက်လုပ်ရမလဲ။ သူမ ဘဝကို အလွယ်တကူ အဆုံးခံလိုက်မှာလား။ သူမ ကြည့်ဖူးတဲ့ ရုပ်ရှင်တွေထဲက ဇာတ်လိုက်မင်းသမီးတွေလိုပဲ အနိုင်ကျင့်ခံရပြီးနောက် တသိမ့်သိမ့် ငိုရှိုက်သည့် အခန်းဖြင့် ဘဝကို အရှုံးပေးကာ အဆုံးသတ်ပစ်လိုက်ရမှာလား။ ဒီလို ကိစ္စမျိုးတွေအတွက် တခြားနည်းလမ်း မရှိတော့ဘူးလား။

သူမ ကြည့်ခဲ့ဖူးတဲ့ ရုပ်ရှင်တွေထဲက အတိုက်အခိုက်ကောင်းလှသည့် အက်ရှင်မင်းသမီးတွေကို ရုတ်တရက် သတိရ

www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။ သူတို့က မဟုတ်မခံသမားတွေ။ ဘယ်သူမှ သူတို့ကို အနိုင်ကျင့်လို့မရ။ သူတို့ တသိမ့်သိမ့် ရှိုက်ငိုကြတာ တစ်ခါမှ မတွေ့ဖူး။ သူမနေရာမှာ သူတို့သာဆိုရင် ဘယ်လိုလုပ်ကြမလဲ။ သွေးအေးအေးနှင့် လွတ်လမ်းကို ရှာကြလေမလား။ ဝုန်းဒိုင်းကြဲကာ တိုက်ခိုက်ကြလေမလား။

သူမ စိတ်အားတွေ ပြန်တက်လာသလို ခံစားလိုက်ရသည်။ ကိုယ့်ကိုယ်ကို အက်ရှင်မင်းသမီးတစ်ယောက်ဟု စိတ်သွင်းကာ မြင်ယောင်ကြည့်လိုက်သည်။ ထိုစဉ်မှာပင် အခန်းတံခါး ရုတ်တရက် ပွင့်လာကာ လူတစ်ယောက် အခန်းထဲသို့ ရောက်လာတော့သည်။

'ဟဲဟဲ ... ညီမလေးက အသစ်ကလေးဆို ... မကြောက်ပါနဲ့ကွ'

'အသစ်လည်း မဟုတ်ဘူး ... ကြောက်လဲမကြောက်ဘူး'

သူမ လေသံက မာထန်နေသည်။ တိုက်ခိုက်ရန်အတွက် အားမာန်တွေ သွင်းကာ စိတ်ထဲက အသင့်ပြင်ထားလိုက်သည်။ မျက်နှာချိုသွေးနေသည့် မျက်နှာက တည်ကျသွားကာ သူမကို အတန်ကြာ စိုက်ကြည့်နေပြီးမှ တံခါးဖွင့်ကာ အပြင်သို့ ထွက်သွားလေတော့သည်။ လှေကားမှ တဝုန်းဝုန်း ပြေးဆင်းသွားသံကို ကြားတော့ သူမ အထုပ်ကလေးကို ပိုက်ကာ ပွင့်နေသည့် တံခါးမှ မရဲတရဲ ခြေလှမ်းကာ ထွက်လိုက်မိသည်။ အခန်းဝမှာ ဘယ်သူမှ မရှိ။ သူမ လှေကားမှ ခြေသံမမြည်အောင် ဖြည်းဖြည်းချင်း ဆင်းလာခဲ့သည်။ အောက်က လူတွေက ကျောခိုင်းလျက် အနေအထားမို့ သူမကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ပုံမရ။ သူမ ရင်တွေ တဒုန်းဒုန်း ခုန်နေတာကို ကိုယ့်ဖာသာကိုယ် အကျယ်ကြီး ကြားနေရသဖြင့် သူမ ရင်ခုန်သံကို ထိုသူတွေ ကြားသွားမလားဟုပင် စိတ်ပူလိုက်မိသည်။

'ဟာ ... အာစရိကလည်း ကျွန်တော်တို့က ကိုယ့်ဖောက်သည်အရင်းကြီးကို လိမ်ပါ့မလား'

'မဟုတ်ဘူးကွ ... ငါ အသစ်ကလေးတွေ အများကြီး တွေ့ဖူးတယ် ... ဒီလိုပုံစံ မဟုတ်ဘူး ... မင်းတို့ ငါ့ကို ညာပြီး ပိုက်ဆံအများကြီး ပိုတောင်းတယ် ... အဲဒါကောင်းသလား'

ဆူပူအော်ဟစ်နေသည့် ထိုသူကို ဖျောင်းဖျနေသူက နှစ်ဦး။ သူမ အသက်ပင် ရဲရဲမရှူဝံ့ဘဲ လှေကားရင်းက အခန်းကလေးထဲ အသံမမြည်အောင် ဝင်လိုက်သည်။

တဒုန်းဒုန်းနှင့် သူမ နံဘေးနားက ဖြတ်ကာ လှေကားပေါ် တက်သွားကြသည့် ခြေသံတွေကို ကြားမှ သူမ မရဲတရဲ ခေါင်းပြူကြည့်လိုက်မိသည်။ ခန်းမက ရှင်းနေသည်။ ကောင်တာမှာ ဘယ်သူမှ မရှိ။ သူမ ရှိသမျှ အင်အားတွေ အားလုံးကို စုစည်းကာ ထိုအခန်းလေးထဲမှ ဟိုတယ်ရဲ့ ထွက်ပေါက်ရှိရာကို အားကုန်ပြေးထွက်ခဲ့မိတော့သည်။

သူမ အနောက်ကို လုံးဝ လှည့်မကြည့်ရဲ။ ရှေ့သို့သာ ပြေးနိုင်သမျှ ပြေးနေမိသည်။ သူမ အနောက်မှာ ဘယ်သူများ လိုက်လာမလဲ။ မိရင် သူမကို ပြန်ဖမ်းခေါ်သွားကြမှာ သေချာလွန်းနေသည် မဟုတ်လား။ သူမ နှလုံးသားတွေ ပြုတ်ထွက်တော့မတတ် မောပန်း

www.burmeseclassic.com

www.burmeseclassic.com


နေပေမယ့် မရပ်ရဲ။ သူမ ပြေးရင်း ပြေးရင်း လူတွေ ထူထပ်သည့်ဘက်သို့ ရောက်လာသည်။ သူမ ခြေလှမ်းတွေကို လျှော့ချလိုက်မိပေမယ့် ရပ်တော့ မရပ်ရဲ။ သူမ ဘယ်သူ့ကိုမှ မယုံ။ ဘယ်သူဟာ မိတ်ဆွေလဲ ဘယ်သူဟာ ရန်သူလဲ သူမ မသိတော့။ အမေ့စကားနားမထောင်လို့ သူမ အမေ့ရဲ့ ကျိန်စာတွေ စူးခဲ့ပြီ ထင်ပါရဲ့။ သူမ ဆက်လျှောက်လာရင်း ခြေထောက်တွေလေးလံလာကာ ခြေလှမ်းတစ်လှမ်းကိုပင် မနည်းလှမ်းနေရသည့် အခြေအနေသို့ ရောက်လာသည်။ ဖိနပ်သဲကြိုးတွေ ပွန်းကာ ခြေထောက်မှာ နာကျင်နေတာကို သတိပြုမိသည်။ ရေလည်း ငတ်လှသည်။ သူမအတွက် လုံခြုံတဲ့နေရာက ဘယ်နေရာလဲ သူမ မသိ။ ထို့ကြောင့် သူမ အားအင်တွေ ကုန်ခန်းလာပေမယ့် မရပ်ရဲ။ သို့ပေမယ့် တစ်နေရာအရောက်မှာ သူမ ဆက်မသွားနိုင်တော့အောင် မောလာသည်။ ဘယ်လိုမှ လမ်းဆက်မလျှောက်နိုင်တော့။ မျက်စိတွေပင် ပြာလာပြီ။ ထိုအချိန်မှာ လမ်းဘေးရှိ ဆိုင်ခန်းလေးတစ်ခုကို မြင်လိုက်ရသည်။ ဆိုင်ဝမှာ လူမမြင်ရ။ သူမ အခုနေ အချိုလေးတစ်ခုလောက် ဗိုက်ထဲထည့်လိုက်နိုင်ရင် အင်အားတွေများ ပြန်ပြည့်လာမလား ... ။ သူမ အရဲစွန့်ကာ ဆိုင်ထဲဝင်လိုက်တော့လည်း အထဲမှာ ဘယ်သူမှ မရှိ။ ထို့ကြောင့် သူမ မုန့်ထုပ်တစ်ထုပ်ကို လျှင်မြန်စွာ ဖြုတ်ယူလိုက်သည်။ ချက်ခြင်း ဆိုင်ထဲက ပြန်မထွက်ဘဲ မုန့်ထုပ်ကို ထိုနေရာမှာတင် ဖောက်စားလိုက်မိတာက သူမ အမှား။ ထိုအချိန်မှာပဲ သူမ လူမိခံလိုက်ရလေတော့သည်လေ။

www.burmeseclassic.com

www.burmeseclassic.com

သူ ဖြူစင်သော မျက်နှာကလေးကို ငေးကြည့်ရင်း ဒါတွေဟာ လုပ်ကြံပြောနေတာများလားဟု ဆန်းစစ်ကြည့်နေမိသေး သည်။ စီးပွားရေးလုပ်မယ့်သူဆိုတာက လူတွေကို အလွယ်တကူ မယုံတတ်ရဘူးတဲ့လေ။ သို့ပေမယ့် ငေးရီနေတဲ့ မျက်ဝန်းတွေထဲက နာကျင်မှုတွေက အဖြစ်မှန်တွေဖြစ်ကြောင်း သက်သေခံနေလေသည်။ ဘယ်လိုလူတွေနဲ့များ တွေ့လာတာပါလိမ့်၊ လုပ်ရက်လိုက်ကြတာဟု တွေးရင်း သူ ထိုသူတွေကို ဒေါသထွက်နေမိသည်။ ဒါမျိုးကိစ္စတွေ ကြားဖူးနားဝ ရှိထားပေမယ့် သူ တစ်ခါမှ ဒီလောက်နီးနီး စပ်စပ် မကြုံဖူးသေး။ အဲဒီဟိုတယ် နာမည်ပျက်ရှိတာ သူအရင်က တည်းက ကြားဖူးသည်။ သူတောင် ဟိုတယ်နာမည်နှင့် သူတို့ လုပ်တဲ့အလုပ်နှင့်ကို တွေးကာ ရယ်မောမိခဲ့ဖူးသေးသည်။ သူ့သူ ငယ်ချင်းတွေထဲမှာလဲ ဒါမျိုးဝါသနာပါသူတွေ ရှိသည်လေ။ သူက တော့ ဒီကိစ္စတွေကို ရွံလည်း ရွံသည်။ ရောဂါရမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



အလွန် ကြောက်သည်။

အင်း ... ဘာပဲဖြစ်ဖြစ် အခုလို လွတ်လာတာကိုပဲ တော်သေးတယ်လို့ ဆိုရမှာပေါ့ဟု တွေးရင်း သူ သက်ပြင်းချလိုက် မိသည်။ ဒီပုံအတိုင်းဆို ငါ့လက်က လွတ်ရင်ပြီးရောဆိုပြီး ပစ်ထား လို့ ဘယ်လိုမှ မဖြစ်နိုင်။ ဒုက္ခရောက်နေသူ တစ်ယောက်လုံးကို တွေ့ လျက်နှင့် မကူညီဘဲ ထားလိုက်လို့ တစ်ခုခု ဖြစ်သွားရသည်ဆိုပါက သူ ဘယ်လိုမှ တစ်သက်လုံး စိတ်ကောင်းနိုင်မှာ မဟုတ်။ ဝတ္ထုတွေ ထဲမှာ ဖတ်ဖူးသလို သူတို့အိမ်မှာ အိမ်ဖော်လုပ်ဖို့သာ ခေါ်သွားပါက ချောလွန်းသည့် ဒီကောင်မလေးမျက်နှာကို မြင်တာနှင့်ပင် အမေ စိတ်အပူလွန်ကာ သတိလစ်သွားနိုင်သည်။ ပထမဆုံး လိုအပ်ချက်က ဒီကောင်မလေးအတွက် နေစရာ။ သူ့အဒေါ်ရဲ့ ဘော်ဒါဆောင်ကို ပြန်ပို့လို့တော့ မဖြစ်။ အဲဒီမှာ နေရာလွတ်မရှိတော့တာ သေချာနေတဲ့အပြင် သူ့အမေရဲ့နားကို ပေါက်ကြားသွားနိုင်တဲ့ အန္တရာယ်ပါ ရှိသည်လေ။

စည်းစနစ်ကျနသူမို့ သူစိတ်ထဲမှာ ဘာတွေ ဆက်လုပ်ရမည်ဆိုတာကို အကွက်ချကာ တွေးနေမိသည်။ ဗိုက်ထဲကဆာသလို ဖြစ်လာတာ သတိပြုမိမှ ဒီကောင်မလေးလည်း ဆာနေတော့မှာပဲဟု သူ သတိရသွားမိသည်။

'ကဲ ... လာ အကြော်သွားစားရအောင်'ဟုဆိုကာ သူတို့အနီးဆုံး အကြော်ဆိုင်မှာ ဝင်ထိုင်လိုက်သည်။ အကြော် စားရင်း 'ကောင်းရဲ့လား'လို့ မေးမိတော့

www.burmeseclassic.com

www.burmeseclassic.com



'အကြော်ကတော့ ကောင်းပါတယ် ... အချဉ်ရည်က မကောင်းဘူး ... နေကြာတို့ဆီမှာဆို အချဉ်ကို မန်ကျည်းရည်ရယ်၊ ငံပြာရည်ရယ်၊ ပဲမှုန့်နဲ့ ငရုတ်သီးမှုန့်ရယ်နဲ့ ဖျော်တာ ... အရမ်း စားလို့ ကောင်းတာပဲ'ဟု ဆိုလေသည်။

'ကြံ့ကြံ့ဖန်ဖန် ... အချဉ်ရည်ကိုများ ပဲမှုန့်ထည့်ရတယ် လို့'

'အံမယ် ... အစ်ကို စားကြည့်ရင် လျှာလည်သွားမှာ ... ဒီအချဉ်ရည်တွေနဲ့ တခြားစီ' ဟု ပြန်ပြောပုံလေးက ချစ်စဖွယ်။ သူ တကယ်ကို ညီမလေးတစ်ယောက် ကောက်ရလိုက်တာပဲဟု တွေးကာ စိတ်ထဲမှာ သံယောဇဉ် တွယ်သွားသလို ခံစားလိုက်ရသည်။

သူတို့ စားသောက်ပြီးကြတော့ အပြင်ဆောင်တွေ ရှိတတ် သည့် နေရာတွေကို သွားကာ နေရာလွတ် ရှိ၊မရှိ လိုက်လံ စုံစမ်း ကြသည်။ တချို့နေရာတွေက နေဖြစ်ရုံ ဆောက်ထားသဖြင့် အလွန် ကို စုတ်ပြတ်သတ်နေသည်။ ဒီလို နေရာမျိုးမှာတော့ သူ သူမကို မ ထားရက်။ တချို့နေရာကောင်းကောင်းတွေ ကျပြန်တော့ စည်းကမ်း က အလွန်ကြီးသည်။ ပြဿနာတွေ ရှုပ်လာမှာ စိုး၍ နယ်ကလာ တက်တဲ့ တက္ကသိုလ်ကျောင်းသူဖြစ်တာ သေချာမှသာ လက်ခံမည် တဲ့။ ဒီလိုနှင့် ရှာရင်း အချိန်တော်တော်လေး ကုန်သွားမှ သူ ဆိုင် သွားဖွင့်ဖို့ ရှိတာကို သတိရသဖြင့် မြို့ထဲဘက်သို့ ပြန်လှည့်မောင်း ရသည်။ ဆိုင်ကို ရောက်တော့ အရောင်းစာရေးလေးတွေက ဆိုင်ဝမှာ ငုတ်တုတ်ကလေးတွေ ထိုင်ကာ သူ ဆိုင်လာအဖွင့်ကို စောင့်နေကြ

www.burmeseclassic.com

www.burmeseclassic.com



ရှာသည်။ သူ ဆိုင်ဖွင့်ပေးကာ မှာစရာ ရှိတာတွေ မှာပြီး နေကြာနှင့် ပြန်ထွက်ကာ အဆောင်ရှာပုံတော် ဆက်ဖွင့်ရပြန်သည်။ ဒီလိုနှင့် မေးရင်း မြန်းရင်း အင်းလျားကန်နှင့် မလှမ်းမကမ်းက လမ်းကလေး တစ်လမ်းထဲမှာ အသင့်အတင့်ကောင်းသည့် အဆောင်လေးတစ်ခု ကို တွေ့လိုက်ရသည်။ အဲဒီမှာက ရုံးသမားတွေ နေကြတာ များတာမို့ ကျောင်းသူ ဟုတ်၊မဟုတ်က ပြဿနာ မရှိ။ သူ့ကို ဘာတော်လဲ ဟု မေးတော့ နယ်က လာတဲ့ ညီမဝမ်းကွဲလေးဟုသာ ဖြေလိုက်မိ သည်။ ဒါကို နေကြာကလည်း မကန့်ကွက်။ သူ တစ်လစာ အ ဆောင်လခ ကြိုသွင်းပေးကာ နေကြာ့ကို ထမင်းကျွေးရန် ပြန်ခေါ် လာခဲ့သည်။

'ကဲ ... အခု မင်းကို ငါ ညီမလေးအဖြစ် မွေးစားလိုက်ပြီ ... မင်း လိမ်လိမ်မာမာနေရမယ်နော် ... မင်း အိမ်မှာတုန်းကလို ငါ မသိဘဲ ဟိုလျှောက်သွား ဒီလျှောက်သွားတွေ မလုပ်ရဘူး ... ဒီမှာ အန္တရာယ် ဘယ်လောက်ကြီးသလဲဆိုတာ မင်းကိုယ်တိုင်လည်း ကြုံခဲ့ပြီးပြီပဲ ... မင်း အစ်ကို့ကို ကတိပေးမလား'

'ဟုတ် ... ပေးပါတယ်'

'အင်း ... နောက်တစ်ခုက မင်းအတွက် ဘာပစ္စည်းတွေ လိုသလဲဆိုတာ ချရေး ... အခု မင်းနဲ့ငါ လှည်းတန်းဈေးမှာ သွား ဝယ်ပြီး မင်းကို အဆောင်မှာ ချပေးခဲ့မယ် ... ရော့ ... ဘောလ်ပန်နဲ့ စာရွက်'

ဝယ်စရာတွေ မေ့ခဲ့လျှင် အချိန်ကုန် အကျိုးမရှိ ဖြစ်တတ်

www.burmeseclassic.com

www.burmeseclassic.com



တာမို့ ဈေးသွားမည်ဆိုတိုင်း ဝယ်မည့်အရာတွေကို စဉ်းစားကာကြို ရေးသွားတတ်တာ သူ့အကျင့်လေ။ ကောင်မလေးက 'ဟုတ်' ဟု သာဆိုကာ အတန်ကြာအောင် ဘာရေးရမှန်း မသိသလို ဘောလ်ပန် ကို ကိုင်ကာ ငိုင်နေလေသည်။ သူ စိတ်မရှည်တော့။

'ဟေ့ ... မင်း ဘာတွေလိုသလဲဆိုတာ မင်းမသိဘူးလား ... ဥပမာ .. အဝတ်အစားကွာ ... မင်း ဘယ်နှစ်စုံ လိုမလဲဆိုတာ မင်းသိရမှာပေါ့'

'ဟင် ... အစ်ကိုက နေကြာ့ကို အဝတ်အစားပါ ဝယ်ပေးမလို့'

'အေးလေ ... ငါ ဝယ်မပေးလို့ မင်းကို ဘယ်သူက လာဝယ်ပေးမှာလဲ ... မင်းကို ငါ ညီမလေးအဖြစ် မွေးစားလိုက်ပြီလို့ ပြောပြီးပြီပဲဟာ'

'ဟုတ် ... ဟုတ်ကဲ့'

'ကဲကွာ ... ငါပဲ ပြောတော့မယ် ... နံပါတ်တစ်က အင်္ကျီဟုတ်ပလား ... ကဲ .. မင်းမှာ ဘယ်နှစ်ထည်ပါသလဲ'

'တစ်စုံပဲ အပိုပါတယ် ... ဒါပေမယ့် အခု မရှိတော့ဘူး ... မခင်မေကြည်တို့ အိမ်မှာ ကျန်ခဲ့ပြီ'

'အင်း ... အဲဒါဆို ငါးထည်လို့ ရေးလိုက်'

'နောက် လုံချည် ... အဲဒါလဲ ငါးထည်ပဲ ... ဒါဆိုလောက်မလား'

'ဟုတ် ... လောက်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'နောက်တစ်ခုက ဘာလိုမလဲ ... အတွင်းခံ ... ဟာ ... တော်ပြီကွာ ... မင်းဖာသာမင်းရေးတော့ ... ဘာတွေ ဘယ်နှစ်ထည် လိုမလဲဆိုတာ'

'ဟုတ်'

'နောက် ... အင်း ... မျက်နှာသုတ်ပဝါတို့ လက်ကိုင်ပဝါ တို့ အဲဒါတွေ လိုမှာပဲ ... ဆပ်ပြာလိုမယ် ... သွားပွတ်တံ သွားတိုက် ဆေးရောပါခဲ့လား'

'ဟင့်အင်း ... နေကြာက ဆားနဲ့ပဲ တိုက်တာ'

'ဗုဒ္ဓေါ ... ဆားနဲ့ပဲ တိုက်တယ် ဟုတ်လား ... သွားပွတ်တံ မသုံးတတ်ဘူးလား'

'သူများတွေ သုံးတာတော့ မြင်ဖူးပါတယ်'

'အေးကွာ ... ငါ နောက်ကျရင် သင်ပေးမယ် ... ဘာကျန် သေးလဲ ... မင်း ဘာလိမ်းလဲ သနပ်ခါးပဲလား ... အောက်က ဘာညာ တွေ ခံလိမ်းသေးလား ... လိမ်းရင် အဲဒါတွေပါ စာရင်းလုပ်'

'မလိမ်းပါဘူး သနပ်ခါးပဲ'

'ဒါဆို သနပ်ခါးနဲ့ ကျောက်ပြင်ကွာ'

သူ့ကို နေကြာက အံ့ဩသလို မျက်လုံးကလေး လှန်ကြည့် တာကို သူ မသိချင်ယောင်ဆောင်လိုက်သည်။ သူ့ရဲ့ စေ့စပ်သေချာမှု ကို သူ တက္ကသိုလ်တက်စဉ်က အတန်းဖော် မိန်းကလေးတွေက တောင် လက်ဖျားခါကာ ချီးကျူးခဲ့ကြဖူးသည်လေ။ သူကလည်း စေ့စပ်သေချာမှု မရှိတဲ့ မိန်းကလေးတွေကို တစ်ခါမှ အထင်ကြီးလို့

www.burmeseclassic.com

www.burmeseclassic.com



မရခဲ့။ ဒါကြောင့် သူ တက္ကသိုလ်မှာ ရည်းစားတစ်ယောက်မှ မထား ဖြစ်ခဲ့တာ ဖြစ်မည်ထင်သည်။

'စဉ်းစားအုံး ... အခေါက်ခေါက်အခါခါ ထွက်ဝယ်နေရမယ် ... ဘီးပါလား'

နေကြာက ခေါင်းညိတ်ပြသည်။

'ဒါဆို မှန်ရော ... အင်း ... မှန်လိုတယ် မိန်းကလေးရဲ့'

သူ့ အခေါ်အဝေါ်ကို သဘောကျသွားသဖြင့် နေကြာ ခေါင်းငုံ့ကာ ပြုံးရင်း မှန်ဟု စာရင်းတို့ထားလိုက်သည်။

ထမင်းပွဲတွေ ရောက်လာလို့ စားပြီးသောက်ပြီးချိန်မှာ စာရင်းက အတော်လေး ပြည့်စုံနေလေပြီ။ သူတို့ လှည်းတန်းဈေးမှာ ပစ္စည်းတွေ ဝင်ဝယ်ကာ အဆောင်ကို ပြန်လာခဲ့ကြသည်။ နေကြာ့ကို အဆောင်မှာချခဲ့ကာ အဆောင်မှူးကို သေသေချာချာ အပ်နှံပြီး သူ တစ်ယောက်တည်း စိတ်မချစွာ ပြန်ထွက်လာခဲ့သည်။ သူ လမ်းကို ရောက်မှ သူ့ကို အဖေ (၁)နာရီ အရောက် ပြန်ခဲ့ဖို့ ခေါ်ထားတာ သတိရလိုက်သည်။ အိမ်ထောင်ကျနေပြီဖြစ်တဲ့ သူ့အစ်မ ဘရဏီမှူးက ကားအသစ် လိုချင်သဖြင့် တကျီကျီနှင့် ပူဆာနေလေသည်။ သူ့ယောက်ဖက ကားအကြောင်း သိပ်နားမလည်သဖြင့် အလျင်အမြန် နားငြီးသက်သာစေရန် အမြန်ဆုံး ဝယ်ပေးဖို့ သူ့ကိုသာ အပူကပ်နေသည်။ ဒီနေ့ သဘော်သားဖြစ်သူ အဖေ့မိတ်ဆွေတစ်ယောက်ရဲ့ သား သွင်းလာသည့် ကားကို သွားကြည့်ရန် အဖေက သူ့ကို ချိန်းထားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘ဝှူး … ဒုက္ခတော့ ရောက်တော့မှာပဲ’

သူ လက်ပတ်နာရီကို ငုံ့ကြည့်ရင်း ညည်းညူလိုက်မိသည်။ နာရီလက်တံက နှစ်နာရီကို ညွှန်ပြနေလေပြီလေ။ သူ့အဖေက အချိန်ကို အလွန်လေးစားသူ။ သားသမီးတွေကိုလည်း အချိန်ကို လေးစားဖို့၊ တန်ဖိုးထားဖို့ ထာဝစဉ် ဆုံးမနေတတ်သူ။ အိမ်က နီးလို့ တော်ပါသေးရဲ့ဟု တွေးကာ အင်းလျားလမ်းမပေါ်မှာ တည်ရှိသည့် သူတို့ ခြံထဲသို့ အလျင်အမြန် မောင်းလာခဲ့ရသည်။

သူထင်တဲ့ အတိုင်းပါပဲ။ သူအိမ်ထဲ ဝင်လိုက်တာနှင့် အဖေက ဒေါသထွက်နေသည့် မျက်နှာဖြင့် စောင့်ကြိုနေသည်။

‘ငါကတော့ကွာ … မင်းကို အချိန်လေးစားစေချင်လွန်းလို့ … စက္ကန့်တွေကိုတောင်မှ စိုးပိုင်စေချင်လွန်းလို့ မင်းနာမည်ကို စက္ကန့်မှူးလို့ ပေးခဲ့တာကွ … အခုတော့ မင်းက သက္ကရာဇ်မှူးလို့ နာမည်ပြောင်းပစ်လိုက်ဖို့တောင်မှ ကောင်းနေပြီ’

‘ကောင်းသားပဲ အဖေ … နာမည်လေးက လှသားပဲ’

‘ဘာကွ’

သူ့ရဲ့ ရွှတ်နောက်နောက် ပါးစပ်က မထွက်သင့်သော အချိန်မှာမှ ထွက်သွားခဲ့လေသည်။ အဖေ့ ဒေါသဒီဂရီက ထပ်မံမြင့်မားသွားကာ သူ့ကို ထပ်မံဆူပူပြီး အချိန်လေးစားဖို့အတွက် လက်ချာတွေ ပေးတော့သည်။ နာရီဝက်ခန့် ကြာသွားတော့ သူ နာရီ ကို ငုံ့ကြည့်လိုက်ကာ

‘အဖေ … ဦးခင်မောင်ဆက်တို့က ကျွန်တော်တို့ အချိန်

www.burmeseclassic.com

www.burmeseclassic.com



မလေးစားဘူးလို့ ထင်နေကြတော့မယ် ... သွားကြရအောင်’ဟု သတိပေးလိုက်ရလေတော့သည်။

***

သူတို့က မောင်နှမနှစ်ယောက်တည်းသာ ရှိကြသည်။ ထို့ကြောင့် အငယ်ဆုံးလည်းဖြစ် တစ်ဦးတည်းသောသားလည်း ဖြစ်သည့် သူ့ကို မိဘတွေက အလွန်ချစ်ကြသည်။ သူက မိဘတွေကို ချစ်ခင်လေးစားပေမယ့် ကြောက်လှသည်တော့ မဟုတ်။ သူ့မိဘတွေက သူတို့ဖြစ်စေလိုတာကို နားဝင်အောင် ပြောပြတားမြစ်တတ်ကြပေမယ့် သူ့ကို အတင်းအကြပ်ရယ်လို့ တစ်ခါမှ မလုပ်ခဲ့ဖူး။ အလွန်ဆုံး နားငြီးအောင် ဆူပူနေတာလောက်သာ ရှိခဲ့သည်။ ငယ်ငယ်ကလေးကတည်းက အရိုက်ခံရတယ်ဆိုတာ သူ့ဘဝမှာ မရှိခဲ့။ ထို့ကြောင့် နေကြာ့အမေက နေကြာ့ကို မညှာမတာ ရိုက်တတ်သည်ဟု ကြားလိုက်ရတော့ သူ အလွန် ခံပြင်းသွားမိသည်။ သူဆိုလျှင်လည်း ဒီလိုပဲ အိမ်ကနေ ထွက်ပြေးမိမှာပဲဟု စိတ်ထဲက ထောက်ခံလိုက်မိသည်။ သူသာ သူ့အမေ နေရာမှာဆိုလျှင် မရိုက်ဘဲ နားဝင်အောင် ပြောကာ စည်းရုံးမည်။ ပြောလို့မရလျှင် တစ်ယောက်တည်း မလွှတ်ဘဲ သွားချင်သည့် နေရာတွေကို ကိုယ်တိုင်လိုက်ပို့ပေးမည်။ ဒါဆိုရင် ဒီလိုဆိုးကျိုးတွေ ပေါ်ပေါက်လာစရာ အကြောင်းမရှိဟု လူတတ်ကြီးလုပ်ကာ တွေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com


ဘယ်လိုပဲ ဖြစ်ဖြစ် အခု ဒီကောင်မလေး တာဝန်က သူ့ အပေါ်ကို လုံးလုံးလျားလျား ရောက်နေလေပြီ။ သူတို့ ဘယ်လို ရှေ့ဆက်ရမည်ဆိုတာ သူ သေသေချာချာ မသိသေး။ သူက အလွန် ရိုးသားလွန်းသူတစ်ယောက် မဟုတ်ပေမယ့် လိမ်လည်ခြင်းကိစ္စက သူ့ အတွက် သိပ်မလွယ်ကူလှ။ ငယ်စဉ်ကတည်းက သူ လိမ်မိပြီဆိုလျှင် သူ့လိပ်ပြာသူမသန့် ဖြစ်ကာ ဘယ်သူမှ ရိုက်စစ်စရာ မလိုဘဲ မကြာခင်မှာ အလိုလို ဖြောင့်ချက်ပေးမိတတ်မြဲ ဖြစ်သည်။ သူ့မိဘတွေကို သူ အကြာဆုံးလိမ်ထားနိုင်သည့် ကာလမှာ တစ်ပတ်မျှသာ။ ထို့ကြောင့် ဒီကောင်မလေးကို သူ ကူညီထားသည့် အကြောင်းကိုလည်း အိမ်ကို စိတ်ရှင်းရှင်းဖြင့် ဖွင့်ပြောပြထားချင်သည်။ သို့ပေမယ့် လောလောဆယ်မှာ ပွက်လောညံသွားမယ့်အဖြစ်ကို သူ ခံနိုင်ရည် မရှိသေးသဖြင့် မဖြစ်နိုင်သေးဟု တွေးကာ သူ့စိတ်ကူးတွေကို သူ ကိုယ်တိုင် ပယ်ဖျက်လိုက်မိလေတော့သည်။

***

သူ ဆိုင်က ကင်မရာကို ဖြုတ်လိုက်တော့မည် ဖြစ်ကြောင်း အိမ်ကို အသိပေးလိုက်တော့ သူ့အမေက 'သိပ်ကောင်းတာပေါ့'လို့ ဝမ်းသာအားရ ထောက်ခံပေမယ့် အဖေကတော့ 'အခုတော့ မင်းကိုယ်တိုင် သိပြီမဟုတ်လား ဖြုန်းတီးကောင်ရဲ့' ဟုဆိုကာ သူ့ကို လက်ချာပေးချင်သေးသည်။ သူကလည်း သူ့အကြံနှင့်သူမို့ အဖေ

www.burmeseclassic.com



ပြောသမျှကို အသာငြိမ်ကာ နားထောင်နေလိုက်သည်။ ပြီးမှ ဆိုင်မှာ အလုပ်သမားဦးရေ ထပ်တိုးမည့်အကြောင်း တင်ပြလိုက်သည်။ သူ့အကြံက နေကြာ့ကို ဆိုင်မှာ အရောင်းစာရေးမလေးအဖြစ်ခန့်ကာ လခပေးထားဖို့။ ဒါမှ သူမလည်း အလုပ်ကလေးတစ်ခုရကာ စိတ်မလေမှာလေ။ သူ့ အသုံးစရိတ်ထဲက သူမကို ထောက်ပံ့ရတာ သူ့အတွက် မထောင်းတာလှပေမယ့် သူက လူဆိုတာ အလုပ်အကိုင်တစ်ခု မယ်မယ်ရရ ရှိမထားရင် လေလွင့်ကာ ပျက်စီးတတ်သည်ဟု ငယ်ငယ်ကတည်းက ယုံကြည်ထားခဲ့သူ မဟုတ်လား။

သူ့ရဲ့ ဒုတိယအကြံအစည်ကတော့ သူ့ စတိုးဆိုင်ကို သူ နိုင်ငံခြားမှာ တွေ့ခဲ့ဖူးတဲ့ မီနီမာ့ကက်တွေလို လူသုံးကုန်ပစ္စည်း စုံလင်စွာတင်နိုင်တဲ့အထိ တိုးချဲ့ခွင့်ရဖို့။ဒါကို သူ အကြိမ်ပေါင်း များစွာ တင်ပြခဲ့ဖူးပေမယ့် မိဘတွေက အကြိမ်ပေါင်းများစွာ ပယ်ဖျက်ခဲ့ဖူးသည်။ ဒီတစ်ကြိမ်မှာတော့ သူ တော်တော်လေး အတိုက်အခံလုပ်ကာ မရမကပြောမိသည်။

'ဟေ့ကောင်ရ … မင်းရဲ့ အသိဉာဏ် တစ်ထွာတစ်မိုက်ကလေးနဲ့ မင်း ဖြစ်ချင်တာတွေ အကုန်လျှောက်လုပ်လို့ရမလား … ကိုယ့်နိုင်ငံအနေအထားနဲ့ စီးပွားရေးစနစ်ကိုလဲ ကြည့်အုံး … မင်းကို မှောင်ခိုပစ္စည်းရောင်းဝယ်မှုနဲ့ ဖမ်းချုပ်လို့ရတယ်ဆိုတာ မင်း သိသလား … ဒီလက်ရှိဆိုင်ကလေးကိုပါ မင်းက ပိတ်လိုက်ရချင်လို့လား … တော်ကွာ .. ပြောရတာ သိပ်ခက်တာပဲ'

သူ အဖေပြောတာတွေကို သိပ်နားမလည်နိုင်တာတော့

www.burmeseclassic.com

www.burmeseclassic.com



အမှန်။ သူက စီးပွားရေးလုပ်ငန်းအကြီးကြီးတွေ လုပ်ချင်သည့်သူ။ ဒီစတိုးဆိုင်ပေါက်စနကလေးနှင့် သူ ဘာလုပ်ရမည်နည်း။ သူတို့မှာ စီးပွားရေးလုပ်ငန်းက ဘာမှ မယ်မယ်ရရ မရှိ။ အမေက ဗိုလ်ချုပ်ဈေး မှာ ရွှေဆိုင်တစ်ဆိုင် ဖွင့်ထားသည်။ သူ့အစ်မကိုလည်း အိမ်ထောင် ကျတော့ စီးပွားခွဲပေးသည့် အနေဖြင့် ရွှေဆိုင်တစ်ဆိုင်ထောင်ပေး ထားသည်။ အဖေက တစ်ခါတစ်ရံ နိုင်ငံခြား သဘော်သားတွေ၊ နိုင်ငံ ခြား ပညာတော်သင်တွေ သွင်းလာသည့် ကားတွေကို ဝယ်ထားပြီး ဈေးကောင်းရလျှင် ပြန်ရောင်းတတ်သည်။ တစ်ခါတစ်ရံ ပစ္စည်းတွေ လှောင်သည်။ သူတို့ စီးပွားရေးလုပ်ငန်းတွေက အဆင်ပြေတာမှန် သော်လည်း စွန့်စားချင်သည့် သူ့အတွက်ကတော့ ဘာပညာမှ မပါ သလို ဖြစ်နေသည်။ သူ့စိတ်ကူးထဲမှာက စက်ရုံကြီးတွေ ထောင်ချင် သည်။ ဆူပါမားကက်ကြီးတွေ ဖွင့်ချင်သည်။ နိုင်ငံခြားကို ပြည်တွင်း က ထွက်ကုန်တွေ ပို့ချင်သည်။ ဘာလို့ ဒါတွေ လုပ်လို့မရနိုင်သလဲ ဆိုတာ ဘယ်လိုမှ သူ နားမလည်။

သို့ပေမယ့် အခုအချိန်မှာ သူ ဒါတွေကို သိပ်မစဉ်းစားနိုင် တော့။ လောလောဆယ် သူ့ဦးနှောက်ထဲမှာ ပြည့်နှက်ကာ ခေါင်း တွေပူအောင် အနှောက်အယှက်ပေးနေသည့် နေကြာဆိုတဲ့ ကောင်မ လေးတစ်ယောက် ရှိနေသည် မဟုတ်ပါလား။

***

www.burmeseclassic.com

www.burmeseclassic.com



နဂိုက ယောက်ျားလေးများသာ ထားရှိသည့် သူတို့ဆိုင်ကလေးမှာ အရောင်းစာရေး မိန်းကလေးနှစ်ယောက် ရောက်လာခဲ့သည်။ တစ်ယောက်က နေကြာဖြစ်ပြီး တစ်ယောက်ကတော့ နေကြာအဖော်ရစေရန် ရည်ရွယ်ကာ အလုပ်လာလျှောက်သူ မိန်းကလေးများထဲမှ စိစစ်ကာ ခန့်ထားခဲ့ခြင်း ဖြစ်သည်။

သူ နေကြာ့ကို ခန့်ထားစဉ်က ဘာမှ မမျှော်လင့်ဘဲ ဆိုင်စောင့်ရရုံလောက်ဟုသာ သဘောထားပြီး ခန့်ထားခဲ့ခြင်းဖြစ်သည်။ လက်တွေ့မှာတော့ ဘာမှ အထူးတလည် မသင်ပေးရဘဲ အားလုံးကို မှတ်မိလွယ်သည့် နေကြာရဲ့ သွက်လက်ထက်မြက်မှုတွေကို သူ အံ့သြနေမိသည်။

'အရောင်းဝန်ထမ်းက မိန်းကလေးတွေမှ ပိုကောင်းတယ် ... သူတို့က ပိုစိတ်ရှည်တယ် ... စကားပြောလဲ ပိုချိုသာတယ်'ဟု သူ့သူငယ်ချင်းတစ်ယောက် ပြောစဉ်က သူ မယုံခဲ့။ ဒီကောင် အလကားပြောတာ၊ ကောင်မလေးတွေကို အရသာခံပြီး ငမ်းချင်တာနဲ့ အကြောင်းပြပြီး ခန့်ထားတာဟု ထင်ခဲ့မိသည်။ ယခုတော့ မိန်းကလေးတွေရဲ့ အရည်အချင်းကို သူ လက်တွေ့သိရလေပြီ။ ယောက်ျားလေးတွေက ဝယ်သူလာလျှင် ဝတ်ကျေတမ်းကျေသာ ရှင်းပြ ပြောဆိုကာ ဝယ်ချင်ဝယ် မဝယ်ချင်နေဆိုတဲ့ စိတ်မျိုးထားတတ်ကြသည်။ မိန်းကလေးတွေကတော့ မဝယ်ဝယ်ချင်လာအောင် ဆွဲဆောင် စည်းရုံးနိုင်စွမ်းရှိကြသည်။ သူတို့က ဝယ်သူရဲ့ အားနည်းချက်ကိုလဲ သိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုပစ္စည်းကတော့ ဈေးတက်တော့မှာ ... ဒီပစ္စည်းကတော့ ပစ္စည်းပြတ်တော့မှာ' စသဖြင့် ပြောဆိုဆွဲဆောင်ကာ ကြည့်ရုံသက်သက် ဝင်လာသူများကိုပင် တစ်ခုခု ဝယ်ဖြစ်သွားအောင် ပြောတတ်ကြသည်။

ထို့အပြင် မိန်းကလေးတွေ ရှိလာတော့ ယောကျ်ားလေးတွေကိုပါ ခိုင်းလို့ ပိုကောင်းလာသည်။ မိန်းကလေးတွေ ရှေ့မှာ သူတို့ရဲ့ ကိုယ်စွမ်းကိုယ်စတွေကို ထုတ်ပြချင်နေကြသဖြင့် အရင်လို ခိုကပ်ကာ မနည်းပြောယူရတာမျိုး မရှိတော့။ ဘာပဲဖြစ်ဖြစ် သူတို့ရဲ့ စတိုးဆိုင် ပေါက်စနကလေးက မိန်းကလေးတွေ ရောက်ပြီး တစ်လအတွင်းမှာ သိသိသာသာ အရောင်းအင်အား တက်လာတာကတော့ အမှန်။

နေကြာ့အကြောင်းကို ဆိုင်ကကောင်လေးတွေက သိနှင့်နေကြတဲ့အတွက် ဘယ်သူမေးမေး ဘာမှ လျှာမရှောင်ရန်၊ ဘယ်သူမေးမေး သူ့ညီမတစ်ဝမ်းကွဲဟုသာ အသိပေးရန် ကြိုတင်မှာထားရသည်။ သူ့အိမ်နှင့် နေကြာ့အဆောင်က ဘာမှမဝေးတာမို့ မနက်ဆိုဝင်ကြိုခဲ့ကာ ညပြန်ချိန်မှာ ဝင်ပို့ရုံသာ။ အဆောင်မှာ နေရတာ အဆင်ပြေလားမေးတိုင်း အဆင်ပြေတယ်လို့တော့ အဖြေသား။ အဆောင်မှာ နေရတာက ကိုယ့်အိမ်မှာ နေရတာနှင့်တော့ ဘယ်လိုမှ မတူနိုင်ဘူးဆိုတာ သူ သိထားသည်လေ။ သူ တက္ကသိုလ်တက်တုန်းက အဆောင်နေတဲ့ သူငယ်ချင်းတွေနှင့် တစ်ညတလေ သွားအိပ်ခဲ့ဖူးသေးတာပဲ။ အတော်အဆင်ပြေအောင် ဆောင်ရွက်ပေးထားတဲ့

www.burmeseclassic.com



တက္ကသိုလ်က အဆောင်တွေမှာတောင် သည်းခံရတာတွေ၊ အဆင်မပြေတာတွေ ရှိသေးလျှင် စနစ်တကျ မဟုတ်တဲ့ အပြင်ဆောင်လိုနေရာမျိုးမှာ ပြဿနာပေါင်း သောင်းခြောက်ထောင်မက ရှိနေနိုင်တယ်ဆိုတာ သူ ရိပ်မိသည်။ သို့ပေမယ့် သူမလေး နှုတ်ဖျားက ဘာညည်းညူသံ တစ်ချက်မှ မထွက်။ အတော့်ကို ခံနိုင်ရည် ပြည့်ဝမည့်ပုံရှိသည်။ သူမအိမ်မှာ နေရစဉ်က ဒီ့ထက် အခြေအနေဆိုးလို့များလားတော့ မသိ။ အခုထက်ထိ အိမ်ကို လွမ်းတယ်လို့လဲ တစ်ခွန်းမှ မဆို။ ပြန်ချင်တယ်လို့လဲ မကြားမိသေး။ သူမ ရောက်စက သူမအိမ်က လူပျောက်တိုင်ကာ ရဲစခန်းမှာ အမှုဖွင့်ခဲ့လျှင် သူ ဒုက္ခရောက်နိုင်ကြောင်း တွေးကာ ပူပန်နေခဲ့မိပေမယ့် ယခုလို ကာလတွေ ကြာလာတဲ့အထိ ဘာအသံမှ မကြားရတော့ သူ သွေးအေးလာသည်။ သူမ အိမ်ကို စိတ်ပူမနေအောင် ရန်ကုန်မှာ အဆင်ပြေပြေ ရှိနေကြောင်း အကြောင်းကြားစာကလေး ရေးကာ အသိပေးရန် သူ တိုက်တွန်းမိဖူးပေမယ့် မရွှေချောက မလှုပ်။ အိမ်နှင့် အဆက်အသွယ်ပြတ်နေတာကိုပဲ နှစ်ခြိုက်နေပုံရသည်။ သူတို့ဆိုင်က တစ်ပတ်မှာ တစ်ရက် ပိတ်တာမို့ အဲဒီပိတ်ရက်တချို့မှာ သူမကို ရန်ကုန်မြို့ကို ရောက်ပြီဆိုရင် ရောက်ဖူးသင့်တဲ့နေရာတွေ ဖြစ်တဲ့ ရွှေတိဂုံဘုရား တို့ တိရစ္ဆာန်ရုံတို့ကို အလျဉ်းသင့်သလို သူ လိုက်ပို့ပေးလေ့ရှိ သည်။ တစ်ရက်မှာတော့ သူမက သူ့ကို ရုပ်ရှင်ကြည့်ချင်တယ်ဟု ဆိုလာလေသည်။ ဩော် ... သူမရဲ့ ရုပ်ရှင်ပိုးက မပျောက်သေးဘဲဟုတွေးကာ အနည်းငယ်စိတ်ပူသလို ဖြစ်သွားမိသည်။ ဒီကောင်မ

www.burmeseclassic.com

www.burmeseclassic.com



လေးမှာ အမှတ်ရော ရှိရဲ့လား။ ရုပ်ရှင်ရှူးလို့ ဘဝပျက်မလို ဖြစ်ခဲ့ပြီး တာတောင် စိတ်တွေ မကုန်နိုင်သေးဘူးလားဟု သူတွေးနေမိသည်။

သူက ရုပ်ရှင်ကြည့်ရန် ဝါသနာ မပါသူ ဖြစ်ပေမယ့် သူမ ကို တစ်ခါလောက်တော့ လိုက်ပြလိုက်မည်ဟု တွေးကာ ရှေ့ဆောင် ရုံမှာ တင်နေသည့်ကားကို လိုက်ပြပေးခဲ့သည်။ သူက ဇာတ်ကားကို စိတ်ဝင်စားအောင် ကြိုးစားကြည့်နေရင်းမှ မနေနိုင်အောင် ပျင်းရိ လာသဖြင့် ဘေးက သူမကို လှည့်ကြည့်မိတော့ ဇာတ်ကားနှင့်အတူ လိုက်ပါစီးမျောကာ ပြုံးလိုက် မဲ့လိုက် မျက်ရည်ဝဲလိုက် ဖြစ်နေသည့် မျက်နှာကလေးကို တွေ့လိုက်ရသည်။ ရုပ်ရှင်ရူးမလေးရယ်။ မင်းနဲ့ ဒီလို ရှုပ်ထွေးလှတဲ့ လောကနဲ့ မဖြစ်ဘူးကွဲ့ဟု သူ အသံတိတ် ရေ ရွတ်လိုက်မိသည်။ သူတို့အသိုင်းအဝိုင်းက ပညာတတ် စီးပွားရေး သမားတွေရဲ့ အသိုင်းအဝိုင်းမို့ ရုပ်ရှင်လောကကို လုံးဝ အထင်ကြီး လို့ မရကြ။ ကောလာဟလလား၊ တကယ်လားဆိုတာ ကာယကံရှင် တွေသာ အသေအချာ သိနိုင်မည့် အောင်မြင်ကျော်ကြားနေသူတို့ရဲ့ မလှပတဲ့ သတင်းဆိုးများစွာကလည်း သူတို့နားစည်တွေကို အဆက် မပြတ် ရိုက်ခတ်နေကြသည် မဟုတ်လား။ ထို့ကြောင့် ရုပ်ရှင်မင်း သမီးတွေဆိုတာ ပျက်စီးနေသူတွေပဲလို့ သူတို့အသိုင်းအဝိုင်းက အ သေအချာကို စွဲမြဲစွာ ယုံကြည်ထားကြသည်။

သူတို့ ရုပ်ရှင်ရုံကထွက်တော့ လူတွေအများကြီး ကြားမှာ မို့ လူချင်းကွဲသွားမှာ ကြောက်နေပုံရသည့် နေကြာက သူ့လက်ကို လှမ်းဆွဲထားသည်။ ထိုစဉ်မှာပင် ကျောင်းတုန်းက သူငယ်ချင်းတစ်

www.burmeseclassic.com



ယောက်က သူ့ကို လှမ်းတွေ့ကာ နှုတ်ဆက်လေသည်။ သူက နေကြာ့ကို ကြည့်ရင်း

'ဟာ ... မိနစ် အဲလေ စက္ကန့် ... မင်း စွံနေပြီပေါ့လေ ... ငါ့ဆီကိုတောင် ဖိတ်စာလေး ဘာလေး မပို့ဘူး'ဟု ဆိုလေသည်။ အကင်းပါးသူမို့ ဘာကိုဆိုလိုတယ်ဆိုတာ ချက်ခြင်း သဘောပေါက်သွားပုံရတဲ့ သူမက မျက်နှာကလေးရဲကာ ဆွဲထားတဲ့ သူ့ လက်ကို လွှတ်လိုက်သည်။

'ဟိတ်ကောင် ... ဒါ ငါ့ညီမလေးကွ'

'ဟင် ... ကျောင်းတက်တုန်းကတော့ မင်းမှာ ဒီလောက်ချောတဲ့ ညီမ မရှိပါဘူးကွာ ... ဒီလိုမှန်းသိရင် မင်းကို ငါ ယောက်ဖတော်ပါတယ်'

ခေါင်းငုံ့သွားတဲ့ နေကြာကို ကြည့်ရင်း သူ စကားစကို အတင်းဖြတ်ကာ ထွက်လာခဲ့ရသည်။ ဒီကောင်တွေက အစအနောက် အလွန်ကြမ်းသည်လေ။

'ဆောရီးကွာ ... အဲဒါ အစ်ကို့ရဲ့ ငယ်သူငယ်ချင်းမို့'

ဘာကြောင့်မှန်းမသိ။ သူ သူမကို အလွန်အားနာကာ မျက်နှာပူသလို ဖြစ်နေမိသည်။ သူမ မျက်နှာကိုလည်း စေ့စေ့မကြည့်ရဲတော့သလို ဖြစ်နေသည်။ သူ့ကို ယောက်ဖတော်ချင်တယ်လို့ ပြောတဲ့ သူငယ်ချင်းကိုလဲ မကျေနပ်။ ဒါဟာ ဘာကြောင့် ဖြစ်ရတာလဲ။ သူ့ စိတ်တွေကိုက မရိုးသားတော့လို့များလား။ သူ ထိတ်လန့်သလို ဖြစ်သွားမိသည်။ ဒီကောင်မလေးက သူ့အရိပ်မှာ ခိုနေရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး။ သူ့ကို အားကိုးနေရတဲ့ ကောင်မလေး။ အဲဒါကို သူ က အခွင့်အရေးယူဖို့ဆိုတာ လုံးဝ မဖြစ်သင့်တဲ့ကိစ္စ။

သွေးမတော်သားမစပ်တဲ့ လွတ်လပ်သူ မိန်းကလေးတစ်ယောက်နှင့် လွတ်လပ်သူယောကျ်ားလေးတစ်ယောက်တို့ ကြာကြာတွဲသွားတွဲလာလုပ်ရင် ဒီလို ပြဿနာက အနေးနှင့်အမြန် ပေါ်လာနိုင်စရာ အကြောင်းရှိတာ သဘာဝပဲ မဟုတ်လား။ သူ ဆင်ခြင်မှ ဖြစ်တော့မည်ဟု တွေးကာ နောက်ကို အတူသွား အတူလာတာတွေ လျှော့မှဟု စဉ်းစားနေမိသည်။

သနားကရုဏာစိတ်တွေက အချစ်စိတ်ကို ပြောင်းလဲသွားခဲ့တာလား။ သူမရဲ့ ထူးခြားတဲ့ အဆင်းရူပကာကပဲ သူ့ကို ဆွဲဆောင်သွားခဲ့တာလား။ သာမန်ဓာတ်ပြုသက်ရောက်ခြင်းတစ်ခု သက်သက်သာလား။ ဘယ်လို အကြောင်းကြောင့်ပဲဖြစ်ဖြစ် သူ့ရင်ထဲမှာ အသေအချာသိလိုက်တာကတော့ သူ သူမ အပေါ်မှာ မရိုးသားတော့ဘူးဆိုတာကိုပါပဲ။

***

သူ့ကိုယ်သူ လုံလှပြီလို့ ထင်နေတဲ့ ကိစ္စကို မိဘတွေ သိရှိထားပြီးဖြစ်မှန်း သိလိုက်ရတော့ သူ အတော်လေး အခံရခက်သွားသည်။ တကယ်တော့ သူကိုယ်တိုင် တစ်ချိန်ကျလျှင် ဖွင့်ပြောမည်ဟု စိတ်ကူးထားပြီးသား ကိစ္စပါ။ သို့ပေမယ့် သူများတွေ ပြောလို့ သိ

www.burmeseclassic.com

www.burmeseclassic.com



သွားတာကိုတော့ သူ ဘယ်လိုမှ မကျေနပ်နိုင်။

ထိန်ချန်ထားတာကို သိသွားခဲ့တာမို့ သူ အဖြစ်မှန်တွေကို သေသေချာချာရှင်းပြတဲ့အခါ သိပ်မယုံချင်ကြတော့။ ပိုဆိုးတာက သူ နေကြာ့ကို ယုံကြည်သလို သူတို့က ဘယ်လိုမှ မယုံကြည်နိုင်ကြခြင်း။ တစ်ဦးတည်းသော သားပိုင်ရှင်တို့ရဲ့ ထုံးစံအတိုင်း သူ့ကို သည်းသည်းလှုပ် တန်ဖိုးထားကာ တော်ရုံမိန်းမနှင့် ဘယ်လိုမှ အဖြစ်မခံနိုင်သော မေမေက အဆိုးဆုံး။ ထို့အပြင် မေမေက ဇာတ်လမ်းတွေကို ခေါင်းထဲမှာ ဆက်စပ်ဖန်တီးကာ တွေးယူတတ်သူမို့ 'မေမေစာရေးဆရာမ လုပ်ပါလား'လို့တောင် သူတို့ မကြာခဏ နောက်ပြောင်ခဲ့ဖူးသူလေ။ အခုလည်း သူက နေကြာသည် သူ့ကို အပိုင်ဖမ်းရန်အတွက် သူ့ထံကို ဇာတ်လမ်းတွေ လုပ်ကြံဖန်တီးကာ ရောက်ရှိလာပြီး သူ့ရဲ့ ယုံကြည်မှုတွေ ကရုဏာတွေကို လှည့်ဖြားယူသည်ဟု စွပ်စွဲလေသည်။ ဒီလိုဖြစ်နိုင်စရာ အကြောင်းလုံးဝ မရှိကြောင်း သူ ဘယ်လိုပြောပြော မေမေ မယုံ။

ဘာမဟုတ်သည့် အကြောင်းလေးတစ်ခုက အလွန်ကြီးကျယ်သော စကားရည်လုပွဲတစ်ခုအဖြစ်သို့ ရောက်ရှိသွားကာ စကားသံတွေ တစ်စထက်တစ်စ ကျယ်လောင် ပြင်းထန်လာခဲ့သည်။ သူကလည်း သူမ မချစ်မနှစ်သက်နိုင်တဲ့ သူမထက် အသက်များစွာ ကြီးတဲ့ လူတစ်ယောက်နှင့် လက်ထပ်ပေးခြင်းခံရမည့်ကိစ္စကို သူနှင့် ဘယ်လိုနည်းနဲ့မှ မသက်ဆိုင်သလို မနေနိုင်။ ဘုရားပွဲမှာ ရုပ်ရှင်သွားခိုးကြည့်တာကိုပင် တံမျက်စည်းတစ်ချောင်းလုံး ကျိုးအောင် ရိုက်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော နေကြာ့အမေက ရန်ကုန်အထိ ထွက်ပြေးသွားခဲ့တာကို ဘယ်လိုများ ဆုံးမမည်ဟု ထင်ပါသနည်း။ သူ အတွေးနှင့်တောင်မှ မခံချိမခံသာ ဖြစ်သွားရသည်။ မေမေကတော့ ဒါက သူ့အမေနဲ့ သူ့သမီးကိစ္စပါ။ မင်းနဲ့ မဆိုင်ပါဘူးတဲ့။ ဘာပဲဖြစ်ဖြစ် သူ့အရိပ်အောက်ကို ရောက်နေတဲ့ နေကြာကလေးကို သူ အတတ်နိုင်ဆုံး ကာကွယ်မည်။ ဘယ်သူမှ နေကြာ့ကို ထိလို့မရ။ ဘယ်သူဘယ်လိုပြောပြော သူ့ဆုံးဖြတ်ချက်တွေက ပြတ်သား ခိုင်မာနေခဲ့ပြီ။ ကြောက်ရွံ့အားငယ်တတ်တဲ့ မျက်လုံးဝိုင်းဝိုင်းကလေးတွေနဲ့ ကောင်မလေးရေ။ တစ်ကမ္ဘာလုံးကတစ်ဖက် ကိုယ်ကတစ်ဖက် ဖြစ်နေရင်တောင်မှ မင်းဘက်က မားမားမတ်မတ် ရပ်တည်ဖို့ ကိုယ် ဝန်မလေးဘူးဆိုတာ ယုံထားလိုက်စမ်းပါ။

နောက်ဆုံးမှာတော့ သူတို့ရဲ့ စကားအခြေအတင် ဆွေးနွေးပွဲက ကိုယ့်အယူအဆကိုကိုယ် အသီးသီး ခိုင်မာစွာ ဆုတ်ကိုင်ကြရင်း အော်ကြ ဟစ်ကြ ပေါက်ကွဲကြခြင်းဖြင့် အဆုံးသတ်ခဲ့သည်။ စက္ကန့်မှူးက ဘယ်သူဘာပြောပြောသူ လုပ်ချင်တာ လုပ်မှာပဲဟုဆိုပြီး အနိုင်နှင့်ပိုင်းကာ ကားသော့ဆွဲပြီး အိမ်မှ ထွက်လာခဲ့သည်။ သူ့အမေ ဒေါ်ခင်မျိုးမြတ်ကတော့ သူ့သား ဆေးမိနေပါပြီ သူ ဘာပြောပြော နားမဝင်တော့ပါဘူးဟုဆိုကာ ရင်ဘတ်စည်တီးရင်း ရှိုက်ကြီးတငင်ငိုကာ ကျန်ရစ်ခဲ့သည်။ အစ်မဖြစ်သူ ဘရဏီမှူးကတော့ ထိပ်တိုက်ဆွေးနွေးခြင်းကိစ္စ မအောင်မြင်ခြင်းမှာ သူကြိုတင် စဉ်းစားထားသော အခြားနည်းတစ်နည်းကို အသုံးပြုရန် အချက်ပြခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်ဟု တွေးကာ သူ့ အကြံအစည်တွေကို ဟာကွက်မရှိအောင် ပြန်လှန်သုံးသပ်နေသည်။ အဖေဖြစ်သူ ဦးမင်းပိုင်ကတော့ ခေါင်းမာသည့် သားဖြစ်သူကို အနည်းငယ်ဒေါသဖြစ်မိပေမယ့် 'ယောက်ျား လေးပဲ ... ထောင်အပြင် တန်းမရှိပါဘူး ... သူမိုက်ရင် သူ ခံပေ့ စေပေါ့'ဟု သဘောပိုက်ကာ ကမ္ဘာသကာဟုသာ နှလုံးသွင်းလိုက်လေ တော့သည်။

***

အမှန်ကတော့ ဘရဏီမျိုးရဲ့ စနက်ကြောင့်သာ မဟုတ်ရင် ပြဿနာက အဲဒီလောက်ကြီး ဆိုးသွားစရာ အကြောင်းမရှိ။ စက္ကန့် မျှ စိတ်ထဲမှာ နေကြာ့ကို ကူညီဖို့ အကာအကွယ်ပေးဖို့ဆိုတာထက် နည်းနည်းကလေးမှ ပိုတွေးမထားမိခဲ့။

နောက်တစ်နေ့မနက်မှာ သူ နေကြာ့အဆောင်ကို သွား တော့ အဆောင်မှာ နေကြာ မရှိတော့။ အဆောင်ပိုင်ရှင်ကို သူမ နယ်ပြန်သွားပြီဟုသာ ပြောပေးရန် မှာကြားပြီး အခန်းပြန်အပ်သွား ခဲ့သည်တဲ့။ အမျိုးသမီးနှစ်ယောက် လာခေါ်သွားတာဖြစ်ကြောင်း ပြောပြတော့ သူ ပုံပန်းသဏ္ဍာန်ကို မေးကြည့်မိလိုက်သည်။ ကြား လိုက်ရတဲ့ ပုံပန်းသဏ္ဍာန်များအရ သူ့အမေနှင့် သူ့အစ်မကလွဲလို့ အခြား မည်သူတွေမှ မဖြစ်နိုင်မှန်း သူ အသေအချာ သိလိုက်သည်။

သူ ဘာဆက်လုပ်ရမလဲ။ အိမ်ပြန်ကာ အမေနှင့်အစ်မကို

www.burmeseclassic.com

www.burmeseclassic.com



မေးရမလား။ ရထားနောက်လိုက်ရမလားဟု စဉ်းစားလိုက်မိသည်။ သူမကို ရထားနဲ့ တင်ပေးတာမှ ဟုတ်ရဲ့လား၊ ဟုတ်ရင် ဘယ်ရထားနဲ့ တင်ပေးလိုက်တာဖြစ်နိုင်မလဲ။ သူ ဘယ်လိုမှ ခန့်မှန်းနိုင်စွမ်းမရှိပေမယ့် မိုက်မဲရူးသွပ်နေသည့် စိတ်တွေက တွေးခေါ်ဆင်ခြင်နိုင်စွမ်းတွေကို ဖုံးအုပ်သွားခဲ့သည်။

သူ အိမ်ပြန်မမေးတော့။ မေးလို့လဲ အမှန်အတိုင်း ပြောချင်မှ ပြောကြမှာ မဟုတ်လား။ သူ ပဲခူးဘူတာကို လိုက်မည်။ မမှီလျှင် မုတ္တမအထိလိုက်မည်ဟု ဆုံးဖြတ်ကာ ကားကို အဝေးပြေးလမ်းမဘက် ဦးတည်ကာ အမြန်ဆုံး မောင်းလာခဲ့မိသည်။

သူ ရင်တွေ တဒိတ်ဒိတ် ခုန်နေသည်။ သူ အခုမှ သူ့ကိုယ်သူပို သဘောပေါက်လာသည်။ သူ ဒီကောင်မလေးကို ကူညီကယ်တင်ချင်စိတ်ထက် လက်လွှတ်ဆုံးရှုံးရမှာ ကြောက်သည့်စိတ်က ပိုများနေမှန်း သူ သတိထားမိလာသည်။ သူ ဒီကောင်မလေးကို ဘယ်သူ့ကို မှ မချစ်ခဲ့ဖူးတဲ့ အချစ်မျိုးနှင့် အလွန်အမင်း မြတ်နိုးစွာ ချစ်နေခဲ့မိပြီ ပဲ။

ပဲခူးဘူတာထဲ အပြေးဝင်လိုက်စဉ်မှာ သူ အိပ်မက်ထဲမှာ လမ်းလျှောက်နေသူလို ဘာတစ်ခုကိုမှ ကြည်ကြည်လင်လင် မတွေးနိုင်။ သူ ဘာတွေလုပ်နေမိမှန်းလဲ သူမသိ။ သူသိတာက နေကြာ့ကို အမြန်ဆုံး ပြန်တွေ့ချင်တာ တစ်ခုတည်း။

ဘူတာထဲမှာ ရထားနှစ်စီး ဆိုက်ထားသည်။ တစ်စီးက မုတ္တမဘူတာသို့ သွားမည့်ရထားဟုဆိုသည်။ သူ ရထားတွဲတွေထဲကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်မိသည်။ လူတွေက များလိုက်တာ။ တွဲတွေကလည်း ကုန်ပဲ မကုန်နိုင်တော့။ ရထားက ထွက်တော့မည်ဟု အချက်ပေးကာ ဥညြဆွဲနေလေပြီ။ သူ အရူးတစ်ယောက်လို 'နေကြာ ... နေကြာ' ဟု အော်ဟစ်ပစ်လိုက်ချင်စိတ်ကို မနည်းထိန်းချုပ်နေရသည်။ သူ ကြည့်ရန် နောက်ဆုံးတွဲ တစ်တွဲသာ ကျန်တော့သည်။ ရထားက တရွေ့ရွေ့ စတင်ထွက်ခွာနေလေပြီ။။ သူ မျှော်လင့်ချက်ကင်းမဲ့စွာဖြင့် နောက်ဆုံးရထားတွဲထဲသို့ မြင်နိုင်သလောက် လှမ်းကြည့်ရင်း ပလက်ဖောင်းပေါ်မှာ ယောင်ချာချာနှင့် ကျန်ရစ်ခဲ့လေတော့သည်။

တရွေ့ရွေ့နှင့်ဝေးသွားသည့် ရထားနောက်ကို ငေးကြည့် ရင်း ဒီရထားထဲမှာ နေကြာများပါသွားမလား၊ သူ မတွေ့လိုက်တာများလားဟု တွေးနေမိသည်။ နောက်ရထားကို စောင့်ရမလား၊ နောက်ဘူတာတစ်ခုကို လိုက်ရမလား။ မုတ္တမဘူတာ အထိအောင် သွားလိုက်ရတော့မလား။ သူ တွေဝေစိတ်ရှုပ်စွာဖြင့် အတန်ကြာအောင် ရပ်နေမိလေသည်။ နောက်ဆုံးမှာတော့ မုတ္တမအထိ လိုက်မည်ဟု ဆုံးဖြတ်ချက်ချကာ ဘူတာထဲက ထွက်လာခဲ့သည်။

'အစ်ကို ... အစ်ကို'

'ဟင် .. နေကြာ'

သူ ကားရပ်ထားခဲ့တဲ့ နေရာအရောက်မှာ မမျှော်လင့်ဘဲ နေကြာ့ကို တွေ့လိုက်ရတဲ့အတွက် သူ အလွန်အမင်း အံ့ဩဝမ်းသာ သွားမိသည်။ အတန်ကြာအောင် စကားမပြောနိုင်ဘဲ အိပ်မက် မက်

www.burmeseclassic.com

www.burmeseclassic.com


နေတာ ဟုတ်မဟုတ် သေချာအောင် ဆန်းစစ်ကြည့်နေမိသည်။

'အစ်ကို့ကားနဲ့ တူလို့ နေကြာကြည့်နေတာ'

သူမက စကားစဆိုသည်။

'ဘယ်လိုကနေ ဘယ်လို ...'

သူ စိတ်လှုပ်ရှား ပျော်ရွှင်လွန်း၍ မေးခွန်းကိုတောင် အစီအစဉ်တကျ ဆုံးအောင် မဆိုနိုင်။ သူမက

'နေကြာ အိမ်ကို ဘယ်လိုမှ မပြန်နိုင်တာနဲ့ ဖြစ်ချင်ရာဖြစ် ဆိုပြီး ရထားပေါ်က ဆင်းနေခဲ့တာလေ'တဲ့။ ဘုရားရေ ... သူ လိုက်လာမိလို့ တော်သေးတာပေါ့။ မဟုတ်ရင် ဒီကောင်မလေး တစ်ယောက်တည်း လျှောက်သွားနေလို့ကတော့။ သူ ဆက်မတွေးရဲပါ။

'နေကြာရယ် ဒီလိုလုပ်မယ့်အစား အစ်ကို့ဆီကို ပြေးခဲ့ပါတော့လား'

'အစ်ကိုဆီ ဘယ်လိုလာရမလဲဆိုတာ နေကြာမှ မသိတာ ... ပြီးတော့ သူတို့က ရထားထွက်တဲ့အထိ ထိုင်စောင့်ကြည့်နေကြတာ ... နေကြာ့ကို လုံးဝအလစ်ပေးတာ မဟုတ်ဘူး အဲဒါ ကြောင့် ...'

မျက်ဝန်းအိမ်ထဲမှာ မျက်ရည်ဥကလေးတွေ တွဲခိုလာတာကို ခေါင်းငုံ့ကာ သုတ်ရင်း သူ့ကို ရှင်းပြလေသည်။

သူ့အစ်မနှင့် သူ့အမေက နေကြာ့ကို သွားတွေ့ခဲ့ကြသည် တဲ့။ နေကြာ့အဆောင်ကို သိသွားရခြင်းမှာ ဆိုင်က အရောင်းစာရေး တစ်ယောက်ယောက်ရဲ့ လက်ချက်ဖြစ်ပေလိမ့်မည်။ အမြဲတမ်း နေ

www.burmeseclassic.com

www.burmeseclassic.com



ကြာ့ကို မနာလိုနေပုံရတဲ့ သူခန့်ခဲ့မိတဲ့ အရောင်းစာရေးကောင်မလေးက အဖြစ်နိုင်ဆုံး။ ဒါပေမယ့် ဒါတွေက အခုအချိန်မှာ ဘာတစ်ခုမှ အရေးမကြီးတော့။ သူ့အမေနှင့် သူ့အစ်မတို့က နေကြာက သူ့ကို မနှောင့်ယှက်ဘဲ အိမ်ပြန်မည်ဆိုလျှင် လိုချင်သလောက် ပိုက်ဆံပေးမည်ဟု ဆိုသည်တဲ့။ အိမ်မပြန်လျှင် နေကြာ့အမေကို သွားခေါ်လာမည်ဟုလဲ ခြိမ်းခြောက်ကြသည်တဲ့။ ထို့နောက် နေကြာ့ကို ပစ္စည်းသိမ်းဖို့ အချိန်နည်းနည်းကလေးသာပေးကာ ရထားဖြင့် ချက်ခြင်းတင်လွှတ်လိုက်ကြသည်တဲ့။

သူ ဒီလောက် ရှင်းပြကာ အတန်တန်တားနေတဲ့ ကြားထဲက လုပ်ရက်ကြတဲ့ အမေနှင့်အစ်မကို သူ အလွန်အမင်း ဒေါသထွက်သွားမိသည်။ လူတစ်ဖက်သားမှာ အားကိုးရာမရှိပါဘူးဆိုမှ ဝိုင်းအနိုင်ကျင့်ချင်ကြသည်။

'တိတ် ... မငိုနဲ့တော့ ကလေးရယ် ... အစ်ကိုရှိနေပြီပဲ ... နောက်ဆို ဒါမျိုး လုံးဝ မဖြစ်စေရဘူး ... အစ်ကို မင်းကို တစ် သက်လုံး စောင့်ရှောက်မယ် ... ယုံနော်'

သူ အေးစက်နေတဲ့ လက်ဖျားကလေးတွေကို ဆွဲယူကာ ရင်ခွင်မှာ ကပ်ထားလိုက်မိသည်။

အဲဒီနောက်မှာတော့ အဖြစ်အပျက်တွေက လျှင်မြန်လွန်းလှသည်။ အချစ်ဆိုတာ တွေးခေါ်ဆင်ခြင်နိုင်ခြင်း နယ်မြေရဲ့ အပြင်ဘက်က ကိစ္စတစ်ခု မဟုတ်လား။ သူ သူမကို ရည်းစားစကားပဲ အရင်ပြောမိသလား၊ လက်ထပ်ခွင့်ပဲ အရင်တောင်းမိသလားဆိုတာကို

www.burmeseclassic.com

www.burmeseclassic.com



ပင် တိတိပပ မမှတ်မိတော့။ ထို့နောက် ပဲခူးက သူငယ်ချင်းတွေကို အသိသက်သေထားကာ ပဲခူးတရားရုံးမှာ လက်ထပ်ဖြစ်ခဲ့သည်။ သူငယ်ချင်းတွေက ဆွဲထားကြသဖြင့် ပဲခူးမှာ တစ်ညအိပ်ကာ လည်ပတ်ခဲ့ကြပြီး နှစ်ယောက်အတူ ဘဝသစ်တစ်ခုကို စတင်တည်ဆောက်ကြဖို့ အိပ်မက်သစ် အင်အားသစ်များဖြင့် သူတို့ ရန်ကုန်သို့ ပြန်လာခဲ့သည်။

သူ ရန်ကုန်ပြန်ရောက်တော့ ဆင်ခြေဖုံးရပ်ကွက်က သူငယ်ချင်းတစ်ယောက်အိမ်မှာ နေကြာ့ကို အပ်ထားခဲ့ပြီး အိမ်ကို သူ နေကြာ့ကို လက်ထပ်ခဲ့ပြီးပြီဖြစ်ကြောင်း သွားရောက်စစ်ကြေငြာကာကားနှင့် သူ့လက်ဝတ်လက်စားတွေကိုပါ ပြန်အပ်ခဲ့သည်။ အမေတို့အဖေတို့မှာ နှလုံး၊သွေးတိုးစတဲ့ ရောဂါကြီးကြီးကျယ်ကျယ်တွေ မရှိလို့ သူ့မှာ ဘာမှငဲ့စရာ မလိုတာကိုဘဲ သူ ကျေးဇူးတင်နေမိသေးသည်။

တစ်သက်လုံး ပြည့်ပြည့်စုံစုံ ကျကျနနနေလာခဲ့တဲ့ လိုတရ သူဌေးသားလေး စက္ကန့်မှူးရဲ့ ရုန်းကန်မှုဘဝက အခုမှ တကယ်ကို စပြီလေ။

***

သူ မျှော်လင့်ထားတဲ့အတိုင်းပါပဲ။ သူတို့ လက်ထပ်ပြီးလို့ ရက်အနည်းငယ် အကြာမှာ သတင်းစာထဲမှာ သူ့အတွက် အမွေပြတ်

www.burmeseclassic.com



ကြော်ငြာပါလာခဲ့သည်။ သူတို့အသိုင်းအဝိုင်းမှာက မိဘ သဘောမတူသူနှင့် ယူလျှင် အမွေဖြတ်ရမည်ဆိုတာ ပြဌာန်းထားတဲ့ ဥပဒေတစ်ရပ်လို ဖြစ်နေတာ ကြာခဲ့ပြီ မဟုတ်လား။ အမေတို့က သူ့ကိုပြတ်နိုင်တာ မပြတ်နိုင်တာ အပထား၊ အနည်းဆုံး ငွေမက်လို့ သူ့ကိုယူတယ်လို့ သူတို့ တထစ်ချ ယုံကြည်ထားတဲ့ နေကြာ နောက်ဆုတ်သွားအောင် ရည်ရွယ်ကာ အမွေဖြတ်မှာပဲဟု သူ ကြိုတွက်ထားပြီးသားဖြစ်သည်။ တကယ်တော့ ဒီကောင်မလေးခမျာမှာ သူ ဘယ်လောက်ချမ်းသာသလဲဆိုတာကို စိတ်မဝင်စားသလို သိလဲမသိရှာ။

သူ ကားနှင့် လက်ဝတ်လက်စားတွေကို ပြန်အပ်ခဲ့ပေမယ့် ဘဏ်ထဲမှာ အပ်ထားတဲ့ သူ့ပိုက်ဆံတွေကိုတော့ သူအလုပ်လုပ်လို့ ရထားတဲ့ လုပ်အားခတွေလို့ ယူဆမိတဲ့အတွက် ယူလာခဲ့သည်။ ကြိုတင်စီစဉ် အကွက်ချတတ်သူ ပီသစွာ သူတို့ နှစ်ယောက်နေဖို့ အိမ်ခန်းကလေးတစ်ခု ငှားရန်နှင့် သူ လုပ်ငန်းတစ်ခုခု စတင်ရန် ငွေလိုမည်ဆိုတာ သူ ကြိုတင်တွက်ဆခဲ့သည်လေ။ မြန်မာရပ်ကွက်ကလေးတစ်ခုထဲမှာ အိမ်ခန်းလေးတစ်ခုကို စပေါ်တင်ကာ ငှားပြီး သူတို့ဘဝကို စတင်ရန် ပြင်ဆင်ရတော့သည်။ နေကြာလေးကတော့ သူ လုပ်သမျှကို ဘာတစ်ခုမှ မပြော။ 'နေကြာ့ကြောင့် ကိုကို ဒုက္ခရောက်ရပြီ'ဟုသာ တတွတ်တွတ် အားနာစကား ဆိုလေသည်။

'ဟေ့ ... အဲဒါတွေ လာမပြောနဲ့ ... ကိုကို့ကို ချစ်လား ... ဒါပဲပြော'

'အင်းပါဆိုမှ'

www.burmeseclassic.com

www.burmeseclassic.com


'ဘာ အင်းပါလဲ ... ချစ်တယ်လို့ ပြော'
'ချစ်ပါတယ်ဆို ... ဒါပဲ တစ်နေ့လုံးမေးနေတာပဲ'
'နားထောင်လို့ မဝလို့ပါကွာ'

ပျားရည်ဆမ်းကာလဆိုသည့်အတိုင်း အိမ်ထောင်ဦးမှာ အရာရာတိုင်းဟာ ပျားရည်တွေလို ချိုမြနေခဲ့သည်။ ဘာတွေပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ပင်ပန်းခက်ခဲသည်ဟု မထင်။ ချစ်သူမျက်နှာကိုသာ တစ်ကမ္ဘာဟု ထင်မှတ်ကာ မျှော်လင့်ချက်တွေနှင့် တက်ကြွ ပျော်ရွှင်နေခဲ့သည်။ သူ အချစ်စစ်ကို အမှန်တကယ် တွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သူ ယုံကြည်သည်။ ပိုင်ဆိုင်ခွင့်ရပြီးပေမယ့် ရိုးမသွားလျော့မသွားဘဲ တစ်နေ့ထက် တစ်နေ့ ပိုပိုတိုးချစ်လာတဲ့ အချစ်တွေက သူ့ကို သက်သေပြနေခဲ့လေသည်။

စက္ကန့်မှူးက သူ့ရဲ့ ကြီးကျယ်လှတဲ့ စီးပွားရေးလုပ်ငန်းအိပ်မက်တွေကို မေ့ပစ်ကာ သူ့မှာရှိတဲ့ အရင်းအနှီးလေးနှင့် အကိုက်ညီဆုံး အလုပ်ကိုသာ လက်တွေ့ကျကျ ရွေးချယ်လိုက်ရသည်။ အဲဒါကတော့ လေးဘီးကားတစ်စီးကို စပေါ်တင်ကာ အငှားကားမောင်းခြင်း။ သူဌေးသားအဖြစ်နှင့် သိထားသူတွေရဲ့ ကရုဏာသက်သလိုလို လှောင်သလိုလို မျက်လုံးတွေ၊ အပြောတွေကို အခံရခက်ပေမယ့် အမှုမထားမိအောင် သူကြိုးစားသည်။ သူ့ဘဝမှာ နေကြာလေး ရှိနေရင် အရာရာ ပြီးပြည့်စုံနေပြီပဲလေ။

နေကြာကလည်း လိမ္မာသည်။ သူ့ကို ဘာမှ ပူဆာခြင်း ဂျီ ကျခြင်း မရှိ။ မထင်မှတ်ရလောက်အောင် အချက်အပြုတ်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကာ အိမ်မှုကိစ္စတွေကိုလည်း ကျွမ်းကျင်နိုင်နင်းလွန်းလှသဖြင့် သူ ပိုချစ်ရသည်။ သူမရဲ့ လက်ရာက သူ စားဖူးသမျှတွေထဲမှာ အ ကောင်းဆုံးဟုပင် ထင်မိသည်။ အစပိုင်းမှာ လျှပ်စစ်မီးဖိုကို တစ်ခါမှ အသုံးမပြုဖူးသဖြင့် မကိုင်တတ်တာလေးတစ်ခုသာ ပြောစရာရှိ သည်။ သူမတို့ ရွာမှာက လျှပ်စစ်မီးရှိပေမယ့် ညဘက်မှ ပေးတာမို့ သူမတို့အိမ်မှာ လျှပ်စစ်မီးဖို မသုံးဖူးတဲ့လေ။ သို့ပေမယ့် ဉာဏ် ကောင်းသူမို့ သင်ပေးလိုက်တာနှင့် ခဏလေးတတ်သွားသည်။ ထို သို့ ကိုင်တတ်သွား ပြန်တော့ အရဲလွန်ကာ သံမံတလင်းပေါ်မှာ ဖိ နပ်မစီးဘဲ ကိုင်လိုကိုင်၊ ရေစိုနေသည့် လက်ဖြင့် ကိုင်လိုကိုင်မို့ ဓာတ် လိုက်ပြီး ကြွတော့မှာပဲဟု သတိပေးကာ ဆူထားရသည်။

သူ့ဝင်ငွေလေးက သူအရင်က လုပ်ခဲ့တဲ့ လုပ်ငန်းတွေနှင့် စာလျှင် နည်းတယ်လို့ ဆိုနိုင်ပေမယ့် သူတို့နှစ်ယောက် အသက် ရှင် ရပ်တည်နိုင်ဖို့အတွက်ကတော့ မဆိုးလှဟု ဆိုရမည်။ အဖက် ဖက်က ပြည့်စုံခဲ့တဲ့ ဘဝကို စွန့်ခွာကာ အောက်ခြေနားက အလွှာ တစ်ခုကို ဆင်းသက်ခဲ့ရပေမယ့် သူ နောင်တမရပါ။ ကလေးလေးလို ဖြူစင်ပြီး ကံ့ကော်ပန်းလေးလို ဝင်းညက်နေသည့် ချစ်ရသူရဲ့ မျက်နှာ ကလေးပြုံးနေလျှင် သူ့အတွက် အရာရာ ပြည့်စုံနေပြီဟု ထင်ထား မိသည်။ သူမကလေးကလည်း သူ့လိုပဲ ရှိလိမ့်မည်ဟု သူ့ရင်ထဲက အနိုင်အမာကို ယုံကြည်နေခဲ့မိသည်လေ။

www.burmeseclassic.com

www.burmeseclassic.com

သူ့တို့ရဲ့ အိမ်ထောင်သက် နှစ်နှစ်တာကာလက သူ့ ဘ၀ တစ်လျှောက်လုံးမှာ အပျော်ဆုံးကာလ အမှန်တကယ်ကို ဖြစ်ခဲ့ပါသည်။ ထာ၀ရဆိုသည့် စိတ်ကူးမျှော်လင့်ချက်များဖြင့် ခိုင်မြဲစွာ တည်ဆောက်ခဲ့ကြတဲ့ အချစ်အိမ်ကလေး ယိုင်နဲ့လာလိမ့်မယ်လို့ သူ အိပ်မက်တောင် မမက်ခဲ့ဖူးတဲ့ကာလ။ သူတို့ နှစ်ဦးကြားက ခိုင်မာတဲ့ နားလည်ယုံကြည်ခြင်းတွေ တစ်ချိန်မှာ ပြိုပျက်စရာ အကြောင်းတွေ ပေါ်လာလိမ့်မယ်လို့ သူ ယောင်လို့တောင် မတွေးမိခဲ့ဘူးတဲ့ အချိန်လေးတွေပေါ့။

သူက သူ့ဇနီးသည်ကို ရိုးသားတဲ့ သာမန်အရပ်သူလေး တစ်ယောက်ဟုသာ မြင်ကာ ထက်သန် ပြင်းပြလွန်းလှတဲ့ သူမရဲ့ စိတ်ကူးအိပ်မက်တွေကို မေ့လျော့နေခဲ့မိသည်လေ။ ဒါတွေက မီးခဲ ပြာဖုံးသလို ခေတ္တ ငြိမ်သက်နေခြင်းသာ ဖြစ်ကြောင်း သူ ဘာလို့

www.burmeseclassic.com

www.burmeseclassic.com



တိုက်ရကာ ဝင်ငွေကောင်းသည့်အပြင် ထိုနေ့မှ သူမကို ထူးထူးကဲကဲ လွမ်းလာမိသဖြင့် ကားစောစောသိမ်းကာ အိမ်ပြန်လာခဲ့မိသည်။ အိမ်ရောက်တော့ အိမ်မှာ ဘယ်သူမှ မရှိ။ အိမ်တံခါးသော့ခတ်ထား တာကိုသာ တွေ့လိုက်ရတော့ သူ့ရင်ထဲ လစ်ဟာသွားသည်။

ခါတိုင်း သူ မရှိတဲ့ အချိန်တွေမှာရော နေကြာ ဒီလိုပဲ လျှောက်သွားနေတတ်သလား။ ဘယ်ကိုများ သွားနေတာပါလိမ့်။ သံသယအတွေးတွေက သူ့ကို နှိပ်စက်သည်။ ဟိုနား ဒီနား ခဏ သွားတာ ဖြစ်မှာပါ မကြာခင် ပြန်လာမှာပါဟု ကိုယ့်ကိုယ်ကို နှစ် သိမ့်နေသော စိတ်အတွေးက နာရီများစွာ ကြာလာတဲ့အခါ အစွမ်း သတ္တိတွေ ပျက်ပြယ်သွားခဲ့သည်။

ချစ်လွန်းတော့ သဝန်တိုသည်။ အကြွင်းမဲ့ ပိုင်ဆိုင်ခွင့်ကို ရချင်သည်။ ပြီးတော့ သူက scorpio လို့ခေါ်တဲ့ ဗြိစ္ဆာရာသီဖွား လေ။ အချစ်နှင့် ပတ်သက်ရင် အကုန်ရရင်ရ မရရင် ဘာမှ မလိုချင် ဘူးဆိုတဲ့လူစားမျိုး။ သူ့ဘက်က ရှိသမျှ အချစ်တွေ အကုန်လုံး ပေး ခဲ့သလို သူကလည်း ရနိုင်သမျှ အချစ်တွေ အကုန်ပြန်လိုချင်သည်။ အိမ်ထောင်သက် နှစ်နှစ်ပြည့်ခဲ့ပြီးတာတောင်မှ အပြင်ထွက်ကြလျှင် သူ့မိန်းမကို ဘယ်သူစေ့စေ့ကြည့်တာမှ သူ ခံနိုင်ရည် မရှိသေး။ ထို့အပြင် အခုအချိန်အထိ သူ့ဘက်က နေကြာ့အပေါ်မှာ ညာထား၊ လိမ်ထားတာ ဘာတစ်ခုမှ မရှိ။ သူ ဘာတွေလုပ်လုပ် နေကြာ့ကို အကုန် အသိပေးခဲ့တာချည်း။ ဒီတော့ သူမဘက်ကလည်း သူ့အ ပေါ်မှာ သူ့လို ထပ်တူထပ်မျှ ရိုးသားစေချင်သည်။ ဒီကမ္ဘာပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံးသူကိုမှ မယုံရလျှင် ဘယ်သူ့ကို သွားယုံရတော့မှာလဲ။ အခုတော့ သူမက သူ မသိအောင် ဘယ်တွေသွားလို့ ဘာတွေလုပ်နေသလဲ။

တစ်ယောက်တည်း အတွေးတွေ၊ သံသယတွေရဲ့ ဖိစီးနှိပ်စက်မှုအောက်မှာ အလူးအလဲ ခံကာ သူမ အပြန်ကို စောင့်မျှော်နေခဲ့ရ သည်။ သူ ခါတိုင်း ပြန်လာနေကျ အချိန်နီးမှ နေကြာ အိမ်ထဲကို ရွှင်မြူးစွာ ဝင်လာသည်။

သူမက သူ့ကို တွေ့လိုက်တော့ အံ့ဩဝမ်းသာသွားသည့် ပုံကို ပြကာ 'ဟယ် ... ကိုကို အစောကြီး ပြန်ရောက်နေတယ်' လို့ ဆိုလိုက်ပေမယ့် သူက မပြုံးဘဲ ရှုတည်တည်ဖြင့် ပြန်ကြည့်လိုက်မိသည်။ ဒီတော့ မျက်နှာကလေး ညှိုးသွားကာ 'ကိုကို ဘာဖြစ်လို့လဲ ... နေမကောင်းဘူးလား' ဟု မေးလေသည်။

'မင်း ဘယ်သွားနေတာလဲ'

သူမေးလိုက်သည့် လေသံက သူမကို တစ်ခါမှ မပြောခဲ့ဖူးသည့် လေသံမျိုးမို့ မျက်လုံးကလေးဝိုင်းကာ ကြောက်ရွံ့သွားသည်။

'ဟို .. ဟို .. ဒီလမ်းထဲက အစ်မကြီးတစ်ယောက်နဲ့ ရုပ်ရှင်ရိုက်ကွင်းကို လိုက်သွားကြည့်တာပါ ကိုကိုရဲ့ ... နေကြာလေ ရုပ်ရှင်ရိုက်တာကို အပြင်မှာ တစ်ခါမှ မမြင်ဖူးလို့ပါ ... အဲဒီအစ်မကြီးက ရုပ်ရှင်ထဲမှာ ပါရတယ် ကိုကိုရဲ့ ... မင်းသမီးတော့ မဟုတ်ဘူး ... နည်းနည်းပါးပါး တစ်ခန်း နှစ်ခန်းလေ ... မင်းသမီး

www.burmeseclassic.com

www.burmeseclassic.com



မင်းသားတွေ လက်ဖက်ရည်ဆိုင်ထိုင်တဲ့ အခန်းဆို သူတို့ကလည်း ဘေးဝိုင်းမှာ ဝင်ထိုင်ရတာပေါ့ ... မင်းသမီး မင်းသား စကားပြော နေတုန်းမှာ အနားက ဖြတ်သွားတာတို့ ဘာတို့ အဲလိုမျိုး... ရုပ်ရှင် ရိုက်တာကလေ ကြည့်ရတာကသာ ခဏလေး ... တစ်ခန်းတစ်ခန်း ကို အကြာကြီး ရိုက်ရတာ ... တော်တော်နဲ့ မပြီးနိုင်ဘူး ကိုကိုရဲ့ ... မှန်ထိုးတယ်ဆိုတာကလဲ မှန်အစစ်မှ မဟုတ်တာ ... ငွေရောင် အပြားကြီးနဲ့ ... ပြီးတော့ ... '

ပြောရင်း ပြောရင်းမှ စိတ်တွေ တက်ကြွလာသည့် သူမကို ကြည့်ကာ သူ စိတ်ဆိုးရမလား သနားရမလားပင် မသိတော့။ သူမ ပြောနေတာက သူတို့ အရပ်အခေါ် ဖြတ်လျှောက်လို့ ခေါ်တဲ့ အရေး မပါတဲ့ ဇာတ်ရံတစ်ယောက်ကို ပြောနေတာပဲဟု သူ သိလိုက်သည်။ ဒီလိုအခန်းတွေက ဘယ်သူမဆို ဝင်ရိုက်လို့ ရတာပဲလေ။ ဒီလိုလူ မျိုးနဲ့ ဘယ်လိုများ ရင်နှီးမိသွားတာပါလိမ့်။

'ကလေး ... သူနဲ့ ဘယ်လို သိရတာလဲ'

'ကိုကို့အတွက် ပုဆိုးသွားချုပ်ရင်း စက်ဆိုင်မှာ တွေ့ပြီး ခင်သွားတာ ... ကိုကိုက နေကြာလက်နဲ့ ချုပ်ပေးမှာကို ပင်ပန်းတယ် မလုပ်နဲ့လို့ ပြောတာကိုး ... သူက နေကြာ့ကို မြင်မြင်ချင်း ညီမ လေးလို ချစ်လို့တဲ့ ... နေကြာက သိပ်ချစ်စရာကောင်းတာပဲဆိုပြီး သူက စပြီး အသိဖွဲ့တာ ကိုကိုရဲ့'

သူ သက်ပြင်းတစ်ချက် ချလိုက်မိသည်။ သူ ဘယ်သူ့ကိုမှ စိတ်မချနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



'ကလေး ... မခင်မေကြည်ကို မေ့သွားပြီလား ... လူတွေကို အလွယ်တကူ ယုံပြီး ခေါ်တိုင်းလိုက်သွားတာပဲလား ကလေးရာ ... မင်း အဲဒီလိုလုပ်နေရင် ကိုကို ဘယ်လို အလုပ်ကို စိတ်ဖြောင့်လက်ဖြောင့် လုပ်ရမလဲ'

'ကိုကိုကလဲ ... သူက မခင်မေကြည်လို ဟုတ်ပုံမရပါဘူး ... ပြီးတော့ အခုဆို နေကြာက ရန်ကုန်မှာ သွားတတ်လာတတ် နေပြီပဲဥစ္စာ'

'မင်းက လူတွေကို သိပ်အယုံလွယ်တာပဲကွာ ... သူ့အကြောင်း မင်း ဘယ်လောက်သိသလဲ ... မင်းကို မင်းမသိတဲ့ တစ်နေရာရာ ခေါ်သွားရင်ရော ... မင်း ဘယ်လိုလုပ်မလဲ ... နောက်ကို အဲဒီလို ကိုကိုမသိဘဲ သူများတွေနဲ့ လိုက်မသွားဘူးလို့ ကိုကို့ကို ကတိပေး'

'ဟုတ်'

'ကလေးက သိပ်လိမ္မာတာပဲကွာ'

သူ ပျောက်ကွယ်သွားမှာ ကြောက်သလို ရင်ခွင်ထဲမှာ မလွတ်တမ်း ထွေးဖက်ထားလိုက်မိသည်။ ဝေးရမည့် အဖြစ်တွေ ဆုံးရှုံးရမည့် အခြေအနေတွေကို သူ လုံးဝ ရင်မဆိုင်ရဲ။

'ကိုကို့ကို ခွဲမသွားပါနဲ့နော်'ဟု တတွတ်တွတ် ဆိုနေမိ သည်။ ရှုးတယ်လို့ ပြောရင် ပြောကွာ။ ကိုယ်ဟာ အချစ်ရူးပဲ။ အိမ်ထောင်ကျပြီးတဲ့အခါ ယောကျ်ားတွေရဲ့ အချစ်က လျော့ပါးသွားတတ်တယ်လို့ ဘယ်သူပြောသလဲ။ တစ်နေ့ထက် တစ်နေ့ ပိုတိုးတိုး

www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ သူ့ရင်ထဲက အချစ်တွေကို လာတိုင်းတာကြည့်ရင် အဲဒီ သီအိုရီ မှားကြောင်း အားလုံးလက်ခံသွားလိမ့်မယ်။

ကလေးဟာ ကိုကို့ရဲ့ အချစ်ဦးမို့ ကိုကို ဒီလောက် ရှုံးရတာနဲ့ တူပါရဲ့ကွာ။

***

သူနှင့် သူမ ကြားမှာ ရှိသည့် ပြဿနာက အဲဒီလောက်နှင့် ပြီးဆုံးသွားခဲ့ပြီဟု သူ ယုံကြည်မျှော်လင့်ခဲ့မိတာ အလွန့်အလွန်ကို မှားသွားခဲ့သည်။ သူမဟာ သူမရဲ့ ရိုးသားဖြူစင်ကာ အပြစ်ကင်းတဲ့ မျက်နှာကလေးနှင့် မလိုက်အောင် ကတိစကားတစ်ခွန်းကို လွယ် လွယ်ပေးကာ လွယ်လွယ်ဖျက်တတ်သူတစ်ယောက်ဖြစ်ကြောင်း၊ လိမ်ညာဖို့ ဝန်မလေးတတ်သူတစ်ယောက်ဖြစ်ကြောင်း သူ အတော် လေးကို နောက်ကျပြီးမှ သိခွင့်ရခဲ့သည်လေ။

ပထမဆုံး သူ စတင်သတိပြုမိတာက အိမ်က အသုံးစရိတ် စာရင်းတွေ ကွာနေသည့်ကိစ္စ။ သူက စာရင်းအင်းနှင့် ပတ်သက်လျှင် တစ်ကျပ်တစ်ပြားကအစ စေ့စပ်သေချာသူမို့ အိမ်အသုံးစရိတ်တွေကို လည်း ပစ်စလတ်ခတ် မဖြစ်ရအောင် စာရင်းမှတ်ကာ သုံးစေခဲ့သည်။ တစ်နေ့ သူ ပျင်းပျင်းရှိတာနှင့် စာရင်းစာအုပ်ကို ယူကြည့်မိတော့ စာရင်းတွေ ကွာနေတာ သုံး၊လေးနေရာလောက် ရှိတာကို သတိပြုမိ သည်။ ပိုက်ဆံများ ကျပျောက်သလား၊ ဈေးဖိုးတွေများ မှားပြီး

www.burmeseclassic.com

www.burmeseclassic.com



ပိုပေးမိသလားဟု တွေးကာ နေကြာ့ကို မေးမိတော့ သူမက 'ဟိုဒင်းလေ ... ကလေး မုန့်ဝယ်စားမိတာ များသွားလို့'ဟု မရဲတရဲနှင့် ဆိုသည်။ သူက စေ့စပ်သေချာပေမယ့် ကပ်စေးနဲ တွန့်တိုသူ မဟုတ်တာကြောင့် ချစ်ရသူ မုန့်ဘယ်လောက်စားစား သူ မနမြောပါ။ သို့ပေမယ့် စာရင်းတွေကိုတော့ အတိအကျ ရှိစေချင်သည့်အတွက် 'မုန့်စားရင်လဲ မုန့်ဖိုးထည့်ပေါင်းထား ... မဟုတ်ရင် စာရင်းက ကွာနေရော'ဟု ဆိုလိုက်မိသည်။

ထိုသို့ဖြစ်ပြီး တစ်လခန့်အကြာမှာ ညဘက် သူမကို ရုပ်ရှင်လိုက်ပြရန်အတွက် သူ ကားသိမ်းပြီး အိမ်ပြန်လာခဲ့သည်။ အိမ်မှာ အဆင်သင့် ပြင်ဆင်ကာ စောင့်နေသည့် သူမ ဝတ်ထားသည်က သူ တစ်ခါမှ မမြင်ဘူးသည့် ရယ်ဒီမိတ်အင်္ကျီအကောင်းစားနှင့် တန်ဖိုးမြင့်မားသော လုံချည်အသစ်။

'ဟင် .. ဒီဝတ်စုံကို ကိုကို တစ်ခါမှ မမြင်ဘူးပါလား ... ဘယ်တုန်းက ချုပ်လိုက်တာလဲ'

'ဟို ... အစကတည်းက ရှိပါတယ် ကိုကိုရဲ့'

ညာနေမှန်းသိ၍ သူ ထောင်းခနဲ ဒေါသထွက်သွားသည်။

'ကိုကို့ကို မညာနဲ့ ... မင်းမှာရှိတဲ့ အဝတ်အစားတွေ အားလုံး ကိုကို မှတ်မိတယ်'

'ကိုကို သတိမထားမိလို့ ဖြစ်မှာပါ ... အစကတည်းက ရှိတာပါ'

သူ ရင်ထဲမှာ ပူလောင်သွားသည်။ အိမ်စရိတ်ကို လိုသ

www.burmeseclassic.com

www.burmeseclassic.com



လောက် စာရင်းနှင့် ထုတ်ပေးပြီး သူကသာ ပိုက်ဆံကိုင်ထားသူမို့ သူမမှာ ဒီလို အင်္ကျီမျိုးဝယ်ရလောက်အောင် ပိုက်ဆံ အပိုမရှိနိုင်မှန်း သူသိသည်။တကယ်လို့ ကိုယ့်ဖာသာကိုယ် ဝယ်တယ်ထား။ သူက ဘာပြောမှာမို့ ဒီလို ဖုံးကွယ်လိမ်ညာနေရမှာလဲ။ ဘုရား ... ဘုရား တစ်ယောက်ယောက်ကများ သူ့မိန်းမကို ပိုးကြေးပန်းကြေး ဝယ်ပေးနေတာလား။ ဒါမှမဟုတ် ... ။

အပျိုစင်ဘဝတုန်းကထက် တစ်စက်မှ မလျော့သည့်အပြင် ပိုတိုး၍သာ လှသထက်လှလာသည့် ဇနီးသည်လေးကို ကြည့်ရင်း သဝန်တိုစိတ်တွေ သံသယတွေ ဒေါသတွေနှင့် သူ ပူလောင်လာသည်။

'နေကြာ ... ငါ့ကို မလိမ်နဲ့'

ကလေးလေး ... ကိုကို့ရဲ့ကံကော်ပန်းကလေး ... နေကြာလေး စသဖြင့် ချစ်စနိုးခေါ်တတ်သူရဲ့ ပါးစပ်ဖျားမှ မာထန်သော လေသံကြောင့် တွန့်သွားကာ မျက်ရည်ဝဲလာပေမယ့် အမှန်အတိုင်း ဝန်ခံမည့်ပုံတော့ မပေါ်။

'နေကြာ ဘယ်မှာလိမ်လို့လဲလို့'

သူ့ ဒေါသကို သူ ဘယ်လိုမှ ထိန်းလို့မရတော့။ သူမကို တစ်ခုခု လုပ်ပစ်လိုက်ချင်ပေမယ့် မလုပ်ရက်တာကြောင့် အနားမှ ရှိသည့် သစ်သားကုလားထိုင်ကို ရိုက်ချိုးပစ်လိုက်မိသည်။ ဒီလောက်နှင့်လဲ သူ့ဒေါသကမပြေ။ နံရံကို လက်သီးနှင့် တဒုန်းဒုန်း ထုမိသည်အထိ စိတ်တွေက အုံကြွပေါက်ကွဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com


'ကိုကို ... ကိုကို'

'သွား .. ငါ့ကို မဆွဲနဲ့ ... ငါ့မှာတော့ မင်းကို ချစ်လိုက်ရတာ ... မင်းအတွက်နဲ့ အရာရာကို စွန့်လွှတ်ခဲ့တယ် ... မင်းကို အယုံကြီးယုံခဲ့တယ် ... မင်းအပေါ်မှာ ငါ့အချစ်တွေ အားလုံးပုံခဲ့တယ် ... အခုတော့ မင်းက ငါ့ကို လိမ်တယ် ... ငါ့ကွယ်ရာမှာ မင်း ဘာတွေလုပ်နေသလဲ ငါမသိဘူး ... ငါ မင်းကို ဘယ်လိုယုံရမလဲ ... သွားကွာ သွားစမ်း'

သူ့ကို အတင်းလာဆွဲသည့် နေကြာ့ကို သူ တွန်းလိုက်သဖြင့် အခန်းဒေါင့်မှာ ခွေခွေလေး လဲကျသွားသည်။ ဒေါသနှင့်မို့ အားဘယ်လောက်ပါသွားသည်ကို သူ မသိ။ စိတ်နာနေချိန်မို့ ဘာဖြစ်ဖြစ်ဟုတွေးကာ လှည့်မကြည့်ဘဲ အိမ်ရှေ့ဘက်ကို ထွက်လာကာ ဝရန်တာမှာ ထိုင်လိုက်မိသည်။

သူမကြောင့် သူ့မိသားစုကို သူစွန့်ခဲ့သည်။ သူ့မာနတွေအားလုံးကို အရည်ဖျော်ချခဲ့သည်။ သူမသာ သူ့ဘဝ သူမသာ သူ့ကမ္ဘာဟု အကြွင်းမဲ့မှတ်ယူထားခဲ့သည့် သူ့ကိုမှ လုပ်ရက်လွန်းသည်။ အင်္ကျီကလေး လုံချည်ကလေးတစ်ထည်က ကိစ္စမရှိလို့ ထင်ရပေမယ့် အဲဒီနောက်မှာ ဘယ်လောက်ကြီးကျယ်တဲ့ ပြဿနာတွေရှိနေသလဲ။ ဘာကြောင့် သူမ သူ့ကို လိမ်ရတာလဲ။ သူမ သူ့ကို ဘာတွေ ဖုံးကွယ်ထားတာလဲ။

ဦးနှောက်ထဲမှာ ဆူပွက်ပူလောင်ကာ ရှုပ်ထွေးပြီး သူ ဆောက်တည်ရာမဲ့နေသည်။ သူ ဘာဆက်လုပ်ရမည်မှန်း သူ လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



မသိတော့။ အတန်ကြာတော့ သူ့အနားကို နေကြာ မရဲတရဲနှင့် ရောက်လာသည်။

'ကိုကို နေကြာ့ကို ခွင့်လွှတ်ပါနော် ... နေကြာ အမှန်အတိုင်း ပြောပြပါ့မယ် ... နေကြာ ဒီအင်္ကျီနဲ့ ဒီလုံချည်ကလေးကို လိုချင်လွန်းလို့ ကိုကိုမသိအောင် ပိုက်ဆံခိုးစုပြီး ဝယ်မိတာပါ ... ဟိုတလောက ကိုကို စာရင်းတွေ ကွာနေတယ်ဆိုတာလေ .. အဲဒါ တကယ်က နေကြာ မုန့်စားပစ်လိုက်တာတွေ မဟုတ်ပါဘူး ... ဒီအင်္ကျီနဲ့ လုံချည်ဝယ်ဖို့ ပိုက်ဆံစုနေတာပါ'

သူ့ရင်ထဲမှာ ဖိစီးနေသည့် သံသယ အလုံးကြီး ပြုတ်ကျသွားသည်။

'အဲဒါများ ကိုကို့ကို ဘာလို့ စောစောက အမှန်အတိုင်း မပြောရတာလဲ'

'ဟို ... ကိုကို ဆူမှာစိုးလို့'

'ကိုယ့်မိန်းမ အင်္ကျီအသစ် လုံချည်အသစ် လိုချင်ရင် ကိုကိုကတောင် ဝယ်ပေးရမှာ ... ဒါဆူစရာလား ... ညာတာကိုသာ ကိုကိုက မုန်းတာ ... ကိုယ်တို့ကြားမှာ ဘာတစ်ခုမှ ကွယ်ဝှက်ထားစရာ မလိုဘူး ... ကိုကိုလည်း နေကြာ့ကို ဘာတစ်ခုမှ ဖုံးကွယ်မထားဘူး ... နေကြာလည်း နောက်ဘာမဆို ကိုကို့ကို အကုန် အမှန်အတိုင်း ပြောရမယ်နော်'

'ဟုတ် ... ကိုကို စိတ်ချနော် ... နေကြာ နောက်ကို ဘယ်တော့မှ ကိုကို့ကို မညာတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေ ပြေသွားပြီမို့ ချစ်ရသူအပေါ်မှာ ကြင်နာစိတ်တွေ ပြန်ဝင်လာကာ လက်ကလေးကို လှမ်းဆွဲလိုက်မိသည်။

'အား'

'ဟင် .. ဘာဖြစ်လို့လဲ ... ဟာ .. သွေးတွေပါလား'

'ဟုတ် .. ဟုတ်တယ် ... စောစောက ကိုကို တွန်းလိုက်လို့ လဲကျသွားတုန်းက အခန်းနံရံနဲ့ ပွန်းမိသွားတာ'

'ဖြစ်ရလေကလေးရယ် ... လာ ကိုကိုဆေးထည့်ပေးမယ် ဒဏ်ရာက နက်သလားမသိဘူး ... ကိုကို့ကို ခွင့်လွှတ်နော်'

အဲဒီနေ့က ရုပ်ရှင်လွတ်သွားတာကိုတောင်မှ သူတို့ ဂရုမစိုက်မိကြတော့။ ရန်ဖြစ်အပြီးမှာ ပိုမိုကြင်နာတတ်တဲ့ ချစ်ကြသူတို့ရဲ့ ထုံးစံအတိုင်း ချော့မဝ ချစ်မဝ ယုယကြင်နာလို့ မဝကြနဲ့ နှစ်ဦးသား အပျော်ကြီး ပျော်ခဲ့ကြတဲ့ ကာလကလေးတွေပေါ့။

***

ဒီကနေ့ မနက်ကတည်းက သူ နေလို့မကောင်းချင်။ ကားတစ်ခေါက်ဆွဲအပြီးမှာ သူ့ခေါင်းတွေ တစစ်စစ် ကိုက်ခဲကာ ကိုယ်တွေ ပူလာသဖြင့် သူ အိမ်ပြန်ကာ နားရန် ဆုံးဖြတ်လိုက်သည်။

အိမ်ကိုရောက်တော့ အပြင်က ခတ်ထားသည့် သော့ခလောက်ကြောင့် သူ့ရင်ဝကို ဆီးကန်ခြင်း ခံလိုက်ရသလို ခံစားလိုက်ရသည်။ ဒီမိန်းမ ဘယ်သွားပြန်ပြီလဲ။ သူ ဆေးသောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာပေါ်မှာ လှဲနေလိုက်ပေမယ့် ချက်ခြင်း အိပ်မပျော်နိုင်။ ဒေါသစိတ်က နဂိုကိုက်နေသည့် ခေါင်းကို ဝေဒနာ ပိုတိုးအောင် ပြုနေသည်။ သူ မျှော်ရင်း တစ်နာရီလောက်ကြာလာတဲ့အခါကျမှ စိတ်တွေ အနည်းငယ် ငြိမ်သက်သွားကာ ဆေးအရှိန်လဲတက်လာသဖြင့် ကိုယ်ပူကျပြီး ခေါင်းကိုက်သက်သာကာ အိပ်ပျော်သွားလေသည်။

သူ အိပ်ရာက နိုးလို့ နာရီကို လှမ်းကြည့်လိုက်တော့ ညနေလေးနာရီ ထိုးနေပြီ။ နေကြာ့ရဲ့ အရိပ်အယောင်ကိုတောင် မမြင်ရသေး။ ဒေါသတွေ ပြေသွားပြီမို့ စိုးရိမ်ပူပန်စိတ်တွေ ဝင်လာမိသည်။ သူမ တစ်ခုခုများ ဖြစ်နေပြီလား။ သူ ဘယ်တွေကိုများ လိုက်ရှာရပါ့မလဲ။ ရဲစခန်းမှာ လူပျောက်ပဲ ပြေးတိုင်ရကောင်းမလား။ သူ ငြိမ်ငြိမ်မနေနိုင်တော့သဖြင့် အိမ်ရှေ့ထွက်ကာ လမ်းမဘက်ကို မျှော်ကြည့်နေမိသည်။ သူ လှမ်းကြည့်နေဆဲမှာ လမ်းထဲကို ပြုံးပြုံးရွှင်ရွှင်ရယ် ရယ်မောမောနှင့် ဝင်လာသည့် နေကြာ့ကို တွေ့လိုက်ရသည်။ သူမ နံဘေးမှာ ရုပ်ရှင်ထဲမှာ အနည်းငယ်ပါဖူးသည်ဆိုသည့် သူတို့လမ်း ထဲမှ ရုပါဆိုတဲ့ အမျိုးသမီး။

မိတ်ကပ်အဖွေးသားနှင့် မျက်နှာတွေကို ကြည့်ကာ ဘာသွားလုပ်တယ်ဆိုတာကို ရိပ်မိသွားသဖြင့် သူ့ဒေါသတွေ ထောင်းခနဲ ပြန်ထလာသည်။ ဒီလောက်အတန်တန်တားတဲ့ကြားထဲက သူမသိအောင် ခိုးသွားသေးတဲ့ မိန်းမ။

'ဟယ် ... ကိုကို အစောကြီးပြန်ရောက်နေတယ်'

ရွှင်မြူးတဲ့ အသံနှင့် အနားရောက်လာသည့် သူမကို သူ

www.burmeseclassic.com

www.burmeseclassic.com



လှည့်မကြည့်ချင်လောက်အောင် ဒေါသတွေ ထွက်နေမိသည်။

'ကိုကို'

သူ့လက်မောင်းပေါ် ရောက်လာသည့် လက်ကို ပုတ်ချလိုက် မိသည်။

'မင်း ငါ့ကို လာမထိနဲ့'

'ဘာဖြစ်လို့လဲ ... ကိုကိုကလဲ'

'ဪ ... အခုထိ မသိချင်ယောင်ဆောင်နေသေးတယ်ပေါ့ ဟုတ်လား ... ငါက ဟိုမိန်းမနဲ့ ရုပ်ရှင်ရိုက်ကွင်းကို လိုက်မသွားပါနဲ့လို့ ဒီလောက်အတန်တန်တားထားတာတောင် မင်းက နားမထောင်ဘူး ... မင်း ငါ့ကွယ်ရာမှာ ဘာတွေလုပ်နေလဲ ငါမသိတော့ဘူး ... ငါ မင်းကို မယုံတော့ဘူး'

'ဒီတစ်ခါပဲ သွားတာပါ ကိုကိုရဲ့'

'မင်း ငါ့ကို ညာပြန်ပြီပေါ့ ဟုတ်လား ... ငါ့ကို နွားတစ်ကောင်လို မင်း လှည့်တိုင်းရမယ်လို့များ မှတ်နေသလား ... တော်ပြီ နေကြာ ... ငါ့မိဘတွေ စကားကို နားမထောင်ဘဲ မင်းကို ယူခဲ့မိတာ ငါမှားတယ် ... မင်း ငါ့ကို ဒီလို ဆက်လိမ်နေမယ်ဆိုရင် မင်းလမ်းကို မင်းဖာသာ မင်းလျှောက်တော့ ... မင်းကွာ .. ယောကျ်ားတစ်ယောက်လုံး နေမကောင်းဖြစ်နေတာတောင် မင်း မသိဘူး ... ထင်သလို လျှောက်သွားနေတယ် ... ငါ သေသွားလဲ မင်းသိလိုက်မှာ မဟုတ်ဘူး ... တော်ပြီ မင်းဖာသာမင်း ကြိုက်သလိုနေတော့ ... ငါ သွားတော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



သူ အချစ်ကြီးခဲ့သမျှ အမျက်လဲ ကြီးမိလေတော့သည်။

'ရော့ … ဒီမှာ မင်းအတွက်ပိုက်ဆံ … ငါရှာလို့ရသမျှ စုထားတာ အကုန်ပဲ … ငါတို့နှစ်ယောက်ဘဝရဲ့ ရှေ့ရေးအတွက် ငါစုဆောင်းထားခဲ့တာတွေလေ … အခုတော့ အားလုံး အလကားပါပဲ'

သူ အဝတ်အစားတွေကို ခရီးဆောင်အိတ်ထဲ ထည့်အပြီးမှာ သူ့ကို ကြောင်ငေးကြည့်နေတဲ့ နေကြာ့ကို ပိုက်ဆံတွေကို ပစ်ချပေးကာ လှည့်ထွက်လာခဲ့သည်။ သူ တံခါးဝကို အရောက်…

'ဟင့်အင်း .. ကိုကို မသွားရဘူး … ကိုကို နေကြာ့ကို မထားခဲ့ပါနဲ့'

သူ့ကို အနောက်မှ အတင်းဖက်ကာ ဆွဲထားသည့် နေကြာ့ကို သူ တွန်းဖယ်ပစ်လိုက်သည်။

'ကိုကို မသွားပါနဲ့ … နေကြာနောက်ကို ကိုကို မကြိုက်တာ ဘာတစ်ခုမှ မလုပ်တော့ပါဘူး … တကယ်ပါ .. ယုံပါနော်'

သူ အိမ်တံခါးချက်ကို ဖြုတ်ကာ ထွက်ရန် ပြင်နေဆဲ သူ့ခြေထောက်ကို စုံဖက်ကာ တောင်းပန်နေသည့် အသံကြောင့် သူ့ဒေါသတွေ အရည်ပျော်စ ပြုလာသည်။ နဂိုကလဲ အပြီးပစ်သွားဖို့ ရည်ရွယ်ချက်မှ မရှိတာဘဲ။ မှတ်လောက်သားလောက်အောင် ပညာပေးတဲ့ အနေနဲ့ ခဏပစ်ထားဖို့သာ စိတ်ကူးခဲ့တာ မဟုတ်လား။

သူ ငုံ့ကြည့်လိုက်တော့ မျက်ရည်တွေကြားမှ မော့ကြည့်နေသည့် သနားစရာ မျက်ဝန်းကလေး။ သူ့ရဲ့ တင်းမာနေတဲ့ အ

www.burmeseclassic.com



သည်းနှလုံးတွေအားလုံး ပျော့ကျသွားခဲ့လေပြီ။

'ဒါဆိုရင် ကိုကို မေးတာတွေအားလုံး အမှန်အတိုင်း ဖြေမလား'

'ဟုတ်'

'ကိုကိုမသိအောင် ရိုက်ကွင်းကို လိုက်သွားတာ ဘယ်နှစ်ကြိမ် ရှိပြီလဲ ... အမှန်အတိုင်း ဖြေနော် ... ဒီတစ်ခါ လိမ်ရင် လုံးဝကို ခွင့်မလွှတ်တော့ဖူး'

'ဟုတ် .. နေကြာမညာပါဘူး ... အခုပါနဲ့ဆိုမှ ငါးကြိမ်ပဲ ရှိပါသေးတယ်'

'ဘာ'

ငါးကြိမ်ဆိုတာ နည်းနည်းနောနောမှ မဟုတ်တာ။

'မင်းကွာ'

'ဟိုလေ .. ကိုကို မကြိုက်ဖူးဆိုရင် နေကြာ မသွားတော့ပါဘူး ကိုကိုရဲ့ ... နေကြာ့ကိုလေ ဒါရိုက်တာကြီးက မင်းသမီး လုပ်မလား ... ဖြစ်နိုင်တယ်တဲ့ ... အခုတစ်ခန်းမှာ လူလိုလို့ သူနာပြုဆရာမအဖြစ် ဝင်သရုပ်ဆောင်ပေးခဲ့ရတာ ကိုကိုရဲ့ ... မရှုပါတို့လို ဇာတ်ပို့တွေ အများကြီးထဲကမှ နေကြာ့ကို ရွေးခေါ်တာ ကိုကိုရ'

ဒီလိုလိုက်သွားလို့ ဒီလောက် ပြဿနာတက်ထားတာကိုတောင် အမှတ်ရှိပုံမရဘဲ ဝမ်းသာအားရ ပြောနေသည့် ဇနီးဖြစ်သူကို ကြည့်ကာ သူ အလွန်အမင်း စိတ်ပျက်သွားမိသည်။

'မင်းကွာ .. အဲဒီအသိုင်းအဝိုင်းက သိပ်ရှုပ်တာ ... မင်းလို

www.burmeseclassic.com



အဲဒီအသိုင်းအဝိုင်းနဲ့ ကိုကို လုံးဝ မပတ်သက်စေချင်ဘူး … နောက် နောင် အဲဒီအသံတွေလဲ လုံးဝ ထပ်မကြားချင်ဘူး ကိုကို့ကို ကတိပေး မလား’

‘ဟုတ် .. ကိုကို မကြိုက်တာဆို နေကြာဘာမှ မလုပ်တော့ ပါဘူး … ကိုကိုသာ နေကြာ့ကို ခွဲမသွားနဲ့နော် … နေကြာ့ဘဝမှာ ကိုကိုတစ်ယောက်တည်း ရှိတာပါ’

ရင်ခွင်ထဲကို ခိုဝင်ကာ ဒီလို စကားလုံးတွေနှင့် ချွဲနွဲ့လာ တော့ သူဘယ်လို အင်အားတွေနှင့်များ တင်းခံနိုင်အုံးမှာလဲ။ မင်း ကြောင့် ခက်ပါတယ် နေကြာကလေးရယ်။

***

သူ အခုတလော အလုပ်လုပ်ရတာ စိတ်မဖြောင့်။ နေကြာ့ ကို စိတ်မချသဖြင့် အိမ်ကို ပြန်နေကျ အချိန်တွေ မဟုတ်ဘဲ ပြန်ပြန် လာကာ စစ်ဆေးနေရသည်။ အိမ်မှာ သူမကို တွေ့ရမှ သူ စိတ်အေး နိုင်သည်။

သူ အလုပ်ကို ကြိုးစားလုပ်နေတာ တခြားမဟုတ်။ သူ့မှာ ရည်မှန်းချက်တွေ ရှိသည်။ သူ ကားတစ်စီး ကိုယ်ပိုင်ဝယ်နိုင်လျှင် သူ ပိုက်ဆံပိုရှာနိုင်လာမည်။ အဲဒီအခါ သူတို့အတွက် အိမ်ခန်းလေး တစ်ခန်းဝယ်မည်ဟု သူ ဆုံးဖြတ်ထားခဲ့သည်။ အခု ကားဝယ်ဖို့ ပိုက်ဆံပြည့်ရန် သိပ်မလိုတော့။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအချိန်မှာ နေကြာက သူမ ကိုယ်ဝန်ရှိနေပြီဟု သူ့ကို အသိပေးလာသဖြင့် သူ အလွန် ဝမ်းသာသွားမိသည်။ ဒါဆို နေကြာလည်း တည်တည်ငြိမ်ငြိမ်ဖြစ်သွားမည်။ သူတို့ရဲ့ အချစ်အိမ်ကလေးလည်း ပိုခိုင်မာသွားမည်ဟု သူတွေးကာ အပျော်ကြီး ပျော်နေမိသည်။

တစ်ရက် သူ အိမ်ကို စောစောပြန်အလာ အထဲက စကားသံတွေ ကြားသဖြင့် တံခါး မခေါက်သေးဘဲ အသာ နားထောင်နေလိုက်မိသည်။

'လနုတုန်းမှာ လုပ်စရာရှိတာ လုပ်ပစ်လိုက်ပေါ့ နေကြာရဲ့ ... ဒီလို အခွင့်အရေးမျိုးဆိုတာ နှစ်ခါ မလာဘူး ... ငါသာ ဒီလို အခန်းမျိုး သရုပ်ဆောင်ရမယ်ဆိုလို့ကတော့ ဟင်း ... ဘာပဲလုပ်ရ လုပ်ရ'

ဘုရား ... ဘုရား။ သူ့ရင်တွေ တဒိန်းဒိန်းခုန်လာသည်။ ယုတ်မာပက်စက်လှချည်လား။ ဒီအမျိုးသမီးရဲ့ စကားကို ယောင်လို့တောင် နားမယောင်လိုက်ပါနဲ့ နေကြာရယ်။ သူတို့ရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ရင်သွေးကလေးကိုများ ပုရွတ်ဆိတ်တစ်ကောင်လို လက်လွတ်စပယ် ပြောရက်လိုက်တာ။

နေကြာ ဘာပြန်ပြောသည်ဆိုတာကို သူမကြားရ။

'အေးပါဟယ် ... ငါက စေတနာနဲ့ ပြောမိတာပါ ... နင် စဉ်းစားဦးပေါ့' ဆိုသည့် ထိုအမျိုးသမီး၏ အသံကိုသာ သူ ဆက်ကြားရသည်။

တံခါးဖွင့်သံကြားမှ သူ သတိပြန်ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'သြော် ... ကိုစက္ကန့်မှုး ပြန်လာပြီလား'

သူ စိတ်တွင်းက သတ်ပစ်ချင်လောက်အောင် ရွံရှာစက်ဆုတ်မိနေတဲ့ အမျိုးသမီးကို ခေါင်းသာ ညိတ်ပြကာ အိမ်ထဲ ဝင်လာခဲ့သည်။ ထိုအမျိုးသမီး လှေကားက ဆင်းသွားမှ

'အဲဒီအမျိုးသမီးက ဘာတွေလာပြောသွားတာလဲ နေကြာ' ဟု သူမေးလိုက်မိသည်။

'ဘာမှ မဟုတ်ပါဘူး ကိုကိုရဲ့ ... နေကြာတစ်ယောက်တည်း ပျင်းနေလို့ စကားလာပြောတာပါ'

သူ ဘာမှ အတင်းမေးမနေချင်တော့သဖြင့်

'ကိုယ်တို့ ရင်သွေးလေးကို ဖျက်ဆီးပစ်ဖို့များ ယောင်လို့တောင် စိတ်မကူးပါနဲ့နော် ... အဲဒါက တရားဥပဒေအရ ရာဇဝတ်မှုဖြစ်တဲ့အပြင် ဘာသာရေးအရလဲ ပါဏာတိပါတာကံကို ကျူးလွန်တာပဲ ... အရမ်းငရဲကြီးတယ် နေကြာရဲ့'ဟုသာ ပြောချလိုက်မိသည်။

'ကြံကြီးစည်ရာ ကိုကိုရယ် ... နေကြာလုပ်ပါ့မလား ... ဒီမှာ မီးမီးလေးလား သားသားလေးလားလို့ တွေးတွေးပြီး နေ့တိုင်း ရင်ခုန်နေရတာ ကိုကိုရဲ့ ... ကိုကိုရော ဘာလေးလိုချင်လဲဟင် ... နောက်ထပ်(ရ)လနီးပါးတောင် စောင့်ရအုံးမှာဆိုတော့ အကြာကြီးပဲနော်'

အပြစ်ကင်းစင်တဲ့ မျက်နှာကလေးကို ကြည့်ကာ သူပဲ နားကြားလွဲမိသလားဟုပင် ကိုယ့်ကိုယ်ကို သံသယတွေ ဝင်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုကိုက ဘာလေးဖြစ်ဖြစ် ချစ်မှာကွ'

'အမြွှာလေးဆို သိပ်ကောင်းမှာပဲနော် ... မိန်းကလေးတစ်ယောက် ယောကျ်ားလေးတစ်ယောက်'

'ဒေါ်လောဘလေး ... တော်ကြာ တကယ်အမြွှာပူးလေး မွေးနေမှ မနိုင်ဘဲနေလိမ့်မယ်'

'အံမာ ... ဘာလို့ မနိုင်ရမှာလဲ ... နေကြာက မောင်လေးတွေကို ငယ်ငယ်ကလေးကတည်းက ထိန်းလာတာ ... ကလေးဘယ်လို ထိန်းရမယ်ဆိုတာ သိပြီးသား'

'ကဲ ... မွေးစေဗျား ... မွေးစေ'

'ဟွန်း ... ကိုကိုက ခွင့်ပေးတိုင်း မွေးလို့ရမှာ ကျလို့'

ပျော်ရွှင်ကြည်နူးစွာ ရယ်မောရင်း သံသယတွေ လွင့်စင်ပျောက်ကွယ်သွားပြန်သည်။ အဲဒီအတိုင်း ထာဝရ ပျော်ရွှင်နေတဲ့ အချစ်ကမ္ဘာကလေးကို အမြဲတမ်း ပိုင်ဆိုင်ပါရစေဟု သူ ဆုတောင်းလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ စိုးရိမ်နေမိပေမယ့် တကယ်တမ်း ဖြစ်လာလိမ့်မည်ဟု တော့ လုံးဝ ထင်မှတ်မထားမိခဲ့တဲ့ အဖြစ်။

'နေကြာ ကလေးပျက်ကျလို့ ဆေးရုံကို အမြန်လိုက်ခဲ့ပါ' တဲ့။

သူ့ကို ဘေးအိမ်က ဆီးပေးလိုက်တဲ့ သတင်းစကား။ ရင်ထဲ ဆို့နင့်ကာ အသက်ရှူမှားသွားသည်။ တကယ်ကို ရက်ရက်စက်စက် လုပ်ပစ်လိုက်တာလား ။ တိုက်ဆိုင်မှုလား။ သံသယစိတ်နှင့် နှမြော တသစိတ်တွေ သူ့ခေါင်းထဲမှာ ရှုပ်ထွေးကာ ဗဟိုအမျိုးသမီးဆေးရုံ ကို ဘယ်လိုရောက်လာခဲ့မှန်းပင် မသိလိုက်။ လမ်းမှာ ကားတိုက်မလို နှစ်ကြိမ်ပင် ဖြစ်ခဲ့လေသည်။

ဆေးရုံရောက်တော့ သူ့အရင် ရောက်နှင့်နေသည့် မိတ် ကပ်အဖွေးသားနှင့်မရှုပါကို တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'နေကြာရော ... နေကြာရော' ဟု သူ အမောတကော မေးမိတော့ ခွဲခန်းထဲဝင်ကာ အရေးပေါ် သားအိမ်ခြစ်နေသည်ဟု သိရသည်။ သွေးပင်သွင်းရသည်တဲ့။ သူ့ရင်ထဲမှာ မီးတောက်သလို ပူပန်သောကတွေနှင့် လောင်မြိုက်နေသည်။ ဘယ်ကနေ ဘယ်လိုဖြစ်တာလဲဟု မေးမိတော့ ရိုက်ကွင်းက အပြန်မှာ ချော်လဲရာက ဖြစ်တာတဲ့။

သူ မသွားပါနဲ့လို့ အတန်တန်တားထားတဲ့ ဒီရိုက်ကွင်းကိုမှ ဘာလို့လိုက်သွားရတာလဲ။ အခုတော့ သူတို့ရဲ့ ရင်သွေးလေး ... ။ သူ နှမြောလွန်း၍ ယောက်ျားတန်မဲ့ မျက်ရည်ပင် လည်လာမိသည်။ ထို့အပြင် သွေးရိုးသားရိုးမှ ဟုတ်ရဲ့လားဆိုတဲ့ သံသယက သူ့ကို ပြင်းထန်စွာ နှိပ်စက်နေသည်။

ညနေလူနာကြည့်ချိန်ကျမှ လက်တစ်ဖက်က ဒရစ်ပိုက်တန်းလန်းနှင့် ဖျော့တော့နေသော နေကြာ့ကို သူ ဝင်တွေ့ခွင့်ရလေသည်။ သူ့ကို အားကိုးတကြီး လှမ်းကြည့်နေသည့် နေကြာ့လက်ကို အားပေးသလို လှမ်းဆုတ်ကိုင်မိဆဲ ...

'ကိုကို ... နေကြာ့ကို ခွင့်လွှတ်ပါနော်' တဲ့။

သူ ဆတ်ခနဲ ဖြစ်သွားသည်။ ဘာကို ဆိုလိုတာလဲ။

'အေး ... ကိုယ့်ဖာသာကိုယ် အပြင်မှာ ထင်တိုင်းတွေ လုပ်လာကြ ... ဒုက္ခရောက်တော့မှ ဆေးရုံကို ပြေးလာပြီး အမေကယ်ပါ အဘကယ်ပါနဲ့ ... ဟင်း ... မပြောလိုက်ချင်ဘူး'

အပြင်ဘက်မှ သူနာပြုဆရာမတစ်ဦးရဲ့ ကရုဏာဒေါသသံကို ကြားလိုက်ရသည်။ သူတို့ကို စောင်းပြောနေတာလား။ ဒါမှမ

www.burmeseclassic.com

www.burmeseclassic.com



သူ အပြစ်မရှိပါဘဲ အပြစ်ရှိသလို ခံစားလိုက်ရကာ မျက်နှာတွေ ပူနွေးသွားမိသည်။ ဖြူကာ ဖျော့တော့နေသည့် မျက်နှာကလေးကို လှမ်းကြည့်မိပြန်တော့ အပြစ်ကင်းစင်တဲ့ ကလေးလေးသဖွယ်။ သို့ပေမယ့် ဒီရုပ်ကလေး ဒီအမူအရာကလေးဖြင့် သူ့ကို ခပ်တည်တည်နှင့် လိမ်ခဲ့တာ ဘယ်နှစ်ကြိမ် ရှိခဲ့ပြီလဲ။

သံသယစိတ်တွေ အခံရခက်လောက်အောင် နှိပ်စက်ကာ ရင် ထဲ ပူလောင်နေပေမယ့် ဘာမှ မပြောမိအောင် သူ့ကိုယ်သူ ထိန်း လိုက်သည်။ နေမကောင်းဖြစ်နေစဉ်မှာ သူ ဘာမှ မပြောသင့်။ ဆေးရုံ က ဆင်းလာချိန်ကျမှ စာရင်းရှင်းရမည်။ တကယ်လို့ လူမဆန်စွာ လုပ်ရက်ခဲ့တာ ဆိုရင်တော့ သူနှင့် နေကြာ ဒီဘဝမှာ ကိစ္စပြတ်ပြီ။ ဒီကိစ္စမျိုးကို သူ ဘယ်လိုနည်းနှင့်မှ ခွင့်မလွှတ်နိုင်။ ဒီလိုမိန်းမမျိုးကို လည်း သူ ဘယ်လိုနည်းနှင့်မှ ဆက်မပေါင်းနိုင်။

အိမ်ပြန်ရောက်လို့ သူ ထိန်းထားခဲ့ရသမျှတွေကို ဖြေချလိုက်ချိန်မှာတော့ ယောက်ျားတန်မဲ့ ရှိုက်ကြီးတငင် ငိုချလိုက်မိသည်အထိ သူ ကြေကွဲခံစားရသည်။ လုပ်ရက်လိုက်တာ။ ရခဲလှတဲ့ အသက်တစ်ချောင်းကို။ ပြီးတော့ သူ့ရင်သွေးလေး။ မသေချာသေးတဲ့ အဖြေတစ်ခုကို သူ့ရင်ထဲက ဘာကြောင့် အခိုင်အမာ ယုံကြည်ပြီး ဖြစ်နေရတာလဲ။ ရင်တစ်ခုလုံး မီးတောက်သလို ပူလောင်ကာ အခံရခက်လွန်းနေသည်။ ငရဲဆိုတာ ဒါပဲလား။ ဒါမိဘတွေရဲ့ စကားကို နားမထောင်ခဲ့မိလို့ သူ ငရဲကြီးနေတာလား။ မိဘတွေ အပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com


ဆိုးခဲ့သမျှတွေ သူ ဝင့်လည်နေတာလား။ သူ အိမ်က ထွက်လာခဲ့ပြီး ကတည်းက မိဘတွေကို သူ လုံးဝ ပြန်လှည့်မကြည့်ခဲ့။ သူ လုပ်သမျှ မှန်သည်ဟု တွေးကာ မိဘတွေ အပေါ်မှာ စော်ကား ရိုင်းပြခဲ့သည်။ မိဘမျက်ရည်ကျအောင် လုပ်တဲ့ သားသမီးဆိုတာ ဒုက္ခရောက်တာပဲ ဆိုသည့် ငယ်စဉ်ကတည်းက မကြာခဏ ကြားဖူးနေသည့် စကား တွေကို ပြန်သတိရလာသည်။ သူ့ရဲ့ မြင်ပင် မမြင်ဖူးလိုက်ရတဲ့ ရင် သွေးလေးကို ပြင်းထန်စွာ ချစ်တဲ့ အချစ်က မိဘတွေ သူ့အပေါ် ချစ်တဲ့ အချစ်ကို နားလည်သဘောပေါက်လာစေခဲ့သည်။

သူ့အပေါ်မှာ အစစအရာရာ သည်းခံကာ ဘာတစ်ခုမှ မငြို ငြင်ရအောင် လိုသမျှ ဖြည့်ဆည်းပေးခဲ့သည့် အမေရဲ့ မေတ္တာတရား တွေ။ ကိုယ့်ခြေထောက်ပေါ်ကိုယ် လုံးဝ ရပ်တည်လိုက်ချိန်ကျမှ ဘယ်လောက်ကြီးမားခဲ့တယ်ဆိုတာကို သဘောပေါက်လာခဲ့ရတဲ့ အ ဖေ့ရဲ့ ကျေးဇူးတရားတွေ။ သူ တင်းထားတဲ့စိတ်တွေ လျော့ကျကာ မိဘတွေကို အလွန်အမင်း သတိရလာသည်။ သားကို ခွင့်လွှတ်ပါ ဖေဖေနဲ့ မေမေရယ်။ သား အလွန့်အလွန်ကို မှားခဲ့ပါတယ်။ မိန်းမ တစ်ယောက်အတွက် မွှန်ထူပြီး မေမေတို့ စကားတွေကို နားမဝင် နိုင်အောင် ဖြစ်ခဲ့သမျှ အခုတော့ သားခံနေရပြီလေ။

နေကြာ ... နေကြာ။ မင်းဟာ ငါ့မေတ္တာတွေ ငါ့အချစ် တွေနဲ့ လုံးဝ မထိုက်တန်တဲ့ မိန်းမပဲ။ ငါရဲ့ တည်ငြိမ်အေးချမ်းတဲ့ ဘဝလေး မင်းကြောင့် ပျက်စီးခဲ့ရတယ်။ ငါ့ဘက်က အစွမ်းကုန် စွန့်လွှတ်ခဲ့တာကို မင်းက မမြင်နိုင်ဘူး။ မင်း သိပ်ရက်စက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းမ။ သိပ်အတ္တကြီးတဲ့ မိန်းမ။

ချစ်ခဲ့စဉ်က အရာရာ အကောင်းမြင်ခဲ့သမျှ မုန်းချိန်မှာ အားလုံး အပြစ်တွေ ဖြစ်ခဲ့လေပြီ။ သူမ မျက်နှာကို သူ ထပ်မကြည့်ချင်။ သူမကို သူ လုံးဝ ထပ်မတွေ့ချင်။ သို့ပေမယ့် ဒီအတိုင်း ထားပစ်ခဲ့လို့ကလဲ မဖြစ်နိုင်သေး။ လူပီသသည့် စိတ်ရှိသူမို့ ဆေးရုံပေါ် ရောက်နေသူတစ်ယောက်ကို ဒီအတိုင်း ထားခဲ့ဖို့ သူ ဝန်လေးသည်။ တစ်ဖက်ကလဲ သူ့အပြစ်နှင့် သူ ခံရတာပဲဟု တွေးကာ ကရုဏာ တစ်စက်မှ မထားနိုင်အောင် ဖြစ်နေသည်။ အနားမှာသာ ရှိနေမည် ဆိုပါက ခွေးမ၊ တိရိစ္ဆာန်မဟု အော်ဟစ်ကာ ရိုက်နှက်ပစ်လိုက်ချင် စိတ်မျိုးပင် ဝင်လာမိသည်။

သူ ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာ မချနိုင်သေးသဖြင့် တစ်ညလုံး အိပ်မပျော်။ မနက် လူနာကြည့်ချိန်နီးချိန်မှာတော့ ဒီ တစ်ရက်ကလေး သူ စောင့်ကြည့်မည်။ ပြီးမှ သေချာတဲ့ အဖြေကို မေးကာ သူ ဆုံးဖြတ်မည်ဟု တွေးကာ ဆေးရုံကို ထွက်လာခဲ့မိလေ တော့သည်။

***

'ကိုကို ဘာဖြစ်နေတာလဲဟင်'

ဆေးရုံကိုရောက်လို့ သူမ ခုတင်ဘေးမှာ ဝင်ထိုင်မိစဉ်မှာပဲ နေကြာက သူ့ကို လှမ်းမေးသည်။ သူ့ အမူအရာ ပျက်ယွင်းမှုက

www.burmeseclassic.com

www.burmeseclassic.com



သိသာလွန်းနေပုံရသည်။

'ဘာမှမဖြစ်ပါဘူး ... နေကောင်းရဲ့လား'

သူ့လေသံက ဝတ်ကျေတမ်းကျေ ဖြစ်နေတာကို သူ ဘယ်လိုမှ မတတ်နိုင်။

'ကောင်းသွားပါပြီ ... မနက်က ဆရာဝန်မကြီး ရောင်းဒ်လှည့်တော့ ဘာမှ စိုးရိမ်စရာ မရှိတော့ဘူးလို့ ပြောသွားတယ် ... ဒါပေမယ့် ဆေးရုံမှာတော့ နေရအုံးမယ်တဲ့ ... နေကြာက ဆင်းချင်လှပြီ ကိုကိုရဲ့'

'အင်း ... ကောင်းသွားရင်တော့ ဆင်းရမှာပေါ့'

'ကိုကို့ကို ကြည့်ရတာ တစ်မျိုးကြီးပဲကွာ ... ဘာဖြစ်နေသလဲ ... နေမကောင်းဘူးလား ... ဒါမှမဟုတ် နေကြာ့ကို စိတ်ဆိုးနေတာလား'

'မဟုတ်ပါဘူး'

သူ ပြောချင်လွန်းနေသည့် စကားတွေကို စပြောဖို့ အလွန်ခက်ခဲနေရတာ ဘာကြောင့်လဲ။ တစ်ညလုံး အထပ်ထပ်အခါခါ စဉ်းစားနေခဲ့သည့် မေးခွန်းတွေကို ပါးစပ်က ဘာလို့ ထွက်မလာနိုင်ရတာလဲ။ အို ... ရှုပ်ပါတယ်။ လုံးဝနေကောင်းပြီး ဆေးရုံက ဆင်းလာတော့မှ စာရင်းရှင်းတာပဲ ကောင်းမယ်ထင်ပါရဲ့။

သူ စဉ်းစားနေမိဆဲ ဂျူတီကုတ်ကလေးနှင့် ဆရာဝန်မလေးနှစ်ယောက် သူတို့အနားသို့ ရောက်လာသည်။ ထို့နောက် ခုတင်ခြေရင်းမှာ ချိတ်ထားတဲ့ လူနာမှတ်တမ်းကို ယူကြည့်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က သူ့အဖော်ကို

'အဲဒါ မနေ့က ရောက်တဲ့တစ်ယောက် မဟုတ်လား'ဟု လှမ်းမေးလိုက်သည်။

'ဟုတ်တယ် ... မနေ့က တင်တာပဲ ... မရည်မွန်ပြောတဲ့ တစ်ယောက်ဖြစ်မယ်ထင်တယ် ... အရေးပေါ်သားအိမ်ခြစ်ရတယ် ဆိုတာ'

'အင်း ... လူတွေက ခက်တယ် ... ကိုယ့်အန္တရာယ်ကို ကိုယ် မသိကြဘူး ... ထင်တိုင်းလုပ်ရဲကြတာ အံ့ပါရဲ့ ... ဖြစ်လာမှ ဆေးရုံ ကို သတိရကြတယ် ... လုပ်ပေးရဲတဲ့သူတွေကလဲ လုပ်ပေးရဲကြ တယ် ... တကယ်ပါပဲ'

သူတို့ဖာသာ သူတို့ပြောကြရင်း အခန်းထဲက ထွက်အသွား မှာ နားထောင်နေသူ စက္ကန့်မျှးတစ်ယောက် တဆတ်ဆတ်တုန်ကာ ကျန်ခဲ့လေသည်။

'နေကြာ ... သူတို့ပြောသွားတာ ဟုတ်သလား'

'ဘာလဲ ကိုကိုရဲ့'

'မင်း ... မင်း ... အပြင်မှာ ကိုယ်ဝန်ဖျက်ချလာခဲ့တယ်ဆို တာ'

'ဟင် ... မဟုတ်ပါဘူး ... သူတို့က အဲဒီလိုပြောလို့လား'

'အဲဒီလို မပြောပေမယ့် ဘာကို ဆိုလိုတယ်ဆိုတာ လူတိုင်း နားလည်တယ်ကွ ... မင်း ငါ့ကို ညာဖို့ မကြိုးစားနဲ့ ... ငါ အမှန် အတိုင်း သိချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘုရားစူးရပါစေရဲ့ ကိုကိုရယ် ... တကယ်ပါ ... သူ့ဖာသာသူ ပျက်ကျတာပါ ကိုကိုရယ် ... နေကြာ့ကို စွပ်စွဲရက်လိုက်တာ'

တဆတ်ဆတ်တုန်ရီနေတဲ့ နှုတ်ခမ်းသားများနှင့် ပါးပြင်ပေါ် လိမ့်ကာစီးကျလာတဲ့ မျက်ရည်စများကို မာယာပိုခြင်းဟုသာ သတ်မှတ်မိသည်အထိ သူ့နှလုံးသားများက မာကြောသွားခဲ့လေပြီ။

'ဒီမှာ နေကြာ .. ငါ မင်းကို အရမ်းချစ်ခဲ့ပါတယ် ... ဒါပေမယ့် မင်းနဲ့ငါ ရေ့ဆက်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး ... မင်း ငါ့ကို အခုအချိန်အထိ လိမ်ညာနေတုန်းလား'

'နေကြာ လိမ်နေတာ မဟုတ်ဘူး ကိုကိုရဲ့'

'အဟက်'

သူ လှောင်ရယ်ရယ်လိုက်မိသည်။ ဒီလိုနည်းနှင့် သူ့ကို လိမ်ညာခဲ့တဲ့ အကြိမ်တွေ မနည်း။ ဘယ်တုန်းက ချက်ခြင်း ဝန်ခံခဲ့ဖူးလို့လဲ။ ဝန်ခံလာတဲ့အထိ အတင်းအဓမ္မ မေးမြန်းရအောင်ကလဲ ဒါက လူတွေ အများကြီး ရှိနေတဲ့ ဆေးရုံပေါ်မှာ။

'မင်းရဲ့ အကယ်ဒမီရှော့လေးတွေက မဆိုးပါဘူး ... ဒီတော့ မင်းဖြစ်ချင်လှတဲ့ မင်းသမီး မင်း ဖြစ်မှာသေချာပါတယ် ... မင်းလို မိန်းမမျိုးကို မြတ်မြတ်နိုးနိုးချစ်ခဲ့မိတာ ငါမှားတယ် ... အခုတော့ ငါ မင်းကို ကောင်းကောင်းသဘောပေါက်သွားပါပြီ နေကြာ ... မင်းလျှောက်ချင်တဲ့ လမ်းကြောင်းအတိုင်း မင်း လွတ်လွတ်လပ်လပ် လျှောက်ခွင့်ရဖို့ ငါမင်းကို တရားဝင်ကွာရှင်းပေးပါ့မယ် ... ကဲ .. ငါသွားမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကိုကို … ကိုကို'

သူ လုံးဝလှည့်မကြည့်တော့ဘဲ ထွက်လာခဲ့သည်။ သူ့စိတ်ထဲမှာ သူတစ်ချိန်က အလွန်ချစ်ခဲ့ဖူးသော နေကြာဆိုတဲ့ မိန်းမတစ်ယောက်ကို အလွန်စက်ဆုတ်မုန်းတီးနေစိတ်က ပြင်းထန်လွန်းနေခဲ့ပြီလေ။

သူ ဆေးရုံဝင်းအပြင်ကို ကားဖြင့်ထွက်လာခဲ့စဉ်မှာ ဆေးရုံရဲ့ ကော်ရစ်ဒါဒေါင့်ချိုး တစ်နေရာမှာ စောစောက သူ ဆရာဝန်တွေလို့ ထင်ခဲ့မိသည့် ဂျူတီကုတ်နှင့် ဆေးကျောင်းသူလေးနှစ်ယောက် ဒေါက်တာရည်မွန်ဆိုသည့် ဆရာဝန်မနှင့် ပြောနေသည့် စကားများကိုတော့ သူ ကြားနိုင်စွမ်း မရှိတော့ပါ။

'မမပြောတာ နေကြာမဟုတ်ဘူး … ဘေးခုတင်က မိုးမိုးဆိုတဲ့ တစ်ယောက်လေ … သူတို့က ရှေ့ဆင့်နောက်ဆင့် ရောက်လာကြတာ … နှစ်ယောက်စလုံးကို အရေးပေါ် သားအိမ်ခြစ်ရတာလေ'

'ဪ .. ကျွန်မတို့က ရက်စွဲနဲ့ ထရိမန့်ကို ကြည့်လိုက်ပြီးတော့ နေကြာလို့ပဲ ထင်လိုက်တာ'

'မဟုတ်ဘူး … နေကြာက အခုမှ သားဦးလေ … ခများမှာ ပျက်ကျတော့ နှမြောလို့ ငိုလိုက်တာ … သနားပါတယ် … မမတို့လည်း ဘာမှ မတတ်နိုင်ဘူး … ရောက်တော့ ကလေးက ပျက်ကျပြီးနေပြီလေ'

'ဖြစ်ရလေ … လိုချင်တဲ့လူကျမှ ပျက်ကျရရှာတယ်လို့နော်'

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

'မမလေး .. အောက်မှာ ဒါရိုက်တာနဲ့ ရှုတင်မန်နေဂျာ ရောက်နေတယ်'

'ရှုပ်လိုက်တာ .. နေမကောင်းလို့ နားချင်ပါတယ်ဆိုမှ ... သွား .. သွား .. အအေးတိုက်ထားလိုက် ... ငါလာခဲ့မယ်လို့ ပြော ထားလိုက်'

အိမ်ဖော်ကောင်မလေး ထွက်သွားတော့ အိပ်ရာမှ မထ သေးဘဲ တစ်ဖက်သို့ လူးလိမ့်ကာ အညောင်းဆန့်လိုက်မိသည်။ နှစ် ယောက်အိပ် ခုတင်ကြီး၏ နံဘေးက လွတ်ဟာနေတဲ့နေရာနှင့်အတူ သူမရဲ့ ရင်ထဲကို အထီးကျန်စိတ် အားငယ်စိတ်တွေ အလုံးအရင်း ဝင်ရောက်လာကြသည်။

'ကိုကိုရယ်'

နှုတ်မှ အသံထွက်ကာ ညည်းညူတမ်းတလိုက်မိသည်။ ကိုကိုနှင့် နောက်ဆုံးအချိန်တွေကို သူမ ရင်ထဲမှာ မနေ့က ကြုံတွေ့ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရသလို စွဲနစ်ထင်ကျန်နေဆဲ။ သူမဘဝမှာ နောက်ထပ် ယောက်ျား ပေါင်းများစွာနှင့် တွေ့ခဲ့ရပေမယ့် ဘယ်သူကမှ သူမကို ကိုကို့လို မြတ်နိုးကြင်နာစွာ မချစ်ကြ။ ပြီးတော့ သူတို့ ချစ်ကြတာက သူမကို မဟုတ်။ အောင်မြင်ကျော်ကြားတဲ့ မင်းသမီးဆင်းကံ့ကော်ဆိုတဲ့ ဂုဏ်ဒြပ်တွေကိုလေ။ သူတို့သိသော မင်းသမီးဆင်းကံ့ကော်က သာမန်လူတွေနှင့် မတူသော ပိတ်ကားပေါ်မှာ စံပြဇာတ်ကောင်။ ဒီတော့ သူတို့ရှေ့မှာ သူမ သာမန်လူတစ်ယောက်လို ပြုမူလိုက်မိတာနှင့် သူတို့ခမျာ ခံနိုင်ရည် နည်းနည်းမှ မရှိနိုင်ကြရှာ။

ကိုကိုနှင့်တုန်းက သူမ မှားခဲ့တာပါ။ ကိုကို့စကားကို သူမ နားမထောင်ခဲ့ဘဲ သူမ လုပ်ချင်တာကို ရအောင်လုပ်ခဲ့မိသည်။ အမှန်အတိုင်းပြောခြင်းသည် အဆူခံ၊ အရိုက်ခံရခြင်းဟု ငယ်စဉ်ကတည်းက အသိစွဲလာခဲ့သူမို့ လိမ်ညာခြင်းဆိုတာက သူမအတွက် ထမင်းစားရေသောက်သလို ပုံမှန်ကိစ္စတစ်ခု ဖြစ်ခဲ့သည်။ ဒီအကျင့်တွေကြောင့် သူမ ကိုကိုနှင့် အမှန်တကယ် ဝေးရမည်ဟုသာ စောစောက ကြိုတင်သိခဲ့လျှင် သူမ ဒီအကျင့်တွေကို မရရအောင် ကြိုးစားပြီး ပြင်ခဲ့မိမှာပါ။ အခုတော့ အားလုံးလွန်သွားခဲ့ပြီပဲ။

ကလေးလေးကို သူမ ဖျက်ချဖို့ နည်းနည်းကလေးမှ စိတ်မကူးခဲ့မိပေမယ့် သူ့အလိုလို ပျက်ကျသွားရင် သိပ်ကောင်းမှာပဲလို့ တစ်ကြိမ် စိတ်ထဲက ဆုတောင်းခဲ့မိတာ သူမ ငရဲကြီးခဲ့တာပဲ။ ကလေးလေး တကယ်ပျက်ကျသွားခဲ့တာ၊ ကိုကိုက သူမ ဘာပြောပြော မယုံနိုင်တော့တာ အဲဒီလို ပြစ်မှားမိခဲ့တဲ့ အပြစ်ကြောင့် ခံရတာ တွေပဲ

www.burmeseclassic.com



သူမ ယုံကြည်နေမိသည်။

အခု ကိုကို ဘယ်မှာလဲ။ သူမကို ထာဝရ စိတ်နာသွားခဲ့ပြီလား။ သူမကရော သူမကို လုံးဝလှည့်မကြည့်တော့ဘဲ ဖြစ်ချင်ရာဖြစ်လို့ သဘောထားပြီး ပစ်သွားခဲ့သူကိုမှ ဘာကြောင့် သတိရနေရသေးတာလဲ။ ကိုကို ပစ်သွားခဲ့စဉ်က အလူးအလိမ့် ခံစားခဲ့ရတဲ့ သူမရဲ့ ဒုက္ခပေါင်းများစွာကို ပြန်တွေးကာ လွမ်းစရာတွေကို နာစရာ တွေနှင့် ကြိုးစားဖြေလိုက်မိသည်။ ဒါပေမယ့် သူမ တွေ့ဖူးသမျှ ယောကျ်ားတွေအားလုံးထဲမှာ ကိုကိုကသာ အကောင်းဆုံး မဟုတ်လား။

သူမ သက်ပြင်းတစ်ချက်ကို ခပ်မှျင်းမှျင်းချရင်း အိပ်ရာပေါ်မှထကာ ခုတင်ဘေးမှ ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ မတ်တပ်ရပ်လိုက်သည်။ အိပ်ရေးပျက်တာတွေများတဲ့အတွက် မျက်လုံးအောက်မှာ ညိုနေသည်။ ထို့အပြင် မျက်ဝန်းအောက်မှာ စထင်စပြုနေ ပြီဖြစ်တဲ့ အရေးအကြောင်းလေးတွေက သူမရဲ့ အလှကို စတင်ကာ ခြိမ်းခြောက်လာကြပြီ။ ဆယ်ကျော်သက်အရွယ်တုန်းကလို နုပျိုလတ်ဆတ်စွာ မလှတော့။ စိုးရိမ်စိတ်တွေနှင့် သူမရဲ့ မှန်ထဲက ပုံရိပ်ကို အဖန်ဖန် ပြန်ကြည့်နေမိသည်။

အို .. ဒီလောက်တောင် ပရိသတ်တွေက ဆင်းကံကော်မှ ဆင်းကံကော် ဖြစ်နေတာ ... မလှဘဲနဲ့ နေမလား။ ငယ်ငယ်တုန်းကလောက် မလှတော့ပေမယ့် သူ့အတိုင်းအတာနဲ့ သူတော့ လှနေဆဲပါပဲနော်။ သူမ အသက်(၂၇)နှစ်လို့ ပြောထားတာကိုတောင် အား

www.burmeseclassic.com

www.burmeseclassic.com



လုံးက လွယ်လွယ်ကူကူနဲ့ ယုံနေကြတာပဲ မဟုတ်လား။ ဟိုမင်း သားလေးဆို သူမကို (၂၄)လောက်ပဲ ရှိအုံးမယ်လို့တောင် ထင်တာ ဆိုပဲ။ သက္ကရာဇ်တွေကိုလဲ အရမ်းဖြိုလို့မဖြစ်ဘူးလေ။ တကယ်ဆို သူမ အသက်က(၃၂)တောင် ရှိပြီးနေပြီပဲ။

တော်ပြီ ... စိတ်ညစ်စရာ စိတ်ခတ်ကျစရာတွေကို ဆက်မ တွေးနဲ့။ ဒီမှာတင်ရပ်တော့။ မဟုတ်ရင် ရပ်တွေ ပိုကျသွားမယ်။ ဒီမျက်လုံးအောက်က အရေးအကြောင်းလေးများ။ အိုင်းမိတ်ကပ်နဲ့ အသာလေးဖို့လိုက်လို့ကတော့ ဆယ့်ရှစ်နှစ်လို့ ပြောရင်တောင် ယုံ ကြအုံးမှာ။

အိပ်ခန်းနှင့် တွဲလျက်က ရေချိုးခန်းထဲမှာ မျက်နှာကို စိမ် ပြေနပြေသစ်ကာ အဝတ်လဲရန် ပြင်လိုက်သည်။ အင်း ... မဖြစ်သေး ပါဘူး။ နေမကောင်းဘူးဆိုတာ ယုံအောင် ဒီညဝတ်အင်္ကျီအတိုင်း ဝတ်ဆင်းသွားမှပဲ။ မဟုတ်ရင် ဒီနေ့ ရှူတင်ကို အတင်းမရမက ခေါ် နေကြဦးမှာ။ ဟင်း .. သူတို့ အတ္တချည်းပဲ။ ဒီမှာဖြင့် ပင်ပန်းပြီး သေတော့မယ်။ တစ်ရက်တလေလေး နားဖို့တောင် ခွင့်မပြုချင်ကြ ဘူး။ ဆင်းကံကော်ကိုများ ဘာသားနဲ့ ထုထားတယ်လို့ ထင်နေ ကြသလဲ မသိဘူး။ စက်ရုပ်တစ်ရုပ်လို့များ မှတ်နေကြလေသလား။ ဖျားတတ်၊ နာတတ်၊ ပင်ပန်းတတ်တဲ့ အသွေးနဲ့ အသားနဲ့ လူသား တစ်ယောက်ဆိုတာရော သတိမှ ရကြသေးရဲ့လား မသိဘူး။

ဆံပင်ကို သေသေချာချာ ဖြီးသင်ပြီးမှ အနည်းငယ် ပွအောင် လက်နှင့် ပြန်ဖွလိုက်သည်။ သူမရဲ့ အသားအရေက မိတ်ကပ် မ

www.burmeseclassic.com

www.burmeseclassic.com



ပါတာတောင် အတော်ကောင်းနေဆဲ။ skin care များရဲ့ ကျေးဇူးပေပဲလား။ ကုသိုလ်ကံကပဲ ကောင်းလို့လားတော့မသိ။ နောက်ဆုံးအ ကြိမ်အဖြစ် မှန်ကို တစ်ချက်ကြည့်ကာ သူမ အိပ်ခန်းထဲမှ ထွက်လာ ခဲ့သည်။

သူမ လှေကားပေါ်မှ ငုံ့ကြည့်လိုက်တော့ ဧည့်ခန်းထဲမှာ သူမကို စိတ်စောစွာ မျှော်နေပုံရသည့် ဒါရိုက်တာ ဦးထွန်းငွေနှင့် ထုတ်လုပ်သူရဲ့ညီဖြစ်သူ ရှုတင်မန်နေဂျာကိုမောင်မောင်ဝင်းကို တွေ့လိုက်ရသည်။ သူမ မျက်နှာကို မအီမသာ ဖြစ်နေသည့် ပုံသဏ္ဌာန်သို့ ပြင်ရင်း လှေကားမှ ဆင်းလာခဲ့သည်။

'ဟာ .. မင်းသမီးရယ် ... ဘယ်လိုလုပ်လိုက်တာလဲ ... ဒီ နေ့အခန်းက အရမ်းအရေးကြီးပါတယ် ဆိုမှဗျာ ... မင်းသားက လည်း ဒေါပွနေတယ် ... သူပေးနိုင်တဲ့ရက်က ဘာမှ သိပ်မကျန်တော့ဘူး ... ဇာတ်ပို့ ဇာတ်ရံတွေရော မီးထိုးမှန်ထိုးသမားတွေရော အားလုံး မနက်ကတည်းက မင်းသမီးကို စောင့်နေကြတာ ... နည်းနည်းလောက်တော့ ကိုယ်ချင်းစာဖို့ ကောင်းတာပေါ့'

သူမရဲ့ အမူအရာတွေကို နောကြေနေပုံရတဲ့ ဦးထွန်းငွေက သူမကို တွေ့သည်နှင့် စိတ်ဆိုး မာန်ဆိုးနှင့် ပြောလေသည်။ သူမလို နိုင်ငံကျော်မင်းသမီးကိုများ ငေါက်လာ ငန်းလားနဲ့။ ဟင်း ... တွေ့သေးတာပေါ့ ဦးထွန်းငွေရယ်။

'ကံ့ကော် တကယ်နေမကောင်းလို့ပါ ဆရာရယ် ... မင်းသားကိုလည်း ဆရာတို့ပဲ ကြည့်ချော့လိုက်ပါ ... ဆရာတို့ သိတဲ့

www.burmeseclassic.com



အတိုင်း ရှုတင်တွေက ဆက်တိုက်ဆိုတော့ တစ်နေ့မှ မနားရဘူးလေ ... လူက အရမ်းထိနေပြီ'

စိတ်ထဲက မပါပေမယ့် ကောင်းမွန်ချိုသာစွာ ကြိုးစားပြော လိုက်သည်။ အမှန်ကတော့ ရှုတင်တွေကြောင့်ချည်းမဟုတ်ဘဲ အခု တလောမှာ ရက်ဆက်နီးပါးရှိနေတဲ့ ဧည့်ခံပွဲတွေမှာ ညဘက် အကဲ လွန်သွားခြင်းဖြစ်ကြောင်း သူမ ကိုယ်တိုင်ထက် ဘယ်သူပိုသိပါ့ ဦးမလဲ။ သူမလည်း လူပဲလေ။ ပျော်ချင်ပါးချင်တာလေးတော့ ရှိသေး တာပေါ့။ တစ်ချိန်လုံး အလုပ်ချည်းပဲ ဘယ်လုပ်နေနိုင်ပါ့မလဲ။ ဟုတ်တယ် မဟုတ်လား။

'မင်းသမီးရယ် .. ဖြစ်နိုင်ရင် ကြိုးစားလိုက်ခဲ့ပေးပါဗျာ ... မင်းသားကိုလဲ ရိုက်ရက်က ထပ်တောင်းလို့ ရမှာမဟုတ်ဘူး ... ဟိုမှာ ရိုက်ဖို့ ဆက်တင်တွေ ဘာတွေလဲ အားလုံးပြင်ထားပြီးသား ဖြစ်နေပြီ ... အိမ်ငှားခကလဲ တစ်ရက်ဆို တစ်ရက်စာ ပိုပေးရမှာ ... မင်းသမီးလည်း သိပါတယ်ဗျာ'

ပေသီးခေါက်နေတဲ့ ရှုတင်မန်နေဂျာရဲ့ ငိုချင်းကို သည်းခံ နားထောင်နေရသည်။

'ကျွန်မ နားလည်ပါတယ် ကိုမောင်မောင်ဝင်းရယ် ... ဒီနေ့ တော့ နားပါရစေ ... နောက်ရက်ကျရင် စိတ်တိုင်းကျ ဖြစ်စေရမယ် ဟုတ်လား'

ဒါရိုက်တာကတော့ ဘာမှ ထပ်မပြောတော့ဘဲ မျက်နှာ တင်းတင်းနှင့်သာ ထိုင်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှုတင်မန်နေဂျာက အဖန်ဖန် အထပ်ထပ် အသနားခံပေမယ့် ဘယ်လိုမှ ပြောလို့ရမည် မဟုတ်မှန်း သေချာသွားသဖြင့် မနက်ဖြန်အတွက်သာ စိုးရိမ်စွာ တတွတ်တွတ်မှာကာ ထပြန်ရန်ပြင်သည်။

'အဲဒါမျိုးတွေသာ ကြပ်ကြပ်လုပ် ... နာမည်ကျမှာပဲ'

ပြန်အထွက်မှာ ဒါရိုက်တာရဲ့ မကျေမနပ် ရေရွတ်သံ ခပ်သဲ့သဲ့ကို ကြားလိုက်ရသည်။ အောင်မယ်လေး .. ဆင်းကံ့ကော်ကိုများ နာမည်ကျမယ်တဲ့။ ဟားတိုက်လို့တောင် ရယ်လိုက်ချင်သေး။ ဟွန်း .. ပြောရတာ မောလိုက်တာ။ နောက်ဆို ဒင်းတို့ကို ဆင်းမတွေ့တာဘဲ ကောင်းတယ်။ ပြီးတော့ နားချင်ရင် အိမ်မှာ မနေဘဲ သူတို့ မသိနိုင်တဲ့ နေရာတစ်ခုခုမှာ သွားနားမှဟု တွေးလိုက်မိသည်။ ထို့နောက် သူမ ဆိုဖာပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချရင်း

'မိစိုးရေ .. ကော်ဖီယူခဲ့'ဟု အိမ်ဖော်ကောင်မလေးကို လှမ်းအော်လိုက်လေတော့သည်။

***

သူမ အပြင်က ပြန်လာလို့ သူမရဲ့ ကျယ်ဝန်းခမ်းနားလှတဲ့ အိမ်ကြီးထဲကို ဝင်လိုက်တိုင်း သူမ ပီတိများဖြင့် ကြည်နူးအံ့သြရသည်။ အထူးသဖြင့် နယ်ထွက်ရိုက်ကူးရာကနေ ပြန်လာတဲ့အခါမျိုးမှာ ဒီလောက်ခမ်းနားတဲ့ အိမ်ကြီးတစ်လုံးကို သူမ ပိုင်ဆိုင်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဟုတ်မှဟုတ်ရဲ့လားဟု သံသယပင် ဝင်ချင်မိလေသည်။ ကျဉ်း ကြပ်စုတ်ပြတ်လှတဲ့ ဘော်ဒါဆောင်အခန်းကလေးတွေထဲမှာ နေထိုင် ကာ ရုန်းကန်ခဲ့ရသည့်နေ့တွေကို သူမ မမေ့နိုင်သေး။

အထပ်နှစ်ထပ်ပါရှိသည့် ဒီအိမ်ကြီးကို နာမည်ကြီး ဗိသု ကာတစ်ယောက်ကို ငှားရမ်းပြီး သူမ စိတ်ကြိုက်ပုံသဏ္ဍာန် မရရ အောင် အကုန်အကျခံကာ ဆောက်ခဲ့ခြင်းဖြစ်သည်။ ဒီအိမ်ကြီးကို အမြဲတမ်း သပ်ရပ်သန့်ရှင်းနေစေရန်အတွက် သူမမှာ အိမ်ဖော်တစ် ယောက် သတ်သတ်ထားရသည်။ အခုတော့ သူမက လက်ဖဝါးလေး တွေ ကြမ်းတမ်းကာ အသားမာတက်သည်အထိ အိမ်အလုပ်တွေကို ပင်ပင်ပန်းပန်း လုပ်ခဲ့ဖူးတဲ့ ကောင်မလေးတစ်ယောက် မဟုတ် တော့။ လိုရာခိုင်းဖို့ အိမ်ဖော်ပေါင်း မြောက်မြားစွာ ထားရှိနိုင်သူ ဖြစ်နေပြီလေ။ တခြားအဝတ်တွေ မပြောနှင့်။ အတွင်းခံတောင် ကိုယ်တိုင်လျှော်နေစရာမလို။ အဝတ်အစားတွေကို ချွတ်ချင်တဲ့နေ ရာမှာ ချွတ်ပုံချထား။ လာသိမ်းပေးမည့်သူက အဆင်သင့်။

သူမရဲ့ အောင်မြင်မှုတွေ ပြည့်စုံမှုတွေကို တွေးတောရင်း သူမ ရင်ထဲမှာ ကျေနပ်မှုတွေ အတိုင်းအဆမရှိအောင် ပြည့်လျှံ ကျလာသည်။

အခုဆိုရင် ကားတစ်ကား ရိုက်ဖို့အတွက် မြန်မာနိုင်ငံမှာ အမြင့်ဆုံးဈေးကို တောင်းလို့ရတဲ့ မင်းသမီး။

ကိုယ့်စကားတစ်ခွန်းဆို တစ်ခွန်းဆိုသလောက်ကို လူတွေ အာရုံစိုက်ပြီး အလေးအနက် နားထောင်ခြင်းခံရတဲ့သူ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သွားသွား ရောက်ရာအရပ်မှာ လူတွေအားလုံးက လိုလားစွာ အရေးတယူရှိကြသူ။

ပရိတ်သတ်ရဲ့ အရှုံးအမူး အားပေးမှုကို လက်ခံရရှိသူ။

'မြင်လားမေမေ ... သမီးက မေမေထင်သလို ပျက်စီးမသွားဘဲ ကိုယ်လိုချင်တဲ့ ဘဝကို ကိုယ်ရအောင် လုပ်နိုင်ခဲ့ပြီ'

'ဖေဖေရေ ... ဖေဖေပြောခဲ့သလို သမီး မိုးကောင်းကင်ထက်က ကြယ်ကလေးလို လင်းလက်တောက်ပနိုင်ခဲ့ပြီလေ'

ဖေဖေ့ကို သတိရလိုက်မိစဉ်မှာ မာနတွေဖြင့် ပြည့်လျှမ်းတင်းမာနေသည့် သူမရဲ့ စိတ်တွေ ပြန်လည် ပျော့ပျောင်းညွတ်ကျသွားသည်။ သူမကို အခုလို အနေအထားနှင့်သာ မြင်ရပါက ဖေဖေဘယ်လောက်များ ဝမ်းသာလိုက်လေမလဲ။ ရင်ထဲ ဝမ်းနည်းကာ ဆို့နင့်လာသည်။

တကယ်တော့ သူမ ဆင်းကံ့ကော်ရယ်လို့ ဖြစ်လာခဲ့တာ လွယ်ကူချောမောလှစွာနှင့်တော့ မဟုတ်ခဲ့။ မေ့ထားချင်တဲ့ မလှပတဲ့ အတိတ်က ဖြစ်ရပ်တွေကို မတွေးချင်ပါဘဲ ခေါင်းထဲမှာ ပြန်လည်ကာ အမှတ်ရလာသည်။

ကိုကို ထားခဲ့တဲ့ မှီတွယ်ရာမဲ့ကာလများ။ သူမ လိုချင်တဲ့ ပန်းတိုင်ကို ဘယ်လို ရောက်အောင် သွားရမယ်ဆိုတဲ့ နည်းလမ်းတွေကို မသိခဲ့လို့ ကမ်းမမြင် လမ်းမမြင်နှင့် စမ်းတဝါးဝါး ကူးခတ်ခဲ့ရတဲ့ ကာလတွေ။ အဲဒီကာလတွေမှာ ဘယ်သူတွေများ သူမ အနားမှာ ရှိခဲ့ကြလို့လဲ။ သူမတစ်ယောက်တည်း ရုန်းကန်နေခဲ့ရတဲ့ အဲ

www.burmeseclassic.com

www.burmeseclassic.com



ဒီကာလတွေမှာ အခုအချိန်မှာ သူမကို သူတင်ပေးတယ် ငါတင်ပေးတယ်ဆိုပြီး အပြိုင်အဆိုင် ဂုဏ်ယူဝင့်ကြွားစွာ ပြောနေကြတဲ့ ဒါရိုက်တာတွေ၊ ထုတ်လုပ်သူတွေ၊ စာနယ်ဇင်းသမားတွေ ဘယ်နားမှာ သွားသေနေကြမှန်းပင် မသိ။

ကျေးဇူးမတင်နိုင်ပါ။ သူမ ဘယ်လိုနည်းနှင့်မှ ကျေးဇူးမ တင်နိုင်။ ဒီနေရာကို ရဖို့ သူမဖာသာ ခဲရာခဲဆစ် ကုတ်ကတ်ကာ ကြိုးစားတက်လာခဲ့ပြီးမှ အလကား နာမည်ကောင်း ဝင်ယူချင်ကြတဲ့သူတွေ။ သူမသာ ဆင်းကံ့ကော်အဖြစ် အောင်မြင်မှုတွေ ရမလာခဲ့ရင် ဘယ်သူတွေကများ အရေးတယူနှင့် ခေါင်းဆောင်မင်းသမီးအဖြစ် ခေါ်ရိုက်မတဲ့လဲ။ ဘယ်သူတွေကရော အင်တာလာဗျူးမတဲ့လဲ။ ဟင်း ... ဝေးပါသေးတယ်။ သူတို့အကျိုးအတွက် သူတို့လုပ်နေကြတာကိုများ အသံကောင်း ဟစ်နေကြသေးတယ်၊ မပြောလိုက်ချင်ဘူးဟု သူမ စိတ်နာစွာ တွေးလိုက်မိသည်။

တကယ်တော့ ရုပ်ရှင်လောကဆိုတာ အပြင်က ကြည့်တော့သာ ငြိမ်းချမ်းစိမ်းလန်းပြီး ခိုလှုံချင်စရာကောင်းတဲ့ သစ်တောကလေးတစ်ခုလို ထင်ရတာ။ တကယ်တမ်း အထဲကို ဝင်ကြည့်လိုက်တဲ့အခါကျမှ အလစ်အငိုက်မှာ တိုက်ခတ်သတ်ဖြတ်မယ့်သူတွေ ပြည့်နှက်နေတဲ့ သားရဲတိရိစ္ဆာန်ပေါများလှတဲ့ အန္တရာယ်တော ဆိုတာကို သူမ သိခွင့်ရခဲ့သည်လေ။ အခုတော့ အပြင်ဘန်း အမြင်အရ ခမ်းနားလှတဲ့ နန်းတော်ကြီးရဲ့ အတွင်းက ခြစားနေတဲ့ တိုင်လုံးတွေကို သူမ ကွင်းကွင်းကွက်ကွက် မြင်တွေ့ခွင့်ရခဲ့ပြီးပြီ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



သူမ သာမန်အရပ်သူလေးဘဝက အထင်ကြီး လေးစား အားကျခဲ့ရတဲ့ အနုပညာရှင်တွေရဲ့ မလှပတဲ့ အတွင်းကျကျ ကိစ္စရပ်တွေ၊ စိတ်နေသဘောထားတွေကို ပထမဆုံးအကြိမ်အဖြစ် စတင်သိမြင်ခဲ့ရစဉ်က သူမ သတိလစ်မတတ် အံ့ဩတုန်လှုပ်သွားခဲ့သည်။ အခုတော့လည်း မြင်ရသိရပါများလို့ ရိုးသွားကာ သာမန် ဖြစ်ရိုးဖြစ်စဉ်တွေဟု သဘောထားမိလာရုံတင်မက ဖြစ်ထိုက်သည့်ကိစ္စတွေဟုပင် ထင်ယောင်ထင်မှားဖြစ်လာခဲ့သည်။

ဒီလိုလောကထဲမှာ လေဒဏ်ရေဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့် ကျောက်ဆောင်တွေလို ဘယ်သူတွေ ဘယ်လိုနည်းနှင့် လှုပ်လှုပ် မလှုပ်ဘဲ ကိုယ်ကျင့်တရားကို တစ်ရွေးသားမှ မလျော့အောင် ထိန်းသိမ်းထားနိုင်သည့် အလွန်လေးစားစရာကောင်းတဲ့ လူနည်းစုကလေးတော့ ရှိပါသည်။ သို့ပေမယ့် လူညီ၍ ဤကို ကျွဲဖတ်နေကြသော ဒီလောကထဲမှာ ထိုသူတွေအတွက် နေရာတွေက နည်းပါးလွန်းလှသည်။

သူမကရော ...။ ခေါင်းကို ခါယမ်းကာ မစဉ်းစားမိအောင် ကြိုးစားလိုက်သည်။ ကိုယ့်ကိုယ်ကို အကြည်အညိုပျက်စေမည့် အတွေးတွေ ခေါင်းထဲ ဝင်လာလို့မဖြစ်။ ဘာပဲဖြစ်ဖြစ် သူမ မမှား။ သူမ အသက်ရှင်ရပ်တည်မှုအတွက် ဒီလောကထဲက လူတွေအားလုံးနှင့် လိုက်လျောညီထွေဖြစ်အောင် နေနိုင်ဖို့ လိုအပ်တယ် မဟုတ်လား။ ဒီတော့ ကျွဲဆိုလည်း ကျွဲလိုက်ရုံပေါ့။ ဘာခက်တာလိုက်လို့။

အလွန်ဖြူစင်ရိုးသားကာ ချစ်စရာကောင်းတဲ့ ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com


လို့ ပရိတ်သတ်က ထင်မြင်ကာ အားပေးကြတဲ့ ပိတ်ကားပေါ်က ဆင်းကံ့ကော်ရဲ့ မျက်နှာဟာ သရုပ်ဆောင်မှု သက်သက်သာ ဖြစ်ကြောင်း သူမ ကိုယ်တိုင်သာ အသိဆုံး ဖြစ်နေလေတော့လဲ … ။ သူမ သက်ပြင်းချကာ အတွေးစတွေကို ဖြတ်ချဖို့ ကြိုးစားလိုက်မိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုကို သူမကို စိတ်ဆိုးသွားတယ်ဆိုတာ သိလိုက်ပေမယ့် ကိုကို သူမထံကို လုံးဝမလာဘဲ နေနိုင်လိမ့်မည်လို့တော့ သူမ နည်းနည်းလေးမှ တွေးမထားမိ။ သူမကို နေ့တိုင်း လာကြည့်ပေးသည့် မရှူပါကို မေးတော့ အိမ်တံခါးတွေ ပိတ်ထားတာကိုသာ မြင်သည်၊ ကိုကို့ကို လုံးဝမတွေ့ဟု ဆိုသည်။ သူမ ဆေးရုံက ပြန်ဆင်းလာတော့ အိမ်မှာ ကိုကို ရေးထားခဲ့သည့် စာနှင့် သူမအတွက်ဟုဆိုကာ ထားခဲ့သည့် ပိုက်ဆံများကိုသာ တွေ့ရသည်။ သူမ လိုချင်တာ အဲဒီ ပိုက်ဆံတွေကိုမှ မဟုတ်ဘဲ။ ကိုကို့ကိုသာ သူမ အနားမှာ အမြဲရှိနေစေချင်တာပါ။

သူမကို ကိုကို တကယ်ထားခဲ့ပြီဆိုတာကို သိလိုက်ရတော့ မယုံနိုင်စွာ ငိုကြွေးရင်း ဖြတ်သန်းခဲ့ရတဲ့ နေ့ပေါင်း ညပေါင်းများစွာ။ သူမမှာ ဘာအပြစ်ရှိလို့လဲ။ သူမ ကိုကို့ကို လိမ်ခဲ့တယ် ဆိုပေမယ့် တစ်ခုမှ ပြောပရလောက်အောင် ကြီးကြီးကျယ်ကျယ် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့။ ပထမဆုံးအကြိမ် ရိုက်ကွင်းကို လိုက်သွားခဲ့စဉ်က ကိုကို မကြိုက်မှန်း လုံးဝမသိလို့သာ လိုက်သွားခဲ့ခြင်းဖြစ်သည်။ သူမရဲ့ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် ရုပ်ရှင်ရိုက်တာကို မြင်ဖူးခဲ့ခြင်း လေ။ တကယ်တွေ့လိုက်ရတဲ့ ရိုက်ကွင်းက သူမ ထင်ထားခဲ့သလို ရုပ်ရှင်ပိတ်ကားပေါ်ကအတိုင်း မဟုတ်။ မင်းသမီးတစ်ယောက် တည်း ကင်မရာကို ကြည့်ကာ ဘေးကလူတစ်ယောက် ပြောပေး နေသည့် စကားတွေကို အမူအရာ အမျိုးမျိုးဖြင့် ပြောနေတာကို တွေ့လိုက်ရတော့ သူမ အံ့သြသွားခဲ့သည်။ မရှုပါက ထိုကဲ့သို့ သီးခြားစီ ရိုက်ပြီး နောက်မှ ဖလင်ပြန်ဆက်လိုက်ခြင်းအားဖြင့် မင်းသား နှင့် မင်းသမီး အပြန်အလှန် စကားပြောတဲ့ အခန်းဖြစ်သွားမှာ ဖြစ် ကြောင်း သူမကို ရှင်းပြသည်။ သူမတို့ ပိတ်ကားပေါ်မှာ ခဏက လေး ကြည့်ရတဲ့ အခန်းကလေးတစ်ခန်းဖြစ်ဖို့ ပျင်းရိငြီးငွေ့ရ လောက်အောင် အချိန်တွေ အကြာကြီး ရိုက်ယူရတာဖြစ်ကြောင်း သူမ စတင်သိခဲ့ရသည်။ ထို့နောက် ဖြတ်လျှောက်ခန်းလေး တစ်ခန်း လောက် ဝင်ပါခွင့်ရတော့ သူမ အပျော်ကြီးပျော်ကာ ကင်မရာရှေ့မှာ နေခွင့်ရတဲ့အရသာကို စွဲလန်းသွားခဲ့သည်။

သူမ တစ်သက်လုံး မက်ခဲ့ရတဲ့ အိပ်မက်တွေနှင့် အနီး ကပ်ဆုံးမှာ ရှိခွင့်ရတဲ့ အခြေအနေကို သူမ ဘယ်လိုနည်းနှင့်မှ လက် လွှတ်မခံနိုင်။ ဒီအိပ်မက်တွေအတွက် တစ်ခါမှ မရောက်ဖူးတဲ့ ရန် ကုန်မြို့ကြီးကိုတောင် စွန့်စွန့်စားစား ထွက်လာခဲ့တာ ကိုကို မေ့ သွားပြီလား။ နေ့လယ်နေ့ခင်း အိမ်အလုပ်တွေပြီးလို့ အားနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေမှာ သူမ တစ်ယောက်တည်း ကိုကို့ကို မျှော်ရင်း ဘယ်လောက်ပျင်းနေရသလဲဆိုတာ ကိုကို မသိ။ အဲဒီအချိန်တွေမှာ အလကားနေမည့်အစား ကိုယ်ကြိုက်နှစ်သက်တဲ့ မင်းသား မင်းသမီးတွေကို အပြင်မှာ အရှင်လတ်လတ်တွေ့ခွင့်ရတဲ့ ရုပ်ရှင်ရိုက်ကွင်းကို လိုက်လိုက်သွားမိတာ သူမ မှားသလား။

ကိုကို မကြိုက်မှန်းသိတဲ့အခါ ကိုကို မသိအောင် ခိုးသွားရင်းမှ ခါတိုင်း ဝင်ပါခွင့်ရနေကျ အခန်းတွေထက် အနည်းငယ်သာသည့် အခန်းတစ်ခန်းအတွက် ဒါရိုက်တာက သူမကို ရွေးခေါ်သွားသည်။ သူမလို ဇာတ်ပို့ ဇာတ်ရံတွေ အများကြီးရှိနေသည့် ကြားထဲက ရွေးခေါ်တာမို့ သူမ အလွန်ပျော်သွားခဲ့သည်။ လုပ်ရမှာက ဆရာဝန်အဖြစ် သရုပ်ဆောင်တဲ့ မင်းသားနံဘေးမှာ သူနာပြုဆရာမဝတ်စုံနှင့် စာအုပ်ကလေးကိုင်ပြီး လိုက်ပေးနေရုံ။ ပိတ်ကားပေါ်မှာ နှစ်မိနစ်ထက် ပိုမကြာနိုင်သည့် ထိုအခန်းလေးအတွက် ရှုတင်က မိတ်ကပ်ဆရာနှင့် မိတ်ကပ်လိမ်းရ၊ မင်းသား နံဘေးမှာ ရီဟာဇယ်လုပ်ရတွေ လုပ်ရသောအခါ သူမ လေထဲမှာ လမ်းလျှောက်နေရသလို ခံစားရကာ ပျော်ရွှင်နေခဲ့သည်။ အရင်က သူမကို ဖုတ်လေတဲ့ငပိ ရှိတယ်လို့တောင် မထင်ခဲ့တဲ့ မင်းသားက သူမကို အသိအမှတ်ပြု အပြုံးကလေးတစ်ချက် ပြုံးပြလိုက်သေးသည်လေ။ သို့ပေမယ့် အိမ်ပြန်ရောက်တာနှင့် သူမရဲ့ အပျော်တွေ အားလုံး ကိုကို့ရဲ့ ဒေါသတွေအောက်မှာ လွင့်စဉ်ပျောက်ကွယ်သွားခဲ့သည်။

သူမ ကိုကို့ကို အရမ်းချစ်သလို ကိုကို သူမကို အရမ်းချစ်

www.burmeseclassic.com

www.burmeseclassic.com



မှန်းကိုလဲ သိထားတာမို့ သူမ ကိုကို လုံးဝ မကြိုက်တဲ့ အလုပ်ကို မလုပ်တော့ဟု ဆုံးဖြတ်ချက်ချခဲ့သည်။ သူမမှာ ကိုယ်ဝန်ရှိမှန်း သိလိုက်ရတဲ့အချိန်မှာတော့ သူမ စိတ်ကို လုံးဝ လျှော့ချလိုက်ကာ ကိုကို့အတွက် ဇနီးကောင်းလေးအဖြစ်သာ ထာဝရ ရပ်တည်ပြီး သားသမီးတွေကို ပြုစုစောင့်လျှောက်ရင်း သူမ အိပ်မက်တွေကို မေ့ ပစ်လိုက်တော့မည်ဟု ဆုံးဖြတ်ထားခဲ့သည်။

သူမ ကိုယ်ဝန်နှစ်လကျော်ကျော်လောက်မှာ မရူပါက သူမ ကို သူနာပြုဆရာမအဖြစ် သရုပ်ဆောင်ဖို့ ခေါ်ခဲ့သည့် ဒါရိုက်တာက သူမကို မေးနေသည်ဟု လာပြောသည်။ ဒါရိုက်တာက 'ဒီကောင်မ လေး ဖြစ်နိုင်တယ် … နောက်ရိုက်မယ့်ကားအတွက် မေဇလပ်ရဲ့ ညီမနေရာမှာ ထားဖို့ လူလိုနေတယ် … ဒီကောင်မလေးများ စိတ်ဝင် စားမလား မသိဘူး'လို့ ပြောကြောင်းကိုပါ ဆက်ပြောပြသည်။ မေ ဇလပ်က အဲဒီအချိန်မှာ နာမည်အကြီးဆုံး မင်းသမီးလေ။ မေဇလပ် ညီမနေရာမှာ သရုပ်ဆောင်ရမယ်ဆိုတာက နည်းနည်းနောနော အ ခွင့်အရေးလားလို့။ သူမ အလွန်အမင်း ဝမ်းသာသွားကာ မျှော်လင့် ချက်ကလေးတွေ ပြန်လည်ခေါင်းထောင်ထလာသည်။ သို့ပေမယ့် သိပ်နောက်ကျသွားခဲ့ပြီပဲ။ ဘယ်လိုမှ မဖြစ်နိုင်တော့ကြောင်း မရူ ပါကို ရှင်းပြတော့ မရူပါက သူမ တစ်ကြိမ်မှ ကြိုးစည်တွေးတော ခဲ့ဖူးခြင်း မရှိသော အလွန်ရက်စက်သည့် အကြံဉာဏ်ကို ပေးလေ သည်။

သူမ နားယောင်ကာ စိတ်ကူးနှင့် ဆုတောင်းခဲ့မိတာ တစ်

www.burmeseclassic.com

www.burmeseclassic.com


ကြိမ်ကလေးသာပါ။ ချက်ခြင်း ကိုယ့်အတွေးကို ကိုယ်ဖျက်ကာ မတောင့်တအပ်တဲ့ အရာလို့ သူမ သတ်မှတ်ခဲ့တာ ဘုရားသိပါတယ်။ သူမ ကိုယ်ဝန်ပျက်ကျသည့်နေ့က သူမ သူနာပြုဆရာမအဖြစ် ရိုက်ပေးခဲ့ရတဲ့ အခန်းရဲ့ အဆက်အဖြစ် တစ်ခန်းထပ်ရိုက်ပေးဖို့လိုသည် ဟုဆိုကာ ခေါ်ခိုင်းသဖြင့် သူမ အားနာကာ လိုက်သွားခဲ့ခြင်းဖြစ်သည်။ ဒီလိုသာ ကိုယ်ဝန်ပျက်ကျမည်မှန်း ကြိုသိခဲ့လျှင် သူမ သွားဖြစ်ခဲ့မည်ပင် မဟုတ်။ အခုတော့ အဲဒါက ဘယ်လိုမှ ပြန်ပြင်လို့မရတဲ့ တစ်သက်စာအမှား ဖြစ်သွားခဲ့ပြီလေ။

စိတ်ထောင်းကိုယ်ကြေကာ အိမ်တွင်းအောင်းရင်း ပိန်ကျသွားတဲ့ သူမကို မရူပါကတော့ အားပေးစကား လာလာပြောပါ သည်။ သူက ရိုက်ကွင်းကို လိုက်ခဲ့ဖို့ ခေါ်ပေမယ့် ကိုကိုသိသွားလျှင် ထပ်စိတ်ဆိုးမှာ စိုးသောကြောင့် သူမ လိုက်မသွားခဲ့ပါ။ သူမ စိတ်ထဲမှာ မကြာခင်အချိန်မှာ ကိုကို စိတ်ပြေသွားပြီး သူမထံကို ပြန်လာမည်လို့ ယုံကြည်နေဆဲပဲလေ။

အိမ်လခ ထပ်ပေးဖို့ အချိန်ရောက်လာတော့မှ ကိုကိုထားခဲ့တဲ့ ပိုက်ဆံတွေကို ကျေးဇူးတင်ရသည်။ မရူပါက အနီးအနားက ပိုဈေးပေါတဲ့ အခန်းတစ်ခုကို ပြောင်းနေဖို့ အကြံပေးပေမယ့် ကိုကိုပြန်လာလျှင် သူမကို မတွေ့ဘဲ ဖြစ်သွားမှာ စိုးတဲ့စိတ်နှင့် သူမ မပြောင်းဘဲ ဆက်နေခဲ့သည်။ ကိုကို့အိမ်ကို လိုက်သွားဖို့ စဉ်းစားမိပေမယ့် သူမအဆောင်ကို လိုက်လာခဲ့ဖူးတဲ့ ကိုကို့အမေနှင့် အစ်မ မျက်နှာကို ပြန်မြင်ယောင်မိတော့ သတ္တိတွေ အလိုလို ပျောက်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်သွားလေတော့သည်။

သူမ မျှော်ရင်း ငိုရင်းနှင့် သုံးလလောက်အကြာမှာ သူမထံကို ကိုကို့ဆီက ပထမဆုံးအကြိမ်အဖြစ် ဆက်သွယ်မှုရလာခဲ့သည်။ သို့ပေမယ့် ကောင်းသော ဆက်သွယ်ခြင်းတော့ မဟုတ်။ ကိုကို အစ စအရာရာ လုပ်ပိုင်ခွင့် လွှဲအပ်ပေးလိုက်တဲ့ ရှေ့နေဆိုသူက သူမနှင့် ကိုကိုတို့ တရားဝင်ကွာရှင်းပြတ်စဲဖို့အတွက် စာချုပ်မှာ လက်မှတ် ထိုးပေးရန် လာရောက်တောင်းဆိုခြင်း။ သူမက လက်မှတ် မထိုးနိုင် ဆိုတော့ သူမ တောင်းသလောက် ပိုက်ဆံပေးပါမည်ဟု တမင်လုပ် ထားမှန်း ထင်ရှားသိသာနေသည့် ချိုမြသော အပြုံးဖြင့် ပြောလာ သည်။

သူမ လိုချင်တာ ငွေမဟုတ်။ ကိုကိုနှင့် တွေ့ခွင့်သာ ဖြစ်ကြောင်း ပြောပြတော့ ကိုကိုက သူမကို လုံးဝ မတွေ့ချင်တော့ကြောင်း၊ ဒါကြောင့် သူ့အမှုသည်ကို မနှောက်ယှက်ဖို့အကြောင်း သူမ နားထဲကို အလွန်အခံရခက်စေသည့် လေသံအေးအေးကလေး ဖြင့် ပြောလေသည်။

ကိုကိုက သူမကို လုံးဝ မတွေ့ချင်တော့ဘူးဆိုမှတော့ သူမ ကရော ဘာအရေးလုပ်နေရအုံးမှာလဲ။ စာနာမှု မရှိတဲ့ သူစိမ်းတစ်ယောက်ရှေ့မှာ မငိုဘူးလို့ တင်းထားတဲ့ကြားထဲက ကျလာတဲ့ မျက်ရည်စတွေကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်းသုတ်ပစ်ရင်း သူမ ဆုံးဖြတ်ချက်တစ်ခုကို အလျင်အမြန် ချလိုက်မိသည်။

'ကောင်းပြီ ... ကျွန်မ ဘယ်မှာလက်မှတ်ထိုးရမလဲပြော'

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာမှုကို မဖုံးဖိနိုင်တဲ့ မျက်နှာနှင့် လက်ထဲက စာချုပ်တွေကို အလျင်အမြန်ဖြန့်ချကာ 'ဒီနေရာမှာ'ဟု ညွှန်ပြလေသည်။ သူမ လက်မှတ်ထိုးပြီးတော့ သူက စာချုပ်တွေကို စစ်ဆေးကာ စာချုပ်တစ်ခုကို သူမထံ လှမ်းပေးသည်။

'ဒါက မနေကြာသိမ်းထားဖို့ပါ ... ကျွန်တော့်ကို သွားခွင့်ပြုပါအုံး'

တာဝန်တစ်ခု ပြီးဆုံးသွားသဖြင့် အလွန်ပေါ့ပါးသွားသော မျက်နှာနှင့် ထိုသူ အိမ်ထဲက ထွက်သွားသည်နှင့် သူမ အိမ်ခန်းတံခါးကို ဆောင့်ပိတ်လိုက်မိသည်။

ကိုကို တကယ်ကို ပြန်မလာတော့ဘူးဆိုတာ သေချာသွားခဲ့ပြီပေါ့နော်။ နှလုံးသားတွေ တင်းကြပ်မာခဲကာ ငိုစရာ မျက်ရည်ပင် မကျန်တော့သလို ခံစားနေရသည်။ သူမ ဘဝကို သူမ တစ်ယောက်တည်း ဆက်လျှောက်ရမှာ သေချာနေပြီ။ သူမမှာ အဲဒီလောက် သတ္တိမရှိ။ သူမ ဘဝကို ဆက်ရင်မဆိုင်လိုတော့။ သူမ ဘာအတွက် အသက်ရှင်နေရအုံးမှာလဲ။

ဘယ်နည်းက အသက်သာဆုံးဖြစ်မလဲ။ ရန်ကုန်မြစ်ထဲကိုပဲ ခုန်ချလိုက်ရမလား။ အဆိပ်တွေပဲ သောက်ချလိုက်ရမလား။ အိပ်ဆေးဆိုတာကရော အခံရများ သက်သာစေမလား။

အို ... ဘယ်လိုဖြစ်ဖြစ် ဒီတစ်ရက်ကလေးတော့ ကြိုးစားအသက်ရှင်မည်။ ဒီတစ်ရက်ကလေးပဲ။ မနက်ဖြန်ကျမှ ဘာလုပ်ရမလဲဆိုတာကို ဆုံးဖြတ်မယ်။ အခုအချိန်မှာ ဘာကိုမှ မတွေးတော့

www.burmeseclassic.com

www.burmeseclassic.com



ဟု သူမ ဆုံးဖြတ်လိုက်မိလေတော့သည်။

***

နောက်တစ်နေ့သည် မယုံနိုင်လောက်အောင် သူမအတွက် စိတ်သစ်နှင့် ခွန်အားသစ်များစွာကို ဖြည့်ဆည်းပေးခဲ့သည်။ သူမ စိတ်တွေ တည်ငြိမ်သွားပြီမို့ ရှေ့ရေးအတွက် ပီပီပြင်ပြင်တွေးနိုင်လာသည်။ သူမ ဒီအိမ်မှာ ဆက်နေလို့ မဖြစ်။ သူမ လက်ထဲမှာ ပိုက်ဆံဘာမှ မကျန်တော့။ ဒီအနီးအနားက ဈေးပေါတဲ့ အခန်းတွေ အတွက်တောင် မတတ်နိုင်တော့တဲ့ အခြေအနေမို့ ပစ္စည်းသိမ်းကာ ဘော်ဒါဆောင်တစ်ခုကို ပြောင်းရန် ဆုံးဖြတ်လိုက်သည်။

သူမ အထုတ်အပိုးတွေ သိမ်းကာ ဆင်းလာတော့ မရှုပါက လှမ်းမြင်ကာ သူမကို အကျိုးအကြောင်းလာမေးသည်။ သူမ ပြောပြလိုက်တော့ မရှုပါက ဒေါသတွေထွက်ကာ ဘာလို့ လွယ်လွယ်ကူကူ လက်မှတ်ထိုးပေးလိုက်ရတာလဲဟု ဆူတော့သည်။ ပိုက်ဆံလိုသလောက် တောင်းလို့ရလျက်နှင့် မတောင်းလိုက်တဲ့ သူမကိုလဲ အပြစ်တင်သည်။

'မတောင်းချင်ပါဘူး အစ်မရယ် ... နဂိုကမှ သူ့မိဘတွေက နေကြာက ငွေမက်လို့ သူတို့ သားကို ယူတယ်လို့ ဝိုင်းစွပ်စွဲနေကြတာကို'

'အို ... ကိုယ့်အသက်ရှင်ရပ်တည်ဖို့အတွက်တော့ တောင်း

www.burmeseclassic.com


သင့်ရင် တောင်းရမှာပဲ ... လောဘကြီးပြီးတောင်းတာမှ မဟုတ်တာ ... ပြီးတော့ သူ့ကြောင့် ကိုယ့်မှာ ဘယ်လောက် နစ်နာခဲ့ရသလဲ ... သူတို့က အိမ်ထောင်ကွဲလို့ ဘာမှနာစရာမရှိဘူး ... ကိုယ့်မှာက အပျိုပြန်ဖြစ်တော့တာ မဟုတ်ဘူး'

သူမ မစဉ်းစားချင်တဲ့ အကြောင်းတွေ မရူပါကြောင့် ခေါင်းထဲ ပြန်ရောက်လာသည်။

'ပြီးခဲ့တာတွေ ထားလိုက်ပါတော့ အစ်မရယ် ... အခု နေကြာအဆောင်သွားရှာရအုံးမယ် ... အစ်မ လိုက်ခဲ့ပေးမလား ... ပြီးတော့ မနက်ဖြန်ကစပြီး အစ်မနဲ့အတူ နေကြာ ရိုက်ကွင်းကို လိုက်ခဲ့တော့မယ်'

မရူပါက အရင်က တစ်ချိန်လုံး တငိုငို တရီရီ ဖြစ်နေခဲ့တဲ့ နေကြာ့ရဲ့ ရဲဝံ့ပြတ်သားတဲ့ ပုံသဏ္ဌာန်ကို ကြည့်ကာ အံ့သြနေသည်။

'အေး ... လိုက်ခဲ့ပေးမှာပေါ့ ... အစ်မလည်း ဒီနေ့အား တယ်'

သူမ အရင်က ကိုကိုနှင့် လိုက်ရှာခဲ့ဖူးတဲ့ အဆောင်တွေ ဘက် ပြန်သွားကာ စုံစမ်းကြည့်တော့ အရင်က နေခဲ့ဖူးတဲ့ အ ဆောင်နှင့် မလှမ်းမကမ်းက ဘော်ဒါဆောင်တစ်ခုမှာ နေရာလွတ် ရှိကြောင်း သိလိုက်ရသည်။ မိန်းကလေးနှစ်ယောက်မို့ ကိုကိုနှင့် လာတုန်းကလို မသင်္ကာဖြစ်ခံရတဲ့ အခက်အခဲ မရှိ။ စကားပြော တတ်တဲ့ မရူပါက သူမကို 'နယ်ကလာအလုပ်လုပ်တဲ့ ကျွန်မ ညီမ

www.burmeseclassic.com

www.burmeseclassic.com



လေး’ဟု ဆိုကာ မိတ်ဆက်ပေးပြီး အဆောင်ပိုင်ရှင်နှင့်ပင် ရွှန်းရွှန်းဝေအောင် စကားလက်ဆုံတွေ ကျနေသေးသည်။

သူမ ရတဲ့ အဆောင်က အခန်းကလေးမှာ ပစ္စည်းတွေ နေသားကျတော့မှ မရူပါက သူမကို အားမငယ်ရန် ပြောပြီး မနက်ဖြန်မနက်ကို ရိုက်ကွင်း အတူတူသွားဖို့ လာခေါ်မည်ဟုဆိုကာ ပြန်သွားလေသည်။ သူမ စိတ်ထဲမှာ ဘဝသစ်တစ်ခုကို စတင်ရသလို ခံစားနေရသည်။ ကြေကွဲခြင်းတွေ ဝမ်းနည်းခြင်းတွေ ဘာတစ်ခုမှ ဒီဘဝသစ်ထဲကို ယူမလာဘူး။ ကိုကို့ဇနီးနေကြာဆိုတာ အတိတ်ကာလတစ်ခုမှာ ပြီးဆုံးသွားတဲ့အရာ။ မျှော်လင့်ချက်တွေနှင့် သူမကို စောင့်ကြိုနေမည့် မနက်ဖြန်ကိုသာ ကြိုးစားတွေးကာ ရရှိခဲ့တဲ့ ဒဏ်ရာတွေအားလုံးကို နှလုံးသားထဲပိတ်ကာ သော့ခတ်သိမ်းလိုက်လေတော့သည်။

***

ဒီလိုဖြစ်သွားတာ သူမ ဒါရိုက်တာပြောတဲ့ မင်းသမီး ညီမနေရာမှာ သရုပ်ဆောင်ရဖို့ ဖြစ်လာတာပဲဟု သူမ အကောင်းဘက်ကိုတွေးကာ ဖြေနိုင်အောင် ကြိုးစားခဲ့သည်။ ဘာပဲပြောပြော ရတဲ့အခန်းလေးတွေမှာ ကြိုးကြိုးစားစား သရုပ်ဆောင်လိုက်လျှင် သူမအတွက် တက်လမ်းတွေ ပွင့်လာနိုင်သည်။ ဒီကရမည့် သရုပ်ဆောင်ခက သူမ ကိုယ့်ဖာသာကိုယ် ရပ်တည်နိုင်လောက်မှာပါလို့ ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးနှင့်ကိုယ် ကြိုတင်တွက်ချက်နေမိသေးသည်။

သို့ပေမယ့် တကယ်တမ်း သူမ ရိုက်ကွင်းကို ရောက်တဲ့ အခါ ဒါရိုက်တာက သူမကို ‘ ဪ … ညည်းပြန်လာပြီလား’ဟု အသိအမှတ်ပြုစကားဆိုကာ သူမ အနားကို ရောက်တိုင်း ပခုံးဖက်လိုက် ခေါင်းပုတ်လိုက် လုပ်နေတာကလွဲလို့ ဘာမှ မပြော၊ ဘာမှလဲ မမေး။ သူမကလဲ ပြန်မေးဖို့ နေနေသာသာ ဒါရိုက်တာ အနားရောက်လာမှာ စိုး၍ တတ်နိုင်သမျှ ခပ်ဝေးဝေးကို ရှောင်ရင်း သူမကို ဒါရိုက်တာဘက်က တရားဝင်ကမ်းလှမ်းလာမည့် အချိန်ကိုသာ စောင့်စားနေရသည်။

တစ်ရက်မှာတော့ နောက်ရိုက်မည့် ကားအတွက် မေဇလေပ်ရဲ့ညီမနေရာမှာ တက်သစ်စ မင်းသမီးရွှေစင်လင်း သရုပ်ဆောင်မည်ဟု ဟာသသရုပ်ဆောင်တစ်ယောက်က သူတို့အချင်းချင်းပြောနေတာကို သူမ ကြားလိုက်ရသည်။ မျှော်လင့်ချက်တွေ ပြင်းထန်နေတဲ့ သူမ ရင်ထဲ အလွန်စိုးရိမ်သွားကာ သူမကို ပြောထားတဲ့နေရာ မဖြစ်ပါစေနှင့်ဟုသာ ဆုတောင်းနေမိတော့သည်။

အဲဒီနေ့ ရိုက်ကွင်းက အပြန်မှာ မရူပါကို မေးကြည့်တော့ မရူပါက သူလည်း ကြားပြီးပြီဖြစ်ကြောင်း ပြောပြသည်။

‘သူတို့က သူတို့ အချိတ်အဆက်တွေနဲ့သူတို့ ရှိပြီးသားနေကြာရဲ့ … ဒီလောကထဲမှာ ကိုယ်ကလျှင်မှ … အခွင့်အရေးတွေက နှစ်ခါမလာဘူး … ပြီးတော့ အဲဒီဒါရိုက်တာက ဒါသမား … သူ့ကို လိုက်လျောနိုင်မှ အဆင်ပြေမှာ … နင်က သူ့အနားတောင်

www.burmeseclassic.com

www.burmeseclassic.com



မကပ်ဘဲနေတော့ နင့်ကို သူက ဘယ်ကြည့်မလဲ’

နှာခေါင်းကို လက်ညှိုးထိုး ပြရင်းပြောနေသည့် မရှုပါကို ကြည့်ကာ သူမ အတော် စိတ်မသက်မသာ ဖြစ်သွားရသည်။

‘အဲဒီလိုဆိုရင်လဲ နေပါစေတော့ အစ်မရယ်’

သူမ သက်ပြင်းချရင်း စိတ်လျှော့လိုက်မိသည်။

သူမ ဒီလို ဟိုနားဒီနားဝင်ပါရင်း ရတဲ့ဝင်ငွေကလေးနှင့် ရပ်တည်ဖို့ မဖြစ်နိုင်မှန်း သေချာနေတာမို့ သူမ စိတ်ကူးယဉ် အိပ်မက်ထဲက ထွက်ကာ လက်တွေ့ဘဝကို လက်တွေ့ကျကျ ရင်ဆိုင်ဖို့ ပြင်ဆင်ရလေတော့သည်။ သူမမှာ ပုံမှန်ဝင်ငွေရမည့် အလုပ်ကလေးတစ်ခုတော့ ရှိမှ ဖြစ်မှာမို့ အလုပ်ရှာရင်း ‘မာလာဖူး’ဆိုသည့် နာမည်ကြီးအပ်ချုပ်ဆိုင်တစ်ခုမှာ လက်ချုပ်အတွက် လူလိုနေကြောင်း သိလိုက်ရသည်။ သူမ ဝင်ကာ စုံစမ်းတော့ သူတို့က သူမကို အင်္ကျီတစ်ထည်ပေးကာ အစမ်းချုပ်ပြခိုင်းသည်။ သူမ တတ်မြောက်ထားခဲ့တဲ့ အချုပ်အလုပ်ပညာက ဒီနေရာမှာ အသုံးဝင်ကာ သူမ လက်ရာကို သူတို့ သဘောကျသွားသည်။

သူမ ရိုက်ကွင်း မလိုက်တော့။ စက်ဆိုင်က လက်ချုပ်တွေကို ကိုယ့်ဆီမှာ ယူချုပ်တာ မကြိုက်။ ဆိုင်မှာပဲ အပြီးလာချုပ်စေချင်သဖြင့် ဆိုင်ကိုသာ မှန်မှန်သွားနေရသည်။

သူမ မလာတာကြာတော့ သူမ အဆောင်ကို မရှုပါလိုက်လာသည်။

‘နင်က ဘာလို့ မလာတော့တာလဲ … ဒက်ဒီကတော်

www.burmeseclassic.com

www.burmeseclassic.com



နင့်ကို မေးနေတယ် ... သမီးနဲ့ ပါပါလာတဲ့ ဟိုကောင်မလေးရောတဲ့’

ဒက်ဒီဆိုတာ ဒါရိုက်တာဦးလှရင်ကို ရိုက်ကွင်းမှာ အများခေါ်ကြသော နာမည်ဖြစ်သည်။

‘အလုပ်က နေ့တိုင်းဆင်းနေရတော့ လာဖို့ မလွယ်တော့ဘူး အစ်မရဲ့ ... ပြီးတော့ နေကြာ ဒီတစ်သက် ဖြစ်နိုင်တော့မယ်လဲ မထင်ပါဘူး ... ထားလိုက်ပါတော့’

‘အံ့မယ်လေး ... နင်က အခုမှ ခဏကလေး ရှိသေးတာ ကို စိတ်လျှော့နေပြီ ... ငါဆို ဒီလောကထဲမှာ သုံးနှစ်ရှိနေပြီ’

‘ဘုရားရေ ... သုံးနှစ်တောင်’

သူမ အလွန်အမင်း အံ့သြသွားမိသည်။ သုံးနှစ်ကြာအောင် ဘာမှ တိုးတက်မှု မရှိသေးတာတောင် စိတ်မလျှော့နိုင်ရလောက်အောင် ဝါသနာကြီးလှချည်လား။ မရှုပါကို သူမ မော့ကြည့်လိုက်မိသည်။ ဘယ်လိုမှ မင်းသမီး မဖြစ်နိုင်တဲ့ သာမန်ရွက်ကြမ်းရေကျိုမျက်နှာပိုင်ရှင်ကို ကြည့်ရင်း သူ့ကိုယ်သူ ဘယ်အနေအထားအထိများ မှန်းထားသလဲဟု တွေးလိုက်မိသည်။

‘အေး ... ဒါတောင် ငါ့ကို ဘယ်ဒါရိုက်တာကမှ နင့်လို တခုတ်တရ မေးဖော်ရတာ မဟုတ်ဘူး ... ငါ နင်နဲ့ နေရာချင်းလဲလိုက်ချင်တယ် ... ဟိုကောင်မတွေဆိုတွေ့လား ...အားတာနဲ့ ဒက်ဒီ့နားသွားပြီး တစ်ချိန်လုံး အနားမှာ ပွတ်သီးပွတ်သတ် လုပ်နေတာ ... နင်နဲ့များ တခြားစီ ... ဘာဖြစ်လဲပဟယ် ... ကိုယ်က အပျိုမှ မဟုတ်တာဘဲ ... မင်းသမီးဖြစ်ရမယ်ဆိုရင် ဘာပဲပေးရပေးရဆို့

www.burmeseclassic.com

www.burmeseclassic.com



တဲ့သူတွေ သူ့အနားမှာ ပြည့်လို့ ... အဲဒီလိုလူတွေ ကြားမှာ ကိုယ့်ကို အရေးပေးတာ ... ကိုယ်က အခွင့်အရေးကို သိတတ်ဖို့ လိုတယ်'

သူမနှင့် ဘယ်လိုမှ မတိုက်ဆိုင်တဲ့ မရူပါရဲ့ အယူအဆတွေကို အံ့သြစွာ သိခွင့်ရလိုက်သည်။ အပျိုမဟုတ်တာနှင့် ကိုယ့်ကိုယ်ကို တန်ဖိုးမထားရတော့ဘူးတဲ့လား။

'ဒက်ဒီနဲ့ဆို နာမည်ကြီးဖို့က သေချာသလောက်ပဲ ... မေဇလပ်ဆိုလဲ ဒက်ဒီတင်ပေးခဲ့တာပဲ ... သူလဲ ဒက်ဒီ့သဘောကျလိုက်လျောခဲ့ရတာ အားလုံးသိတာပဲ ... ဟော ... အခု ရွှေစင်လင်းဆိုလဲ ဒက်ဒီနဲ့ မကင်းမှန်း ဒီရုပ်ရှင်လောကတစ်ခုလုံးသိတာပဲ ... မင်းသမီးတွေအားလုံး ဒီလိုနဲ့ တက်ခဲ့ရတာ ချည်းပါပဲအေ'

ဘုရား ... ဘုရား မရူပါက သူမကို စေတနာထားသလိုလိုနှင့် ချောက်ထဲကို တွန်းချနေတာပါလား။ သူမ ခေါင်းကို ခါယမ်းကာ 'နေပါ့စေတော့ အစ်မရယ်'ဟုသာ ငြင်းလိုက်မိတော့သည်။ သူမ လိုချင်တဲ့ အောင်မြင်မှုတွေနှင့် အနီးကပ်ဆုံး အခြေအနေကို ရောက်လာခဲ့ပြီးမှ လက်လွှတ်ဆုံးရှုံးခံရခြင်းအတွက် သူမရင်ထဲမှာ အေးချမ်းစွာ နေနိုင်ခဲ့သည်တော့မဟုတ်။ မှားများမှားသွားသလားဆိုတဲ့ စိတ်က တစ်ခါတလေမှာ သူမကို အလွန်အမင်း အနှောက်အယှက်ပြုနေလေသည်။ သို့ပေမယ့် အောင်မြင်ချင်ဇောနှင့် ထင်ရာစိုင်းလိုက်ချင်စိတ်တွေ ကြီးစိုးလာတိုင်း သူမကို အထင်သေးတဲ့ အမေ့မျက်နှာကို ပြန်ပြေးမြင်ကာ ဒီလိုဘဝမျိုး အရောက်ကို မခံဘူးဟု စိတ်တင်းလိုက်မိသည်။ ပြီးတော့ သူမကို အထင်သေးကြ

www.burmeseclassic.com

www.burmeseclassic.com


တဲ့ ကိုကို၊ ကိုကို့အမေနှင့် ကိုကို့အစ်မတို့ရဲ့ မျက်နှာ။ သူမ ဆုံးဖြတ်ချက်တွေ ပိုမိုခိုင်မာသွားသည်။ ရှိပါစေတော့ ... ရင်ရှုပ်စရာကောင်းလှတဲ့ ရုပ်ရှင်လောကကြီးရယ်ဟု တွေးရင်း သူမရဲ့ စိတ်ကူးယဉ်အိပ်မက်တွေကို သူမရဲ့ နှလုံးသားအောက်ခြေမှာအပြီးတိုင် နှစ်မြှုပ်ကာ သိမ်းဆည်းထားဖို့ ကြိုးစားလိုက်ရလေတော့သည်။

သူမကို ဆိုင်က စက်ကောင်းကောင်းချုပ်တတ်မှန်း သိသွားတော့ လက်ချုပ်သာမကတော့ဘဲ ညှပ်ပြီးသား အထည်တွေကို စက်နှင့် လိုက်ပေးရတာ၊ ပုဆိုးတွေ ထမိန်တွေ ချုပ်ပေးရတာတွေပါ ရှိလာကာ သူမ ဝင်ငွေလည်း တိုးတက်မြင့်မားလာခဲ့သည်။

သူမတို့ ဆိုင်ကို ပုံမှန်ရောက်လာတတ်သူ အမျိုးသားတွေထဲမှ ကိုမင်းဆက်ညီဆိုသူတစ်ယောက်ကို သူမ သတိထားမိလာသည်။ ထိုသူက သူ့ညီမတွေကို အင်္ကျီလာအပ်ပေး၊ လာရွေးပေးရင်း ဆိုင်ကို မကြာခဏ ရောက်လာတတ်သည်။ သူကလည်း ရောက်လာတိုင်း သူမ သတိမထားမိ၊ ထားမိအောင် သူမ အနားကို လာကာ အကြောင်းမရှိ အကြောင်းရှာပြီး စကားတွေ လာလာပြောနေလေ့ရှိတာကိုး။

သူမကို စိတ်ဝင်စားတဲ့ အရိပ်အယောင်တွေ ပြနေမှန်းကောင်းမွန်စွာ ရိပ်မိသိရှိပေမယ့် သူမ သူ့ကို စိတ်မဝင်စားပါ။ ထို

www.burmeseclassic.com

www.burmeseclassic.com



သူကလည်း သူမ အကြောင်းတွေကို မသိလို့သာ စိတ်ဝင်စားနေတာဖြစ်မည်ဟု နားလည်မိသဖြင့် သူ့ကို အလုပ်သဘောထက်ပိုကာ ဘာမှ မပြောမိအောင်နေခဲ့သည်။ သို့ပေမယ့် သူမရဲ့ အတိတ်တွေကို ဘာမှ မသိဘဲ သူမကို အပျိုလို့ ထင်နေကြတဲ့ ဆိုင်ရှင်အစ်မကြီးနှင့် သူမရဲ့ လုပ်ဖော်ကိုင်ဖက်တွေက သူမကို ထိုသူ စိတ်ဝင်စားနေမှန်း ရိပ်မိကာ မကြာခဏ စကြ နောက်ကြသဖြင့် သူမ အလွန်စိတ်ညစ်ရသည်။ ဆိုင်ရှေ့မှာ သူ့ကားရပ်သံကြားလိုက်တာနှင့် 'ဟော'ဟုဆိုကာ အားလုံးရဲ့ မျက်လုံးတွေ သူမထံ စုပြုံရောက်ရှိလာတာကို သူမ အခံရခက်လှသည်။ ထို့ကြောင့် လူပုံခပ်နွဲ့နွဲ့၊ အသားဖြူဖြူနှင့် လူတစ်ဖက်သားကို အနေရခက်လောက်အောင် စူးစိုက်ကြည့်တတ်သော ထိုသူဌေးသား ဆိုင်လာမှာကို သူမ အလွန်စိုးရိမ်နေမိသည်။ သူလာတိုင်း စိတ်ကျဉ်းကြပ်ရတဲ့ ဘဝကို သည်းမခံနိုင်တော့သဖြင့် တစ်ခါတစ်ရံမှာ 'ကျွန်မ အပျိုမဟုတ်ဘူးနော်'ဟု ဖွင့်ပြောချင်လိုက်စိတ်ပင် ပေါက်လာမိသည်။ သို့ပေမယ့် အဲဒီလို ပြောလိုက်လို့ ပိုထူးမလာဘဲ ပိုဆိုးသွားလျှင် မခက်ပါလား။ တစ်ခုလပ်ဆိုတာနှင့် လူတွေက အလိုလို အထင်သေးကြပြီးသား မဟုတ်လား။ သူမ တမင်တကာ ဖုံးကွယ်ထားချင်တာမျိုး မဟုတ်ပေမယ့် မလိုအပ်ဘဲနှင့်တော့ ဘယ်သူ့ကိုမှ မသိစေချင်ပါ။

BURMESE CLASSIC .com

သူမဘက်က မနှစ်ခြိုက်နိုင်တဲ့ အမူအရာတွေ ပြနေလျက်သားနှင့် တစ်ရက်မှာ သူက သူမအတွက် လက်ဆောင်ဟုဆိုကာ ပစ္စည်းတွေ ဝယ်လာပေးလေသည်။ သို့ပေမယ့် သူမက လက်မခံနိုင်

www.burmeseclassic.com

www.burmeseclassic.com


ကြောင်း ငြင်းသောအခါတွင် သူမ ထင်သလို ဖွင့်အတင်းမပေးဘဲ 'စေတနာကို တလွဲမထင်ပါနဲ့ ... ကျွန်တော်က နေကြာ့ကို ခင်မိလို့ပါ ... ပြီးတော့ နယ်ကနေ ရန်ကုန်မှာ တစ်ယောက်တည်း လာအလုပ်လုပ်နေတဲ့ မိန်းကလေးတစ်ယောက်ရဲ့ သတ္တိကို ချီးကျူးလေးစားလို့ပါ' ဟုဆိုကာ ခပ်အေးအေးပင် ပြန်ယူသွားလေသည်။ သူမ သူ့ကို ကျေးဇူးတင်ရင်း ဇဝေဇဝါပင် ဖြစ်သွားမိသည်။ နောက်ပိုင်းမှာ ကိုယ့်ကို စိတ်ဝင်စားနေတယ်လို့ ယူဆရတဲ့ အမူအယာတွေ ပြသနေပေမယ့် ဘာစကားမှလဲ စမလာ၊ ဘာအခွင့်အရေးမှလဲ တောင်းခံမလာတော့ သူ သူမကို ခင်မင်ချင်ရုံသက်သက်ဆိုတာ ဟုတ်များဟုတ်နေမလားလို့ သံသယတွေ ဝင်ကာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမိလေခြင်းအတွက် ရှက်သလိုလိုပင် ဖြစ်လာမိသည်။

BURMESE CLASSIC .com

ဒီလိုနှင့် သူလာလျှင် ခင်ခင်မင်မင် စကားပြန်ပြောမိရင်း ရယ်မောနောက်ပြောင်ဖြစ်ကြသည့် အဆင့်အထိ တဖြည်းဖြည်း ရင်းနှီးသွားလေသည်။ တစ်နေ့ သူဆိုင်ထဲက အထွက်မှာ ဆိုင်ထဲဝင်လာတဲ့ ကောင်မလေးတစ်ယောက်က သူ့ကို လှမ်းကြည့်ရင်း 'အဲဒါ မင်းသစ္စာရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ကိုမင်းဆက်ညီ မဟုတ်လား' ဟု သူမကို လှမ်းမေးသည်။

'ကိုမင်းဆက်ညီတော့ ဟုတ်တယ် ... သူက ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ... ဟုတ်လား'ဟု သူမ တအံ့တသြ ပြန်မေးလိုက်မိသည်။ ဒီလောက် ငယ်ငယ်ရွယ်ရွယ်နှင့် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်ဖြစ်နေခြင်းကို အထင်ကြီးလေးစားသွားမိသလို ကိုယ့်ကိုယ်ကိုယ် တစ်ခါမှ ဂုဏ်

www.burmeseclassic.com

www.burmeseclassic.com



ဖော် မပြောဘဲ သာမန်လူတစ်ယောက်လို နေတတ်ခြင်းအတွက်လည်း အမှတ်တွေပေးမိပြန်သည်။

'ဟင် ... မင်း မသိဘူးလား မင်းသစ္စာဆိုတာ နာမည်ကြီး ရုပ်ရှင်ကုမ္ပဏီပဲလေ ... 'အချစ်မြှား'တို့ 'တေလေမလေး'တို့က သူ့ ကုမ္ပဏီက ရိုက်တာပေါ့'

သူ ပြောနေတာက နာမည်ကြီးဇာတ်ကားတွေချည်းမို့ သူမ ထပ်မံအံ့ဩသွားရပြန်သည်။ ပြည့်တဲ့လူတွေများ မော်ကြွားထောင် လွှားမှု မရှိဘူးဆိုတာ ဒါမျိုးပဲဖြစ်မှာပေါ့ဟု ထပ်ဆင့်တွေးလိုက်မိ သည်။

'ဟယ် ... မင်းဆက်ညီကလေ ... ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဟုတ်လား ... ဟင်း ... ငါတို့ကို မပြောဘဲထားတယ် ... သိမယ် ... နောက်လာရင်သိမယ်'

ဆိုင်ရှင်အစ်မကပါ သူမတို့ စကားကို ကြားသွားကာ အ နားရောက်လာရင်း ပြောလေသည်။

'သူ့ကို မိဘပိုက်ဆံဖြုန်းနေတဲ့ ရိုးရိုးသူဌေးသားလို့ပဲ ထင် နေတာ ... သူ့ပုံစံက မထင်ရဘူးနော်'

'အေးလေ ... ငယ်ငယ်လေးနဲ့ တော်လိုက်တာ'

ထိုနေ့က သူမတို့ ဆိုင်မှာ မင်းဆက်ညီဆိုတဲ့ ခေါင်းစဉ်နှင့် ဆွေးနွေးမှုက တစ်နေကုန်နီးပါး ကြာမြင့်သွားလေသည်။ စက်ချုပ် တဲ့ အစ်မတစ်ယောက်က 'နေကြာတို့တော့ ပွတာပဲဟေ့'ဟု လှမ်း နောက်တော့

www.burmeseclassic.com

www.burmeseclassic.com



'အို ... ဘာဆိုင်လို့လဲ'ဟု အော်ရင်း သူမ မျက်နှာတွေ ပူနွေးသွားရသည်။

သူမ ရင်ထဲမှာ အရင်လို စိတ်ညစ်မှုတွေအစား ကြည်နူးမှုတွေ ဝင်လာတာ ဘာကြောင့်များပါလိမ့်နော်။

***

'ကိုမင်းဆက်ညီတို့များ သိပ်ကို လျှိုတာပဲ'

နောက်တစ်ပတ်အကြာ ကိုမင်းဆက်ညီ ဆိုင်ကို ရောက်လာတော့ ဆိုင်မှ သူများက အလုအယက် ဝိုင်းကာ အပြစ်တင်ကြလေတော့သည်။ သူက ဆိုင်ရဲ့ထောင့်တစ်ထောင့်မှာ ထိုင်ရင်း လက်ချုပ်လိုက်နေသည့် သူမကို လှမ်းကြည့်ရင်း

'မဟုတ်ပါဘူးဗျာ ... ကျွန်တော်က ကျွန်တော်တင်မယ့် မင်းသမီးအသစ်ကလေးကို သဘာဝအတိုင်း ဘယ်လိုနေသလဲဆိုတာ အကဲခတ်လေ့လာနေတုန်းမို့ပါ' ဟု ဆိုလေသည်။

သူမ အိပ်မက်တွေ တကယ်ဖြစ်လာခဲ့ပြီလား။ ဒါ အိပ်မက်တော့ မဟုတ်တန်ကောင်းပါဘူးနော်။ သူက သူမကို ပြောနေတာ ဟုတ်ရော ဟုတ်ရဲ့လား။

သူမ အပျော်တစ်ဝက် စိုးရိမ်စိတ်တစ်ဝက်နှင့် ရင်ခုန်နေဆဲ သူမ အနားကို သူ ရောက်လာသည်။

'တကယ်ပြောတာ ... ကျွန်တော် နေကြာ့ကို စတွေ့က

www.burmeseclassic.com

www.burmeseclassic.com



တည်းက အကဲခတ်နေတာ ... မင်းသမီး တင်ရင် တကယ်ကို အောင်မြင်မယ့်ရုပ်မျိုး ... ကဲ ... အခု သိသွားပြီဆိုတော့ မထူးပါဘူး ... ကျွန်တော့် ကမ်းလှမ်းချက်ကို ဘယ်လို သဘောရသလဲ'

သူမ အံ့ဩကာ ဆွံ့အနေမိသည်။

'အံမယ်လေး ... နေကြာရယ် ... ငါနဲ့များ နေရာချင်းလဲလိုက်ချင်တယ် ... လက်ခံတယ်လို့ ပြောလိုက်လေ ... တကတည်းမှပဲ'

စက်ချုပ်နေသည့် အစ်မတစ်ယောက်က မချင့်မရဲ ဝင်ပြောသည်။

ဘဝဆိုတာ သိပ်ထူးဆန်းပါလား။ မျှော်လင့်လွန်းတဲ့ အချိန်တွေမှာ ဖြစ်မလာခဲ့ဘဲ မျှော်လင့်ချက်တွေကို စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်ချိန်ကျမှ အခွင့်အရေးက ပေါ်လာသတဲ့။

'နေကြာ သဘောတူမယ်ဆိုရင် ကိုယ် အခုရိုက်မယ့်ကားမှာ ခေါင်းဆောင်မင်းသမီးအဖြစ် တင်ချင်တယ် ... အာမတော့ မခံဘူးနော် ... အရင် ဒါရိုက်တာနဲ့ တွေ့ရမယ် ... ပြီးတော့ ကင်မရာတက်စ်တွေ လုပ်ရမယ် ... ဒါရိုက်တာက အိုကေ ဖြစ်တယ်ဆိုရင်တော့ သေချာပြီပေါ့'

'နေကြာ ... နေကြာ ... ဝမ်းသာလွန်းလို့ ဘာပြောရမှန်းတောင်မသိဘူး ... နေကြာလေ မင်းသမီး သိပ်ဖြစ်ချင်တာ'

သူမရဲ့ အသံတွေ တုန်ယင်နေတာကို ကိုယ်တိုင် သတိပြုမိပေမယ့် ဘယ်လိုမှ မထိန်းနိုင်။ မျက်ရည်များပင် ဝဲလာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အစပိုင်းက သူ သူမကို အကဲခတ်နေတာကို ငါ့ကို စိတ်ဝင်စားနေတာပဲဟု ကိုယ့်ကိုယ်ကို အထင်ကြီးကာ တင်းတင်းမာမာ ဆက်ဆံခဲ့မိတာတွေအတွက် ပြန်တွေးကာ အားနာမိနေသည်။

ဘဝဆိုတာ မထင်မှတ်တာတွေ တကယ်ကို ဖြစ်တတ်တာပါပဲလားနော်။

***

ကင်မရာတက်စ်အတွက် ချိန်းထားတဲ့နေ့မတိုင်ခင်ကတည်းက သူမ စိတ်ကူးတွေဖြင့် ရူးကာ ပျော်ရွှင်နေမိသည်။ သူမက ကင်မရာနှင့် စိမ်းသူမှ မဟုတ်တာ။ ရိုက်ကွင်းတွေမှာလည်း မင်းသမီးတွေ ဘယ်လိုနေတယ်၊ ဘယ်လို သရုပ်ဆောင်တယ်ဆိုတာတွေကို တွေ့မြင်မှတ်သားဖူးထားခဲ့သူပဲလေ။ ပြီးတော့ ငယ်ငယ်လေးကတည်းက ရုပ်ရှင်တစ်ကားကြည့်ပြီးတာနှင့် အဲဒီကားထဲက မင်းသမီးရဲ့ အမူအရာတွေကို မှန်ရှေ့မှာ အကြိမ်ကြိမ် ပြန်လုပ်ကြည့်ရင်း ရူးနေခဲ့ရသူ မဟုတ်လား။ ကလေးဘဝကတော့ မိဘနှစ်ဦးစလုံးက သူမရဲ့ အဲဒီအကျင့်ကို ရယ်စရာ အဖြစ်သဘောထားကာ သဘောကျစွာ အားပေးခဲ့ကြပေမယ့် အပျိုဖော်ဝင်စပြုလာတဲ့အချိန်မှာ အမေက စတင်တားမြစ်လာခဲ့သည်။ နောက်ပိုင်းမှာ အော်ငေါက်တာ၊ ခေါင်းခေါက်တာ၊ ဗိုက်ကြောတွေ ပေါင်တွင်းကြောတွေလိမ်ဆွဲတာတွေ ခံရတာတောင် သူမ အမှတ်မရှိခဲ့။ အမေလစ်တာနှင့် မှန်ရှေ့မှာ အ

www.burmeseclassic.com

www.burmeseclassic.com



မှုအရာ ခိုးကျင့်တတ်မြဲ။ ထို့ကြောင့် အမှုအရာပိုင်းနှင့် ပတ်သက်၍ သူမကိုယ် သူမ ယုံကြည်မှု အပြည့်ရှိသည်။

အဲဒီနေ့ညက စိတ်လှုပ်ရှားလွန်း၍ သူမ အိပ်လို့မရ။ မနက်မှာ တွေ့ရမည့် မြင်ကွင်းတွေကို စိတ်ထဲမှာ အကြိမ်ကြိမ် ကြိုတွေးနေမိသည်။

ဒါရိုက်တာက သူမကို ငိုခိုင်းမလား၊ ရယ်ခိုင်းမလား၊ စိတ်ဆိုးတဲ့ အမူအရာတွေ လုပ်ပြခိုင်းမလား။ သူမ ရဲ့ဝံ့ပိုင်နိုင်စွာ လုပ်ပြလိုက်မည်။ ထိုအခါ ဒါရိုက်တာက သူမကို တအံ့တသြနှင့် 'ဒီကောင်မလေး တယ်တော်ပါလား'ဟု ချီးကျူးလိမ့်မည်။ 'ဘယ်လိုများ အမူအရာတွေကို ဒီလောက်ပိုင်နိုင်နေရတာလဲ'လို့ မေးရင် သူမက 'ငယ်ငယ်ကလေးကတည်းက နာမည်ကြီးမင်းသမီးတွေရဲ့ အမူအရာတွေကို အတုခိုးပြီး လေ့ကျင့်လာတာလေ'လို့ ဖြေလိုက်ရမလား။ ဒါမှမဟုတ် ... ။

သူမ ပြန်ပြောမည့် စကားတွေကို စီကာပတ်ကုံး စဉ်းစားကာ အထပ်ထပ်အခါခါ စိတ်ထဲက လေ့ကျင့်ကာ ပြောနေမိရင်း မိုးစင်စင်လင်းသွားလေတော့သည်။

မနက်အစောကြီးကတည်းက သူမ တတ်သမျှ မှတ်သမျှတွေဖြင့် အလှဆုံးဖြစ်အောင် ပြင်ဆင်ဖီးလိမ်းခြယ်သနေခဲ့သည်။ ချိန်းထားတဲ့ အချိန်ရောက်ခါနီးတော့ သူမကို လာခေါ်မည့် ကိုမင်းဆက်ညီကို အဆောင်ရှေ့မှ ထွက်စောင့်နေလိုက်သည်။

ကိုမင်းဆက်ညီရဲ့ကားက သူမကို ကျော်ဖြတ်ကာ အဆောင်

www.burmeseclassic.com

www.burmeseclassic.com



ထဲ ဝင်သွားသဖြင့် သူမ အနောက်မှ ပြေးလိုက်ကာ လှမ်းခေါ်ရသည်။ ကိုမင်းဆက်ညီက ကားရပ်ပြီး သူမကို မမှတ်မိသလို အတန်ကြာအောင် ကြောင်ကာ ကြည့်နေသည်။ ပြီးမှ ဟက်ဟက်ပက်ပက် ရယ်ချလိုက်လေတော့သည်။

'ဟင် ... ဘာဖြစ်လို့လဲ'

သူမကိုယ် သူမ မလုံမလဲ ငုံ့ကြည့်ရင်း ပြန်မေးလိုက်တော့ ကိုမင်းဆက်ညီက ရယ်တာကို ရပ်ရင်း မနည်းမျက်နှာပိုးသတ်ထားရသောရုပ်ဖြင့် သူမကို ကားတံခါးဖွင့်ပေးသည်။

သူမ ဝင်ထိုင်လိုက်တော့ ကားကို စက်ပြန်နှိုးရင်း 'မင်းမျက်နှာက ဘယ်လို ဖြစ်လာတာလဲ'ဟု မေးလေသည်။

'ဟင် ... ဘာဖြစ်လို့လဲ ... ရုပ်ရှင်မိတ်ကပ်ဆိုတာက ထူထူလိမ်းရတာဆို'

'ဟုတ်တော့ ဟုတ်ပါတယ် ... ဒါပေမယ့် အခု မင်းဟာက မိတ်ကပ်ပုံးထဲ ချော်လဲထားသလို ... ဟား ဟား'

သူက ပြောရင်းနှင့်မှ ရယ်ပြန်သည်။ သူမ အရမ်းရှက်သွားပြီး

'ဒါဆိုရင်လဲ ပြန်ဖျက်လိုက်မယ်လေ'ဟု ပြောလိုက်မိသည်။

'ဟိုရောက်မှ ဖျက်တော့'

ပြုံးစေ့စေ့နှင့် ကားမောင်းနေတဲ့ ကိုမင်းဆက်ညီကို လှမ်းကြည့်ရင်း သူမ ကိုယ့်မျက်နှာကိုယ် ဒါးနှင့် လှီးပစ်လိုက်ချင်စိတ်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်နေမိသည်။

ရုပ်ရှင်ရိုက်ကူးသည့်နေရာဟု ယူဆရသည့် ခြံကြီးတစ်ခြံထဲမှာ ကားကို ရပ်လိုက်သည်။ ခြံထဲမှာ သူမ ရိုက်ကွင်းတွေမှာ ရင်းနှီးနေပြီးဖြစ်သည့် ကင်မရာတို့၊ မီးဆလိုက်တို့လို ရှူတင်ပစ္စည်းတွေကို လှမ်းတွေ့လိုက်ရသည်။

ခြံထဲကခုံမှာ စွတ်ကျယ်လက်ပြတ်နှင့် ပုဆိုးခပ်နွမ်းနွမ်းဝတ်ထားသည့် အသက်ကြီးကြီး လူတစ်ဦး ထိုင်နေသည်။ စက်အဖွဲ့ထဲက လူတစ်ဦးဦးဖြစ်မှာပဲဟု သူမ ခန့်မှန်းလိုက်မိသည်။ အနီးအနားမှာတော့ သူ့အလုပ်နှင့်သူ ရှုပ်နေကြသည့် လူသုံးလေးယောက်လောက် ရှိနေသည်။ ဒါရိုက်တာတော့ ရောက်ပုံမရသေးဟု သူမ တွေးနေမိဆဲ ကိုမင်းဆက်ညီက သူမကို

'ကဲ ... မျက်နှာသွားသစ်ရအောင်' ဟု ဆိုကာ အိမ်ထဲခေါ်သွားသည်။

'အဲဒီမှာ ရေချိုးခန်း ... ရော့ ဒီမှာ ဖေရှယ်ဖုံး'ဟု ဆိုကာ သွားတိုက်ဆေးလို ခပ်ရှည်ရှည် ဗူးတစ်ဗူးကို သူမ လက်ထဲထည့်ပေးကာ ထွက်သွားလေတော့သည်။ သူမ ထိုဗူးကို ကိုင်ရင်း ဒါက ဘာလုပ်ရတာပါလိမ့်ဟု အတန်ကြာအောင် တွေးနေမိသည်။ ဗူးပေါ်မှာ စာတွေတွေ့ပေမယ့် သူမ မဖတ်တတ်။ ဗူးကို ဖင်ပြန်ခေါင်းပြန်ကြည့်ကာ ဘာဆက်လုပ်ရင် ကောင်းမလဲဟု တွေးနေမိသည်။

'ဟေ့ ... မျက်နှာသစ်လို့ မပြီးသေးဘူးလား ... ဟိုမှာ ဒါရိုက်တာ စောင့်နေပြီ'

www.burmeseclassic.com

www.burmeseclassic.com


'ဟုတ် ... ဟုတ်'

သူမ လက်တစ်ဖက်က သူပေးထားတဲ့ဗူးကို ကိုင်ရင်း လက်တစ်ဖက်က လက်ဆေးခွက်ထဲက ဘုံဘိုင်ကို ဖွင့်ကာ မျက်နှာစသစ်လိုက်သည်။ ကိုမင်းဆက်ညီက သူမအဖြစ်ကို ရိပ်မိသွားကာ

'ဟင် ... အဲဒါမျက်နှာသစ်ဆပ်ပြာလေ မသုံးတတ်ဘူးလား ... ကိုယ်ပြမယ်ကြည့် 'ဟု ဆိုကာ သူမ လက်ထဲက ဗူးကို ယူပြီး အဖုံးဖွင့်ပြသည်။

'ဒီလို ညှစ်လိုက်လေ ... တွေ့လား ... သွားတိုက်ဆေးလို ထွက်လာရော ... အဲဒါကို မင်းမျက်နှာမှာ တို့ပြီး ပွတ်လိုက် ... အမြှုပ်တွေ ထွက်လာလိမ့်မယ် ... မျက်နှာတစ်ခုလုံး နှံ့အောင်ပွတ်ပြီး ရေနဲ့ ပြန်ဆေးရတယ်'

'ဟုတ် ... ဟုတ်ကဲ့'

သူမ ရှက်ရှက်နှင့် သူပြောတဲ့အတိုင်း ကမန်းကတန်း လုပ်လိုက်သည်။ သူမ မျက်နှာသစ်ဆပ်ပြာကို သုံးလိုက်တာ တော်တော်များသွားပုံရသည်။မျက်နှာက တော်တော်နှင့် ဆေးလို့မစင်တော့။ ရေဆေးရင်း အင်္ကျီတွေပင် ရေစိုကုန်သည်။

'ရော့ ... မျက်နှာသုတ်ပဝါ ... ဒါအသစ် ... ရဲရဲသုတ်'

သူ သူမကို အတော်ဂရုစိုက်တာပဲဟုတွေးကာ ကျေးဇူးတင်ဝမ်းသာသွားမိသည်။

'ကဲ ... လာတော့'

'မိတ်ကပ် ထပ်လိမ်းရအုံးမှာလား'

www.burmeseclassic.com

www.burmeseclassic.com



'မလိုပါဘူး ... နဂိုမျက်နှာအတိုင်းနဲ့မှ ပိုကောင်းတာ'

အပြင်ရောက်တော့ ကိုမင်းဆက်ညီက စောစောက သူမ စက်အဖွဲ့သားဟု ထင်ခဲ့သည့် စွပ်ကျယ်အကျီနှင့်လူကို

'ဆရာ ... ကျွန်တော်ပြောတာ သူပဲ ... နေကြာဆိုတာပေါ့'

ဟု တရိုတသေ လှမ်းပြောသည်။ သူမ အတော်လေး အံ့ဩသွားကာ ထိုသူ့ကို ကြိုးစားပြီး ပြုံးပြလိုက်သည်။ သို့ပေမယ့် ထိုသူက သူမကို ရှုတည်တည်နှင့် တစ်ချက်သာ လှမ်းကြည့်ပြီး 'ဦးချစ် ... ဘယ် ရောက်နေလဲ ... လာတော့' ဟု လှမ်းအော်လေသည်။

'လာပြီဆရာ'

ခပ်ပိန်ပိန် အသားညိုညိုနှင့် လူတစ်ယောက် သူမတို့အ နားသို့ အပြေးအလွှားရောက်လာသည်။

'အေး ... ရိုက်တော့မယ် ... ကင်မရာချိန်လိုက်'

'ဟုတ်ကဲ့ဆရာ'

သူမကို ဘာလုပ်ပါ ညာလုပ်ပါလဲ မပြောဘဲ သူတို့ဘာသာ သူတို့ လုပ်နေကြသဖြင့် သူမ နံဘေးမှာ အူကြောင်ကြောင်နှင့် ရပ် နေရသည်။

'ကဲ ... အဲဒီနေရာမှာ ဝင်ရပ်'

အတန်ကြာမှ သူမကို ကင်မရာရှေ့သို့ ခေါ်သည်။ ကင်မရာ က သူမ တွေ့ဖူးသည့် ကင်မရာတွေထက် သေးသည်။

'ရော့ ... ကင်မရာကို ကြည့်ပြီး ဒီစာရွက်ကို ဖတ်ပြ ... မျက်နှာအမူအရာပါပေ့စေ'

www.burmeseclassic.com

www.burmeseclassic.com



ဟင် ... ဘယ်လိုကြီးလဲ။ ဘာလုပ်ပါ ညာလုပ်ပါလို့လဲ တစ်ခွန်းမှ မညွှန်ကြား။ သူမ အူကြောင်ကြောင်နှင့် ပြန်ကြည့်လိုက်မိသည်။

'ဖတ်လေ ... ရိုက်မယ်'

သူမ ဘာမှ စဉ်းစားမနေတော့ဘဲ ခိုင်းတာကိုသာ လုပ်လိုက်ရသည်။ သူမ ထင်ထားတာတွေနှင့် တခြားစီပါလား။ သူမ ထိုစာရွက်ကို စဖတ်ရင်း ဒါရိုက်တာနှင့် ကိုမင်းဆက်ညီကို လှမ်းကြည့်လိုက်တော့ ခပ်လှမ်းလှမ်းမှာ ထိုင်ရင်း သူတို့ရှေ့က စားပွဲခုံပေါ်မှာ တင်ထားသည့် ရုပ်မြင်သံကြားစက်ဟု သူမ သိထားသည့် အရာကိုသာ လှမ်းကြည့်နေကြတာ တွေ့လိုက်ရသည်။ သူမ လုပ်နေတာတွေကို သူတို့ ဘာလို့ မကြည့်ကြတာလဲ။ သူမ ဆက်လုပ်ရမှာလား၊ မလုပ်ရဘူးလားဆိုတာကို ဝေခွဲလို့ မရသဖြင့် ရပ်လိုက်မိတော့ ဒါရိုက်တာက ခေါင်းမော့လာကာ 'ဖတ်လေ ... ဆက်ဖတ်'ဟု လှမ်းအော်သည်။ သူမ စာရွက်ကို ပြန်ကြည့်ကာ ဆက်ဖတ်လိုက်သည်။ ဘာတွေမှန်းလဲမသိ။ ဘယ်လို အမူအရာ လုပ်ရမှန်းလဲမသိ။ သူမ လုပ်နေတာတွေ ဟုတ်သလား၊ မဟုတ်သလားလဲ မသိ။ စိတ်မလုံခြုံစွာဖြင့် သူမ ပြီးအောင် ကြိုးစားကာ ဖတ်နေရသည်။ ပြီးတာနှင့် သူမက 'ပြီးပြီ' ဟုဆိုကာ ကင်မရာရှေ့မှ ထွက်ပြီး သူတို့ ရှိရာဘက်ကို လှမ်းကြည့်လိုက်မိသည်။

'ဟဲ့ ... ဘာလို့ ထွက်လာရတာလဲ ... ငါက ထွက်ဆိုမှ ထွက်ခဲ့တာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာက သူမကို လှမ်းမာန်သည်။ သူမ ကင်မရာ ရှေ့ ကိုပဲ ပြန်သွားရမလား၊ ဒီအတိုင်းပဲ ဆက်ရပ်နေရမလား မဝေခွဲတတ် တော့။ သူမ စိတ်ထဲမှာ သိမ်ငယ်စိတ်တွေရော၊ ကြောက်ရွံ့စိတ်တွေပါ ပြည့်နှက်ကာ ဘယ်လိုနေရမှန်းပင် မသိ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည် မှုတွေလည်း အစအန ရှာမရအောင် အားလုံးကွယ်ပျောက်ကုန်လေ ပြီ။ သူမ ဒီကို လိုက်လာခဲ့မိတာ မှားများမှားသွားပြီလား။ သူမမှာ မင်းသမီး ဖြစ်လောက်တဲ့ အရည်အချင်း တစ်စက်မှ မရှိဘူး ထင်ပါ ရဲ့။

ကင်မရာမင်းက သူမကို သနားသလို လှမ်းကြည့်ကာ အနီးက ခုံတစ်ခုံကို ညွှန်ပြရင်း 'ထိုင်လေ' ဟုဆိုသည်။ ဒီတော့မှ သူမ ထိုင်ခုံမှာ ထိုင်ချရင်း အသက်ကို ဝဝရှူရဲလေတော့သည်။

ဒါရိုက်တာကို မဝံ့မရဲ လှမ်းကြည့်လိုက်တော့ သူ့ရှေ့က ရုပ်မြင်သံကြားစက်ကိုသာ သဲသဲမဲမဲ ကြည့်နေတာ တွေ့လိုက်ရ သည်။ အခုတွေ့ကြုံရသည့် ကိစ္စတွေက သူမ အရင်က ရှိခဲ့ဖူးတဲ့ ရိုက်ကွင်းအတွေ့အကြုံနှင့် လုံးဝမတူဟု ခံစားလိုက်ရသည်။ အရင် က သာမန်နောက်ခံ အနေအထားမှာ မထင်မရှားပါရတာမို့ သူမ ဘယ်လိုနေနေ အရေးမကြီး။ အခုဟာက သူမ တစ်ယောက်တည်း။ ပြီးတော့ ဒါက သူမ ဘဝရှေ့ရေးအတွက် အဆုံးအဖြတ်ပေးမည့် ကိစ္စလေ။

'ကဲ ... ပြန်ရိုက်မယ်'

ရင်ခုန်သံတွေ ပုံမှန်မဖြစ်သေးခင်မှာ ကြားလိုက်ရတဲ့ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ရိုက်တာရဲ့ အသံကြောင့် သူမ အသက်ရှူမှားသွားသည်။ ဒီတစ်ကြိမ်တွင်တော့ သူမ ကြိုတင်မျှော်လင့်ထားခဲ့သည့် အမူအရာများကို စတင်လုပ်ခိုင်းသည်။ ကြိုတင်စိတ်ကူးယဉ်ခဲ့စဉ်က ရှိထားခဲ့တဲ့ ရဲ့ဝံ့မှုတွေ ဘယ်ဆီကို အတောင်ပံပေါက်ကာ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်သည်မသိ။ လုပ်မိသမျှတွေက ကြိုတွေးထားသလို တစ်ခုမှ မဟုတ်။ ဘာလုပ်လုပ် အဆင်မပြေသလို ခံစားနေရသဖြင့် ထိုနေရာမှပင် ထွက်ပြေးသွားချင်စိတ်ဝင်လာမိသည်။

ဒါရိုက်တာက သူမကို မကြည့်ဘဲ ရုပ်မြင်သံကြားစက်ကိုသာ ကြည့်နေသဖြင့် ဘယ်လိုပါလိမ့်ဟု သူမ အံ့သြနေမိသည်။

'ရပြီ ... ကဒ် ... နားတော့'ဟု ဆိုချိန်မှာ သူမ စပ်စုလိုစိတ်ဖြင့် သူတို့အနားသို့ သွားကြည့်လိုက်မိသည်။ ရုပ်မြင်သံကြားစက်ထဲမှာ သူမ ပုံတွေပါလား။ အရင်က ရိုက်ကွင်းတွေမှာ သူမ ဒါမျိုးမမြင်ဘူး။

'ဒါ .. ဒါက ဘယ်လို... '

'သြော် .. ဒါက မော်နီတာလို့ခေါ်တယ် နေကြာရဲ့ ... လာ .. ထိုင်လေ'

ကိုမင်းဆက်ညီက လှမ်းခေါ်သဖြင့် သူတို့ဘေးက ခုံမှာ မဝံ့မရဲ ဝင်ထိုင်လိုက်သည်။ အဖျားပျောက်စ အချိန်တွေမှာ ခံစားခဲ့ဖူးသည့် နုံးခွေသော ခံစားမှုမျိုးကို အခု ဘာလို့ ခံစားနေရတာမှန်း သူမ စဉ်းစားလို့မရ။

'ရုပ်ထွက်ကတော့ မဆိုးပါဘူး ... အိုက်တင်ကတော့ အဲ

www.burmeseclassic.com

www.burmeseclassic.com



တော့်ကို သင်ယူရဦးမယ် ... ကင်မရာကို ကြောက်နေတယ်'

ဒါရိုက်တာက သူမကို ရှိတယ်လို့တောင် သဘောမထားဘဲ သူမရဲ့ သရုပ်ဆောင်မှုတွေကို ဝေဖန်ပြောဆိုနေသည်။ စိတ်ဓာတ်အလွန်ကျလာသလို ခံစားလိုက်ရပေမယ့် သူမ ချက်ခြင်းအားပြန်တင်းလိုက်သည်။ သင်ပေးမယ်ဆိုလဲ သင်လိုက်ရုံပေါ့။ သူမ ဘက်က သင်ယူဖို့ အဆင်သင့်ရှိပါသည်။ သူမ သင်ယူရမှာကို မကြောက်ပါ။

'ဖြစ်နိုင်တယ် မဟုတ်လား ဆရာ'

ကိုမင်းဆက်ညီက သူမ မေးချင်နေသော မေးခွန်းကို မေးပေးလိုက်သည်။

'စောင့်ကြည့်ရမှာပဲလေ'

အဖြေကတော့ သူမ ကြားချင်သော အဖြေမျိုးမဟုတ်။

အပြန်လမ်းမှာ ကိုမင်းဆက်ညီက အားပေးသည်။

'ဘာမှမပူနဲ့ ... မင်း ဖြစ်နိုင်တယ်ဆိုတာ သေချာသွားပြီ ... ဦးထွန်းက သိပ်ကြေး(ဂျီး)များတာ ... မင်းကို စမ်းကြည့်မယ်ဆိုကတည်းက မင်း ဖြစ်ဖို့များနေလို့'

ထိုစကားကြောင့် သူမ ရင်ထဲမှာ အတော်လေး စိတ်သက်သာရာရသွားသည်။ ကိုမင်းဆက်ညီ ပြောမှ ဒီလူကြီးက အလွန်နာမည်ကြီးတဲ့ ဒါရိုက်တာဦးထွန်းဆိုတာကိုးဟု သိလိုက်ရတော့သည်။

ကိုမင်းဆက်ညီက သူမကို အဆောင်အထိ လိုက်ပို့ပြီး နှုတ်ဆက်ကာ ပြန်သွားလေသည်။ မင်းသမီးတင်ဖို့ မတင်ဖို့ဆိုတာ ဘာတစ်ခုမှ အတည်ပြုချက် သေသေချာချာ ပေးမသွားသေးသဖြင့် သူမ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်ကျန်ခဲ့သည်။ ဒီနေ့ တွေ့ကြုံခဲ့ရတာတွေကို အဖန်ဖန် ပြန်တွေးရင်း သဲလွန်စရှာကာ သူမ ရင်မောနေမိသည်။ သူမ ညက ဒါရိုက်တာကို ပြောရန် တွေးထားခဲ့သည့်စကားများကို ပြန်တွေးမိတော့ သူမကိုယ် သူမ လှောင်ပြောင်ရင်း ရှက်ရယ်ရယ်လိုက်မိသည်။

အံမယ်လေး ... မိနေကြာရယ်။ နင့်လို ဘာမဟုတ် ညာမဟုတ်ကောင်ကို ဒါရိုက်တာက ချီးကျူးလိမ့်မယ်လို့များ တွေးမှ တွေးတတ်ပလေနော်။

***

အဖြစ်အပျက်တွေက လျှင်မြန်လွန်းလှသည်။ သူမကို ကိုမင်းဆက်ညီတို့ ကုမ္ပဏီက သုံးကားရိုက်ရန် စာချုပ်ချုပ်လိုက်သည်။ ပထမဆုံး ရိုက်ရမည့်ကားက သူမ ထင်သလို ပိတ်ကားကြီးနှင့် ရုပ်ရှင်ရုံမှာ ပြမည့် ရုပ်ရှင်ကားကြီးမျိုး မဟုတ်ဘဲ ရုပ်မြင်သံကြားနှင့် ကြည့်ရသည့် ဗီဒီယိုဇာတ်ကားဟု သိလိုက်ရသောအခါ သူမ အနည်းငယ် စိတ်ပျက်သွားသည်။ သို့ပေမယ့် ကိုမင်းဆက်ညီက ဒီလို ကုန်ကျစရိတ် နည်းပါးပြီး ဖလင်ရှားပါးမှုအတွက် ပူစရာမလိုတဲ့ ဗီဒီ ယိုမှာ စတင်သရုပ်ဆောင်လိုက်ခြင်းအားဖြင့် သရုပ်ဆောင်လေ့ကျင့် တဲ့သဘောလည်းဖြစ်၊ သူမကို ကျော်ကြားပြီးသားလည်း ဖြစ်သွားမှာ ဖြစ်ကြောင်း ရှင်းပြပြီး ' ဗီဒီယိုကိုလည်း အထင်မသေးနဲ့ ... နောက်

www.burmeseclassic.com

www.burmeseclassic.com



ကျရင် အရမ်း ခေတ်စားလာမှာ’ ဟုဆိုသည်။ ဗီဒီယိုနှစ်ကားရိုက်ပြီး လျှင် ရုပ်ရှင်ကားကြီးတစ်ကား ရိုက်ပေးမည်ဟု ဆိုသောကြောင့် သူမ အတော်လေး စိတ်ကျေနပ်သွားသည်။

ကိုမင်းဆက်ညီရဲ့ သူမအပေါ် ဂရုစိုက်မှု၊ သိတတ်မှုတွေက သူမ အားနာယူရသည်အထိ။ မင်းသမီးတစ်ယောက်အနေနှင့် ဘော် ဒါဆောင်မှာ ဆက်နေရန် မသင့်တော်ဟုဆိုကာ သူမအတွက် တစ် ထပ်တိုက်ကလေးတစ်လုံးကို ကုမ္ပဏီစရိတ်ဖြင့် ငှားပေးထားသတဲ့။ အဆောင်ကနေ ထိုတိုက်ကို ပြောင်းသည့်နေ့က သူမ ချစ်စရာ ကောင်းလှသည့် တိုက်ပုကလေးကို ကြည့်ကာ အလွန်ပျော်သွားမိ သည်။ ကိုမင်းဆက်ညီက အိမ်ထဲမှာ သူမအတွက် သူ စီစဉ်ထား တာတွေကို ပြတော့ သူမ အသက်ရှူပင်မှားကာ ကိုမင်းဆက်ညီကို ဘယ်လို ကျေးဇူးဆပ်ရမှန်း မသိတော့အောင် ဖြစ်သွားမိသည်။ ကြည့်လေ ... အိမ်ထဲကို ဝင်လိုက်တာနှင့် သူမ တွေ့လိုက်ရတာက ဖိတ်ဖိတ်တောက်နေတဲ့ မနင်းရက်စရာ ကြမ်းခင်း။ ပြတင်းပေါက် တိုင်းမှာလဲ သူမ နှစ်သက်လှတဲ့ ဇာခန်းဆီးတွေနှင့်။ ဧည့်ခန်းထဲ မှာတော့ ခမ်းနားလှတဲ့ ဆိုဖာထိုင်ခုံတွေနှင့် တီဗွီနှင့်ဗီဒီယိုပြစက်။ ဘုရားခန်းထဲမှာတော့ ဘုရားစင်အမြင့်ကြီးနှင့် ကြည်ညိုသပ္ပာယ် ဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ။ အိပ်ခန်းထဲကို ဝင်လိုက်တော့ လူ နှစ်ယောက်မက အိပ်လို့ရမည့် ခုတင်အကြီးကြီးပေါ်မှာ အလွန်အိ စက်ထူထဲသည့် ရေမြှုပ်မွေ့ရာကြီး၊ ခေါင်းအုံးစွပ်တွေ အိပ်ရာခင်း တွေ အိပ်ရာဖုံးတွေက သူမ ကြိုက်နှစ်သက်သည့် အပြာရောင်နှင့်

www.burmeseclassic.com

www.burmeseclassic.com


ပေါ်မှာ ပန်းကလေးတွေနှင့် အားလုံးဆင်တူ။ သူမ အိမ်မက်ကမ္ဘာကြီးထဲ ရောက်သွားသလို ခံစားလိုက်ရသည်။ အိပ်ခန်းကြီးထဲမှာ ဘီရိုကြီးနှစ်လုံးနှင့်၊ မှန်တင်ခုံကြီးတစ်လုံး ရှိတာတောင် နေရာက အကျယ်ကြီး ကျန်နေသေးသည်။ အိမ်ကို အပြင်က ကြည့်လျှင် ခပ် သေးသေးလို့ ထင်ရပေမည့် အတွင်းမှာက အတော်ကျယ်သည်။ သူမ ထမင်းစားခန်းထဲ ဝင်လိုက်တော့ သူမ အမေထက် အသက်အနည်း ငယ် ပိုငယ်မည့် ပုံရှိသော အမျိုးသမီးတစ်ဦးက အအေးဖျော်နေရာမှ သူမတို့ကို လှမ်းပြုံးပြသည်။

'နေကြာ ... ဒါဒေါ်အေးတဲ့ နေကြာ့ဝေယျာဝစ္စတွေ ကူလုပ်ပေးရအောင် ကိုယ်ခေါ်ထားပေးတာ ... ဒေါ်အေး .. ဒါဒေါ်အေးရဲ့ အလုပ်ရှင် နေကြာ '

'ဟုတ်ကဲ့ဆရာ'

ဒေါ်အေးက ခေါင်းညိတ်ပြပြီး သူမတို့ ရှေ့ကို အအေးခွက်များ လာချပေးလေသည်။

'နေကြာလေ ... နေကြာ ဘယ်လို ပြောရမှန်းတောင် မသိဘူး ... ကိုမင်းဆက်ညီကို နေကြာ ဘယ်လို ကျေးဇူးဆပ်ရမှန်းတောင် မသိတော့ဘူး'

သူမ အသံတွေ တုန်နေတာကို ကိုယ့်ဖာသာကိုယ် သတိပြုလိုက်မိသည်။ သူမ တစ်သက်မှာ သူမကို ဒီလို အဖက်ဖက်က လိုလေသေးမရှိအောင် အလိုက်သိတတ်သူ တခြားတစ်ယောက် ရှိခဲ့ဖူးလို့လား။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ ... ကျေးဇူးဆပ်ချင်ရင် အကောင်းဆုံး ကြိုးစားသရုပ်ဆောင်တဲ့နည်းနဲ့သာ ကျေးဇူးဆပ် ... အခု အချိန်မရှိတော့ဘူး ... အအေးသောက်ပြီးရင် ဗိုလ်ချုပ်ဈေးသွားပြီး မင်းရဲ့ မှန်တင်ခုံနဲ့ ဘီရိုတွေကို ဖြည့်တင်းဖို့ လုပ်ရအုံးမယ်'

ကိုမင်းဆက်ညီစကားကြောင့် သူမ ဒေါ်အေးဖျော်ပေးသည့် သံပုရာရည်ကို အရသာပင် မခံနိုင်တော့ဘဲ တရှိန်ထိုး မော့ချလိုက်မိတော့သည်။ အဲဒီနေ့က သူမ အပျော်လွန်နေသဖြင့် လေဟာနယ်ထဲမှာ လမ်းလျှောက်ရသလို မြောက်ကြွပေါ့ပါးနေလေသည်။ သူမရဲ့ အိပ်မက်တွေအားလုံး တကယ်ဖြစ်လာခဲ့ပြီပဲ။

အသုံးအဆောင်တွေ အဝတ်အစားတွေ ဝယ်ရာမှာလဲ ကိုမင်းဆက်ညီက သူမကို အစစအရာရာ အကြံပေးသည်။ သူမက သူပြတဲ့ နှုတ်ခမ်းနီတွေ၊ အင်္ကျီတွေ၊ ပိတ်စတွေထဲက ဘယ်အရောင်ကို ပိုကြိုက်တယ်ဆိုတာ ရွေးပေးရုံသက်သက်သာ။ ပိုက်ဆံရှင်းလို့ ပစ္စည်းတန်ဖိုးတွေ ကြားရတိုင်း သူမ မျက်လုံးပြူးကာ 'တော်ပြီ ... တော်ပြီ ... နောက်ထပ် ဘာမှ မဝယ်နဲ့တော့'လို့ ခပ်တိုးတိုး ပြောမိမြဲ။ သူက သူမရဲ့ အဖြစ်ကို ကြည့်ကာ ရယ်မောရင်း တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်နှင့် နောက်ထပ် ပစ္စည်းပေါင်း မြောက်မြားစွာကို ဝယ်ပေးမြဲ။ သူမဖာသာဆိုလျှင် ဒီလောက်ဈေးကြီးတာတွေ ဘယ်လိုမှ ဝယ်ဖြစ်မှာ မဟုတ်တာ သေချာလွန်းလှသည်။ သူခေါ်သွားပေးသည့် အင်္ကျီချုပ်ဆိုင်မှာ ဝယ်လာသည့် ပိတ်စတွေကို အပ်တော့လဲ သူမ ပြောသည့် ပုံစံတိုင်းကို ရိုးသည်ဟုဆိုကာ ပယ်ချပြီး သူနှင့် ဆိုင်ထဲ

www.burmeseclassic.com

www.burmeseclassic.com


အမျိုးသမီးတို့ တိုင်ပင်ကာ သူမရဲ့ အင်္ကျီဒီဇိုင်းတွေကို အတည်ပြုရေးဆွဲကြလေသည်။ သူမကို ကိုယ်တိုင်းယူသည့် အစ်မကြီးက တောင် 'အစ်ကိုက သူ့ညီမလေးကို သိပ်ချစ်တာပဲနော်' ဟု မှတ်ချက်ချလေသည်။ သူမ ဘာမှ ပြန်မငြင်းဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်မိသည်။ ဟုတ်သည်လေ။ အခုဆိုလျှင် ကိုမင်းဆက်ညီကို သူမရဲ့စိတ်ထဲမှာ အစ်ကိုအရင်းတစ်ယောက်လို ခံစားရကာ ချစ်ခင်နေမိပြီမဟုတ်လား။

***

'နေကြာဆိုတဲ့ နာမည်က လှတော့ လှပါရဲ့ ... ဒါပေမယ့် မင်းသမီးနာမည် အနေနဲ့ကျတော့ တစ်မျိုးဖြစ်နေတယ် ... နာမည်တစ်ခုရွေးဦး'ဆိုတဲ့ ဦးထွန်းရဲ့ စကားကြောင့် သူမနှင့် ကိုမင်းဆက်ညီတို့ ခေါင်းချင်းရိုက်ကာ သူမအတွက် နာမည် စဉ်းစားကြရသည်။ မင်းသမီးနာမည်ဆိုတာ လှလည်းလှရမည်၊ လူတွေ မှတ်မိလွယ်ပြီး ခေါ်ရလွယ်တဲ့ နာမည်မျိုးလည်း ဖြစ်ရမည်၊ ထို့ကြောင့် ရိုးရိုးလေးနှင့် ဆန်းရမည်ဟု ကိုမင်းဆက်ညီက ပြောသည်။

သူမ ခေါင်းထဲကို အမှတ်မထင် ဝင်လာတာက ကိုကို သူမကို ခေါ်နေကျ ကံ့ကော်ကလေးဆိုတဲ့ နာမည်။ သို့ပေမယ့် ထိုသို့သတိရမိလိုက်ရုံနှင့်ပင် ရင်ထဲမှာ ခါးသက်နာကျင်သွားသဖြင့် သူမ မပြောသေးဘဲ အခြားနာမည်များကိုသာ လှည့်ပတ်စဉ်းစားနေမိ

www.burmeseclassic.com



သည်။

လှမည်ထင်သည့် နာမည်ပေါင်းစုံကို သူမက ပြောပြပေမယ့် ကိုမင်းဆက်ညီက မကြိုက်။ ကိုမင်းဆက်ညီ ပြောသည့် နာမည်တွေကိုလဲ သူမက မကြိုက်။ ဒီလိုနှင့် ကားစရိုက်လို့ တစ်ပတ်ကျော်ကျော် ကြာသွားတဲ့အထိ နာမည်က အတည်မပြုမရသေး။

တစ်ရက်မှာ ကိုမင်းဆက်ညီက သူမကို 'ဆင်းရွှေရည်' ဆိုတဲ့ နာမည်ကို မကြိုက်ဖူးလားဟု မေးလာသည်။ သူမ သိပ်မကြိုက်သလို ခံစားရသဖြင့် သူမ စိတ်ထဲစွဲနေသည့် 'ကံ့ကော်' ဆိုသည့် နာမည်ကို ပြောပြလိုက်မိသည်။ ကိုမင်းဆက်ညီက

'ကံ့ကော်ဆိုတာလေးက ချစ်စရာတော့ ကောင်းပါရဲ့ ... ရိုးနေတယ်ကွ ... တစ်ခုခုနဲ့ တွဲရင် ကောင်းမယ် ... ကံ့ကော်ရွှေရည်ဆိုရင် ... အင်း ... မဟုတ်သေးဘူး ... ရွှေရည်ကံ့ကော် ... ဟာ ... အဲဒါကောင်းတယ်'ဟု အကြံပြုလေသည်။ သူမက သူ့နာမည်အတွဲ အစပ်ပုံစံအတိုင်း လိုက်စဉ်းစားကာ

'ဒါဆို ဆင်းကံ့ကော်ဆိုရင်ရော' ဟု ပြောလိုက်မိသည်။

'ဘယ်လို ... ဆင်းကံ့ကော် ... ဟာ ... သိပ်မိုက်တဲ့နာမည်ပဲ ... ခေါ်ရတာလဲ လွယ်တယ် ... ဆင်းကံ့ကော် ... ဟုတ်ပြီ ... ဒီ နာမည် အကောင်းဆုံးပဲ'

သူမနာမည် ဆင်းကံ့ကော်ဟူ၍ အတည်ဖြစ်သွားလေတော့သည်။

သရုပ်ဆောင်ပညာကို အမှန်တကယ် လေ့လာသင်ယူရ

www.burmeseclassic.com

www.burmeseclassic.com



တော့မှ သရုပ်ဆောင်ပညာရဲ့ ခက်ခဲမှုကို စတင်သဘောပေါက်လာတော့သည်။ သူမ အရင်က မင်းသမီးအလုပ်ဆိုတာ သက်သက်သာသာနှင့် ကျော့ကျော့ကလေး နေရသည့်အလုပ်ဟု ထင်မှတ်ထားခဲ့မိသမျှ အခုမှ မှားမှန်းသိရတော့သည်။ တကယ်တမ်းကြည့်လျှင် ဘာမှမကြာသည့် အခန်းတစ်ခန်းကလေးကို တစ်နေကုန် ရိုက်ရတာမျိုးပင် ရှိလေသည်။ ဒါရိုက်တာက မကြိုက်မချင်း အထပ်ထပ် ပြန်လုပ်ခိုင်းတတ်သူမို့ အခါနှစ်ဆယ်မက ပြန်လုပ်ရသော အခန်းတွေလဲရှိသည်။ ဒေါသကြီးသော ဒါရိုက်တာကို ကြောက်ရတာက တစ်မျိုး၊ ဓာတ်ကောင်နေရာမှ စိတ်သွင်းကာ သရုပ်ဆောင်ရတာက တစ်မျိုးမို့ ညဘက် အိမ်ပြန်ရောက်လျှင် သူမ ခြေတွေ၊ လက်တွေပင် မသယ် ချင်တော့အောင် နုံးခွေကာ အိပ်ပျော်သွားလေ့ရှိသည်။ မိတ်ကပ် မဖျက်နိုင် အင်္ကျီမလဲနိုင်ဘဲ အိပ်ပျော်သွားခဲ့သောည ဘယ်နှစ်ညရှိမှန်းပင် သူမ မသိနိုင်တော့။ ဘယ်လောက်ပဲ ပင်ပန်းပါစေ၊ သူမ မညည်းညူပါ။ သူမ တစ်သက်လုံး ဖြစ်ချင်ခဲ့တဲ့ အရာတစ်ခုအတွက် ပင်ပန်းလွန်းလို့ သေသွားမည်ဆိုလျှင်တောင် သူမ အသေခံလိုက်မည်လေ။ ဒါရိုက်တာထံမှ သူမကို ဘယ်လိုမှ သုံးစားမရတော့သလောက် ပြောဆိုကာ အပြစ်တင်ကြိမ်းမောင်းတဲ့စကားတွေ ကြားရချိန်တွေကတော့ သူမအတွက် စိတ်တင်းရတာ အခက်ခဲဆုံးကာလတွေ ဖြစ်လေသည်။ ထိုသို့အပြောခံရတိုင်း သူမ အလွန်အမင်း စိတ်ဓာတ်ကျကာ ထိုင်ငိုပစ်လိုက်ချင်စိတ်ပေါက်မိပေမယ့် ‘ဘယ်လို ပြောပြော အရှုံးမပေးဘူး’ဟု ကိုယ့်ကိုယ်ကိုယ် အဆက်မပြတ် ပြောဆို

www.burmeseclassic.com



သတိပေးရင်း စိတ်ကို တင်းထားရသည်။ မရသေးလျှင် ရတဲ့အထိ လုပ်မည်၊ မတတ်သေးလျှင် သင်ယူမည်ဆိုတာ သူမရဲ့ ဆောင်ပုဒ် ဖြစ်လာခဲ့သည်။ ဘယ်လောက်ပဲ ညံ့ဖျင်းနေပါစေ။ ဆက်ကြိုးစား သွားလျှင် တစ်နေ့ကျ တော်လာမှာပဲဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည် စိတ်သွင်းထားရသည်။ ကိုမင်းဆက်ညီကတော့ သူမကို အားပေးပါ သည်။ ဒါရိုက်တာက သူမကို မကြိုးစားမှာစိုးလို့ ရှေ့မှာ မျက်နှာသာ မပေးပေမယ့် ကွယ်ရာမှာတော့ သင်လွယ်၊ တတ်လွယ်သည် ဉာဏ် ကောင်းသည်လို့ ချီးကျူးကြောင်း ပြောပြပေမယ့် သူမ ယုံလို့မရ။ ကိုမင်းဆက်ညီက သူမ အားမငယ်အောင် သက်သက်အားပေးနေ တာဖြစ်မည်ဟုသာ ယူဆလိုက်မိသည်။

ပထမဆုံးကား ပြီးသွားချိန်မှာ ကိုမင်းဆက်ညီက သူမကို ညေ့ခံပွဲတွေမှာ စတင်ပွဲထုတ်လာခဲ့သည်။ နာမည်ကြီးမင်းသား၊ မင်း သမီးများ ဒီအသိုင်းအဝိုင်းနှင့်ဆက်စပ်နေတဲ့ လုပ်ငန်းရှင်များ၊ ကြေး ရတက် လူကုံထံများကို သူမ စတင်သိကျွမ်းခွင့်ရလာခဲ့သည်။ ထိုပွဲ တွေမှာ သူမနှစ်သက်တဲ့ နာမည်ကြီး မင်းသား၊ မင်းသမီးတွေကို အပြင်မှာ လူကိုယ်တိုင် တွေ့ခွင့်ရလို့ ပျော်ပေမယ့် သူမကို ကိုမင်း ဆက်ညီက မိတ်ဆက်ပေးသောအခါ သူတို့က စိတ်မပါသလို ဝတ် ကျေတမ်းကျေလောက်သာ နှုတ်ဆက်ကြသည့်အတွက် သူမမှာ သိမ် ငယ်စိတ်ဝင်ချင်သလို ဖြစ်လာမိသည်။ ထို့ကြောင့် ထိုပွဲတွေကို သူမ မသွားချင်။ သို့ပေမယ့် ကိုမင်းဆက်ညီက ‘ဒါ နာမည်ယူနေတာ ... ကိုယ့်ကို လူသိအောင် လုပ်နေတာ ... သွားကို သွားရမယ်’ဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုသဖြင့် သူမ စိတ်မပါဘဲ သွားနေရသည်။

ပထမဆုံးကား မဖြန့်မီမှာ ကိုမင်းဆက်ညီက သူမကို စာနယ်ဇင်းဆရာအချို့နှင့် တွေ့ပေးကာ အင်တာဗျူးတွေကို ဖြေစေခဲ့သည်။ သူမ ကြိုတွေးမထားမိခဲ့တဲ့ မင်းသမီးတစ်ယောက်ရဲ့ အပိုလုပ်ငန်းစဉ်တွေ တော်တော်များပါလားဟု စတင်ရိပ်မိသိရှိလာခဲ့ရသည်။

ဒုတိယကားရိုက်နေစဉ်မှာ မြန်မာ့ရုပ်မြင်သံကြားအတွက် ဇာတ်လမ်းတိုလေးတစ်ခုကို ဖြတ်ရိုက်ပေးခဲ့ရခြင်းက သူမကို ပရိတ်သတ်တွေ သိသွားဖို့ ဖြစ်လာသည်။ သူမထံ ရောက်လာသည့် မိတ်ဆက်စာတွေကို ကြည်နူးစွာဖတ်ရင်း ကားရိုက်မရှိသည့် ရက်တွေမှာ နိုင်သမျှ ကြိုးစား စာပြန်မိသည်။ အားပေးကြသူတွေကို ကျေးဇူးတင်ရင်း အခုမှ သူမရဲ့ ဘဝအဓိပ္ပာယ်တွေ ပြည့်ဝလာသလို ခံစားရကာ မင်းသမီးဆိုသည့် ဘဝကို ပိုမိုခုံမင်နှစ်ခြိုက်တွယ်တာလာမိသည်။ ပင်ပင်ပန်းပန်း ကြိုးစားခဲ့ရသမျှတွေ အလဟဿ ဖြစ်မသွားဘူးဆိုတဲ့ အသိထက် ပိုကောင်းတဲ့ ဆုလာဒ်မျိုး သူမအတွက် နောက်ထပ် ရှိနိုင်တော့မည် မထင်။ သူမ ပရိတ်သတ်တွေအတွက် သူမ အသက်ရှင်မည်၊ သူမ ပရိတ်သတ်တွေအတွက် သူမ ပိုကြိုးစားမည်လို့ အကြိမ်ကြိမ် အခါခါ သံန္နိဋ္ဌာန်ချရင်း ဆင်းကံ့ကော်ဆိုတဲ့ နာမည်လေးတစ်လုံးကို စတင်ထွင်းထုနေခဲ့တဲ့ ကာလလေးတွေပေါ့။

www.burmeseclassic.com

အဲဒီနေ့ညက သူမ ဘဝရဲ့ မေ့မရနိုင်တဲ့ ညတစ်ည။ ပြီးတော့ အယုံလွယ်သူတစ်ယောက်ရဲ့ ဘဝသင်ခန်းစာတွေထဲက အခန်းတစ်ခန်းပေါ့။

အဲဒီကာလက သူမ ဒုတိယကားပြီးလို့ ရုပ်ရှင်ကားကြီး မရိုက်ခင်မှာ ခေတ္တအနားပေးထားတဲ့ကာလ။ လက်ထဲမှာ ရထားတဲ့ ဇာတ်ညွှန်းကို ကြိုဖတ်ကာ ဇာတ်ကောင်စရိုက်ကို စိတ်သွင်းနေရတဲ့ ကာလလည်း ဖြစ်သည်။

သူမ နောက်ကို တကောက်ကောက်လိုက်ကာ သူမ ဝေယျာဝစ္စမှန်သမျှကို လုပ်ပေးနေရတဲ့ ဒေါ်အေးက သူမ ရှုတင်မရှိတုန်း ကာလကလေးမှာ နယ်က ဆွေမျိုးတွေထံကို တစ်ပတ်လောက် အလည်သွားပါရစေဟု ခွင့်ပန်ကာ ပြန်သွားသည်။

ထိုညက မင်းသမီးတစ်ယောက်ရဲ့ မွေးနေ့ပွဲ သွားရမည်မို့ ကိုမင်းဆက်ညီက သူမကို လာကြိုပေးသည်။ အပြန်မှာ မူးလာပုံရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းဆက်ညီက သူမ အိမ်ကို ရောက်တော့ သူ ကားဆက်မမောင်းနိုင်တော့ဘူးဟု ဆိုလေသည်။ သူက ဒီည ဒီမှာပဲ အိပ်ပါရစေဆိုတော့ အိမ်မှာ သူမ တစ်ယောက်တည်းမို့ ဘယ်လိုမှ မသင့်တော်မှန်း သိပေမယ့် သူမ ငြင်းဖို့ တွန့်ဆုတ်နေသည်။ အချိန်ကလဲ သန်းခေါင်ကျော်နေပြီလေ။ ပြီးတော့ ဒါက သူ ငှားပေးထားတဲ့အိမ်။ နှိုင်းဆမရတဲ့ သူ့ကျေးဇူးတွေကိုထောက်ထားရမည်။ သူမအပေါ် တစ်ခါမှ အခွင့်အရေး မယူခဲ့ဖူးသူလဲ ဖြစ်လေတော့ ငြင်းလိုက်ရင် သူ့သိက္ခာကို စော်ကားသလိုများ ဖြစ်သွားမလား။

သူမ စဉ်းစားနေစဉ်မှာပင် ကိုမင်းဆက်ညီက ဧည့်ခန်းက ဆိုဖာပေါ်မှာ အိပ်ပျော်နေပြီမို့ သူမ ဘာမှ မပြောတော့ဘဲ သူမဖာသာ အခန်းထဲ ဝင်အိပ်ခဲ့သည်။ အမူးလွန်နေတဲ့ ကိုမင်းဆက်ညီများ တစ်စုံတစ်ခုဖြစ်ရင်ဆိုတဲ့အတွေးနှင့် အစိုးရိမ်လွန်ကာ အခန်းတံခါးကို ချက်မချခဲ့မိတာက သူမ အမှား။

မိုးလင်းချိန်မှာ ပြင်မရတော့တဲ့ အမှားတွေနှင့်အတူ သူမ တစ်ယောက်တည်း ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်ဖြစ်ကာ ကျန်ရစ်ခဲ့သည်။ ကိုမင်းဆက်ညီ သူမကို ဘယ်အထိများ ရည်ရွယ်ခဲ့သလဲ ဆိုတာ သူမ မတွေးရဲ။ သူမက တစ်ခုလပ်တစ်ယောက်ဖြစ်ကြောင်း ဖုံးကွယ်ထားဖို့ မရည်ရွယ်ခဲ့ပေမယ့် အကြောင်းမတိုက်ဆိုင်သောကြောင့် တစ်ခါမှ ဖွင့်မပြောဖြစ်ခဲ့။ အတွေးတွေ ဖိစီးနှိပ်စက်ကာ သူမ ငရဲကျသလို ပူလောင်စွာ ခံစားနေရသည်။ သူမ ဘာဆက်လုပ်ရမလဲ။ ကိုမင်းဆက်ညီရဲ့ ကျေးဇူးများစွာအတွက် ဒီနည်းနှင့် ဆပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတာလား။

စိုးရွံ့စိတ်၊ ရှက်စိတ်၊ အားငယ်စိတ်များစွာက သူမ အသိအာရုံတွေကို ဖိစီးဖုံးလွှမ်းထားလေသည်။ ဒီအသိုင်းအဝိုင်းမှာ ဒီလိုကိစ္စတွေ ရှိတယ်လို့ ကြားဖူးထားပေမယ့် သူမ ကိုယ်တိုင်မှာ ကြုံလာရလိမ့်မယ်လို့ ဘယ်တုန်းကမှ ထင်မှတ်မထားခဲ့။ သူမ ဘယ်သူ့အပျော်မယားမှ မဖြစ်ချင်။ သူမက ဒီလိုနည်းနှင့် အောင်မြင်ချင်သူမျိုးလဲ မဟုတ်။

သူမ ပူလောင်ပြင်းပြလွန်းတဲ့ စိတ်များရဲ့ ဖိစီးမှုဒဏ် ကြောင့် အစားပင် မစားချင်ဘဲ တစ်နေ့လုံး အိပ်ရာထဲမှာ ခွေနေမိ သည်။ ဘဝကို ဘယ်လိုမှ ဆက်ရင်မဆိုင်လိုတော့သဖြင့် အခုနေမှာ သေသွားရင် ကောင်းမှာပဲဟုပင် တောင့်တမိလေသည်။ သူမမှာ ငဲ့စရာမရှိ။ သူမကို လွမ်းမည့်သူ မရှိဟု စိတ်နာစွာတွေးမိလိုက်စဉ်မှာ သူမကို လာရောက်မိတ်ဆက်ကာ ဘယ်လောက်ကြိုက်နှစ်သက် ကြောင်း ပြောဖူးသည့် မိန်းကလေးနှစ်ယောက်ရဲ့မျက်နှာ မျက်လုံးထဲ ပေါ်လာသည်။

အို ... ငါ့မှာ ပရိသတ်တွေ ရှိသေးတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ငါ နောက်ထပ်တစ်ရက်ကလေးတော့ ကြိုးစားအသက်ရှင် ကြည့်ဦးမယ်။

လူတွေကို ရင်မဆိုင်လိုသည့် စိတ်ကတစ်ဖက်၊ ဘဝကို အရှုံး မပေးလိုသေးသည့် စိတ်ကတစ်ဖက် လွန်ဆွဲရင်း သူမ မဆုံးနိုင်တော့ဘူးလို့ ထင်ရတဲ့ ကာလတစ်ခုကို ထွက်ပေါက်မဲ့စွာ ဖြတ်

www.burmeseclassic.com

www.burmeseclassic.com


သန်းခဲ့ရလေသည်။

အမေ့ရဲ့ ကျိန်စာတွေကိုလဲ သူမ နားထဲမှာ အဆက်မပြတ် ပြန်လည်ကြားယောင်ရင်းနဲ့ပေါ့။

***

'ကိုယ် နေကြာ့ကို လက်ထပ်ပါရစေ'

ဒီလို အခြေအနေအတွက် အကောင်းဆုံးအဖြေဖြစ်ပေမယ့် ဘယ်လိုမှ မမျှော်လင့်ရဲခဲ့သော စကားကြောင့် သူမ အံ့သြသွားမိသည်။

'ကိုမင်းဆက်ညီ တကယ်ပြောတာလား'

'တကယ်ပြောတာပါ ... နေကြာ့ဘက်ကသာ သဘောတူမယ်ဆိုရင် မနက်ဖြန်ဘဲ ရုံးတက် လက်မှတ်ထိုးမယ်'

သူမ မျက်ရည်များပင် လည်သွားမိသည်။ ဝမ်းသာလိုက်ချင်ပေမယ့် သူမရဲ့ အဖြစ်မှန်တွေကိုသာသိရင် ဆိုတဲ့ အတွေးက ဖိစီးနေတဲ့အတွက် လွတ်လပ်စွာ မပျော်ရဲ။

'ကိုမင်းဆက်ညီကို နေကြာပြောစရာရှိတယ်' ဟု အစချီကာ အရင်က အိမ်ထောင်ရှိခဲ့ဖူးတဲ့ အကြောင်းကို ပြောပြမိသည်။ နားထောင်နေသည့် ကိုမင်းဆက်ညီရဲ့ မျက်နှာမှာ ဘာအပြောင်းအလဲမှ မရှိ။ တရားဝင်ကွာရှင်းထားပြီးတာ ဟုတ်ရဲ့လားဆိုတာ တစ်ခုကိုသာ မေးသည်မို့ သူမ သိမ်းထားသည့် ကွာရှင်းစာချုပ်ကို ထုတ်ပြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

သူမ စကားအဆုံးမှာ ကိုမင်းဆက်ညီက

'နေကြာ ကိုယ့်ကို လက်ထပ်မှာလား'ဟု ထပ်မေးလေသည်။

'ကိုမင်းဆက်ညီ နေကြာ့ကို လက်ထပ်ချင်သေးတယ် ဟုတ်လား'

သူမ မယုံနိုင်စွာ ပြန်မေးလိုက်မိသည်။

'ဟုတ်တယ် ... အရင်တုန်းက ကိစ္စတွေက ကိုယ့်အတွက် ဘာမှ အရေးမကြီးဘူး ... အခုလက်ရှိ အခြေအနေမှာ ကိုယ့်ကို နေကြာ လက်ထပ်နိုင်မလားဆိုတာပဲ သိချင်တယ်'

သူမ ရင်တွေ တလှပ်လှပ်ခုန်ကာ ခေါင်းညိတ်လိုက်မိသည်။ ကိုမင်းဆက်ညီရဲ့ စိတ်ထားကိုလည်း သူမ လေးစားသွားမိသည်။ သူမ ကိုမင်းဆက်ညီကို ချစ်တယ်၊ မချစ်ဘူးဆိုတာ ကိုယ့်ဖာသာကိုယ် အတိအကျ မပြောနိုင်ပေမယ့် အလွန်အမင်း အားကိုးနေမိတာတော့ အမှန်။ သူ အနားမှာရှိနေရင် စိတ်လုံခြုံတာ သူ့ကို ယုံကြည်စိတ်ချနေမိတာတွေကတော့ ငြင်းမရတဲ့ ကိစ္စတွေ။ ပြီးတော့ ဖြစ်ခဲ့ပြီးတဲ့ကိစ္စက ပြန်ပြင်လို့ ရနိုင်တာ မဟုတ်။ ဒီတော့ ဒီအဖြေသာ သူမအတွက် အကောင်းဆုံးမဟုတ်လား။

နောက်တစ်နေ့မှာ ကိုမင်းဆက်ညီရဲ့ မိတ်ဆွေနှစ်ယောက်ကို အသိသက်သေထားကာ တရားရုံးမှာ အကျဉ်းရုံးကာ လက်ထပ်ဖြစ်ခဲ့သည်။ နာမည်တက်ဖို့ ကြိုးစားနေဆဲ မင်းသမီးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အနေနှင့် အိမ်ထောင်ရှိတယ်ဆိုတာကို ဘယ်လိုနည်းနှင့်မှ လူသိခံလို့ မဖြစ်သေးတဲ့အတွက် သိုသိုသိပ်သိပ် လက်ထပ်ထားမည်ဆိုတဲ့ ကိုမင်းဆက်ညီရဲ့ သဘောထားကြီးမှုကို ကျေးဇူးတင်ရင်း ပိုမိုလေးစားသွားမိသည်။ ဒီတစ်ကြိမ်တွင်တော့ သူမ ဘဝအတွက် အစစ အရာရာ ကံကောင်းလာပြီ ထင်ပါရဲ့နော်။

***

သူမ လက်ထပ်ခဲ့သော ကိုမင်းဆက်ညီက သူမ သိခဲ့သော ကိုမင်းဆက်ညီ မဟုတ်။ ကိုမင်းဆက်ညီက မမူးလျှင် သဘောကောင်းသလောက် မူးလာလျှင် သွေးဆိုးလွန်းသူတစ်ယောက် ဖြစ်မှန်း ထိတ်လန့်စွာ သိလိုက်ရချိန်မှာ အချိန်က လွန်နေခဲ့ပြီ။ ကြိုတင်ပြောပြထားခဲ့တဲ့ တစ်ခုလပ်ဆိုတဲ့ကိစ္စက မူးလာတိုင်း ပြဿနာရှာစရာ ကိစ္စတစ်ခု ဖြစ်သင့်ပါသလား။ ဇာတ်လမ်းအရ သရုပ်ဆောင်ရသည့် မင်းသားများနှင့် နည်းမျိုးစုံ ရမယ်ရှာကာ စွပ်စွဲခြင်း၊ သူမအပေါ် မကျေမနပ် ဖြစ်ထားသမျှတွေအားလုံးကို သိမ်းဆည်းထားကာ မူးလာချိန်မှာ ထုတ်ဖော်ရန်ရှာခြင်းစသည်တို့ဖြင့် သူမ မျက်ရည် မကျရတဲ့ ညရယ်လို့ မရှိဖြစ်လာတဲ့အခါ နေ့စံပြီး ညခံရတဲ့ ဘုံဘဝ တစ်ခုခုကိုများ ရောက်နေသလားဟုပင် ထင်မြင်လာမိသည်။ မကျေနပ်လို့ ပြန်ပြော၊ ပြန်ဖြေရှင်းမိတဲ့အခါ ပိုဆိုးကာ လက်ပါ၊ ခြေပါသည်အထိ ဖြစ်လာပေမယ့် သူမကလဲ မတရားမှန်း

www.burmeseclassic.com

www.burmeseclassic.com



သိနေတဲ့ ကိစ္စတွေအတွက် ပါးစပ်ပိတ်ကာ ငြိမ်မနေနိုင်။ ညတွေမှာ သူရိုက်ထားတဲ့ ဒဏ်ကြောင့် မျက်နှာမှာ အညိုအမဲစွဲကာ နောက်နေ့တွေမှာ ရှုတင်ဖျက်ရသည်အထိ ဖြစ်ခဲ့ရပေါင်းလဲ မနည်း။ အမူးပြေတဲ့ အချိန်တွေမှာ အသည်းအသန် တောင်းပန်ကာ အတင်းချော့မော့တတ်တော့ အပြစ်ယူရမှာကလဲ အခက်။ သူမကလည်း တစ်ခါ အိမ်ထောင်ပျက်ခဲ့ဖူးသူမို့ ဒီလို နောက်ထပ် မဖြစ်စေလိုသော စိုးရိမ်စိတ်ဖြင့် အတတ်နိုင်ဆုံး သည်းခံဖို့ကိုသာ ဆုံးဖြတ်ထားမိလေတော့ သူပြန်ချော့တာနှင့် အလွယ်တကူ အလျှော့ပေးမိမြဲ။

သူမတို့ အိမ်ထောင်ကျတာ လနှင့် ချီလာခဲ့ပေမယ့် ကိုမင်းဆက်ညီရဲ့ အိမ်ကို သူမ မရောက်ဖူး။ သူ့မိဘတွေကို သူမ မတွေ့ဖူး။ မေးပြန်တော့ ဝေ့လည်ကြောင်ပတ်နှင့်သာမို့ သူမ သံသယတွေ ဝင်မိပေမယ့် သူ့စိတ်ထဲ မကျေမနပ်ဖြစ်သွားရင် မူးလာတဲ့အခါ ပြဿနာရှာစရာ ဖြစ်မှာစိုးသည့်အတွက် အတင်းမမေးရဲ။ သူမတို့ ဘယ်လိုပင် သိုသိပ်စွာနေထိုင်သည်ဆိုပေမယ့် အလုပ်တွဲလုပ်နေရသည့် လူတွေအားလုံးနီးပါးကတော့ သူမတို့ အကြောင်းကို အတိအကျ မသိ တောင်ရိပ်မိနေကြမည်မှန်း သူမ သိသည်။

အိမ်ထောင်ရေး မပြေလည်တဲ့အခါ သူမ ထွက်ပေါက်မဲ့ကာ အလုပ်ကိုသာ အာရုံစိုက်ရင်း တတ်နိုင်သမျှ ပိုကြိုးစားလုပ်မိသည်။ သူမ ဘဝက ဒီအလုပ်တစ်ခုတည်းအတွက်ဟုသာ စိတ်သွင်းထားရသည်။ တစ်ခါတစ်ရံတွင်တော့ ကိုမင်းဆက်ညီကို သူမ လက်မထပ်ခဲ့မိရင် အကောင်းသားဟု နောင်တရစွာ တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အရင် လက် မထပ်ခင်ဘဝက အားကိုးရတဲ့ ခင်စရာကောင်းတဲ့ ကိုမင်းဆက်ညီကို သူမ ပြန်လိုချင်နေမိသည်။

နယ်ထွက်ရိုက်ရတဲ့ ကာလတွေမှာ သူမ အပျော်ဆုံး အချိန်ဖြစ်သည်။ ကိုမင်းဆက်ညီက နယ်ကို လိုက်မလာသဖြင့် သူမ နေ့ရောညပါ စိတ်ချမ်းသာခွင့်ရသောနေ့တွေလေ။ အလွမ်းအဆွေးခန်းများကို သရုပ်ဆောင်လျှင် mood မဝင်မှာ မပူရ။ စိတ်ထွက်ပေါက်မဲ့လွန်းသော ညတွေကို ပြန်တွေးလိုက်ရုံနှင့်ပင် မျက်ရည်က ထိန်း မရတော့။

ယုံကြည်အားကိုးရသူဆိုလို့ အနားမှာ တစ်ယောက်မှ မရှိတော့သလို ခံစားရတဲ့အခါ သူမ အိမ်ကို လွမ်းသလို ဖြစ်လာသည်။ အမေ့ထံ စာရေးမယ်လို့ စဉ်းစားကာ စာရွက်နှင့် ဘောလ်ပန်ကို ကိုင်လိုက်မိပေမယ့် သူမ ဘယ်ကစလို့ ဘယ်လိုရေးရမှန်းမသိ။ အထင်သေးကြမည့် မျက်နှာတွေကို မြင်ယောင်မိပြန်တော့ ရေးချင်စိတ်ပျောက်သွားပြန်သည်။ နောက်ဆုံးမှာတော့ စိတ်လျှော့ကာ တကယ်အရမ်းကို အောင်မြင်မှပဲ ဘီလူးကျွန်းကို ကိုယ်တိုင်ပြန်သွားတော့မည်ဟု ဆုံးဖြတ်လိုက်မိသည်။ သူမကို ဂုဏ်ယူဝမ်းသာစွာ ကြိုဆိုကြမည့် အမေနှင့် မောင်နှမတွေရဲ့ ပုံရိပ်တွေကို တွေးမိပြန်တော့ သူမ အရင်ကထက် နှစ်ဆ ပိုကြိုးစားမိပြန်သည်။

တစ်နေ့ကုန်သွားတိုင်း ကုန်သွားတိုင်းမှာ သူမ အောင်မြင်မှုပန်းတိုင်နှင့် ပိုနီးကပ်လာပြီလို့ ခံစားရင်း ရင်ထဲမှာ မျှော်လင့်ခြင်းတွေဖြင့် တက်ကြွနေမိသည်။ ရှင်သန်ခြင်းတစ်ခုအတွက် အဓိပ္ပာယ်

www.burmeseclassic.com

www.burmeseclassic.com



တွေ ပြည့်ဝနေဆဲကာလတွေပေါ့။

***

သူမ 'ကိုကို'လို့ ဘယ်လိုမှ မခေါ်နိုင်သဖြင့် ချွေးသိပ်ကာ 'မောင်'လို့ ခေါ်ခဲ့တဲ့ ကိုမင်းဆက်ညီရဲ့ ဇာတိတွေ တစ်စထက်တစ်စ ပေါ်လွင်ထင်ရှားလာခဲ့သည်။

သူမ နယ်ထွက်နေချိန်တွေမှာ ရန်ကုန်မှာ မင်းသမီးပေါက်စ နလေးတစ်ယောက်နှင့် တတွဲတွဲ ဖြစ်နေကြောင်း ကြားရခါစက သူမ မယုံကြည်ပါ။ မလိုလို့ သူမတို့ကြားကို သွေးထိုးကြတာဟုပင် ယူဆ မိခဲ့သေးသည်။ ယောက်ျားတစ်ယောက်မှာ ချို့ယွင်းချက်တစ်ခုထက် မပိုနိုင်လို့ ယုံကြည်ထားမိတဲ့သူမ ရှုတင်ပျက်သွားလို့ နေ့ခင်း အိမ် ပြန်လာချိန်မှာ ကိုယ်တိုင်မျက်မြင်ပက်ပင်းတိုးမှ ယုံကြည်လိုက်ရ တော့သည်။

နာကျင်ခြင်း စိတ်ပျက်ခြင်းများစွာကို ခံစားရပေမယ့် သူမ သဝန်တိုမနေတာကို သူမ ထိတ်လန့်စွာ သိလိုက်ရသည်။ သူ့အပြစ် နှင့် သူမို့ သူမကို ရှောင်ရင်း ဆိုးရွားတဲ့ညတွေ လျော့နည်းသွား ခဲ့တာကိုပင် ဝမ်းသာသလိုလို ဖြစ်နေမိသည်။ သို့ပေမယ့် ကြာကြာ မခံပါ။ သူ နောက်တစ်ကြိမ် မူးပြီးပြန်လာတဲ့အခါမှာ ရန်ရှာတဲ့ဒဏ် ကို ဆက်မခံနိုင်တော့ဟု သူမ စစ်ကြေညာက အိပ်ခန်း ခွဲအိပ်ခဲ့ သည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူမက စနစ်တကျ အကွက်ချ စီစဉ်ခဲ့တဲ့ ထောင်ချောက်ထဲမှာ ချောင်ပိတ်မိနေခဲ့တာဖြစ်ကြောင်း အချိန်လွန်မှ သိခွင့်ရခဲ့သူပါ။ ကိုမင်းဆက်ညီ ဘယ်လိုလူစားဆိုတာ သူမထံ ရောက်လာတဲ့ သတင်းအစအနပေါင်းများစွာကို ဆက်စပ်ကြည့်မိရာမှတစ်ဆင့် သဘောပေါက်လာခဲ့ရသည်။

ကိုမင်းဆက်ညီက သာမာန် လက်လုပ်လက်စား အသိုင်းအဝိုင်းမှ ပေါက်ဖွားလာခဲ့သူ။ လူရည်လည်သည်။ ရှုပ်သည်၊ ပွေသည်။ အတန်းပညာမရှိ။ သို့သော် ကောင်းမွန်စွာ ပါးပါးကလေး လွှာသုံးတတ်သည့် ဦးနှောက်ရှိသည်။ ငွေမရှိ။ သို့ပေမယ့် ဆွဲဆောင်မှု ရှိသော ရုပ်ရည်ရှိသည်။ စရိုက်အမျိုးမျိုး ကွဲပြားသည့် မိန်းမအမျိုးမျိုးကို ဘယ်လိုဆွဲဆောင်ရမည်ဆိုသော ပဋ္ဌလက်ပညာကို ကျွမ်းကျင်သည်။ ဒီလိုနှင့် အလွန်ချမ်းသာတဲ့အသက်ကြီးကြီး အမျိုးသမီးတစ်ဦးနှင့် တွေ့ကာ လက်ထပ်ဖြစ်သည်အထိ အပိုင်ကြံနိုင်ခဲ့သည်။ ဟိုက သူ့ကို အရမ်းချစ်တော့ သူ ပြောသမျှကို ခေါင်းညိတ်ကာ ပစ္စည်းတွေအားလုံး သူ့နာမည်နှင့် လွှဲပေးပြီးချိန်မှာ သူက ထို အမျိုးသမီးကို ကန်ထုတ်လိုက်သည်။ ထို့နောက် မင်းသမီးတစ်ယောက်နှင့် အနည်းငယ် မရှင်းမလင်း ဖြစ်ရာမှ ရုပ်ရှင်ကုမ္ပဏီထောင်ဖြစ်ခဲ့ခြင်းဖြစ်သည်။ အစပိုင်းမှာ ရုပ်ရှင်ကုမ္ပဏီက မင်းသမီး ဖြစ်ချင်သူ မိန်းကလေးများအတွက် ဖျားယောင်းသွေးဆောင်စရာ မက်လုံးတစ်ခုမျှသာ ဖြစ်ခဲ့ပေမယ့် ဒါရိုက်တာဦးထွဋ်နှင့် တွေ့ပြီး နောက်ပိုင်းမှာ အောင်မြင်တဲ့ ကားတွေ ထုတ်လုပ်နိုင်တဲ့ ငွေတွင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ဖြစ်သွားခဲ့သည်။ ကိုမင်းဆက်ညီက အနုပညာမာနကြီးပေမယ့် အရက်ကောင်းကောင်းကို ကြိုက်တတ်တဲ့၊ မိသားစုကို ချစ်ခင်တွယ်တာတတ်တဲ့ ဦးထွန်းရဲ့ အားနည်းချက်ကို ဘယ်လိုကိုင်တွယ်ရမည်မှန်း ကောင်းကောင်း သိထားသူမို့ ဦးထွန်းက သူ့ကုမ္ပဏီမှာ မြဲနေခဲ့သည်။

ဒါဆို သူ သူမကို ဘာလို့ လက်ထပ်ခဲ့တာလဲ။ သူမကို သူ စည်းရုံးသိမ်းသွင်းခဲ့ပုံတွေကို ပြန်လည်တွေးမိပေမယ့် တကယ် တော့ သူ သူမကို ဖျက်ဆီးချင်ရုံသက်သက်ဆို သူ လက်ထပ်ဖို့ မ လိုဘူးလေ။ သူမက သူ့လက်ခုပ်ထဲကရေ ဖြစ်နေခဲ့တာပဲ။ သူမကို တကယ်ချစ်သွားခဲ့တာလားဟု ယုံစားရအောင်ကလဲ အခုလက်ရှိကာလမှာ သူ့အချိုးတွေ မပြောင်းသေးတာ သူမ အသိ။

သူမ သူ့ကို ကိုယ့်ယောကျ်ားလို့ မြင်ရမယ့်အစား အသိရခက်တဲ့ သူစိမ်းတစ်ယောက်လို့သာ ထင်မြင်နေမိတာကြာပြီဖြစ် သည်။ သူ့ကျေးဇူးတွေက တခြား သူ့ကို နားမလည်တာ မယုံတာက သတ်သတ်မို့ သူ့အကြောင်း စဉ်းစားလျှင် သူမ တစ်ခါတစ်ခါ ရူးချင်စိတ်ပင် ပေါက်လာမိသည်။ သူမ သူနှင့် ဝေးရာကို ထွက်ပြေးချင်စိတ် အခါခါပေါ်မိပေမယ့် သူမ ရုပ်ရှင်နယ်က မခွာနိုင်သေးသရွေ့ သူမမှာ ပြေးစရာမြေမရှိမှန်း သူမ သိသည်လေ။ အိမ်ထောင်တစ်ဆက် ထပ်မပျက်ချင်ခဲ့တဲ့ သူမ အခုတော့ သူ့ဘက်က သူမကို စိတ်ကုန်ကာ ကွာရှင်းဖို့ ပြောလာမည့် နေ့ကိုသာ လွတ်မြောက်မည့် နေ့အဖြစ် မျှော်လင့်ရင်း နေ့စဉ်တောင့်တမိလာတာ အံ့ဩစရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမနေဘူးလားဟင်။

***

သူမရဲ့ ပထမဆုံးရုပ်ရှင်ကားကြီး 'ချစ်အိပ်မက်ချို' အလွန်အမင်း အောင်မြင်ကာ ရုံတွေမှာ ဝင်ငွေစံချိန်ကျိုးအောင် အားပေးခြင်းခံခဲ့ရသည်။ ဆင်းကံ့ကော်ဆိုတဲ့နာမည် ပရိတ်သတ်တွေရဲ့ အသည်းစွဲဖြစ်သွားခဲ့သည်။ ဆင်းကံ့ကော်ရဲ့ ဆံပင်စတိုင်၊ ဆင်းကံ့ကော်ဝတ်တဲ့ အင်္ကျီဒီဇိုင်း၊ ဆင်းကံ့ကော်ရဲ့ဖိနပ်စသဖြင့် ချစ်အိပ်မက်ချို ဇာတ်ဝင်ခန်းတွေထဲမှာ သူမ အသုံးပြုခဲ့တဲ့အရာတွေအားလုံး ခေတ်စားသွားခဲ့သည်။ ဧည့်ခံပွဲတွေသွားလျှင် အရင်က မသိကျိုးကျွံပြုခဲ့သူများထံမှ ပျာပျာသလဲ နှုတ်ဆက်မှု အရေးတယူပြုမှုတွေကို ခံယူရရှိလာသည်။ ဪ ... အောင်မြင်မှုဆိုတာ ဒါပဲထင်ပါရဲ့။

စာနယ်ဇင်းသမားတွေရဲ့ အလုအယက် အာရုံစိုက်ခြင်းကို လဲ စတင်ရရှိလာခဲ့သည်။ လူတွေကလဲ သူမကို တွေ့လိုက်တာနှင့် 'ဟိုမှာ ဆင်းကံ့ကော်'ဟု တစ်ယောက်နှင့် တစ်ယောက် လက်တို့ပြ ကြကာ ဝိုင်းကြည့်ကြ၊ မိတ်ဆက်ကြ၊ အပြေးအလွှား အော်တိုလက်မှတ်လာထိုးခိုင်းကြနှင့် ဖြစ်နေကြသည်။ ဒီအတွက် စိတ်လွတ်လပ်မှုတွေ ပျောက်ဆုံးလာတဲ့ကြားထဲက ဒါကို အလွန်အမင်း သာယာတက်မက်နေမိသည်။ ပရိတ်သတ်ရဲ့ လက်ခုပ်သံဆိုတာ သူမ ဘဝရဲ့ အတောင့်တခဲ့ဆုံး အရာတစ်ခု မဟုတ်လား။ ထမင်းမစား ရေမ

www.burmeseclassic.com

www.burmeseclassic.com



သောက်ဘဲနှင့်တောင် နေနိုင်ရလောက်အောင် သူမ ရင်ထဲမှာ ပီတိတွေ ပြည့်လျှမ်းနေသည်။ တခြားသူတွေ ကိုယ့်ကို အရှုးအမူး နှစ်သက်ကြတဲ့ ခံစားမှုမျိုးကို ခံစားဖူးပါသလား။ ကိုယ့်နာမည်ကို အော်ခေါ်ကြပြီး ကိုယ့်ကို တွေ့လို့ ပျော်နေကြတဲ့ ကိုယ့်ပရိတ်သတ်တွေကပေးတဲ့ ကြည်နူးမှုတွေကို ဘာနှင့်မှ နှိုင်းယှဉ်လို့ မရ။ ဒါဟာ ငါ့ကမ္ဘာပဲ၊ ဒီလူတွေဟာ ငါ့ကို ချစ်တဲ့သူတွေပဲ ငါသူတို့အတွက် အစွမ်းကုန် ကြိုးစားမယ်လို့ တွေးရင်း သူမရဲ့ ဘဝအဓိပ္ပာယ်တွေ ပိုမိုပြည့်ဝလာသည်။ ဒါတွေ ဘယ်လောက်ကြာကြာခံမလဲ၊ ဘယ်လောက်အထိများ မြင့်မားဦးမလဲ ဘာတစ်ခုမှ ကြိုမတွေးချင်။ အခုလက်ရှိ တဒင်္ဂအနေအထားကလေးနှင့်ကို သူမ သေပျော်နေပြီလေ။

အင်တာဗျူးတွေမှာ စကားတွေကို အရင်လို အရမ်းမ ပြောဖို့ ကိုမင်းဆက်ညီက သူမကို သတိပေးသည်။ လူတွေ ကိုယ့်ကို အထင်မသေးစေရန် ဘယ်လိုနေ ဘယ်လိုထိုင် ဘယ်လိုပြောစသည့် သွန်သင်မှုတွေကို ခံယူရရှိပြန်တော့ ကိုမင်းဆက်ညီကို စိတ်ပျက်နေတဲ့ကြားက သူမ ဘဝအတွက် မရှိမဖြစ် လိုအပ်သူတစ်ယောက်ဟု မြင်လာမိပြန်သည်။ အခုကျမှ အရင်က သူမ ဖြေခဲ့ရတဲ့ အင်တာဗျူးတွေက ကိုမင်းဆက်ညီက သူပိုင်တဲ့ သူတွေကို ပိုက်ဆံပေးကာ ဗျူးစေခဲ့တဲ့ ကြော်ငြာအင်တာဗျူးများသာဖြစ်ကြောင်း သဘောပေါက်လာခဲ့ရသည်။ အင်တာဗျူးတွေမှာ ရှေ့နောက်စကားတွေ ညီစေရန် ကိုမင်းဆက်ညီ ချပေးထားတဲ့ ဇာတ်ညွှန်းကလေးအတိုင်း ဆင်းကံ့ကော်ဆိုတဲ့ လူတွေ ပိုမိုနှစ်သက်စဖွယ်ဖြစ်လာမည့် လုပသော ပုံရိပ်

www.burmeseclassic.com

www.burmeseclassic.com


လေးတစ်ခု ဖန်ဆင်းနိုင်ခဲ့သည်လေ။ မုသာဝါဒကို သုံးစွဲရာမှာ သက်တောင့်သက်သာ ရှိလွန်းလှသော သူမအတွက် ဒါတွေက နည်းနည်းလေးမှ မခက်ခဲ မပင်ပန်းခဲ့ပါ။

ပြက္ခဒိန်များ၊ မဂ္ဂဇင်းအဖုံးများမှာ သူမ ပုံတွေ တစ်စထက်တစ်စ များလာခဲ့သည်။ အစောပိုင်းကတော့ ကိုယ်က ပိုက်ဆံပေးလို့ ရိုက်ခဲ့ရတာတွေ။ နောက်ပိုင်းကတော့ ကိုယ့်ကို ပိုက်ဆံပေးကာ ရိုက်ခဲ့တာတွေပေါ့။ ဒီနှစ်က ဆင်းကံ့ကော် နှစ်များ ဖြစ်မလားဟုပင် ဝါရင့်စာနယ်ဇင်းသမားကြီးတစ်ယောက်က ရေးသားထားသည်ဟု သူမကို ပြောသူတွေက လာပြောကြသည်။ သူမကတော့ သူမ အင်တာဗျူးပါသည့် မဂ္ဂဇင်းတွေကိုတောင် လှန်ချိန်မရှိအောင် အလုပ်များနေသဖြင့် ဘယ်သူတွေ ဘယ်လိုရေးကြတယ်ဆိုတာ သူများပြောမှသာ သိခွင့်ရလေသည်။

နေ့စဉ် အဆက်မပြတ်လာနေသည့် မိတ်ဆက်စာတွေကို အရင်လိုပြန်ဖို့ အချိန်မရှိတော့။ ရုပ်ရှင်ကားကြီး နောက်တစ်ကား စရိုက်နေရင်း တစ်ဖက်က ဧည့်ခံပွဲတွေတက်ရ၊ အင်တာဗျူးတွေ ဖြေရ၊ ပြက္ခဒိန်တွေ မဂ္ဂဇင်းအဖုံးတွေ ပိုစတာတွေရိုက်ရနှင့် အားလပ်ရက်ရယ်လို့ မရှိနိုင်အောင် ဖြစ်နေရသည်။ ဒီကြားထဲမှာ ဇာတ်ဝင်ခန်းရဲ့ လိုအပ်ချက်အရ မြန်မာအက သင်နေရသေးသည်။ သူမရဲ့ အပြင်မှာ အနေတော်ဖြစ်သည့် ခန္ဓာကိုယ်က ကင်မရာထဲမှာ နည်းနည်းဝနေသဖြင့် ကင်မရာထဲမှာ လှစေရန် အားကစားနည်းပြဆရာ မခေါ်ပြီး လေ့ကျင့်ခန်းယူနေရခြင်းကိုတော့ ကိုမင်းဆက်ညီရဲ့ သူ့နိ

www.burmeseclassic.com



သင်မှုအရ လျှို့ဝှက်ထားရသည်။ မြန်မာပရိတ်သတ်က နဂိုသဘာဝအတိုင်းလှနေတာဆိုမှ ပိုသဘောကျကြသည်တဲ့။ မင်းသမီးတစ်ယောက်ရဲ့ဘဝက ဒီလောက်အလုပ်များတယ်လို့ အရင်က သူမ ဘာလို့ မရိပ်မိခဲ့တာပါလိမ့်။ သို့ပေမယ့် ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း သူမ ပျော်သည်။ ကြိုးစားခဲ့သမျှတွေ ပီပီပြင်ပြင်ကို အရာထင်လာခဲ့ပြီ မဟုတ်လား။

ကိုမင်းဆက်ညီကိုတော့ ရိုက်ကွင်းမှာပဲ အတွေ့ရများသည်။ သူ ညဘက်တွေမှာ အိမ်ပြန်မလာတာ တော်တော်ကြာပြီ။ ဘယ်တွေသွားလို့ ဘာတွေလုပ်နေသည်ကို သူက မပြောသလို သူမကလဲ မမေး။ တကယ်တော့ သူမက သူ ပြန်လာမှာကိုတောင် ကြောက်နေတတ်သူ မဟုတ်လား။

တစ်ရက် သူမ ကားရိုက်ကအပြန် အိမ်မှာ 'ဝေဝေ'ရုပ်ရှင်မှ ပိုင်ရှင်အမျိုးသမီး အိမ်ဝမှာ လာစောင့်နေတာကို တွေ့လိုက်ရသည်။ ထိုအမျိုးသမီးက သူမ ယခုရိုက်နေသည့် ကားပြီးလျှင် သူမတို့ ကုမ္ပဏီနှင့်သုံးကား စာချုပ်ချုပ်ကာ ရိုက်စေလိုကြောင်း၊ သူမ တောင်းသမျှ ဈေးပေးမည် ဖြစ်ကြောင်း ကမ်းလှမ်းလာသည်။

'ဝေဝေ'ရုပ်ရှင်ကို ထိုအမျိုးသမီးရဲ့ ဖခင်လက်ထက်ကတည်းက တည်ထောင်ခဲ့တာမို့ သူမ ငယ်စဉ်ကတည်းက ကြားဖူးပြီးသားဖြစ်သည်။ သူမ အသည်းစွဲခဲ့သည့် ကားအများစုက ဝေဝေရုပ်ရှင်က ထုတ်ခဲ့တာတွေပဲလေ။ သဘောကောင်းပုံရတဲ့ ထိုအမျိုးသမီးကိုလည်း မြင်မြင်ချင်း ခင်မင်မိကာ သူမ သူနှင့် အလုပ်လုပ်ချင်စိတ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်သွားမိသည်။

'နေကြာ ... အဲ ... ကံ့ကော်စဉ်းစားအုံးမယ်လေ ... အစ်မက ဘယ်လောက်များ ပေးချင်လို့လဲ မသိဘူး'

'မင်းသမီး တောင်းတဲ့ဈေးပေးပါ့မယ် ... ပြီးခဲ့တဲ့ ကားထက် မနည်းစေရပါဘူး'

သူမ တွေဝေသွားသည်။ သူမ ပြီးခဲ့သည့်ကားရော၊ ဗီဒီယိုကားတွေအတွက်ပါ ဘာမှ မယ်မယ်ရရ မရခဲ့။ သူမအတွက် အိမ်ငှားပေးတာ၊ လိုအပ်တဲ့ အသုံးအဆောင်ပစ္စည်းတွေ ဝယ်ပေးတာ၊ အိမ်အသုံးစရိတ်ပေးတာထက်ပိုကာ တစ်ပြားမှ မရခဲ့တာကို သူမ စဉ်းစားမိသွားသည်။

'အစ်မ ဘယ်လောက်ပေးဖို့ ရည်ရွယ်ချက်ရှိသလဲ'

'မေဇလပ်ကို အစ်မတို့ တစ်ကားကို ...သိန်း ပေးတယ် ညီမကို သူ့ထက် တစ်သိန်းပိုပေးမယ်'

'ဘုရားရေ'ဆိုတဲ့ အာမေဋိတ်သံ သူမ ပါးစပ်ဖျားမှ ပွင့်ထွက်မသွားအောင် နှုတ်ခမ်းကိုကိုက်ကာ မနည်းထိန်းထားလိုက်ရသည်။ သူမရဲ့ လုပ်အားခက ဒီလောက်တောင် တန်တယ်ဆိုတာ သူမ အစက ဘာလို့ မသိခဲ့ရတာလဲ။ ကိုမင်းဆက်ညီပေးတဲ့ အိမ် ငှားခ၊ အိမ်စရိတ်၊ အသုံးအဆောင်ပစ္စည်းစရိတ်၊ အဝတ်အစားဖိုး အားလုံးကို ဈေးအမြင့်ဆုံးထားပြီး စိတ်ထဲက တွက်ကာ ပေါင်း ကြည့်တာတောင် အဲဒီငွေရဲ့တစ်ဝက် ဘယ်လိုမှ မရှိနိုင်။

'ညီမ တကယ်လို့ မင်းသစ္စာနဲ့ စာချုပ်ရှိတယ်ဆိုရင်လဲ စာ

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ကို ဖျက်သိမ်းဖို့အတွက် အစ်မတို့ ငွေကြိုထုတ်ပေးထားနိုင်ပါတယ်'

'ဟင့်အင်း ... မရှိပါဘူး'

ကျွန်မ ချုပ်ထားမိတဲ့ စာချုပ်က အစ်မတို့ ပေးမယ့် ငွေနဲ့ လျော်လို့ မရတဲ့စာချုပ် အစ်မရေ့ဟု သူမ စိတ်ထဲမှ အော်ဟစ်နေမိသည်။

ထိုအမျိုးသမီး ပြန်သွားချိန်မှာ သူမ ကိုမင်းဆက်ညီရဲ့ လူလည်ကျခံရခြင်းအတွက် ခံပြင်းကာ ဒေါသတွေ ထွက်နေမိသည်။ သူမကိုက အ,လွန်းတာ။ သူမ ရသင့်တဲ့ လုပ်အားခတွေ အခုတော့ ဘယ်မှာလဲ။ ဒီဝင်ငွေနှင့်ဆို သူမ ဘယ်သူ့ကိုမှ အားကိုးစရာမလို။ သူမခြေထောက်ပေါ်မှာ သူမ ကောင်းကောင်း ရပ်တည်နိုင်တာပေါ့။ ဘာလို့ သူ့ဒဏ်တွေကို ဆက်ခံနေတော့မှာလဲ။

ထိုနေ့က သူမ မျှော်ပေမယ့် ကိုမင်းဆက်ညီ ပေါ်မလာ။ နောက်နေ့မှာ ရိုက်ကွင်းမှာ ဖျတ်ခနဲသာ တွေ့လိုက်ရသဖြင့် စကားပြောခွင့် မကြုံခဲ့။

သုံးရက်မြောက်နေ့မှာ သူမ ကိုယ့်သဘောနှင့်ကိုယ် ဆုံးဖြတ်ကာ ဝေဝေရုပ်ရှင်မှ အမျိုးသမီးကို ဆက်သွယ်ပြီး သုံးကားစာချုပ်ကို လက်ခံကာ လက်မှတ်ထိုးလိုက်သည်။ ကဲ ... ရှင်ဘာတတ်နိုင်သလေးလဲ ကိုမင်းဆက်ညီရယ်။

***

www.burmeseclassic.com

www.burmeseclassic.com



'ဘာကွ … မင်းသဘောနဲ့မင်း လုပ်ချင်တိုင်းလုပ်လို့ရမ လား … မင်းက ငါ့မိန်းမ … မင်း ငါ့ကုမ္ပဏီက လွဲလို့ ဘယ်သူနဲ့မှ မရိုက်ရဘူး … မင်းကိုငါ ခွင့်မပြုနိုင်ဘူး'

သူ အိမ်ပြန်လာတဲ့ ညတစ်ညမှာ ထူးဆန်းစွာ မူးလာတဲ့ အရိပ်အယောင် မတွေ့တာနှင့် သူမ စာချုပ်အကြောင်း ပြောပြလိုက်မိသည်။ သူ့တုံ့ပြန်ချက်က သူမ ထင်ထားတဲ့အတိုင်း။ သူမက သူ သူမကို သူမ ရသင့်တဲ့ ငွေကြေးမပေးတဲ့ကိစ္စကို ပြောတော့ သူက

'ဘာလို့ ပေးရမှာလဲ … မင်းကိုငါ တင်ပေးခဲ့တာပဲ … မင်းနာမည်မကြီးရင် ဘယ်သူမှ မင်းကို ဒီလို လာမငှားဘူး မှတ်ထား … ငါ့မှာ မင်းအတွက် ဘယ်လောက် အကုန်ခံခဲ့ရသလဲဆိုတာ မင်း သိရဲ့လား … အောင်မြင်မယ်မှန်း မအောင်မြင်မယ်မှန်း သေသေချာချာမသိတဲ့ ကားတစ်ကားကို သိန်းပေါင်းများစွာ အရင်းအနှီး မြှုပ်ပြီး ရိုက်ပေးခဲ့ရတာ'

ဒီစကားကို တခြားတစ်ယောက်က ပြောလျှင် တစ်မျိုးဖြစ်နိုင်ပေမယ့် သူ ပြောတာမို့ သူမ မယုံပါ။ သူလိုလူမျိုးက သူမကို သူ့အကျိုးမပါဘဲ အနစ်နာခံကာ လုပ်ပေးမည့်လူမျိုးမှ မဟုတ်တာဘဲ။

'ဘယ်လိုပဲဖြစ်ဖြစ် စာချုပ်က ချုပ်ပြီးနေပြီ'

သူမ အနိုင်ရထားသူတစ်ယောက်ရဲ့ လေသံဖြင့် ပြောလိုက်သည်။

'အဲဒါတော့ ငါမသိဘူး … မင်းလုပ်ထားတဲ့ ပြဿနာ မင်း

www.burmeseclassic.com

www.burmeseclassic.com



ဖာသာမင်းရှင်း ... မင်းငါ့မိန်းမ ဖြစ်နေသမျှ ကာလပတ်လုံး မင်း တခြားကုမ္ပဏီနဲ့ လုံးဝ ရိုက်ခွင့်မရှိဘူး ... ဒါပဲ'

သူမတို့ ဆွေးနွေးပွဲက ရန်ပွဲအဖြစ်ပြောင်းလဲသွားသည်။ သူမ ဆုံးဖြတ်ချက်တွေ ခိုင်မာနေမှန်း သိသွားတဲ့အခါ သူက သူ တင်ပေးခဲ့တဲ့ သူမကို သူကိုယ်တိုင် ပြန်ဆွဲချဖို့ ဝန်မလေးဟု စစ်ကြေညာလာသည်။

'မင်း 'မြင့်မြတ်'မှာ ရောင်းစားခံခဲ့ရတာတွေ ... ကလေးဖျက်ချလို့ စက္ကန့်မှုနဲ့ ကွဲခဲ့တဲ့ ကိစ္စတွေ ... နောက်ဆုံး မင်းမင်းသမီး ဖြစ်ဖို့အတွက် ငါ့ကို ခုတုံးလုပ်ပြီး လက်ထပ်ခဲ့တာတွေ ... ဟားဟား ... အဲဒါတွေကို စာနယ်ဇင်းတွေကတစ်ဆင့် ဖွင့်ချလိုက်ရင် မင်းကို သိပ်ချစ်နေကြ သိပ်အားပေးနေကြတဲ့ ပရိတ်သတ်က မင်းကို ဆက်ချစ်နိုင်ကြအုံးမယ်ထင်သလား နေကြာ ... သေသေချာချာ စဉ်းစားအုံးနော်'

မခိုးမခန့် အပြုံးနှင့် ပြောလာတဲ့ စကားသံတွေကြားမှာ သူမနှလုံးခုန်နှုန်းတွေ တဒင်္ဂရပ်တန့်ကာ တစ်ကိုယ်လုံး အေးစက်သွားလေတော့သည်။ သူ သူမ အကြောင်းတွေကို ဒီလောက်တောင်သိနေခဲ့သလား။ သူ့ကို သူမ လျှော့တွက်ခဲ့မိတာ မှားပြီ။ သူပြောတာတွေက တစ်ဝက်သာ မှန်ပေမယ့် ဒါကို ပရိတ်သတ်က နားလည်နိုင်ပါ့မလား။ နောက်ဆက်တွဲ အဖြစ်အပျက်တွေက မမှန်ပေမယ့် အချက်အလက်တွေက မှန်နေတဲ့အခါ သူမ ပြောတာကို ဘယ်သူယုံကြည်ပါ့မလဲ။ သူမ မျက်နှာကို ဖြတ်ရိုက်ခံလိုက်ရတာထက် ပိုနာ

www.burmeseclassic.com

www.burmeseclassic.com


ကျင်ကာ တစ်ကိုယ်လုံး နုံးခွေကျသွားခဲ့သည်။ သူ အောင်နိုင်သူ အပြုံးနှင့် သူမ နံဘေးက ထွက်သွားချိန်မှာ သူမ ရှိုက်ကြီးတငင် ငိုချလိုက်မိသည်အထိ စိတ်ဓာတ်တွေ ပျက်ပြားသွားခဲ့သည်။ သူမ ဒီဘဝမှာ သူ့လက်က လွတ်မြောက်လမ်း မရှိတော့ဘူးပေါ့။ သူ့ရဲ့ အနိုင်ခံဘဝနှင့် တစ်သက်လုံး သူစေခိုင်းသလို နေရမည့် အခြေအနေကို တွေးမိတော့ သေသွားတာကမှ ပိုကောင်းဦးမည်ဟု ခံစား လိုက်ရသည်။

သူမ ဘာဆက်လုပ်ရမည်ဆိုတာကို သေသေချာချာ စဉ်းစားလို့ မရသေးပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် နောက်ထပ်တစ်ရက်က လေးတော့ သူမ မရမက ကြိုးစားအသက်ရှင်လိုက်ဦးမည်လေ။

***

နောက်တစ်ရက်မှာ ခေါင်းအေးအေးနှင့် အခြေအနေ အ ရပ်ရပ်ကို စဉ်းစားသုံးသပ်အပြီးမှာ သူမ အနေနှင့် ကိုမင်းဆက်ညီ လက်ကလွတ်ဖို့ နည်းလမ်း လုံးဝမရှိဘူးဆိုတာ ပိုမိုသေချာသွား သည်။ ထို့ကြောင့် မနက်ပိုင်း ရှူတင်အပြီးမှာ ‘ဝေဝေရုပ်ရှင်’ တည် ရှိရာသို့ သူမ ထွက်လာခဲ့သည်။

ထင်ထားတဲ့ အတိုင်းပါပဲ။ ချုပ်ထားပြီးတဲ့ စာချုပ်ကို ဖျက် သိမ်းပေးတယ်ဆိုတာ လုံးဝ ထုံးစံမရှိကြောင်း သူမ ဒေါ်ဝေသဇင် ကျော်လို့ သိထားတဲ့ ထိုအမျိုးသမီးက သူမကို အေးဆေးစွာ ငြင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုသည်။ သူမ မရမက တောင်းပန်တဲ့အခါ သူက သူမကို သူမမှာ ဘာအခက်အခဲတွေရှိသလဲဆိုတာ ပွင့်ပွင့်လင်းလင်း ပြောပြရင် သူ ကူညီနိုင်ကောင်း ကူညီနိုင်မှာ ဖြစ်ကြောင်း နားလည်စာနာစွာ ဆို လေသည်။

သူမ ဘယ်လိုလုပ်ရမလဲ။ ဒီစာချုပ်ကို မဖျက်လျှင် ကိုမင်း ဆက်ညီက သူမကို ခြိမ်းခြောက်ထားတဲ့အတိုင်း လုပ်တော့မှာ သေ ချာသည်။ ဒါဆို သူမ ဘဝက ဆင်းကံ့ကော်အဖြစ်မှ ပြီးဆုံးသွား ပြီလေ။ သူမကို ကူညီမည်ဆိုတဲ့ ဒီအစ်မကို သူမရဲ့ အခက်အခဲတွေ အမှန်အတိုင်း ပြောဖို့ဆိုတာကျပြန်တော့လဲ ... ။

သူမ တွေဝေငေးငိုင်သွားမိသည်။

'အစ်မ ကူညီနိုင်ရင် ကူညီမှာပါ ညီမရယ် ... အစ်မကို ကိုယ့်အစ်မအရင်းလို သဘောထားပြီး ဘာမဆို ပွင့်ပွင့်လင်းလင်း တိုင်ပင်လို့ရပါတယ်'

သူမ ဒီလို ကရုဏာသံတွေကို မကြားဖူးခဲ့တာ ဘယ် လောက် ကြာခဲ့ပြီလဲ။ အပြင်က တင်းထားပေမယ့် အထဲက ပျော့ ကျနေတဲ့ စိတ်တွေထဲမှာ မေတ္တာငတ်နေခဲ့တာ ဘယ်လောက်ကြာခဲ့ ပြီလဲ။

ဒေါ်ဝေသဇင်ကျော်က ရင်းနှီးစွာ သူမ လက်ကို ဆုတ်ကိုင် အားပေးချိန်မှာ သူမ နှလုံးသားတွေ အရည်ပျော်သွားခဲ့လေပြီ။ အ ရာရာကို လျှို့ဝှက်သိမ်းဆည်းထားရလွန်းလို့ လေးလံလွန်းနေတဲ့ ရင်ကို ဖွင့်ပစ်လိုက်ချင်ပြီ။ စာနာနားလည်စွာ နားထောင်မည့်သူ

www.burmeseclassic.com

www.burmeseclassic.com


ရှိတုန်းမှာ အားလုံးကို ပြောပြချင်သည်။ ထွက်ပေါက်မဲ့ကာ နောက်ကျိရှုပ်ထွေးနေတဲ့ သူမ ဦးနှောက်က သင့်တော်တာတွေ မသင့်တော်တာတွေ မစဉ်းစားတတ်တော့။ စဉ်းလည်း မစဉ်းစားချင်ပါ။

သူမ ဘာတွေကို ဘယ်အတိုင်းအတာအထိ ပြောလိုက်မိသည် မသိ။ ကိုမင်းဆက်ညီ မှူးလာတိုင်း သူမကို ရိုက်တာတွေလဲ ပါသည်။ သူ ခြိမ်းခြောက်တဲ့ စကားတွေလဲပါသည်။ ပြောရင်းမှ အလွန်အမင်း ဝမ်းနည်းလာသဖြင့် သူမ မျက်ရည် မထိန်းနိုင်တော့။ ရှိုက်ငိုမိအပြီးမှာ ပြန်လည် စိတ်တည်ငြိမ်သွားချိန်ကျမှ 'ငါ ပြောမိတာတွေ လွန်သွားပြီလား … ငါပြောမိတာတွေ မှားသွားပြီလား' ဆိုတဲ့ နောင်တရတဲ့ အတွေးတွေ ဝင်လာမိတော့သည်။ ဒေါ်ဝေသဇင်ကျော်ရဲ့ မျက်နှာကို ကြည့်လိုက်မိတော့ သူမကို စာနာကရုဏာသက်တဲ့ မျက်နှာက မပြောင်းလဲသေးတာ တွေ့လိုက်ရသဖြင့် စိတ်သက်သာရာ ရသွားမိသည်။

'ဖြစ်ရလေ ညီမရယ် … အစ်မက ညီမဘဝ အဲဒီလောက် အခြေအနေဆိုးလိမ့်မယ်လို့ နည်းနည်းလေးမှ ထင်မထားမိခဲ့ဘူး … အစ်မအနေနဲ့ ညီမအတွက် စာချုပ်ကို ဖျက်ပေးလိုက်တာကတော့ ရပါတယ် … ဒါပေမယ့် ညီမ ဒီလိုဘဝနဲ့ တစ်သက်လုံး ဆက်နေနိုင်သလား … ဒီလို အနိုင်ခံနေမယ့်အစား သူ့လက်က လွတ်အောင် ရုန်းထွက်လိုက်ပါလား'

'သိပ်ကို ရုန်းထွက်ချင်တာပေါ့ အစ်မရယ် … ဒါပေမယ့် သူက ညီမကို သူ ခြိမ်းခြောက်ထားတဲ့အတိုင်း လုပ်မယ်ဆိုရင် ညီ

www.burmeseclassic.com

www.burmeseclassic.com



မဘဝက သွားပြီ'

'ဒီအတွက် မပူနဲ့ ... အစ်မမှာ အစီအစဉ်တွေ ရှိတယ် ... အစ်မ အားလုံးကူညီမယ် ... ညီမကသာ အစ်မပြောတဲ့အတိုင်း သေသေချာချာလုပ် ... ဟုတ်ပလား'

ဒေါ်ဝေသဇင်ကျော်ကို သူမ ဘဝအတွက် ကယ်တင်ရှင် နတ်ဖုရားမဟု ထင်မြင်ကာ ထိုင်ကန်တော့ချင်စိတ်ပင်ပေါက်အောင် ကြည်ညိုအားကိုးမိသွားသည်။ သြော် ... ဒီလို စိတ်ကောင်းရှိလွန်းတဲ့ သူမျိုးနှင့် သူမ အတွေ့နောက်ကျရလေခြင်းနော် ... ။

www.burmeseclassic.com

www.burmeseclassic.com

အသက်သုံးဆယ့်လေးနှစ်အရွယ် အမျိုးသမီးတစ်ယောက် အနေနှင့် ထက်မြက်လွန်းတဲ့ ဒေါ်ဝေသဇင်ကျော်ရဲ့ ဦးနှောက်က ရုပ်ရှင်ရိုက်ရန် မဟုတ်တဲ့ ဇာတ်ညွှန်းတစ်ခုကို သွက်လက်စွာ အကွက်ချနေလေသည်။ စဉ်းစားလေ ပီပြင်စွာမြင်လေ ဖြစ်လာတဲ့ ဇာတ်ကွက်တွေကို အပြန်ပြန် အလှန်လှန်တွေးကာ ဟာကွက် လစ်ကွက် ရှိမရှိ စစ်ဆေးပြီး ဘာမှ မှားယွင်း ချွတ်ချော်စရာ မရှိတာ သေချာသွားတော့မှ ကျေနပ်စွာ ပြုံးလိုက်သည်။ ဒီတစ်ကြိမ်တော့ မင်း ငါ့လက်က မလွတ်ပါဘူး မင်းဆက်ညီဆိုတဲ့ ညေီရယ်။

လွန်ခဲ့သော ငါးနှစ်က ကြုံခဲ့ရတဲ့ မမေ့နိုင်စရာ ဝမ်းနည်းနာကျည်းမှုတွေ သူမ ရင်ထဲကို အလုံးအရင်း လှိမ့်ဝင်လာသည်။ သူမရဲ့ အချစ်ဆုံး ညီမလေး ...။ အမိုက်မ ... ။ မိဘစကား နားမထောင်၊ အစ်မကို ဘာမှ မတိုင်ပင်ဘဲ ထင်ရာစိုင်းခဲ့တဲ့ မိန်းမမိုက်လေး ... ။

www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာ့ ညီမငယ်ရဲ့ ပုံရိပ်တွေ သူမ မျက်ဝန်းထဲမှာ ပြန်လည်ထင်ဟပ်လာသည်။ တကယ်လို့ ညီမလေးသာ အဲဒီလူရှုပ်လူပွေ ညီညီဆိုတဲ့ကောင်နှင့် မတွေ့ခဲ့လျှင် သူမတို့ မိသားစုရဲ့ အေးချမ်းပျော်ရွှင်တဲ့ဘဝလေး ပျက်စီးစရာ ဘယ်လိုအကြောင်းမှ မရှိနိုင်တာ သေချာလွန်းလှသည် မဟုတ်လား။

***

ဝေဝေရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဦးဘကျော်က လုပ်ငန်းခွင်တွင် သာမက အိမ်မှာပါ အလွန်စည်းကမ်းတင်းကျပ်သူတစ်ဦး ဖြစ်သည်။ သူကသာ ရုပ်ရှင်လုပ်ငန်းလုပ်နေပေမယ့် မွေးထားတဲ့ သမီးနှစ်ယောက်ကိုတော့ ဒီလောကသားတွေနှင့် လုံးဝပတ်သက်ခွင့်မပြု။ မိခင်ဒေါ်ဝေဝေက အိမ်ထဲက အိမ်ပြင်ပင် အထွက်နည်းကာ တစ်နေကုန် အိမ်အလုပ်တွေနှင့် မွေ့လျော်နေတတ်သူ အိမ်ရှင်မစစ်စစ်။ သားသမီးတွေကို အလွန်ချစ်သလို ယောကျ်ားကိုလည်း အလွန်ရိုသေသော ရိုးရိုးစင်းစင်း အမျိုးသမီးတစ်ဦးဖြစ်သည်။

ဝေသဇင်ကျော်က အကြီးဆုံးသမီး။ ဝေသရဖီကျော်က အငယ်ဆုံးသမီး။ ကြားထဲမှာ သားသမီးတွေ မွေးခဲ့ပေမယ့် သူမတို့နှစ်ယောက်သာ အဖတ်တင်တာကြောင့် အသက်ဆယ်နှစ်ခန့်ကွာလေသည်။ ဝေသရဖီကျော်က ငယ်ငယ်ကတည်းက ရုပ်ရှင်ကြည့်ရန် အလွန်အမင်း ဝါသနာကြီးသည်။ ငယ်ငယ်ကတည်းက သမီးကြီး

www.burmeseclassic.com

www.burmeseclassic.com



လာရင် ဘာလုပ်မလဲမေးတိုင်း မင်းသမီးလုပ်မယ်လို့ ဖြေတတ်လို့ ဖေဖေ စိတ်ညစ်ရသူ။ အရွယ်ရောက်စပြုလာတော့ ဝေသရဖီကျော်ရဲ့ မင်းသမီး ဖြစ်ချင်စိတ်ကို ချိုးနှိမ်ရန်အတွက် ရုပ်ရှင်ကြည့်ခြင်းကို ဖေဖေက အကန့်အသတ်ဖြင့်သာ ခွင့်ပြုတော့သည်။ ငယ်ငယ်က ပူဆာလွန်းလို့ ပေးလိုက်ခဲ့တဲ့ ရိုက်ကွင်းတွေကို နောက်ထပ် ပေးမ လိုက်တော့။ သမီးနှစ်ယောက်သာ ရှိရတဲ့ကြားထဲမှာ အငယ်မို့ အမြဲ တမ်း အထူးအခွင့်အရေးပေးခံရသူကလေးက ဒါကို ချုပ်ချယ်သည် ဟု ယူဆသည်။ ကျောင်းလစ်ပြီး ရုပ်ရှင်ခိုးကြည့်တာတွေကို မိတဲ့ အခါ အမေနှင့်သူမက တိုးတိုးတိတ်တိတ် ကြိတ်ဆုံးမကာ အဖေ မသိအောင် ဖုံးထားပေးခဲ့ကြသည်။ အချစ်လွန်ကာ ဝေသရဖီကျော် ပြောသမျှကို အလွယ်တကူ ယုံချင်တဲ့ အမေနှင့် သူမက ဝေသရဖီ ကျော် သူမတို့ ပြောစကားတွေကို နားထောင်မည်ဟုသာ အသေ အချာ တွက်ထားခဲ့ကြသည်။ ဝေသရဖီကျော်က သူမတို့ သိနိုင်တဲ့ အတိုင်းအတာထက် ခြေလှမ်းပိုသွက်နေခဲ့တာတွေကို အိမ်ထဲက အိမ် ပြင်ထွက်ခဲတဲ့ အမေနှင့် သူမ လုံးဝမရိပ်မိခဲ့ကြပါ။

အဲဒီအချိန်မှာ သူ့ကိုယ်သူ မင်းဆက်ညီလို့ မကြာသေးမီ ကမှ နာမည်ပြောင်းလိုက်တဲ့ ညီညီဆိုသူက သူ့ရုပ်ရှင်ကုမ္ပဏီအ တွက် မင်းသမီးအသစ်လိုသည်ဟု သတင်းစာထဲမှာ ကြော်ငြာထည့် ခဲ့သည်။ မင်းသမီးရွေးချယ်သည့် ဇကာတင်စာရင်းမှာ သရဖီလို့သာ ကိုယ့်ကိုယ်ကိုယ် နာမည်ပေးထားသည့် ဝေသရဖီကျော်ပါသွားခဲ့ သည်။ အစကတည်းက မက်လုံးပေးကာ မိန်းကလေးတွေကို ဖျက်

www.burmeseclassic.com

www.burmeseclassic.com



ဆီးဖို့သာ စိတ်ဝင်စားသူ ညီညီ့အတွက် သရဖီဆိုတာက မင်းသမီး ဖြစ်ချင်သူ အခြားကောင်မလေးတစ်ယောက်သာ။ ဝေသရဖီကျော်က လည်း သူမ ကြိတ်ကြံနေတာတွေ မအောင်မြင်မီ အဖေ ပြန်သိသွား မည်စိုး၍ သူမ မိဘတွေ ဘယ်သူဆိုတာ လုံးဝမပြောဘဲ လျှို့ဝှက်ထား ခဲ့သည်။ သူမ အကြံအစည်က သူမ အဖေ့အကူအညီမပါဘဲ ကိုယ့်အ ရည်အချင်းနှင့်ကိုယ် မင်းသမီး ဖြစ်နိုင်တယ်ဆိုတာ တစ်လောကလုံး ကို သက်သေပြဖို့။ ဒီလိုနှင့် မိန်းမကျမ်းကျေရုံတင်မက ကိုယ်တိုင်ပင် ကျမ်းတစ်စောင် ပြုနိုင်လောက်အောင် အရည်အချင်းရှိသူ ညီညီ့ရဲ့ ပရိယာယ်ကွန်ယက်ထဲမှာ ဝေသရဖီကျော်ကျဆုံးကာ ညီညီ့ရဲ့ အချစ် ကို ယုံကြည်စွာ ခေါင်းညိတ်ခဲ့မိလေတော့သည်။

ဘယ်အချိန်က ဘာတွေ ဘယ်လိုဖြစ်ခဲ့သည်ဆိုတာ သူမတို့ လုံးဝ မသိလိုက်ကြ။ ဗဟိုအမျိုးသမီးဆေးရုံက အိမ်ကို ဖုန်းဆက် လာမှ သူမတို့ ဝေသရဖီကျော် ဆေးရုံရောက်နေမှန်း သိခွင့်ရတော့ သည်။ ကိုယ်ဝန်ဖျက်ဖို့ ကြိုးစားရာက သွေးလွန်သွားသည်တဲ့။ လူမ ဆန်လိုက်တဲ့လူတွေ။ သူတို့ လုပ်ချင်တာလုပ်ပြီး ဘယ်လိုမှ မနိုင် တော့မှ ဆေးရုံကို လာပို့ကာ ထားပစ်ခဲ့ကြသည်တဲ့။ သူမတို့ ရောက်သွားချိန်မှာ ညီမလေး အသက်မရှိတော့။

သူမတို့ မိသားစုကလေး ကမ္ဘာပျက်သလို ချောက်ချားသွား ခဲ့ရသည်။ လူမှုစည်းကမ်းတွေနှင့် ပတ်သက်လို့ တစ်ခါမှ အစွန်းအ ထင်း မရှိခဲ့ဖူးတဲ့ သူမတို့ မိသားစုကလေးမှာ လူမှုအသိုင်းအဝိုင်း အလယ်မှာ ခေါင်းမဖော်နိုင်အောင် အရှက်ရတာက တစ်ဖက်၊ ညီမ

www.burmeseclassic.com

www.burmeseclassic.com


လေးကို ဆုံးရှုံးလို့ ပူဆွေးရတာက တစ်ဖက်ဖြင့် အလူးအလဲ ခံစားခဲ့ကြရသည်။ ဒီကိစ္စရဲ့ လက်သည်တရားခံကို ရှာဖွေစုံစမ်းတော့ မင်းသစ္စာရုပ်ရှင်ပိုင်ရှင် ညီညီဆိုတာကို သတင်းသဲ့သဲ့ ကြားရပေမယ့် အတိအကျ ပြောဆို စွပ်စွဲကာ သက်သေခံရဲသူတစ်ယောက်မှ ထွက်မလာခဲ့။ သူမ ငယ်စဉ်ကတည်းက ရန်ဖြစ်တာ တစ်ခါမှ မမြင်ဘူးခဲ့တဲ့ မေမေနှင့်ဖေဖေလည်း တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် အပြစ်တင်ကာ အကြီးအကျယ် စကားများ ရန်ဖြစ်ခဲ့ကြ သည်။ အဲဒီကတည်းက ဖေဖေနှင့်မေမေ တစ်ယောက်နှင့်တစ် ယောက် စကားဟဟ မပြောခဲ့ကြတာ အခုအချိန်အထိ။ ထို့နောက် တွင်တော့ ဖေဖေ့ကျန်းမာရေးက တစ်စထက်တစ်စ ထိခိုက်ပျက် စီးလာကာ အိပ်ရာထဲလဲသည်အထိ ဖြစ်သွားခဲ့သဖြင့် အိမ်တွင်းပုန်း ဖြစ်ခဲ့သူ သူမက ဖေဖေ့နေရာကို စွန့်စွန့်စားစား ဝင်ယူကာ ဒီဝေဝေ ရုပ်ရှင်ကို ဦးစီးခဲ့ရသည်။ ကံကောင်းသည်ဟု ဆိုရမလား။ သူမ လက်ထက်ကျမှ ဒီလုပ်ငန်းက ပိုအောင်မြင်နေသည်။ သူမ အဆင် ပြေနေမှန်းသိတော့ ကျန်းမာရေးသိပ်မကောင်းတော့တဲ့ ဖေဖေက လုပ်ငန်းကိစ္စအားလုံးကို သူမ လက်ထဲ ဝကွက်အပ်ကာ လုံးဝကို လှည့်မကြည့်တော့။

သူမ ရုပ်ရှင်နယ်ထဲက အတွင်းလူတွေမှတစ်ဆင့် ညီညီ့အကြောင်းကို မျက်ခြေမပြတ် စုံစမ်းထောက်လှမ်းခဲ့သည်။ ညီညီနှင့် ညီမလေးအကြောင်းကို အတိအကျ ပြောနိုင်သူ ရှိလာခဲ့ပေမယ့် တရားစွဲဖို့အထိ လုံလောက်သော သက်သေကတော့ အခုအချိန်အထိ

www.burmeseclassic.com

www.burmeseclassic.com



ရမလာခဲ့။ အဖြစ်အပျက်တွေ ဘယ်လောက်ပဲ ကြာခဲ့ကြာခဲ့ ဒီကိစ္စ အတွက် သူမ နည်းနည်းလေးတောင် သွေးအေးမသွားခဲ့။ ညီညီ့ ခြေလှမ်းမှားမည့်အချိန်တွေကို စောင့်ကြည့်နေဆဲ နေကြာဆိုတဲ့ ကျောက်ရိုင်းတုံးကလေးကို အရောင်တင်ပေးနေတာ သူမ မြင်လိုက်ရ သည်။ လူတွေရဲ့ ကရုဏာအားလုံးကို သိမ်းကျုံးဆွဲယူသွားနိုင်စွမ်း ရှိတဲ့ မျက်လုံးပိုင်ရှင် ဒီကောင်မလေးရဲ့ ထူးခြားတဲ့ အရည်အသွေး တွေကို ညီညီမြင်သလို သူမလည်း မြင်တတ်ခဲ့တာပါပဲ။ ထို့ကြောင့် အထိအနာဆုံးဖြစ်မည့် အချိန်မှာ ချက်ကောင်းကို အလဲထိုးနိုင်ဖို့ သူမ အသာစောင့်ကြည့်နေခဲ့သည်။ အခုတော့ သူမ စောင့်နေသည့် အချိန်ကို ရောက်လာခဲ့လေပြီ။

ဒီကောင်မလေးက သူမ ထင်တာထက်တောင် ပိုရိုးပိုအနေ သည်။ သူမကို နည်းနည်းလေးပင် သံသယမဝင်ဘဲ ရှိသမျှ အထုတ် တွေ အကုန်ဖြေပြတာ မြင်ရတော့ ညီညီ့ကို ကလဲ့စားချေစရာ ခ တုံးတစ်ခု သက်သက်အဖြစ် မြင်ခဲ့မိတဲ့ သူမပင် ကရုဏာသက်သွား မိသည်။ သို့ပေမယ့် မတတ်နိုင်။ ဒီကောင်မလေးရဲ့ ကံပဲ။ ဒီကိစ္စ ချောမောစွာ အောင်မြင်ပြီး ဒီကောင်မလေး နာမည်ပျက် မသွားခဲ့ရင် စာချုပ်အတိုင်း သုံးကားဆက်ရိုက်ပေးဖို့ ရည်ရွယ်ချက်ရှိပေမယ့် တ ကယ်လို့ နာမည်ပျက်သွားခဲ့လျှင်တော့ နေ့ရွှေ့၊ညရွှေ့လုပ်ကာ အ ကြောင်းအမျိုးမျိုးပြပြီး မရိုက်ဘဲထားဖို့ သူမ စိတ်ကူးပြီးသား ဖြစ် သည်။ ဒါတွေက အောင်မြင်ဖို့ မသေချာတဲ့ မင်းသား၊ မင်းသမီး အသစ်တွေနှင့် စာချုပ်ချုပ်ပြီးတိုင်း သူမတို့ လုပ်နေကျကိစ္စတွေပို့

www.burmeseclassic.com

www.burmeseclassic.com



သူမအတွက် အခက်အခဲရှိလှမည် မဟုတ်ပါ။ အသစ်ကလေးတွေက ဘယ်နှစ်ကားဆိုပြီး စာချုပ်ချုပ်ပေးလျှင် အလွန်ပျော်ကြသည်။ တကယ်တော့ ပထမတစ်ကားက အခြေအနေဆိုးခဲ့လျှင် စာချုပ်မိနေသည်မို့ တခြားလူနှင့်လည်း ရိုက်လို့မရ သူမကလည်း ဆက်ရိုက်မပေးနှင့် သူတို့ ဒုက္ခရောက်မှာကို သူတို့ ကြိုမမြင်နိုင်ကြ။

သူတို့ကို ကိုယ့်ဒုက္ခကိုယ်ရှာသည့် မီးကို တိုးသည့် ပိုးဖလံကလေးများနှင့် နှိုင်းကာ သူမ တစ်ခါမှ မသနားခဲ့ဖူး။ စီးပွားရေးလုပ်နေသူတစ်ယောက်ရဲ့ အသည်းနှလုံးတွေက မာကျောဖို့ လိုအပ်သည် မဟုတ်လား။ အခု ဒီကောင်မလေးနှင့်ကျမှ သူမ စိတ်မကောင်းသလို၊ လိပ်ပြာ မသန့်သလို ဘာကြောင့် ခံစားနေရတာပါလိမ့်။ သူမ ခေါင်းကို ခါယမ်းကာ စိတ်ကို တင်းလိုက်သည်။ သူမ ဘာမှ ဟာကွက်မရှိအောင် စီစဉ်ထားတာပဲ။ ဒီကောင်မလေးလည်း အဆင်ပြေမှာပါ။ တကယ်ဆို သူမကို ညီညီ့လို လူစားမျိုးလက်က ကယ်တင်ပေးရာတောင် ရောက်သေးတာပဲဟု တွေးလိုက်မိတော့ သူမစိတ် သက်သာရာကာ ကိုယ့်လုပ်ရပ်တွေအတွက်ကိုယ် ဂုဏ်ယူမိသလိုပင် ခံစားလိုက်ရလေသည်။

***

မင်းဆက်ညီတစ်ယောက် အခုတစ်လောမှာ ဘာလုပ်လုပ် အဆင်မပြေသလို ခံစားနေရသည်။ ဝေဝေရုပ်ရှင်ဆိုတဲ့ နာမည်ကြ

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ကို အလွန်အမင်း အနှောက်အယှက်ပေးနေလေသည်။ သူတို့နေကြာ့ကို ချည်းကပ်လာတာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လားဟု တွေးနေမိသည်။ သူ မေ့ဖို့ ကြိုးစားနေတဲ့ကြားက အဲဒီအဖြစ်အပျက်တွေက သူ့ခေါင်းထဲမှာ တဝဲလည်လည် ကျန်ရစ်နေသည်။ တကယ်ဆို ငါးနှစ်ဆိုတဲ့ကာလက အရာရာကို မေ့သွားဖို့ ကောင်းနေပြီ မဟုတ်လား။ သို့ပေမယ့် သူ့ဘဝမှာ တကယ့်အကြီးဆုံး အမှားကြီးကို ကျူးလွန်ခဲ့မိတာလေ။ သေသွားတဲ့ သရဖီ့ကိုပဲ သူ ဒေါသတွေ ထွက် နေမိသည်။ တကယ်လို့ သူမကသာ သူမ ဘယ်သူဆိုတာ သေသေ ချာချာ ပြောပြခဲ့လျှင် သူက ဒါမျိုး အဖြစ်ခံမည်တဲ့လား။ အခုတော့ သူ ဒီအသိုင်းအဝိုင်းထဲမှာ ရန်သူ မွေးမိလေပြီ။

သူ ရုပ်ရှင်ကုမ္ပဏီပိုင်ရှင်အဖြစ်ကို ရပြီးကတည်းက သူ့အနားမှာ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေခဲ့တာမို့ သူ့မှာ မိန်းကလေးတစ်ယောက်ကို အချိန်ကြာကြာမပေးနိုင်ခဲ့။ ထို့ကြောင့် သူ လိုချင်တဲ့ အကွက်ထဲ ရောက်အောင် ထောင်ချောက်ဆင် သိမ်းသွင်းလို့ အောင်မြင်အပြီးမှာ သရဖီ့ကို ခွာထုတ်ရန် စတင်ကြိုးစားရတော့သည်။ အဲဒီလိုအချိန်မှာ သရဖီက သူမမှာ ကိုယ်ဝန်ရှိနေပြီလို့ ကြေညာလာသည်။ မင်းဆက်ညီဆိုတဲ့ကောင်က ဒီလိုလက်နက်မျိုးနှင့် အချည်အနှောင်ခံသူ မဟုတ်လေတော့ သူ အရင်တုန်း ဖြေရှင်းခဲ့ဖူးသည့် နည်းလမ်းကို ပြန်လည်ကာ အသုံးချလိုက်သည်။ မင်းသမီး အလွန်အမင်းဖြစ်ချင်နေသူတစ်ယောက်ကို သူမအတွက် မင်းသမီးဖြစ်ရေး နှောင့်နှေးမှာစိုးလို့ဟူသော စကားကလေးဖြင့် ဆွဲဆောင်

www.burmeseclassic.com

www.burmeseclassic.com



ကာ စည်းရုံးရတာ သိပ်တော့မခက်လှ။ ခက်သွားတာက သူ ကြိုတင် မျှော်လင့်မထားမိတဲ့ အဆင်မပြေမှု။

ကိုယ့်ဇာတ်ကိုယ် ဘယ်လိုမှ မနိုင်တော့မှန်းသိတော့မှ သူ တို့ အားလုံးပျာသွားခဲ့သည်။ နောက်ဆုံးမှာ တပည့်တစ်ယောက် နှင့် ဆေးရုံပိုင်ရှင်ကာ သူတို့ရဲ့ ခြေစလက်စတွေ ဖျောက်ပစ်ခဲ့သည်။ သရဖီနှင့် သူ တွဲနေခဲ့တာကို သိသူတွေက သိပေမယ့် ဒီကိစ္စကို သိသူက နည်းနည်းလေးသာရှိသည်မို့ သူ ငွေများများသုံးကာ ပါးစပ် ပေါက်တွေကို အသေပိတ်ထားနိုင်ခဲ့သည်။ အားလုံးလွန်ခဲ့ပြီးမှ သ ရဖီရဲ့ မိဘအသိုင်းအဝိုင်းကို သိခွင့်ရတော့ သူ ယူကျုံးမရ ဖြစ်ခဲ့ သည်။ ဒီလိုမှန်းသိခဲ့လျှင် သူ သရဖီကို လက်ထပ်ယူခဲ့မှာ သေချာ သည်။ အောင်မြင်နေတဲ့ ဝေဝေရုပ်ရှင်တစ်ခုလုံး သူ့လက်ထဲရောက် မည့် အခွင့်အရေးက သရဖီရဲ့ လျှို့ဝှက်မှုနှင့် သူ့ရဲ့ သေသေချာချာ မစုံစမ်းခဲ့တဲ့ ပေါ့ဆမှုတွေကြောင့် ဆုံးရှုံးခဲ့ရသည်။

အဲဒီအချိန်ကစလို့ သူ ပိုမိုဆင်ခြင်ခဲ့သည်။ သူနှင့် ပတ် သက်မည့် မိန်းကလေးတွေရဲ့ နောက်ကြောင်းကို သေသေချာချာ စုံ စမ်းခဲ့သည်။ နေကြာက နောက်ကြောင်းအေးသည်။ သူမဘက်က ရပ်တည်ပေးနိုင်မည့် အသိုင်းအဝိုင်း မရှိ။ ဈေးကိုင်လွန်းတဲ့ မင်းသ မီးတွေကြောင့် အောင်မြင်တဲ့ မင်းသမီးတစ်ယောက်ကို အိတ်ထဲ အပိုင်ထည့်ထားချင်သည့် သူ့စိတ်ကူးတွေ နေကြာနှင့် တွေ့အပြီးမှာ အတော်လေး ပီပြင်ထင်ရှားလာခဲ့သည်။ သူ နေကြာ့အနေအထားကို တွက်ချက်ကာ စနစ်တကျ အောင်မြင်စွာ စည်းရုံးနိုင်ခဲ့သည်။ နေ

www.burmeseclassic.com

www.burmeseclassic.com



ကြာ အောင်မြင်ဖို့ သေချာချိန်မှာ သူ့ကို လက်ထပ်ရန် ဒီအတိုင်း ပြောလျှင် လက်မခံမည်စိုး၍ ဒေါ်အေးကို နယ်ခဏပြန်ခိုင်းကာ အရက်မူးချင်ယောင်ဆောင်ပြီး အပိုင်ကြံခဲ့သည်။ နေကြာက သူ့ကို နေ့စဉ် ရွှေဥဥပေးမည့် ငန်းမလေး မဟုတ်လား။

နေကြာ့ကို ပိုင်ဆိုင်အပြီးမှာ သူ့ရဲ့ မိန်းမအရှုပ်အရှင်းကိစ္စတွေကို တတ်နိုင်သမျှ သိုသိုဝှက်ဝှက်ထားခဲ့ပေမယ့် တစ်ရက်မှာ သူ ခြေလှမ်းမှားသွားခဲ့သည်။ ထိုနေ့က ကောင်မလေးက သူမကို မင်းသမီးသာ တင်ပေးပါ။ အားလုံး သူ့သဘောတဲ့။ လွယ်လွန်းတော့ သူ တန်ဖိုးထားလို့မရ။ ချောမောလှပပေမယ့် မင်းသမီးဖြစ်လောက် အောင် ထူးခြားတဲ့ရုပ်ရည်မရှိသောကြောင့် သူ မင်းသမီး တင်ပေးဖို့ ကို စိတ်မဝင်စားဘဲ အားလုံးသူ့သဘောဆိုတာကိုသာ စိတ်ဝင်စား သွားခဲ့ခြင်းဖြစ်သည်။

တခြားနေရာကို ခေါ်သွားလို့ရရဲ့သားနှင့် ဒီအိမ်ကို ခေါ် လာဖို့ သူ့ခေါင်းထဲ ဘယ်လို အကြံရောက်သွားမှန်းမသိ။ တကယ် တော့ ဒီအိမ်က ဒီလိုကိစ္စမျိုးတွေအတွက် အသုံးပြုရန် ဝယ်ထားခဲ့ သည့် သူပိုင်သည့်အိမ်ပဲလေ။ နေကြာ အဲဒီနေ့က ညအထိ ရှူတင်ရှိ သည်ဆိုတာကို သူ အမှတ်ရသွားမိတာလဲပါသည်။

ရှူတင်မှ စောကာ ပြန်လာသည့် နေကြာနှင့် ပက်ပင်းတိုးကာ ထိုကိစ္စအတွက် နေကြာ သူ့ကို ခပ်စိမ်းစိမ်း ဖြစ်သွားခဲ့ခြင်း အတွက် သူ ဘယ်လိုမှ မခံစားရပါ။ သူက နေကြာ့ကို အပြီးလက် လွှတ်ရမှာ တစ်ခုသာ ပူတာလေ။ ဘယ်မိန်းမကမှ သူ့ကို ယာယီ

www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုကာ ဆွဲဆောင်နိုင်စွမ်း မရှိခဲ့တာမို့ လက်ထပ်ပြီး သိပ်မကြာခင်မှာ နေကြာဆိုတာလဲ သူ့အတွက် ရိုးသွားခဲ့ပြီ။ သူ့ခြေလှမ်းတွေကို သိသွားပြီးတဲ့အတူတူ မထူးတော့ဘူးဟု ယူဆမိသဖြင့် ဟန်ဆောင် မျက်နှာဖုံးတွေကို ခွာချကာ သူ အရင်အတိုင်း ပြောင်ပြောင်တင်းတင်းပင် ပြန်လည်ရှုပ်ပွေနေခဲ့မိသည်။ နေကြာ့ကို လက်ထဲမှာပိုင်ပိုင်နိုင်နိုင် မိထားပြီးပြီလို့လဲ ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့မိပေတာကိုး။

သို့ပေမယ့် ထိုကိစ္စပြီးလို့ ဘာမှ မကြာခင်မှာ ဝေဝေရုပ်ရှင် ကဝင်ရှုပ်လာခြင်းအတွက်ကိုတော့ သူ အတော်ကြီးကို စိတ်မသက်မ သာခံစားလိုက်ရသည်။ ထို့ကြောင့် သူ့ဝှက်ဖဲတွေ အားလုံး နေကြာ့ ကိုထုတ်ပြခဲ့ရသည်။ ဘာပဲဖြစ်ဖြစ် နေကြာ သူ့လက်က ဘယ်လိုမှမလွတ်နိုင်ပါဘူး၊ သူ့မှာ နိုင်ကွက်တွေ ရှိနေတာပဲလို့ စဉ်းစားနေတဲ့ကြားထဲကပူပန်သလို ဖြစ်နေမိတာ ဘာကြောင့်ပါလိမ့်။

သူ နေကြာ့ထံကို မှန်မှန်မပြန်ဖြစ်တာ ကြာပြီ။ ဒီညတော့ အဲဒီကို ပြန်အုံးမှပါပဲ။ သို့ပေမယ့် ညနေမှာ ဦးထွဋ်က နေကြာရဲ့ဒုတိယကားကြီးပြီးတဲ့ အထိမ်းအမှတ်ပာဆိုကာ အရက်သောက်ရန်ခေါ်ထားသေးသည်။ အရက်မူးလျှင် သွေးဆိုးတတ်တဲ့ သူ့အကြောင်း သူသိလို့ အခုတလောမှာ တတ်နိုင်သမျှ ထိန်းနေပေမယ့် ဦးထွဋ်ကိုတော့ သူ ငြင်းလို့ မဖြစ်။ ဦးထွဋ်ကလည်း သူ့ကို ရွှေဥမှန်မှန်ဥပေးနေတဲ့ ငန်းကြီးပဲ မဟုတ်လား။

***

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှာ ကားရပ်သံ ကြားလိုက်ရကတည်းက နေကြာ့ရင်ခုန်သံတွေ ပြင်းထန်ကျယ်လောင်သွားသည်။ သက်သာလို သက်သာငြား ရင်ဘတ်ကို လက်ဖြင့်ဖိရင်း ကြိုတင်စီစဉ်ထားတဲ့အတိုင်း ဖြစ်ပါ့မလားဟု စိတ်ပူနေမိသည်။ ရုပ်ရှင်ရိုက်ခါနီး mood သွင်းသလို သွင်းကြည့်ဖို့ ကြိုးစားပေမယ့် ဒါက ရုပ်ရှင်ရိုက်မှာ မဟုတ်ဘူး တကယ်ဖြစ်နေတာဟု သိနေသော အသိကြောင့် စိတ်လှုပ်ရှားမှုကို ဘယ်လိုမှ မထိန်းနိုင်။

ဘီရိုအစွန်မှာ မမြင်သာအောင် တင်ထားတဲ့ ကင်မရာက ခလုတ်ကို သေချာအောင် ထပ်မံစစ်ဆေးလိုက်သည်။ ပြီးမှ စိတ်တင်းကာ အိပ်ခန်းအပြင်ကိုထွက်ခဲ့သည်။ သူမ ဆုတောင်းထားတဲ့အတိုင်း သူ မူးလာခဲ့တာပဲ။ ပျော်သွားရမယ့်အစား စိတ်တွေ ပိုမိုလေးလံသွားသည်။ သူမ သူ့ကို သူမရဲ့ အိပ်ခန်းထဲသို့ ချော့မော့ကာ ခေါ်လာခဲ့သည်။ ထို့နောက် ဝေဝေရုပ်ရှင်က ဘယ်လိုမှ စာချုပ်မဖျက်ပေးနိုင်ဘူးလို့ ပြောကြောင်း ပြောပြလိုက်တဲ့အခါ သူ့ဒေါသတွေက သူမ ထင်ထားတာထက်ပင် ပေါက်ကွဲပြင်းထန်သည်။ ခါတိုင်း သူ ဒေါသထွက်လျှင် ပါးစပ်ပိတ်ထားခဲ့သူက တစ်ခွန်းမခံ ပြန်ပြောကာ စိတ်ကို တမင်ဆွပေးနေသောအခါ သူ စိတ်ထိန်းနိုင်ဟန် မတူတော့။ ခါတိုင်းထက် ပိုမိုပြင်းထန်တဲ့ လက်သံကြောင့် သူမ နာကျင်လှပေမယ့် ဒါနောက်ဆုံးအကြိမ်ပဲဟုတွေးကာ သူမ သူ ဒေါသပိုထွက်စေမည့် စကားလုံးတွေကို မရမက ဆက်ပြောနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်အချိန်က သူမ အနားက ထွက်သွားသလဲ သူမ မသိတော့။ သူမ သူ့လက်ချက်နှင့် လုံးဝကို သတိလစ်သွားခဲ့သည်။ သူမ သတိရချိန်မှာ သူမ ခုတင်ဘေးမှာ ဒေါ်အေးနှင့် မဝေသဇင် ကျော်။

'အစ်မ ဘယ်လိုလဲ ... အဆင်ပြေရဲ့လား'

သူမ ပါးစပ်က ပထမဆုံးထွက်သည့်စကား။

'ညီမ မပူနဲ့ ... အားလုံးအဆင်ပြေတယ် ... အစ်မ စက်ကို ပြန်စစ်ကြည့်ပြီးပြီ ... အခွေလည်း ကူးခိုင်းထားလိုက်တယ် ... စိတ် အေးအေးထားပြီးနား ... ညီမ ဒဏ်ရာတွေ ဘယ်လောက် ပြင်းထန် တယ်ဆိုတဲ့အကြောင်း ဆရာဝန်ရဲ့ ထွက်ချက်လဲ ယူပြီးပြီ ... လို အပ်ရင် တရားရုံးမှာ သက်သေခံပေးဖို့လဲ ပြောပြီးပြီ ... မင်းဆက်ညီ အိမ်က ထွက်သွားပြီလို့ ဒေါ်အေး ဖုန်းဆက်ဆက်ချင်း ... အစ်မ လာခဲ့တာ ညီမ ဒီမှာ ဆက်နေရင် မလုံခြုံဘူး ... ထနိုင်တာနဲ့ အစ် မတို့ အိမ်ကို သွားမယ်'

'ညီမ ထနိုင်ပါပြီ'

သူမ ထရပ်လိုက်တော့ ခေါင်းက အတော်လေးနာကျင်ကာ မူးရိပ်ရိပ်ဖြစ်နေသေးသည်။ 'ရရဲ့လား' ဆိုတဲ့ အမေးကို ခေါင်းညိတ် ကာ ဖြေရင်း အားတင်းကာ ဆက်လျှောက်လာခဲ့သည်။ သူမ သေ ချင်သေသွားပါစေ။ သူမ မင်းဆက်ညီရဲ့ ပိုင်နက်ဒေသထဲမှာ တစ် စက္ကန့်ကလေးတောင် ထပ်မနေနိုင်တော့ဘူးလေ။

***

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝေသဇင်ကျော်ရဲ့ အစီအစဉ်တွေက အစစအရာရာ ချော မွေ့ပြေလည်လွန်းလှသည်။ ဗီဒီယိုအခွေနှင့် ကွာရှင်းစာချုပ်ကို မင်း ဆက်ညီထံ ရှေ့နေတစ်ဦးမှ တစ်ဆင့်ပို့လိုက်သည်။ ဒီအတောအ တွင်းမှာ ဆင်းကံ့ကော်ခေါ် နေကြာကို ဘယ်သူနှင့်မှ တွေ့ခွင့်မ ပေးဘဲ သူမ အိမ်ထဲမှာ ဖွက်ထားလိုက်သည်။ သူမ တွက်ထားသ လိုပါပဲ။ ဒီအခွေကို လူသိရှင်ကြား ဖွင့်ပြကာ တရားစွဲခံရမယ့် ဒဏ် ကို မင်းဆက်ညီ ခံနိုင်ရည်မရှိရှာပါ။ တစ်ပတ်အကြာမှာ မင်းဆက်ညီ လက်မှတ်ထိုးထားတဲ့ ကွာရှင်းစာချုပ်နှင့် နောက်နောင် နေကြာ့ကို လုံးဝမနှောက်ယှက်ဖို့ ကတိပြုခံဝန်ချက်တွေ သူမ လက်ထဲရောက် လာခဲ့သည်။

နေကြာကတော့ သူမကို အလွန်အမင်း ကျေးဇူးတင်နေရှာ သည်။ 'အစ်မရဲ့ ကျေးဇူးတွေကို နေကြာ တစ်သက်လုံးဆပ်လို့ တောင် ကုန်မယ် မထင်ဘူး'ဆိုတဲ့စကားကို တုံ့ပြန်တဲ့ သူမ အိုက် တင်က အော်စကာတို့ ရွှေကမ္ဘာလုံးဆုတို့ပင် ချိန်လို့ရလောက်သည် လေ။

'မလိုပါဘူး ... ညီမလေး စိတ်ချမ်းသာရင်ပဲ အစ်မက ဝမ်း သာလှပါပြီ' တဲ့။ ဟားဟား ... ရယ်ရတယ်နော်။

သူမ ဒီလောက်နှင့် မကျေနပ်နိုင်သေး။ ဒါက ပထမဆုံး ပဏာမ ထိုးနှက်ချက်ကလေးသာ ရှိသေးသည်။ သူမ အလုပ်စားပွဲခုံ ရှိ သော့ခတ်ထားတဲ့ အံဆွဲကို ဖွင့်ကာ ဓာတ်ပုံစာအုပ်တစ်အုပ်ကို ထုတ်လိုက်သည်။ သူမ မင်းဆက်ညီကို စောင့်ကြည့်ရန် ပိုက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



ပေးကာ ခိုင်းထားသည့် ဓာတ်ပုံဆရာလေး မနေ့က ကူးပြီး လာပို့ထားတဲ့ ပုံတွေလေ။

ပုံတွေထဲမှာ ပါသူတွေက မင်းဆက်ညီနှင့် ဆယ်ကျော်သက်အရွယ် ကောင်မလေးတစ်ယောက်။ တစ်ပုံက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ပြုံးနေသည့်ပုံ။ နေရာက ဗိုလ်ချုပ်ဈေး အဝင်ဝ။ နောက်တစ်ပုံက လှေကားက အဆင်းမှာ ရိုက်ထားတာ။ မင်းဆက်ညီရဲ့ ရင်ခွင်ထဲ ရောက်နေတဲ့ ကောင်မလေး။ လှေကားက ချော်ကျလို့ လှမ်းဖမ်းလိုက်စဉ်မှာ ရလိုက်တာတဲ့။ တော်လိုက်တဲ့ ဓာတ်ပုံဆရာလေး။ ထိုပုံအတွက် သူမ သူ့ကို သီးခြားဆုချလိုက်သည်။ နောက်ထပ်ပုံတွေကလည်း ဒီလို အထင်လွဲစရာ အနေအထားတွေချည်း။

သူမ ပုံတွေအားလုံးကို သေသေချာချာကြည့်ပြီး ကြည်ကြည်နူးနူး ပြုံးကာ အံဆွဲထဲပြန်ထည့်ပြီး သော့ခတ်လိုက်သည်။ ဒီပုံတွေ အားလုံးက သူမ နေကြာ့ကိစ္စအရှိန်သေအောင် ခဏလေး အချိန်စောင့်ပြီးတဲ့အခါ ဒါရိုက်တာဦးထွဋ်လက်သို့ သေသေချာချာရောက်အောင်ပို့ရမယ့် ပုံတွေချည်းပဲလေ။ ဒီဓာတ်ပုံထဲမှာပါတဲ့ ဆယ်ကျော်သက်အရွယ်ကောင်မလေးက တခြားသူ ဟုတ်ရိုးလား။ ဦးထွဋ် ဘယ်လိုမှ အထိမခံနိုင်အောင် ချစ်လွန်းတဲ့ သူ့ရဲ့ သမီး အထွေးဆုံးကလေးပဲပေါ့။

www.burmeseclassic.com

နေကြာ စိတ်ပူနေမိပေမယ့် တစ်နှစ်ကျော်ကြာလာတဲ့အထိ ကိုမင်းဆက်ညီဘက်က ဘာတစ်ခုမှ အသံမထွက်လာ။ ရုပ်ရှင်လောကမှာ မင်းသစ္စာဆိုတဲ့နာမည် ဘာကြောင့်မှန်းမသိ မှိန်ဖျော့လာ သည်။ ဦးထွဋ်နှင့်လဲ အလုပ်တွဲမလုပ်တော့ဟု ကြားသည်။ သူ့စေတ နာ သူအကျိုးပေးတာပဲဖြစ်မှာပါဟုသာ တွေးကာ ထိုကိစ္စကို မေ့ထား လိုက်မိသည်။ သူမမှာ ဒီ့ထက်လဲ ပိုတွေးချိန်မရှိ။ သူမရဲ့ အရှိန်အ ဟုန် ပြင်းထန်လှတဲ့ အောင်မြင်မှုတွေရဲ့ အလျဉ်အတိုင်း ကြိုးစားကာ လိုက်လံစီးမျောရင်း သူမမှာ အားလပ်ချိန်ရယ်လို့ မရှိသလောက် ဖြစ်နေခဲ့တာ အတော်ကြာခဲ့ပြီမဟုတ်လား။

သူမ အခုတလော အိမ်ကို အလွန်အမင်း သတိရနေမိသည်။ သူမ ယခုရိုက်နေသည့်ကားက ရန်ကုန်က အခန်းတွေပြီးလျှင် မော် လမြိုင်ဘက်ကို ထွက်ရိုက်ရမည်ဟု သိရသည်။ ထိုအခါကျရင် သူမ တစ်ရက်ခွင့်တောင်းကာ ဘီလူးကျွန်းကို ဆင်းမည်ဟု စိတ်ကူးထား

www.burmeseclassic.com

www.burmeseclassic.com


ခဲ့သည်။

တကယ်တမ်း မော်လမြိုင်ရောက်တော့ ရက်အားက လုံးဝ မရှိ။ ဘီလူးကျွန်းကို သွားဖို့ မဖြစ်နိုင်တော့ဟု တွေးကာ သူမ စိတ်ပျက်နေဆဲ တစ်ရက်မှာ မင်းသားက အတော်လေး နေမကောင်း ဖြစ်နေသဖြင့် ကားရိုက်ဖျက်လိုက်ရသည်။ သူမ ဝမ်းသာအားရဖြင့် ဒါရိုက်တာကို ခွင့်တောင်းပြီး ဒေါ်အေးနှင့် သင်္ဘောဆိပ်ကို ဆင်းလာခဲ့သည်။ သူမ မုတ္တဆိပ်ကမ်းမှာ ဖြစ်ခဲ့သလို လူတွေ ဝိုင်းအုံလာမှာ ကို စိတ်ပူနေမိပေမယ့် နေကာမျက်မှန်တပ်ကာ ချည်ထည်အင်္ကျီခပ် ပွပွနှင့် မိတ်ကပ်တွေ၊နှုတ်ခမ်းနီတွေရော အဆောင်အယောင်တွေပါ ဘာတစ်ခုမှ မပါသည့် သူမကို လူတွေက မမှတ်မိကြပါ။

ဘီလူးကျွန်းသင်္ဘောပေါ်ရောက်အပြီးမှာ သူမ စိတ်တွေ အေးချမ်းသွားပြီး သူမချစ်တဲ့ ဒေသကလေးကို ပြန်ရောက်တော့ မည်ဆိုသည့် အတွေးဖြင့် ရင်ခုန်နေမိသည်။ သူမ အခု ဒီလောက် အောင်မြင်နေပြီဆိုတော့ သူမအတွက် ရွာကလူတွေ ဘယ်လောက်များ ဂုဏ်ယူနေကြမလဲ။ အတွေးဖြင့်ပင် စိတ်ထဲမှာ ကျေနပ်သွားမိသည်။ ငါက ဆင်းကံ့ကော်အမေဆိုပြီး ခေါင်းမော့နေမည့် အမေ့ မျက်နှာကို ကြိုတွေးကာ သူမ ရယ်ချင်သွားမိသည်။

ထိုစဉ်မှာပင် သူမ အနောက်မှ သူမ နာမည်ကို ပြောနေသံ ကြားလိုက်ရသဖြင့် အသာကလေး လှည့်ကြည့်လိုက်မိသည်။ အမေ တို့အရွယ်လောက်ရှိမည့် အမျိုးသမီးကြီးနှစ်ယောက်ပါလား။

'မင်းသမီးဆင်းကံ့ကော် မော်လမြိုင်မှာ ကားလာရိုက်နေ

www.burmeseclassic.com

www.burmeseclassic.com



တာ နင်သိလား ... ဟိုနေ့က အငယ်ကောင် မုတ္တမသွားတုန်းက တွေ့ခဲ့တယ်ပြောတယ် ... သူက ဆင်းကံ့ကော်ဆို ... ကြိုက်မှကြိုက် လေ'

'အလကားပါအေ ... ဆင်းကံ့ကော်ဆိုတာ ဘုရားကြီးကုန်းက ဒေါ်ခင်လှသမီး နေကြာဆိုတာပေါ့ ... လင်နောက်လိုက်ပြေးရင်း ရန်ကုန်ကို ရောက်သွားတာ ... ပြီးတော့ ဘဝပျက်သွားသေးတယ် ... နောက်မှ ဒါရိုက်တာတစ်ယောက်နဲ့ တိတ်တိတ်ပုန်းညားပြီး မင်းသမီး ဖြစ်သွားတာ ... သူက သူ့ကိုယ်သူ ဘီလူးကျွန်းကလို့ တစ်ခွန်းမှ မပြောဘူး ... ပြောလိုက်ရင် သနသွားမှာကျလို့ ... ဟွန်း ... ငါတော့ သူ့ကားတွေ ကြည့်ကို မကြည့်ဘူး'

သူမ ဆတ်ခနဲဖြစ်ကာ ရင်တွေ တဒိတ်ဒိတ်ခုန်သွားသည်။ သူမ နာမည်က အဲဒီလောက်တောင် ပျက်နေပြီလား။ ဒီမဟုတ်တဲ့ သတင်းတွေ ဘယ်ကနေ ဘယ်လို ထွက်သွားတယ်ဆိုတာ သူမ မစဉ်းစားတတ်။ အဲဒါတွေ တစ်ခုမှ မဟုတ်ဘူးဆိုတာ ရှင်းချင်တဲ့ စိတ်ကို ထိန်းချုပ်ရင်း သင်္ဘောရဲ့ အခြားတစ်ဖက်ကို အသာရွှေ့ခဲ့မိသည်။ စောစောက ခံစားခဲ့ရတဲ့ ကြည်နူးမှုတွေကို ဘယ်နေရာမှာမှ ရှာလို့မရတော့။

သင်္ဘောဆိုက်တော့ လူရှင်းအောင်စောင့်ကာ လူကုန်လောက်မှ ဆင်းလာခဲ့သည်။ သူမကို နွေးထွေးစွာ ကြိုဆိုမည်လို့ ထင်ထားတဲ့ သူမရဲ့ ဇာတိမြေက သူမကို အေးစက်စိမ်းကားနေသလို စိတ်ထဲက ခံစားလိုက်ရသည်။ ဝေဝေထွန်းဆီ အပြန်မှ ဝင်မည်ဟု

www.burmeseclassic.com

www.burmeseclassic.com



တွေးကာ အိမ်ကို အရင်သွားရန် မြင်းလှည်းငှားလိုက်သည်။ မစီးရတာကြာပြီဖြစ်သည့် မြင်းလှည်းစီးရသည့် အရသာက သူမအတွက် တစ်မျိုးတစ်မည်ထူးခြားသလိုခံစားနေရသည်။ ငယ်ငယ်တုန်းက မြင်းလှည်းစီးကြတိုင်း မြည်းလှည်းအနောက်မှာ ခြေတွဲလွဲချထိုင်ချင်လို့ သူမတို့ မောင်နှမတွေ နေရာလုခဲ့ရတာတွေကို အမှတ်ရလာမိသည်။ အခုတော့ မြည်းလှည်းတစ်စီးလုံးမှာ သူမနှင့် ဒေါ်အေး နှစ်ယောက်တည်းသာမို့ နေရာလုစရာ မလိုပါ။ သူမ အနောက်ဘက်မှာ ခြေတွဲလွဲချထိုင်ရင်း တဖြည်းဖြည်း ကျန်ရစ်ခဲ့တဲ့ မြင်ကွင်းတွေကို ငေးကြည့်ကာ ဒီဒေသမှာ ဘာတွေများ ပြောင်းလဲသွားသလဲဟု ဆန်းစစ်နေမိသည်။ လမ်းဆုံမှာ အသစ်ဆောက်ထားတဲ့ ဆိုင်ခန်းကလေးတွေကို တွေ့ရသည်။ လမ်းမက ကတ္တရာပြန်ခင်းထားပုံရသည်။ ညီညာသွားသည့်အပြင် အရင်လို ဖုန်တထောင်းထောင်းမထတော့။ ခြံဝင်းတွေ နောက်ဆုတ်ထားသဖြင့် လမ်းမပိုကျယ်သွားတာကို သတိပြုမိသည်။

သူမတို့ အိမ်ရှေ့ကို ရောက်ကာ မြင်းလှည်းရပ်လိုက်တော့ သူမ ရင်တွေ တဒိတ်ဒိတ် ခုန်နေတာ သတိပြုလိုက်မိသည်။ သူမရဲ့ မောင်နှမတွေ သူမကို အခုအခြေအနေနှင့် တွေ့လျှင် ဘယ်လိုများ နေကြမှာပါလိမ့်။ ‘အမေရေ သမီးပြန်လာပြီ’ လို့ အော်လိုက်ရင် ကောင်းမလား။ မဖြစ်သေးပါဘူး။ အမေ အံ့သြဝမ်းသာသွားအောင် အနားရောက်မှပဲ ပြောတော့မည်။ သူမ အိမ်ရှေ့မှာ လူရိပ်လူယောင် မတွေ့သဖြင့် ခြံတံခါးကို ဖွင့်ကာ အတွင်းသို့ ဝင်ခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ညည့်ခန်းထဲမှာ ရှိနေသူ အမျိုးသားတစ်ဦးက ထိုင်ရာမှ ထလာကာ သူမကို

'ဘာကိစ္စရှိလို့လဲ မသိဘူး'ဟု လှမ်းမေးသည်။ ထိုသူကို မြင်ဖူးသလိုလို ထင်မိသော်လဲ ဘယ်သူဆိုတာ သူမ ရုတ်တရက် စဉ်းစားလို့မရ။ အမေတို့ အိမ်ကိုများ ရောင်းလိုက်ကြပြီလား။

'ဟို ... ဒေါ်ခင်လှတို့ မရှိကြဘူးလားဟင်'

'ဩော် ... အပြင်သွားတယ်ခင်ဗျ ... ကျွန်တော်က ဒေါ်ခင်လှ ယောက်ျားပါပဲ ... ကိစ္စအရေးကြီးလား မသိဘူး ... ကျွန်တော် လိုက်ခေါ်လိုက်မယ်လေ'

သူမ အနားမှ ကပ်ကာ မိုးကြိုးပစ်ချလိုက်သလို ခံစားလိုက်ရသည်။ ဒါ ... ဒါ ... အမေ့ယောက်ျားဆိုပါ့လား။

'နေ ... နေပါ့စေ ... အရေးမကြီးပါဘူး ... လမ်းကြုံလို့ ဝင်လာတာ ... နောက် ... နောက်မှ လာတော့မယ် ... သွား ... သွားမယ်နော်'

သူမ အယောင်ယောင်အမှားမှားနှင့် ပြောမိပြောရာတွေ ကမန်းကတမ်းပြောကာ ထိုနေရာမှ အမြန်ဆုံးလှည့်ထွက်လာခဲ့သည်။ ဒေါ်အေးလက်ကို အတင်းဆွဲကာ လမ်းဆုံအထိ ဒုန်းစိုင်းလျှောက်ပြီး ပထမဆုံးတွေ့တဲ့ မြင်းလှည်းပေါ်တက်ကာ 'နတ်မော်ကို သွားမယ်' ဟု ပြောလိုက်မိသည်။ သူမကို နားမလည်သလို လှမ်းကြည့်နေတဲ့ ဒေါ်အေးကို မသိချင်ယောင်ဆောင်ကာ တစ်ဖက်သို့ လှည့်ငေးနေလိုက်သည်။ အမေရယ် ... သေသွားတဲ့ အဖေ့မျက်နှာကိုမှ မ

www.burmeseclassic.com



ထောက်။ လုပ်ရက်လိုက်တာ။ အမေ နောက်အိမ်ထောင်ပြုလိုက်လိမ့်မည်လို့ သူမ နည်းနည်းလေးမှ တွက်မထားမိခဲ့။ သူမ စဉ်းစားရင်းမှ သူမ တွေ့ခဲ့တဲ့လူ ဘယ်သူလဲဆိုတာကို သူမ မှတ်မိသွားသည်။ သူမနှင့် လက်ထပ်ပေးမယ်ဆိုတဲ့ ကိုနိုင်ဦးဆိုတဲ့လူပါပဲလား။ သမီးကို မရတာနဲ့ အမေကို ယူရရောလား လူယုတ်မာကြီးရဲ့ဟု သူမ စိတ်ထဲက ကျိန်ဆဲနေမိသည်။ အမေ့ကို သူမ စိတ်နာသည်။ လုံးဝကို မတွေ့ချင်တော့။ သူမ အိမ်ကို ပြန်လာမိတာ မှားသည်။ နောက်ကို ဘယ်တော့မှ ပြန်မလာတော့ဟု ပြတ်သားစွာ ဆုံးဖြတ်လိုက်မိသည်။

နတ်မော်ကို ရောက်တော့ ဝေဝေထွန်းတို့ အိမ်ရှေ့မှာ သူမ ဆင်းလိုက်သည်။ ဝေဝေထွန်းကို အိမ်ထဲမှာ အဆင်သင့် တွေ့လိုက်ရသဖြင့်

'ဝေဝေ ... ဟေ့ကောင် ... ငါ့ကို မှတ်မိလား'ဟု ဝမ်းသာအားရ မေးလိုက်မိသည်။ ဝေဝေထွန်းက ခဏတွေနေပြီးမှ

'ဟယ် ... နေကြာ' ဟု ဆိုကာ သူမ လက်ကို လှမ်းဆွဲလေသည်။ ဘာပဲဖြစ်ဖြစ် ဒီအရပ်ဒေသမှာ သူမကို လိုလားသူ တစ်ယောက်တော့ ရှိတုန်းပဲဟု သူမ တွေးလိုက်မိသည်။

'မိန်းမ ... ပိုချောလာတယ် ... ငါ နင့်ကားတွေ ကြည့်ရတယ် သိလား ... နင်က ဘာလို့ နာမည်ပြောင်းလိုက်ရတာလဲဟယ် ... နင့်နာမည်က လှသားနဲ့ဟာကို ... နင့်လက်တွေ နုဖတ်နေတာပဲ ... အရင်လို အသားမာတွေ မရှိတော့ဘူး ... နင်က မင်းသမီး ဖြစ်နေပြီဆိုတော့ ဖိမ်ကျနေတယ်ပေါ့လေ ... ငါတို့ကို မေ့နေတယ် မ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား … တကယ်တည်း နေနိုင်လိုက်တာ … လုံးဝ စာလည်း မရေး … ပြန်လာဖော်လဲ တစ်စက်မှ မရ’

သူ့ဖာသာသူ တရစပ် မေးလိုက် ပြောလိုက်နှင့်မို့ သူမ ဖြေ ချိန်ပင်မရ။

‘မဟုတ်ပါဘူးဟာ … ငါ လုံးဝကို မအားလို့ပါ’

‘အံမာ … နင်က ဘာလို့ မအားရမှာတုန်း … နင့်သတင်းတွေ ငါကြားတယ်နော် … နင်က ရှုပ်ဖို့တော့ အချိန်ရသား … နင် အခု မင်းသားမြတ်တိုးနဲ့ဆို’

ဝေဝေထွန်းစကားကြောင့် သူမ ရင်ထဲ ကျင်ခနဲ ဖြစ်သွားသည်။ ဝေဝေထွန်းလည်း တခြားသူတွေလိုပဲ သူမကို နားမလည်နိုင်ပါလား။

‘နင် အဲဒီကောလာဟလတွေကို ယုံသလား’ ဟုသာ ပြန်မေးလိုက်မိသည်။

‘မသိဘူးလေဟာ … လူတိုင်းက ပြောနေကြတာကိုး … ဒါနဲ့ ပြောရအုံးမယ် … နင် မခင်မေကြည်နဲ့ ထွက်သွားတဲ့နေ့က နင့်ကို မုတ္တာဘူတာမှာ မင်းမင်းနဲ့တွေ့လိုက်ကြတယ်လို့ ပြောတဲ့လူတွေက ပြောတယ်ဟ … နင် ပျောက်သွားတော့ နင့်ကို မင်းမင်းနဲ့ လိုက်ပြေးတယ်လို့ ပြောကြတာ … ငါလည်း ဘာမှ ဝင်မပြောရဲတာနဲ့ မသိချင်ယောင်ဆောင်ပြီး ငြိမ်နေရတယ် … နင့်အမေနဲ့ မင်းမင်း အမေဒေါ်စိုးနဲ့ စကားများလိုက်ကြတာ အကြီးအကျယ်ပဲ … နင် မင်းမင်းနဲ့ တွေ့သေးလား … ဒီကောင်လည်း ဒီကို တစ်ခေါက်မှ

www.burmeseclassic.com

www.burmeseclassic.com


ပြန်မလာဘူး'

သူမ မေ့ဖျောက်ထားခဲ့တဲ့ အဖြစ်အပျက်တွေကို ပြန်သတိရလာသည်။

'သူ ဖားကန့်သွားမယ်လို့ ငါ့ကို ပြောသွားတာပဲ'

'အေး … အဲဒီမှာ ငှက်ဖျားတအားပေါတယ်လို့ ပြောကြတယ်နော် … ဒါနဲ့ နင် ဒီမှာ ဘယ်နှစ်ရက်နေမှာလဲ … နင့်အမေနဲ့ရော တွေ့ပြီးပြီလား'

'ငါ အခုပြန်မှာ'

'ဟယ် … ခဏလေးပဲ … ရောက်မှတော့ နေလိုက်တာမဟုတ်ဘူး … ဟယ် … အတော်ပဲ လာလာ မိစုတို့ … ဒီမှာ နင်တို့ ကြိုက်တဲ့ ဆင်းကံ့ကော်လေ … ငါ့သူငယ်ချင်းပဲ… ငါမိတ်ဆက် ပေးမယ်'

ဝေဝေထွန်းက သူမ မတားနိုင်မီ လမ်းက ဖြတ်သွားတဲ့ ကောင်မလေးတွေကို လှမ်းခေါ်လိုက်သည်။ ထို့နောက်တွင်တော့ တစ်ဆင့်စကားဖြင့် သူမ အနားမှာ လူတွေအုံသွားလေတော့သည်။ သူမ စိတ်အိုက်အိုက်ဖြင့် မိတ်ဆက်သူတွေကို အလိုက်အထိုက် စကားပြန်ပြောကာ အော်တိုလက်မှတ်တွေ ထိုးပေးနေရသည်။ ထိုစဉ်မှာ သင်္ဘောဥသြဆွဲသံ ကြားလိုက်သဖြင့် အားလုံးကို ကမန်းကတမ်း နှုတ်ဆက်ကာ သင်္ဘောဆိပ်ကို ပြေးဆင်းခဲ့ရလေသည်။

တကယ်တော့ သူမ ဒီမှာ တစ်ညအိပ်ကာ မနက်မှ ပြန်လာမယ်လို့ ရုပ်ရှင်အဖွဲ့ကို ပြောထားခဲ့တာ။ အခုတော့ သူမ ဒီမှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ညမပြောနှင့် တစ်စက္ကန့်တောင် ဆက်မနေချင်စိတ် မရှိတော့ဘူးလေ။

***

သူမ အောင်မြင်မှုဒဏ်တွေနှင့် တစ်စထက်တစ်စ နေသားတကျ ဖြစ်လာသည်။ သူမ ဘယ်သွားသွား လူတွေ ဝိုင်းကြည့်ခံရတာကို အရင်လို စိတ်ကသိကအောက် မဖြစ်တော့ဘဲ ဖြစ်ရိုးဖြစ်စဉ်တစ်ခုဟု သဘောထားနိုင်လာခဲ့သည်။ စာနယ်ဇင်းတွေက သူမ အကြောင်း ဘာရေးရေး အရင်လို စိတ်လှုပ်ရှားမှုတွေ ပြင်းပြင်းထန်ထန်ဖြစ်ကာ ဒေါသတွေ မထွက်တော့။ ကိုယ့်ကို ကြော်ငြာပေးနေတာပဲဟု သာမန်ကာလျှံကာ သဘောထားတတ်လာသည်။ 'သစ်ပင်မြင့်လေ လေတိုက်ခံရလေ'ဆိုတဲ့ စကားကို လက်ကိုင်ထားရင်း ထင်ပေါ်ကျော်ကြားမှုရဲ့ဒဏ်ကို သက်တောင့်သက်သာ ခံနိုင်လာသည်။ ဘယ်သွားသွားလူတွေက သူမကို အသိအမှတ်ပြုကြတာ ချစ်ကြတာကိုက အလွန်အမင်း သာယာကျေနပ်စရာလေ။ ပရိတ်သတ်ရဲ့ လက်ခုပ်သံတွေက သူမအတွက် အားဆေးတွေပဲ။ သူမမှာ လွတ်လပ်တဲ့ သီးသန့်ကိုယ်ပိုင်ဘဝဆိုတာ ရှိသင့်တယ်လို့ တစ်ခါတစ်ရံ မကျေနပ်စွာ တွေးမိတတ်ပေမယ့် လက်ရှိဘဝကို သူမ အလွန်အမင်း တက်မက်တွယ်တာနေမိတာကတော့ အမှန်ပင်။

အခုတလောမှာ သူမ အပြောခံ အရေးခံရဆုံးက သူမရဲ့

www.burmeseclassic.com

ဝတ်စားဆင်ယင်မှုဖြစ်သည်။ ဆင်းကံ့ကော်စတိုင်ဖြစ်ကုန်တဲ့ ကောင်မလေးတွေအတွက် သူမမှာ တာဝန်ရှိသလား။ သူမ မအောင်မြင်ခဲ့ရင် သူမ ဘာတွေ လုပ်ပြလုပ်ပြ ဘယ်သူတွေက လိုက်လုပ်ကြမှာမို့လဲဟု ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ကာ တွေးလိုက်မိသည်။ သူမ နှင့် ထိစပ်နေရတဲ့ အထက်တန်းလွှာ အသိုင်းအဝိုင်းက ကောင်မလေးတွေကို မြင်စမ်းစေချင်သည်။ သူတို့ထက် မနိမ့်ကျအောင်၊ သူ တို့ထက် လျော့မသွားအောင် ကြိုးစားဝတ်နေရတယ်ဆိုတာ သိမှ သိကြရဲ့လား။

ပြီးတော့ သူမအလှကို ကြည့်ချင်ကြတဲ့ ပရိတ်သတ် အတွက် လှသထက်လှအောင် လုပ်ပြနေမိတာ သူမ လွန်သလား။ ဆင်းရဲတဲ့ မိန်းကလေးတစ်ယောက်အဖြစ် သရုပ်ဆောင်တဲ့အခန်းမှာ လက်သည်းရှည်နေတာလေးကို များ ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောနေကြသေးသည်။ သရုပ်ဆောင်တာ သဘာဝကျနေရင် ပြီးရော မဟုတ်လား။ အရေးကြီးတာ သူမ လှသထက်လှနေဖို့ပဲ။ ဒါမှ ပရိတ်သတ်ကြီးက သူမကို ချစ်သထက်ချစ်နေမှာ မဟုတ်လားဟု သူမ တွေးလိုက်မိသည်။

***

အစပိုင်းမှာ ဧည့်ခံပွဲတွေကို အလုပ်သဘောအရ စိတ်မပါစွာ သွားနေရာမှ တစ်စထက်တစ်စ နေသားကျလာသည်။ တစ်ခါတစ်ရံ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကသိကအောက် ဖြစ်စရာကလေးတွေ တွေ့ရပေမယ့် များသော အားဖြင့် ပျော်စရာကောင်းသည်ဟု ထင်ကာ နှစ်ခြိုက်တတ်လာသည်။ အထက်တန်းလွှာ အသိုင်းအဝိုင်းထဲမှာ ဝင်ဆံ့ကာ သူမကို အရေးတယူရှိလာကြတာကိုပဲ ဂုဏ်ယူစရာဟု ထင်လာမိသည်။

ပြီးခဲ့တဲ့ ရုပ်ရှင်ထုတ်လုပ်သူတစ်ယောက်ရဲ့သမီး မွေးနေ့ ပွဲတုန်းက သူမနှင့် တစ်ဝိုင်းတည်းထိုင်ရတာက ထုတ်လုပ်သူရဲ့က တော်ဘက်က ဆွေမျိုးအသိုင်းအဝိုင်းတွေဖြစ်သည်။ မိတ်ဆက်ပေး သူရဲ့ စကားအရ ဆရာဝန်မလည်းပါသည်၊ တက္ကသိုလ်က ဆရာမ လည်းပါသည်ဟု သိလိုက်ရသည်။ အားလုံးက ပညာတတ်ဘွဲ့ရတွေ ချည်းမို့ သူတို့စကားဝိုင်းထဲကို သူမ ဝင်ပါဖို့ ခဲယဉ်းနေသည်။ သူမ နှုတ်ဆိတ်နေမိစဉ်မှာ သူတို့စကားဦးတည်ချက်က အလှအပ အသုံး အဆောင်ပစ္စည်းများဘက်ကို လှည့်သွားသည်။ သူတို့ထဲက တစ် ယောက်က သူ့နှုတ်ခမ်းက နှုတ်ခမ်းနီတိုင်းနှင့် မတည့်တဲ့အကြောင်း ပြောရင်းက သူမဘက်ကို လှည့်ပြီး

'ယူကရော ဘာနှုတ်ခမ်းနီတွေ သုံးလဲဟင်'ဟု လှည့်မေး လေသည်။ သူမ သုံးနေကျ နှုတ်ခမ်းနီဘူးခွံမှာ ရေးထားသည့် စာလုံး ကို စိတ်ထဲက ပြန်ပေါင်းဖတ်ရင်း သူမ ဝမ်းသာအားရ ဖြေလိုက် သည်။

'အီစတီလောင်ဒါသုံးတယ်'

'ဘာရယ်'

'အီစတီလောင်ဒါလေ ... ဘူးခွံမှာ အတွန့်အတွန့်ကလေး

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့လေ'

'သြော် ... အက်စတီလွန်းဒါးကို ပြောတာလား ... အင်း ... ဟုတ်တယ် ... အဲဒါအကောင်းစားပဲ ... အိုင်နှုတ်ခမ်းကလည်း အဲဒါမျိုးတွေနဲ့မှရတာ ... ဒါနဲ့ ခရင်မ်တွေ ဘာတွေရော သုံးလား ... မိတ်ကပ်တွေ အရမ်းလူးထားပြီးရင် အသားအရေထိတယ်နော် ... ညဘက်ဆို မိတ်ကပ်ဖျက်ပြီး ခရင်မ်လူးအိပ်မှ သိလား'

'ဟုတ်တယ် ... ကံ့ကော်က လင်ကွန်းခရင်မ်သုံးတယ်'

'ဘာရယ် ... ဘာခရင်မ်'

'လင်ကွန်းလေ'

'သြော် ... လန်ကမ်း .. လန်ကမ်း ... အကောင်းစားတွေပဲ'

သူမ ဣန္ဒြေမပျက်အောင် ကြိုးစားထိန်းနေပေမယ့် မျက်နှာတွေ ပူနွေးကာ ထိုနေရာမှ ထွက်ပြေးချင်စိတ်ပေါက်နေမိသည်။ သူမ စိတ်ထင်လို့လားတော့မသိ။ သူတို့ တစ်ယောက်နှင့် တစ်ယောက် မျက်စပစ်ကာ သူမကို လှောင်ရယ်နေကြသည်ဟု ခံစားရကာ မခံချင်စိတ်ဖြင့် သူမ တစ်ကိုယ်လုံးပူထူနေမိသည်။

နောက်တစ်နေ့မှာပဲ သူမကို ညနေအားလပ်ချိန်တိုင်းမှာ အင်္ဂလိပ်စာသင်ပေးဖို့အတွက်  နာမည်ကြီးအင်္ဂလိပ်စာဆရာတစ်ယောက်ကို အလျင်အမြန် ငှားရမ်းလိုက်မိလေတော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com



ကမ်းပနီ၊ ရက်စ်တရန့်၊ ဆန်းဆာ၊ လပ်ဗ်ဆီးန်းစသဖြင့် အဆင်ပြေပြေ ပြောတတ်လာတော့ သူမရဲ့ လူမှုဆက်ဆံရေးနယ်ပယ်မှာ စိတ်ပိုလုံခြုံသလို ခံစားရကာ ပိုမိုအဆင်ပြေချောမွေ့သလိုဖြစ်လာသည်။ သူမ ဝမ်းသာနေမိဆဲမှာ ဧည့်ခံပွဲတစ်ခုမှာ စာပေနယ်မှ လူများနှင့် တစ်ဝိုင်းတည်း နေရာချပေးခြင်း ခံခဲ့ရပြန်သည်။

'ကျွန်တော်ဖြင့်ဗျာ မောင်စိန်ဝင်း(ပုတီးကုန်း)ရဲ့ အဖွဲ့အနွဲ့ ကလေးတွေကို သိပ်ကြိုက်တာပဲ'ဟု တစ်ယောက်က အပြောမှာ သူမက

'မောင်စိန်ဝင်း(ပုတီးကုန်း)ဆိုတာ ဘယ်သူလဲဟင်'ဟု မေးလိုက်မိတော့ တစ်ဝိုင်းလုံးမှ လူများက သူမကို အလွန်အမင်း အထင်သေးသည့် မျက်လုံးများဖြင့် ဝိုင်းကြည့်ကြလေသည်။ တစ်ယောက်က သူမကို သနားသလိုကြည့်ကာ

'စာရေးဆရာလေ ... ကဗျာတွေလဲရေးတယ် ... ဒီလောက်နာမည်ကြီးတာ မသိဘူးလား ... မင်းသမီးက စာမဖတ်ဖူး ထင်တယ်'ဟု ပြောလေသည်။ သူမ ရှက်သည့်စိတ်ကို ထိန်းချုပ်ရင်း

'ဟုတ် ... ဟုတ်ကဲ့ ... အလုပ်တွေက များတော့ စာဖတ်ဖို့ အချိန်မရှိဘူးလေ'ဟု အသံတုန်တုန်ဖြင့် ပြန်ဖြေလိုက်မိသည်။ သူတို့အထဲက အသက်ခပ်ကြီးကြီး စာရေးဆရာတစ်ယောက်က သူမကို မင်းသမီးတစ်ယောက်ဟာ ဘာကြောင့် စာဖတ်သင့်သည်ဆိုသည့် ခေါင်းစဉ်ဖြင့် တစ်နာရီခန့် လက်ချာရိုက်သည်ကို အောင့်သက်သက်ဖြင့် နားထောင်နေရသည်။ ဒါတောင် သူမ နှုတ်ဆက်ပြီး ထပြန်

www.burmeseclassic.com

www.burmeseclassic.com



လို့သာ စကားပြတ်သွားခြင်းဖြစ်သည်။ မဟုတ်လျှင် မိုးလင်းလေ မလား မသိ။ သူမ ထိုနေ့မှ စ၍ ထွက်သမျှ မဂ္ဂဇင်းတွေ၊ ဝတ္ထုတွေကို ဝယ်ခိုင်းကာ ဖတ်ရန် စတင်ကြိုးစားမိသည်။ သို့ပေမယ့် ကိုယ်ပိုင် အချိန်နည်းလွန်းတဲ့ သူမအတွက် ထွက်သည့် မဂ္ဂဇင်းတွေ၊ ဝတ္ထု တွေက ဖတ်လို့ မနိုင်အောင် များလွန်းလှသည်။ စိတ်ဝင်စားတာ တွေကိုရော စိတ်မဝင်စားတာတွေကိုပါ အတင်းဖတ်နေသဖြင့် ခေါင်း တွေပင် ပူထူလာသလို ခံစားရသည်။ ဘုရားရေ ... လောကကြီးမှာ သူမ မသိတာတွေ ကုန်မှ ကုန်နိုင်ပါ့အုံးမလားနော်။

တစ်ရက် သူမ စာအုပ်တစ်အုပ်ကို အသည်းအသန် ကြိုးစား ဖတ်နေစဉ် ဒေါ်အေး သူမ အခန်းထဲ ဝင်လာသည်။ ယခုလက်ရှိ အ ချိန်တွင် သူမအတွက် အနီးကပ်ဆုံး အဖော်ဆို၍ သူမ အနောက်ကို အမြဲလိုက်နေသည့် ဒေါ်အေးတစ်ယောက်သာ ရှိသည်လေ။ ဒေါ်အေး က သူမကို ကြည့်ကာ

'သမီး ဘာလုပ်နေတာလဲ ... ရှူတင်ရှိတယ်လေ ... မလုပ် သေးဘူးလား'ဟု ပြောမှ သူမ ရှူတင်သွားဖို့ ပြင်ဆင်ရန် အချိန် ရောက်နေပြီမှန်း သတိရတော့သည်။ သူမ ဖတ်လက်စ စာအုပ်ကို ပိတ်ရင်း

'ဒီစာတွေက ဘာတွေမှန်းလဲ မသိဘူး ဒေါ်အေးရယ် ... သမီးတော့ ရှုပ်ချင်တာပဲ'ဟု ညည်းညူလိုက်မိသည်။ သူမ ဘာ ကြောင့် စာတွေဖတ်နေသည်ဆိုခြင်းကို အတွင်းသိ၊ အစင်းသိ သိနေ သော ဒေါ်အေးက သက်ပြင်းတစ်ချက်ချရင်း

www.burmeseclassic.com

www.burmeseclassic.com



'ပင်ပန်းလိုက်တာ သမီးရယ် ... သမီး အင်္ဂလိပ်စာကို ဆရာခေါ်သင်သလို ဒီစာတွေကိုရော ဆရာခေါ် ဖတ်ခိုင်းလို့ မရဘူးလား' ဟု မေးလေသည်။

'ဟင် ... ဘယ်ရပါ့မလဲ ... ဒါက သင်လို့ရတဲ့ဟာမျိုးမှ မဟုတ်တာ'ဟု ပြန်ပြောလိုက်မိပေမယ့် သူမ ခေါင်းထဲမှာ ဒေါ်အေး ပြောသည့်စကားကို အထပ်ထပ် အခါခါ ပြန်စဉ်းစားနေမိလေသည်။

တစ်ပတ်အကြာမှာတော့ သူမကို စာတွေ ဖတ်ပေးကာ ခေတ်ပေါ်ဝတ္ထုတွေ စာရေးဆရာတွေအကြောင်းကို ပြန်ပြောပြပေး နိုင်မည့် စာဖတ်ဝါသနာပါသူတစ်ဦးကို သူမ ရှာပြီး လခပေးကာ ခန့်ထားဖြစ်ခဲ့လေတော့သည်။

***

နေ့ဘက်တွေမှာ အလုပ်တွေကြားမှာ နစ်မြုပ်ရင်း စိတ်မအား လူမအားဖြစ်နေသည့် အချိန်တွေမှာ မထောင်းတာလှပေမယ့် ညဘက်တစ်ယောက်တည်းရှိချိန်တွေမှာ အထီးကျန် အားငယ်သလို သူမ မကြာခဏ ခံစားနေရသည်။ ထို့ကြောင့်လည်း သူမ ညဘက်တွေမှာ လူတွေကြားထဲနေရမည့် ညီ့ခံပွဲတွေကို နှစ်ခြိုက်လာခဲ့ခြင်း ဖြစ်ဟန်တူသည်။ ပရိတ်သတ်ရဲ့ လက်ခုပ်သံတွေကြားမှာ ခေတ္တ လုံခြုံနွေးထွေးသလို ခံစားရပေမယ့် ဒါတွေက သူမအတွက် မလုံလောက်တော့သလို ဖြစ်လာသည်။ တစ်ယောက်တည်း အထီးကျန်

www.burmeseclassic.com

www.burmeseclassic.com



စွာ ဖြတ်သန်းရတဲ့ ညတွေမှာ သူမကို နားလည်စွာ နွေးထွေးမှုပေး စွမ်းနိုင်မည့် ရင်ခွင်တစ်ခုကို တောင့်တနေမိသည်။ နာကျင်ခဲ့ဖူးတဲ့ ဒဏ်ရာတွေက အချစ်ထပ်မရှာဝံ့အောင် သတိပေးနေပေမယ့် လစ်ဟာသလို ခံစားနေရတဲ့ သူမရဲ့နှလုံးသားက သူမကို အမှန်တကယ် ကြင်နာစွာ ချစ်မည့်သူတစ်ယောက်ကို တိတ်တခိုး တမ်းတတတ်နေမြဲ။

စိတ်လေလွင့်မှုကို ထွက်ပေါက်ရှာရင်း သူမ ကြားဖူးနားဝဖြင့် ဆေးလိပ်စမ်းသောက်ကြည့်မိသည်။ ပထမပိုင်းမှာ ချောင်းဆိုးလိုက် သီးလိုက်နှင့် ဒဏ်ကို အတော်ကြာကြာ ခံခဲ့ရပေမယ့် နောက်ပိုင်းမှာ နှာခေါင်းထဲက အငွေ့ထွက်အောင် လှလှပပ မှုတ်ထုတ်တတ်လာတော့ အတော်လေး ကိုယ့်ကိုယ်ကိုယ် သဘောကျသွားမိသည်။ သို့ပေမယ့် သောက်ရင်း သောက်ရင်း မူးနောက်ကာ အိပ်ပျော်သွားတတ်တာကလွဲလို့ ဘာမှထူးပြီး စိတ်ညစ်ပြေမသွားတာကို သတိပြုမိလာသည်။ ဘာအရသာမှ မရှိသလို ခံစားရသဖြင့် ပရုတ်ပါသော mole စီးကရက်ကို ပြောင်းသောက်မိသည်။ ပူရှိန်းရှိန်းနှင့်မို့ အရသာရှိသလို ခေတ္တခံစားရသော်လည်း တကယ်တမ်းကျတော့ ပူရှိန်းစားရတာလောက်တောင်မကောင်း။ ဆေးလိပ်ကြောင့် စိတ်သက်သာရာ နည်းနည်းလေးတောင် ပိုရမလာကြောင်း သေချာသွားသောအခါ သူမ ဆက်မသောက်တော့ဘဲ ရပ်ပစ်လိုက်သည်။ ဆေးလိပ်ရဲ့ မကောင်းကြောင်းတွေ၊ ဖြစ်လာနိုင်တဲ့ ပြဿနာတွေ၊ ရောဂါတွေက နောက်ထား။ လောလောဆယ်မှာ သူမ ရပ်လွှဲ

www.burmeseclassic.com

www.burmeseclassic.com



ရင့်လာတာက သိသာထင်ရှားလှသည်လေ။ ရုပ်လိုက်တော့လဲ ကံကောင်းထောက်မစွာ သောက်ချင်စိတ်တစ်စက်ကလေးမှ ပေါ်မလာ။ ရုပ်နှင့် လုပ်စားနေရတဲ့ သူမအဖို့ ဘာမဟုတ်တဲ့ အကြောင်းကလေးနှင့် အလှပျက် မခံနိုင်ဘူးလေ။

ဆေးလိပ်သောက်တတ်သော မင်းသမီးတစ်ယောက် သူများတည်သော စီးကရက်ကို သောက်မိရာက ဘိန်းဖြူစွဲသွားတဲ့ အကြောင်းကြားလိုက်ရတော့ သူမ စောစောစီးစီး ဆေးလိပ်ကို ရပ်မိတာ ဘုရားမတာပဲဟု ကိုယ့်ကိုယ်ကို ကျေးဇူးတင်သွားမိသည်။ မူးယစ်ဆေးဝါးက ပိုက်ဆံရှိသူများထံသို့ နည်းမျိုးစုံဖြင့် အဖက်ဖက်မှ ထိုးဖောက်ဝင်ရောက်လာသည်လေ။ သူမထံကို ဖြားယောင်းမှု သွေးဆောင်မှုတွေ ပုံစံမျိုးစုံနှင့် ဝင်လာခဲ့ပေမယ့် ဒီလို အလစ်အငိုက် ဝင်မလာသဖြင့် သူမ ငြင်းနိုင်ခဲ့လေသည်။ သူမက သူမကို တစ်စုံတစ်ခုက လွှမ်းမိုးထားတာကိုမျိုးကို လုံးဝ သည်းမခံနိုင်။ ကိုယ့်စိတ်နှင့် ကိုယ့်ကိုယ် လွတ်လွတ်လပ်လပ်သာ စိုးပိုင်ထားချင်သည်။ ပြီးတော့ သူမရဲ့ ပတ်ဝန်းကျင်မှာ ဖြစ်တည်ပြီးသား ကြယ်ပွင့်တွေ၊ ဖြစ်ဖို့ အားယူနေဆဲ ကြယ်ပွင့်တွေ၊ အရည်အချင်းရှိတဲ့ ကြယ်ပွင့်လောင်းလျာလေးတွေ မူးယစ်ဆေးဒဏ်ကြောင့် တဖြုတ်ဖြုတ်ကြွေကျနေကြတာ မျက်မြင်ကိုယ်တွေ့မို့ သူမ တုန်လှုပ်လှသည်။ မူးယစ်ဆေးနှင့် တွေ့ပြီးနောက်မှာ ပြန်လည်ရုန်းထွက်လာနိုင်သူ အနည်းငယ် ရှိပေမယ့် အများစုက သူတို့ရဲ့ ကျေးကျွန်တွေအဖြစ် ထာဝရ ကျဆုံးသွားကြသည်ချည်း။ သူမက ဒီအနုပညာကောင်းကင်မှာ ထာဝ

www.burmeseclassic.com



ရ လင်းလက်တောက်ပချင်သူမို့ မှူးယစ်ဆေးဝါးက သူမ မဖြစ်မနေ ရှောင်ရမည့်စာရင်းထဲမှာ အသေအချာ ပါရှိနေခဲ့ပြီးသား အရာတစ်ခု ဖြစ်သည်လေ။

***

ပိုက်ဆံဆိုတာ ရလေလိုလေပဲမို့ ဘယ်တော့မှ လုံးဝ ပြည့်စုံလုံလောက်သွားပြီ ဆိုတာမျိုး မရှိနိုင်ဘူးဆိုတာကို သူမ တစ်စထက်တစ်စ ပိုသဘောပေါက်လာသည်။ တစ်ကားတစ်ကားကို ဂဏန်းခုနစ်လုံးထက်မနည်းသော ငွေတွေ ဝင်နေပေမယ့် လိုအပ်ချက်တွေက ထို့ထက်မက ပိုပိုလာတာခက်သည်။

ပိုက်ဆံမရှိခင်ကနေခဲ့သည့် အနေအထိုင် အစားအသောက် အသုံးအဆောင်တွေကိုမှ သူမ ဆက်မနေနိုင် ဆက်မသုံးနိုင်တော့တာပဲလေ။ ဒီတော့ အခြေခံလိုအပ်ချက် ပမာဏကိုက များပြားလာကာ ကျားကြီး ခြေရာကြီး ဖြစ်လာတာ ဆန်းသလား။ အခုတစ်လောကလေးမှာ ငွေလိုနေတာက သူမ ဝယ်ထားသည့် ခြံကြီးထဲမှာ သူမစိတ်တိုင်းကျ တိုက်အိမ်ကြီးကို ဆောက်ရန်အတွက် ဖြစ်လေသည်။ သူမ လိုချင်သည့် တိုက်ပုံစံက သူမမှာ ရှိသည့် ငွေနှင့်မလောက်သေးသဖြင့် သူမ စိတ်မရှည်နိုင်စွာ အချိန်စောင့်နေရသည်။ ဒါကို ရှူတင်တစ်ခုအတွက် အလှပြင်နေစဉ်မှာ အမှတ်မထင် ညည်းညူမိတော့ သူမရဲ့ အလှဖန်တီးရှင်တစ်ဦးက သူမကို ငွေမြန်မြန်ဝင်မည့် နည်း

www.burmeseclassic.com



လမ်းကို အကြံပေးလေသည်။

'ကံ့ကော်ကိုလေ သူဌေးကြီးဦး-- က တစ်ချိန်လုံး တဖွဖွ ပြောနေတာ ... ကံ့ကော်ကိုသာ ရမယ်ဆိုရင် ဘယ်လောက်ကုန်ကုန်လို့ မာမီ့ကို ခဏခဏပြောနေတာ ... ကံ့ကော်သာ လက်ခံလိုက်ရင် ... ဟင်းဟင်း ... ဒါတွေ ဘာပူနေဖို့လိုမှာလဲ'

သူမ အံ့သြတုန်လှုပ်သွားမိသည်။

'ဟင် ... အဲဒီလူကြီးက မိန်းမနဲ့ ကလေးတွေနဲ့ မဟုတ်ဘူးလား'

'အို ... ဘာဖြစ်သလဲ ကံ့ကော်ရဲ့ ... သူတို့အသိုင်းအဝိုင်းက ဒီလိုတွေပဲဥစ္စာ ... ဦး-- ဆို မင်းသမီး-- နဲ့ တိတ်တိတ်ပုန်း ယူထားတာပဲ ... အဲဒါကြောင့် အဲဒီမင်းသမီးထောနေတာ ကြည့်ပါလား'

'ကံ့ကော် ဒါမျိုးတွေ စိတ်မဝင်စားပါဘူးမာမီရယ်'

'ညည်းကသာ စိတ်မဝင်စားနေ ... -- တို့ဆို ဒါမျိုးတွေ့ရင် ပြောပါ မာမီရယ်လို့ တဖွဖွ မှာနေတာ ... --ဆို --ရဲ့ ဟိုဒင်း ... --ကတော့ --ရဲ့ ဟိုဥစ္စာ'

မာမီပြောပြနေတဲ့ အတင်းအဖျင်းတွေကို နားထောင်ရင်း သူမ ထိတ်လန့်အံ့သြနေမိသည်။ အဲဒီလူတွေက အဲဒီလိုတွေတဲ့လား။ မယုံနိုင်စရာပါပဲ။ အံမယ်လေး ... ငါများ သူတို့လမ်းစဉ်ကို လိုက်မိရင်တော့ သူတို့လိုပဲ အားလုံးသိတဲ့ လျှို့ဝှက်ချက်ကြီး ဖြစ်သွားတော့မှာပါလား။ သူမ တုန်လှုပ်စွာ တွေးရင်း သက်ပြင်းတစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ချလိုက်မိသည်။ ကြာချင်သလောက်ကြာပါစေ။ သူမရဲ့ တိုက်အိမ်ကြီးကို သူမ ရိုးသားစွာ ရရှိတဲ့ လုပ်အားခအစစ်တွေနှင့်ကလွဲလို့ တခြား ဘယ်အရာနှင့်မှ သူမ တည်ဆောက်နိုင်မှာ မဟုတ်ဘူးလေ။

***

ရုပ်ရှင်နယ်ပယ်မှာ သူမနှင့် အလုပ်တွဲလုပ်ချင်သူတွေ များသထက်များလာတာ အောင်မြင်မှု တစ်ခုတည်းကြောင့် မဟုတ်။ ဒီလောကထဲက လူတွေ အချင်းချင်း သူမနှင့် ပတ်သက်လို့ ပေးကြတဲ့ ထောက်ခံချက် နာမည်ကောင်း လက်မှတ်တွေကြောင့်လဲပါ သည်။ သူမသည် ရှူတင်နောက်မကျတတ်သူ၊ သူမသည် သဘော ကောင်းသူ၊ အလုပ်ကို ကြိုးစားသူ ၊ ခိုင်းသမျှကို မကြိုက်မချင်း ပြန်လုပ်ပေးတတ်သည့် သည်းခံစိတ်ရှည်သူ စသဖြင့် သူမ ဂုဏ်သတင်းတွေက မွှေးပျံ့နေသည်လေ။ ဆင်းကံ့ကော်နှင့်သာ အလုပ်တွဲလုပ်။ စိတ်ချမ်းသာစေရမည်ဆိုတာမျိုး တစ်ယောက်နှင့် တစ်ယောက် ညွှန်းတတ်ကြသည်လေ။ သူမကလည်း သူမ မတတ်သေး၊ မသိသေးတာတွေကို သင်ယူလေ့လာဖို့ ဘယ်တုန်းကမှ ဝန်မလေးခဲ့။ သွားရင်း လာရင်းနှင့်လဲ အလကားမနေ။ ဆရာဝန်မလေးရဲ့ အမူအရာက ဘယ်လို၊ ကျောင်းဆရာမလေးရဲ့ အမူအရာက ဘယ်လို၊ လမ်းဘေးဈေးသည်ကောင်မလေးရဲ့ အမူအရာက ဘယ်လို စသဖြင့် မှတ်သားတတ်သော အကျင့်ကြောင့် သူမရဲ့ သရုပ်ဆောင်မှုတွေ ပိုမိုကောင်း

www.burmeseclassic.com

www.burmeseclassic.com



မွန် ပီပြင်လာခဲ့သည်။

ပြီးတော့ သူမက အလုပ်ကို လုံးဝ မကြောက်တတ်။ ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း သူမ ခံနိုင်သည်။ မင်းသမီးဆိုတာက သူမ တစ်သက်လုံး ဖြစ်ချင်ခဲ့တဲ့ အရာလေ။ ဒီအောင်မြင်မှုက သူမ တစ်သက်လုံး လိုချင်တက်မက်ခဲ့တဲ့ အောင်မြင်မှု။ ဒီအလုပ်လုပ်ရင်းနှင့် သေချင်သေသွားပါစေ။ သူမ အသေခံလိုက်မည်ဟုပင် စိတ်ကူးထားသောကြောင့် တော်ရုံပင်ပန်းမှုလောက်ကိုတော့ မဖြုံလှ။

တစ်ခါတစ်ရံ ကိုယ်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာမှာ စိတ်သွင်းကာ မှန်ရှေ့မှာ အထပ်ထပ်ကျင့်လာခဲ့တဲ့ အမူအရာကို ဒါရိုက်တာက လုံးဝ မကြိုက်။ သူပြတဲ့အမူအရာကို ပြောင်းလုပ်ပေးရသည်။ ဒါမျိုးကြုံရလျှင် စိတ်ပျက်မိပေမယ့် သူမ စိတ်မလျှော့ခဲ့။ ပြီးခဲ့တာ ပြီးသွားပြီ။ ထားလိုက်တော့။ အမြဲတမ်း အသစ်အသစ်တွေကို ကြိုးစားလုပ်နေမည်ဟု စိတ်တင်းကာ ဒါရိုက်တာ ခိုင်းတဲ့အတိုင်း ကြိုးစားလုပ်ခဲ့သည်။ သူတို့က ပိုတတ်တာမို့ သူတို့စကားနားထောင်တာ ကိုယ်ကောင်းဖို့အတွက်ချည်းပဲဟု သဘောထားခဲ့သည်။ ဒါရိုက်တာတွေ အပေါ်မှာ အမြဲတမ်း လေးလေးစားစား ရှိတတ်တာကလဲ သူမရဲ့ ဂုဏ်သတင်းကောင်းတစ်ခု ဖြစ်ခဲ့သည်လေ။

သူမ မအောင်မြင်ခင်က ဖြတ်သန်းခဲ့ရတဲ့ နေ့ရက်တွေကို မမေ့နိုင်သေးသဖြင့် သူမရဲ့ လုပ်ဖော်ကိုင်ဖက်အားလုံးအပေါ်မှာ စာနာစိတ်ဖြင့် တန်းတူ ဆက်ဆံခဲ့သည်။ အရေးမကြီးတဲ့ ဇာတ်ပို့တွေ၊ မီးထိုး၊မှန်ထိုး၊ထမင်းချက်တွေကအစ သူမ ဘယ်သူ့ကိုမှ အထင်

www.burmeseclassic.com

www.burmeseclassic.com



မသေး၊ မနိမ့်။ သူမကိုယ်တိုင်လည်း ဖြတ်လျှောက်ဘဝကို ရင်ဆိုင်ဖြတ်သန်းခဲ့ဖူးသူတစ်ယောက်ပဲ မဟုတ်လား။ လုပ်ဖော်ကိုင်ဖက်တွေမှာ ငွေရေးကြေးရေး အခက်အခဲရှိလာလျှင်လဲ သူမ ကိုယ်ချင်းစာစိတ်ဖြင့် ကူညီခဲ့သည်။ မင်းသား၊မင်းသမီး အဖြစ်ကို မျှော်လင့်ကာ ဒီလောကထဲ ဝင်လာကြပြီး မထင်မရှား ဇာတ်ရံဘဝဖြင့် သောင်တင်နေကြသူတွေကိုလဲ စာနာစိတ်ဖြင့် အားပေးမိသည်။ အခုအချိန်ကျမှ လောကကြီးမှာ မင်းသား၊မင်းသမီးဖြစ်ချင်သူတွေ ဘယ်လောက်ပေါများတယ်ဆိုတာ သူမ သိခွင့်ရတော့သည်။ မင်းသား၊မင်းသမီးအဖြစ်ရိုက်ခွင့်ရပြန်တော့လဲ တစ်ကားတည်းနှင့် ပျောက်သွားသူတွေ၊ တစ်ကား နှစ်ကား အောင်မြင်လျက်နှင့် ရှေ့မဆက်နိုင်တော့တဲ့သူတွေ၊ အစမှာတင် ရေတိမ်နစ်သွားသူတွေ စသဖြင့် အဖြစ်များစွာကို မြင်တွေ့လာရတော့ သူမ မင်းသမီးဖြစ်စမှာ သူမကို ဘာကြောင့် ဒီအသိုင်းအဝိုင်းက အရေးတယူ သိပ်မရှိကြသလဲဆိုတာကို သဘောပေါက်လာခဲ့ရသည်။

သူမနှင့် ရင်းနှီးနေတဲ့ ဇာတ်ရံတွေထဲမှာ ကောင်းကင်ဆိုသည့် ကောင်လေးတစ်ယောက်ကို သူမ အထူးတလည် သတိထားမိခဲ့သည်။ သူ့ကို ကားတစ်ကား အတူတွဲရိုက်ရင်းမှ ခင်မင်သွားခြင်းဖြစ်သည်။ တစ်ရက်မှာ ထိုကောင်လေးက သူမကို သူ့ရည်မှန်းချက်တွေ ဘယ်လောက်ကြီးမားကြောင်း၊ သူ ဘယ်လောက် အောင်မြင်ချင်ကြောင်းတွေ ရင်ဖွင့်ပြောပြတော့ သူမက ကိုယ့်ဘဝနှင့် နှိုင်းဆကာ ကိုယ်ချင်းစာစွာ နားထောင်ပေးရင်းဖြင့် ပိုရင်းနှီးသွားခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ထိုကောင်လေးရဲ့ အားနည်းချက်က အပြင်မှာ တော်တော်လေး ချောကာ ယောကျ်ားပီသသည့် အသွင်သဏ္ဍာန် ရှိပေမယ့် ကင်မရာ လုံးဝမစား။ သူ့ရုပ်က ဖန်သားပြင်ပေါ်၊ ပိတ်ကားပေါ် ရောက်တဲ့အခါ မင်းသားဖြစ်လောက်အောင် ရုပ်မထွက်လာ။ အောင်မြင်နေတဲ့ မင်းသား မင်းသမီးအချို့ဆို အပြင်မှာ ရွက်ကြမ်းရေကျိုမျှသာ ဖြစ်ပေမယ့် ကင်မရာစားသောကြောင့် ပိတ်ကားပေါ်၊ ဖန်သားပြင်ပေါ်ရောက်လျှင် အလွန်ချော၊ အလွန်လှသလို ဖြစ်သွားသည်။ အဲဒါလဲ ကံပဲဟု ပြောရလေမည်လားမသိ။ သူမက ထိုကောင်လေးကို စိတ်မပျက်ရန်ပြောကာ သရုပ်ဆောင်ပညာကိုသာ ပိုလေ့လာပြီး ပိုကြိုးစားရန် အားပေးတိုက်တွန်းမိသည်။ အချိန်ရတိုင်းလဲ သရုပ်ဆောင်ပညာနှင့် ပတ်သက်လို့ သူမ တတ်သမျှ နားလည်သမျှတွေကို ပြောပြသင်ပေးကာ စိတ်ဓာတ်မြှင့်တင်ပေးမိသည်။

သူမ သူ့ကို သနားမိတဲ့အတွက် နောက်ရိုက်မည့် ကားတစ်ကားမှာ အနည်းငယ်အရေးပါသည့် ဇာတ်ပို့တစ်နေရာရအောင် ပြောပေးခဲ့မိသည်။ ဒါရိုက်တာက သူ့အရည်အချင်းကို သိပ်သဘောမကျလှပေမယ့် ကြိုးစားပါ့မယ်ဆိုတဲ့စကားနှင့် သူမရဲ့ ထောက်ခံပေးချက်တွေကြောင့် နောက်ဆုံးမှာ စမ်းသုံးကြည့်ရန် လက်ခံခဲ့လေ သည်။ ရည်မှန်းချက်ကြီးတဲ့ သရုပ်ဆောင်အသစ်ကလေးတစ် ယောက်ကို ကူညီနိုင်ခဲ့လေတယ်လို့ သူမ ရင်ထဲမှာ ပီတိတွေ ဖြာဝေ ရင်းကြည်နူးခဲ့ရတဲ့ ကာလကလေးတစ်ခုပေါ့။

***

www.burmeseclassic.com

www.burmeseclassic.com



'ကံ့ကော် ... နင့်လူက လုံးဝ မကြိုးစားဘူးနော် ... ဘာမ ဟုတ်တဲ့ အခန်းကလေးတောင် ငါခိုင်းတာကို ဖြစ်မြောက်အောင် မလုပ်နိုင်ဘူး ... ပြီးတော့ အခုမှ ဘာမှတောင် မဖြစ်သေးဘူး ... ရှုပ်ချင်တာကအရင် ... သူ့ကိုယ်သူ မင်းသားဆိုပြီး ရိုက်ကွင်းကို အပြင်က ကောင်မလေးတွေ ခေါ်ခေါ်လာတယ် ... အဲဒီကောင်မ လေးတွေ ရှေ့မှာ အမျိုးမျိုး ဟိတ်တွေ ဟန်တွေ ထုတ်ပြဖို့ပဲ လုပ်နေ တယ် ... အလုပ်ကိုတော့ မကြိုးစားချင်ဘူး ... ငါကပြောတော့လဲ မကြိုက်ဖူး ... ဒီပုံအတိုင်းဆို ငါ လူလဲတော့မယ်'

သူမ ထောက်ခံချက်ပေးခဲ့တဲ့ ကောင်းကင်နှင့် ပတ်သက် လို့ ဒါရိုက်တာက သူမကို တိုင်ပြောပြောလာသည်။ သူမ စိတ်ထဲမှာ ဒါရိုက်တာ့ စကားကို သိပ်မယုံချင်။ ဒီလောက် အောင်မြင်ချင်တယ် ဖြစ်မြောက်ချင်တယ်ဆိုတဲ့ ကောင်လေးတစ်ယောက်က ဒီလို လုပ်ရပ် မျိုးတွေ လုပ်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ ထို့ကြောင့် 'သည်းခံပါ ဦး ဆရာရယ် ... သမီး ကြည့်ပြောပါဦးမယ်'ဟုသာ ပြောလိုက် မိသည်။ ကောင်းကင်နှင့် တွေ့လို့ ဒါရိုက်တာ ပြောတာတွေ ဟုတ်သ လားလို့ မေးကြည့်တော့ သူက သူမကို

'အလကားပါ အစ်မရယ် ... ဒါရိုက်တာက ကျွန်တော့်ကို ကောင်မလေးတွေ ကြည်တာကို မနာလိုဖြစ်နေတာ ... ကောင်မလေး တွေကလည်း သူတို့ဖာသာသူတို့ အတင်းလိုက်လာကြတာပါ ... ကျွန်တော် ခေါ်လာတာ မဟုတ်ပါဘူး ... ကျွန်တော် ကြိုးစားပြီး သရုပ်ဆောင်ပါတယ် ... ဒါရိုက်တာက ကျွန်တော့်ကို တမင်သက်

www.burmeseclassic.com

www.burmeseclassic.com



သက် အပြစ်ရှာနေတာပါ'ဟု ဖြေရှင်းချက်ပေးလေသည်။

'ဘာပဲဖြစ်ဖြစ် မအောင်မြင်ခင်မှာတော့ ဒါရိုက်တာ စကားကို ကြိုးစားနားထောင်ကွာ ... မင်းကို အစ်မက ထောက်ခံချက်ပေးထားတာဆိုတော့ မင်းမကြိုးစားရင် အစ်မလည်း နာမည်ပျက်မှာ' ဟု ပြောလိုက်မိသည်။ တကယ်တော့ ထိုကားကို ရိုက်နေသည့် ဒါရိုက်တာမင်းထိုက်က သူမ စရိုက်ခဲ့ရသည့် ဒါရိုက်တာဦးထွန်းထက် များစွာစိတ်ရှည်ကာ များစွာသည်းခံတတ်မှန်း သူမ သိသည်။ ဒီကောင်လေးတွေက တော်ရုံတန်ရုံလောက်လေး ပြောတာကိုတောင် ခံနိုင်ရည်ရှိပုံမပေါ်ကြ။ သူမလိုများ အပြောအဆိုခံရလျှင် ခက်ချေဦးမည်ဟုတွေးရင်း သက်ပြင်းတစ်ချက်ချလိုက်မိသည်။

ကောင်းကင်အပေါ်မှာ သူမ စေတနာထားပေမယ့် သူ မကြိုးစားလျှင် သူမ ဘာမှ မတတ်နိုင်ဘူးလေ။ သို့ပေမယ့် ဒီတစ်ကားကတော့ သူမက သူ့ကို သုံးစေခဲ့သူမို့ သူမ နာမည်ပျက်မခံနိုင်။ ထိုကားအတွက် ကောင်းကင်ရဲ့သရုပ်ဆောင်ချက်တွေအတွက် သူမမှာ တာဝန်ရှိနေသလို ခံစားမိတာကြောင့် အချိန်အားရလျှင် သူမ အခန်းမရှိပေမယ့် ကောင်းကင်ရဲ့ အခန်းတွေကို ကြည့်ပေးရန် ထိုရိုက်ကွင်းသို့ ရောက်အောင် သွားဖြစ်သည်။ ကောင်းကင်က သူမ ရှိနေမှ သူ့စကားနားထောင်တယ်၊ ကောင်းကောင်းလုပ်တယ်ဟု ဒါရိုက်တာက ပြောသောအခါ သူမမှာ ပိုဝတ္တရားရှိသွားသလို ခံစားရပြီး ရိုက်ကွင်းကို နေ့တိုင်းနီးပါးသွားကာ ထိုကောင်လေးကို သွန်သင်ဆုံးမနေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်လေးနှင့် အနီးကပ်ဆက်ဆံကြည့်လေ သူ မ အောင်မြင်ရခြင်းအကြောင်းမှာ သူကိုယ်တိုင်ကြောင့်သာ ဖြစ်ကြောင်း သူမ သဘောပေါက်လာရလေ ဖြစ်နေသည်။ လွဲမှားနေတဲ့ ခံယူချက်တွေ၊ အတွေးအခေါ်တွေကို ကိုယ့်မောင်လေးတစ်ယောက်လို သဘောထားကာ တတ်နိုင်သလောက် တည့်မတ်ပေးရန် သူမ စေတနာဖြူစင်စွာဖြင့် ကြိုးစားမိခဲ့သည်။

သူမ သတိမထားလိုက်မိတာက ထိုကောင်လေးက သူငယ်နှပ်စားကလေးမဟုတ်။ အရိုးရင့်ပြီးနေတဲ့ သူတစ်ယောက်ကို ဆုံးမပဲ့ပြင်လို့ ရနိုင်မယ်လို့ ထင်ထားခဲ့မိတဲ့ သူမရဲ့ အမှားဒဏ်ကို သူမ အကြီးအကျယ် ခံစားရလေတော့သည်။

ထိုကောင်လေးရဲ့ ရည်ရွယ်ချက်က သူမဆီက သရုပ်ဆောင်ပညာကို သင်ယူလိုတာ မဟုတ်။ သူမရဲ့ အရှိန်အဝါနှင့် မကြိုးစားဘဲ အလွယ်တကူ မင်းသားဖြစ်သွားဖို့ကိုသာ လိုချင်တာလေ။ ဒါတွေကို သူ သူမ အိမ်မှာ ဘယ်သူမှ မရှိချိန်ကို ရွေးလာကာ သူမကို ကိုယ်ထိလက်ရောက် ကျူးလွန်စော်ကားဖို့ ကြိုးစားတော့မှ သူမ သိနားလည်သွားခဲ့ခြင်း ဖြစ်သည်။ သူ့ကိုရော၊ အယုံလွယ်ပြီး သနားတတ်တဲ့ သူမကိုယ်သူမပါ ဒေါသတွေ အလွန်အကျွံ ထွက်မိလေသည်။ ထိုနေ့က ဈေးဝယ်ထွက်သွားတဲ့ ဒေါ်အေးသာ အိမ်ကို အချိန်မီ ပြန်မရောက်လာခဲ့ပါက သူ့ရဲ့ ရည်မှန်းချက်တွေ အောင်မြင်သွားနိုင်ကြောင်း တွေးမိတိုင်း သူမ အသည်းတွေ တဆတ်ဆတ်ခါအောင် နာကျည်းမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ သူ့ကို စိတ်နာလွန်း၍ လုံးဝ လှည့်မကြည့်တော့သော အခါ သူက အပြင်မှာ သူမနှင့် ပတ်သက်၍ မဟုတ်ကဟုတ်က သတင်းများစွာကို လွှင့်ထုတ်လေတော့သည်။ ဆင်းကံ့ကော်က သူ့ကို အလွန်ကြိုက်ကာ မရမကလိုက်သတဲ့။ သူက ဆင်းကံ့ကော်ရဲ့ အလိုကို မလိုက်တော့ ဆင်းကံ့ကော်က သူ့ကို ကန်ထုတ်ပစ်လိုက်သတဲ့။ သူခိုးက လူလူဟစ်တယ်ဆိုတာ ဒါမျိုးနေမှာပါပဲ။ အောင်မြင်နေသူတစ်ယောက်ကို မနာလိုစိတ်တွေဖြင့် အပြစ်ရှာရန် မျက်ခြေမပြတ်စောင့်ကြည့်နေကြသူတွေကလဲ ဒီလိုမကောင်းသတင်းမျိုးကို ဝမ်းသာအားရ ယုံကြည်ပစ်လိုက်ကြကာ ကောလဟလတွေကို ဝိုင်းဝန်းဖြန့်ဖြူးပေးကြလေသည်။

ဒီလိုမျိုးနှင့် နာမည်ကြီးလှ ခဏပေါ့။ ဘယ်သူမှန်တယ် ဘယ်သူမှားတယ်ဆိုတာ ဘုရားသိတာပဲဟု တွေးကာ သူမ ထိုကိစ္စကို ဘာမှ မရှင်းဘဲ ဥပေက္ခာပြုထားခဲ့သည်။ ရှင်းပြန်ရင်လဲ ဟုတ်လို့ရှင်းတာဟု ထင်ကြအုံးမှာပဲ မဟုတ်လား။ သိပ်မကြာလှပါ။ သူနှင့်ဆက်စပ်ပတ်သက်မိသူတွေအားလုံး သူ့အကြောင်းကို ကိုယ်တိုင်ကြုံကာ သိကုန်ကြသည်မို့ ကောင်းကင်ဆိုသောနာမည်မှာ မထင်မရှားဇာတ်ရုံဘဝမှ နောက်ထပ် အစအန ရှာမရအောင် လုံးဝကွယ်ပျောက်သွားလေတော့သည်။

သူမလည်း ဘဝကပေးတဲ့ သင်ခန်းစာအသစ်တစ်ခုကို လေးနက်စွာ ခံယူရင်း နောက်နောင်မှာ ဘယ်သူ့ကိုမှ မသနားတော့၊ ဘယ် သူ့အပေါ်မှာမှ စေတနာမထားတော့ဟု ဆုံးဖြတ်ချလိုက်မိလေ

www.burmeseclassic.com

www.burmeseclassic.com


တော့သည်။

***

တကယ်တော့ လူတစ်ယောက်ကြောင့် တခြားလူတွေကိုပါ အယုံအကြည်မရှိတော့ဘူးဆိုတာ ဖြစ်သင့်တဲ့ကိစ္စတစ်ခုတော့ မဟုတ်။ သို့ပေမယ့် ကောင်းကင်နှင့် ကိစ္စဖြစ်ပြီးချိန်မှာ သူမရဲ့ လူတွေအပေါ်ထားတဲ့ သဘောထားအမြင်တွေ ပြောင်းလဲသွားခဲ့သည်။ ထိုအခါ သူမ အရင်က မမြင်ခဲ့မိတာတွေကို မြင်တတ်လာခဲ့သည်။ သူမလည်း လူတစ်ယောက်ပဲ။ သူမ လူအများအပေါ်မှာ အကူအညီပေးခဲ့တဲ့ ကိစ္စတွေအတွက် ဘာမှ ပြန်ရဖို့ မမျှော်လင့်ဘူးဆိုပေမယ့် သူမကို ကျေးဇူးတင်တာလေးကိုတော့ လိုချင်မိတာပေါ့။ အခုတော့ လူတွေရဲ့ အမြင်က ဆင်းကဲ့ကော်ဆီကရတဲ့ အကူအညီဆိုတာတွေက သူတို့အတွက် ရသင့်ရထိုက်လို့ပဲ ယူနေရသလိုလို၊ သူမကပဲ ပိုက်ဆံတွေ ပေါလွန်းနေလို့ ဖုံးဖောလအော ပေးပစ်နေသလိုလို ခံယူနေကြတာကို မြင်လိုက်ရတော့ သူမ အံ့သြသွားမိသည်။ တကယ်တော့ ဒီပိုက်ဆံတွေ အားလုံးက သူမရဲ့ အနုပညာခွန်အားနှင့် သမာအာဇီဝနည်းကျကျ ကြိုးစားပြီး ရထားခဲ့တဲ့ ငွေကြေးတွေပါနော်။ ဘယ်သူ့ဆီကမှ အလကားရခဲ့တာ မပါပါဘူး။ ပိုက်ဆံဆိုတာ စေတနာမပါရင် ဘယ်တော့မှ သူများအတွက် ပိုလျှံတယ်ဆိုတာ မရှိနိုင်ဘူးဆိုတာ ဒီလူတွေ သိမှသိကြရဲ့လားဟု တွေးမိကာ စေတနာတွေလဲ

www.burmeseclassic.com

www.burmeseclassic.com



ပျက်လာမိသည်။ ဒီတော့ လူတွေက ဆင်းကံ့ကော် အရင်လို သဘော မကောင်းတော့ဘူးတဲ့။ ဟာဟ ... ဟုတ်လိုက်လေ။ စေတနာဆိုတာ လူတိုင်းနဲ့ မတန်ဘူး၊ လူတိုင်းကို ကိုယ်နဲ့နှိုင်းပြီး စေတနာထား လို့ မရဘူးဆိုတာ သိသွားခဲ့ရတဲ့ အချိန်မှာ ဆင်းကံ့ကော် အရင်လို သဘောကောင်းနိုင်လောက်အောင် ပါရမီ မရင့်ကျက်သေးဘူးလေ။

နောက်ပိုင်းမှာ သူမ လှူချင်တန်းချင်စိတ်ပေါ်လာလျှင် လူ တွေကို ပေးကမ်းထောက်ပံ့မယ့်အစား ဘုရားနှင့် ဘုန်းကြီးကျောင်း တွေကိုသာ ပိုမိုလှူဒါန်းမိလေတော့သည်။

***

'မရသေးဘူး ... ညည်းရိုက်တာ သဘာဝမကျဘူး ... ထပ် ရိုက်ဦး'

သူမ ဒါရိုက်တာကို စိတ်ပျက်စွာ လှမ်းကြည့်လိုက်မိသည်။ ဒါက ဗီဒီယိုကားလည်း မဟုတ်၊ ရုပ်ရှင်ကားကြီးလည်း မဟုတ်။ သီချင်းအမ်တီဗွီကလေးမှာ ဒီပါးရိုက်တဲ့အခန်းက ဘယ်လောက်များ အရေးပါနေလို့လဲ။ တမင်လုပ်နေတာဖြစ်မှန်း သူမ သိသလို ဒီမင်း သားအသစ်ကလေးလည်း သိရှာမှာပါပဲ။ သူမ ဒါရိုက်တာနှင့် ပြဿ နာ မတက်ချင်သဖြင့် သက်ပြင်းတစ်ချက်ချကာ စိတ်ကို ပြန်ထည့် လိုက်သည်။ ထို့နောက် မင်းသားကောင်လေးကို

'အစ်မ မင်းကို ဒီတစ်ကြိမ် လုံးဝမညှာတော့ဘူး သိလား

www.burmeseclassic.com

www.burmeseclassic.com



... အခါခါရိုက်ရရင် မင်းလည်း ပိုနာလိမ့်မယ် ... ဖြစ်တယ် မဟုတ်လား'ဟု ပြောလိုက်တော့ ကောင်လေးက

'ဖြစ်ပါတယ်အစ်မ ... ရိုက်သာရိုက်ပါ'ဟု ပြန်ပြောလေသည်။

'ကဲ ... ပြန်စမယ် ... သီချင်းဖွင့် ... ဟုတ်ပြီ ... မင်းသမီး ... ကင်မရာကို စိုက်ကြည့် ... နှုတ်ခမ်းကိုက်မယ် ... ဟုတ်ပြီ မင်းသားကိုကြည့် ... ကောင်းတယ် ... ဒေါသထွက်နေတဲ့မျက်လုံး ... သိပ်ကောင်းတယ် ... ရိုက်မယ် ... ဟုတ်ပြီ ... ကဒ် ... ကဒ်'

အရိုက်ခံရသူကတော့ ဘယ်လိုနေမည်မသိ။ ရိုက်ရသည့် သူမ လက်ဖဝါးတွေတော့ ကျိန်းစပ်ကာ နေလေပြီ။ တစ်ဖက်သို့ လည်ထွက်သွားသည့် ကောင်လေးမျက်နှာ ဒီဘက်ကို ပြန်လှည့်လာတော့ မျက်လုံးမှာ မျက်ရည်များပင် ဝဲနေသည်။

'ကောင်းတော့ ကောင်းတယ် ... ဒါပေမယ့် နည်းနည်းလေး လိုသေးတယ် ... ဟဲဟဲ ... နောက်တစ်ခေါက်လောက်'

သူမ ကောင်လေးကို လှမ်းကြည့်လိုက်မိသည်။ ဒါရိုက်တာနှင့် ဘာပြဿနာများ ဖြစ်ထားပါလိမ့်။ အခုလောက်ဆို တမင်လုပ်နေတယ်ဆိုတာ သိပ်ကို သိသာလွန်းနေပြီ။

'ကျွန်မ ထပ်မလုပ်နိုင်တော့ဘူး ဆရာ'

'ဟာ ... လုပ်ပါမင်းသမီးရယ် ... ဒီတစ်ခေါက်ဆို ပြီးပါပြီ'

'ကျွန်မ ဘယ်လိုနည်းနဲ့မှ ထပ်မလုပ်နိုင်တော့ဘူး ဆရာ ... မကျေနပ်ရင် နောက် မင်းသမီးတစ်လက်နဲ့သာ ပြောင်းရိုက်ပေ

www.burmeseclassic.com

www.burmeseclassic.com



တော့.'

သူမ ခပ်ပြတ်ပြတ်ပြောကာ ရိုက်ကွင်းထဲမှ လှည့်ထွက်လာခဲ့သည်။ သူမနှင့် ဒါရိုက်တာနှင့် ကြားမှာ ဗျာများသူကတော့ အမ်တီဗွီထုတ်လုပ်သူပေါ့။ သူမက သူ့ကို အဖြစ်အပျက်တွေကို ခပ်အေးအေးပဲ ပြောပြလိုက်သည်။ တကယ်တော့ ဒီဒါရိုက်တာက အမ်တီဗွီလောက်ကိုတောင် ဖြစ်ဖြစ်မြောက်မြောက်သိပ်ရိုက်နိုင်တဲ့ ဒါရိုက်တာမျိုး မဟုတ်။ ထုတ်လုပ်သူကလည်း သူမကို လက်လွှတ်မခံနိုင်။ ဒီတော့ နောက်ဆုံးမှာ ဒါရိုက်တာက 'ဟွန်း ... မင်း ခေတ်ဆိုတော့လဲ လုပ်ထားပေါ့'ဟု မကျေမနပ်ဖြင့်ဆိုကာ အလျှော့ပေးလိုက်လေသည်။ လုပ်ငန်းခွင်မှာ တတ်နိုင်သမျှ ပြဿနာ မဖြစ်စေလိုပေမယ့် မတရားတာတွေကို လက်ပိုက်မကြည့်နိုင်ခြင်းအတွက် သူမ ဘယ်လိုမှ မတတ်နိုင်ပါ။

ထိုအကြောင်းကို သူမ လုပ်ဖော်ကိုင်ဖက်တွေကို တစ်ဆင့်ပြန်လည်ဖောက်သည်ချမိတော့ ရုပ်ရှင်နယ်ပယ်မှာ ကြာမြင့်နေပြီဖြစ်သည့် ရှေ့မီနောက်မီ ဇာတ်ပို့အမျိုးသမီးကြီးတစ်ဦးက သူမကို

'ဒါ ... သမီးတို့ခေတ်က အများကြီးတော်သွားတာ ... အန် တီတို့ခေတ်တုန်းက ဒီ့ထက်တောင် နှိပ်စက်ခံရသေး'ဟု ဆိုကာ သူ တို့ခေတ်မှာ ကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေကို ဖောက်သည်ချလေ တော့သည်။

'ဒါရိုက်တာဝင်းလက်ကိုကို သိတယ်မဟုတ်လား ... သူ့တုန်းကဆို မင်းသားကြီးဦးမိုးသူကို ညဘက်ကြီးခေါ်ပြီး ကန်တော်

www.burmeseclassic.com


ကြီးမှာ ရေနစ်တဲ့အခန်း ရိုက်ခိုင်းတာလေ ... တကယ်ဇာတ်ကား ထွက်လာတော့ အဲဒီအခန်းက ပါမလာဘူး ... ဇာတ်ညွှန်းဆရာကို မေးကြည့်တော့ အဲဒီအခန်းက ဇာတ်ညွှန်းထဲမှာ ပါကို မပါတာ တဲ့ ... သက်သက်မဲ့ လုပ်တာလေ ... တစ်ခါ မင်းသမီးရွေးပြန်တော့ ဦးမိုးသူနဲ့ လုံးဝမတဲ့ လုံးဝစကားမပြောတဲ့ မင်းသမီးနဲ့မှ ရွေးပြီးတွဲ ခိုင်းတာ ... သရုပ်ဆောင်ရတာက ချစ်ခန်းကြိုက်ခန်းတဲ့ ... ကြည့် ဦး ... သူတို့ခမျာ သရုပ်ဆောင်ပြီးတာနဲ့ တစ်ယောက်နဲ့တစ် ယောက် မျက်နှာလွှဲပြီး တစ်နေရာစီသွားနေကြရရှာတာ ... သူတို့ကို ဘေးက ကြည့်ပြီး အန်တီဖြင့် သနားလိုက်တာလေ ... ဘယ်လိုမှ မတတ်နိုင်ဘူး ခံရတာပဲ'

ထိုခေတ်က မင်းသား၊မင်းသမီးတွေကို အတွေးဖြင့်ပင် သူမ အလွန်သနားသွားမိသည်။ သူမ ဘဝမှာ ဒီလောက် ဆိုးဆိုးရွားရွား တွေ မကြုံရတာ အတော်လေး ကံကောင်းလို့ပါလားဟုလဲ တွေးလိုက် မိသည်။ သူမ အရင်က အထင်ကြီးခဲ့မိဖူးသည့် ဒါရိုက်တာဝင်းလက် ကို ဟုတ်တိပတ်တိ အောင်မြင်မှု မရလာခဲ့ခြင်းက သူ့စေတနာ သူ အကျိုးပေးနေခြင်းဆိုတာကို သူမ အခုမှ နားလည်သဘောပေါက် သွားရလေတော့သည်။

***

သူမ မစိစစ်ဘဲ လက်ခံထားလိုက်မိတဲ့ ဗီဒီယိုကားတစ်ကား

www.burmeseclassic.com

www.burmeseclassic.com



အတွက် သူမ နောင်တရလို့ မဆုံးဖြစ်နေသည်။ ထိုကားရဲ့ ဒါရိုက်တာမှာ မည်ကဲ့သို ဒါရိုက်တာ ဖြစ်လာသလဲဆိုတာ သူမ ဘယ်လိုမှ စဉ်းစားလို့မရ။ အမှုအရာသင်တာက ချာတူးလန်ဟု ဆိုရမလောက်။ အလွန်တော်သည့် ဒါရိုက်တာကြီးများနှင့် ကားပေါင်းများစွာ တွဲရိုက်ခဲ့ဖူးသူမို့ ဒီဒါရိုက်တာဆိုသူမှာ ဒါရိုက်တာပညာဆိုလို့ ဘာမှ ရှိဟန်မတူမှန်း သူမ သတိပြုမိသည်။

ပထမပိုင်းမှာတော့ သူမ သူ့ကို လေးလေးစားစား ဆက်ဆံကာ သူခိုင်းသည့်အတိုင်းတွေ လုပ်ပေးခဲ့သည်။ သို့ပေမယ့် ကြာလာတော့ သူမ စဉ်းစားမိလာသည်။ ပရိတ်သတ်က သူမ လုပ်တာတွေကိုသာ မြင်ကြမှာ။ သူတော်တာ ညံ့တာကို ပရိတ်သတ်က သိမှာမဟုတ်။ ဒီတော့ သူမ ပရိတ်သတ်တွေရှေ့မှာ နာမည်အပျက်ခံမလား။ သူမ သရုပ်ဆောင်တာ ညံ့ဖျင်းလှသည်ဆိုတာမျိုး သူမ အဖြစ်မခံနိုင်။

ထို့ကြောင့် သူခိုင်းသည့် အမှုအရာတွေကို သူမ ပြန်လည်အထွန့်တက်မိလာသည်။ သူမ ပိုကောင်းမည်ထင်သည့်အတိုင်း လုပ် မိတဲ့အခါ ဆင်းကံ့ကော်က ဒါရိုက်တာအပေါ်မှာ လေးစားမှုမရှိ ဘူးရယ်လို့ ဖြစ်လာခဲ့ရသည်။

ထိုကားကို သူမ ပြီးဆုံးသည်အထိ ဆက်မရိုက်ဖြစ်ခဲ့ပါ။ အခန်းတစ်ခန်းရိုက်ရာတွင် ဘယ်လိုမှ ညှိမရဘဲ ဒါရိုက်တာနှင့် သူမ စကားများကြသောကြောင့်ဖြစ်သည်။ သူမက သူ့ကို

'ရိုက်ကွင်းရဲ့ ဘုရင်ဖြစ်ချင်ရင် ဖြစ်လောက်တဲ့ အရည်အ

www.burmeseclassic.com

www.burmeseclassic.com


သွေးတွေကို အရင်တည်ဆောက်ထားမှပေါ့’လို့ သူမရဲ့ ပကတိအမြင်အတိုင်း နှုတ်လှန်ထိုးမိလေတာကိုး။ ထိုသို့ ပြဿနာတက်တော့မှ ထိုသူ ဒါရိုက်တာ ဖြစ်လာရခြင်းအကြောင်းကို သူမ ရေရေရာရာ သဘောပေါက်ခွင့် ရသွားတော့သည်။ သူက အဲဒီကားထုတ်လုပ်သူရဲ့ ညီအရင်းခေါက်ခေါက် ဖြစ်နေလေတာကိုး။

အဲဒီနောက်ပိုင်းမှာ အမှုအရာပိုင်းနှင့် ပတ်သက်လို့ သူမ ဘယ်ဒါရိုက်တာ ခိုင်းတာကိုမှ မျက်စိစုံမှိတ်ကာ မလုပ်တော့။ ပိုကောင်းမယ်ထင်တဲ့ အမူအရာတွေကို သူမဘက်က ပြန်လည်ညှိနှိုင်းတာတွေ ရှိလာခဲ့သည်။ အထူးသဖြင့် သူမ ယုံကြည်စိတ်ချမှု မရှိတဲ့ ဒါရိုက်တာတွေနှင့်ဆိုလျှင် အခြေအတင် ပြောမိသည်အထိ ဖြစ်လာခဲ့သည်။ ဆင်းကံ့ကော်က ဒါရိုက်တာတွေကို လေးစားမှု မရှိဘူးဟု ချဲ့ကားကာ ဘယ်လိုပဲပြောကြပြောကြ သူမကတော့ သူမ ပရိတ်သတ်အတွက် အကောင်းဆုံးကိုသာ ပေးမယ်လို့ စိတ်တင်းကာ သူမ ယုံကြည်သည့်အတိုင်း ရဲရဲတင်းတင်း ဆက်လုပ်ခဲ့သည်။ ဆင်းကံ့ကော်ခေတ်ဆိုတဲ့ သူမ လုပ်သမျှ ဖြစ်နိုင်နေခဲ့တဲ့ ကာလလေးတစ်ခုမှာပေါ့။

***

‘မင်းသားမလာသေးဘူးလား’

ရှုတင်မန်နေဂျာက ခေါင်းကို ခပ်ဖြည်းဖြည်း ခါပြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ မနက်စောစောကတည်းက ရိုက်ကွင်းကို ရောက်နေခဲ့ခြင်းဖြစ်သည်။ သူမ တစ်ယောက်တည်း ရိုက်လို့ရသည့် အခန်းတွေလဲ အကုန်ရိုက်ပြီးခဲ့ပြီ။ ယခု နေ့လယ်နှစ်နာရီကျော်သည်အထိ မင်းသားက မရောက်လာသေး။ အလကားသက်သက် ထိုင်စောင့်ရင်း အချိန်ကုန်ကာ ပင်ပန်းရသည်။

'ဒါဆို ကျွန်မ ပြန်တော့မယ်'

'ဟာ … မလုပ်ပါနဲ့ မင်းသမီးရယ် … မင်းသားက တော်ကြာလာတော့မှာပါ … သူက တခြားကားတစ်ခုကိုလဲ ရိုက်ပေးနေရသေးတာဆိုတော့ … ဟိုကပြီးတာနဲ့ ပြေးလာမှာပါ … ဒီမှာ အဆင်သင့်လုပ်ထားပါလို့ ဖုန်းဆက်ထားတယ်'

သူမရဲ့ မာနစိတ်တွေ ခေါင်းထောင်ထလာကာ ထောင်းခနဲဒေါသထွက်သွားသည်။ မင်းသားမှာချည်းပဲ အလုပ်ရှိတာမဟုတ်။ သူမမှာလဲ အလုပ်တွေ ရှိတာပဲ။ ပြည့်ကြပ်နေတဲ့ သူမရဲ့ အချိန်ဇယားတွေထဲမှာ နည်းနည်းကလေးအားရင် သူတို့ကို ပေးပါဆိုပြီး တောင်းနေသူတွေ သူမမှာ အပြည့်။ သူမက မလုပ်ချင်လို့သာ။

အခုတော့ သူတို့က ဘာလဲ။ မင်းသားကိုသာ လူထင်ပြီး မင်းသမီးကိုတော့ လူမထင်ဘူးဆိုတဲ့ သဘောလား။

သူမ ထိုင်ရာမှ ထရပ်လိုက်မိသည်။

'ကောင်းပြီလေ … မင်းသားရောက်ရင် ကျွန်မဆီ ဖုန်းဆက်လိုက် … ကျွန်မ အိမ်မှာပဲ ရှိနေမယ်'ဟုဆိုကာ လှည့်ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အနောက်က လှမ်းခေါ်နေသံကို ကြားပေမယ့် သူမ လုံးဝ လှည့်မကြည့်တော့။ အလကားလူတွေ။ အလျှော့ပေးတဲ့သူ၊ နိုင်လို့ရတဲ့သူဆို ပိုပြီးနိုင်ချင်ကြသည်။ မနိုင်မှန်းသိတဲ့သူတွေကိုကျ တော့ ချော့လို့ မ,လို့မပြီး။ အခုအချိန်ကစပြီး သူမအကြောင်းကို သိစေရမယ်။ နောက်ကို ဘယ်တော့မှ သူများ နောက်ကျတာကို မ စောင့်တော့ဘူး။ စောင့်ချင်းစောင့် သူမ နောက်ကျတာကိုသာ သူတို့ က စောင့်စေရမယ်ဟု ချွန်မြစူးရှနေသော မာနစိတ်များဖြင့် သူမ ဆုံးဖြတ်ချက်ချလိုက်မိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

'မောင်ရယ် .. မောင့်မိဘတွေက ရွှေပိတောက်နဲ့ သဘောမတူနိုင်ဘူးတဲ့ ဟုတ်လား ... ရွှေပိတောက်က မေမေ့သမီး ဖြစ်နေတာ တစ်ခုလေးနဲ့ မောင်နဲ့ ရွှေပိတောက်တို့ ဝေးကြရမှာလား ... ပြောပါဦး မောင်ရယ်'

'ညီမလေး ... ညီမလေး'

'ဟာ ... ကဒ် .. ကဒ် ... ဟေ့လူ .. ဒီမှာ ရုပ်ရှင်ရိုက်နေတယ်လေ ... ခင်ဗျားဗျာ .. အားလုံးသွားကုန်ပြီ'

သူမ သွင်းထားတဲ့ mood တွေအားလုံး အတောင်ပေါက်ကာ လန့်ဖြန့်ပျံထွက်ပြေးကုန်လေပြီ။ သူမ စိတ်ပျက်လက်ပျက်ဖြင့် အသံလာရာဘက်ကို လှမ်းကြည့်လိုက်မိသည်။ ဒါရိုက်တာ ဆူနေသည့် ထိုလူကို သူမ မြင်ဖူးသလိုပါပဲလား။

'နေကြာ ... ညီမလေး'

'အစ်ကို ... အစ်ကိုဝဏ္ဏ'

www.burmeseclassic.com

www.burmeseclassic.com



သူမ အစ်ကို့နား ဘယ်လိုရောက်သွားသည်မသိ။ သရုပ်ဆောင်နေတာ မဟုတ်သည့် မျက်ရည်တွေ သူမ မျက်ဝန်းထဲမှ စီးကျလာသည်။ ရင့်ရော်နေသည့် အစ်ကို့ရုပ်သွင်ကို ကြည့်လျှင် သူမထက် နှစ်နှစ်သာကြီးသည်ဆိုတာ ဘယ်သူမှ ယုံနိုင်မည်မထင်။ အစ်ကို အသားတွေညိုပြီး ပိန်သွားလိုက်တာဟုတွေးကာ အစ်ကို့မျက်နှာကို ပျောက်သွားမှာ ကြောက်သလို ငေးကြည့်နေမိသည်။ အစ်ကိုနှင့်သူမ အဆက်အသွယ်မရခဲ့တာ အစ်ကိုအိမ်က ထွက်သွားခဲ့ပြီးကတည်းက မဟုတ်လား။ အစ်ကိုသာ သူမကို နေကြာလို့ မခေါ်လျှင် သူမ ဘယ်လိုမှ မှတ်မိမှာ မဟုတ်။ ရိုက်ကွင်းကို လာကြည့်သူတွေရဲ့ မျက်လုံးတွေ သူမနှင့် အစ်ကိုဝဏ္ဏထံ စုပြုံရောက်လာကြသည်။

'ငါ ခွင့်ရက်ရှည်ရလို့ အိမ်ပြန်သွားတာ ... နင့်အကြောင်း အမေပြောပြမှ သိရတယ် ... ငါ ဈေးလာရင်း ဒီနားမှာ လူတွေ ရုံးစု ရုံးစုလုပ်နေတာတွေ့လို့ မေးကြည့်တော့ ဆင်းကံ့ကော်ဆိုတာနဲ့ ဝင်ကြည့်လိုက်တာ'

'အစ်ကို အချိန်ရတယ် မဟုတ်လားဟင် ... ခဏစောင့်ပါလား ... ဒါလေးလက်စသတ်ပြီး အိမ်ကို ပြန်တော့မှာ ... အစ်ကိုလိုက်ခဲ့လို့ရတယ်မဟုတ်လား'

သူမ အစ်ကို့ကို ခဏစောင့်ခိုင်းကာ အလုပ်ကို စိတ်ပါအောင် ပြန်လည် ကြိုးစားလိုက်ရသည်။

'ငါ မနက်ဖြန် ရှေ့တန်းပြန်ရမယ်'

အပြန်လမ်းမှာ အစ်ကိုက ခပ်တိုးတိုးဆိုသည်။ မောင်နှမ

www.burmeseclassic.com

www.burmeseclassic.com



တွေ ပြန်တွေ့လို့မှ မဝသေး။ နေပါအုံးလားလို့ ပြောလို့မဖြစ်တဲ့ အနေအထား။

'နင် အိမ်ကို တစ်ခေါက်မှ မပြန်ဘူးဆို ... နင်က စိမ်းကား လိုက်တာဟာ'

သူမ အိမ်ပြန်ခဲ့စဉ်က အဖြစ်ကို ပြောမည်ပြုပြီးမှ မပြော ဘဲနေလိုက်သည်။

'အမေလည်း သိပ်မမာဘူးဟ ... နင်အားရင် တစ်ခေါက် လောက်တော့ ပြန်ဦးကွာ ... အငယ်ကောင်ဆိုးတာတော့ နင်သိမှာ ပေါ့'

'ဘာရယ်'

သူမ ဆတ်ခနဲ ဖြစ်သွားသည်။ အငယ်ကောင် ဆိုးသွားပြီတဲ့ လား။ သူမ အိမ်ကို စိမ်းကားပြတ်တောက်စွာ မေ့ထားခဲ့တဲ့ကာလ တွေမှာ အခြေအနေတွေက အဲဒီလောက်တောင် ဆိုးဝါးသွားသတဲ့ လား။

'သွေးလွန်တုတ်ကွေးလေ ... ရိုးရိုးဖျားတယ်လို့ထင်ပြီး ပေါ့နေမိတာ ... သွေးလန့်ပြီးမှ ဆရာဝန်ခေါ်တော့ မမှီတော့ဘူးလေ ... အကြီးကောင်သူရလည်း အိမ်က ထွက်ပြေးသွားတာ ... နယ်စပ် ဘက်လိုလို ပြောသံကြားတာပဲ ... သူလည်း နင့်လိုပဲ အိမ်ကို လုံးဝကို ပြန်မလာဘူး ... ဘာအကြောင်းမှလဲ မကြားဘူး ... အခုထိ သေ သလား ရှင်သလားမသိရဘူး ... ဒီကောင်သိပ်မိုက်တယ် ... အေးလေ ... ငါတို့အကြီးတွေကလဲ လိမ်မှ မလိမ်မာ ပြခဲ့ကြတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုက သူမကို မကြည့်ဘဲ အဝေးသို့ မှုန်ရီသော မျက်ဝန်းများဖြင့် ငေးရင်း ပြောလေသည်။ သူမ မျက်နှာတွေ ပူနွေးကာ အပြစ်ရှိတဲ့ တရားခံတစ်ယောက်လို ခံစားလိုက်ရသဖြင့် ခေါင်းကို ငုံ့ထားလိုက်မိသည်။

သူမတို့ အိမ်ရောက်သည်အထိ ဘာစကားမှ ထပ်မဆိုဖြစ်ကြ။ ညစာ ထမင်းစားပြီး ဒီတစ်ည အိမ်မှာ အိပ်ရန် ပြောတော့ အစ်ကိုက တပ်ကို သတင်းပြန်ပို့ရမည်ဟုဆိုကာ မအိပ်။ သူတို့ ထမင်းစားရင်း တတ်နိုင်သမျှ ငယ်ဘဝက ပျော်စရာအကြောင်းတွေကိုသာ ရွေးပြောမိနေကြသည်။ ပြန်ခါနီးမှာ သူမ ခေါင်းကို ပုတ်ကာ

'နေကြာ ... လိမ်လိမ်မာမာနေနော်'ဟု ဆိုလိုက်တော့ သူမ စိတ်ထဲမှာ ငယ်စဉ်ကလေးဘဝကလေးကို ပြန်ရောက်သွားသလို ခံစားလိုက်ရပြီး မျက်ရည်တွေ ဝဲလာမိသည်။

'အစ်ကို'

နင့်နင့်သီးသီးဝင်လာတဲ့ ခံစားချက်ကို မထိန်းနိုင်တော့သဖြင့် အစ်ကို့ ရင်ခွင်ထဲဝင်ကာ ငိုချလိုက်မိသည်။ အစ်ကိုက သူမကိုယ်ကို အသာအယာခွာရင်း

'တိတ်ပါဟာ ... ငါ နောက်တစ်ခေါက် ခွင့်ရရင် နင့်ဆီပြန်လာပါ့မယ် ... အဲဒီအခါကျ တို့ အမေတို့ဆီ အတူတူ ပြန်ကြတာပေါ့ ... ကဲ .. ငါသွားမယ်ဟာ'ဟု နှစ်သိမ့်ကာ ထွက်သွားသည်။ ကားနှင့် ပြန်လိုက်ပို့မည်ဆိုတာကို အပို့မခံ။ သူမ အစ်ကိုဝတ္တာရဲ့ နောက်ကျောကို ကြည့်ကာ ဘယ်လောက်ကြာအောင် ကြေကွဲနေ

www.burmeseclassic.com

www.burmeseclassic.com



မိသည် မသိ။ ဖျတ်ခနဲ ရောက်လာပြီး ဖျတ်ခနဲ ပြန်ထွက်သွားခဲ့တဲ့ အဖြစ်က အိပ်မက်တစ်ခု မက်လိုက်ရသလို။

အစ်ကို့စကားတွေကြောင့် သူမရဲ့ စိမ်းကားပြတ်တောက်မှုတွေအတွက် အပြစ်ရှိသလို ခံစားလိုက်ရပေမယ့် ရွာကို သူမ မပြန်ချင်။ အမေ့ကို သူမ မတွေ့ချင်။ အစ်မတွေကိုလည်း သူမ မချစ်။ သူမမှာ သံယောဇဉ်တွယ်စရာ မောင်ဆိုလို့လဲ မင်းဒင်တစ်ယောက်သာ ကျန်တော့သည်လေ။ ပြီးတော့ သူမမှာ အကြောင်းပြစရာ အလုပ်တွေကလဲ တစ်ပုံတစ်ပင် မဟုတ်လား။ အင်း ... အစ်ကို ပြန်လာတဲ့အခါကျရင်တော့ အတူတူပြန်တာပေါ့ဟု တွေးရင်း ရွာပြန်ဖို့ ကိစ္စကို အချိန်အကန့်အသတ်မရှိ ရွှေ့ဆိုင်းပစ်လိုက်မိလေတော့သည်။

သူမရဲ့ စိတ်ထဲက အပြစ်ရှိတဲ့ ခံစားချက်တွေကို သက်သာရာရန်စေအတွက် နောက်တစ်နေ့တွင် အမေတို့ထံကို စာတိုက်မှ တစ်ဆင့် ငွေတစ်သိန်းပို့ပေးလိုက်လေသည်။

***

သွားပုပ်လေလွင့် လျှောက်ပြောကာ သိက္ခာချလိုသူအချို့ကြောင့် မင်းသမီးတွေအားလုံးနီးပါးခမျာမှာ ပိုက်ဆံပေးလျှင် ခေါ်လို့သည် ဆိုတာမျိုး အနည်းနှင့်အများ နာမည်ထွက်ဖူးကြသည်ချည်းဖြစ်သည်။ သို့ပေမယ့် သူမရဲ့ နာမည်ထွက်ပုံက ဆန်းလှသည်။ ဆင်းကံ့ကော်ကို ဘယ်၍ဘယ်မျှပေးလျှင် ခေါ်လို့ရတယ်လို့ အတိအကျ

www.burmeseclassic.com

www.burmeseclassic.com



အသေအချာပြောသူတွေရှိကြောင်း သူမ ကြားသိခါစက ခပ်ပေါ့ပေါ့သာ သဘောထားက ဂရုမစိုက်မိခဲ့။ တစ်စထက်တစ်စ ထိုကောလဟာလက ပြင်းထန်းလွန်းမက ပြင်းထန်လာတော့ သူမ သည်းမခံနိုင်တော့။ မယုံတဲ့လူက ခေါ်ပြခိုင်းတော့ တကယ်ခေါ်ပြပေးခဲ့သည်ဆိုတဲ့ စကားက သူမရဲ့ သိက္ခာကို ထိခိုက်လွန်းလှသည်။ ခိုင်မာစွာပြောကြလွန်းလို့ အစက မယုံခဲ့ကြတဲ့ သူမကိုချစ်တဲ့ သူမရဲ့ အမာခံပရိတ်သတ်တွေကတောင် ယုံကုန်ကြပြီတဲ့။

ကိုယ်မဟုတ်တာ မလုပ်မှန်း ကိုယ့်ကိုယ်ကိုယ် အသိဆုံးမို့ သူမ အလွန်ဒေါသထွက်မိသည်။ ဒါမျိုးလုပ်စားချင်မှတော့ အစကတည်းက အပင်ပန်းခံပြီး သရုပ်ဆောင်ပညာတွေကို ကြိုးစား ဆည်းပူးလေ့လာခဲ့ပါ့မလား။ မင်းသမီးရော ဘာလို့ လုပ်စားနေအုံးမှာလဲ။

သူမနှင့် အတော်လေး ရင်းနှီးတဲ့ ဒါရိုက်တာကိုမင်းနိုင်ကို ဒီအကြောင်း ရင်ဖွင့်ကာ ပြောပြမိတော့ သူက သူ့သူငယ်ချင်းတစ်ယောက်ကလည်း ဒီကိစ္စကို ပြောဖူးကြောင်း၊ သူက သူမနှင့် ရင်းနှီးသူမို့ မခံနိုင်ဖြစ်ကာ သူနှင့် စကားများမလိုပင် ဖြစ်ခဲ့ရကြောင်း ပြန်ပြောပြသည်။ ဒါရိုက်တာက သူမကို အားနာဟန်ဖြင့် ကြည့်ကာ

'သူက အတော်ကို တိတိကျကျပြောတာ ... သူ ကိုယ်တိုင် ခေါ်ဖူးတယ်လို့ကို ပြောတာ'

'ဒါဆို သူ့ကို ခေါ်ပေးပါလို့ ပြောပေးပါလားဆရာ ... ဆရာ့အတွက်အနေနဲ့ပေါ့ ... ဒါမှ ကျွန်မလည်း ဒီပြဿနာရဲ့ အဖြေကို

www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာသိရမှာ'

'တကယ်ပြောတာလား'

ဒါရိုက်တာက သူမကို မယုံမသင်္ကာဟန်ဖြင့် ပြန်မေးသည်။ ဒီလိုလူတွေတောင် သို့လော သို့လော ဖြစ်နေလျှင် တခြားသူတွေဆို လျှင် ဘယ်လိုများနေပါ့မလဲဟု တွေးကာ သူမ ရင်ဘတ်တစ်ခုလုံး လေးလံသွားသည်။

သူမ တကယ်ဖြစ်ကြောင်းပြောကာ သူမ စဉ်းစားထားသည့် အစီအစဉ်တွေကို ပြောပြလိုက်သည်။

ချိန်းထားတဲ့နေရာက ဒါရိုက်တာရဲ့ နေအိမ်။ သူမနှင့် သက်သေအထောက်အထား ယူဖို့ ခေါ်ထားသည့် ဓာတ်ပုံဆရာလေး က ဧည့်ခန်းနှင့် ကပ်လျက်မှာ ရှိတဲ့ ထမင်းစားခန်းထဲမှာ ကြိုရောက် နှင့် နေခဲ့ကြသည်။

ဒါရိုက်တာနှင့် သူ့သူငယ်ချင်း ရောက်လာသံကိုကြားရ တော့ သူမတို့ အသက်ပင် ပြင်းပြင်းမရှူဝံ့ဘဲ ထမင်းစားခန်းထဲမှာ ငြိမ်နေကြရလေသည်။

'မင်းကိုငါ အစက လူရိုးကလေးလို့ ထင်မိတာ ... အခု တော့ လူရိုးဆိုတာ သချိုင်းမှာပဲ ရှိတယ်ဆိုတဲ့စကားကို ငါ လုံးဝ ဥသုံ ယုံသွားပြီကွာ'

သူ့သူငယ်ချင်းဆိုသူထံမှ ကြားလိုက်ရသောစကားကြောင့် သူမကို နာမည်အပျက်ခံကာ ကူညီပေးသည့် ကိုမင်းနိုင်ကို အလွန် အမင်း အားနာသွားမိသည်။ သူတို့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြော

www.burmeseclassic.com

www.burmeseclassic.com



ကြ ရယ်ကြနှင့် အချိန်အတော်လေးကြာသွားသည်။ သူမ နားထောင်နေရင်း အချိန်တွေ ကုန်ခဲလှသလို ထင်ရကာ စိတ်မရှည် ဖြစ်လာသည်။ ဒီလောက်ဆို ဆင်းကံ့ကော်ကို ခေါ်မပေးနိုင်ဘူးဆိုတာ သေချာသွားပြီ မဟုတ်လား။ သူမတို့ ကောလဟာလ လွှင့်ထုတ်ကာ သူမကို နာမည်ဖျက်သူကို ပြောင်ကျကျ ရင်ဆိုင်သင့်တဲ့ အချိန်ရောက်ပြီလို့ ယူဆမိပေမယ့် ဒါရိုက်တာထံမှ ကြိုတင်မှာကြားထားတဲ့ အချက်ပေးစကားထွက်မလာသေးသဖြင့် သူမ စိတ်ကို သူမ ကြိုးစားကာ ထိန်းနေရသည်။

ထိုစဉ်မှာပင် အိမ်ရှေ့မှ ကားဆိုက်သံ ကြားလိုက်ရသည်။

'ဟော ... ဆင်းကံ့ကော်လာပြီ'

ဆင်းကံ့ကော်က ဒီမှာ ရှိနေတာပဲ၊ ဘယ်လိုလုပ် လာနိုင်မှာလဲဟု တွေးကာ သူမ စိတ်ထဲက ကြိတ်ပြုံးလိုက်မိသည်။ သို့ပေမယ့် သူမ မမျှော်လင့်ထားတာတွေကို သူမ ဆက်ကြားလိုက်ရသည်။

'ဆင်းကံ့ကော် နောက်ကျတယ်'

'ဆောရီးကိုကြီး ... ရှူတင်က မပြတ်လို့ လက်စသတ်ပေးနေရတာနဲ့ ကြာသွားတာ'

ချွဲချွဲပြစ်ပြစ် ပြန်ပြောတဲ့ အသံက သူမ စကားပြောတဲ့ လေယူလေသိမ်းနှင့် ခပ်ဆင်ဆင်။ သူမ စူးစမ်းလိုစိတ်ကို မထိန်းနိုင်တော့သဖြင့် ထိုင်နေရာမှ အသံမမြည်အောင် ထကာ ဧည့်ခန်းနှင့် ထမင်းစားခန်းကို ခြားထားတဲ့ ကန့်လန့်ကာကြားမှ အသာကလေး ချောင်းကြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရား ... ဘုရား။ သူမတွေ့လိုက်ရတဲ့ ကောင်မလေးက သူမနှင့် ညီအစ်မလား ထင်ရလောက်အောင် ရုပ်ချင်းဆင်နေပါ့လား။ သို့ပေမယ့် ထိုကောင်မလေးက သူမရဲ့ရုပ်ရှင်ထဲက အသွင်သဏ္ဌာန်နှင့် တူအောင် ပြင်ထားတာလေ။ ဒါကြောင့် သေသေချာချာ ကြည့်လျှင် သူမရဲ့အပြင်က အသွင်သဏ္ဌာန်နှင့် ကွာခြားမှုတွေရှိနေသည်။ သူမကို အပြင်မှာ သေသေချာချာသိသူတွေမှသာ ဒါ သူမ မဟုတ်ဘူးဆိုတာ သိနိုင်မည့်ပုံမျိုး။ ဟောလိဝုဒ်မှာ ဒါမျိုးတွေ ရှိတယ်လို့ ကြားဖူးထားပေမယ့် ဒီမှာ ဒါမျိုးရှိတယ်လို့ တစ်ခါမှ မကြားဖူးသေး။

ဒါဟာ သူမရဲ့ သိက္ခာတွေကို သက်သက်မဲ့ လိုက်ချပြီး သူမ ကို အသရေဖျက်နေတာပဲ။ သူမ ဒေါသထွက်လွန်း၍ ခေါင်းတွေ ပူထူကာ အသားတွေပင် တဆတ်ဆတ် တုန်လာသည်။ သူမနာမည်ကို အလွဲသုံးစားပြုသူကို စိတ်ရှိလက်ရှိ ထုရိုက်ကာ သတ်ပင် သတ်ပစ်လိုက်ချင်စိတ်ပေါက်လာမိသည်။ ကိုမင်းနိုင်က အသံဖမ်းကက် ဆက်ထည့်ထားသည့် သူ့ ပိုက်ဆံအိတ်ကို ဖွင့်ပြီး ပစ္စည်းတစ်ခုခု ရှာဟန်ပြုကာ ထိုကောင်မလေးနှင့် အနီးဆုံးနေရာက စားပွဲပေါ်ကို တင်လိုက်သည်။

'သမီးက မင်းသမီးဆင်းကံ့ကော်လား'

'ဟုတ်တယ်လေ ... ကိုကြီး မီးရဲ့ကားတွေကို မကြည့်ဖူးဘူးလား'

သူမရဲ့ လေယူလေသိမ်းအတိုင်း တူအောင် တုပြောနေသူကို

www.burmeseclassic.com

www.burmeseclassic.com



ကန့်လန့်ကာ နောက်ကွယ်မှ ကြည့်ရင်း သူမ အံ့ကြိတ်လိုက်မိသည်။

'သမီးက မင်းသမီးဆိုတော့ ပိုက်ဆံတွေ အများကြီးရမှာပေါ့နော် ... ဘာလို့ ဒီအလုပ်ကို လုပ်စားနေတာလဲ'

'ဒါကတော့ ကိုကြီးရယ် ... မီးလည်း ဘယ်လုပ်ချင်ပါ့မလဲ ... ရတဲ့ပိုက်ဆံက နည်းနည်းလေးကို ဘယ်လိုသုံးလို့လောက်ပါ့မလဲလို့ ... မီးရဲ့ မိတ်ကပ်ဖိုးတို့ အဝတ်အစားဖိုးတို့က နည်းမှ မနည်းတာကို'

အံမာ ... သင်းက ငါ့ထက်တောင် သရုပ်ဆောင်ကောင်းနေပါ့လားဟု တွေးရင်း သူမ ဒေါသတွေ အလိပ်လိုက်ထွက်နေမိသည်။

'သမီးက ဆင်းကံ့ကော်ဆိုရင် ဦးနဲ့ ကားတွဲရိုက်ခဲ့ဖူးတာ မှတ်မိမှာပေါ့နော် ... ငွေစင်ရော်ဆိုတဲ့ကားလေ ... ဦးကို သမီး မမှတ်မိဘူးလား'

ဒီစကားကို ကြားလိုက်ရချိန်မှာတော့ ကောင်မလေး ဆတ်ခနဲဖြစ်ကာ တုန်သွားတာကို တွေ့လိုက်ရသည်။ သို့ပေမယ့် ချက်ခြင်း ပြန်ထိန်းကာ

'အဟင်း ... ဒါကြောင့်တွေ့ဖူးတယ်လို့ ထင်နေတာ ... မီးက တစ်နေ့တစ်နေ့ တွေ့ရတဲ့လူတွေက များလွန်းတော့ ရောနေပြီ ဦးရဲ့'

'တခြားလူတွေကို ရောပေမယ့် ဦးကိုတော့ ရောဖို့ မကောင်းပါဘူး ... အခုလက်ရှိကို ဦးနဲ့ ဗီဒီယိုတစ်ကား ရိုက်နေသေး

www.burmeseclassic.com

www.burmeseclassic.com



တာလေ’

‘ဟို ... ဟို’

ဘယ်လိုမှ ဆက်လိမ်လို့ မရမှန်း သိသွားတော့ ကောင်မလေး မျက်စိပျက် မျက်နှာပျက်ဖြစ်သွားသည်။

‘သမီးကို ကြည့်ရတာ ဦးသိတဲ့ ဆင်းကံ့ကော်နဲ့ နည်းနည်းများ ကွာနေသလားလို့’

‘ဟိုဒင်းလေ ... သမီးသွားတော့မယ် ... အရေးကြီးတဲ့ ကိစ္စ တစ်ခုရှိတာ အခုမှ သတိရတယ်’

အခြေအနေ မဟန်မှန်းရိပ်မိတော့ လစ်ပြေးရန် ကြံလေတော့သည်။

‘နေပါအုံး သမီးရဲ့ ... သမီးကို ဦးက လူတစ်ယောက်နဲ့ မိတ်ဆက်ပေးချင်လို့’

ကိုမင်းနိုင်က ထိုင်ရာမှ ထကာ ထိုကောင်မလေးရှေ့မှာ ပိတ်ရပ်လိုက်သည်။ ကိုမင်းနိုင်ရဲ့ သူငယ်ချင်းကလည်း ကြောင်အမ်းအမ်းဖြင့် ကြည့်နေရာမှ ထရပ်သည်။

ဒါက အချက်ပေးစကားပဲ။ သူမဘေးကို ဘယ်အချိန်က ရောက်နေမှန်းမသိတဲ့ ခါတ်ပုံဆရာကောင်လေးကို လှမ်းကြည့်ကာ နှစ်ယောက်သား ဧည့်ခန်းထဲ ထွက်ခဲ့ကြသည်။

‘ဟင် ... ဒါ ... ဒါ’

ကိုမင်းနိုင်သူငယ်ချင်းဆီမှ အံ့ဩစွာ ထွက်လာတဲ့အသံ။ ကင်မရာမှ မီးတွေ တဖျတ်ဖျတ်လင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဟုတ်တယ် ... အဲဒါ မင်းသမီးဆင်းကံ့ကော် အစစ်ပဲ ... ဟော့ .. နေအုံးလေ'

ထွက်ပြေးဖို့ ကြိုးစားနေတဲ့ ကောင်မလေးရဲ့လက်ကို ကိုမင်းနိုင်က ဖမ်းဆွဲထားသည်။ သူမ စိတ်ထဲမှာ ဆူညံပေါက်ကွဲကာ အော်ဟစ်ရန်တွေ့နေမိပေမယ့် အပြင်ကို ဘာအသံမှ ရုတ်တရက် ထွက်မလာနိုင်ဘဲ မျက်လုံးတွေသာ မီးဝင်းဝင်းတောက်နေသည်။

'ကဲ ... အစစ်နဲ့ အတု နှစ်ယောက်တွဲ တစ်ပုံလောက် ကိုထွန်းရေ့'

သူမ ကောင်မလေး ဘေးမှာ ဝင်ရပ်လိုက်သည်။ ကောင်မလေးက ခေါင်းကို မမော့သဖြင့် သူမ မေးစေ့ကို ဆွဲမလိုက်ရသည်။

'ဟင်း .. အခုမှ ကြောက်နေတယ်ပေါ့ ... ငါ့နာမည်ကို အလွဲသုံးစားလုပ်ပြီး လုပ်စားတုန်းကတော့ ကြောက်ရကောင်းမှန်း မသိဘူးပေါ့ ... ငတုံးတွေ ငအတွေ ငကြောင်တွေ အားလုံးကလည်း ယုံပစ်လိုက်ကြတာပဲ ... ဟင်း .. မပြောလိုက်ချင်ဘူး'

ဒီတစ်ကြိမ် ခေါင်းငုံ့သွားသူက ကိုမင်းနိုင်ရဲ့ မိတ်ဆွေ။ သူမ ကိုမင်းနိုင်ရဲ့ ပိုက်ဆံအိတ်ကို ကောက်ကိုင်ကာ အထဲမှာ အသံဖမ်း စက်ကို ထုတ်လိုက်သည်။

'ကဲ .. ဒီမှာ မင်းရဲ့ ဓာတ်ပုံသက်သေလဲရပြီ ... ဒီမှာ မင်းကိုယ်မင်း ဆင်းကံ့ကော်ပါလို့ ပြောထားတဲ့ မင်းအသံနဲ့ တိတ်ခွေလဲရှိပြီ ... ဒါဟာ အယောင်ဆောင်မှုပဲ ... မင်း ဘာငြင်းချင်သေးသလဲပြော ... မင်းကို ရဲလက်အပ်ရမယ်'

www.burmeseclassic.com

www.burmeseclassic.com



'ခွင့်လွှတ်ပါ မမရယ် ... သမီးလေ သမီး ... ငတ်လွန်းလို့ လုပ်စားမိတာပါ ... သမီး ... သမီး ... နောက် မလုပ်တော့ပါဘူး ... ဟီး .. ဟင့် ဟင့်'

ဘယ်လိုမှ မဟန်မှန်းသိတော့ ချက်ခြင်း မျက်ရည်ခံထိုးကာ အသနားခံလေတော့သည်။ သူမတောင် သူ့လောက် သရုပ်ဆောင်ကျွမ်းကျင်မည် မထင်။ ကိုယ်ပိုင်ကားကို ကိုယ်တိုင် မောင်းလာသူက ငတ်လို့ဆိုတာ သူမက ယုံရမလား။

'ခွင့်လွှတ်ရမယ်ဟုတ်လား ... မင်းကြောင့် ငါ နာမည် ဘယ်လောက်ပျက်ခဲ့ရတယ်ထင်သလဲ ... ငါ သိက္ခာတွေ ဘယ်လောက်ကျခဲ့ရတယ် ထင်သလဲ'

'သမီးကို ခွင့်မလွှတ်နိုင်ရင် သတ်သာ သတ်လိုက်ပါ အစ်မရယ် ... ရဲလက်တော့ မအပ်ပါနဲ့ ... သမီး ဘဝမှာ သမီးသေရင် ငိုမယ့်သူလည်း တစ်ယောက်မှ မရှိပါဘူး'

သူမ ခြေထောက်ကို ဖက်ကာ ငိုရင်းပြောတော့ သူမ တွေဝေသွားသည်။ ဆင်းကံ့ကော်ရဲ့ အသည်းက အပေါ်ယံကလေးသာ တင်းမာတာ မဟုတ်လား။ ထို့ကြောင့် ကောင်မလေးရဲ့ သူ ဘာကြောင့် ဒီလိုပျက်စီးရတာပါဆိုတဲ့အကြောင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြတဲ့ စကားသံတွေထဲမှာ သူမ အသည်းတွေ အရည်ပျော်ကျသွားသည်။ သူမ ကိုယ်တိုင်ကလည်း ဘဝခရီးလမ်းကို တစ်ယောက်တည်း ခဲရာခဲဆစ် လျှောက်လှမ်းနေခဲ့ရသူတစ်ယောက် မဟုတ်လား။ ဒီလို ဘဝကို တစ်ကိုယ်တည်း လျှောက်လှမ်းနေရတဲ့ မိန်းကလေးတွေရဲ့ ဘဝဟာ

www.burmeseclassic.com

www.burmeseclassic.com



သားရဲတောထဲမှာ နေရတဲ့ ယုန်သူငယ်လေးတွေလိုပဲလေ။ ဖျက်ဆီးခြေမွပစ်ချင်လို့ ချောင်းနေတဲ့သူတွေရဲ့ အန္တရာယ်ကို ကိုယ်တိုင်ကြုံတွေ့ဖြတ်သန်းဖူးသူမို့ သူပြောသမျှ အားလုံးကို သူမယုံသည်။ ကိုယ်ချင်းလဲစာမိသည်။ သူမသာ သူ့နေရာမှာဆိုရင်ဆိုတဲ့ အတွေးနှင့် သူမတင်းထားသမျှတွေအားလုံး ပျက်ကြွေသွားလေတော့သည်။

'ကောင်းပြီလေ ... မင်းကို ငါ ဒီတစ်ကြိမ် ခွင့်လွှတ်လိုက်မယ် ... သက်သေခံပစ္စည်းတွေကိုတော့ သိမ်းထားမယ် ... နောက်ထပ် မင်း ငါ့နာမည်ကို အလွဲသုံးစား လုပ်တယ်လို့ ကြားရင်မလွယ်ဘူးမှတ်ပါ ... အေး .. နောက်ပြီး မင်းဒီဘဝက တကယ် ရုန်းထွက်ဖို့ ဆုံးဖြတ်ပြီးပြီဆိုရင် ငါ့ဆီကို အချိန်မရွေးလာခဲ့ ... ငါ မင်းကို ကူညီမယ် ... ကဲ .. သွားတော့'

'ဟုတ် .. ကျေးဇူးတင်လိုက်တာ အစ်မရယ်'

သူမက ခွင့်ပြုလိုက်တာနှင့် ကောင်မလေး လှစ်ခနဲ ထွက်ပြေးလေတော့သည်။ ကိုမင်းနိုင်က

'ကံ့ကော်ကလည်း ပျော့လိုက်တာ ... ဒီလိုကောင်မလေးတွေရဲ့ စကားက ယုံရတာ မဟုတ်ဘူး ... နောက်ထပ် လုပ်ချင်လုပ်ဦးမှာ ... သူတို့တွေက လျှောက်သာ ပြောနေတာ ... တကယ်တမ်း ဒီဘဝထဲက ရုန်းထွက်ချင်ကြတာ မဟုတ်ဘူး'ဟု မကျေမနပ်ဖြင့် ပြောသည်။

ကိုမင်းနိုင်ရဲ့ သူငယ်ချင်းကလည်း

'အေးဗျာ .. ကျွန်တော်တို့မှာဖြင့် ဆင်းကံ့ကော်အစစ်

www.burmeseclassic.com

www.burmeseclassic.com



အောက်မေ့လို့ သူတောင်းသမျှကို ပေးလိုက်ရတာ ... နှမြောလိုက်တာဗျာ'ဟု ဝင်ပြောလေသည်။

ဒါကတော့ ကိုယ့်အပြစ်နဲ့ ကိုယ်ခံပေါ့ဟု စိတ်ထဲက ပြောကာ သူမ မအောင့်နိုင်စွာ လှောင်ပြုံးပြုံးလိုက်မိသည်။

'ရှိပါစေတော့ ကိုမင်းနိုင်ရယ် ... နောက်ထပ်လုပ်လဲ ကံ့ကော်ကံပေါ့ ... ဒါ ကံ့ကော်မဟုတ်ဘူးဆိုတာ ကိုမင်းနိုင် သူငယ်ချင်းနဲ့ ဓာတ်ပုံတွေလဲ သက်သေရှိနေပြီပဲ'ဟု ပြောလိုက်မိသည်။ သူမ စိတ်ထဲမှာ အဲဒီကောင်မလေး သူမဆီ မကြာမီ ရောက်လာလိမ့်မည်ဟု အမှန်တကယ် ယုံကြည်စွာ မျှော်လင့်နေမိသည်လေ။ ထို့ကြောင့် သူ့ဘဝကို ပြန်လည်ထူထောင်ပေးရန်အတွက် နည်းလမ်းပေါင်းစုံကို သူမ စဉ်းစားကာ ပြင်ဆင်နေမိသည်။

သူမ စောင့်မျှော်နေမိပေမယ့် လပေါင်းများစွာ ကြာသွားသည်အထိ သူမထံ ထိုကောင်မလေး ရောက်မလာခဲ့ပါ။ ဆင်းကံ့ကော်ကို ခေါ်လို့ရတယ်ဆိုတဲ့ အသံကတော့ လုံးဝ ထပ်မကြားရတော့။ သူမလည်း ကြာလာတဲ့အခါ အလုပ်တွေနှင့် အခြားကိစ္စတွေကြားထဲ နစ်မြုပ်ခေါင်းရှုပ်ရင်း ထိုကောင်မလေးနှင့် သူ့အကြောင်းတွေကို မှတ်ဉာဏ်ထဲမှ လုံးဝ မေ့ပျောက်သွားလေတော့သည်။

***

သူမ အောင်မြင်မှုများစွာရခဲ့ပေမယ့် အကယ်ဒမီ မရသေး

www.burmeseclassic.com

www.burmeseclassic.com


တာ ဘာကြောင့်မှန်းမသိ။ အကယ်ဒမီဆိုတာ ဘာအရေးကြီးလို့လဲ၊ အောင်မြင်ဖို့က အဓိကပါလို့တွေးပြီး မစားရတဲ့ စပျစ်သီး ချဉ်သလို နေပြခဲ့ပေမယ့် သူမရဲ့ အတွင်းစိတ်ထဲကတော့ အကယ်ဒမီကို တက်မက်တောင့်တနေမိမြဲ။ သူမ သရုပ်ဆောင်ကောင်းလို့သာ သူမကို ပရိတ်သတ်က အားပေးကြတာ မဟုတ်ဘူးလား။ သရုပ်ဆောင်ကောင်းလျက်နှင့် အကယ်ဒမီ ဘာလို့ မရရတာလဲဆိုတာကို သူမ နားမလည်။

သူမ ဒါရိုက်တာကြီးဦးမင်းယုနှင့် တွေ့ချိန်ကျမှ သူမရဲ့ အားနည်းချက်တွေကို အမှန်အတိုင်း သိရတော့သည်။ ဦးမင်းယုက အလွန်အမင်းစိတ်ရှည်သည်။ မအော်မငေါက်ဘဲ သူလိုချင်သည့် ပုံစံကို ရအောင် စကားတွေ ပြောရင်း မေးရင်း တဖြည်းဖြည်းချင်း စိတ်ရှည်လက်ရှည် ဆွဲယူတတ်သည်။

'သရုပ်ဆောင်တယ်ဆိုတာ စိတ်ထဲက ခံစားချက်ပါမှ မျက်နှာမှာ ပေါ်တာ … အဲဒီတော့ ခံစားချက်ကို ညာလို့မရဘူး … အတုလုပ်လို့ မရဘူး … ညည်းဒီအခန်းမှာ သရုပ်ဆောင်ရမယ့် ခံစားချက်မျိုးနဲ့ ခပ်ဆင်ဆင် ညည်းဘဝမှာ ဘာဖြစ်ခဲ့ဖူးသလဲ စဉ်းစားစမ်း … အခု အမေသေတဲ့ အခန်းရိုက်မှာဆိုတော့ ညည်းနဲ့ အနီးကပ်ဆုံး ချစ်တဲ့ ခင်တဲ့သူတွေထဲက ဘယ်သူ သေဆုံးတာ ကြုံခဲ့ဖူးလဲ … အဲဒါကို ပြန်တွေး … အဲဒီတုန်းက ခံစားချက်ကို ပြန်ယူ'

ဒီလိုနည်းနှင့် သူမ ရင်ထဲမှာ အဖေဆုံးခဲ့စဉ်က ခံစားချက်တွေကို ပြန်သတိရလာစေခဲ့သည်။ ချစ်ခန်း ကြိုက်ခန်းတွေ လွမ်းခန်း

www.burmeseclassic.com



တွေ ရိုက်တော့လဲ အဲဒီအတိုင်း သူမရဲ့ အတိတ်ကို ပြန်ဆွသည့် မေးခွန်းတွေဖြင့် သူမကို တကယ်နာကျင်ခံစားလာရအောင် စိတ်ကို ဆွပေးရင်း သရုပ်ဆောင်ခိုင်းခဲ့သည်။ ဦးမင်းယုက တစ်ကားလုံးကို ဒီလိုနည်းနှင့် ဆွဲခေါ်လာခဲ့တာမို့ အဲဒီကားမှာ သူမ အကယ်ဒမီရခဲ့တာ ဘာမှမဆန်း။

နောက်တစ်ကားကို ရိုက်တော့ အခြားဒါရိုက်တာနှင့် ဖြစ်ပေမယ့် ဈာန်သွင်းတိုင်း ဦးမင်းယု မေးခဲ့သလို ကိုယ့်ကိုယ်ကို ပြန်ပြော ပြန်မေးကာ ဈာန်သွင်းယူခဲ့သည်။ ထို့ကြောင့် နောက်တစ်နှစ်မှာလဲ သူမ အကယ်ဒမီ ထပ်ရခဲ့ပြန်သည်။

အလျှင်စလို ရိုက်ရတဲ့ ကားတွေ များလာချိန်မှာ သူမလည်း အကျင့်တွေ ပြန်ပျက်ကာ နဂိုအတိုင်း ပြန်ဖြစ်သွားလေတော့သည်။ ဈာန်ဆိုတာက သွင်းလျှင် သွင်းသလောက် စိတ်ပင်ပန်း လူပင်ပန်း ဖြစ်ရတာမို့ သူမ ကိုယ်တိုင်ကလည်း ခိုချင်လာသည်။ သူမကို ပြောမည့်သူကလည်း မရှိဘူး မဟုတ်လား။ လောလောဆယ်မှာ မင်းသမီးတွေထဲမှာ သူမသာ နံပါတ်တစ် ဖြစ်နေသည်မို့ ထပ်ကြိုးစားနေဖို့ မလိုတော့ဟု ယူဆမိတတ်လာသည်။ အကယ်ဒမီလည်း နှစ်ဆုကြီးများတောင် ရပြီးနေပြီပဲလေ။ ထပ်မလိုချင်တော့ပါဘူး။ အသက်ဝဝ ရှူချိန် မရှိအောင် ဗီဒီယိုကားတွေ ဆက်တိုက် ရိုက်နေရချိန်မှာတော့ သူမကို နှစ်ခါ၊ သုံးခါလောက် ပြန်လုပ်ခိုင်းလျှင်ပင် စိတ်မရှည်ချင်တော့။ ကောင်းနေပြီးသားတွေကို အပင်ပန်းထပ်မခံနိုင်တော့ဟု ယူဆတတ်လာသည်။ အလုပ်အတူ လုပ်နေရသူ အများစုကလည်း သူမ

www.burmeseclassic.com

www.burmeseclassic.com



ပြန်လုပ်မည်ဆိုလျှင်တောင် စိတ်မရှည်ချင်ကြ။ မလိုပါဘူး ကောင်းပြီးသားပဲဟုဆိုကာ မြန်မြန်ရိုက် မြန်မြန်ပြီး မြန်မြန်ထုတ်ကာ ငွေမြန်မြန်ရရေးလောက်ကိုသာ အရေးထားနေကြသည်လေ။ သူမ ကိုယ်တိုင်မှာလဲ ဝန်နှင့်အားနှင့် မမျှအောင် လက်ခံထားမိတဲ့ အလုပ်ဒဏ်တွေက ဖိစီးနေလေတော့ ဖြစ်ကတတ်ဆန်းနှင့် ဝရုန်းသုန်းကား အခြေအနေတွေကို နှစ်ခြိုက်စွာ လက်ခံလာခဲ့မိသည်။

ရထားပြီးတဲ့ နေရာလေးတစ်ခုက ထာဝရတည်မြဲအောင် ခိုင်မာနေပြီလို့ ထင်ထားခဲ့မိတဲ့ ကာလကလေးတစ်ခုမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သူမ တိုက်ခန်းကလေးရဲ့ ဝရန်တာမှာ ထိုင်ရင်း အနက်ရောင် ကောင်းကင်ကြီးကို မော့ကြည့်နေမိသည်။ တစ်ချိန်က အချိန်အား လုံးဝမရှိခဲ့သူက အခုတော့ အချိန်ပြည့် အားလပ်သူတစ်ယောက် ဖြစ်သွားခဲ့ပြီလေ။ မြင့်မားတဲ့ တိုက်တွေ၊ သစ်ပင်တွေကြားက တစ်စွန်းတစ်စကလေးသာ မြင်ခွင့်ရတဲ့ ကန့်သတ်ထားတဲ့ မြို့ပြရဲ့ ကောင်းကင်ထဲမှာ လင်းလက်နေတဲ့ ကြယ်အချို့ကို သူမ လှမ်းမြင်နေရသည်။ ကြယ်တွေတောင် အချိန်တန်ရင် ကြွေရသေးတာပဲ။ လူတစ်ယောက်ရဲ့ ကျရှုံးမှုဆိုတာ အံ့ဩစရာ ကောင်းသလား။ အဖေပြောခဲ့သလို သူမ အနုပညာနယ်ပယ်မှာ လင်းလက်ထင်ရှားတဲ့ ကြယ်တစ်ပွင့်အဖြစ် နှစ်ကာလများစွာ တောက်ပခွင့်ရခဲ့ပြီးပြီပဲ လေ။ ဒါဟာ ကျေနပ်စရာ မကောင်းဘူးလား။

ကိုယ့်ကိုယ်ကို နှစ်သိမ့်တဲ့ အတွေးတွေကို ဘယ်လိုပဲ ကြိုးစားတွေးပေမယ့် ရင်ထဲက နာကျင်ခံစားနေရတာတွေက လျော့ပါး

www.burmeseclassic.com

www.burmeseclassic.com



မသွား။ အောက်ဆုံးအထိ ထိုးဆင်းနေတဲ့ စိတ်ခါတ်တွေကို ပြန်လည် ဆယ်ယူဖို့ အစွမ်းကုန် ကြိုးစားပေမယ့် မအောင်မြင်။ အပျက်တွေးတွေဘက်ကိုသာ စိတ်က ပြန်လည်သွားသည်။

သူမ အခုတော့ ကြယ်ဆိုတာ ကမ္ဘာမြေနှင့် အလင်းနှစ်ပေါင်း များစွာ ဝေးကွာတဲ့ အရပ်ဒေသက နေတွေပဲဆိုတာ သိရှိမှတ်သားခဲ့ဖူးပြီးပြီလေ။ ဝေးလွန်းလို့သာ အဖြူရောင်အဖြစ် မြင်နေရတာတဲ့။ သူမ ငယ်စဉ်က ကြီးမားတောက်ပတဲ့ ကြယ်နီကြီး အဖြစ်နှင့် သိခဲ့တဲ့ သောကြာကြယ်ဆိုတာ တကယ်တော့ ကြယ်အစစ်မှ မဟုတ်တာ။ ဂြိုဟ်တစ်လုံးသာ ဖြစ်သည်တဲ့လေ။ ကြယ်တွေမှာက ကိုယ်ပိုင်အလင်းရောင်တွေ ရှိကြပြီး ဂြိုဟ်တွေမှာက ကိုယ်ပိုင်အလင်းရောင် မရှိဘူးတဲ့။ သူမက ကြယ်တစ်ပွင့် ဖြစ်ခဲ့တယ်ဆိုတာ ဟုတ်မှ ဟုတ်ရဲ့လား။ ဂြိုဟ်တစ်စင်းလို သူများရဲ့ အလင်းရောင်နှင့် များ တောက်ပခဲ့တာများလား။

ထားပါလေ။ ဒါတွေ အားလုံးက တင်စားချက်တွေပါပဲ။ လောကခံဆိုတာ လူတိုင်း ရင်ဆိုင်ရတာပဲ။ အို ... မဟုတ်ဘူး ... မဟုတ်ဘူး။ ဒီကျရှုံးခြင်းဆိုတာကို ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ဘူး။ ငါ့ကျမှ ဒီလို ဘာဖြစ်လို့ဖြစ်ရတာလဲ။ ငါ အကောင်းဆုံးတွေကို ကြိုးစားလုပ်ခဲ့တာပဲ။ ဘာကြောင့် နာမည်ကျသွားရတာလဲ။ ဘာလို့ လာငှားတဲ့သူတွေ မရှိရတော့တာလဲ။ ငါ မောက်မာခဲ့မိလို့လား။ ငါ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတာ လွန်သွားခဲ့တာလား။ သွား ... သွား ... ငါ မမှားဘူး။ အားလုံးက မှားကြတာ။ ဒါ အပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျဆုံးတာ မဟုတ်သေးဘူး။ ဆင်းကံ့ကော် ဘယ်တော့မှ မကျရှုံးဘူး။ တစ်ချိန်မှာ အရင်ကထက် ပိုပြီးတောင် နာမည်ကြီးဦးမှာ။ အဲဒီအခါကျရင် ငါ့ကို ဥပေက္ခာပြုခဲ့တဲ့လူတွေ ငါ့ကို ပြန်ဒူးထောက်လာစေရမယ်။ အဲဒီတစ်ချိန်ကရော ရှိလာနိုင်ပါ့ဦးမလား။ အို … ဘာလို့ မရှိရမှာလဲ။ ရှိကို ရှိလာဦးမှာ။

တော်ပြီ။ စိတ်ညစ်စရာတွေကို မတွေးတော့ဘူး။ မျက်ရည်ကျတာလဲ ဒါနောက်ဆုံးအကြိမ်ပဲ ဖြစ်ရမယ်။ ပျော်စရာ အကြောင်းတွေကိုပဲ တွေးမယ်။ သူမရဲ့ အလင်းလက် အတောက်ပဆုံး အချိန်တွေကိုပေါ့။ ကြယ်တွေက ကြွေခါနီးအချိန်တွေမှာ ထူးခြားစွာ လင်းလက်တောက်ပကြတယ်ဆိုတဲ့စကား ဘာလို့ ခေါင်းထဲ ဝင်လာရတာပါလိမ့်။ ဟုတ်မှာပါလေ။ သူမလည်း ကြွေပျက်ခါနီးမို့ ဒီလောက် လင်းလက်ခွင့်ရခဲ့တာများလား။ အို … မဟုတ်တာ။ သူမ ဘယ်တော့မှ မကြွေပျက်ဖူး။ ခေတ္တခဏမှေးမှိန်သွားတာပဲရှိမယ်။ ဆင်းကံ့ကော်ဆိုတာ သူများနဲ့ မတူတဲ့ ထာဝရတည်မယ့် ကြယ်တစ်ပွင့်လေ။

သူမ နာမည်ကျပြီဆိုတာ စတင်သိလိုက်ရစဉ်က သူမ ဘယ်လိုမှ မယုံနိုင်ခဲ့။ တစ်သက်လုံး တည်မြဲတော့မည်လို့ ထင်ရလောက်အောင် အမြင့်ဆုံးနေရာမှာ အချိန်ကြာမြင့်စွာ နေခဲ့ပြီးမှ ပြန်ကျရသတဲ့လား။ သူမကားတွေ ဝင်ငွေမကောင်းတော့လို့ ဆင်းကံ့ကော်နာမည်ကျသွားပြီလို့ ပြောသံကြားတိုင်း သူမ ရယ်စရာ ပြက်လုံးတစ်ခုကို ကြားရသလို ဟက်ဟက်ပက်ပက် ရယ်နေခဲ့မိသည်။ အရင်က

www.burmeseclassic.com

www.burmeseclassic.com



ရက်အားလေး တစ်ရက်ရဖို့ မနည်းရှာနေခဲ့ရတဲ့ သူမမှာ တစ်စ ထက်တစ်စ ရက်အားတွေ များသထက်များလာသည်။ နားရတာပေါ့ လို့ ကိုယ့်ကိုယ်ကိုယ် လှည့်စားကာ ပျော်ချင်ယောင်ဆောင်နေခဲ့ပေ မယ့် အတွင်းစိတ်ထဲက စတင်စိုးရိမ်နေခဲ့ပြီ။ သူမကို အရင်က မ ချည်းကပ်ရဲခဲ့ အောက်ကားရိုက်သူများ စတင်ချည်းကပ်ကာ သူမလို အကယ်ဒမီနှစ်ဆုရှင်ကြီးနှင့် ဘယ်လိုမှ မတန်အောင် နည်းပါးလွန်း လှတဲ့ ဈေးနှုန်းကို ပေးကာ ကားရိုက်ရန် ကမ်းလှမ်းလာကြတော့ သူမ အစော်ကားခံလိုက်ရသလို ခံစားရကာ ဆတ်ဆတ်ခါအောင် ဒေါသတွေ ထွက်ခဲ့မိသည်။ အောက်ကားဆိုတာ ထုတ်လုပ်သူတွေက ဒါနဲ့လောက်အောင်ရိုက်ဆိုပြီး ပုတ်ပြတ်ပေးတဲ့ ပိုက်ဆံအတိုင်း လောက်အောင် ရိုက်ရသည့် အဖြစ်ကားတွေလေ။ အပေါစားပြဇာတ် တွေလို ဖြစ်ချင်တိုင်း ဖြစ်ကာ ညံ့ဖျင်းလွန်းသည့် ထိုကားမျိုးတွေမှာ သူမလို မင်းသမီးက သရုပ်ဆောင်ရမတဲ့လား။ ဝေးပါသေးသည်။ သူမ အဲဒီလူတွေကို နောက်ထပ် မလာရဲအောင် ပြတ်ပြတ်သားသား ပြောကာ ငြင်းပစ်ခဲ့သည်။

ကိုယ့်ကိုယ်ကိုယ် ဘယ်လိုမှ လှည့်စားလို့ မရတော့တဲ့ အချိန်၊ သူမ နာမည်ကျပြီဆိုတာ သေသေချာချာ လက်ခံလိုက်ရတဲ့ အချိန်မှာ သူမ အရုပ်ကြိုးပြတ်ဖြစ်ကာ အိပ်ရာထဲ လုံးဝ လဲသွားလေ တော့သည်။ အိပ်လို့လဲ မရ၊ စားလို့လဲ မဝင်။ နှလုံးသားနေရာတည့် တည့်မှာ မီးနှင့် အမြှိုက်ခံရသလို ပြင်းထန်စွာ ပူလောင်သည့် ဝေဒ နာကို အခံရခက်စွာ ခံစားခဲ့ရလေသည်။ ဖြေမဆည်နိုင်လောက် အောင်

www.burmeseclassic.com

www.burmeseclassic.com



ဖိစီးခဲ့သည့်ဒဏ်က တစ်လခန့် အချိန်လေးအတွင်းမှာ သူ မကို တစ်ခေါင်းလုံး ဖွေးဖွေးလှုပ်သွားစေခဲ့သည်။ သူမ ဘယ်သူ့ကိုမှ အတွေ့မခံ၊ ဘယ်ကိုမှ မထွက်ဘဲ အိမ်တွင်းမှာသာ အောင်းနေခဲ့သည်။ ဘယ်သူ့ကိုမှ သူမ မကျေနပ်နိုင်။ အရာရာ အားလုံးကို သူမ ကျိန်ဆဲနေမိသည်။ ပြောတော့ ကံဆိုတာ အလုပ်ဆို။ ဒါဆို သူမ ဘာလို့ ကံမကောင်းရတာလဲ။ ဆင်းကံ့ကော်ရယ်လို့ ဖြစ်လာအောင် ဒီလောက်တောင် ကြိုးစားရုန်းကန်လာခဲ့ရတာ။ ပြီးတော့ သူမ ကောင်းမှုကုသိုလ်တွေလဲ အများကြီး လုပ်ခဲ့တာပဲ မဟုတ်လား။ ဒီ လောက်တောင် လှူခဲ့တန်းခဲ့၊ လူတွေကို ကူညီခဲ့တဲ့သူတစ်ယောက် မှာ ဒီလို ကျရှုံးမှုမျိုးကို ကြုံတွေ့သင့်ပါသလား။

တစ်လကျော်လာတဲ့ အခါမှာတော့ အခြေအနေက သူမကို ဆက်လက် ကြေကွဲနေခွင့် မပြုတော့သဖြင့် သူမ စိတ်တွေကို ပြန် တင်းကာ ကိုယ့်ကိုယ်ကို ပြန်တည်ဆောက်ရန် ကြိုးစားခဲ့ရသည်။ အိမ်ဖော်တွေအားလုံးကို ထုတ်ပစ်လိုက်ရသဖြင့် သူမနံဘေးမှာ ဒေါ် အေးသာ ကျန်တော့သည်။ ဒေါ်အေးက သူမကို စိတ်တည်ငြိမ် အေး ချမ်းမှုရအောင် ဘာသာရေးလုပ်ဖို့ တိုက်တွန်းတော့ သူမ စိပ်ပုတီးကို ပြန်ကိုင်ခဲ့သည်။ ဘာသာရေးအနေနှင့်တော့မဟုတ်။ သူမ ကိုယ့် ကိုယ်ကိုယ် ပြန်တင်နိုင်ရန် အတွက်လေ။ သူမ နေ့စဉ်စိပ်သည်က 'ငါဟာ အလွန်ကြီးကျယ်မြင့်မြတ်သူ ... ငါဟာ အမြဲတမ်း အောင် မြင်သူ'ဆိုတဲ့ စကားလုံး။ ဒေါ်အေးက သူမကို ရူးကြောင်ကြောင် ဖြစ်သွားတာကို ရိပ်မိပုံရပေမယ့် ဘာမှတော့ မပြော။ သူမနံဘေးမှာ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်တွေကို ကွပ်ကဲရင်း နှစ်ပေါင်းများစွာ သက်တောင့်သက်သာ နေခွင့်ရခဲ့သူက အခုတော့ သူမကို အရိပ်တကြည့်ကြည့်နှင့် သူမ လိုအပ်သမျှ အားလုံးကို အောက်ခြေသိမ်း လုပ်ပေးနေရရှာ သည်။

သူမ ပိုက်ဆံတွေ အများကြီး ရှာနိုင်ခဲ့ပေမယ့် တစ်သက်လုံး ဒီလိုပဲ ရှာနိုင်မည်ဟု ယူဆကာ ရသမျှကို သုံးပစ်ခဲ့မိသည်။ သူမမှာ ဘုရားမလို့သာ ဒီတိုက်ကြီးတစ်လုံး ကျန်နေခဲ့တာ။ ပုံမှန်ရပ်တည်ဖို့ ဝင်ငွေလိုအပ်လာတဲ့အခါမှာတော့ သူမ သံယောဇဉ်ကြီးလှတဲ့ ထိုတိုက်ကြီးကို ငှားကာ တိုက်ခန်းလေးတစ်ခုကို ပြောင်းရွှေ့ခဲ့ရလေတော့သည်။

အခုတော့ သူမရဲ့ ဖွေးဖွေးလှုပ်နေတဲ့ ခေါင်းကို လူမသိအောင် ပုံမှန် ဆေးဆိုးနေရလေပြီ။ သတ္တိမွေးကာ လူကြားထဲ ပြန်ထွက်လာခဲ့သည်။ လူရှေ့မှာ စိတ်အား ဘယ်လောက်ပဲ တင်းထားပေမယ့် မလုံမခြုံဖြစ်နေတဲ့ အတွင်းစိတ်ကြောင့် လူကွယ်ရာ ရောက်လို့ စိတ်ကို လွှတ်ပေးလိုက်တာနှင့် တစ်ပြိုင်နက် အရုပ်ကြိုးပြတ်ပြန် ဖြစ်သွားလေတော့သည်။ ထို့ကြောင့် အိမ်ပေါ်က အိမ်အောက်ဆင်းဖို့အတွက်ကလေးကိုပင် သူမမှာ မဟာစွန့်စားခန်းကြီးတစ်ခု လိုရင်ဆိုင်ကျော်ဖြတ်နေရသည်။

အရင်က သူမမှ သူမ သဲသဲလှုပ် ဖြစ်ခဲ့ကြတဲ့ လူတွေရဲ့ ပြောင်းလဲမှုတွေကို သူမ နာကျင်စွာ တွေ့ရလေသည်။ သူမကို တွေ့လျှင် လူတွေက အရင်တုန်းကအတိုင်း လှမ်းကြည့်ကြမြဲဖြစ်ပေမယ့် အရင်လို အားကျနှစ်သက်တဲ့ မျက်လုံးမျိုးတွေနှင့် မဟုတ်။ အထင်

www.burmeseclassic.com

www.burmeseclassic.com



သေး လှောင်ပြောင် ရှုတ်ချတဲ့ မျက်လုံးတွေနှင့်။ သူမရဲ့ ရွှေရောင် ကာလတွေမှာ သူမရဲ့ လက်မှတ်ကလေးတစ်ခုရဖို့ အသည်းအသန် လိုက်တောင်းနေခဲ့ကြတဲ့ သူမရဲ့ ပရိတ်သတ်တွေ ဘယ်ကမ္ဘာကို ရောက်ကုန်ကြပြီလဲ။ တစ်ခါက သူမကို နဖူးမှာ အော်တိုလက်မှတ် ထိုးခိုင်းပြီး အဲဒီလက်မှတ်ပျက်သွားမှာစိုးလို့ဆိုပြီး ငါးရက်တိတိ မျက်နှာတောင်မသစ်ဘဲနေခဲ့တယ်ဆိုတဲ့ ကောင်လေးတစ်ယောက် အကြောင်းကို ပြန်ကြားခဲ့ဖူးသည်။ ဆင်းကံ့ကော်ရဲ့ အနားမှာ မျက် နှာကလေးသာ ကြည့်နေပါရစေ။ ဘာပဲခိုင်းခိုင်း အကုန်လုပ်ပေးချင် တယ်ဆိုတဲ့ သူမကို အရူးအမူး စွဲလမ်းသူ ကောင်မလေးကရော အခု ဘယ်မှာလဲ။ ဒါတွေဟာ အခုတော့ အိပ်မက်တစ်ခု မက်လိုက်ရသလို ဘာတစ်ခုမှ အကောင်အထည် မကျန်ရစ်ခဲ့တဲ့ အရာတွေပါလား။

သူမဟာ ကြံတစ်ချောင်းလို ကောင်းသမျှ အရည်တွေအားလုံးကို ညှစ်ယူသွားခြင်း ခံခဲ့ရပြီး ဘာမှ သုံးမရတဲ့ ကြံဖတ်တစ်ခုလို ဖြစ်ကျန်ရစ်ခဲ့ရသူလား။ အခုတော့ သူမဟာ အမှိုက်တစ်စ အဖြစ်ပဲ တည်ရှိနေတော့တာလား။ တစ်ရက်ချင်း အသက်ဆက်ရှင်ဖို့ ကြိုးစားရတာ ဒီလောက် ခက်ခဲလိမ့်မယ်လို့ ဘယ်တုန်းကမှ သူမ မသိခဲ့ဖူးပါလား။ သူမ အခုအချိန်မှာ အသက်ရှင်နေတာဟာ မသေနိုင်သေးလို့ဆိုတဲ့ အကြောင်းတစ်ခုတည်းကြောင့်သာ ဖြစ်နေပြီလေ။

စိတ်ဓာတ်တွေကို ဘယ်လိုပင် ဆွဲမြှင့်တင်ပေမယ့် ခဏသာခံသည်။ အဆိုးဆုံးကာလတွေကို လွန်မြောက်ကျော်ဖြတ်နိုင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် အခုအချိန်အထိလဲ စိတ်ဓာတ်တွေက တက်လိုက်ကျလိုက် ဖြစ်နေဆဲ။ ကျပြီဆိုလျှင် အပြင်လဲ မထွက်ချင် အစားလဲ မစားချင်တော့။ အိပ်ပစ်ပြီး အားလုံးကို မေ့ထားလိုက်ချင်ပေမယ့် ဒီအတိုင်း ဘယ်လိုမှ ကြိုးစားအိပ်လို့မရ။ ဘာကိုမှ ယုံကြည် ကိုးကွယ်လို့ မရတော့တဲ့ သူမမှာ ဆောက်တည်ရာမဲ့လွန်းလာတော့ ဆရာဝန်ပေးတဲ့ စိတ်ငြိမ်ဆေးတွေကို အားကိုးလာရသည်။

သူမ ဘာကြောင့် ဒီလိုဖြစ်သွားတာလဲဆိုတဲ့ မေးခွန်းရဲ့ မရေရာတဲ့ အဖြေများစွာကိုပဲ သူမ အထပ်ထပ် အခါခါ ပြန်တွေးနေမိသည်။ စာနယ်ဇင်းဆရာတွေနှင့် ပြဿနာ ဖြစ်ခဲ့တာတွေကြောင့်လား။ သူမကို သူမရဲ့ ဆရာတစ်ဦးက စာနယ်ဇင်းတွေနှင့် ပတ်သက်လို့ ဆုံးမစကားပြောခဲ့ဖူးတာ သူမ ဘာလို့ အခုမှ ပြန်သတိရတာပါလိမ့်။ 'သူတို့ရေးချင်တာ ရေးပေ့စေ ... စိတ်မဆိုးနဲ့... ကိုယ့်ကို ကြော်ငြာပေးတယ်လို့သာ သဘောထား ... သူတို့လည်း မင်းလိုပဲ သူတို့ရဲ့ စားဝတ်နေရေးအတွက် သူတို့အလုပ်ကို သူတို့ လုပ်နေကြတယ်ဆိုတာ နားလည်ပေး ... သူတို့ပျော်ရွှင် စိတ်ချမ်းသာနေရင် သူတို့မင်းကို ချစ်ကြလိမ့်မယ် ... စာနယ်ဇင်းမှ မဟုတ်ဘူး ... လူတွေအားလုံးက အရမ်းအောင်မြင်နေတဲ့လူတွေကို အနည်းနဲ့အများတော့ ပြောချင်ဆိုချင်ကြတာပဲ ... ဒီတော့ မင်းကို အပြစ်တွေ၊ အားနည်းချက်တွေ ရှာလာကြတာ သဘာဝပဲ ... အဲဒါကို ဒေါသမထွက်ဘဲ သဘောထားကြီးကြီးထားနိုင်ရင် မင်းအတွက် အမြတ်ပဲ'တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်လွန်းမက အောင်မြင်နေချိန်တွေမှာ သူမရဲ့မှတ်ဉာဏ်ထဲမှာ အစအနတောင် ရှာလို့မရခဲ့တဲ့ စကားတွေလေ။ သို့ပေမယ့် သူမ ကြုံခဲ့ရတဲ့ အဖြစ်တွေကရော သဘောထားကြီးနိုင်လောက်တဲ့ အဖြစ်တွေလားဟု သူမ ပြန်တွေးကြည့်မိသည်။ ဘယ်လိုမှ မဖြစ်နိုင်ပါ။ သူမ နေရာမှာ တခြားတစ်ယောက်ဆိုရင်ရော သူမထက် သဘောထား ပိုကြီးနိုင်မတဲ့လား။ သူမ ဘယ်လိုမှ မထင်ပါ။

ဘယ်စာစောင်၊ ဘယ်မဂ္ဂဇင်းကိုမဆို အဆင့်အတန်း မခွဲခြားဘဲ ဆက်ဆံလာခဲ့တဲ့ သူမ။ အင်တာဗျူးတွေကို ကန့်သတ် စိစစ်ပြီးမှ လက်ခံတတ်လာအောင် အစပြုလို့ သင်ပေးခဲ့တာက သူတို့တစ်တွေရဲ့ လုပ်ရပ်တွေကပဲ မဟုတ်ဘူးလား။

***

'နွေ'စာစောင်ဆိုတာကို သူမ တစ်ခါမှ မကြားဖူး။ သို့ပေမယ့် သူမကို တွေ့ဆုံခန်းလုပ်ဖို့ဟုဆိုကာ ကြိုတင်အကြောင်းမကြားဘဲ ရောက်လာသော အင်တာဗျူးဆရာကို ကောင်းမွန်စွာ ကြိုဆိုလက်ခံခဲ့သည်။ သူ မေးသမျှ မေးခွန်းတွေကိုလဲ အလွန့်အလွန် ပင်ပန်းနေတဲ့ကြားက ကြိုးစားကာ ဖြေပေးခဲ့သည်။

သူမ ဖတ်ရသည့် သူမ အင်တာဗျူးပါလာသည့် နွေစာစောင်ကို ထိုသူက လာပေးခဲ့တာ မဟုတ်။ ရိုက်ကွင်းတစ်ခုမှာ မင်း

www.burmeseclassic.com

www.burmeseclassic.com



သားအသစ်ကလေးတစ်ယောက်က သူ့မှာပါလာတဲ့ စာစောင်ကို ထုတ်ပြရင်းကမှ တွေ့ခဲ့ရတာ။ သူမရဲ့ အင်တာဗျူးကို စဖတ်လိုက်တော့ သူမ ရုတ်တရက် ငါဘာတွေများ ပြောခဲ့မိတာပါလိမ့်ဟု ခံစားလိုက်ရကာ ကိုယ့်မျက်လုံးကို ကိုယ်မယုံနိုင်ဖြစ်သွားသည်။ နောက်တစ်ခေါက် ပြန်အဖတ်မှာတော့ ဒါတွေဟာ သူမ ပြောခဲ့တဲ့ စကားတွေ မဟုတ်ဘူးဆိုတာ စတင်ရိပ်မိလာသည်။ သို့ပေမယ့် ခေတ်ပုံက သူမဆီက သူတောင်းသွားတဲ့ပုံ။ ခေါင်းစဉ်ကလည်း ဆင်းကဲ့ကော်နှင့် တွေ့ဆုံခြင်းတဲ့။

သူမ အထပ်ထပ်အခါခါ ပြန်ဖတ်လေ ဒါတွေက သူမ ပြောခဲ့တာ တစ်ခုမှ မဟုတ်ဘူးဆိုတာ သေချာသထက် သေချာလေဖြစ်လာသည်။ သူမ ဒေါသအရမ်းထွက်သွားသဖြင့် နွေစာစောင်ကို ဖုန်းဆက်ကာ တာဝန်ခံအယ်ဒီတာကို ကက်ကက်လန်အောင် ရန်တွေ့လိုက်မိသည်။ တရားစွဲမယ်ဆိုတာ အထိတောင် ပြောမိသလားမသိ။ အယ်ဒီတာက ဒီကိစ္စကို သူ ဘာမှ မသိရကြောင်း၊ အင်တာဗျူးဆရာကို သူ ရှာကာ ချက်ခြင်းမေးပြီး ပြန်ဆက်မည်ဖြစ်ကြောင်း ပြောကာ သူမကို အသေအကြေ တောင်းပန်လေသည်။ နောက်မှ သိရတာက ထိုအင်တာဗျူးဆရာက အမူးလွန်ကာ သူမနှင့် အင်တာဗျူးလုပ်ထားတဲ့အခွေ ကျပျောက်သွားတဲ့အတွက် သူမကို ထပ်လည်းလာမမေးရဲ၊ အယ်ဒီတာဆီက ပိုက်ဆံယူထားပြီးပြီမို့ မရေးဘဲလဲ မနေရဲတာကြောင့် သူ့စိတ်ကူးနှင့် သူ ထင်ရာတွေကို ရေးလွှတ်လိုက်တာတဲ့လေ။ ဒါမျိုးက လုပ်သင့်တဲ့ အလုပ်ဖြစ်ပါသလား။ ပရိတ်သတ်

www.burmeseclassic.com

www.burmeseclassic.com



တွေကတော့ သူရေးသမျှတွေကို သူမ ပြောတယ်လို့သာ ထင်ကြပေတော့မည်။ သူမ စိတ်ဆိုးလှပေမယ့် ထိုစာစောင်ရဲ့ အယ်ဒီတာက အိမ်အထိ လိုက်လာကာ 'နောက်ဘယ်တော့မှ ဒါမျိုးမဖြစ်စေရပါဘူး'ဆိုပြီး ရှိခိုးမတတ်တောင်းပန်နေသဖြင့် သူမ သူ့ မျက်နှာကို ထောက်ထားကာ အလျှော့ပေးခဲ့ရသည်။

ထိုကတည်းက သူမ ယုံကြည်စိတ်ချရတဲ့ စာနယ်ဇင်းဆရာတွေနှင့်မှ မဟုတ်လျှင် ဘယ်အင်တာဗျူးကိုမှ လက်ခံကာ မဖြေ တော့။ အဲဒါ သူမ မှားတာလား။ အဲဒါ သူမ ကြီးကျယ်သွားတာ လား။

နောက်အင်တာဗျူးဆရာတစ်ယောက်နှင့် တက်ခဲ့ရတဲ့ ပြဿနာကတော့ ပုဂ္ဂိုလ်ရေးဆန်လွန်းတဲ့ မေးခွန်းတစ်ခုကြောင့်။ သူ့ကို ကြည့်ရတာ အတော်ငယ်သေးသည်။ ဒီလောကမှာ လူသစ်လဲ ဖြစ်ပုံရသည်။ ဆရာကြီးတွေတောင် သူမကို ဒါမျိုး တစ်ခါမှ မမေး။ သူ မေးတဲ့ မေးခွန်းကိုလဲ ကြည့်ဦးလေ။

'ဆင်းကံ့ကော်ရဲ့ ချစ်သူတွေက အနုပညာနယ်ပယ်တွေကရော အပြင်စီးပွားရေးနယ်ပယ်တွေထဲကရောနော် ... တစ်ယောက်နဲ့ တစ်ယောက် အလုပ်အကိုင်ချင်း မထပ်ဘူး ... ဒါနဲ့ နောက်ကိုရော ဘယ်လိုလူမျိုးကို ချစ်သူအဖြစ်ထားမယ်လို့ စိတ်ကူးထားသလဲ'တဲ့။

ထောင်းခနဲ ထွက်သွားတဲ့ ဒေါသနှင့်အတူ 'ဟင် ... ဒါနင့် အလုပ်လား'လို့ မေးလိုက်ချင်စိတ်ကို မျိုချပစ်လိုက်သည်။ ကိုယ်က မင်းသမီးပဲ။ ဒီ့ထက် အထိနာမယ့်နည်းတွေ ရှိတာပေါ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



သူမ အလှဆုံးပြုံးကာ သူ့မျက်ဝန်းထဲကို စိုက်ကြည့်လိုက်သည်။

'အဟင်း ... ဂျာနယ်လစ်လေ ... မမရဲ့ ချစ်သူတွေထဲမှာ ဂျာနယ်လစ်တစ်ယောက်မှ မရှိသေးဘူးကွယ်'

ဖြူတဲ့အသားကြောင့် သူ့မျက်နှာရဲတက်သွားတာ အတိုင်းသားမြင်နေရသည်။ သူမ အူထဲက ကလိကလိနှင့် ရယ်ချင်စိတ်ကို မနည်းထိန်းချုပ်နေရသည်။ မင်းကိုများ ငါက စိတ်ဝင်စားမယ်လို့ ထင်သလား ချာတိတ်ရယ်။

နောက်သိပ်မကြာခင်မှာ အဲဒီကောင်လေး သူမထံ ဖုန်းဆက်လာသည်။ စိတ်လှုပ်ရှားနေမှန်း သိသာလွန်းစွာ စကားသံတွေက အထစ်ထစ် အငေါ့ငေါ့။ သူမက ကောင်းမွန်စွာ စကားလက်ခံပြောတော့ သူက သူမကို ညစာကျွေးပါရစေတဲ့။ သူမ လက်ခံကာ ဟိုတယ်တစ်ခုမှာ သေသေချာချာ ချိန်းလိုက်သည်။ ပြီးတော့ လုံးဝ မသွား။

မင်းရဲ့ ပညာနုနုကလေးနဲ့ ငါ့ကို ဒီလိုလာ မစမ်းစမ်းပါနဲ့ဟု တွေးရင်း သူမ ရယ်မောနေခဲ့မိသည်လေ။

***

တကယ်တော့ သူမ ချစ်သူတွေ များခဲ့ရခြင်းက ပွေချင်ရှုပ်ချင်လို့မှ မဟုတ်ခဲ့တာပဲ။ သူမ ဘယ်တော့မှ အချစ်ထပ်မရှာတော့ဘူးလို့တောင် ဆုံးဖြတ်ထားခဲ့မိသေးတာပဲလေ။ အထီးကျန်

www.burmeseclassic.com

www.burmeseclassic.com


လွှန်းတဲ့ဒဏ်ကို မခံစားနိုင်တော့တာကြောင့်ပဲလား။ ထူးဆန်းတဲ့ အချစ်ဆိုတဲ့အရာကို မလွန်ဆန်နိုင်ခဲ့တာကြောင့်ပဲလား။ သူမမှာ ချစ်တတ်တဲ့ အသည်းနှလုံး မရှိတော့ဘူးလို့ သူမကိုယ်သူမ ထင်ထားခဲ့မိပေမယ့် အချိန်တန်တဲ့အခါ 'ဟောတော့ … ချစ်မိသွားပြန်ပြီ'လို့ ညည်းညူမိရအောင် ရင်ခုန်လွယ်တတ်လွန်းတဲ့စိတ်တွေကို သူမ ထိန်းမရနိုင်ခဲ့။

သူမနှင့် အတော်လေး ရင်းနှီးတဲ့ အသက်(၆၀)ကျော် လူကြမ်းမင်းသားကြီးက အသက်(၁၈)နှစ်အရွယ် ဇာတ်ရုံမလေးကို ငြိတွယ်မိကြောင်း သူမကို ရင်ဖွင့်ခဲ့စဉ်က သူမကပဲ နားလည်စွာ တရားပြခဲ့ဖူးသေးသည်လေ။ ကောင်မလေးက ကိုယ့်ကို အဖေလို၊ အဖိုးလို ချစ်ခင်တွယ်တာနေတာမို့ ဖြူစင်မှုတွေကို မဖျက်ဆီးသင့်ကြောင်း၊ ရှေ့ဆက်ရင် စိတ်ဆင်းရဲဖို့ပဲ ရှိတာမို့ မချစ်ဘဲ မနေနိုင်ရင် တစ်သက်လုံး ချစ်လို့ရတဲ့ ဖြူစင်တဲ့ အချစ်မျိုးနှင့်ပဲ ပြောင်းချစ်သင့်ကြောင်း ပြောပြနားချခဲ့ဖူးတဲ့ သူမ … ။ သူမကိုယ်သူမကျတော့ ဘယ်လိုမှ တရားမချနိုင်တော့ဘဲ ပိုးဖလံတစ်ကောင်လို မီးထဲကို ပျော်ရွှင်စွာ တိုးဝင်ဖို့ အဆင်သင့် ဖြစ်နေခဲ့လေရဲ့။

သူမ ပထမဆုံး ငြိတွယ်ခဲ့မိသူက စာရေးဆရာလေး။ သူ့ဝတ္ထုတစ်ပုဒ်ကို ရိုက်သည့် ရုပ်ရှင်မှာ သူ့ဇာတ်လမ်းပျက်မှာစိုးလို့ ရိုက်ကွင်းကို နေ့တိုင်းလိုလို ရောက်လာတတ်သည်။ ဇာတ်ညွှန်းရေးဆရာနှင့် ခင်မင်ရင်နှီးပုံရကာ အခြားမည်သူနှင့်မှ မရောဘဲ ထိုသူ့နံဘေးမှာသာ အမြဲရှိနေတတ်သည်။ ဒါရိုက်တာကို သူ့ဝတ္ထု မပျက်

www.burmeseclassic.com

www.burmeseclassic.com



အောင် တတွတ်တွတ်ပြောကာ စိုးရိမ်သောကတွေ များနေသည့် သူ့ပုံစံကို ကြည့်ကာ သူမ ရယ်လည်းရယ်ချင်၊ သနားလည်းသနား မိရာက စစိတ်ဝင်စားခဲ့မိခြင်းဖြစ်သည်။ ဆင်းကံ့ကော်ဆိုတဲ့ လူ တိုင်းက ခင်မင်ရင်းနှီးချင်တဲ့ ရွှေမင်းသမီး သူမကို လုံးဝ ဂရုမစိုက်ဘဲ ရှိတယ်လို့တောင် ထင်ပုံမရသည့် သူ့အသွင်သဏ္ဌာန်ကြောင့် သူမ စိတ်ထဲမှာ မခံချင်ဖြစ်ကာ ပိုမိုစိတ်ဝင်စားသွားခဲ့ရခြင်းလဲ ဖြစ်နိုင် သည်။

သူမကို သူ သတိထားမိအောင် သူမကစလို့ မာယာတွေ သုံးခဲ့မိသည်။ သူမကို စာတွေဖတ်ကာ ပြောပြပေးနေသည့် အမျိုး သမီးကို သူ့ကလောင်နာမည်ပြောကာ သူရေးသမျှ စာတွေကို ရှာ ခိုင်းခဲ့သည်။ မထင်မရှားစာစောင်ကလေးတွေမှာပါသည်ကအစ အားလုံးကို စုစည်းခိုင်းကာ ဖတ်ပြီး ဝေဖန်ချက်တွေပါ ရေးခိုင်းခဲ့ သည်။ သူနှင့် တွေ့တိုင်း သူ့စာတွေအကြောင်း ပြောဆိုဆွေးနွေး ကာ ဝေဖန်ချက်တွေပေးတတ်သည့် သူမကို သူ စိတ်မဝင်စားဘဲ နေလို့ရမှာ မဟုတ်ဘူးဟု သူမ ယုံကြည်ယူဆခဲ့သည်လေ။

သူမတို့ ချစ်သူတွေ ဖြစ်သွားကြတော့မှ သူမ ကြိုးစားခဲ့ တာတွေအားလုံးက အလကား အပိုအလုပ်တွေ ဖြစ်နေမှန်း သူမ သိခဲ့ရသည်။ သူမကို သူက အစကတည်းက သတိပြုမိ၊ ရင်ခုန်မိ နေပြီးသားတဲ့။ သူမကို ချစ်မိသွားမှာစိုးလို့ တမင်ဝေးဝေးမှာနေကာ ရှောင်ဖို့ ကြိုးစားခဲ့တာတဲ့။

စိတ်ကူးယဉ်အချစ်နှင့် ဖြူစင်စွာ ချစ်ခဲ့ကြတဲ့ ကာလက

www.burmeseclassic.com

www.burmeseclassic.com



လေးတွေက ကိုကိုနှင့် လက်ထပ်ပြီးခါစက အချိန်တွေပြီးရင် သူမ ဘဝအတွက် အပျော်ဆုံး အချိန်ကာလတွေပါပဲ။ သူမအတွက် ရည်စူးကာရေးတဲ့ သူ့ရဲ့ ကဗျာတွေ၊ စာတွေကို ရင်ခုန်ကြည်နူးရင်း အချစ်စစ်ကို အမှန်တကယ် တွေ့နေတာလို့ ထင်ခဲ့မိတဲ့ သူမပေါ့။ လူအတော်များများ မကြိုက်တဲ့ သူမရဲ့ နေကြာဆိုတဲ့ နာမည်ကို သူက မြတ်နိုးစွာ စာဖွဲ့တတ်သူ။ 'နေကြာဆိုတာ လှပရုံမက ရဲရင်တဲ့ ပန်းကလေး ... အပူဒဏ်ကို မကြောက်လို့ နေရှိရာဘက်ကိုမှ မျက်နှာလှည့်တတ်တဲ့ ပန်းကလေး'တဲ့လေ။ သူမဘက်က သူ့အပေါ် ယုံကြည်မှုနှင့် သံယောဇဉ်တွေများစွာ ခိုင်မာခဲ့ပြီးမှ သူက အခြားမိန်းကလေးတစ်ယောက်နှင့် လက်ထပ်တော့မည်ဟု ဆိုလာသောအခါ သူမ မယုံနိုင်အောင် ခံစားခဲ့ရသည်။ သူက သူမကို လက်ထပ်ရဲတဲ့အထိ မယုံကြည်နိုင်ခဲ့ဘူးတဲ့။ သူ သူမကို ပြောလေ့ရှိတဲ့ စကားကလေးကို သူမ မှတ်မိနေသေးသည်။

'ကျွန်တော်ရေးတဲ့ စာတွေကတစ်ဆင့် ကျွန်တော့်ကို မမ သိနိုင်တယ် ... ဒါပေမယ့် မမရဲ့ သရုပ်ဆောင်မှုတွေကနေ ကျွန်တော် မမကို ဘယ်လိုမှ မသိနိုင်ဘူး'တဲ့။

သူ သူမထံရေးတဲ့ နောက်ဆုံးစာထဲမှာ သူ လက်ထပ်လိုက်တဲ့ ကောင်မလေးက သူမရဲ့ တစ်ဝက်တောင် မချောမလှကြောင်း သူ ဝန်ခံခဲ့သည်။ 'ဒါပေမယ့် သူက ကျွန်တော့်ဘဝရဲ့ လက်တွဲဖော်အဖြစ် ပိုသင့်တော်တာ သေချာတယ်။ သူက အောင်မြင်ကျော်ကြားမှုထက် ကျွန်တော့်ဇနီးအဖြစ်ကို ပိုလိုလားတယ်။ ကျွန်တော်တို့ ပျော်

www.burmeseclassic.com

www.burmeseclassic.com



ရှင်အေးချမ်းတဲ့ မိသားစုကမ္ဘာကလေးကို တည်ဆောက်နိုင်ကြလိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်’တဲ့။ သူ့စာရဲ့ အဆုံးမှာ

‘ဘဝအဖော်မွန်ဆိုတာ ချစ်သူဆိုတဲ့ အနေအထားထက် ပိုလိုအပ်ချက်တွေ များပါတယ်။ လူဆိုတာ တစ်ယောက်တည်း မနေနိုင်ဘူး။ ဒီတော့ ကိုယ်နဲ့အတူတူ တစ်သက်လုံး နေနိုင်မယ့်သူကို ရွေးရတာပါ။ ကိုယ်နဲ့ ကောင်းဒဏ်၊ ဆိုးဒဏ်တွေအားလုံးကို အတူတူ ခံပေးနိုင်မယ့်သူတစ်ယောက်ပေါ့။ ပိုအရေးကြီးတဲ့ အချက်ကသူက ကျွန်တော့်ကို သိပ်ချစ်တယ်။ မမ ကျွန်တော့်ကို ချစ်တယ်ဆိုတာထက် အဆပေါင်းများစွာ ပိုချစ်တယ်’တဲ့။

သူရေးခဲ့တာတွေ အစုပြန်တွေးမိတော့ မှန်နေတယ်လို့ လက်ခံမိပေမယ့် အဲဒီတုန်းကတော့ သူ စကားတတ်တိုင်း လျှောက်ရေးခဲ့တာလို့ တွေးပြီး သူမ နည်းနည်းကလေးတောင် ခံနိုင်ရည်မရှိခဲ့။ အသည်းကွဲတဲ့ ဒဏ်ကို ကုစားဖို့အတွက် အစားထိုးဖို့ လူရှာနေဆဲမှာ သူမထံကို တည့်တည့်တိုးဝင်လာတဲ့ တက်သစ်စမင်းသားကလေးနှင့် ချစ်သူတွေ ဖြစ်ခဲ့ကြသည်။ သူမဘက်က လက်ထပ်ဖို့အထိ ရည်ရွယ်ခဲ့ပေမယ့် သူကတော့ သူမကို ခုတုံးလုပ်ကာ တက်လမ်းရှာရုံ သက်သက်ဖြစ်မှန်း သူမ အချိန်လွန်မှ သိခွင့်ရခဲ့သည်။

အဲဒီနောက်ပိုင်းမှာ ငြိတွယ်မှုဆိုတာက သူမအတွက် အလေ့အထ တစ်ခုလို ဖြစ်သွားခဲ့လေလားမသိ။ သူမရဲ့ နှလုံးသားက နာကျင်ရမည်မှန်း သိလျက်နှင့် ငြိတွယ်မှုမှာ ပျော်မွေ့တတ်လာသည်။ အချစ်စစ်ကို တောင့်တကာ ရှာဖွေရင်း အချစ်အတုတွေနှင့်

www.burmeseclassic.com

www.burmeseclassic.com



သာ တွေ့ခဲ့ရတဲ့ သူမမှာ ချစ်သူတွေ များသထက် များလာခဲ့ရတာ သူမရဲ့ အပြစ်လား။

အချစ်စစ်ကို ရှာမတွေ့လေ သူမ ပထမဆုံးရခဲ့ဖူးတဲ့ ဖြူစင်ရိုးသားတဲ့ အချစ်တွေကို သတိရလွမ်းဆွတ်လာလေလေ ဖြစ်လာသည်။ သူကတော့ အခုအချိန်ဆို သူမကို နည်းနည်းလေးတောင် သတိရနိုင်တော့မည် မထင်။ သူမ နောက်ဆုံးအကြိမ် နယ်ထွက်ကာ ကားရိုက်ရန်သွားခဲ့စဉ်က သူနှင့် လေဆိပ်မှာ အမှတ်မထင်ဆုံမိခဲ့သည်။ သူမ ရင်တွေ ဒိတ်ခနဲ ခုန်ကာ အရဲစွန့်ပြီး သွားနှုတ်ဆက်မည်အပြုမှာ ဝိုင်းအုံလာတဲ့ အော်တိုလက်မှတ် ထိုးခိုင်းသူတွေ၊ မိတ်ဆက်သူတွေကြောင့် သူ့အနားကို မရောက်နိုင်လိုက်။ သူမ လေယာဉ်ပေါ် တက်ခါနီးမှာ သူ့နံဘေးမှာ ကလေးချီထားတဲ့ အမျိုးသမီးတစ်ဦးကို သတိပြုလိုက်မိသည်။ ထိုအမျိုးသမီးရဲ့ ပိုင်စိုးပိုင်နင်း အမူအရာတွေအရ ဒါသူ့အမျိုးသမီးပဲဟု သူမ အသေအချာသိလိုက်သည်။ ကလေးလေးကလည်း သူ့သားဆိုတာ ဘယ်လိုမှ သံသယပွားစရာ မလိုတဲ့ ရုပ်မျိုးလေ။ သူ့ဘဝ အေးချမ်းပြည့်စုံနေပြီပဲ။ မနာလိုစိတ်တစ်ဝက်၊ ကျေနပ်စိတ်တစ်ဝက်နှင့် သူမ ရင်ထဲမှာ တစ်မျိုးကြီး ခံစားလိုက်ရသည်။ လေယာဉ်ခရီးစဉ် ပြီးဆုံးသည်အထိ သူမရဲ့ စိတ်ထဲမှာ ထိုခံစားချက်တွေနှင့် အနေရခက်နေခဲ့တာ ယခုတိုင် အမှတ်ရနေသေးသည်။ လေယာဉ်ဆင်းလို့ သူမကို လာကြိုကြသူတွေ လာနှုတ်ဆက်ကြသူတွေနှင့်တွေ့မှ အာရုံပြောင်းကာ စိတ်သက်သာရာရသွားခဲ့သည်။ နှစ်ပေါင်းများစွာ ကြာတဲ့အထိ သူက သူမကို

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပေးနိုင်နေဆဲပါလား။ တစ်ချိန်က နာကျင်ခဲ့ဖူးတဲ့ ခံစားမှုတွေ သူမထံမှာ အစအနတောင် ရှာမတွေ့ခဲ့တာ သူမ ကိုယ်တိုင်က အမှတ်သညာနည်းလွန်းလို့ ဖြစ်မည်ထင်သည်။ သူနှင့် ပတ်သက်လို့ သူမ ရင်ထဲမှာ စွဲထင်ကာကျန်နေခဲ့တာတွေက ပျော်ရွှင်ခဲ့ဖူးတဲ့ ကာလတွေချည်း ဖြစ်နေတာ ကိုယ်တိုင်အံ့ဩမိသည်။

သူကရော အခုအချိန်များ သူမကို ပြန်တွေ့လျှင် သူမ အပေါ်မှာ ဘယ်လို သဘောထားမှာလဲဟု သူမ သိချင်နေမိသည်။ လုံးဝ သူစိမ်းတစ်ယောက်လို သဘောထားမှာလား။ နာကြည်းနေဆဲများ ဖြစ်နေလား။ ဒါမှမဟုတ် သူမကို ချစ်နေဆဲများ … ။

မဖြစ်နိုင်မှန်းသိပေမယ့် စိတ်တွေက ကိုယ်လိုရာကို ဆွဲယူကာ တောင့်တရင်း တွေးနေမိသည်။ သူမရဲ့ အတ္တစိတ်တွေက သူ သူမကို ချစ်နေ၊ သတိရနေစေချင်သေးတာ သူမ လွန်များလွန်နေမလား။ အခုအချိန်မှာတော့ ဘဝမှာ ရရှိခဲ့ဖူးတဲ့ အကောင်းဆုံး အရာတွေကို လက်လွှတ်ဆုံးရှုံးခံခဲ့ခြင်းအတွက် သူမကိုယ်သူမ မကျေမနပ်ဖြစ်ကာ နောင်တတွေ ရနေရုံကလွဲလို့ တခြား ဘာများတတ်နိုင်ဦးမှာလဲလေ။

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးဆိုတာကို ပြေးစရာနေရာ ဘယ်မှာမှ ရှာမတွေ့တဲ့အခါကျမှ စက္ကန့်မှူး အသေအချာကို ယုံကြည်သွားတော့သည်။ သူမရဲ့ ရုပ်ပုံလွှာနှင့် ကင်းလွတ်တဲ့ နေရာ၊ သူမ အကြောင်းမကြားရတဲ့ နေရာ။ အဲဒီနေရာတွေကို မြန်မာပြည်ထဲမှာ ရှာလို့မရအောင် ဖြစ်လာတဲ့အခါ သူ နိုင်ငံရပ်ခြားအထိ ထွက်ပြေးခဲ့ရသည်။ နိုင်ငံခြားရောက်တော့လည်း မလွတ်ပါ။ သူမရဲ့ အောင်မြင်မှုက နိုင်ငံရပ်ခြားရောက်နေတဲ့ မြန်မာလူမျိုးတွေအထိ ပျံ့နှံ့ရောက်ရှိခဲ့တာကိုး။ တကယ်ဆို သူ့ အတွင်းစိတ်က မခံနိုင်စွာ နာကျင်ရင်း စွဲလမ်းနေသေးတဲ့ ဒဏ်ကြောင့်သာ မဟုတ်ရင် သူ ဘာကိုမှ ဂရုစိုက်စရာ မလိုပါ။ သို့ပေမယ့်လည်း ... ။

သူ သူမဆီမှ ထွက်လာပြီး အိမ်ကို မပြန်ခဲ့ပေမယ့် အမေတို့က သူမနှင့် ကွဲလာပြီဆိုတဲ့ သတင်းကို ရတာနှင့် အတင်းလိုက်ခေါ်ခဲ့ကြသည်။ အမွေဖြတ်ထားသည်ဆိုပေမယ့် အမေက သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပြတ်နိုင်တာ မဟုတ်မှန်း သူ အစကတည်းက ရိပ်မိခဲ့ပြီး သားမို့ သူ မအံ့ဩပါ။

အချိန်တွေ ကြာလာလို့ သူ့စိတ်တွေ သွေးအေးစပြုလာတာ နှင့် သူ သူမကို ဒီအတိုင်း ထားပစ်ခဲ့တာ ရက်စက်လွန်းရာများ ကျသွားပြီလားဆိုတဲ့ အတွေးတွေ သူ့ကို လာရောက်နှိပ်စက်လေ တော့သည်။ သူ့ အရိပ်အကဲကို စောင့်ကြည့်နေတဲ့ အမေက သူ့ကို နာကြည်းစရာတွေ ပြန်သတိပေးကာ ပြတ်ပြတ်သားသား ဖြစ်သွား အောင် ကွာရှင်းလိုက်ဖို့ တိုက်တွန်းခဲ့သည်။ သူခေါင်းညိတ်တော့ အမေက ဒီကိစ္စတွေအားလုံး သူ့ဖာသာသူ စီစဉ်မည်၊ သူဘာမှ ပူစ ရာမလိုဟုဆိုကာ မည်သို့ ပြုလိုက်သည်မသိ။ သိပ်မကြာခင်မှာဘဲ သူ့လက်ထဲကို နေကြာ လက်မှတ်ထိုးထားတဲ့ ကွာရှင်းစာချုပ် ရောက်လာခဲ့သည်။

သူ အတိတ်တွေကို မေ့အောင်ကြိုးစားရင်း သူ စိတ်ဝင် စားတဲ့ စီးပွားရေးနယ်ပယ်ထဲကို ခြေစုံပစ်ဝင်ကာ လိုအပ်တဲ့ပညာ တွေကို ကြိုးစားကာ ဆည်းပူးလေ့လာခဲ့သည်။ ထို့ကြောင့် နိုင်ငံ တော်က ဈေးကွက်စီးပွားရေးစနစ်ကို စတင်ကျင့်သုံးကာ လမ်းဖွင့် ပေးလိုက်ချိန်မှာ သူလုပ်ချင်တဲ့လုပ်ငန်းတွေအတွက် သူ အစစအရာ ရာ အဆင်သင့်ဖြစ်နေခဲ့သည်။ သွင်းကုန်၊ထုတ်ကုန်လုပ်ငန်းအတွက် ကုမ္ပဏီတစ်ခုနှင့် မီနီမားကက်တစ်ခုကို စတင်တည်ထောင် ဖြစ်ခဲ့ သည်။ တစ်ချိန်က သူ့အိပ်မက်တွေအားလုံး အကောင်အထည်ပေါ် လာကာ လုပ်ငန်းတွေထဲမှာ နစ်မြုပ်နေဆဲ 'ဆင်းကံ့ကော်'ဆိုတဲ့ နှ

www.burmeseclassic.com

www.burmeseclassic.com


မည်နှင့် အလွန်အမင်း အောင်မြင်ထင်ရှားလာတဲ့ နေကြာက သူ့စိတ်က အတွင်းဒဏ်ရာတွေကို ခံနိုင်ရည်မရှိအောင် လာရောက်ထိုးဆွနေလေသည်။

သူ့ကို အိမ်က စိတ်တည်ငြိမ်သွားစေရန် မိန်းမပေးစားဖို့ ကြိုးစားကြပေမယ့် သူ မယူချင်သေး။ နေကြာရဲ့ သတင်းဆိုးတွေကို ကြားရတိုင်း သူ ထားရစ်ခဲ့မိတာ မှန်လိုက်လေလို့ ခံစားရပေမယ့် သူမကို သူ့ မှတ်ဉာဏ်ထဲက လုံးဝ မေ့ပျောက်သွားအောင် ဘယ်လိုမှ ကြိုးစားလို့မရ။ နာကျင်မှန်းတီးနေခြင်းကလည်း တစ်နည်းတစ်ဖုံ ဆက်သွယ်ပတ်သက်နေခြင်းဖြစ်လေတော့ သူ သူမ အကြောင်းကြားတိုင်း ဒေါသစိတ်တွေဝင်ကာ တစ်ဖက်သတ် ပူလောင်နေရသည်။ သူ ထိုမိန်းမအကြောင်း မကြားချင်၊ မသိချင်လို့ မရအောင် ဘယ်လိုရှောင်ရှောင် မဖြစ်နိုင်မှန်းသိတဲ့အခါ သူ့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို အစ်မနှင့် ယောက်ဖလက်ထဲအပ်ပြီး နိုင်ငံခြားကို ထွက်သွားခဲ့သည်။ သူ့မိဘတွေကလည်း သူတို့ ဆက်သွယ်လုပ်ကိုင်နေတဲ့ နိုင် ငံတွေမှာ လူခံတစ်ယောက်ရှိလျှင် အလုပ်လုပ်ရတာ ပိုအဆင်ပြေမည်ဟု ဆိုကာ သူသွားမှာကို မကန့်ကွက်ကြ။

သူ စကာင်္ပူ၊ ဂျပန်၊မလေးရှား၊ဟောင်ကောင်စသဖြင့် အာရှနိုင်ငံများစွာကို ရောက်ရှိခဲ့သည်။ သူ ဘယ်လိုမှ မပျော်နိုင်ရတဲ့ ကြားထဲ ဘယ်ကိုထွက်ပြေးပြေး သူမရဲ့ အရိပ်တွေထံမှ ပြေးလို့ မလွတ်နိုင်ခဲ့။ သူမရဲ့ ဗီဒီယိုကားတွေ၊ သူမ ပုံပါတဲ့ မဂ္ဂဇင်းတွေ၊ စာစောင်တွေကို ဟိုက မြန်မာတစ်ယောက်မဟုတ် တစ်ယောက်ထံမှာ

www.burmeseclassic.com

www.burmeseclassic.com



သူတွေ့နေရသည်လေ။ နိုင်ငံတစ်ခုမှာတော့ သူ့ကိုယ်သူ သူမ မအောင်မြင်ခင်က လက်ထပ်ခဲ့ဖူးတဲ့ သူမရဲ့ ခင်ပွန်းဟောင်းဆိုပြီး ယုံလောက်အောင် လျှောက်ပြောနေတဲ့သူတစ်ယောက်နှင့် တွေ့ခဲ့ရသေးသည်။ သူ့မှာ ရယ်ရအခက် ငိုရအခက်နှင့် မသိချင်ယောင်ဆောင်ကာ ထိုသူ့ကို ယုံဟန်တွေ ပြခဲ့ရသည်။ သူမနာမည်နှင့် သူမအကြောင်းတွေက ဘယ်သွားသွား သူ့နောက်မှာ အရိပ်လိုလိုက်ပါကာ ခြောက်လှန့်နေတာများလား။ သူကိုယ်တိုင်က သံယောဇဉ် မပြတ်နိုင်လို့သာ ခြောက်လှန့်ခံနေရတာ ဖြစ်ပေလိမ့်မည်။

သူ စိတ်ထွက်ပေါက်ကင်းမဲ့ကာ ခံနိုင်ရည်မရှိတော့တဲ့ တစ်နေ့မှာ သူမပုံ ပိုစတာကြီးတစ်ခုကို ဝယ်ကာ ထိုပုံကို သူမ အမှတ်နှင့် စကားတွေ ပြောမိခဲ့သည်။ ရန်လဲတွေ့မိခဲ့သည်။ နောက်ဆုံးမှာတော့ ထိုပုံကြီးကို စိတ်ရှိလက်ရှိ ထုရိုက်ကာ ခြေမွပစ်လိုက်ခြင်းဖြင့် အဆုံးသတ်ခဲ့သည်။ ပုံတစ်ပုံလုံး ရစရာမရှိအောင် စုတ်ပြဲကာ အမှိုက်ခြင်းထဲ ရောက်သွားချိန်မှာ အံ့သြစရာကောင်းလောက်အောင် သူ့စိတ်တွေ လွတ်လပ်ပေါ့ပါးသွားလေတော့သည်။ အပေါ်ယံက တင်းမာနေတဲ့ ဒေါသတွေကို ဖောက်ခွဲချလိုက်မှ အတွင်းစိတ်ထဲမှာ သူမကို သူ ဘယ်လောက် စွဲလမ်းနေဆဲ ဖြစ်တယ်ဆိုတာ ပေါ်လာတော့သည်။ သူ သိနားလည်ခဲ့တဲ့ နေကြာဆိုတဲ့ ဖြူစင်ရိုးသားလှတဲ့ ကောင်မလေးကတစ်ယောက်၊ သူ မသိနားမလည်နိုင်တော့တဲ့ လိမ်လည်လှည့်ဖျားတတ်သော အသည်းနှလုံးကင်းမဲ့သူ ကောင်မလေးက တစ်ယောက်လို သီးခြားစီ ခံစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com


သူ သူမကို ချစ်နေပါသေးသည်။ သူ့ အသည်းနှလုံးရဲ့ အ နက်ရှိုင်းဆုံး နေရာမှာ ထာဝရပိုင်စိုးထားတာက သူသိခဲ့တယ်လို့ ထင်ခဲ့တဲ့ ဖြူစင်ရိုးသားတဲ့ နေကြာကလေး။

အဲဒီနောက် သိပ်မကြာခင်မှာပဲ သူ ဒီကို ပြန်လာခဲ့သည်။ သူမရဲ့ ဗီဒီယိုတစ်ကားကို ပထမဆုံးအကြိမ်အဖြစ် သူ ကြည့်ဖြစ်ခဲ့သည်။ ကားထဲမှာ သူမြင်လိုက်ရတာက သူပျောက်ဆုံးခဲ့တဲ့ ဖြူစင်ရိုးသားတဲ့ နေကြာလေး။ အချစ်ဦးဆိုတာ မေ့ဖျောက်နိုင်ရိုးထုံးစံမှ မရှိတာဘဲကွယ်။ သို့ပေမယ့် သူ မဖြစ်နိုင်တာတွေကို စိတ်ကူးယဉ်ရလောက်အောင် ရူးမိုက်တဲ့ အရွယ်မဟုတ်တော့။ သူ တည်ငြိမ်တဲ့ ဘဝကို လိုချင်ပြီ။ ထို့ကြောင့် မိဘတွေ သဘောတူကာ ပေးစားချင်နေသည့် အမျိုးသမီးနှင့် လက်ထပ်ဖို့ ခေါင်းညိတ်လိုက်သည်။

သူနှင့် လက်ထပ်ပေးမည့် မေမီလွင်ဆိုတဲ့ အမျိုးသမီးရဲ့ မိဘတွေက သူ့မိဘတွေနှင့် ရင်းနှီးသည့် စီးပွားရေးလုပ်ငန်းရှင်တွေ။ ထိုအမျိုးသမီးရဲ့ ယဉ်ကျေးသိမ်မွေ့မှု၊ လူကြီးသူမတွေအပေါ် ရိုသေမှု၊ သိတတ်မှုတွေက ဒီဘက်ခေတ်ထဲမှာ ရှားပါးတဲ့ အရည်အချင်းတွေပဲဟု ဆိုကာ မေမေက သဘောကျနေခဲ့ခြင်းဖြစ်သည်။ ပထမအကြိမ်က ကိုယ့်စိတ်ကြိုက် ထင်တိုင်းကြဲခဲ့ပြီးပြီမို့ ဒီတစ်ကြိမ်မှာတော့ သူ မိဘတွေကို စိတ်တိုင်းကျ ဖြစ်စေချင်သည်။ မေမေကလည်း အသက်ကြီးပြီမို့ ကျန်းမာရေးအခြေအနေက သိပ်မကောင်းတော့။ သွေးတိုးဝင်နေပြီ။ တလောက E.C.G ဆွဲတုန်းက နှလုံး

www.burmeseclassic.com

www.burmeseclassic.com



သွေးကြောကျဉ်းနေသည်ဟု တွေ့ရသဖြင့် နှလုံးအတွက် ဆေးမှန်မှန် သောက်နေရသည်။

သူ ခေါင်းညိတ်လိုက်တော့ လူကြီးတွေက သူတို့ရဲ့ မင်္ဂလာပွဲကို အကြီးကျယ်ဆုံး အခမ်းနားဆုံးဖြစ်အောင် သူတို့စိတ်ကြိုက် အမြန်ဆုံး စီစဉ်ကြတော့သည်။ မေမေက လက်ထပ်ပြီးရင် အိမ်မှာပဲ နေစေချင်ပေမယ့် သူက ကိုယ့်အိုးကိုယ့်အိမ်ဖြင့် သီးခြားခွဲနေချင်သည်။ ထို့ကြောင့် သူ့မိဘတွေက သူ့တို့နေရန်အတွက် အိမ်နှင့် သိပ်မဝေးသည့် ဒေသမှာ တိုက်ကလေးတစ်လုံးကို ဝယ်ကာ လက်ဖွဲ့ခဲ့သည်။

သူ လက်မထပ်မီက သူ့သတို့သမီးအကြောင်းကို ဘာတစ်ခုမှ မစုံစမ်းခဲ့။ သူ သိလည်း မသိချင် ၊ သိဖို့လည်း မလိုဘူးဟု ယူဆခဲ့မိသည်။ မေမေတို့ သဘောတူတယ်ဆိုမှတော့ ပစ်စလက်ခတ် မဟုတ်နိုင်ဟု ယုံကြည်ခဲ့မိသည်။ မေမေ့မှာ မှတ်ဉာဏ်တွေ ချွတ်ယွင်းစ ပြုလာကာ အရင်လို ထက်မြက်စူးရှတဲ့ အမြင်တွေ မရှိတော့ဘူး ဆိုတာကို သူ သတိလစ်သွားခဲ့သည်။

သူ့ရဲ့ အမူးလွန်ခဲ့တဲ့ မင်္ဂလာဦးညကို ကျော်ဖြတ်အပြီး မနက်လင်းချိန်မှာ သူ ပထမဆုံး သိလိုက်ရတာက သူ့ရဲ့ သတို့သမီးက အပျိုမဟုတ်ဘူးဆိုတာ။ ထို့ထက် ပိုဆိုးတာက လျော့လျဲရှုံ့တွနေတဲ့ ဝမ်းဗိုက်ရဲ့ အနေအထား။ သူ ကျောင်းပြီခါစ ကာလက သူ့ကို ဆေးတက္ကသိုလ်မှာ တက်နေဆဲဖြစ်တဲ့ သူငယ်ချင်းတစ်ယောက် အထိတ်တလန့် လာပြောခဲ့ဖူးတဲ့ စကားတွေကို သူ အမှတ်ရလာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ ဒီနေ့ ကလေးတွေ အများကြီးမွေးခဲ့ဖူးတဲ့ မိန်းမတစ်ယောက်ရဲ့ ဗိုက်ကို စမ်းခဲ့ရတယ်ကွာ ... ဗိုက်က တကယ်ကို ရှုံ့တွပြီး ပုံပျက်နေတာကွ ... အဲဒီလို ဖြစ်မယ်ဆိုရင် ငါတော့ ငါ့မိန်းမကို ကလေးတွေ အများကြီး မမွေးခိုင်းတော့ဘူး'တဲ့။

ကလေးဘယ်နှစ်ယောက်မွေးဖူးရင် ဒီလိုဖြစ်တတ်သလဲ သူမသိ။ သူ ငယ်ငယ်က မေမေ့ ဗိုက်ကို အမှတ်မထင် တွေ့ခဲ့ဖူးတာပဲ။ ဒီလိုမဟုတ်။ ကလေးနှစ်ယောက်မွေးခဲ့ပြီးတာတောင် တင်းရင်းနေ ဆဲ။ ကလေးမွေးဖူးတာ မမွေးဖူးတာ မသေချာပေမယ့် ဒီအမျိုးသမီး နှစ်ကြိမ်အထက်များ ကိုယ်ဝန်ဆောင်ခဲ့ဖူးလေရော့သလား။

သူ အလွန်အမင်း ရွံရှာစက်ဆုတ်သွားမိပေမယ့် ဘာမှ မပြောမိအောင် ကြိုးစားထိန်းသည်။ သူ့လိုလူကျမှ ဒါမျိုး ဖြစ်ရသတဲ့လား။ သူ ထိခိုက်ကြေကွဲစွာ ခံစားရပေမယ့် သူ့ကိုယ်သူသာ အပြစ်တင်မိသည်။ သူ့ရဲ့ အိမ်ထောင်ရေးကံကိုက ဆိုးလွန်းလှလို့နဲ့ တူပါရဲ့။

နောက်ပိုင်းမှာ သူ အကြောင်းအမျိုးမျိုးပြကာ အိမ်ပြန်မ အိပ်။ အိမ်ပြန်မအိပ်လို့ မရတဲ့ ကာလမျိုးမှာ အလုပ်များလွန်း၍ အိပ်ပျော်သွားချင်ယောင်ဆောင်ကာ အလုပ်စားပွဲနားက ဆိုဖာပေါ်မှာသာ အိပ်ဖြစ်ခဲ့သည်။ သူမ အကြောင်းတွေကို စုံစမ်းမိတော့ အပြင်ပန်းမှာ အေးသယောင် သိမ်မွေ့သယောင်နေပြကာ အလွန်လည်၊ အလွန်ရှုပ်သည့် အမျိုးသမီးတစ်ယောက်ဖြစ်မှန်း သူ နောက်ကျစွာ သိလိုက်ရသည်။ သူ ဘယ်လိုလုပ်ရမှန်းမသိ။ ဆက်ပေါင်းဖို့လဲ မသိ

www.burmeseclassic.com

www.burmeseclassic.com



တီနိုင်။ သူ လမ်းခွဲစကားကို အညင်သာဆုံးဖြစ်အောင် ကြိုးစားပြောဖို့ ကြံရွယ်နေဆဲမှာ သူမက သူ့ကို သူမမှာ ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း ကြေညာလာသည်။ သူ့ကလေးမှ ဟုတ်ရဲ့လားလို့ သံသယဝင်မိပေမယ့် သူ မွေးဖွားပြီးသည်အထိ စောင့်ကြည့်ဖို့ ဆုံးဖြတ်ခဲ့သည်။ ကလေးလေး မွေးလာချိန်မှာ သူ့အမေက သူ ငယ်စဉ်ကနှင့် တစ်ထေရာတည်းလို့ ပြောပေမယ့် သူ မယုံရဲ။ သူ့သူငယ်ချင်းဆရာဝန်ကို အကျိုးအကြောင်းပြောပြကာ သူ့ကလေးဟုတ်မဟုတ် စစ်ဆေးပေးရန် အကူအညီတောင်းခဲ့မိသည်။

သူ့သူငယ်ချင်းက 'ဒီမှာက နိုင်ငံခြားမှာလို DNAတွေ ဘာတွေ မစစ်နိုင်သေးတော့ အသေအချာတော့ ပြောလို့မရဘူး ... သွေးအုပ်စုကိုပဲ ကြည့်ပြီး တွက်ရတာ ... အခုသွေးအဖြေအရတော့ မင်းကလေးဖြစ်ဖို့ သေချာသလောက်ပါပဲ... မင်းကအို .. မင်းမိန်းမကအေ .. ကလေးကလည်းအေ ဆိုတော့ မင်းကလေးပဲဖြစ်မှာပါကွာ' ဆိုတဲ့ မရေမရာ အဖြေကိုသာ ပေးနိုင်ခဲ့သည်။

သူ ဘာလုပ်ရမှန်း မသိသဖြင့် ကလေးကို စောင့်ကြည့်ရင်း ကလေးအပေါ်မှာ သံယောဇဉ် တွယ်လာခဲ့သည်။ သူမလို အမျိုးသမီးတစ်ဦးအတွက် မိခင်မပီသတာ၊ ကလေးအပေါ်မှာ စိတ်မရှည်တာတွေက သိပ်တော့မဆန်းလှ။ ကလေးကို ကလေးထိန်းတဲ့ နာနီနှင့်သာ ပစ်ထားကာ သူမ စိတ်လိုလက်ရရှိချိန်တွေမှာ ကလေးကို အရုပ်တစ်ရုပ်လို ချော့မြှူကစားရုံမှအပ ဘာတစ်ခုမှ ကရိကထမခံချင်။ ထို့ကြောင့်လည်း ထိုကလေးလေးကို သူ အသနားပိုကာ

www.burmeseclassic.com

www.burmeseclassic.com



ပိုချစ်လာမိသည် ထင်ပါရဲ့။ ကလေးလေးကလည်း ကြီးလာလေ သူ ငယ်ငယ်ကနှင့် တူလာလေဆိုတော့ သူ့သားပဲဟု သူ တစ်စထက် တစ်စ ပိုမိုယုံကြည်လာမိသည်။ သူ ကလေးကို ချစ်မှန်းသိတဲ့အခါ သူမက တစ်စုံတစ်ခု တောင်းဆိုလို့ မရလျှင် ကလေးကို ပြကာ အကြပ်ကိုင်တတ်လာသည်။ ကလေးမွေးပြီး နောက်ပိုင်းမှာ ဇာတိရုပ်အမှန်ပေါ်လာကာ ထင်သလို သွားလာနေတဲ့ သူမကို သူ ကွာရှင်းဖို့ စကားစမိသည်။ ဒီတော့ သူမက ကလေးကို သူမ ခေါ်သွားခွင့်ရမှ ကွာရှင်းပေးမည်ဟု သူ့ကို ခြိမ်းခြောက်စကားဆိုသည်။ သူ့အနေနှင့် ကလေးကို သူမလက်ထဲမှာ ကြီးပြင်းခွင့် မပြုနိုင်ဘူးဆိုတာ သူမ ကောင်းကောင်း သိသည်လေ။ သူမ လက်ထဲမှာ ကြီးပြင်းပါက ကလေး မည်သို့ဖြစ်သွားမည်ဆိုတာ သူ တွေးတောင် မတွေးကြည့်ရဲ။ နောက်ဆုံးမှာတော့ တစ်အိမ်တည်းမှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ကြရင်း သူမ ထင်သလိုနေကာ သူ့ပိုက်ဆံတွေကို ထင်သလို သုံးနေတာတွေကို လျစ်လျူရှုနိုင်အောင် ကြိုးစားခဲ့ရသည်။ သူ့အိမ်ထောင်ရေး ပြေလည်နေသည်ဟုထင်ကာ စိတ်အေးချမ်းသာနေကြသော မိဘတွေကို ငဲ့ကာ သူတို့ရဲ့ ပြဿနာတွေကို သူ အတတ်နိုင်ဆုံး ဖုံးဖိထားခဲ့သည်။ ကလေးကလည်း အမေက သူ့ကို မကြင်နာမှန်း သိတဲ့အခါ အဖေကိုသာ ကပ်သည်မို့ သူ ကလေးအတွက် အိမ်ကို အချိန်မှန် ပြန်ရောက်နေရသည်။ ဒီတော့ သူမ အိမ်မှာ မရှိမှန်း သူ သိသထက် ပိုသိလာရသည်။

ကလေးကို ကင်ပွန်းတပ်မည်ပြုတော့ နာမည်ဆန်းဆန်း

www.burmeseclassic.com



ပေးချင်တဲ့ အဖေနှင့်သူ အတိုက်အခံ ဖြစ်ရသေးသည်။ သူက စက္ကန့်မှူးဆိုတဲ့ နာမည်ကြောင့် တစ်သက်လုံး အနောက်ပြောင်ခံခဲ့ရသူဆိုတော့ သားကို သိပ်ဆန်းလွန်းတဲ့ နာမည်မပေးချင်။ အခုအချိန်အထိတောင် အလုပ်ကိစ္စနှင့် နေရာစိမ်းတစ်ခုကို ရောက်လို့ သူ့နာမည်ကို ပြောလိုက်လျှင် မျက်ခုံးပင့်ကာ ကြည့်ကြသူတွေ ကြိတ်ရယ်ကြသူတွေ ရှိနေဆဲလေ။ ထို့ကြောင့် သူ သားကို လှလည်းလှရိုးလည်း ရိုးသည့် ခန့်မှူးအိမ်ဆိုသည့် နာမည်ကိုပဲ သူပေးခဲ့သည်။

သူနှင့် မေမီလွင်က လူရှေ့မှာ အတူတူ တွဲကာ ထွက်ပြစရာပွဲတက် စုံတွဲတစ်တွဲအဖြစ် ဆက်လက်ရှင်သန်နေကြသည်။ သားရဲ့စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှာ စိုး၍ သူမ ကွယ်ရာမှာ ဘယ်လိုနေနေ သားရှေ့မှာ ကောင်းကောင်းမွန်မွန်နေပြဖို့ တစ်ခုကိုတော့ သူ့ဘက်က တောင်းဆိုခဲ့သည်။ အဲဒီကြားထဲက အိမ်အထိပါလာသူတွေကို တွေ့ရတဲ့အခါ သူ အဖက်လုပ်ပင် စကားမပြောချင်သူနှင့် သားမသိအောင် တိုးတိုးတိတ်တိတ် စကားအခြေအတင်တွေ ဖြစ်ရပြန်သည်။

သူ သားကို နားလည်သိတတ်သည့်အရွယ် မြန်မြန်ရောက်စေချင်ပြီ။ သားလေးအရွယ်ရောက်လျှင်တော့ သူ ဒီမိန်းမကို ဆက်လက် သည်းမခံတော့ဟု ဆုံးဖြတ်ထားခဲ့သည်။ အခုတော့ မချစ်မနှစ်သက်သောသူနှင့် အတူတူနေရတဲ့ ဆင်းရဲကို သူ ဘယ်လောက်အထိ ခံစားနေရအုံးမည် မသိ။ အလွန်အမင်း စိတ်ပျက်လက်ပျက်ဖြစ်ရတဲ့ ကာလမျိုးတွေမှာ အကြောင်းတစ်စုံတစ်ခုနှင့် ဒီမိန်းမ သူနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဝေးရာကို အလိုလို ထွက်သွားပါစေတော့ဟု သူ ဆုတောင်းနေမိလေသည်။

***

မေမီလွင်ဆိုတဲ့ သူမ မိထားတဲ့ ငါးက တကယ့်ငါးအကြီးကြီး။ ဒီတော့ သူမ ဘယ်လိုနည်းနှင့်မှ ပြန်မလွှတ်နိုင်ဘူးလေ။ တကယ်တော့ သူမတို့ မိသားစုက ဟန်သာကျန်တော့တဲ့ အထည်ကြီးပျက်များဖြစ်ကြသည်။ ငယ်စဉ်က လိုတရဘဝနှင့် ကြီးပြင်းလာခဲ့ပြီး မိဘတွေ စီးပွားပျက်သွားချိန်မှာ စိတ်တိုင်းကျ မသုံးရ မစွဲရသောအခါ သူမ ဖြတ်လမ်းနည်းတွေကို ရှာဖွေတတ်လာသည်။ အစကတည်းက ဖြတ်လမ်းနည်းတွေနှင့် ချမ်းသာခဲ့တဲ့ သူမရဲ့ မိဘတွေကလည်း လူတွေရဲ့ အမြင်ကောင်းစေဖို့၊ လူတွေ ကိုယ့်ကို အထင်ကြီးစေဖို့က ကိုယ်ကျင့်တရားကောင်းဖို့ထက် အရေးကြီးတယ်လို့ သိနားလည်စေခဲ့တဲ့အတွက် အရွယ်ရောက်စကတည်းက သူမ အလှကိုဗန်းပြကာ သူမကို ပိုးကြေးပန်းကြေးပေးသူတွေကို ချူစားတတ်လာခဲ့သည်။ သူမ ချူစားနေသူတွေထဲမှာ တကယ့်ကျားအစစ်တွေပါလာတဲ့အခါ မလည်ရှုပ်လုပ်ချင်တဲ့ သူမရဲ့ဘဝ ပျက်စီးသွားခဲ့သည်။ ထို့နောက်တွင်တော့ မထူးဇာတ်ခင်းကာ အပြင်ပန်းမှာ ဣန္ဒြေရှင်မိန်းကလေးတစ်ယောက်ရဲ့ အသွင်အပြင်မျိုး ပြင်ဆင်နေထိုင်ကာ ကွယ်ရာမှာ လည်သူစားစတမ်းဆိုတဲ့ ဇာတ်လမ်းတွေ ခင်း

www.burmeseclassic.com

www.burmeseclassic.com



ရင်း သူမ ဘဝလုံခြုံရေးအတွက် ငါးကြီးကြီးတစ်ကောင်မိရန် စိတ်ရှည်စွာ စောင့်ဆိုင်းနေခဲ့သည်။

အဆီတရွှဲရွှဲမျက်နှာ၊ ထိပ်ပြောင်ပြောင် ဗိုက်ပူပူနှင့် ဘယ်လိုကြည့်ကြည့် ကျက်သရေ တစ်စက်ကလေးမှ မရှိတဲ့ အန်ကယ်ကြီးတွေကို အခြေအနေအရ 'ကိုကို'ခေါ်ခဲ့ရဖူးတဲ့ သူမအတွက် စက္ကန့်မှူးက နတ်သားလေးတစ်ပါးဆိုတာထက်ပင် ပိုနေသေးသည်။ သူမ စက္ကန့်မှူးကို အမှန်တကယ် ချစ်မြတ်နိုးခဲ့ပါသည်။ စတွေ့ဖူးကတည်းက သူနှင့်သာဆိုလျှင် တစ်သက်တာ ကောင်းမွန်စွာ နေတော့မည်ဟု ဆုံးဖြတ်ခဲ့သည်။ သို့ပေမယ့် သူမ ဘာတွေ မှားယွင်းသွားခဲ့သလဲ။ လက်ထပ်ပြီးပြီးချင်းမှာပဲ စက္ကန့်မှူးက သူမကို စိမ်းကားစွာ နေထိုင်ပြုမူခဲ့သည်။ သူမရဲ့ နောက်ကြောင်းမရှင်းမှုတွေက များလွန်းတဲ့အခါ ဘာကြောင့်လဲဆိုတဲ့စကားကို သူမ ဖွင့်မမေးရဲ။ သူ့ဘက်က ဘာများ စပြောလာမလဲဆိုတာကိုပဲ ရင်တထိတ်ထိတ်နှင့် စောင့်မျှော်နေခဲ့ရသည်။ သို့ပေမယ့် ဘာမှ ပြောမလာခြင်းကို ကျေးဇူးတင်နေမိဆဲ သူမ ကိုယ်ဝန်ရှိသွားမှန်း သိလိုက်ရတဲ့အတွက် ချည်နှောင်စရာ ခိုင်မာတဲ့ ကြိုးတစ်ချောင်းရပြီဟု ယူဆကာ သူမ အလွန်ဝမ်းသာသွားခဲ့သည်။ သို့ပေမယ့် သူက သားကို ချစ်တာက သတ်သတ် သူမကို မချစ်တာက သတ်သတ်မှန်း သိသောအခါ သူမ ရင်တွင်းမှာ အကြီးအကျယ် ပေါက်ကွဲကာ ခံစားရတော့သည်။ တခြားမိန်းမတွေလိုသူမကို မချစ်ရကောင်းလားလို့ ရန်တွေ့နိုင်လောက်တဲ့ အနေအထားမရှိသူ ဖြစ်လေတော့ သူချစ်တဲ့သားကို စိမ်းကားပြကာ

www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်သမျှ လက်တုံ့ပြန်ခဲ့သည်။ တကယ်တော့ သားက သူမ သားလည်း ဖြစ်တာမို့ သူမလည်း ဒီအတွက် အထိုက်အလျောက် နာကျင်ခဲ့တာပါပဲ။ ဒါကို သူက မသိကျိုးကျွံ ဆက်ပြုတဲ့အခါ သူ သဝန်တိုအောင် တခြားယောကျ်ားတွေနှင့် တွဲပြမိပြန်သည်။ ဒါကိုလဲ သူက ဂရုမစိုက်တော့ သူမ စိတ်ကို ထင်သလို လွှတ်ပေးလာမိသည်။ အရင်တုန်းက ငွေကြေးအတွက် တွဲခဲ့တာများပေမယ့် အခုတော့ သာယာမှုအတွက် တွဲဖြစ်လာသည်။

ထောက်ပံ့ပေးကမ်းနိုင်တဲ့ သူမနှင့် တွဲနေသူတွေထဲမှာ မော်ဒယ်လ်ဘွိုင်းကလေးတွေလဲပါသည်၊ မင်းသားအသစ်ကလေးတွေလဲ ပါသည်။ ဒီတော့ သူဂရုမစိုက်တာလောက်များ၊ နေပေါ့ဟု သူမ သဘောထားနိုင်လာခဲ့သည်။

အခုတော့ သူမ ပွေခဲ့တဲ့ ဒဏ်တွေကို သူမ ပြန်ခံနေရပြီ။ သူမကိုယ်သူမ မသင်္ကာတာ ကြာပြီ။ သူမ ပေါင်ချိန်တွေကျကာ ပိန်ပါးလာတာ ဟို HIV ဆိုတဲ့ပိုးကြောင့်များလား။ သူမ ဒီရောဂါ အကြောင်း စတင်သိနားလည်ရကတည်းက အကာအကွယ်တွေကို အတတ်နိုင်ဆုံး သုံးခဲ့တာပဲ။ သူမ ကြောက်ရွံ့ထိတ်လန့်မိပေမယ့် သွေးမစစ်ကြည့်ရဲ။ ဟုတ်နေရင်တောင် သူမ မသိရဲ၊ မသိချင်ပါ။ ဒီလိုနှင့်နေရင်း သူမရဲ့ မိန်းမကိုယ်ထဲက သွေးတွေ ဆက်တိုက်ဆင်း လာသည်။ ပထမတော့ ဓမ္မတာလာတာများသည်ဟုသာ ထင်မိခဲ့ သည်။ သို့ပေမယ့် ရပ်မသွားရုံတင်မက ပုပ်အဲ့အဲ့အနံ့တွေပါ ပါ လာသောအခါ သူမ ဆေးခန်းမသွားချင်လို့ မရတော့။ ဆေးစစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



တွေကို မယူချင်လို့ မရတော့။

သူမရဲ့ ဆေးစစ်ချက် အဖြေတွေရအပြီးမှာ သူမကို ဆရာဝန်က ချက်ခြင်း ဆေးရုံတက်ရန် ညွှန်ကြားလေသည်။ သူမ ရောဂါရဲ့ အဖြေက သားအိမ်ဝကင်ဆာတဲ့လေ။

***

သူ့ဆုတောင်းတွေ ပြည့်ခဲ့လေသလား။ သူမ ရောဂါအခြေအနေက အဆုတ်အထိ ပြန့်ကာ နောက်ဆုံးအဆင့်ကို ရောက်နေပြီလို့ သိလိုက်ရပေမယ့် လူပီသသည့် သူ့စိတ်ဓာတ်တွေက သူ့ကို ဝမ်းသာဖို့ ခွင့်မပြုခဲ့ပါ။

သူ ဘဝရေစက်တစ်ခုခုကြောင့် ကြုံရတဲ့ သူတစ်ဦးကို ကူညီရတယ်လို့ သဘောထားကာ သူမကို အတတ်နိုင်ဆုံး အသက်ဆက်ရန် ကြိုးစားပေးခဲ့သည်။ သူမက သူ့သားရဲ့ မိခင်မဟုတ်လား။ သူမကိုယ်တိုင်ကလဲ သူမအခြေအနေသူမ သိနေလေတော့ သူ့ကို နောင်တစကားတွေဆိုကာ တောင်းပန်လာသည်။ သူမ ပေးခဲ့တဲ့ စိတ်ဒုက္ခတွေကြောင့် သူ့စိတ်ထဲမှာ ဘယ်လိုပဲရှိနေနေ နောက်ဆုံးအချိန်ကို ရောက်နေတဲ့ လူတစ်ယောက်အတွက် အသင့်လျော်ဆုံး စကားများကိုသာ သူ ကြိုးစားပြောရင်း အမှန်တကယ် ခွင့်လွှတ်နိုင်အောင် ကြိုးစားနေခဲ့ပါသည်။ သူမရဲ့ ဆေးစစ်ချက်တွေအရ HIV ပိုး မရှိဘူးလို့ သိခွင့်ရလိုက်တော့ သူ့အတွက်ရော သားအတွက်ပါ

www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်အေးသွားရသည်။ သို့ပေမယ့် အခု သူမမှာ ဖြစ်နေတဲ့ ရောဂါ ကလည်း ငယ်ငယ်ရွယ်ရွယ်နှင့် လိင်ဆက်ဆံမှုကို စတင်ခဲ့သူတွေ၊ ရှုပ်လွန်းပွေလွန်းတဲ့ သူတွေမှာ ပိုပြီးအဖြစ်များတဲ့ ရောဂါတစ်မျိုး ပဲတဲ့လေ။

မေမီလွင့်ကို ဆေးရုံက လက်လျှော့ကာ အိမ်ကို ပြန်ခေါ် သွားခွင့်ပြုလိုက်တဲ့နေ့မှာ ထိုဆေးရုံမှ သမားတော်ကြီးတစ်ဦးလို့ သူ သိထားတဲ့ ဆရာဝန်မက သူ့ကို 'ဦးစက္ကန့်မှူးကို ကျွန်မ စကား နည်းနည်း ပြောချင်လို့'ဟု ဆိုကာ သူ့အခန်းထဲသို့ လာခဲ့ရန် ပြော သွားသည်။ သူက မေမီလွင်နှင့် ပတ်သက်တဲ့ အကြောင်းပဲဟု ယူဆ လိုက်မိသည်။ သို့ပေမယ့် သူ ထိုသမားတော်ကြီးရဲ့ အခန်းထဲကို ရောက်တော့ ထိုသမားတော်ကြီးက သူ့ကို သူ လုံးဝ ထင်မထား ခဲ့မိတဲ့ မေးခွန်းကို မေးလေသည်။

'ဦးစက္ကန့်မှူး ... နေကြာဆိုတဲ့ အမျိုးသမီးနဲ့ လက်ထပ်ခဲ့ ဖူးတယ် မဟုတ်လား'တဲ့။ သူ ဆတ်ခနဲ ဖြစ်သွားမိသည်။ သူက

'အဲဒါ ဘာများဖြစ်လို့လဲခင်ဗျ'ဟု ပြန်ပြောလိုက်တော့ ထို သမားတော်ကြီးက

'ကျွန်မကိုတော့ ဦးစက္ကန့်မှူး သိမယ်မထင်ပါဘူး ... ကျွန်မ ကတော့ အဲဒီစက္ကန့်မှူး ဆိုတဲ့ နာမည်ကို စိတ်အာရုံထဲက ဘယ်လိုမှ မေ့လို့မရခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ ... ကျွန်မနာမည်က ဒေါက်တာဖြူဖြူဆွေပါ ... အခုတော့ ဖစ်စစ်ရှင်ပေါ့ ... မနေကြာ ကလေးပျက်ကျလို့ 'ဒီ'ရုံကို ရောက်လာခဲ့တုန်းက ကျွန်မက ဆေး

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူပဲ ရှိသေးတယ်လေ … အဲဒီတုန်းက ကျွန်မရဲ့ စိတ်က အရမ်းကို ကလေးဆန်ခဲ့ပါတယ် … ဆရာဝန်ဖြစ်မယ့်သူတစ်ယောက် မပီသခဲ့ပါဘူး … အဖြစ်အပျက်တွေကို ဘာမှ မစူးစမ်း မလေ့လာဘဲ ကျွန်မ ကိုယ်ထင်ရာ ကိုယ်စွတ်ပြောခဲ့မိလို့ ဦးစက္ကန့်မှူး မနေကြာကို အထင်လွဲသွားခဲ့တယ်ဆိုတာ ကျွန်မ ရိပ်မိခဲ့ပေမယ့် အဲဒီတုန်းက ကျွန်မမှာ ကိုယ့်အပြစ်ကို ကိုယ်ဝန်ခံရဲတဲ့ သတ္တိ လုံးဝ မရှိခဲ့ဖူး … မနေကြာ ဆေးရုံက ဆင်းသွားတဲ့အထိ ဦးစက္ကန့်မှူး လုံးဝလာမတွေ့တော့ဘူး ဆိုတာ သိရတော့ ကျွန်မ ကျူးလွန်ခဲ့တဲ့ အပြစ်က ဘယ်လောက်အထိ ကြီးသွားသလဲဆိုတာ ကျွန်မ သိလိုက်ရပါတယ် … အဲဒီအချိန်မှာ ကျွန်မ ဘာမှ မတတ်နိုင်တော့ဘူး … ကျွန်မ ဒီကိစ္စတွေကို မေ့ပစ်ဖို့ ကြိုးစားခဲ့ပေမယ့် ကျွန်မရဲ့ အတွင်းစိတ်က ဒီအကြောင်းကို အမြဲသတိရနေတယ် … ဆရာဝန်တစ်ယောက်မှာ ရှိသင့်တဲ့ ကျင့်ဝတ်တွေကို ပိုသဘောပေါက်လာလေ ကျွန်မကိုယ်ကျွန်မ ခွင့်မလွှတ်နိုင်လေပါပဲ … ကျွန်မ အဲဒါကြောင့် စက္ကန့်မှူးဆိုတဲ့ နာမည်ကို လူနာရဲ့ ခင်ပွန်းသည်နေရာမှာ ဖတ်လိုက်ရတော့ ကျွန်မ သိခဲ့တဲ့ စက္ကန့်မှူးများ ဖြစ်မလားလို့ စုံစမ်းကြည့်မိတာ … ဒါပေမယ့် ဦးစက္ကန့်မှူးကို မြင်လိုက်ကတည်းက ဟုတ်တယ်ဆိုတာ ကျွန်မ သိပါတယ် … ကျွန်မကို ခွင့်လွှတ်ပါနော် … ကျွန်မ တစ်သက်နဲ့ တစ်ကိုယ် ဒီလို တောင်းပန်ခွင့်ရမယ်လို့ မျှော်တောင် မမျှော်လင့်ခဲ့မိပါဘူး … ကဲ .. ကျွန်မကို ခွင့်ပြုပါဦး’

သူ ပြောချင်ရာတွေ ပြောပြီး အလွန်လွတ်လပ်ပေါ့ပါး

www.burmeseclassic.com



သွားတဲ့ မျက်နှာနှင့် ထိုင်ရာမှ ထကာ အခန်းထဲမှ ထွက်ရန် ပြင်နေတဲ့ သမားတော်ကြီးကို သူ လှမ်းခေါ်လိုက်မိသည်။

'ဒီမှာ ... ဒီမှာ ခင်ဗျ ... တဆိတ်လောက်'

'ဘာများလဲရှင်'

'ဟို ... ကျွန်တော် မရှင်းတာလေး တစ်ခုမေးချင်လို့ ... အဲဒီတုန်းက နေကြာက ကလေးဖျက်ချခဲ့တာ မဟုတ်ဘူးပေါ့'

'လုံးဝမဟုတ်ပါဘူးရှင် ... မတော်တဆ ပျက်ကျသွားခဲ့တာပါ'

'ကျေးဇူးတင်လိုက်တာ ဒေါက်တာရယ်'

ဆရာဝန်မကြီးက သူ့ကို ပြုံးကြည့်ကာ ခေါင်းညိတ်ပြပြီး ထွက်သွားသည်။ စက္ကန့်မျှဆိုတဲ့နာမည်က သူ့ကို ပထမဆုံးအကြိမ်အဖြစ် ကောင်းကျိုးပေးခဲ့ခြင်းပါပဲ။ သူ့ရင်ထဲမှာ ဘာလို့ ပျော်သွားရတာလဲ။ နေကြာနဲ့ သူနဲ့ အခုအချိန်မှာ ဘာများ ပတ်သက်တော့လို့လဲ။ သူက သူကသာ စိတ်နာနေသူလို့ ကိုယ့်ကိုယ်ကိုယ် ထင်ခဲ့မိတာ။ ဒီအတိုင်းဆို နေကြာကလည်း သူ့ကို သေသေချာချာ မစူးစမ်းမဆင်ခြင်ဘဲ တစ်ဖက်သတ် စွဲချက်တင်ကာ ရက်စက်သွားခဲ့တဲ့သူဆိုပြီး သူ့ကို မုန်းနေ၊ စိတ်နာနေနိုင်တာပဲ မဟုတ်လား။

နေကြာရယ် ... တကယ်တော့ မင်းက ငါ့ကို တကယ်ပဲ ဘာတစ်ခုမှ ကြီးကြီးကျယ်ကျယ် မလိမ်ခဲ့ပါလား။ မင်းကိုငါ စတွေ့စဉ်က ယုံကြည်ခဲ့တဲ့အတိုင်း မင်းက တကယ့်ကို ဖြူစင်ရိုးသားသူလေးပါပဲကွာ။ အခုနေ ငါ မင်းကို လာတွေ့ရင် မင်းငါ့ကို ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



များ တုံ့ပြန်မလဲ။ သူ သိချင်စိတ်တွေ ပြင်းထန်လာမိသည်။

အို ... အခု နေကြာက ငါခဲ့သိတဲ့ နေကြာမှ မဟုတ်တော့ဘဲ။ အောင်မြင်ကျော်ကြားတဲ့ မင်းသမီးဆင်းကံ့ကော်ဖြစ်နေပြီ။ ဒီအချိန်ရောက်မှတော့ သူ့မှာလဲ ချစ်ရမယ့်သူတစ်ယောက်ယောက်တော့ ရှိနေလောက်ပြီပေါ့။ သူ့ရဲ့ တက်ကြွနေတဲ့ စိတ်အတွေးတွေကို သူ့ဖာသာသူ ပြန်လည် ရုပ်သိမ်းလိုက်သည်။

သူ့မှာလည်း သားကလေး ရှိသေးသည်လေ။ မေမီလွင်က ပြန်ကောင်းလာစရာ မရှိတော့ဘူးဆိုပေမယ့် သူ့ကို ဆေးတွေနှင့် တတ်နိုင်သမျှတော့ ဆက်ထိန်းထားရအုံးမှာပဲ။ မရတော့ဘူးထင်တဲ့ ကင်ဆာသမားတွေ ဒီလိုနှင့် နှစ်ပေါင်းများစွာ အသက်ရှင်သွားခဲ့ဖူးတဲ့ သာဓကတွေ ရှိနေတာပဲ။ သားရဲ့ အမေကို သားမျက်နှာထောက်ထားလို့ သူ တတ်နိုင်သမျှ အသက်ဆက်ပေးရအုံးမည်လေ။

နေကြာရယ် ... ငါတို့ ဒီဘဝမှာ ဆုံဆည်းခွင့်ရခဲ့ပေမယ့် ဘာဆုတောင်းတွေ မှားခဲ့ကြလဲ။ မင်းနဲ့ ငါ့ရဲ့ ရေစက်က ဒီဘဝမှာ ဒီလောက်ပဲ ပါခဲ့တယ် ထင်ပါရဲ့ကွာ။

အသက်(၄၀)ကျော်နေပြီဖြစ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ ရင်ထဲမှာ တည်ငြိမ်မှုတွေ ကင်းမဲ့ပြီး စိတ်တွေ လစ်ဟာ လွင့်မျောနေတာမျိုးက တကယ်ဆို ဘယ်လိုမှ မဖြစ်သင့်တော့ပါဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com

နေကြာ့ဆီ ရောက်လာတဲ့ သံကြိုးစာမှာ စာလုံးလေးလုံး သာပါသည်။

'အမေဆုံးပြီ'တဲ့။

လာခဲ့ပါလို့လဲမပါ။ အကြောင်းကြားရုံ သက်သက်လား။ သူမ သွားရမလား။ မသွားရဘူးလား။ ချီတုံချတုံ ဖြစ်နေမိသည်။ မသေခင်က ပစ်ထားပြီး သေမှလာတယ်လို့ အပြောခံရမှာလဲ စိုးနေမိသည်။ အမေဆုံးတာနှင့် ပတ်သက်လို့ သူမ ဘာမှ သိပ်မခံစားရ။ အစ်ကိုဝဏ္ဏ ရှေ့တန်းမှာ ကျဆုံးကြောင်း အကြောင်းကြားစာကို ရခဲ့စဉ်က သူမ တော်တော်နှင့် မဖြေနိုင်ခဲ့။ ရှိုက်ကြီးတငင်ပင် ငိုခဲ့မိသည်။ အခု အမေဆုံးကြောင်း သိရတဲ့ အခါမှာ သူမ ရင်ထဲ တစ်မျိုးဖြစ်မိပေမယ့် မျက်ရည်မကျ။ အမေက သူမကို အစ်ကိုဝဏ္ဏလောက်တောင် စိတ်ချမ်းသာစေခဲ့သူမှ မဟုတ်တာဘဲ။ အမေနှင့် ပတ်သက်လို့ အမှတ်ရစရာတွေတိုင်းမှာ နာကျင်မှုတွေနှင့် ပြည့်နေသည်။ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် အမေဟာ အမေပဲလေ။

သူမ ဒေါ်အေးကို ပြောပြတိုင်ပင်တော့ ဒေါ်အေးက 'သမီး သွားသင့်တာပေါ့'ဟု ထောက်ခံသည်။ တွေ့မြင်နေကျ လူတွေနှင့် ဝေးရာကို ခေတ္တထွက်ပြေးချင်နေတဲ့ စိတ်ကလည်း သူမကို သွားဖြစ် ဖို့ တိုက်တွန်းနေသည်။

သူမတို့ ရထားဖြင့် ခရီးစခဲ့ကြပြီး သင်္ဘောနှစ်ခါ ပြောင်းစီး အပြီးမှာ သူမရဲ့ မွေးရပ်ဇာတိမြေပေါ်သို့ ပြန်လည်ခြေချမိလေသည်။ အိမ်ရှေ့မှာ မြင်းလှည်းဆိုက်တော့ အိမ်ထဲမှ ကလေးများ ပြေးထွက် လာကြသည်။ သူတို့ အနောက်မှာ အစ်မလတ်စံပယ်။

'နင် လာသေးသားပဲ'

သူမ ခေါင်းငုံ့လိုက်မိသည်။ အစ်မရဲ့ လေသံက အပြစ်တင် သံစွက်နေပေမယ့် မုန်းတီးမှုတွေတော့ ပါနေပုံမရ။ သူမ ဘာဆက် လုပ်ရမည်မှန်း မသိသဖြင့် ကြောင်တက်တက်နှင့် ထိုနေရာမှာပဲ ဆက်ရပ်နေမိသည်။

'လာလေ ... အထဲမှာ မကြီးတို့လဲ ရှိတယ် ... ဒါ နင့် တူတွေ တူမတွေပေါ့ ... အေး .. ဟုတ်တယ် ... ဒါ နင်တို့ အဒေါ် တော်တယ် ... ဟဲ့ဟဲ့ .. အရမ်းမလုပ်နဲ့လေ ... နင်တို့အဒေါ်က မြို့သူ နုနုနယ်နယ်လေး ... ကလေးတွေက ဆွေမျိုးသိတယ်ဟဲ့'

အစ်မလတ်က သူမကိုရော ကလေးတွေကိုပါ လှည့်ပြော ရင်း သူမကို အိမ်ထဲခေါ်သည်။ အခုတော့ သူမ မွေးဖွားကြီးပြင်း ခဲ့တဲ့ အိမ်ကို ဧည့်သည်တစ်ယောက်လို ပြန်ရောက်လာခဲ့ရပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com


အိမ်ထဲရောက်တော့ သူမကို အမေ့ရုပ်ကလာပ်ရှိရာသို့ အရင်ဆုံးခေါ်သွားသည်။ အမေ အတော့်ကို အိုမင်းနေခဲ့ပြီပဲ။ အခုတော့ အမေ သူမကို ထရိုက်မှာ မကြောက်ရတော့ဆိုတဲ့ အတွေးသူမ ခေါင်းထဲကို အလိုအလျောက်ဝင်ရောက်လာသည်။ သူမ စိတ်ထဲမှာ တစ်သက်လုံး သိခဲ့ဖူးသူတစ်ယောက် သေဆုံးသွားသလို စိတ်မကောင်းတဲ့ သာမန်ခံစားမှုသာ ရှိသည်။ မငိုချင်။

'သမီး ... ကန်တော့လိုက်လေ'

ဒေါ်အေးက နံဘေးမှ ခပ်တိုးတိုးကပ်ကာ သတိပေးမှ သူမ ထိုင်ချကာ ဦးသုံးကြိမ် ချလိုက်မိသည်။ သူမ ခေါင်းမော့လိုက်တော့ သူမကို မျက်နှာထားတင်းတင်းနှင့် ကြည့်နေတဲ့ အရပ်ထောင်ထောင် မောင်းမောင်း အသားညိုညိုနှင့် လူရွယ်တစ်ယောက်ကို တွေ့လိုက်ရသည်။ သူမ ရင်းနှီးသလို ဖြစ်နေသည့် မျက်နှာကို ဆက်ကြည့်နေရင်းမှ ဘယ်သူဆိုတာ မှတ်မိသွားသည်။

'မင်းဒင်'

'အစ်မငယ် ... နင် အခုမှ ဘာလာလုပ်တာလဲ'

အခုမှ သူမ မျက်လုံးမှ မျက်ရည်တွေ စီးကျလာသည်။ သူမကို မင်းဒင် သိပ်မုန်းနေပြီလား။

'နင်ကလဲဟယ် ... ခရီးရောက်မဆိုက် ရန်တွေ့မနေစမ်း ပါနဲ့ ... လာ .. နေကြာ အိမ်ရှေ့မှာ သွားနားရအောင်'

အစ်မလတ်က သူမကို ကယ်တင်ကာ အိမ်ရှေ့သို့ ခေါ်လာသည်။ တကယ်တော့ နားဖို့မဟုတ်။ သူမကို တွေ့ချင်နေကြတဲ့ သူ

www.burmeseclassic.com



မရဲ့ အသိအကျွမ်းဟောင်းတွေကို နှုတ်ဆက်ရန်သာ ဖြစ်သည်။

အားလုံးက သူမရဲ့ စိမ်းကားပြတ်တောက်မှုတွေအတွက် အ ပြစ်တင်သလို ဆိုကြပေမယ့် ရင်းနှီးနွေးထွေးနေဆဲ စကားလုံးတွေကြောင့် သူမ စိတ်သက်သာရာရသွားခဲ့သည်။ သူတို့ တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြသည့် စကားများကို နားထောင်ရင်း သူမ နာမည်ကျနေပြီဖြစ်မှန်း သူတို့ရိပ်မိပုံ မရကြောင်း သိလိုက်ရသည်။ သူမရဲ့ အင်တာဗျူးတွေထဲမှာ ဘီလူးကျွန်းကလို့ တစ်ခါမှ မပြောခဲ့တဲ့အတွက် ရွာက သူမကို အလွန်အမင်း စိတ်ဆိုးခဲ့ကြကြောင်း သူမ အခုမှ သိရသည်။ သူမ တမင် မပြောခဲ့တာတော့မဟုတ်။ သူမ အင်တာဗျူးတွေ စဖြေခဲ့ရစဉ်က ကိုမင်းဆက်ညီရဲ့ ဆင်ပေးတဲ့ ဇာတ် ညွှန်းအတိုင်း ဖြေခဲ့ရတာမို့ သူမ ရန်ကုန်မှာပဲ မွေးသလိုလိုဖြစ်ခဲ့ရ ခြင်းဖြစ်သည်။ နောက်ပိုင်းမှာလဲ အရင်က ပြောခဲ့တာတွေနှင့် ညီ အောင် ဆက်ပြောရတာမို့ သူမရဲ့ ဇာတိအမှန်ကို မပြောဖြစ်တော့။ လိမ်လည်မိခဲ့တဲ့ စကားတစ်ခွန်းအတွက် ရှေ့နောက်ညီအောင် နောက်ထပ်လိမ်တဲ့ စကားအခွန်းပေါင်း မြောက်မြားစွာ ထပ်လိုအပ်ကြောင်း သူမ အတော်နောက်ကျမှ သိခဲ့ရတာလေ။

သူမ ဒါတွေကို ဒီက လူတွေကို ရှင်းမပြဖြစ်ပါ။ သူတို့က လဲ ပြောသာပြောနေကြပေမယ့် စိတ်ထဲက ဘာမှ အတေးအမှတ် ရှိကြပုံမပေါ်။ ရင်ထဲက မပါတဲ့ အပေါ်ယံ စကားချိုချိုကလေးတွေကြားမှာ နေရတာကြာခဲ့သူမို့ သူတို့ရဲ့ လှိုက်လှဲတဲ့ ရင်ထဲက စကားသံတွေက သူမ စိတ်တွင်းကို လုံခြုံနွေးထွေးလာစေသည်။

www.burmeseclassic.com

www.burmeseclassic.com



ညဘက် ညေ့သည်ရှင်းသွားချိန်မှာ ထမင်းစုစားကြပြီး သူမ တစ်ယောက်တည်း အိမ်အပြင်က ထိုင်ခုံကလေးမှာ ထွက်ထိုင်နေမိဆဲ မင်းဒင် သူမ အနားရောက်လာသည်။

'အစ်မရာ ... နင် သိပ်ရက်စက်တာပဲဟာ ... နင် ထွက်သွားတော့ ငါတို့မှာ ဘယ်လောက် ဒုက္ခတွေ ရောက်ခဲ့ရတယ်ထင်လဲ'

မင်းဒင်ရဲ့ မျက်နှာမှာ အပြစ်တင်ရိပ်တွေထက် ဝမ်းနည်းမှုက ပိုနေပုံရသည်။ သူမ မင်းဒင်ရဲ့ လက်ကို ဆွဲကာ သူမ နံဘေးမှာ ထိုင်ခိုင်းလိုက်သည်။ မင်းဒင်က သူမ နံဘေးမှာ ဝင်ထိုင်ရင်း အနှစ်နှစ်အလလက မြိုသိပ်ထားခဲ့ပုံရတဲ့ စကားတွေကို စပြောလေတော့သည်။

'အမေကလည်း ကောင်းကောင်းမမာ ... ငါကလည်း ငယ်သေးတော့ အိမ်အတွက် ဘာမှ သိပ်မကူနိုင်ဘူး ... မကြီးနဲ့ မလတ်ကလဲ အိမ်ကို ထောက်ဖို့ကျနေနေသာသာ ... သူတို့ကိုယ်တိုင်ကကိုက ကြပ်တည်းနေတော့ ... ... အေးဟာ .. အဲဒီအချိန်က ကိစ္စတွေကို သူရနဲ့ ကျော်စွာကတော့ နားမလည်ဘူး ... အမေ မဖြစ်လွန်းလို့သာ ကိုနိုင်ဦးကို ယူခဲ့ရတယ်ဆိုတာ ငါ အသိဆုံး ... နင် ထွက်သွားပြီးနောက်မှာ ကိုနိုင်ဦးက အိမ်ကို ဆက်ပြီး ဝင်ထွက်ကူညီနေတော့ အရပ်ကလဲ ပြောကုန်ကြပြီလေ ... ဒီတော့ မထူးဘူးဆိုပြီး ... ... သူရက အမေ ကိုနိုင်ဦးကို ယူလိုက်ကတည်းက အမေ့ကို မကျေမနပ်ဖြစ်ပြီး အိမ်ကိုလဲ သိပ်မကပ်ချင်ဘူး ... နင့်ကို လိုက်ရှာမယ်ချည်း ပြောနေတယ် ... နင် မင်းသမီး ဖြစ်နေမှန်းသိတော့ လိုက်

www.burmeseclassic.com

www.burmeseclassic.com



သွားမယ်ဆိုပြီး တစ်ခါ ရန်ကုန်ကို သွားသေးတယ် ... နင် နယ်ထွက်သွားတယ်ဆိုလား ... နင်နဲ့ မတွေ့ခဲ့ရဖူးတဲ့ ... ကျော်စွာဆုံးတော့ အမေ ဂရုမစိုက်လို့ ဖြစ်ရတာဆိုပြီး အမေ့ကို သူက အပြစ်တင်တယ် ... အဲဒီကတည်းက အမေနဲ့ ပြဿနာတက်ပြီးထွက်သွားလိုက်တာ အိမ်ကိုလဲ လုံးဝအဆက်အသွယ်မလုပ်ဘူး ... အခု သူ ဘယ်ရောက်နေမှန်း မသိဘူး ... အသက်ရှင်လျက် ရှိပါစေလို့ပဲ ဆုတောင်းနေရတာပဲ'

မင်းဒင်က အဝေးကို ငေးရင်း သူမ မသိချင်တဲ့ အတိတ်က အကြောင်းတွေကို သူ့ကိုယ်သူ ပြောနေသလို တစ်ခွန်းချင်း ပြောပြနေလေသည်။ သူမ သူ့စကားတွေကို နားထောင်ရင်း အပြစ်ရှိတဲ့ ခံစားမှုတွေ တစ်ကိုယ်လုံး ပြည့်နှက်ဆူဝေလာသည်။ ဒီခံစားချက်တွေကို သူမ မလိုချင်။ ဒီအကြောင်းတွေကို သူမ မကြားချင်။ သူမ အပေါ်မှာ သူ စိတ်ပြေသွားပါစေဟု စိတ်တွင်းက မရဲတရဲ ဆုတောင်းနေမိသည်။ မိသားစုဝင်ထဲမှာ သူမ အလေးထားတဲ့သူဆိုလို့ အခုအခါမှာ မင်းဒင်တစ်ယောက်သာ ရှိတော့သည် မဟုတ်လား။

ထို့နောက်တွင်တော့ သူမတို့ စကားမပြောဘဲ အဝေးကိုသာ ငေးကြည့်နေမိကြသည်။ သူမ ငေးကြည့်နေမိဆဲ ကောင်းကင်က ကြယ်ကလေးတစ်ပွင့် ဖျတ်ခနဲ ကြွေကျသွားတာကို တွေ့လိုက်ရသည်။ ကြယ်ကြွေချိန်မှာ ဆုတောင်းရင် ပြည့်တတ်တယ်တဲ့လား။ သူတစ်ပါး ကြွေကျပျက်စီးချိန်မှာ ကိုယ့်ဆုတောင်းတွေ ပြည့်တယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ တကယ်လို့ အဲဒီကြွေကျသွားတဲ့ ကြယ်

www.burmeseclassic.com

www.burmeseclassic.com



ပွင့်ကလေးက ကိုယ်သာဆိုရင် ဘယ်လိုနေမလဲ။

သူမ ကြယ်ကလေးတွေကို ငေးကြည့်ရင်း ကိုယ်ချင်းစာစိတ်နှင့် အဆုံးမရှိသော အတွေးတွေကို နယ်ချဲ့နေမိသည်။ အပြောကျယ်လှတဲ့ ကောင်းကင်ကြီးကတော့ သူ့ထံမှ ကြယ်ကလေးတစ်ပွင့် လျော့သွားတာကို သတိပြုမိပုံပင်မရ။ အင်းလေ ... ကြယ်ပွင့်တွေက ဒီလောက်များပြားနေမှတော့လဲ ...။ သူမ ရင်ထဲမှာ စစ်ခနဲနာကျင်သွားရပြန်သည်။

***

သူမ တစ်ရက်ထက်တစ်ရက် စိတ်တွေ ပိုမိုလုံခြုံလာသလိုခံစားရကာ ဒီဒေသမှာ အလွန်အမင်း ပျော်နေမိသည်။ အမေ ရက်လည်တဲ့နေ့မှာ သူမ ရန်ကုန်ကို မပြန်ဘဲ ဒီမှာပဲ နေလိုက်တော့လျှင်ကောင်းမလားဟု တွေးမိသဖြင့် ဒေါ်အေးကို တိုင်ပင်ကြည့်တော့ဒေါ်အေးက 'ကောင်းသားပဲ'ဟု ထောက်ခံသည်။ သူမ ရန်ကုန်ကိုခဏပြန်ကာ ငှားနေတဲ့ တိုက်ခန်းကလေးကို ပြန်အပ်ပြီး ဒီကို အပြီးပြန်လာခဲ့မည်။ ထို့နောက် သူမရဲ့တိုက်ကို ငှားထားလို့ရတဲ့ လခကလေးနှင့် ဒီမှာ အေးအေးလူလူ နေမည်။ ဘာပူပန်စရာ လိုသလဲ။ သူမ မတွေ့ချင်တော့တဲ့ သူတွေကိုလဲ မတွေ့ရတော့။ သူမကို စူးစမ်းတဲ့ အကြည့်တွေကိုလဲ ရှောင်ရှားနိုင်မည်။ သူမ စိတ်ကူးတွေကိုသူမဖာသာ အပြန်ပြန် အလှန်လှန် သုံးသပ်ရင်းကျေနပ်ကြည်နူးနေမိ

www.burmeseclassic.com

www.burmeseclassic.com



သည်။

သို့ပေမယ့် အခြေအနေတွေက သူမ ကြိုတွက်ထားသလို ဖြစ်မလာ။ သူမ ရန်ကုန် ပြန်ခါနီးညမှာပင် ဒီအိမ်ကို ရောင်းဖို့ ဆိုင်ထားပြီးသား ဖြစ်ကြောင်း၊ အမွေကို ဝေပုံကျ အညီအမျှ ခွဲယူကြမည် ဖြစ်ကြောင်း သူမရဲ့ မောင်နှမတွေက သူမကို ပြောပြကြလေသည်။ ကိုနိုင်ဦးက အမေ ချန်ခဲ့သမျှကို သူ မယူဟုဆိုကာ သားသမီးတွေလက်သို့ အကုန်အပ်ခဲ့သည်တဲ့။ ထို့ကြောင့် ရန်ကုန်မှာ ကောင်းစားနေတဲ့ သူမအနေနှင့်လဲ ဒီကလူတွေကို ငဲ့ညှာကာ မယူသင့်ကြောင်း စကားဦးသန်းလာခဲ့သည်။

သူမ အနေနှင့် အမွေဝေပုံကျက အရေးမကြီးပေမယ့် ဒီအိမ်က မိဘ၊ဘိုးဘွားအမွေမို့ ရောင်းပစ်လိုက်မှာကို ဘယ်လိုမှ လက်မခံနိုင်။ ဒီအိမ်ကို သူမအမေကို အမွေပေးခဲ့တဲ့ အဖွားရဲ့ အဖေ ကိုယ်တိုင် ဆောက်ခဲ့တာလို့ သူမ သိထားခဲ့တာမို့ ပိုနှမြောမိသည်။ သူမ အိမ်ငှားခပေးကာ နေမည်ဆိုတော့ အားလုံးက ငွေအမြန်လိုနေကြသူတွေချည်းမို့ လုံးဝ လက်မခံနိုင်။ သူများကို ရောင်းပစ်မှာကို လက်မခံနိုင်လျှင် သူမ ကိုယ်တိုင် အမ်းကာယူဖို့ ပြောကြသည်။ သူမမှာ တိုက်တစ်လုံးကလွဲလို့ ငွေသား ဘာမှ ဟုတ်တိပတ်တိ မရှိတော့ကြောင်း သူတို့က မသိထားကြလေတော့ သူမ မဝယ်ဘဲ ဒီအိမ်မှာ နေချင်တာဟာ ဒီအိမ်ကို အလကားရချင်လို့၊ လောဘကြီးလို့ဟု စွပ်စွဲချက်တင်ကြပြန်သည်။ ဒီအချိန်မှာ သူမရဲ့ အခြေအနေတွေကို အမှန်အတိုင်း ပြောပြလျှင်လဲ ဘယ်သူမှ ယုံမှာ မဟုတ်တာကြောင့် သူမ

www.burmeseclassic.com

www.burmeseclassic.com


မပြောဖြစ်ခဲ့ပါ။ သူမရဲ့ တိုက်ကို ရောင်းလိုက်လျှင် ဖြစ်နိုင်ပေမယ့် သူမ လက်ထဲမှာ ဘာမှ အခိုင်အမာ မကျန်တော့မှာလဲ စိုးနေမိသည် လေ။ ပြီးတော့ အဲဒီတိုက်ကို နှစ်ချုပ်နှင့် ငှားထားတာမို့ တစ်နှစ် ပြည့်ရန် အတော်လိုနေသေးသည်။ အိမ်ငှားကို တစ်နှစ်မပြည့်ဘဲ ဆင်းခိုင်းကာ ရောင်းပစ်ဖို့က ဘယ်လိုမှ မဖြစ်နိုင်။ ငွေအမြန်လိုချင် သူတွေထဲမှာ မင်းဒင်က အဆိုးဆုံး။ သူက လက်ထပ်မည့်ချစ်သူ ရှိ နေပြီးသားလေ။ ဒီကရမည့် အရင်းအနှီးနှင့် မြို့တက်ကာ စီးပွားရေး လုပ်ပြီး အခြေကျမှ လက်ထပ်ဖို့ ရည်ရွယ်ထားတာမို့ တစ်စက္ကန့်က လေးတောင် မဆိုင်းနိုင်တော့ဘူးတဲ့။

သူတို့ဘက်က ကြည့်တော့လဲ တစ်သက်လုံး ဒီကို ပြန်မ လာဘဲ အခုမှ ဒီအိမ်ကို နှမြောနေသည့် သူမကို ဘယ်လိုမှ နားမ လည်နိုင်ကြ။ ဒီလိုနှင့် တစ်ယောက်တစ်ခွန်း အခြေအနေတွေ တင်း မာကုန်ကြရင်းမှ ဘာမှ မဆိုင်တဲ့ ငယ်ကျိုးငယ်နာတွေဆီ ရောက် သွားကာ အော်ကြဟစ်ကြပြီး တစ်ယောက်နှင့် တစ်ယောက် ထမ သတ်ရုံတစ်မယ် အခြေအနေအထိ ဖြစ်သွားခဲ့ရသည်။

အများနှင့် တစ်ယောက်မို့ အလျှော့ပေးကာ သူမ ရန်ကုန် ကို ပြန်လာခဲ့ချိန်မှာတော့ သူမ တစ်ကိုယ်လုံးမှာ မောင်နှင့် အစ်မ တွေက ပစ်ခဲ့တဲ့ စကားလုံး အဆိပ်လူးမြှားတွေရဲ့ ဒဏ်ချက်တွေ အပြည့်နှင့် ဖြစ်နေခဲ့သည်။

သူမရဲ့ အတ္တမာနတွေကို ထိခိုက်ချိုးဖျက်ခြင်းခံခဲ့ရတဲ့အ တွက် နာကျင်ခြင်း၊ နာကျည်းခြင်းတို့နှင့်အတူ မုန်းတီးခြင်းတွေပါ

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ပြည့်နှက်တင်းကြပ်နေခဲ့သည်။ မပြေနိုင်တော့မည့် အမုန်းတွေနှင့်အတူ ဒီကမ္ဘာပေါ်မှာ ငါ့မှာ မောင်နှမတစ်ယောက်မှ မရှိတော့ဘူးဆိုတဲ့ သေခန်းဖြတ်အတွေးတွေနှင့် သူမရဲ့ အိမ်ပြန်ခရီးစဉ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com

သူမ အစားသိပ်မစားနိုင်လို့ ပိန်နေတဲ့ကြားထဲက ဗိုက်က ပူပူလာတာကို နေကြာ အံ့သြသလို ဖြစ်မိသည်။ သို့ပေမယ့် အသက်ကြီးလာလို့ပဲ ထင်ပါရဲ့၊ ဗိုက်လေ့ကျင့်ခန်းယူအုံးမှပဲဟု တွေးကာ သူမ ပေါ့ပေါ့ဆဆသာ သဘောထားခဲ့မိသည်။

နောက်တော့ ဗိုက်ထဲမှာ တင်းသလိုလို ခံစားနေရပြီး ဓမ္မတာပါ မမှန်သလို ဖြစ်လာတာနှင့် သူမ ပြနေကျ အိုဂျီထံ သွားပြခဲ့သည်။

သူမကို အတွင်းရော အပြင်ပါ အသေအချာ စမ်းသပ်အပြီးမှာ အိုဂျီမမက

'မင်းရဲ့ ဗိုက်ထဲမှာ အလုံးတစ်ခု ရှိနေတယ် ... တို့ စမ်းသပ်လို့ တွေ့ရသလောက်ကတော့ သားဥလို့ခေါ်တဲ့ အိုဗရီကပဲ ... အတော်လေးလဲကြီးတယ် ... မင်းအခု အာလ်ထရာဆောင်း ရိုက်လိုက်ပါ ... ပြီးမှ လိုအပ်တာတွေကို ဆက်လုပ်ကြတာပေါ့'တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ... သူမ ဗိုက်ထဲမှာ အလုံးတစ်လုံးရှိနေသတဲ့။ အဲဒါ ကင်ဆာဆိုတာများလား။ အကုသိုလ်ဆိုတာ တစ်ကိုယ်တည်း မလာ။ အဖော်အပေါင်းနှင့် လာတတ်သည်ဆိုတဲ့စကားကို သူမ ယုံကြည်လာမိသည်။ 'ကံဆိုးမ သွားရာ မိုးလိုက်လို့ရွာ'ဆိုတဲ့ စကားပုံက အလကား ပေါ်လာခဲ့တာမှ မဟုတ်တာဘဲ။

တီဗွီခာတ်မှန်လို့ သူမတို့ ခေါ်ကြတဲ့ အာလ်ထရာဆောင်းရဲ့ ရလဒ်အရ သူမ ဗိုက်ခွဲရမည်တဲ့။ သူမ ဗိုက်ထဲက အလုံးဟာ ဘီနိုင်းလို့ခေါ်တဲ့ အန္တရာယ်မရှိတဲ့ အလုံး ဖြစ်နိုင်သလို သူမတို့ ကင်ဆာလို့သာ အလွယ်သိထားတဲ့ မလစ်ဂ်နန့်လို့ခေါ်တဲ့ အန္တရာယ်ရှိကာ ပြန့်ပွားနိုင်တဲ့ အလုံးလဲ ဖြစ်နေနိုင်သတဲ့။ ခွဲရင်းနှင့် အခြေအနေကို ကြည့်ပြီး ဆုံးဖြတ်ရမှာ ဖြစ်ကြောင်း၊ မလစ်ဂ်နန့်ဖြစ်တဲ့ အရိပ်အယောင်တွေ့လျှင် စိတ်ချရအောင် တစ်ခါတည်း သားအိမ်ရော သားဥနှစ်ခုစလုံးကိုပါ ထုတ်ပစ်လိုက်သင့်ကြောင်း၊ အရွယ်မတိုင်မီ သွေးဆုံးတဲ့ဝေဒနာကို မခံစားရအောင် သားဥတစ်ဖက်ချန်ပေးနိုင်ပေမယ့် မတော်လို့ အဲဒီဘက်ကိုပါ ပြန့်နေရင် ဒုက္ခရောက်နိုင်တဲ့အတွက် အားလုံးထုတ်လိုက်တာက ပိုမိုသင့်တော်ကြောင်းစသည်တို့ကို သူမ ခွဲစိတ်ဖို့ သဘောတူကြောင်း လက်မှတ်မထိုးမီမှာ အိုဂျီမမက သူမကို စိတ်ရှည်လက်ရှည်ရှင်းပြလေသည်။

သူမ ခွဲစိတ်ဖို့ ငွေကြေးလိုအပ်သည့်အတွက် သူမ နှမြောလွန်းလှတဲ့ သူမရဲ့ တိုက်ကြီးကို ပေါင်ထားလိုက်ရသည်။ အရင်က လက်ဖျားငွေသီးခဲ့တဲ့ မင်းသမီးဆင်းကံ့ကော်ရဲ့ ဘဝကို ပြန်တမ်း

www.burmeseclassic.com

www.burmeseclassic.com



တရင်း ကြမ္မာဆိုးရဲ့ဒဏ်ကို ခံနိုင်ရည်မရှိလို့ နေတိုင်း ငိုညည်း မြည်တမ်းနေမိသည်။ သူမ ကိစ္စတွေကို အောက်ခြေသိမ်းလုပ်ပေးရင်း သူမကို နှစ်သိမ့်အားပေးနေတဲ့ ဒေါ်အေးသာ မရှိလျှင် သူမ ဘဝက မည်သို့ ရှိမည်ဆိုတာ တွေးပင်မတွေးဝံ့။

တကယ်ခွဲစိတ်ရတဲ့ ရက်ကို ရောက်တော့ သူမ ဆုတောင်းတွေ မပြည့်ခဲ့။ သူမရဲ့ အိုဗရီမှာ ကင်ဆာလက္ခဏာတွေ တွေ့ရလို့ အိုဗရီနှစ်ခုစလုံးကိုရော သားဥပြွန်ရော သားအိမ်ရောကိုပါ ထုတ်ပစ်လိုက်ရသတဲ့။ သူမရဲ့ ဘဝဟာ အခုဆို ဘယ်လိုမှ မိန်းမ မပီသနိုင်တော့။ ဒီကြားထဲ အရွယ်မတိုင်ခင်မှာ သွေးဆုံးတဲ့ လက္ခဏာတွေနှင့် အိုမင်းရင့်ရော်လာဦးမတဲ့။ သူမ ရင်မဆိုင်ချင်လို့ မရတော့တဲ့ ကိစ္စတွေလေ။ ဒါနှင့်တင်မပြီးသေး။ အဲဒီထုတ်တဲ့ အသားစကို စစ်ဆေးပြီး လိုအပ်လျှင် ကုသမှုတွေကို ဆက်လက်ခံယူရအုံးမှာတဲ့။

ဒီရောဂါက ပြီးပဲ မပြီးနိုင်တော့ပါလား။ သေသွားတာကမှ ကောင်းတော့မည်လို့ သူမ ခံယူနေမိတဲ့ နေ့ရက်တွေ။ မခွဲခင်မှာ ကြောက်ရွံ့စိတ်တွေနှင့် စိတ်ပင်ပန်းခဲ့ရတဲ့ဒဏ်၊ ခွဲပြီးတော့ ခွဲထားတဲ့ ဒဏ်တွေကို သူမ မချိမဆံ့ခံစားနေရသည်။ စိတ်ကို လျှော့ကာ အလိုက်သင့် ခံယူခြင်းမျိုး မဟုတ်ဘဲ ငါ့ကျမှ ဖြစ်ရလေခြင်းဆိုတဲ့ ဒေါသတွေနှင့် တွန်းလှန်ပစ်ဖို့ ကြိုးစားနေခြင်းမို့ ပိုမိုခံစားနေရလေသည်။

သူမ သတင်းကြားလို့ သူမကို ဆေးရုံမှာ လာကြည့်ကြသူတွေက သူမ ထင်ထားသလို သူမ အရင်က ကူညီခဲ့ဖူးသူတွေ၊ သူမ

www.burmeseclassic.com

www.burmeseclassic.com



အထင်ကြီးခဲ့တဲ့ လူတွေ မဟုတ်ကြ။ သူမ အရင်က အရေးမထားခဲ့တဲ့ လူတွေက သူမထံမှ ဘာမှ မျှော်လင့်စရာ မရှိတော့တဲ့ အခုလို အချိန်ကာလမျိုးမှာ သူမကို အရေးတယူ ရှိကြတယ်တဲ့လား။ သူမ ဝမ်းသာခြင်း တစ်ဝက်၊ နောင်တရခြင်း တစ်ဝက်နှင့် မျက်ရည်လည် လာမိသည်။

'လိုအပ်တာပြောပါ'လို့ ဆိုကြပေမယ့် သူမ ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်ပါ။ သူမရဲ့ ပြဿနာတွေအားလုံးကို သူမဖာသာပဲ ဖြေရှင်းမည်။ သူမရဲ့ ငွေရေးကြေးရေး အခြေအနေအရ သူမ ပေါင်ထားတဲ့ တိုက်ကို ပြန်မရွေးနိုင်တော့တာ သေချာသွားတဲ့အခါ အခြေအနေ ပိုမဆိုးခင်မှာ အပြီးရောင်းပစ်ဖို့ သူမ ဆုံးဖြတ်လိုက်ရလေတော့သည်။

***

'မင်းသမီးဆင်းကံ့ကော် ဒီအခန်းမှာ တက်နေတယ်လေ'

'ဟုတ်လား ... ဘာရောဂါနဲ့လဲ'

'အိုဗရီကင်ဆာလို့ ပြောတာပဲ'

'ဖြစ်မှာပေါ့ ... ရုပ်တာကိုး ... နည်းတောင် နည်းသေးတယ်'

ဒေါ်အေး အခန်းတံခါးကို ခပ်ဟဟလေး ဖွင့်ထားခဲ့ကာ ရေနွေးသွားယူနေစဉ်မှာ ကော်ရစ်ဒါဘက်မှ ကြားလိုက်ရသည့် အသံ

www.burmeseclassic.com

www.burmeseclassic.com


များ။ သူမ ရင်ကို ဒါးနှင့်မွှမ်းသလို နာကျင်သွားမိသည်။ ကိုယ်ချင်း မစာမနာ ပြောရက်လိုက်ကြတာ။ ဒါပေမယ့် သူတို့ပြောတာ ဟုတ်များ ဟုတ်နေသလား။ သူမ သံသယအတွေးတွေနှင့် အိုဂျီမမ ရောင်းဒ်လှည့်ချိန်မှာ မအောင့်အည်းနိုင်ဘဲ မေးလိုက်မိသည်။

'ဒေါက်တာ ... ကျွန်မ တစ်ခုမေးချင်လို့'

'မေးလေ သမီး'

'ဒီ .. ဒီရောဂါက ရှုပ်လို့ပွေလို့ ဖြစ်တယ်ဆိုတာ ဟုတ် .. ဟုတ်သလားဟင်'

'အို .. မဟုတ်တာ ... စီအေအိုဗရီက အပျိုကြီးတွေမှာတောင် ဖြစ်တတ်သေးတာကို'

သူမ စိတ်သက်သာရာရသွားကာ ပြုံးလိုက်မိသည်။

'မသိပါဘူး ... ဒေါက်တာရယ် ... အဲဒီလို ပြောသံကြားလို့ပါ'

'သူတို့စီအေဆားဗစ်နဲ့မှားတာ ဖြစ်ပါလိမ့်မယ် ... သားအိမ်ဝကင်ဆာဆိုတာပေါ့ ... အဲဒါက ရှုပ်တဲ့လူတွေမှာ ပိုဖြစ်တတ်တယ်လို့ ဆိုတာပဲ... ဒါပေမယ့်လဲ သမီးရယ် ... ရောဂါဆိုတာက ဖြစ်ချင်တဲ့ လူတွေမှာ ဖြစ်တာပါပဲ ... တရားသေ တွက်လို့ ဘယ်လိုမှ မရပါဘူး'

'ကျေးဇူးပါပဲ ဒေါက်တာရယ်'

ဘာပဲဖြစ်ဖြစ် သူမ စိတ်ထဲမှာ ပေါ့ပါးကာ နေသာထိုင်သာ ရှိသွားတာကတော့ အမှန်ပင်။ ဒီလို သိလိုက်ရခြင်းက ရောဂါအ

www.burmeseclassic.com

www.burmeseclassic.com



တွက် ဘာမှ အထောက်အကူ မပြုပေမယ့် လူ့စိတ်ဆိုတာက အခက်သားလားနော်။

www.burmeseclassic.com

www.burmeseclassic.com

သူမ ဆေးရုံက မဆင်းခင်မှာ သားဖွားမီးယပ်ဆရာဝန်မကြီးက သူမကို သူမရဲ့ အသားစအဖြေအရ သူမရဲ့ ရောဂါအခြေအနေက သိပ်မဆိုးသေးပေမယ့် ပိုမိုစိတ်ချရအောင် ကင်ဆာဆေးသွင်းသင့်ကြောင်း အကြံပေးကာ ကင်ဆာဆရာဝန်နှင့် ဆက်ပြရန် လွှဲစာရေးပေးသည်။

သူမ ဒီရောဂါနှင့် ပတ်သက်တဲ့ ဒဏ်တွေကို ဆက်မခံနိုင်တော့သဖြင့် ဖြစ်ချင်ရာဖြစ်ဟု တွေးကာ မသွားတော့ဟု ဆုံးဖြတ်လိုက်သည်။ သူမရဲ့ တိုက်ကို ရောင်းရငွေဖြင့် တိုက်ခန်းလေးတစ်ခန်းအပိုင်ဝယ်ကာ ပိုငွေကို ဘဏ်ထဲ ထည့်ထားလိုက်သည်။ ဒီငွေတွေကို ရတ်တရက် ကြည့်လျှင် များသလို ထင်ရပေမယ့် ရေရှည်မှာ အသက်ရှင်ရပ်တည်ဖို့အတွက် မလုံလောက်မှန်း သူမ သိနေသည်မို့ ရှေ့ကို ဘာဆက်လုပ်ရမလဲဟု ပူပင်သောကတွေ ပွားနေမိသည်။ ဒေါ်အေးကတော့ ‘နေကောင်းအောင်သာနေပါ သမီးရယ် ... အား

www.burmeseclassic.com

www.burmeseclassic.com



လုံး သူ့ဖာသာသူ ဖြစ်သွားမှာပါ’ဟု အားပေးရှာသည်။ မင်းသမီး မဖြစ်ခဲ့ခင်က ဘာပဲလုပ်ရလုပ်ရ သမာအာဇီဝဖြစ်ရင် ပြီးရောဟု သဘောထားနိုင်ခဲ့ပေမယ့် အခုကျတော့ သာမန်အလုပ်တွေ လုပ်ရမှာကို စိတ်ထဲမှာ မရွံ့မရဲ ဖြစ်နေမိသည်။

ဒါတွေ တွေးနေလို့ အပိုပဲ၊ မတွေးဘူးလို့ စဉ်းစားပေမယ့် ဒီအတွေးတွေပဲ ခေါင်းထဲမှာ ထပ်ခါထပ်ခါ တဝဲဝဲတလည်လည် ပေါ်နေလေသည်။ ဒီလောက် ဆိုးရွားလှတဲ့ ဘဝကို ဘာကြောင့် ရောက်ခဲ့ရတာလဲလို့ ကိုယ့်ဘဝကိုယ် မကျေမနပ်ဖြစ်ရင်း ဒီ့ထက်ပိုဆိုးစရာ မရှိနိုင်တော့၊ ဒီဘဝမှာ ဒီအခြေအနေဟာ အဆိုးဆုံးပဲဟု တွေးလိုက်မိသည်။ အခုအချိန်မှာ သေသွားရင်တောင်မှ ဒီ့ထက်ပိုဆိုးမှာ မဟုတ်ဟု သူမ ထင်နေမိသည်။

ဒီ့ထက်ပိုဆိုးစရာတွေက သူမကို စောင့်ကြိုနေမယ်လို့ သူမ ကြိုတင် သိနိုင်စွမ်းမှ မရှိခဲ့တာဘဲလေ။

***

‘ဒေါ်အေးရေ ... ဒေါ်အေး’

ခါတိုင်းဆို မနက်အိပ်ရာက နိုးတာနှင့် သူမအတွက် မနက်စာက ထမင်းစားပွဲပေါ်မှာ အဆင်သင့်။ ဒီနေ့မနက် သူမ ထမင်းစားပွဲပေါ်မှာ ဘာမှ မတွေ့။ သူမ ဒေါ်အေးရဲ့ အရိပ်ယောင်ကိုလည်း မတွေ့သဖြင့် စိတ်မရှည်စွာ လှမ်းအော်လိုက်မိသည်။ ပြန်ထူးသံ မ

www.burmeseclassic.com

www.burmeseclassic.com


ကြား။ ဘယ်များသွားပါလိမ့်။ ဈေးများသွားသလားဟု တွေးကာ သူမ အတန်ကြာအောင် စောင့်ဆိုင်းနေမိသည်။ နောက်ဆုံး မနေနိုင်တော့တာနှင့် ဒေါ်အေးရဲ့ အခန်းတံခါးကို ဖွင့်ကြည့်လိုက်တော့ တစ်ဖက်သို့ စောင်းကာ အိပ်ပျော်နေသည့် ဒေါ်အေးကို တွေ့လိုက်ရသည်။

'ဒေါ်အေး .. ဘာဖြစ်လို့လဲ ... နေမကောင်းဘူးလားဟင် ... ကိုယ်များ ပူနေသလား .. မှန်း'

သူမ ဒေါ်အေးကိုယ်ကို လှမ်းကိုင်လိုက်တာနှင့် ဖျတ်ခနဲ သိလိုက်သည်။ ရင်တွေ တဆတ်ဆတ်တုန်ကာ မယုံနိုင်စွာ သွေးခုန်နှုန်းကို စမ်းကြည့်လိုက်မိသည်။ သူမ ဘာလုပ်ရမှန်းမသိ။ အော်ဟစ်ကာ ထွက်ပြေးချင်စိတ်ကို ထိန်းသိမ်းရင်း ဒေါ်အေးနှင့်သာ အခေါ်အပြောရှိကာ သူမနှင့် သိပ်မသိတဲ့ ဘေးခန်းက တံခါးကို ခေါက်ကာ အကူအညီ တောင်းလိုက်ရသည်။

တစ်ဆင့်စကားနှင့် တစ်ဆင့်ကြားကာ လမ်းထဲမှ လူတွေ တဖွဲဖွဲ ရောက်လာကာ ဝိုင်းဝန်း ကူညီကြသည်။ သေစာရင်းအတွက် လက်မှတ်ထိုးဖို့ ဆရာဝန်ခေါ်ရတာ၊ ရပ်ကလာပ်ကို လာသယ်ဖို့ အအေးတိုက်ကို ဖုန်းဆက်ရတာတွေ သူမ ဘာတစ်ခုမှ မလုပ်တတ် တာမို့ ထောင့်တစ်နေရာမှာသာ ငူငူငိုင်ငိုင်နှင့် ထိုင်နေမိသည်။ သူမ ဘဝမှာ တစ်ယောက်တည်းရှိတော့တဲ့ အမှီပြုစရာ လူကိုမှ သေမင်း က ခေါ်ငင်သွားရသည်တဲ့။

သွားချင်းသွား သူမက အရင်သွားရမယ်လို့ ထင်ထားခဲ့

www.burmeseclassic.com

www.burmeseclassic.com



တာ။ ဘာကြောင့် ဒီလို ဖြစ်သွားရတာလဲ။ ဒေါ်အေးမရှိဘဲ ဘယ်လို ဆက်လက် ရပ်တည်ရမယ်ဆိုတာ သူမ ဘယ်လိုမှ မတွေးတတ်။ အခုမှ သူမ ဘဝမှာ ဒေါ်အေးက ဘယ်လောက် အရေးပါမှန်း သူမ သေသေချာချာ သိရတော့သည်။

တစ်ယောက်က ဒေါ်အေး သွားပြနေကျ ဆရာဝန်မကို သွားခေါ်လာခဲ့သည်တဲ့။ ဒေါ်အေး ဆေးခန်းပြနေရတာ သူမ လုံးဝ မသိခဲ့ရတာ ဘာကြောင့်လဲ။ သူမ ရှေ့မှာ ဟန်ဆောင်ကာ နေကောင်းချင်ယောင်ဆောင်နေတဲ့ ဒေါ်အေးက နှလုံးရောဂါအတွက် ဆေးသောက်နေရတာ ကြာပြီတဲ့။ သူမတစ်ယောက်တည်း သူမရဲ့ ဒုက္ခတွေထဲမှာ နစ်မြုပ်ရင်း ကိုယ့်အနားကလူ ဘာဖြစ်လို့ ဖြစ်နေမှန်း လုံးဝ သတိမထားမိခဲ့။ 'ငါပဲ သေလိုက်ပါတော့ ... ငါပဲ သေလိုက်ပါ တော့'ဟုသာ အခါခါ စိတ်ထဲက ရွတ်ဆိုတောင့်တနေမိသည်။

အမေဆုံးတုန်းက ဘာမှမဖြစ်ခဲ့တဲ့ သူမ အခုတော့ ကိုယ့်ကိုယ်ကိုယ်တောင် မထူနိုင်တော့အောင် ခံစားနေရသည်။ အရပ်က တာဝန်ယူကာ သင်္ဂြိုဟ်ပြီးသည်အထိ အစစ ဆောင်ရွက်ပေးလို့သာ တော်တော့သည်။ 'သူ့ခမျာမှာ ဒီအဒေါ်ကြီးကို သံယောဇဉ်ကြီးလိုက်တာ'လို့ အများက ယူဆကာ သူမကို သနားနေကြချိန်မှာ သူမက ဒေါ်အေး သေဆုံးခြင်းထက် သူမ ဒေါ်အေးမရှိဘဲ ဘယ်လို ဆက်နေရမလဲဟု တွေးကာ ကိုယ့်အတွက်ကိုယ် ဆောက်တည်ရာမရ ဖြစ်နေခြင်းဟုသာ သိလျှင် သူမကို ဘယ်လိုများ တုံ့ပြန်ကြမလဲ။ အိမ်မှာ လူမပြတ်တဲ့ ကာလမို့သာ သူမ စိတ်ထိန်းနေရခြင်းဖြစ်သည်။ ရက်

www.burmeseclassic.com

www.burmeseclassic.com



လည်ပြီးလို့ လူရှင်းတာနှင့် သူမလည်း ဒီလောကထဲမှာ တစ်ယောက်တည်း ဆက်မနေတော့ဟု ဆုံးဖြတ်လိုက်မိသည်။ သူမမှာ ဆက်လက် အသက်ရှင်စရာ ခွန်အားလက်ကျန်ဆိုလို့ တစ်စက်ကလေးမှ မရှိတော့။

တစ်ရက်ချင်း ကြိုးစားအားတင်းအသက်ရှင်ရင်း သူမ မျှော်လင့်နေခဲ့သည့် ရက်ကို ရောက်လာခဲ့သည်။ သူမ ထွက်ခွာဖို့ အသင့်ပြင်ကာ တစ်အိမ်လုံးက ပစ္စည်းတွေကို သိမ်းဆည်း ထုတ်ပိုးနေမိသည်။ သူမအတွက် ဘာမှ အလျှင်မလို။ သူမ စာတစ်စောင် ရေးခဲ့မည်။ သူမ ဘာလို့ လောကကြီးထဲက ထွက်ခွာသွားရတာလဲဆိုတဲ့ အကြောင်းတွေလဲပါမည်။ သူမရဲ့ လက်ကျန် ပိုင်ဆိုင်မှုတွေ အားလုံးကို မည်သို့ပြုလုပ်ရမည်ဆိုသည့် အကြောင်းတွေလဲပါမည်။

တကယ်တမ်း ထွက်ခွာသွားတော့မည်ဆိုတော့ သူမ စိတ်ထဲမှာ တွန့်ဆုတ်သလို ဖြစ်နေမိသည်။အဖန်ငါးရာ့ငါးကမ္ဘာ ခံရမယ်ဆိုတာကို သူမ မကြားဖူးထားတာမှ မဟုတ်ဘဲ။ သို့ပေမယ့် သူမ ဒီလို ပုံစံနှင့် တစ်ယောက်တည်း ဘယ်လိုမှ ဆက်မနေနိုင်တော့တာ သေချာလွန်းလှသည်။ သူမမှာ တခြားရွေးစရာ နည်းလမ်းတွေများ ရှိသေးလို့လား။ သူမ တွေးတောရင်း ပစ္စည်းတွေ သိမ်းဆည်းရင်း ဒေါ်အေးရဲ့ အခန်းထဲကို ရောက်သွားခဲ့သည်။ ဒေါ်အေးရဲ့ ပစ္စည်းတွေကို စတင်သိမ်းဆည်းရန် ပြင်လိုက်တော့ ဒေါ်အေးရဲ့ ခုတင်ဘေးက စာအုပ်ပုံကို သတိပြုလိုက်မိသည်။

'အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ) – မသေခင် ဘာလုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြမလဲ ဆိုပါလား'

သူမ ခေါင်းစဉ်ကို ကြည့်ကာ စိတ်ဝင်စားသွားမိသည်။ သူမ က သေတော့မည်ဟု ဆုံးဖြတ်ထားတဲ့လူလေ။ မသေခင်မှာ ဘာတွေများ လုပ်ရမှာပါလိမ့်။ သူမ သိချင်စမ်းလှသည်။ ဒါမှ လုပ်သင့်တာတွေကို လုပ်ထားခဲ့နိုင်မှာ မဟုတ်လား။ ဒီစာအုပ်ကို သူမ တစ်ခါမှ မဖတ်ဖူး။ သူမ တစ်ရွက်ချင်း စလှန်ကာ ဖတ်လိုက်သည်။

သူမ ဖတ်ရင်း ဖတ်ရင်း စိတ်ဝင်စားသထက် ဝင်စားလာသည်။ အရင်က သူမ မသိခဲ့တဲ့ အကြောင်းတွေ။ အသက်ရှင်ခြင်းရဲ့ တန်ဖိုး၊ လူတစ်ယောက်အဖြစ်ကို ရရှိခြင်းရဲ့ ဘဝတန်ဖိုးတွေကို နားလည်စ ပြုလာသည်။ သေလိုက်လို့ရော သူမ လွတ်မြောက်သွားမှာမှ မဟုတ်တာ။ ဒီသံသရာထဲမှာ ဘဝအသစ်ဖြစ်ရင်း အဖန်ဖန်ကျင်လည်နေရဦးမှာပဲဆိုတော့ သူမ ဘယ်လို လုပ်ရမလဲ။ သူမ ဒီဒုက္ခမျိုးတွေကို ထပ်မံမကြုံချင်၊ မခံစားချင်တော့။ ဘယ်နည်းက အမှန်တကယ် လွတ်မြောက်မှုကို ပေးစွမ်းနိုင်မှာလဲ။ သူမ သိချင်လာသည်။ သေလိုက်တာထက် ပိုကောင်းတဲ့ လုပ်ရပ်တွေ သူမ ဘဝမှာ ရှိနိုင်သေးကြောင်း သူမ စတင်ရိပ်မိလာသည်။

ထိုစာအုပ်ကို ဖတ်အပြီးမှာ သူမရဲ့ ပူလောင် ဆူပွက်နေတဲ့ စိတ်တွေ ငြိမ်ကျသွားသည်။ တစ်ခါမှ မတွေးခဲ့ဖူးတဲ့ အတွေးအမြင်သစ်တွေ ရင်ထဲဝင်ရောက်လာသည်။ သူမ ထိုစာအုပ်ကို ချကာ နောက်တစ်အုပ်ကို ကောက်ကိုင်လိုက်သည်။ 'တစ်ယောက်တည်းနေ တစ်စိတ်တည်းထား' ဆိုပါ့လား။ ပြီးတော့ မဟာစည်ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရဲ့ စာအုပ်တွေ၊ မိုးကုတ်ဆရာတော်ဘုရားရဲ့ စာအုပ်တွေ။ သူမ ဒေါ်အေးရဲ့ တရားစာအုပ်တွေကို အတောမသတ်နိုင်အောင် တစ်အုပ်ပြီးတစ်အုပ် ဆက်တိုက်ဖတ်နေမိသည်။

သူမ ဘာလုပ်ရမလဲဆိုတာကို ထိုနေ့ညမှာပင် သူမ သေချာစွာ သိသွားခဲ့ပြီ။ သူမရဲ့ လက်ကျန်အချိန်တွေကို တန်ဖိုးအရှိဆုံးဖြစ်အောင် တရားအားထုတ်ပြီး လွတ်မြောက်မှု အစစ်အမှန်ကို ရှာဖွေတော့မည်ဟု စဉ်းစားဆုံးဖြတ်လိုက်မိသည်။

ထို့ကြောင့် နောက်တစ်ရက်မှာ လိုအပ်မည့် ပစ္စည်းများကို ထုပ်ပိုးကာ သူမရဲ့ မိတ်ဆွေတစ်ယောက် ဆွမ်းကျွေးဖိတ်စဉ်က ရောက်ဖူးခဲ့သော တရားရိပ်သာသို့ အငှားကားဖြင့် ထွက်လာခဲ့သည်။ ထိုတရားရိပ်သာကိုလာတဲ့ လမ်းတစ်လျှောက်မှာ ဒါဟာ ဘဝသစ်တစ်ခု စတင်တာပဲ၊ ဒါဟာ အကောင်းဆုံး ထွက်ပေါက်အစစ်ပဲဟု သူမ ရင်ထဲမှာ ကြည်နူးမှုအပြည့်ဖြင့် မြည်တမ်းနေမိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အတိတ်ဆိုတာ မလိုချင်တော့တဲ့ အပိုင်းတွေကို correction pen နဲ့ ဖျက်ပစ်လို့၊ ပြည်ဖုံးကားချပစ်လို့၊ delete လုပ်ပစ်လို့ ရနိုင်ရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။ အခုတော့ ကိုယ်လုပ်ခဲ့သမျှ မကောင်းမှုတွေရဲ့ ဒဏ်ကို ဘယ်လိုမှ ရှောင်လို့ ထွက်ပြေးလို့ မလွတ်နိုင်တော့ဘူးတဲ့။ ကိုယ်လုပ်ခဲ့သမျှ ကုသိုလ်၊ အကုသိုလ်တွေ အားလုံးဟာ နွားနောက်က လှည်းဘီးလိုပဲ ကိုယ့်နောက်မှာ အရိပ်ပမာ တကောက်ကောက်လိုက်ပါနေသတဲ့။

သူမ တရားနာနေရင်း နောင်တတရားတွေ ရင်ထဲပူပန်ဖိစီးလာကာ မျက်ရည်တွေ စီးကျလာသည်။ အနားမှာ တခြားလူတွေ ရှိသေးတယ်လေ၊ သတိထားမှပေါ့လို့ ကိုယ့်ကိုယ်ကို သတိပေးကာ ထိန်းသိမ်းဖို့ ကြိုးစားကြည့်ပေမယ့် အချည်းနှီး။ ဘေးဘီကို မသိမသာ ကြည့်လိုက်မိတော့ သူမ နံဘေးမှ သီလရှင်ကလေးကလည်း တဘက်ဖြင့် မျက်ရည်စများကို တို့ကာ သုတ်နေတာကို တွေ့လိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ငါတစ်ယောက်တည်း ဒီလိုဖြစ်တာ မဟုတ်ပါလားဟု တွေးကာ စိတ်သက်သာရာရသွားသည်။

'ဥပမာနဲ့ ပြောရရင် သီလက လှေနဲ့တူတယ် ... သီလကျိုးပေါက်ရင် လှေရဲ့ဝမ်းဗိုက်ပေါက်တာသလို အပါယ်ငရဲဆိုတဲ့ သမုဒ္ဒရာထဲကို နစ်မြုပ်တော့တာပဲ ... ဒါနက စားနပ်ရိက္ခာနဲ့တူတယ် ... စားနပ်ရိက္ခာမပါရင် ခရီးသွားရတာ ပင်ပန်းဆင်းရဲတာပေါ့ ... ဘာဝနာကျတော့ လှော်တက်နဲ့ အလားသဏ္ဍာန်တူတယ် ... ကိုယ်သွားချင်တဲ့ ခရီးပန်းတိုင်ကို ရောက်နိုင်ဖို့ လှော်တက်ရှိမှ ဖြစ်တာမဟုတ်လား ... ဒီတော့ ကိုယ် လိုချင်တဲ့ နိဗ္ဗာန်ဆိုတဲ့ ပန်းတိုင်ကို ရောက်နိုင်ဖို့ ဒါန သီလ ဘာဝနာအားလုံးက အရေးကြီးတယ်ကွဲ့'

ဆရာတော်ဟောနေတဲ့ စကားလုံးတိုင်းက သူမရဲ့ နှလုံးအိမ်ထဲကို ဆူးချွန်နဲ့ ထိုးသလို တစစ်စစ်နာကျင်နေစေသည်။ တကယ်တော့ သူမက ကိုယ့်ကိုယ်ကိုယ် ဗုဒ္ဓဘာသာဟုသာ ခံယူထားခဲ့တာ။ ကုသိုလ်၊အကုသိုလ်တွေ ကံ၊ကံရဲ့အကျိုးတွေကို ဘာမှ ဟုတ်တိပတ်တိ နားမလည်ခဲ့သလို စိတ်လည်း မဝင်စားခဲ့။ ဘုရားမှာ ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်းတော် မှန်မှန်ကပ်နေလျှင် ဘုရားကို ကန်တော့ဆုတောင်းနေလျှင် ကုသိုလ်အပြည့်ရနေပြီဟု ယုံကြည်ထားမိခဲ့သည်။ ဗုဒ္ဓဘာသာရဲ့ အခြေခံ ငါးပါးသီလကိုပင် ပေါ့ပေါ့ဆဆသဘောထားခဲ့မိသည်။ အခုတော့ သူမ ကျိုးပေါက်ခဲ့တဲ့ သီလတွေက သူမကို အပါယ်ငရဲ ကျစေတော့မှာလား။ အပါယ်တံခါး ပိတ်စေနိုင်တယ်ဆိုတဲ့ သောတာပတ္တိမဂ်ဆိုတာကရော ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



အားထုတ်မှ ရနိုင်မှာလဲ။ သူမရဲ့ ဖွဲလုံ့လ ဝီရိယတွေနဲ့ဆို ဒီဘဝဆုံးတောင် ရနိုင်ပါ့မလား။

တရားနာအပြီးမှာ သူမ အတွေးတွေဖိစီးရင်း စိတ်ဓာတ်တွေ အဆုံးအထိ ကျဆင်းကာ အဆောင်ပြန်ပြီး အခန်းထဲမှာ ဝင်ခွေနေမိသည်။ တရားထိုင်ချိန်ရောက်တော့ ဝတ္တရားအရသာ သွားရပေမယ့် စိတ်ကမပါ။ ဒီဘဝတော့ မဖြစ်နိုင်တော့ဘူး ထင်ပါရဲ့။ အပြင်မှာပဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ ပြန်နေတာကမှ ပိုကောင်းနေမလားဆိုတဲ့ ဒွိဟသံသယစိတ်တွေ သူမရင်ထဲ ကိန်းအောင်း ခိုဝင်လာသည်။ ညဘက်ကို ရောက်တော့ သူမ ဘယ်လိုမှ အာရုံစူးစိုက်လို့ မရတော့တာ သေချာသွားပြီမို့ အကျိုးမရှိတဲ့ အတူတူ အခုပဲ ပြန်တော့မည်ဟု စိတ်ဆုံးဖြတ်လိုက်မိလေသည်။

သူမတို့ အဆောင်ကို အုပ်ချုပ်တဲ့ အဆောင်မှူးကို အကျိုးအကြောင်း ပြောပြတော့ သူက ဆက်နေရန် အတင်းမတား။ မနက်ကျမှ ပြန်ရန်သာပြောသည်။ သူတားသည်က စကားတစ်ခွန်းသာ။

'နေကြည့်ပါဦးလေ ... စိတ်ဆိုတာ ပြောင်းတတ်ပါတယ်'

တဲ့။

သူမ ထိုစကားကို နားထဲကြားယောင်ရင်း ထိုညက နှစ်ခြိုက်စွာ အိပ်လိုက်သည်။ အတင်းတားလျှင်ပင် သူမ မရမက ပြန်ချင်နေမလားမသိ။ နောက်တစ်နေ့တိုင်းမှာ အခြေအနေတွေက တစ်မျိုးပြောင်းသွားတတ်ကြောင်း သူမရဲ့ အတွေ့အကြုံတွေအရ သိထားခဲ့ပေမယ့် စိတ်ပြောင်းတတ်တယ်ဆိုတာကိုတော့ သူမ မယုံကြည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ စိတ်နှင့် သူမကိုယ်ပဲ။ ဘယ်လိုလုပ် ပြောင်းလဲသွားနိုင်ပါ့မလဲ။

သူမ မနက်ခင်းမှာ လန်းဆန်းစွာ နိုးလာပြီး ပြုမြဲဝေယျာဝစ္စတွေကို ပြုကာ ဓမ္မာရုံသို့ ထွက်လာခဲ့သည်။ အချိန်က သိပ်စောနေလွန်းလို့သာ ပြန်လို့ မဖြစ်သေးပေမယ့် တရားတစ်ချိန်ထိုင်ပြီးလို့ အလင်းရောင် ကောင်းကောင်းလာတာနှင့် ပြန်မည်ဟု စိတ်ကူးထားလိုက်သည်။ စိတ်မပြောင်းသေးကြောင်း သူမကိုယ် သူမ သိလိုက်သဖြင့် ကျေနပ်သွားမိသည်။

တရားထိုင်ချိန်မှာ သူမ စိတ်တွေက အရင်ကနှင့် မတူဘဲ ကြည်လင်ပေါ့ပါးနေသည်။ ခါတိုင်းလို ထိုင်တာကြာလာတဲ့အခါ ခြေထောက်က နာကျင်မှု ဝေဒနာကို ခံစားနေရပေမယ့် ခါတိုင်းနှင့် မတူ။ နာကျင်မှုက သတ်သတ်၊ နာမှန်းသိနေတဲ့စိတ်က သတ်သတ်ဟု သီးခြားစီ သိနေမိသည်။ သိစိတ်က နာကျင်မှုနောက်ကို လိုက်နေတာကို မျက်စိနှင့် မြင်နေရသလို ထင်ရှားစွာ ခံစားနေရသည်။ ဒီလိုသာဖြင့် နာကျင်မှုတွေ ဘယ်လောက်လာလာ မဖြို့တော့ဟုပင် တွေးလိုက်မိသည်။

သူမ အရုဏ်ဆွမ်းစားပြီး နောက်တစ်ချိန် တရားပြန်ထိုင်ပြီးသည်အထိ ပြန်ဖို့ သတိမရဘဲ ရွှင်လန်းတက်ကြွနေသည်။ သိချင်စိတ်တွေ၊ စူးစမ်းလေ့လာချင်စိတ်တွေနှင့် ကိုယ်လုပ်နေတဲ့ အလုပ်အပေါ်မှာ ယုံကြည်မှုတွေ ပိုကာ စိတ်အားထက်သန်လာသည်။ နေ့ဆွမ်းစားပြီးချိန်ကျမှ သူမ စိတ်ပြောင်းသွားမှန်း ကိုယ့်ဖာသာကိုယ် သတိပြုမိသွားသဖြင့် သူမကို အကဲခတ်နေသော အဆောင်မှူးကို ဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



အားရ လှမ်းပြောလိုက်မိသည်။

'အမေ ... သမီး မပြန်တော့ဘူး'

***

သူမ တရားနာချိန်တွေမှာ မျက်ရည်မကျတော့။ အရင်က ဘာတွေပဲ လုပ်ခဲ့လုပ်ခဲ့ အခုအချိန်မှာ မှန်ကန်တဲ့ လမ်းကြောင်း ပေါ်ကို လျှောက်နေပြီလို့ သူမကိုယ်သူမ ယုံကြည်လာခဲ့ပြီလေ။

စိတ်ဓာတ်တွေ အေးချမ်းနူးညံ့ပျော့ပြောင်းလာချိန်မှာ သူမ ထူးခြားစွာ အမေ့ကို သတိရလာသည်။ ဆရာတော်ကလည်း သူမရဲ့ စိတ်တွေကိုများ သိနေသလားမသိ။ ဒီနေ့မှ မိဘရဲ့ ဂုဏ်ကျေးဇူးတွေ ကို တိုက်ဆိုင်စွာ ဟောကြားလေသည်။

သူမ တရားနာရင်း သူမ အရင်က ဘယ်လိုမှ မြင်လို့ မရခဲ့ တဲ့ အမေ့ဘက်က ခံစားချက်တွေကို မြင်လာမိသည်။ အမေ သူမ အပေါ်မှာ တကယ်ကို ဆိုးခဲ့တာလား။ အမေ သူမအပေါ်မှာ ကောင်း ခဲ့တဲ့ အစိတ်အပိုင်းတွေက သူမရဲ့ နာကြည်းချက်တွေ အောက်မှာ နှစ်ပေါင်းများစွာ ပျောက်ကွယ်နေခဲ့တာပဲ။ သူမ ငယ်စဉ်က အမေ သူမကို ပြုစုစောင့်ရှောက်ခဲ့တာတွေ၊ သူမအပေါ် အမေ ချစ်ခဲ့တာ တွေ၊ သူမအပေါ်မှာ အမေကောင်းခဲ့တာတွေ အခုမှ ဘာလို့ ပြန် ပေါ်လာရတာလဲ။

အမေ အရိုက်ကြမ်းတာ သူ ကြီးပြင်းလာခဲ့တဲ့ ပတ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com



ကျင်ကြောင့်ဆိုတာ သူမ အမှတ်ရလာသည်။ အမေ့လက်ထက်တုန်းကလည်း နွားရိုက်တဲ့ ကြိမ်နှင့်တောင် အရိုက်ခံခဲ့ရဖူးသတဲ့။ သူလည်း ဒီလိုပဲ အရိုက်ခံခဲ့ရတော့ ကလေးတွေကိုလည်း ရိုက်မှ လိမ္မာမယ်လို့ အမေ့ အသိစိတ်ထဲမှာ စွဲထင်နေကြောင်း အဖေက သူမကို ပြောပြခဲ့ဖူးသားပဲ။ ပြီးတော့ သူမကို အမေရိုက်ခဲ့တဲ့ အကြောင်းတွေကရော။ သူမအပြစ်လား ... အမေ့အပြစ်လား။

ကလေးစိတ်နှင့် ထင်သလို နေခဲ့စဉ်က ကိုယ်မှန်တယ်လို့ ထင်ခဲ့ပေမယ့် လူကြီးတွေး တွေးတတ်လာတော့မှ အပျိုအရွယ်ကလေးတစ်ယောက် ထင်သလို လျှောက်သွားနေလျှင် ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေကို သူမ မြင်လာခဲ့သည်။ ကိုယ်လုပ်ချင်တာကိုသာ သိပြီး အန္တရာယ်ဖြစ်မှာကို မမြင်တတ်ခဲ့သည့် အရွယ်။ သူမသာ အမေ့နေရာမှာ ဆိုရင်ရော။ သူမ ဘာတွေ လုပ်မလဲ။

မြင်းမိုရ်တောင်ဦးမကကျူးတဲ့ ကျေးဇူးတွေကို ဇီးစေ့လောက်ရှိတဲ့ အပြစ်တွေနဲ့ ဖုံးလွှမ်းရင်း နာကြည်းနေတဲ့ သမီးကို ခွင့်လွှတ်ပါ အမေ။ အမေ့ရဲ့ မွေးကျေးဇူး၊ ကျွေးကျေးဇူးတွေကို သူမ ဘာတစ်ခုမှ မဆပ်ခဲ့ရ။ ကိုးလလွယ် ဆယ်လမွေးပြီး ဒီကလေးသေး သေးကလေးကို လူဖြစ်လာအောင် ပြုစုကျွေးမွေးခဲ့တဲ့ ကျေးဇူးတွေကို အရေးထားရကောင်းမှန်း အခုမှ ဘာလို့ မြင်နိုင်ရတာလဲ။ သူမတို့ ပေါက်စနလေးတွေ ဘဝတုန်းက သူမ အိမ်မှာ လုပ်ရတဲ့ အလုပ်တွေ အားလုံးကို အမေ လုပ်ပေးခဲ့တာ သူမ အမှတ်ပြန်ရလာသည်။ သူမ မောင်လေးအငယ်ဆုံးကို မွေးပြီး ကျန်းမာရေး မကောင်းတော့လို့

www.burmeseclassic.com

www.burmeseclassic.com



အရင်လို မလုပ်နိုင်တော့တဲ့ ကာလတွေမှာ သူမ အမေ့အပေါ်ကို ဘယ်လောက်များ ညှာတာခဲ့ပါသလဲ။ အိမ်ရဲ့ အခြေအနေ ဘယ်လောက် ကြပ်တည်းပါစေ။ သူမကို သူများသားသမီးတွေလို လယ်ထဲ ဆင်းဖို့ မခိုင်းရက်ခဲ့တာကို အမှတ် ပြန်ရလာသည်။

သူမရဲ့ နူးညံ့လာတဲ့ စိတ်က ပိတ်လှောင်ထားတဲ့ အတ္တတွေ မာနတွေကို ခွာချကာ အရှိအတိုင်း မြင်လာစေသည်။ သူမဟာ တော် တော်အတ္တကြီးပြီး တော်တော်ကို နာကြည်းတတ်ခဲ့တာပဲ။ သူမ ရင်ထဲမှာ နောင်တတွေဖြင့် ပြည့်သိပ်တင်းကြပ်လာသည်။

သူမ တစ်ဆက်တည်းမှာ သူမဘဝရဲ့ အခြားကျေးဇူးရှင် တွေကိုပါ မြင်ယောင်လာမိသည်။ မာနတက်ခဲ့တဲ့ အအောင်မြင်ဆုံး ကာလတွေမှာ အရာရာဟာ ငါကြိုးစားလို့ ငါရလာတာ ဘယ်သူကမှ လုပ်ပေးတာ မဟုတ်ဘူးဆိုတဲ့ စိတ်မျိုးနှင့် သူမ ထောင်လွှားနေခဲ့ သည်။ အခုအချိန်မှာ ပြန်တွေးကြည့်တော့ လူတစ်ယောက် 'ဖြစ်' လာဖို့အတွက် ဘေးမှာ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့တဲ့ရသူတွေက နည်း မှ မနည်းတာပဲ။ အမူအရာ သင်ပေးခဲ့တဲ့ ဒါရိုက်တာတွေတင် သူမ အပေါ်မှာ ကျေးဇူးရှိတာမဟုတ်။ ဇာတ်ပို့ဇာတ်ရံတွေ၊ မီထိုး မှန်ထိုး တွေ အပါအဝင် သူမနှင့် ထိစပ်ပတ်သက်ခဲ့တဲ့ လုပ်ဖော်ကိုင်ဖက် တွေအားလုံးဟာ သူမ အပေါ်မှာ ကျေးဇူးရှိသူတွေချည်းပါလား။ သူမ ရဲ့ ပရိတ်သတ်တွေ၊ သူမကို ပရိတ်သတ်နှင့် ထိတွေ့အောင် ဆောင် ရွက်ပေးခဲ့တဲ့ စာနယ်ဇင်းသမားတွေအားလုံးဟာ သူမ ဆင်းကံ့ကော် ရယ်လို့ ဖြစ်လာအောင် တစ်ထောင့် တစ်နေရာစီက ဝိုင်းဝန်းပံ့ပိုးကူ

www.burmeseclassic.com

www.burmeseclassic.com



ညီခဲ့ကြသူတွေချည်းပါပဲလား။ အဲဒီလို မြင်နိုင်လာတော့ သူမရဲ့ ကျေးဇူးကန်းခဲ့မိတဲ့ အပြစ်တွေကို အထိတ်တလန့် ခံစားကာ ပြင်းထန်စွာ နောင်တရလာမိသည်။

ထို့ကြောင့် သူမ စိတ်တွေကို ပြန်လည် တည်ငြိမ်သွားစေရန်အတွက် တွေးခြင်းကို ရပ်ကာ လွတ်နေတဲ့ သတိတွေကို ပြန်ကပ်နိုင်အောင် ကြိုးစားလိုက်ရပါတော့သည်။

***

'မနေကြာ ... ဧည့်သည်ရောက်နေတယ်'

သူမ အံ့သြသွားမိသည်။ သူမ ဒီကို ရောက်နေတာ ဘယ်သူကများသိလို့ လိုက်လာရတာပါလိမ့်ဟု တွေးရင်း သတိကို မလွတ်စေဘဲ တစ်လှမ်းချင်း ထွက်လာခဲ့သည်။

'နေကြာ ... တော်တော် ပိန်သွားတယ်နော်'

'ဦးမင်းရာ'

သူမ အသံလာရာကို မော့်ကြည့်ရင်း အသံရှင်ရဲ့ နာမည်ကို ခေါ်လိုက်မိသည်။ သူမနှင့် ရိုက်ခဲ့ဖူးတဲ့ ဒါရိုက်တာကြီးတွေထဲက တစ်ယောက်ပါလား။

'အေး ... တရားအားထုတ်နေတာကို လာနှောင့်ယှက်တယ်လို့တော့ မထင်နဲ့ဟေ့ ... ဒီက ညီအစ်မနှစ်ယောက်က နားပူနားဆာလုပ်လွန်းလို့ ... ဒီမှာ လုပ်တဲ့ အလှူတစ်ခုကို လာရင်း ညည်းကို

www.burmeseclassic.com

www.burmeseclassic.com



လှမ်းတွေ့လိုက်လို့ ဒီရောက်နေမှန်းသိသွားကတည်းက ငါ့ကို အပူကပ်နေကြတာ ... အဲဒီညီအစ်မနှစ်ယောက် ညည်း မင်းသမီးပေါက်စန ဘဝကတည်းက ညည်းကို ခရေစီတွေလေ ... အခု သူတို့က ဗီဒီယိုလုပ်ငန်း လုပ်မယ်ဆိုတော့ ပထမဆုံးကားကို ညည်းနဲ့ ရိုက်ချင်လို့တဲ့'

သူမ နားကိုတောင် သူမ မယုံချင်။ သူမ နာမည်ကျနေတာကို မသိကြလို့လား။ မဖြစ်နိုင်။ နောက်ပြီး ဦးမင်းရာက အလွန်ကိန်းခန်းကြီးသူ။ တော်ရုံတန်ရုံကားမျိုးတွေကို ရိုက်ချင်သူမျိုးမဟုတ်။ သူမ ကောင်းတာတွေ လုပ်နေလို့ ကောင်းတာတွေ ဖြစ်လာတယ်ဆိုတဲ့ သဘောများလား။

'သူများဦးသွားမှာ စိုးလို့ပါ အစ်မရယ် ... ကျွန်မတို့က ဆင်းကံ့ကော်ဆို တစ်ကားမှ အလွတ်မပေးနိုင်အောင် ကြိုက်ခဲ့တဲ့သူတွေပါ'

'ဇာတ်ကလဲ အရမ်းကောင်းတယ် ... ညည်း လုပ်ကွက်တွေလဲ ရမယ် ... ညည်း ဒီကားနဲ့ နာမည်ပြန်တက်လာမှာ သေချာလို့ ငါလာခဲ့တာ'

'ကျွန်မ စဉ်းစားပါ့မယ် ... ကျွန်မ ရိပ်သာမှာ ဆက်နေဖို့ နောက်ငါးရက် ကျန်သေးတယ် ... ဒီကြားထဲမှာတော့ မစဉ်းစားချင်သေးဘူး'

'အေးပါ ... ဒီလောက်တော့ ငါတို့ စောင့်နိုင်ပါတယ် ... နောက်ငါးရက်ဆိုတာ ဘယ်နေ့ကျမလဲ ... ဪ .. စနေနေ့ပဲ ...

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ ညည်းကို လာကြိုလိုက်မယ်လေ’

‘ရပါတယ် ... မလာပါနဲ့’

‘လုပ်မနေနဲ့ ... ဘယ်အချိန်လာကြိုရမှာလဲသာပြော ... ဒီအချိန်လောက်ဆို အတော်ပဲ မဟုတ်လား ... စောင့်နေလိုက် ... လာကြိုလိုက်မယ် ... ကဲ .. ဒီမှာ ညည်းနဲ့ တွေ့ချင်လို့တဲ့ ... ညို့သည်တစ်ယောက် လိုက်လာတယ် ... စကားပြောလိုက်အုံး’

ဦးမင်းရာက သူပြောချင်ရာ ပြောပြီး ထထွက်သွားသည်။

သူမ မျက်လွှာကို ပင့်ကြည့်လိုက်တော့ သူမ နားမှာ ရပ်နေသည့် စက္ကန့်မှုူးကို တွေ့လိုက်ရသည်။ နှစ်တွေကြာပေမယ့် ပိုမိုရင့်ကျက်လာတဲ့ သူ့ရုပ်သွင်ကို သူမ အလွယ်တကူ မှတ်မိနေသည်။ သူမရဲ့ ငြိမ်သက်နေတဲ့ စိတ်တွေ ရုတ်တရက် ပြန့်ကျဲသွားသည်။

‘ဘယ်လိုကနေ ဘယ်လို ... ’

‘ဒီယမင်းတို့ ညီအစ်မနဲ့ ကိုယ်နဲ့က အိမ်နီးချင်းတွေလေ ... စကားစပ်မိလို့ ဆင်းကံ့ကော်ကို တရားရိပ်သာမှာ သွားတွေ့မယ်ဆိုတာနဲ့ ကိုယ်အရမ်းတွေ့ချင်တာနဲ့ လိုက်လာခဲ့တာ ... စိတ်အနှောက်အယှက်များ ဖြစ်သွားသလား မသိဘူး’

သူမ ခေါင်းယမ်းပြလိုက်သည်။ တည်ငြိမ်နေတဲ့ စိတ်အစဉ်က ဒေါသတွေ မာနတွေအားလုံးကို ဖိနှိပ်ချုပ်နှောင်ထားတဲ့ ကာလလေ။ ပြီးတော့ အခုလို သူ့ဘက်က စတင်ကာ လာတွေ့ခြင်းက သူမ အပေါ်မှာ သူ အရှုံးပေးတယ်ဆိုတဲ့ သဘောသက်ရောက်နေသည် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



'ဒါ ... ကိုယ့်သားလေ'

'ဩော်'

ပါးဖောင်းဖောင်းလေးနှင့် (၆)နှစ်လောက်ရှိမည်ဟု ယူဆရသော ချစ်စရာကလေးလေးက သူ့လက်ကို ကိုင်ထားရင်းမှ သူမကို မော့်ကြည့်နေလေသည်။

'ကလေးအမေရော'

'ဆုံးသွားပြီ'

'ဩော်'

သူမ ဘာစကားဆက်ပြောရမှန်း မသိသဖြင့် ငြိမ်နေလိုက်မိသည်။ ဝစီပိတ်မဟုတ်ပေမယ့် ဘာအပိုစကားမှ မပြောဘဲ နေခဲ့တာ သုံးပတ်တောင် ကျော်သွားခဲ့ပြီ မဟုတ်လား။

'နောက် ငါးရက်ပြည့်လို့ နေကြာ့ကို လာကြိုရင် ကိုယ်တို့လည်း လိုက်ခဲ့မယ်နော်'

သူမ ခေါင်းညိတ်ကာ ထိုင်ရာမှ ထလိုက်သည်။ နာရီမြည်သံက ညေ့ချိန်ကုန်ကာ တရားထိုင်ချိန်ရောက်ပြီ ဖြစ်ကြောင်း အချက်ပေးနေပြီလေ။

ပြင်ပယောဂတွေကြောင့် လှုပ်ခတ်သွားတဲ့ သူမရဲ့ စိတ်တွေကို တည်ငြိမ်အောင် ပြန်လည်တည်ဆောက်ရဦးမည်။ တမင်မတွေးပါဘဲနှင့် စိတ်အတွေးပေါင်းများစွာ သူမထံကို အလည်ရောက်ရှိလာကြပြန်သည်။

'ဆင်းကံ့ကော် နာမည်ပြန်တက်ဖို့ သေချာတယ်ဆိုတာ လဲ

www.burmeseclassic.com

www.burmeseclassic.com



ကယ်ပဲလား ... စက္ကန့်မှုူးရဲ့ သားကလေးက ချစ်စရာလေးပါလား ... ငါ မမွေးပေးနိုင်ခဲ့တဲ့ သားကလေးအစား ပြန်ရတာပေါ့ ... ကောင်းပါတယ်လေ ... သူ ငါ့ဆီကို လာတာ ဘာသဘောပါလိမ့် ... ပြီးဆုံးခဲ့တဲ့ ဇာတ်လမ်းကို ပြန်ဆက်ချင်တဲ့ သဘောလား ... အို .. ရှုပ်ပါတယ်လေ ... အခုဘာမှ မတွေးသေးဘူး ... ဖြစ်ချင်ရာဖြစ်ပေ့စေ'

သူမ စိတ်အာရုံတွေကို ဝမ်းဗိုက်ပေါ်သို့ ပြန်ပို့လိုက်သည်။ သမာဓိအားကောင်းနေပြီမို့ မကြာခင်မှာဘဲ သူမ စိတ်တွေ တည်ငြိမ်ကာ အတွေးစတွေပျောက်ပြီး ပြန်လည် ငြိမ်းချမ်းသွားလေတော့သည်။

***

တစ်လပြည့်ရန် သုံးရက်သာ လိုတော့သောကာလတွင် သူမ စိတ်တွေ ဇဝေဇဝါ ဖြစ်လာသည်။ တကယ်တော့ သူမ ဒီကို လာခဲ့စဉ်က တတ်နိုင်လျှင် ပြန်မထွက်တော့ဘူးဟု စိတ်ကူးပြီးလာခဲ့ခြင်းဖြစ်သည်။ တစ်လဆိုတာက ယာယီစာရင်းပေးထားခြင်းသာ။ ရောက်စတုန်းက နေ့တိုင်းပြန်ချင်ခဲ့သလောက် အခုတော့ ပြန်ရမှာကို ကြောက်သလိုလို ဖြစ်နေမိသည်။ အပြင်လောကက အပူဒဏ်တွေနှင့် ဒီလောကထဲက အေးချမ်းမှုတွေ။ ဘယ်လိုမှ မယှဉ်သာတဲ့အရာ။ သို့ပေမယ့် သာမန်ပုထုဇဉ်လူသားတစ်ယောက်အနေနှင့် လော

www.burmeseclassic.com

www.burmeseclassic.com


ကီအာရုံတွေ ပြည့်စုံရာ ကိလေသာတောထဲမှာ ပိုပျော်တယ်ဆိုတာက ဘယ်လိုမှ ငြင်းလို့ မရတဲ့အချက်။

'လူထဲမှာ နေရင်းလဲ နိုင်သလောက်ကလေး ဆက်အား ထုတ်သွားလို့ရတာပဲ'ဟု ကိုယ့်ကိုယ်ကို ဆင်ခြေပေးကြည့်မိသည်။ ဘယ်လိုမှ မတူနိုင်ဘူးဆိုတာ သိနေတဲ့ ကိုယ့်အတွင်းစိတ်ကို ကိုယ်လိမ်ညာလို့မရ။

အခု သူမအတွက် မျှော်လင့်ချက်တွေကလည်း ပြန်လည်ရှင်သန်လာပြီလေ။ သူမ အတွက် လူ့လောကထဲမှာ မနေချင်စရာ ဘာအကြောင်းများ ရှိသေးလို့လဲ။

မင်းသမီးဆင်းကံ့ကော် တစ်ကျော့ပြန်လာကာ အောင်မြင်၊ အချစ်ဦးနှင့် ပြန်ဆုံတွေ့၊ လှပတဲ့ အနာဂတ်သစ်ကလေးကို တည်ဆောက်။ ဘယ်လောက်ကောင်းတဲ့ အခြေအနေတွေလဲ။ ဒါကို ဘာအတွက် တွန့်ဆုတ်နေရတာလဲ။

သူမ အောင်မြင်မှုရဲ့ အမြင့်ဆုံးနေရာကို ရောက်ခဲ့ဖူးပြီးပြီ၊ ထိုအမြင့်မှလဲ အကျနာစွာ ကျခဲ့ဖူးပြီးပြီ။ အချစ်တွေနှင့်လဲ များစွာကြုံခဲ့ဖူးပြီ။ အသည်းတွေလဲ ခဏခဏကွဲခဲ့ဖူးပြီးပြီ။ ဒါတောင် ဘာလို့ ဆက်ပြီး လိုချင်တက်မက်နေရသေးတာလဲ။ တက်မက်စွဲလမ်းခြင်းဆိုတဲ့ တဏှာရဲ့ သဘောကိုက မရောင့်ရဲတတ်ဘူးဆိုသော နာခဲ့ဖူးသည့် တရားကို ပြန်သတိရလာမိသည်။

လောကရဲ့ ဓမ္မတာသဘောတရားတွေတဲ့။ အောင်မြင်ပြီးလျှင် ပြန်ကျရှုံးရမည်။ အချစ်တွေရပြီးလျှင် အမုန်းတွေလည်း ရှိ

www.burmeseclassic.com

www.burmeseclassic.com



လာတတ်သည်။ ဒီလို အနိမ့်အမြင့် အကောင်းအဆိုး အတက်အကျ တွေရဲ့ ဒဏ်တွေကို သူမ ထပ်မံ ခံနိုင်ရည် ရှိသေးသလား။ အခုဖြစ်နေ တာတွေအားလုံးက ဘာတစ်ခုမှ အကျိုးမဲ့ အကြောင်းမဲ့ ဖြစ်နေတာ တွေမဟုတ်။ ကိုယ်ပြုခဲ့တဲ့ ကံနှင့် ကံရဲ့အကျိုးဆက်တွေကို ကိုယ် တိုင် ပြန်လည်ခံစားနေရခြင်းဆိုတာကို ယုံကြည်နားလည်လာပြီးတဲ့ နောက်ပိုင်းမှာ ဒီအတိုင်း ရှေ့ဆက်နိုင်သေးသလား။ ပိုဆိုးတဲ့ဘဝကို ပြန်သွားချင်လို့လား။ ပြီးတော့ အချိန်တန်လျှင် အိုရမည်၊ နာရမည်၊ သေရမည်။ ဒါတွေအားလုံးက မွေးလာပြီဆိုကတည်းက ရှောင်လွှဲလို့ မရတဲ့ တရားတွေချည်းပဲ။ ဒီသံသရာမှာ မွေးလိုက် သေလိုက်နှင့် အခါခါ လည်ပတ်နေဦးမည့်ဒဏ်ကို သူမ ဆက်ခံနိုင်သေးသလား။ ဘာကြောင့် အခုတစ်ခါတည်း လွတ်အောင် မရုန်းထွက်ချင်ရတာ လဲ။

မသိနားမလည်ခင်က ပျော်ခဲ့တဲ့နေရာမှာ သိနားလည်လာ ချိန်မှာ ပျော်နိုင်ပါ့အုံးမလား။ သူမ အနှစ်မပါတဲ့ အကာအလုပ်တွေ နှင့် ပျော်မွေ့ရင်း အချိန်တွေ ဖြုန်းနေခဲ့တာ ဘယ်လောက် ကြာခဲ့ပြီ လဲ။

သူမ ဘယ်လိုပင် တွေးပေမယ့် သေချာတဲ့ အဖြေတစ်ခု ကိုယ့်ကိုယ်ကိုယ် အတိအကျ မပေးနိုင်သေး။ သို့ပေမယ့် ကိစ္စမရှိ။ သုံးရက်ဆိုတဲ့ ကာလအတွင်းမှာ စိတ်တွေ ရုပ်တွေပေါင်းများစွာ အ ဆက်မပြတ် စီးဆင်းဖြစ်ပျက်နေအုံးမှာမို့ အရာရာ ပြောင်းလဲသွား နိုင်မှန်း သူမ ရိပ်မိသိရှိနေခဲ့ပြီလေ။

www.burmeseclassic.com

www.burmeseclassic.com

မင်းသမီးဆင်းကံ့ကော် ခေါ် နေကြာ့ကို ကြိုရန် တရားရိပ်သာရှေ့သို့ ကားနှစ်စီး ရောက်နေသည်။ ကြိုရန်ရောက်နေပြီဖြစ်ကြောင်း အကြောင်းကြားထားပြီးပြီဖြစ်ပေမယ့် သူတို့ စောင့်မျှော်နေသူက တော်တော်နှင့် ဆင်းမလာသေးတဲ့အတွက် သူတို့ စိတ်စောစွာ စောင့်ဆိုင်းနေကြရသည်။

ဦးမင်းရာက နေကြာ့ကို ဓာတ်ညွှန်းကို ကြိုတင်ပေးကာ ချာန်ကြိုသွင်းထားခိုင်းဖို့၊ အဆက်ပြတ်နေတာ ကြာပြီဖြစ်တဲ့ မီဒီယာတွေနှင့် ထိတွေ့မှု ရှိအောင် ပြန်လုပ်ပေးဖို့ စသဖြင့် တစ်ကျော့ပြန် ဆင်းကံ့ကော်အတွက် ရှေ့လုပ်ငန်းစဉ်တွေကို စဉ်းစားနေသည်။ ဆင်းကံ့ကော်လို အရည်အသွေး ရှိသူတစ်ယောက်ကို ပြန်လည် အရောင်တင်ပေးရမှာမို့ သူ စိတ်လှုပ်ရှားနေမိသည်။ အရင်က မောက်မာ ထောင်လွှားခဲ့ဖူးတဲ့ မာနတွေလဲ ကုန်ဆုံးလောက်ပြီမို့ သူမကို ကိုင်တွယ်ရတာ လွယ်ကူမှာပါလေ။

www.burmeseclassic.com

www.burmeseclassic.com



ဗီဒီယိုထုတ်လုပ်သူ အသစ်စက်စက် ညီအစ်မနှစ်ယောက်ကတော့ သူတို့ ဆင်းကံ့ကော်ကို ဘယ်လောက်ကြိုက်ခဲ့ရကြောင်း၊ ဘယ်လောက်စွဲလမ်းခဲ့ရကြောင်း၊ ဆင်းကံ့ကော်ရဲ့ လွှမ်းမိုးမှုဒဏ်ကို သူမတို့ ဘယ်လောက်ခံခဲ့ရတယ်ဆိုတဲ့ အကြောင်းတွေ ဆင်းကံ့ကော်ကို လူကိုယ်တိုင် အနီးကပ်တွေ့တုန်းမှာ အဝပြောပစ်လိုက်မည်ဟု တွေးကာ စကားလုံးတွေ စီစဉ်နေမိသည်။ ညီမဖြစ်သူက အိမ်ကို အလည်ခေါ်ကာ သူမတို့ အိပ်ခန်းထဲမှာ ကပ်ထားတဲ့ ဆင်းကံ့ကော်ရဲ့ ပုံတွေကိုပင် ပြလိုက်မည်ဟုတွေးကာ စိတ်ကူးတွေနှင့် ပျော်မြူးနေလေသည်။

စက္ကန့်မှူးကတော့ သူ နေကြာ့ကို တောင်းပန်ရန် စဉ်းစားထားတဲ့ စကားလုံးတွေ ပျောက်ကွယ်မသွားအောင် စိတ်ထဲက အထပ်ထပ် အခါခါ ရွတ်ဆိုနေမိသည်။ နေကြာ သူ့ကို ခွင့်လွှတ်နိုင်မှာပါ။ မိခင်မေတ္တာငတ်ခဲ့တဲ့ သားလေးအတွက် မေမေလိုတယ်လို့ ပြောဆိုစည်းရုံးကာ လက်ထပ်ခွင့်တောင်းရမလား။ ဒါဆို သူက သူမ ကို မချစ်တော့တဲ့ သဘောများ ရောက်သွားမလား။ သူ သူမကို ချစ်နေဆဲဆိုတာ သူမ လက်ခံနိုင်အောင် ဘယ်လို ပြောရမှာပါလိမ့်။ ကြည်နူးစရာတွေနှင့် အတိပြီးနေမည့် မိသားစုကလေး၏ ပုံရိပ်တွေကို သူ မြင်ယောင်လာမိသည်။

ထိုစဉ်မှာပင် လေ့ကားမှ ဆင်းလာသော အရိပ်တစ်ခုကြောင့် သူတို့အတွေးတွေအားလုံး ပြတ်တောက်ရပ်တန့်သွားသည်။ သူတို့ မြင်လိုက်ရသူက သူတို့မျှော်နေတဲ့သူ အမှန်စင်စစ်ဖြစ်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



အသွင်သဏ္ဍာန်နှင့် အနေအထားက လုံးဝခြားနားပြောင်းလဲသွား ခဲ့လေပြီ။

ဆွံ့အ ငြိမ်သက်သွားကြသူတွေ အတန်ကြာမှ စကားလုံး တွေကို ပြန်ရှာနိုင်ကြသည်။

'ဆ ... ဆရာလေး'

တစ်ယောက်က ဆိုလိုက်မှ အားလုံး သတိဝင်လာကာ ဒူး ထောက်ပြီး ကန်တော့မိကြသည်။ ဆရာလေးက မျက်လွှာချရင်း နှုတ်မှ ခပ်တိုးတိုး ဆုပေးသည်။

'ဘယ် ... ဘယ်လောက်အထိ ကြာမှာလဲဟင်'

စက္ကန့်မျှ မရွံ့မရဲ မေးလိုက်မိသည်။

'ရည်ရွယ်တာကတော့ အပြီးဝတ်တာပါပဲ ... ပျော်သ လောက်ပေါ့လေ'

'အဲ ... အဲဒါဆို ဗီဒီယိုရိုက်ဖို့က '

ဦးမင်းရာရဲ့ နှမြောတသသံ။

ဆရာလေးက ခေါင်းကိုသာ ခါယမ်းပြသည်။ ဒီလောကမှာ မင်းသမီး လုပ်ချင်တဲ့သူတွေ မရှားဘူးဆိုတာ အားလုံးသိနေကြတာ ပဲ။

ထုတ်လုပ်သူ ညီအစ်မနှစ်ယောက်ကတော့ သူတို့ ယခင်က ချစ်ခင်အားကျခဲ့ရတဲ့ မင်းသမီးတဖြစ်လဲ ဆရာလေးရဲ့ ကြည်ညို လေးစားစရာ အသွင်အပြင်ကို ငေးကြည့်လို့ မဝနိုင်အောင် ဖြစ်ကာ ရင်ထဲမှာ သာခုတွေ အထပ်ထပ်ခေါ်နေမိသည်။ သူတို့ ချစ်တဲ့ မင်း

www.burmeseclassic.com

www.burmeseclassic.com



သမီးက သူများတွေ သွားပုပ်လေလွင့်ပြောကြသလို မဟုတ်တာ သေ ချာသွားပြီလေ။ သူတို့ယုံကြည်စွာ ချစ်ခင်ခဲ့သလို တကယ်ကို အ တွင်းရော အပြင်ပါ ဖြူစင်သူကလေး အစစ်အမှန်ပါလား။

'ဆရာလေး ... လိုတာရှိရင် အချိန်မရွေး ပြောပါနော် ... ကျွန်မတို့ ဆရာလေးရဲ့ ပစ္စည်းလေးပါး ဒါယကာတွေအဖြစ် တစ် သက်တာ ကုသိုလ်ပြုသွားပါရစေနော်'

ညီအစ်မနှစ်ယောက်အနက်မှ အစ်မဖြစ်သူက ရင်ထဲက လှိုက်လှဲစွာ တောင်းဆိုလိုက်လေသည်။

တရွေ့ရွေ့နှင့် ထွက်ခွာသွားတဲ့ ဆရာလေးကို ငေးကြည့် ရင်း စက္ကန့်မှူး မျက်ရည်ဝဲလာမိသည်။ လွတ်မြောက်ရာ ရှာဖွေတဲ့ သူ့အတွက် ကြည်နူးမှုနှင့် ပိုင်ဆိုင်ခွင့် မရတော့တဲ့ ကိုယ့်အတွက်တွေ အတွက် နှမြောမှုတို့ ရောပြွမ်းနေတဲ့ မျက်ရည်စ။

'ဖေဖေ ... သားအတွက် သားကို ချစ်မယ့် မေမေအသစ် ရှာပေးမယ်ဆို'

'အေးပါ... သားရယ်'

သားလေးရဲ့ ကျောကို ပွတ်ကာ နှစ်သိမ့်ရင်း ကားရပ်ထား ရာသို့ လျှောက်လာခဲ့ကြသည်။ ဒီသားလေးအတွက် သူ ဒီလောကထဲ မှာ ဆက်လက်ရှင်သန်နေထိုင်ဖို့ အင်အားအသစ်တွေ မွေးရအုံးမည် လေ။

တစ်ချိန်က အနုပညာနယ်မြေမှာ ထူးကဲစွာ လင်းလက် တောက်ပခဲ့ဖူးတဲ့ ကြယ်ပွင့်ကလေးကတော့ လောကီသံယောဇဉ်

www.burmeseclassic.com

www.burmeseclassic.com



တွေကို ဖြတ်တောက်ဖယ်ခွာကာ အလင်းလက်ဆုံးဖြစ်သည့် လွတ်မြောက်ရာ နယ်မြေအစစ်ဆီသို့ တစ်လှမ်းချင်း ဦးတည်ရင်း … ။

ကျွန်း
( ၂၂၊၆၊၀၃ )

www.burmeseclassic.com

www.burmeseclassic.com

